THINHAYADANAR

သဲကြီးမဲကြီး

မောင်မိုးသူ

THE KEY TO REBECCA

KEN FOLLETT

#1
NATIONAL BESTSELLER
BY THE AUTHOR OF THE HAMMER OF EDEN

ဒုတိယအကြိမ်

သီဟရတနာစာအုပ် - (၉၆)

- ဘာသာပြန်စာစဉ် -

THE KEY TO REBECCA

သဲကြီးမဲကြီး

KENFOLLETT

မောင်မိုးသူ

ပထမတွဲနှင့် ဒုတိယတွဲကို တစ်ပေါင်းတည်း စုစည်း
ထုတ်ဝေခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ်၊ မတ်လ

စာမူခွင့်ပြုချက်အမှတ်	-	၄၅၀/ ၂၀၀၃ (၇)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၅၀၀၁၄၈၀၅၀၂

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်

၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဘဝတက္ကသိုလ်စာပေ

ဒုတိယအကြိမ်

၂၀၀၅ ခုနှစ်၊ မတ်လ

သီဟရတနာစာပေ

အုပ်ရေ ■ (၁၀၀၀)

ထုတ်ဝေသူ ■ ဦးသိမ်းစိုး

(မြ-၀၃၉၈၂)

(သီဟရတနာစာပေ)

အမှတ် (၁၀၀-D)၊ အင်းလျားလမ်း၊

ကမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်

အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)

၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။

ကွန်ပျူတာစာစီ ■ Glory

မျက်နှာဖုံးဒီဇိုင်း ■ THIHA Group

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ (၂၀၀၀)ကျပ်

မြင့်မြင့် ★ စာပေ
31,ထန်းတပင်အရှေ့ခတ်လမ်း၊
လှည်းတန်း

မောင်မိုးသူ (၁၉၃၇-)

အဖ သခင်ဗတုတ်၊ အမိဒေါ်မြမေတို့က ၁၉၃၇ ခုနှစ်တွင် မန္တလေးမြို့မှာ မွေးဖွား သည်။ အမည်ရင်း ဦးစိန်မြင့်ဖြစ်၏။

မန္တလေးမြို့ စိန်တောင် မြန်မာဘုန်းတော်ကြီးကျောင်း၊ စိန်ပီတာ အင်္ဂလိပ် ခရစ်ယာန်ကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ် ဝင်တန်းအောင်သည်။ မန္တလေးတက္ကသိုလ်တွင် ၁၉၅၆-၅၈ ခုနှစ်များမှာ ပညာသင်ခဲ့သည်။ သို့သော် မည်သည့်ဘွဲ့မှမရရှိခဲ့ပေ။

တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း မြန်မာစာစာတည်း၊ မန်းတက္ကသိုလ် ကလောင်ရှင် အသင်း အမှုဆောင်၊ 'မန်းခေတ်' သတင်းစာနှင့် 'ခေတ်' ဂျာနယ်တို့တွင် အယ်ဒီတာ၊ 'မိုးဦးပန်း' စာပေတိုက်တည်ထောင်သူ၊ 'ရေပွက်ပမာ' နှင့် 'ရန်ကုန် သားနှင့်မန္တလေးသူ' ဇာတ်ညွှန်းများရေးခဲ့သူ၊ 'မှုန်နံ့သာ ခြယ်ကာသပါလို့'၊ 'ကျွန်တော့်နာမည်ကျော်ကျော်' အပါအဝင် ရုပ်ရှင်ဇာတ်ကား ၁၀ ကားကျော် ရိုက်ကူးခဲ့သည့် ဒါရိုက်တာ၊ ဗီဒီယိုခေတ်ဦးတွင် 'ရှက်လည်းရှက်တယ်၊ ချစ်လည်း ချစ်တယ်' နှင့် 'ချစ်မိခဲ့ပြီ' ကားများ ရိုက်ခဲ့သည့်ဗွီဒီယိုဒါရိုက်တာနှင့် မြန်မာနိုင်ငံ ရုပ်ရှင်ကောင်စီ ဗဟိုကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။

၁၉၅၃ ခုနှစ်ခန့်တွင် မန္တလေး 'ဗဟိုစည်'၊ 'မြန်မာ့လမ်းစဉ်' တို့မှာ ကဗျာ များ စတင်ရေးသားခဲ့သည်။ **ည** (၁၉၆၁)၊ **မေမေကြည်** (၁၉၆၂)၊ **ရန်ကုန်သားနှင့် မန္တလေးသူ** (၁၉၆၆)၊ **မိုးပိတောက်တို့ ပန်တော်မမီ** (၁၉၆၇) ပင်ကိုယ်ရေးဝတ္ထုများ ကိုလည်းကောင်း၊ **စိတ္တဇ** (၁၉၆၅)၊ **အိပ်မက်ကုန်သည်** (၁၉၇၆)၊ **သေနေ့** (၁၉၇၇)၊ **ကြေးစား** (၁၉၈၁)၊ **အိပ်ဇိုးဒပ်** (၁၉၈၁)၊ **ကျားကုတ်ကျားခဲ** (၁၉၈၁)၊ **သဲကြီးမဲကြီး** (၁၉၈၂)၊ **သူနိုင်ငါနိုင်** (၁၉၈၂)၊ **အချစ်ပုံပြင်** (၁၉၈၂)၊ **သက်စွန့်ဆံဖျား** (၁၉၈၃)၊ **မာဖီးယားနှင့် ပေါ်ပီပန်း** (၁၉၈၃)၊ **ဂိုမ်းစဘွန်း၏ အထူးတာဝန်** (၁၉၈၃)၊ **လူစွန့်စား** (၁၉၈၃)၊ **အိပ်ဇိုးဆေး** (၁၉၈၄)၊ **အတိတ်တစ္ဆေ** (၁၉၈၄)၊ **ငြိုးသူရန်ဘက်** (၁၉၈၅)၊ **ပစ်မသွားနဲ့အချစ်ရယ်** (၁၉၈၆)၊ **ခေတ်မီမီကမ္ဘာကြည့် ကြည့်မြင်** (၂၀၀၄) စသည် တို့ကို ရေးသားခဲ့ပါသည်။ ယခုအခါ ခနမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆောင်ရွက်လျက် ရှိသည်။

မြန်မာပြန်သူ၏အမှာ

ဤ 'သဲကြီးမဲကြီး' စာအုပ်သည် စာရေးဆရာ ကင်ဖော်လေး၏ 'The Key To Rebecca' ဝတ္ထုဖြစ်ပါသည်။ ကင်ဖော်လေး၏ ၁၉၈၀ ခုနှစ် နောက်ဆုံးထုတ် နာမည်အကြီးဆုံးဝတ္ထုဖြစ်ပါသည်။ Time မဂ္ဂဇင်း၏ အရောင်းရဆုံး Bestsellers စာအုပ်စာရင်းတွင် ၆ လကျော်ပါဝင်သည်အထိ သူတို့တိုင်းပြည်၊ သူတို့စာပေလောကတွင်အောင်မြင်ကျော်ကြားလှသောစာအုပ်ဖြစ်ပါသည်။

မူရင်းစာရေးဆရာ ကင်ဖော်လေးနှင့်မြန်မာပြန်သူ ကျွန်တော်တို့မှာ အတော်ရင်းနှီးနေပါပြီ။ သူ့ရေးဟန်၊ သူ့ဝှက်ဖဲ၊ သူ့ဆင်ဖဲ၊ သူ့အကွက်၊ သူ့ဆင်ခြေများကို အတော်သိနေပါပြီ။ အကြောင်းမှာ သူ၏နာမည်အကြီးဆုံး ရှိစုမဲ့စုစာအုပ် ၃ အုပ်စလုံးကို ကျွန်တော်ဆက်တိုက်မြန်မာပြန်ဆိုမိနေသောကြောင့်ဖြစ်ပါသည်။ သူ၏ပထမဆုံးစာအုပ်မှာ Eye of The Neddle စာအုပ်ဖြစ်ပြီး 'ကျားကုတ်ကျားခဲ' အမည်ဖြင့် ကျွန်တော်မြန်မာပြန်ဆို၍ ဘဝတက္ကသိုလ်မှ ထုတ်ဝေခဲ့ရာ ဘာသာပြန်ဝတ္ထုလောကတွင် အတော်လူသိများကျော်ကြားသည်ဟု ကြားသိရပါသည်။

သူ၏ ဒုတိယစာအုပ် Triple ကို မြန်မာပြန်ဆိုနေဆဲ အကြောင်းတိုက် ဆိုင်စွာဖြင့် The Key To Rebecca ကို အရင်ပြန်ပါဟု တိုက်တွန်းကြသဖြင့် Triple ကို ခဏချထား၍ ဒုတိယကမ္ဘာစစ် အခြေခံဝတ္ထုဖြစ်သော The Key To Rebecca ကို အရင်ပြန်ဆိုခဲ့ရာ ယခု "သဲကြီးမဲကြီး" စာအုပ်အဖြစ် ရောက်ရှိနေပြီ ဖြစ်ပါသည်။ မူရင်းစာရေးဆရာ ကင်ဖော်လေး၏ အကြောင်းကိုမူ "ကျားကုတ်ကျားခဲ" ဝတ္ထုစာအုပ်နောက်ကျောတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် သူ့အကြောင်းကို ထပ်မံမရေးသားတော့ပဲ သူ့စာအုပ် The Key To Rebecca အကြောင်းကိုသာ ရေးသားဖော်ပြလိုက်ပါသည်။

မူရင်းစာအုပ် အမည်မှာ The Key To Rebecca ဖြစ်ရကား "ရေဗက်ခါသော့ချက်" ဟု အဓိပ္ပါယ် ဖွင့်ဆိုနိုင်ပါသည်။ အဓိကစာလုံးဖြစ်သော "ရေဗက်ခါ" မှာ အင်္ဂလိပ်စာရေးဆရာမကြီး ဒက်ဖနီဒူမော်ရီးယား၏ လုံးချင်းဝတ္ထုစာအုပ်အမည်ဖြစ်ပါသည်။ ဒူမော်ရီးယား၏ "ရေဗက်ခါ" ဝတ္ထုမှာ စစ်မဖြစ်မီ အင်္ဂလိပ်စာပေလောကတွင် ထင်ရှားရုံသာမက စစ်ပြီးခေတ်အထိ ကျယ်ပြန့်ဩဇာရှိပ်ကြီးလှသော စာအုပ်ဖြစ်ပါသည်။ မြန်မာစာပေလောကတွင်လည်း သူမ၏ လျှို့ဝှက်သဲဖို့ စာရေးဟန် ဩဇာရှိပ်အများဆုံးလွှမ်းမိုးခဲ့ရာ သူမ၏ အင်္ဂလိပ်ဝတ္ထုတို့ရှည် ဆယ်အုပ်ကျော်မျှ မြန်မာစာရေးဆရာနာမည်ကြီးများက မှီငြမ်းပြု မြန်မာမှုပြုခဲ့ကြပါသည်။ မြန်မာပြန်သူအနေနှင့်လည်း ၁၉၅၇-၅၈

ခုနှစ်ခန့်က ဒုမောရီယားကို နှစ်ခြိုက်စွဲလန်းခဲ့ရာ သူမ၏ စာအုပ်အားလုံးနီးပါး ရှာဖွေစုဆောင်း ဖတ်ရှုခဲ့သည်အထိ ဖြစ်ခဲ့ဘူးပါသည်။ "ရေဗက်ခါ" ဝတ္ထုကိုမူ ကွယ်လွန်သူ မြန်မာစာရေးဆရာကြီး တင့်တယ်က စန္ဒာ မဂ္ဂဇင်းတွင် အခန်းဆက် ဝတ္ထုရှည်အဖြစ် မြန်မာပြန်ဆိုခဲ့ဘူးပါသည်။

"ရေဗက်ခါ" ဝတ္ထုဇာတ်လမ်းမှာ ,အခြေအနေမဲ့ မိန်းကလေးတစ်ယောက်က မျိုးကြီးရိုးကြီး မုဆိုးဖိုသူဌေးတစ်ဦးကို လက်ထပ်ယူခဲ့ပြီး သူ၏ "မန်ဒါလေ" အိမ်တော်ကြီးသို့လိုက်ခဲ့ရာ သေဆုံးခဲ့ပြီးသော သူဌေးကတော် ရေဗက်ခါ၏ စိတ်ခြောက်လှန့် ခံစားရပုံကို ရေးဖွဲ့ပါသည်။ "သဲကြီးမဲကြီး" ဝတ္ထုတွင်လည်း "အယ်လိန်း"ဆိုသည့် အခြေအနေမဲ့မိန်းကလေးက အရာရှိကြီး မုဆိုးဖို "မေဂျာ ပင်ဒန်း" ကို ချစ်ခင်စွဲလန်းရပုံနှင့် အရှုပ်တော်ပုံ ခရုအိမ်အတွင်း ချင်းနင်းဝင်ရောက်ရပုံကို ယူပါသည်။ အဓိကအားဖြင့် ၎င်း မူရင်း အင်္ဂလိပ်စာအုပ် "ရေဗက်ခါ" ကို ကုတ် (လျှို့ဝှက်သင်္ကေတ) အဖြစ် စပိုင်က အသုံးပြုပါသည်။ ဇာတ်ကျောရိုးမှာ ဒုတိယကမ္ဘာစစ်ကို အခြေခံပါသည်။ အင်္ဂလိပ်တို့ အပိုင်သိမ်းထားသော အရှေ့အလယ်ပိုင်း အာရပ်ကမ္ဘာသို့ ဂျာမန်များ ထိုးဖောက်ဝင်ရောက် တိုက်ခိုက်နေချိန်ဖြစ်ပါသည်။ ဂျာမန်ထိုးစစ်မှူးကား အခြားသူ မဟုတ်ပါ။ ကမ္ဘာကျော် "သဲကန္တာရမြေခွေး" ဟု အမည်တွင်သော ဂျာမန်စစ်ဗိုလ်ချုပ်ကြီး "ရိုမဲလ်" ,ပင် ဖြစ်ပါသည်။ "ရိုမဲလ်" သည် အင်္ဂလိပ်ဌာနချုပ်ဖြစ်သော ကိုင်ရိုမြို့တွင် တန်ဖိုးကြီးမားသော စပိုင်တစ်ယောက်လိုချင်သည်။ ထို့ကြောင့် ဂျာမန် အာရပ်နွယ်ဖွား အလက်ဝူလ်အား ကိုင်ရိုသို့ သဲကန္တာရကြီးကို ကျော်ဖြတ်၍ လွှတ်လိုက်သည်။

ထိုသို့ဖြင့် စပိုင်ဝူလ်၏ ကိုင်ရို လှုပ်ရှားမှု စတင်ပါသည်။ ဝူလ်၏ အဓိကလက်နက်မှာ ထိုစဉ်က ကိုင်ရိုတွင် အကျော်ကြားဆုံး ကချေသည်မကလေး "ဆွန်ဂျာ" ဖြစ်ပါသည်။ ဆွန်ဂျာ၏ မာယာလက်နက် အလှ ကွန်ယက်ဖြင့် ဖြန့်ကျက်ကာ ဗြိတိသျှစစ်အရာရှိတို့ကို ဖြားယောင်း၍ လျှို့ဝှက်ချက်များ ရယူကာ ဗိုလ်ချုပ်ကြီး ရိုမဲလ်ထံပို့ပေး၏။

စပိုင် ဝူလ်ကို ဖမ်းဆီးရမည့်သူကား ဗြိတိသျှ ထောက်လှမ်းရေးဌာနမှ မေဂျာ ပင်ဒန်း၊ သူ၏ ထောက်လှမ်းမှုအဆက်အစပ် စွန့်စားခန်းများဖြင့် အားပြိုင်ဖွဲ့စည်းပါသည်။

ဤဇာတ်လမ်းကျောရိုးကို အကြောင်းပြု၍ သမိုင်းနောက်ခံအဖြစ်မှန်များကို မြန်မာပြန်သူအနေဖြင့် လွန်လျော့ညှိနှိုင်းတိုက်ဆိုင်ကြည့်ရပါသည်။ အဖြစ်မှန်တိုက်ပွဲများ နိုင်ငံခြားရေးအခြေအနေများ လှုပ်ရှားမှုများကို ထိုက်တန်သ၍

နီးစပ်သိကျွမ်းထားပါမှ မြန်မာပြန်ရာတွင် ချောမွေ့အဆင်ပြေပါသည်။

ဤတွင် မကြာမီကမှ ကွယ်လွန်ခဲ့သော အီဂျစ်သမ္မတကြီး အန်ဝါဆာဒတ် ရေးသားခဲ့သော REVOLT ON THE NILE (၎င်းစာအုပ်ကို မောင်ပေါ်ထွန်းက နိုင်မြစ်ဝှမ်းမှတော်လှန်ရေးဟူ၍ မြန်မာပြန်ဆိုထုတ်ဝေခဲ့ပါသည်) ကို တွေ့ရှိရပါသည်။ ၎င်းစာအုပ်တွင် သမ္မတကြီး ဆာဒတ်က သိသိသာသာကြီးပင် ပြည့်စုံစွာဖြင့် ဂျာမန်အီဂျစ်နွယ်ဖွား သူလျှိုတစ်ယောက် ရှိခဲ့ကြောင်း ထိုသူနှင့် အဖော်တစ်ဦးသည် အသံလွှင့်စက်တစ်လုံး ပေါင်စက္ကူ လေးသောင်းနှင့် အီဂျစ်ပြည်တွင်းသို့ ဝင်ရောက်ခဲ့ကြောင်း ထိုသူတို့သည် သမ္မတကြီးဆာဒတ်နှင့် ဆက်သွယ်ခဲ့ပြီး သူတို့နေထိုင်ရာအိမ်သို့ ခေါ်သွားရာ နိုင်းမြစ်ထဲတွင် အိမ်ပမာဆောက်နေသော လှေအိမ်ကို တွေ့ရကြောင်း ယင်းလှေအိမ်ပေါ်တွင် နာမည်ကြီး ကချေသည်မ ဟာမက်မာမီလည်း ရှိနေကြောင်းဖြင့် ရေးသားဖော်ပြခဲ့ပါသည်။ ၎င်းနောက် ထို သူလျှိုလူငယ်နှစ်ဦးမှာ တစ်ထောင့်တစ်ည ပသီပုံပြင်ထဲမှာ သကဲ့သို့ အပျော်ကျူးဇိမ်ယစ်၍သာ နေခဲ့ကြောင်းဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

၎င်းအချက်ကို ထောက်ရှု၍ ထို ဒုတိယကမ္ဘာစစ်ကာလအတွင်းက ကိုင်ရိုသို့ ဂျာမန်အာရပ်အနွယ်ဝင် ဂျာမန်သူလျှိုတစ်ဦးသည် ငွေစက္ကူအတုများနှင့် အသံလွှင့်စက်နှင့်အတူ ကိုင်ရိုသို့ရောက်ရှိခဲ့ကြောင်း ထိုသူသည် နိုင်းမြစ်ကမ်းခြေရှိ လှေအိမ်တွင် ကချေသည်မတစ်ဦးနှင့် အတူနေကာ သူလျှိုထောက်လှမ်းရေးအလုပ် လုပ်ခဲ့ကြောင်းကား အမှန်အကန်ဖြစ်ကြောင်း ထင်ရှားပါသည်။

ဝတ္ထုသည် ဝတ္ထုသာဖြစ်၍ ဝတ္ထုရေးသူ၏ စိတ်ကူးယဉ်မှု အကွက်ချမှု ဖန်ဆင်းမှုတို့ကို အကြောင်းပြု၍ အချက်အလက် ဖြစ်ရပ်များ တိုးပွားချဲ့ထွင်ကာ စီကာပတ်ကုံးဖြစ်အောင် ပြုလုပ်ဖန်တီးမှုသာ ဖြစ်ရကားဤဝတ္ထုပါ အချက်အလက်များမှာ အားလုံးမှန်ကန်သည်၊ မမှန်ကန်သည် ဟု မြန်မာပြည်သူအနေနှင့် မဆန်းစစ်လိုပါ။ ထို့နည်းတူ ဝတ္ထုပါ ဖြစ်ရပ်များ၊ လှုပ်ရှားမှုများ၊ တိုက်ပွဲများသည် မည်၍ မည်မျှ မှန်ကန်သည်၊ မည်၍မည်မျှ ဝတ္ထုရေးသူ၏ ဖွဲ့စည်းတန်ဆာဆင်မှု ဖြစ်သည်ကိုမူ မြန်မာပြန်သူအနေဖြင့် သမိုင်းသုတေသီတစ်ဦးမဟုတ်၍ ဆုံးဖြတ်နိုင်စွမ်းမရှိပါ။

ဝတ္ထုတစ်ပုဒ်အနေဖြင့်မူ ဤစာအုပ်သည် ကမ္ဘာကျော် အရောင်းရဆုံးအတွင်ဆုံးဖြစ်ထိုက်သော အရည်အသွေးများဖြင့် ပြည့်စုံသည်။ စိတ်ဝင်စားဖွယ်ရာကောင်းသည်ကား အမှန်ပင်ဖြစ်ပါသည်။

အရောင်းရတွင်ကျယ်သော အပျော်ဖတ်ဝတ္ထုများမှာ စာပေအဆင့်မီ မမီ

ဆိုသည်ကိုလည်း စေဒကတက် ထောက်ခံခြင်း၊ ရှေ့နေလိုက်ခြင်း မပြုလိုပါ။
သို့သော်. . . လူသူဖြတ်သန်းရန်ခက်ခဲလှသော သဲကန္တာရကြီးတစ်ခုကို ကုလားအုပ် တစ်ကောင်နှင့် လူတစ်ဦး ပင်ပန်းကြီးစွာ ဖြတ်သန်းလာခဲ့သည်။ ခရီးပန်းတိုင်ကား မရေရာ မသေချာသေး။
ကုလားအုပ်ကြီး ပင်ပန်းလှပြီ။ နောက်ဆုံးသဲပြင်ပေါ်သို့ လှဲချကာ ကုလားအုပ်ကြီး မထတော့။ သူ၏ စွမ်းအင်ကုန်ပြီ. . . သူသေတော့မည်။ ရှေ့သို့ တစ်လှမ်းမျှ မတိုးတော့ဟု ဆုံးဖြတ်လိုက်ပြီဖြစ်သည်။
ဤသို့ ကုလားအုပ် အလျှော့ပေးလိုက်ချိန်တွင် လူသားသည် မလျှော့သေး သူသည် တစ်နိုင်တစ်ပိုး လိုအပ်သော ပစ္စည်းများကိုယူ၍ ခြေကျင်ခရီးဖြင့် ကန္တာရကိုဖြတ်သည်။
သူ့တွင် အသံလွှင်စက်တစ်လုံးပါသည်။
ငွေစက္ကူအိတ်တစ်လုံးပါသည်။
လျှို့ဝှက်သင်္ကေတဖြစ်သော စာအုပ်ပါသည်။
ဓါးတစ်ချောင်းပါသည်။
သူကား ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ရိုမဲလ်၏ စပိုင်ပင်ဖြစ်သည်။ သူသည် လူသား တစ်ဦးအနေဖြင့် ဖြတ်သန်း၍လာရန် မဖြစ်နိုင်ဟူသော သဲကန္တာရကြီးကို ကျော်ဖြတ်၍ အီဂျစ်ပြည်ထဲသို့ ဝင်ရောက်လာသည်။
ဤသို့ဖြင့် "သဲကြီးမဲကြီး" ဝတ္ထုကို စလိုက်ရာ မြန်မာပြန်သူသည် မူရင်းဝတ္ထု ရေးသူ၏ ဆွဲဆောင်မှုနောက်သို့ ပါခဲ့မိကြောင်းကို တင်ပြရင်း. . .

လေးစားစွာဖြင့်
မောင်မိုးသူ
(၉. ၁၀. ၁၉၈၁)

"ပထမအကြိမ်မှအမှာအား ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်"

အပိုင်း [၁]

တိုဘရူ

(၁)

နေ့ခင်းပိုင်း၌ နောက်ဆုံးကုလားအုပ်သည် ယိုင်လဲကျသွားလေ၏။

သည်ကောင်ကြီးမှာ ငါးနှစ်သား အဖြူရောင်အထီးကြီးဖြစ်ပြီး ဂါလီယိုမြို့မှ သူဝယ်ခဲ့သော ကုလားအုပ်သုံးကောင်အနက် အငယ်ဆုံး၊ အသန်ဆုံးနှင့် သတ္တိခွဲ အရှိဆုံးအကောင်ဖြစ်သည်။ သည်အကောင်ကြီးကို လူတစ်ယောက်က ကုလားအုပ် တစ်ကောင်ကို ချစ်နိုင်သလောက် သူချစ်သည်။ ဆိုလိုသည်မှာ သည်ကောင်ကြီးကို သူ နည်းနည်းပဲ မုန်းသည်ဆိုသည့်သဘော။

သူနှင့် သည်ကောင်ကြီး၊ (ဝါ) လူတစ်ယောက်နှင့် ကုလားအုပ်တစ်ကောင် တို့သည် သဲတောင်ကုန်းတစ်ခု၏ လေကွယ်ရာဘက်မှ တက်ခဲ့ကြသည်။ မညီညာ ရွေ့လျားနေသော သဲမြင်ပေါ်သို့ တုန်ယင်သော ခြေထောက်ပြားကြီးကို တစ်လှမ်း ချင်းနုတ်သိမ်းရွေ့တိုး၍ ဤသို့ဖြင့် တောင်ကုန်းထိပ်ကိုရောက်သည်။ သည်မှာ ခဏရပ် သည်။ ရှေ့ကိုမျှော်ကြည့်၏။ ဘာမှမမြင်ရ၊ နောက်ထပ် သဲတောင်ကုန်း တစ်ခုကို တက်ရန်ကျော်ရန်သာမြင်ရ၏။ သည်ဟိုဘက်ကို ကြည့်လျှင်လည်း ထိုကဲ့ သို့သော တောင်ပေါင်းများစွာသော သဲတောင်ကုန်းများသာ။ မျက်စိတဆုံး သဲပြင် ကြီး၊ သဲတောင်ကုန်းများဖြင့် ပြည့်နေသောကန္တာရကြီး။

ထိုအတွေ့ကို ခေါင်းထဲရောက်သွားသည့်အလား ကုလားအုပ်၏ ရှေ့ ခြေထောက် နှစ်ချောင်းသည် ညွတ်ကျသွား၏။ နောက် . . . နောက်ခြေထောက်

နှစ်ချောင်း ညွတ်ကျသွားပြန်၏။ တောင်ကုန်းထိပ်မှ ကျောက်ရုပ်တုကြီးလို ဝပ်ကျသွား၏။ အဆုံးမရှိသော သဲကန္တာရကြီးလို ဝပ်ကျသွား၏။ အဆုံးမရှိသော သဲကန္တာရကြီးကို ဘာမှမမြင်သည့် သေအံ့မူးမူး မျက်လုံးအစုံဖြင့် ကြည့်လျက်. . .။

ကျောပေါ်မှ စီးလာသော သူသည် နဖားကြိုးကို ဆွဲမ,သည်။ ကုလားအုပ်ခေါင်းသည် ကြွလာပါ၏။ သို့သော် ထ,မည့်ပုံကားမရှိ၊ သူသည် ကုလားအုပ်ပေါ်မှ ဆင်းပြီး ကုလားအုပ်ဖင်ပိုင်းကို အားရှိသမျှ ကန်သည်၊ သုံးလေးချက် ဆက်ကန်သည်။ ကုလားအုပ်ကား မလှုပ်၊ နောက်ဆုံး သူသည် ခါးကြားမှ ထက်မြနေသော ဘီဒိုရင်းဓားမြှောင်ကို ထုတ်၍ ကုလားအုပ်တင်ပါးကို ထိုးသည်၊ သွေးများထွက်လာ၏။ သို့သော် ကုလားအုပ်ကြီးသည် ခေါင်းလှည့်၍ပင် မကြည့်။

သူသည် အခြေအနေအရပ်ရပ်ကို နားလည်သွားလေ၏။ ဤကုလားအုပ်ကြီး၏ အားအင်၊ ခွန်အား အစွမ်းအားလုံးတို့သည် မီးစာကုန်သွားသော ဆီမီးခွက်ဖြစ်သွားလေပြီ။ သည်အဖြစ်မျိုး သူမြင်ဖူးသည်။

ဤအခြေအနေမျိုးတွင် လုပ်ရပ်နှစ်ခုသာ ရှိသည်။ တစ်ခုမှာ ကုလားအုပ်နှာခေါင်းထဲသို့ ရေအများကြီး လောင်းထည့်ပြီး မွန်းအောင် လုပ်သောနည်း၊ ရနောက်တစ်မျိုးမှာ ကုလားအုပ်ဖင်ပိုင်းကို အောက်မှ မီးပုံရှို့သောနည်း၊ သည်နှစ်ခုသာရှိသည်။ အခြေအနေက ဖြုန်းနိုင်လောက်အောင် ရေမရှိ၊ မီးမွှေးရန်လည်း ထင်းမရှိ။ ထို့ပြင် ၎င်းနည်းနှစ်ခုလုံးသည်လည်း အောင်မြင်မည်ဟု သူမထင်တော့။

အမှန်အားဖြင့်လည်း သည်အချိန်သည် ရပ်နားဖို့ ကောင်းသည့် အချိန်ဖြစ်သည်။ ပူပြင်းလှသော နေမင်းသည် သူတို့ရောက်နေသော ဆာဟာရသဲကန္တာရ၏ အပေါ်တည့်တည့်၊ သူတို့ခေါင်းပေါ်မှာ ရောက်နေပြီဖြစ်၏။ ဤကဲ့သို့ နွေကာလ ဆာဟာရ သဲကန္တာရ၏ အပူချိန်မှာ အရိပ်ထဲမှာပင် ၁၁၀ ဒီဂရီရှိသည်။ နေပူထဲမှာကား မတွေးရဲစရာပင်။

ကုလားအုပ်ကိုယ်မှ ဝန်ထုပ်များကို မချတော့ဘဲ၊ အထုပ်တစ်ထုပ်ထဲမှ ရွက်ဖျင်တဲကို ယူသည်။ နံဘေးနံဘီကို ကြည့်၏။ အရိပ်ရစရာဟူ၍ ရှာမတွေ့၊ ကြည့် မမြင်။ သို့နှင့် သေအံ့မူးမူး ကုလားအုပ်ကြီး နံဘေးမှာပဲ သူ ရွက်ဖျင်တဲကို ပြီးစလွယ် ထိုးလိုက်၏။

တဲအဝမှာ တင်ပျဉ်ခွေထိုင်လိုက်ပြီး အသင့်ပါလာသော သစ်ကိုင်းခြောက်များနှင့် မီးမွှေးသည်၊ နောက် ရေနွေးအိုးတည်သည်၊ သူသည် ခြေသလုံးအိမ်တိုင်လူမျိုးလေ့အတိုင်း လက်ဖက်ခြောက်ကျို၏။ နောက် ခွက်သဲကိုလောင်းထည့်ကာ သကြားထည့်သည်။ နောက်ထပ်ကရားထဲမှ အပူပေးသည်၊ လက်ဖက်ရည် ပို၍

ပြင်းလာပြီး အလွန်လန်းဆန်းစေသော လက်ဖက်ရည် ဖြစ်လာ၏။

သူသည် စွန်ပလွံသီးခြောက်တချို့ကို ထုတ်၍စားရင်း ကုလားအုပ်ကြီး တဖြည်းဖြည်း သေနေခြင်းကို ကြည့်နေ၏။ တစ်ချိန်တည်းတွင် ခေါင်းပေါ် တည့်တည့်မှ နေကိုလည်း စောင်းသွားအောင် စောင့်သည်။ သူသည် တည်ငြိမ်တိကျစွာ လုပ်ဆောင်နေ၏။ သူသည် ဤသဲကန္တာရအတွင်းသို့ မိုင်တစ်ထောင်ကျော်ခရီး လာခဲ့သူဖြစ်သည်။ လွန်ခဲ့သော နှစ်လက သူ လစ်ဗျားပြည် အယ်လ်အင်ဂျိဂါမှ တောင်ဘက်သို့ မိုင်ငါးရာလာခဲ့ပြီး ဂါလီဟိုနှင့် ကူဖရာမြို့များကိုဖြတ်၍ ဆာဟာရ သဲကန္တာရထဲကို ဝင်ခဲ့၏။ ထိုမှတဆင့် သူသည် အရှေ့စူးစူးသို့ ကူးလာခဲ့ကာ အီဂျစ်ပြည်ဘက်ဆီသို့ လူတစ်ယောက်၊ တိရိစ္ဆာန်တစ်မြီးမှ မမြင်ရစေပဲ ဝင်လာခဲ့ခြင်းဖြစ်၏။ သူသည် အနောက်ပိုင်း ကန္တာရကို ကျော်ခဲ့သည်။ ယခု သူ့ခရီးပန်းတိုင်သည် မဝေးတော့ပြီဖြစ်၏။ သူသည် သဲကန္တာရကို ကျွမ်းသည်။ သို့သော် သူ့စိတ်ထဲကမူ ကြောက်၏။ အသိစိတ်ရှိသူတိုင်း ကြောက်သည်မှာ မဆန်း။ ဤသဲကန္တာရ အတွင်းမှာ ခြေသလုံးအိမ်တိုင်နေကြသူ နိုမိတ်လူမျိုးများပင် ကြောက်ကြ၏။ သို့သော် ကြောက်စိတ်ကို သူထိန်းသည်။ သူ၏ စိတ်အင်အားကို သုံးသည်၊ သဲကန္တာရ အတွင်းမှာက ခရီးလမ်းနည်းနည်းကလေးလွဲသွားရုံနဲ့ ရေရှိရာအရပ်နဲ့ မိုင်ပေါင်းများစွာ လွဲသွားနိုင်၏။ ပြောစရာစကားက တစ်ခွန်းသာရှိသည်။ ဘုရားသခင်၏ အလို အတိုင်းပဲ ဟူ၍။

နောက်ဆုံးနေမင်းသည် အနောက်ဘက်ကောင်းကင်သို့ ဝင်မည့်အခြေ အနေ ရောက်လာ၏။ ကုလားအုပ်ပေါ်မှ ပစ္စည်းများကိုသူကြည့်သည်၊ သူ့အနေနဲ့ ဘယ်လောက်များ သယ်ပိုးနိုင်မည်နည်း။ ပစ္စည်းများမှာ လက်ဆွဲအိတ်ကသုံးလုံး၊ နှစ်လုံးက, လေးသည်၊ တစ်လုံးက,ပေါ့သည်။ သုံးအိတ်စလုံး အရေးကြီးသည်။ နောက် အဝတ်နည်းနည်း၊ ကွန်ပတ်(စ)မြေပုံပါသည့်လွယ်အိတ်က ယူရဦးမည်။ ပြီးတော့ ရေအိတ်၊ နောက်ထပ်သယ်ရန်မဖြစ်နိုင်တော့၊ စားအိုးစားခွက်နဲ့ ကျန် တခြား အသုံးအဆောင်၊ ရွက်ဖျင်တဲ အားလုံး . . . အားလုံးထားခဲ့ရတော့မည်ဖြစ်၏။

အိတ်သုံးလုံးကို အဝတ်စတစ်ခုဖြင့် ထုပ်လိုက်ကာ ကျောမှာသိုင်းချည်ပြီး ကျောပိုးအိတ်လုပ်လိုက်သည်။ ရေပါသော သားရေအိတ်ကို လည်ပင်းမှာချိတ်ပြီး ရှေ့မှာ တန်းလန်းဆွဲသည်။

ပစ္စည်းများကား လေးလံလှ၏။

လွန်ခဲ့သော သုံးလခန့်ကဆိုလျှင် သည်အလေးချိန်မျိုးကို တစ်နေကုန်သယ် ပိုးပြီး ညနေကျလျှင် သူ တင်းနစ်ကစားနိုင်လောက်ပါ၏။ သူသည် ပကတိသန်စွမ်း

သူမဟုတ်ပါလား။ ယခုတော့ သဲကန္တာရသည် သူ့ခွန်အားများကို နုတ်ယူခဲ့ပြီးဖြစ်သည်။ သူ့တကိုယ်လုံးမှာ နုံးခွေလျနေပြီး၊ အသားအရေအားလုံးမှာ နာကျင်လောင်ကျွမ်းနေ၏။ သူသည် ပေါင်နှစ်ဆယ်၊ သုံးဆယ်ခန့် ကိုယ်အလေးချိန် လျော့သွားလောက်ပြီဖြစ်၏။ ကုလားအုပ်မရှိပဲနဲ့ သူ ဝေးဝေးခရီးပေါက်နိုင်ပုံမရှိတော့။

သို့သော် ခရီးက ဆက်ရမည်။

လက်ထဲမှ ကွန်ပတ်(စ်) (အိမ်မြှောင်)ကိုကြည့်ပြီး သူခရီးစထွက်တော့၏။

အိမ်မြှောင်လမ်းညွှန်သည့်အတိုင်း တဖြောင့်တည်းသွားသည်။ တောင်တက် ခရီးနဲ့ကြုံတိုင်း၊ ကွေ့ပတ်သွားလိုစိတ်ကို ထိန်းပြီး တဖြောင့်တည်းသွားသည်။ နောက်ဆုံးပန်းတိုင်ခရီးမှာ နည်းနည်းကလေးမျှ လွဲသွား၍ မဖြစ်။ သူ ဖြည်းဖြည်း လျှောက်သည်၊ မှန်မှန်လှမ်းသည်၊ တစ်ကိုယ်လုံးမှာ ကိုက်ခဲနွမ်းနယ်နေသော ပင်ပန်းမှုများကို စိတ်ထဲမှ ဖျောက်ထားပြီး ခြေတစ်လှမ်းပြီး တစ်လှမ်း လှမ်းသည်။

နေ့ပိုင်းက အပူသည် ညနေပိုင်းဖြစ်သည်နှင့် လျော့ပါးလာသည်။ လည်ပင်းမှ လွယ်လာသော ရေအိတ်မှာလည်း သူ အကြိမ်ကြိမ်သောက်ခဲ့သည့်အတွက် တဖြည်းဖြည်းပေါ့လာ၏။ ရေအိတ်ထဲတွင် ရေဘယ်လောက် ကျန်သေးသည်ကို သူ မစဉ်းစား၊ သူသည် ၂၄ နာရီတွင် ရေ သုံးပုလင်းသောက်သည်ဖြစ်ရာ တွက်ကြည့်ရုံနဲ့ အိတ်ထဲမှာ ရေများများစားစားမကျန်နိုင်တော့ကြောင်း သူ သိသည်။ နောက်တစ်ရက်စာမရှိနိုင်တော့။

ထိုစဉ် ခေါင်းပေါ်မှ ငှက်အုပ်တစ်အုပ် တောင်ပံခတ်သံပေးရင်း ပျံသွားကြသည်။ နေရောင်ကို လက်ဖြင့်ကာ၍ သူ မော့ကြည့်၏။ သည်ငှက်မျိုးကို သူသိသည်။ သဲကန္တာရအတွင်းမှာနေပြီး မနက်တိုင်း၊ ညနေတိုင်းရေရှိရာအရပ်မှာ စုနားတတ်ကြသည့်ငှက်မျိုး။ သည်ငှက်များသည်လည်း သူ သွားနေသည့် လမ်းကြောင်းအတိုင်း ပျံသွားကြသည်ကို တွေ့ရ၏။ သို့ဖြစ်ရာ သူ့လမ်းကြောင်းသည် မှန်၏ဟု သူ တွေးသည်။ သို့သော် ရင်ထဲကမူ ငှက်များက ရေရှိရာကို မိုင်ငါးဆယ်လောက်ပျံနိုင်ကြောင်း တွေးမိ၏။ ဘာပဲပြောပြော ငှက်များကိုမြင်ရ၍ အားနည်းနည်းတက်သည်။

ညနေပိုင်း ရောက်သည်နှင့် သဲကန္တာရသည် အေးလာ၏။ ကောင်းကင်ပေါ်တွင် နေ့ခင်းမှာ ရှာမတွေ့ခဲ့သော တိမ်များက ကောင်းကင်အောက်ခြေတွင် စုပေါ်လာ၏။ သူ ကျောပေးလျှောက်ခဲ့သော အနောက်ဘက် ကောင်းကင်တွင် နေမင်းကြီးသည် ငုပ်လျှိုးပျောက်ကွယ်သွားလေ၏။ ခဏအကြာ ခရမ်းရောင် မိုးကောင်းကင်တွင် လကိုမြင်ရသည်။

သူခဏရပ်ရန် စဉ်းစားသည်၊ မည်သူမျှ တစ်ညလုံးလမ်းလျှောက်နိုင်မည်

မဟုတ်။ သို့သော် သူ့တွင် ရွက်ဖျင်တဲမရှိ စောင်မရှိ စားစရာဆန်မရှိ လက်ဖက်ရည်မရှိ။ ပြီးတော့ သူသည် ရေရှိရာနှင့် နီးလောက်ပြီဟု သူ ထင်သည်။ သူ့တွက်ကိန်းမှန်ပါက သည်အချိန် သည်ခရီးလောက်တွင် ရောက်တန်ပြီ။

သူ ဆက်လျှောက်သည်၊ သူ၏တည်ငြိမ်မှုသည် တဖြည်းဖြည်းလျော့ပါးစပြုလာပြီဖြစ်၏။ သူသည် ခွန်အား၊ သတ္တိ၊ ကျွမ်းကျင်မှုများကို ပုံပြီး ရက်စက်သော ကန္တာရနှင့် ယှဉ်ပြိုင်ခဲ့၏။ ယခုပုံအတိုင်းဆိုလျှင် သဲကန္တာရက နိုင်တော့မည့် ပုံမျိုး၊ သူသည် တောင်ကုန်းထိပ်မှာ ဝပ်ချလိုက်ပြီး သေမည့်အချိန်ကို စောင့်ကျန်ရစ် သော ကုလားအုပ်ဖြူကြီးကို သတိရ၏။ ဤအဖြစ်မျိုးကားအဖြစ်မခံနိုင်။ သေခြင်းကို သူ မစောင့်လို၊ အခြေအနေတိမ်းစောင်း၍ မဟန်တော့ပြီဆိုသည်နှင့် သူမှာဓား ပါသည်။

သို့နှင့် လသည်ဝင်သွားပြန်၏။ တလက်လက်လင်းသော ကြယ်များသာ ကျန်ရစ်သည်။ ရှုခင်းသည် ကြယ်ရောင်များကြောင့် မှိန်၍မသွား။

ခပ်ဝေးဝေးမှာ သူ့အမေ၏ ပုံကိုမြင်ယောင်လာသည်။ အမေက သူ့ကို ပြောသည်၊ 'အစကတည်းက ငါသတိမပေးဘူးလို့ မပြောနဲ့နော် . . . "

နားထဲမှာ ရထားသံများ ကြားရသည်။

ခြေထောက်အောက်မှ သဲများတွင် ကျောက်ခဲကလေးများပါလာ၏။ နှာဝမှာ သိုးသားကင်နံ့ရသည်။ သူ့ရင်သည် ခုန်လာ၏။ မျက်လုံးဖွင့်၍ ရှေ့ကိုကြည့်သည်။ တကယ်ပင် မီးပုံတစ်ပုံနှင့် သိုးသားကင်နေသည်ကို မြင်ရ၏။ မီးပုံနံဘေးတွင် ကလေးတစ်ယောက် အရိုးကိုက်နေ၏။ မီးပုံနံဘေးမှာ တဲများတွေ့သည်။ ကုလားအုပ်အချို့ ဟိုနားသည်နား ဆူးပင်များစားနေသည်ကို မြင်ရ၏။ အုတ်ရေတွင်းတစ်ခုကိုလည်း လှမ်းမြင်ရ၏။

သူသည် အိပ်မက်လိုလိုမြင်ရသော အရာများရှိရာသို့ တစ်လှမ်းချင်းသွားသည်။ အိပ်မက်ထဲကလို လူများက သူ့ကို တအံ့တသြငေးမောကြည့်ကြ၏။ အရပ်ရှည်ရှည်လူတစ်ယောက်က တစုံတရာမေးသည်။

ခရီးသည်သည် သူ့မျက်နှာပတ်ထားသော ခေါင်းပေါင်းအဝတ်စကို ဖယ်လိုက်ပြီး သူ့မျက်နှာကို လှစ်ပြ၏။

အရပ်ရှည်ရှည်နှင့်လူက ရှေ့သို့တစ်လှမ်းတိုးလာသည်။ အံ့သြခြင်းကြီးစွာဖြင့် "ညီတော်မောင်ပါလား" သည်တော့မှ ခရီးသည်သည် သူ အိပ်မက် မက်နေခြင်း မဟုတ်ကြောင်း အသေအချာသိသွားပြီး တစ်ချက်ယဲ့ယဲ့ ပြုံးလိုက်၏။ နောက် ်လျက်သား လဲကျသွားလေတော့၏။

သူနိုးလာသောအခါ သူ့ကိုယ်သူ ကလေးဘဝသို့ ပြန်ရောက်နေပြီဟု အောက်မေ့၏။

လူကြီးဘဝအဖြစ်အပျက်များသည် အိပ်မက်များသာဟု အောက်မေ့နေ၏။

တစ်စုံတစ်ယောက်က သူ့ပခုံးကို ကိုင်လှုပ်နေ၏။

"အာမက် . . . ထတော့လေ . . . ထတော့"

သဲကန္တာရအတွင်းနေ အာရပ်ဘာသာစကားတစ်မျိုးဖြင့် ပြောသံကို ကြားရ၏။ သူ့ကို အာမက်ဟူသောအမည်ဖြင့်ခေါ်ခြင်းကို မခံရသည်မှာ နှစ်ပေါင်းများစွာကြာပြီ၊ သူ့တစ်ကိုယ်လုံးမှာ စောင်များဖြင့် နွေးထွေးစွာပတ်ထား၏။ သူ့ခေါင်းကိုလည်း ခေါင်းပေါင်းစဖြင့် လုံခြုံစွာပေါင်းထားသည်ကို သူတွေ့ရသည်။

မျက်စိဖွင့်ကြည့်လိုက်သောအခါ နံနက်နေရောင်ကို မြင်ရသည်။ နံနက်ခင်း၏ အေးမြသောလေသည် သူ့မျက်နှာကို ပက်လိုက်သည်။ ထိုအချိန်ကလေးမှာပင် . . . ၁၅နှစ်သားက ကြုံခဲ့ဘူးသော ခံစားမှုသည် ပြန်ပေါ်လာ၏။

ဟိုတစ်ချိန်က သဲကန္တာရတွင် နံနက်ခင်းတစ်ခုမှာ စိတ်အားငယ်စွာနိုးလာခဲ့ပုံကိုလည်း မြင်ယောင်သည်၊ ငါ့အဖေ ဆုံးသွားပြီ၊ ခု ငါ့အဖေသစ် တစ်ယောက်ရနေပြီ၊ အဖေ့ဘက် . . . အမေ့ဘက်မှ သင်ပေးသော ဂျာမန်စကား၊ အာရပ်စကားများရောထွေးစွာ မှတ်မိနေ၏။ သူ့ကို ဘူတာရုံမှာ လာကြိုသော အာရပ်ညီအစ်ကိုများကို မြင်ယောင်သည်၊ သူတို့တစ်ကိုယ်လုံးမှာ ထုံးစံအတိုင်း အဝတ်များဖုံးထား၍ ခေါင်းပေါင်းနှစ်လွှာအကြားမှ အဓိပ္ပာယ်ဖော်မရသော မျက်လုံးအစုံကိုသာ မြင်ရသည်၊ သူတို့သည် ဘူတာမှသည် ရေကန်ရှိရာအရပ် အိုအေစစ်သို့ ခေါ်လာကြ၏။ တစ်လမ်းလုံး သူ့ကို ဘာမှမပြောကြ၊ လက်ဟန်ခြေဟန်ဖြင့်သာ ပြသည်။ သည်ရောက်၍ ညနေပိုင်း ရောက်လာသောအခါမှ . . . သည်လူမျိုးများသည် အိမ်သာမသုံးကြောင်း သူ သိရတော့၏။ နောက်ဆုံးမနေနိုင်၍ သူက ဖွင့်မေးသည်၊ သည်တော့မှ အားလုံးဝိုင်းရယ်ကြသည်၊ သူတို့အားလုံးက သူ့ကို အာရပ်စကားမတတ်ဟု ထင်မှတ်ခဲ့၍ လက်ဟန်ခြေဟန်နှင့် ပြောဆိုခဲ့ကြခြင်းဖြစ်သည်၊ နောက်သူ မေးသော အဓိပ္ပာယ်ကို သိသွားသောအခါ . . . ထပ်ရယ်ကြပြန်၏။ ခဏအကြာမှ . . . တစ်စုံတစ်ယောကက သူ့ကို တဲများနှင့် ခပ်လှမ်းလှမ်းခေါ်သွားပြီးမြေပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြ၏။ သူ နားလည်သွား၏။ သူ မကြောက်တော့၊ သည်လူများသည် ကြမ်းတမ်းကြသော်လည်း၊ အကြင်နာတရားမရှိသူများမဟုတ်ကြ။

သဲကန္တာရ . . . နံနက်လေအေးနှင့်အတူ "ထလေအာမက် . . ထတော့" ဆိုသောအသံက ဟိုစဉ်ကအဖြစ်များကို ပြန်မြင်စေ၏။ သူ အိပ်ရာမှ ထထိုင်လိုက်၏။

အတွေးဟောင်းများမရှိတော့။

သူသည် အရေးကြီးသော ကိစ္စကြီးတစ်ခုကို ဆောင်ရွက်ရန် သဲကန္တာရ

ကို ဖြတ်ခဲ့ခြင်းဖြစ်သည်၊ သူ အခုသွားလိုရာရောက်ပြီ၊ အိပ်မက် မက်နေခြင်းမဟုတ်၊ သူ့ညီအစ်ကိုတော်များနှင့်တွေ့ရပြီ၊ ညီအစ်ကိုများသည် နှစ်စဉ်သည်အချိန် သည်ကာလ၌ သည်နေရာ ရောက်နေမြဲ . . . ရှိနေမြဲဖြစ်သည့်အတိုင်း ရှိနေ၏။ သူသည် ခရီးပန်း၍ လဲကျသွားခြင်း ဖြစ်သည်။ သူတို့က သူ့ကို စောင်များဖြင့် နွေးထွေးစွာ ပတ်၍ မီးပုံနံဘေးမှာ သိပ်ခဲ့ခြင်းဖြစ်ဟန်တူ၏။

ရုတ်တရက် သူ သယ်လာသောပစ္စည်းများကို သတိရသွားရင်း ထိတ်ကနဲ ဖြစ်သွား၏။ ပါမှပါခဲ့ရဲ့လား၊ နံဘေးကို ကြည့်ရာ အကျအန စုပုံထားသည်ကို တွေ့ရ၏။

အစွမ်မဲလ်သည် သူ့နံဘေးမှထိုင်နေ၏။ ထုံးစံအတိုင်း ငယ်ငယ်ကအတိုင်း၊ မနက်တိုင်း အစွမ်မဲလ်က သူ့ကို နှိုးနေကျ၊ ယခု တစ်ကြိမ်တော့ အစွမ်မဲလ်က. . .

"သိပ်ပြီး . . . စိတ်ပူနေသလား . . . ညီမောင်"

အာမက်က . . .

"စစ်ဖြစ်နေတယ် မဟုတ်လား"

အစွမ်မဲလ်က ရတနာများစီခြယ်ထားသော ရေခရားတစ်ခု လှမ်းပေးလိုက်သည်။ အာမက်ကရေခရားထဲမှ ရေကို လက်ဖျားမှာဆွတ်၍ သူ၏ မျက်စိနှစ်လုံးကို ပွတ်သတ်လိုက်၏။ အစွမ်မဲလ် ထွက်သွားသည်။ အာမက်ထလိုက်၏။

မလှမ်းမကမ်းမှ သူ့ကို အကဲခတ်နေသော မိန်းမတစ်ဦးက လက်ဖက်ရည်တစ်ခွက်လာပေးသည်။ သူ ဘာမှမပြော သောက်လိုက်၏။ နောက် သူသည် ဆံပြုတ်ခပ်အေးအေးများကို ဆက်သောက်ရသည်၊ သူ့နံဘေးဝန်းကျင်တွင် လူများ ဖြည်းဆေးစွာ လှုပ်ရှားနေကြ၏။

စားသောက်ပြီးသည်နှင့် အာမက်က သူ့ပစ္စည်းများရှိရာသို့ ပြန်သွား သည်။ သေတ္တာများမှာ သော့ခတ်မထား။ အပေါ်ဆုံးသေတ္တာကို သူဖွင့်သည်၊ အထဲတွင် ခလုတ်များ၊ ဒိုင်ခွက်များနှင့် အသံလွှင့်စက် ရေဒီယိုကို စစ်ဆေးကြည့်၏။ သူ့အတွေးများသည် ဘာလင်သို့ပြန်ရောက်သွား၏။ သူ့အကြီးအကဲ၏စကားကို သတိရသည်၊ သူ့စကားမှာ . . .

"ရှိမဲလ်က ကိုင်ရိုမှာ ကျုပ်တို့စပိုင်တစ်ယောက်ရှိနေစေချင်တယ်"

ထိုအိတ်ထဲတွင်၊ အသံလွှင့်စက်အပြင် အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ပါသေးသည်။ အာမက်စာအုပ် ပထမဆုံးစာရွက်ကို လှန်လှောရင်း ဖတ်ကြည့်သည်။ "ညက မန်ဒါလေအိမ်ကြီးကိုပြန်ရောက်သွားတယ်လို့ကျွန်မအိပ်မက်. . . မက်တယ်" စာအုပ်ကြားထဲမှ စာရွက်တစ်ရွက်ထွက်ကျလာသည်။ အာမက်တရိုတသေ ပြန်

ကောက်ပြီး၊ စာအုပ်ကြား ညှပ်သည်။ စာအုပ်ကို အသံလွှင့်စက်ပေါ် ပြန်တင်သည်၊ နောက် အိတ်ကို ပိတ်သည်။

အစွမ်မဲလ်သည် သူ့နံဘေး ရောက်လာပြီး ရပ်ကြည့်နေ၏။ ပြီးမှ . . .

"ခရီးအဝေးကြီးက လာခဲ့တာလား"

အာမက် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . . လစ်ဗျားက . . . အဲလ်အဂီလာက ပြီးတော့ ပင်လယ်ကို ဖြတ်ပြီး လာရတာ"

"ဟင် . . . ပင်လယ်ကို ဖြတ်ပြီး လာရတာ"

"ဟုတ်တယ်"

"တစ်ယောက်တည်းလား"

"ဒီလိုလာတုန်းက ကုလားအုပ်တွေတော့ ပါတာပေါ့"

အစွမ်မဲလ် အံ့ဩသွားသည်။ သူတို့သည် ဤသို့ခရီးရှည်မျိုးသွားလေ့မရှိ။

"ဘာကြောင့်လဲ"

"စစ်ဖြစ်နေတယ် မဟုတ်လား"

"ဥရောပက လူဖြူနှစ်ဖွဲ့ . . . ကိုင်ရိုမှာ ဘယ်သူထိုင်မလဲဆိုပြီး . . . ရန်ဖြစ်တဲ့ စစ်ပွဲမှာ . . . သဲကန္တာရရဲ့သားဖြစ်တဲ့ ငါညီနဲ့ ဘာဆိုင်လို့လဲ"

"ညီဋ္ဌ . . . အမေရဲ့လူမျိုးတွေက စစ်ဖြစ်ရာမှာ ပါနေတယ်လေ"

"လူဆိုတာ . . . အဖေ . . . ဘက်ကိုလိုက်ရတယ်"

"ဟုတ်ပါတယ် . . . ဒါပေမယ့် . . . အဖေက နှစ်ယောက်ရှိနေတော့ ဘယ့်နှယ့်လုပ်မလဲ . . ."

အစွမ်မဲလ်သည် နားလည်သွား၏။ ဘာမှ မပြောတော့ . . .။

အာမက်က စောစောက သူပိတ်လိုက်သော အိတ်ကိုမ၍ အစွမ်မဲလ်ကို လှမ်းပေးသည်။

"ဒါလေးကို ကျွန်တော့်အတွက် သိမ်းထားပေးမလား . . ."

"ရပါတယ် . . . ဒါထက် စစ်ကြီးမှာ ဘယ်ဘက်က နိုင်မှာလဲ"

"ကျွန်တော့်အမေ လူမျိုးတွေဘက်ကပေါ့၊ သူတို့ဟာ ကျွန်တော်တို့ နိုမိတ်လူမျိုးတွေလိုပဲ၊ မာနကြီးတယ်၊ သန်စွမ်းတယ်၊ ရက်စက်တယ်၊ သူတို့ကမ္ဘာကြီးကို အုပ်ချုပ်စိုးမိုးလိမ့်မယ် . . ."

ညီအစ်ကိုတောနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြ၏။ သူတို့မဆုံကြသည်မှာ ၅ နှစ်ကျော်ကြာပြီ၊ ကမ္ဘာကြီးသည် ပြောင်းလဲ

သွားပြီဖြစ်၏။ အာမက်က ပြောစရာစကားများကို စဉ်းစားနေသည်။ ၁၉၃၈ ခု ဘီရှတ်မြို့က အဖြစ်အပျက်တွေကိုလား၊ အီစတန်ဘူလ်မြို့မှ လုပ်ရပ်တွေကိုလား၊ ထိုအချက်များ အားလုံးသည် အစ္စမဲလ်အတွက် ဘာမှ အရေးကြီးသည်မဟုတ်၊ သူတို့ငယ်စဉ်က အတူနေခဲ့ ချစ်ခဲ့ကြသည်သာ ရှိသည်။ စကားပြောစရာမရှိ၊ သူတို့နှစ်ဦးအတူ မက္ကာကို ဘုရားဖူးသွားဘူးသည်။ သူတို့နှစ်ဦး သိပ်ချစ်ကြသော်လည်း တစ်နာရီပြည့်အောင် စကားမပြောဘူးကြ၊ ပြောစရာလည်းမရှိ။

ထိုအချိန်တွင် အစ္စမဲလ်သည် အိတ်ကိုယူ၍ သူ့တဲထဲသို့ ပြန်ဝင်သွားသည်။ အာမက်သည် နောက်အိတ်တစ်လုံးဖွင့်၍ အထဲမှ မုတ်ဆိတ်ရိတ်ဓား၊ မှန်နှင့် ဆပ်ပြာကိုယူသည်။ မှန်ကို သဲထဲမှာ ထောင်၍ သူ့မျက်နှာကို သူပြန်ကြည့်သည်။

မှန်ထဲမှအရိပ်ကို မြင်ရသည်နှင့် သူလန့်သွား၏။

သူ့မျက်နှာတစ်ခုလုံးမှာ ဖူးရောင်နေပြီး၊ မျက်လုံးများက နီရဲနေကာ သွားများမှာ ညစ်ပတ်နေ၏။

သူ ဆပ်ပြာသုတ်ပြီး မုတ်ဆိတ်စရိတ်သည်။

တဖြည်းဖြည်း သူ့ပင်ကိုယ်မျက်နှာ ပေါ်လာ၏။

သူ ကျန်အိတ်များကိုယူပြီး တဲထဲသို့ဝင်သည်။ အထဲရောက်သည်နှင့် ဥရောပဝတ်စုံကို ထုတ်၍ ဝတ်သည်။ နောက် သူ၏ စာရွက် စာတမ်း မှတ်ပုံတင်များကို စစ်ဆေး ကြည့်ရှုသည်။ သည်တော့မှပင် သူ့ဘဝကို သူ ပြန်သိသည်။

အမည် . . . အလက်ဇန္ဒာ ဝူလ်

အသက် . . . ၃၄

နေရပ် . . . လေ အိုလီဗာ ဗီလာ ပန်းခြံရပ်၊ ကိုင်ရို

အလုပ်အကိုင် . . . ကုန်သည်

လူမျိုး . . . ဥရောပတိုက်သား

သူ ခရီးဆက်ရဦးမည်။

ဝူလ် ခရီးဆက်ခဲ့သည်။ အိုအေစစ် တစ်ခုမှ တစ်ခု၊ တဖြည်းဖြည်း လူနေအိမ်ခြေများ တွေ့လာရ၏။ စိုက်ခင်းများတွေ့လာရ၏။ မြို့ဆင်ခြေဖုံးတစ်ခု ရောက်လာပါပကော လား။ လူအများက သူ့ကို အထူးအဆန်းပိုင်းကြည့်နေကြသည်။ ထိုစဉ် ကားသံ တစ်သံကြားရ၏။ သူ စိတ်ချရပြီ။

ကားသည် အစရှတ်မြို့ဘက်မှ လာပုံရသည်။ လမ်းကွေ့တစ်ခုမှ ပေါ်လာသောအခါ စစ်သုံးဂျစ်ကားတစ်ခုဖြစ်နေကြောင်း တွေ့ရသည်။ ကားပေါ်တွင် အင်္ဂလိပ်စစ်သားများကို လှမ်းမြင်ရသည်။ သူသည် ဘေးဒုက္ခတစ်ခုမှ လွတ်မြောက်ပြီး နောက်တစ်ခုနှင့် ရင်ဆိုင်ရပြန်ပြီကော။

ကြိုးစား၍ သူ့စိတ်ကို သူထိန်းလိုက်၏။ သူသည် တရားဝင်သော လူတစ်ယောက်မဟုတ်ပါလား။ သူ အလက်ဇန္ဒရီးယားမြို့မှာ မွေးသည်၊ အီဂျစ်အမျိုးသား မှတ်ပုံတင် ကိုင်ဆောင်ထားသူ၊ ကိုင်ရိုမြို့မှာ အိမ်ရှိသည်။ သူ့မှတ်ပုံတင်မှာ အစစ်။

ဂျစ်ကားသည် သူနှင့် မလှမ်းမကမ်းမှာ ရပ်လိုက်သည်။ ပခုံးပေါ်မှ အဝတ်ဘားသုံးဘားနှင့် စစ်သားတစ်ဦး ဆင်းလာ၏။ အဲ . . . သုံးဘားဆိုတော့ ကပ္ပတိန်ပေပဲ၊ ငယ်ငယ်ကလေးရှိဦးမည်။

ကပ္ပတိန်က . . .

"ခင် . . ခင်ဗျား . . . ဘယ်ကဘယ်လို ပေါ်လာတာလဲ"

ဟုတ်သည်။ ယခုလို မြို့စွန်မြို့ဖျား သဲကန္တာရ အစွန်မှာ ဥရောပလူမျိုး တစ်ယောက်တည်း တွေ့ရန်ဆုံရန် မဖြစ်နိုင်။

ဝူလ်သည် သယ်ပိုးလာသောအိတ်များကို မြေပေါ်ချလိုက်၏။ ပြီးမှ သဲကန္တာရရှိရာကို ညွှန်လိုက်ယင်း . . .

"သဲကန္တာရလမ်းပေါ်မှာ ကျုပ်ကားပျက်သွားလို့ဗျာ"

ကပ္ပတိန်က ခေါင်းညိတ်ပြလိုက်၏။ ဟုတ်သည်၊ ဖြစ်နိုင်သည်၊ လစ်ဗျား ပြည်ဘက်မှ ဘယ်ဥရောပတိုက်သားမှ သဲကန္တာရကြီးကို ခြေကျင်ဖြတ်လာလိမ့်မည်ဟု သူမယုံကြည်။ သို့သော် သူက . . .

"လူကြီးမင်း . . . မှတ်ပုံတင်ခဏပြပါ . . . "

ဝူလ် မှတ်ပုံတင်ကို ထုတ်ပေးလိုက်၏။ ကပ္ပတိန်ကသေချာစွာ စစ်ဆေးနေ၏။ ဝူလ် ရင်ခုန်လာ၏။ ဘာလင်မှ တစ်နေရာရာမှ သတင်းများ ပေါက်ကြားသွားပြီး သူ့ကိုများ ပိုက်စိပ်တိုက်ရှာနေကြသည်လား၊ ဒါမှမဟုတ် သူ ကိုင်ရိုမှာမရှိခိုက် မှတ်ပုံတင်အသစ်များ ထုတ်ပေးလိုက်လို့လား . . .

ကပ္ပတိန်က သူ့ကိုကြည့်ပြီး

"မစ္စတာဝူလ် ခင်ဗျားကြည့်ရတာ အခြေအနေသိပ်ဆိုးနေပုံရပါလား၊ လမ်း ဘယ်လောက်ကြာကြာ လျှောက်ခဲ့ရလို့လဲ"

ဝူလ် ချက်ချင်းရိပ်စားမိသွား၏။ သူ၏ ရုပ်ပျက်ဆင်းပျက်အခြေအနေမှာ ဥရောပတိုက်သားချင်း ညှာတာထောက်ထားလိုစိတ် ဖြစ်ပေါ်နိုင်ကြောင်းကို သိသွား

၏၊ အသုံးကျနိုင်သည်။ သို့နှင့် အမှန်နှင့် အနီးဆုံးကပ်၍ . . .

"မနေ့က နေ့ခင်းကတည်းက ဆိုပါတော့ဗျာ . . . မျက်စိနည်းနည်း လည်သွားလို့လဲ ပါတာပေါ့"

"ဘုရားရေ . . . ဒါဆိုညကလည်း ခင်ဗျား ကန္တာရထဲမှာရှိနေတာပေါ့"

ကပ္ပတိန်သည် ဝူလ်မျက်နှာကိုကြည့်သည်။ မျက်နှာပေါ်မှ နေလောင်လောင်သော ဖူးဖူးရောင်ချက်များကို မြင်သည်။

"ဘုရားရေ . . . ယုံပါပြီဗျာ၊ ကဲကဲ ကျုပ်တို့ကားပေါ်တက် ခင်ဗျားကို လိုက်ပို့ပေးမယ်၊ ဟေ့ တပ်ကြပ် ဒီလူကြီးမင်းရဲ့ အိတ်ကို ကားပေါ်တင်ပေးလိုက်ပါကွာ"

ဝူလ်သည် ကန့်ကွက်ရန်ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်လိုက်၏။ တစ်နေ့လုံးတစ်ညလုံး လမ်းလျှောက် ခရီးပန်းလာသော လူတစ်ယောက်သည် သူ၏အိတ်ကို အခြားလူက ကူညီ မ,တင်ပေးသည့်အတွက် ကန့်ကွက်ရန်မသင့်၊ ကန့်ကွက်လိုက်ပါက သူ့အပြောနှင့် မညီဖြစ်သွားပြီး . . . အိတ်များကို သင်္ကာမကင်းဖြစ်သွားနိုင်သည်။

တပ်ကြပ်က အိတ်များကို ဂျစ်ကားနောက်ပိုင်းတွင် တင်လိုက်စဉ် ဝူလ်သတိရပြန်၏။ အိတ်များသည် သော့ပင်ခတ်မထားပါလား၊ ငါ ဘယ်လောက်သောက်သုံးမကျလိုက်ပါလိမ့်ဟု တွေးမိသည်။ သို့သော် သဲကန္တာရအလယ်မှာ ခနေခဲ့သူ တစ်ယောက်အိတ်ကို သော့ခတ်ရန်မလိုပါ။ သူ အလေ့အကျင့်ဖြစ်နေသော နေကိုကြည့်ခြင်း၊ ရေနံ့ကိုရှာခြင်း၊ အရိပ်မှာ နားလိုခြင်းစသော သဲကန္တာရအကျင့်များကို မေ့ပစ်ရန် သူလိုပြီ။ သူ့ခေါင်းထဲမှာ ထိုအကျင့်များအစား ပုလိပ်များ၊ မှတ်ပုံတင်များ သော့ခလောက်များနှင့် လိမ်ညာမှုများ ထည့်ရန် လိုပြီကော . . .။

သူ ကားပေါ်တက်လိုက်၏။

ကပ္ပတိန်က သူ့နံဘေးမှာ ဝင်ထိုင်သည်။ ဒရိုင်ဘာဘက်သို့လှည့်၍ . . .

"မြို့ဘက်ပြန်တော့ကွာ"

ကားထွက်သည်နှင့် ဝူလ်က သူ့ဇာတ်လမ်းနှင့် ကိုက်ညီအောင် . . .

"သောက်ရေများ မပါကြဘူးလား . . ."

"ဟာ . . . ဟုတ်တာပေါ့ . . ."

ကပ္ပတိန်သည် ထိုင်ခုံအောက်မှ ရေဘူးကို ဖွင့်၍လှမ်းပေးသည်။

ဝူလ်ကလည်း အားမဲ့တရ ဆိုဒါတစ်ပုလင်းစာလောက် သောက်ပစ်လိုက်၏၊ ပြီးမှ ရေဘူးကို ပြန်ပေးရင်း . . .

"ကျေးဇူးပါပဲ"

"အင်းလေ ခင်ဗျားလည်း ရေတကယ်ငတ်နေတာကိုး . . . ဒါထက် ကျွန်တော်က ကပ္ပတိန်နယူးမင်းပါ"

ဝူလ်သည် ကပ္ပတိန်လှမ်းပေးသော လက်ကိုဆွဲနှုတ်ဆက်၏။ ကပ္ပတိန်ကလေးမှာ ၂၀ ကျော်ပင်ရှိဦးမည်။ ကပ္ပတိန်နှင့် အလ္လာပ သလ္လာပ စကားများပြောကြသည်။ ကပ္ပတိန်လေးမှာ သူ၏ လေယူလေသိမ်းက တစ်မျိုးပဲဟု မှတ်ချက်ချမိ သူ လန့်သွားသည်။

ကြည့်စမ်း . . . သည်ကပ္ပတိန်လေးသည် ကြည့်တတ်၊ မြင်တတ်၊ ကြားတတ်သူကလေးပါလား။ သို့သော် ဝူလ်မှာ အဖြေ အဆင်သင့်ရှိပါသည်။

"ကျုပ် မိဘတွေက တောင်အာဖရိက ကနေ အီဂျစ်ရွှေ့လာကြတာလေ။ ဒပ်(ချ်)လူမျိုးတွေပေါ့၊ ဒါကြောင့်လဲ . . . အာဖရကန်နီစတန်စကားကော အာရပ်စကားပါ ပြောတတ်လာတာပါ၊ ဝူလ်ဆိုတဲ့ နာမည်က ဒပ်(ချ်)လေ၊ အလက်ဆိုတာကတော့ ကျုပ်ကိုမွေးတဲ့ အလက်ဇန္ဒရီးယားမြို့ကို အကြောင်းပြုပြီး ရတာဆိုပါတော့"

ကပ္ပတိန်လေးက စိတ်ဝင်စားစွာဖြင့် . . .

"ဒါထက် . . . ဒီဘက်ကို ဘာကိစ္စရောက်လာတာလဲ မစ္စတာဝူလ်"

ဝူလ်မှာ အဖြေအဆင်သင့်ရှိပါသည်။

"ကျုပ်လား . . . အီဂျစ်အထက်ပိုင်း ဒေသတစ်လျှောက်လုံးမှာ လုပ်ငန်းကလေးတွေ အများကြီးရှိတယ်၊ ကျုပ်က ရုတ်တရက် စစ်ဆေးဖို့ထွက်လာတာပါ"

သူတို့ ဂျစ်ကားသည် အစရွှတ်မြို့အတွင်းသို့ ဝင်စပြုလာပြီးဖြစ်၏။ အီဂျစ်ပြည်၏အဆင့်အတန်းအရ အစရွှတ်မြို့သည် မြို့ကြီးဟုသတ်မှတ်ရမည်ပင်။ စက်ရုံများရှိသည်၊ ဆေးရုံရှိသည်၊ မွတ်စလင်တက္ကသိုလ်ရှိသည်၊ လူဦးရေ ခြောက်သောင်းတပိုက်ရှိသည်။ ဝူလ်က သူ့ကို ဘူတာရုံမှာ ထားခဲ့ရန် ပြောမည်ဆဲဆဲကပ္ပတိန်လေး၏ စကားက သူ့အမှားကို မပြောဖြစ်စေတော့

"ခင်ဗျား ဝပ်ရှော့တစ်ခုကို သွားရမှာပေါ့နော် . . . နာဆစ်ရဲ့ ဆိုင်ဟာ အကောင်းဆုံးပဲ၊ သူ့မှာ ကားဆွဲတဲ့ ကရိန်းထရပ်တစ်စင်းလဲရှိတယ်"

ဝူလ်သည် ကြိုးစား၍ . . .

"ကျေးဇူးပဲဗျာ"

ဟု ပြောလိုက်၏။ ကြည့်စမ်း၊ သူဦးနှောက်မှာ လျင်မြန်စွာ မလုပ်သေး၊ မသွက်သေး၊ ကန္တာရထဲကလို လုပ်နေဆဲ၊ သူနာရီကြည့်လိုက်၏။ မဆိုးလှ အချိန်ရှိသေးသည်။ သူ့အနေနှင့် စစ်ကားပို့ထားသော ဝပ်ရှော့မှာဆင်းမည်၊ စစ်ကားရှိနေ

စဉ် ယောင်တောင် ပေါင်တောင်လုပ်နေမည်၊ ဟိုပစ္စည်း ဒီပစ္စည်းမေးကြည့်မည်၊ စစ်ကား ထွက်သွားသော အခါမှ ဘူတာကို တစ်ချိုးတည်းလစ်ပြီး ကိုင်ရိုကို ရထားနှင့် သွားမည်။

သူ ကံကောင်းပါက သူ့အကြောင်းကို ကပ္ပတိန်နယူးမင်းနှင့် ဝပ်ရှော့ ဆရာ နာဆစ်တို့ ပြန်မဆွေးနွေးမိပဲ နေကောင်း နေနိုင်သည်။

ကားသည် ဝပ်ရှော့တစ်ခုရှေ့ ရပ်သည်။ ကပ္ပတိန်က . . .

"ကျွန်တော် ဒီမှာ ခင်ဗျားကို ထားခဲ့မှထင်တယ်၊ တာဝန်တွေက ရှိသေးတယ် ခင်ဗျ . . ."

ဝူလ်က ကျေးဇူးတင်စွာကြည့်ရင်း . . .

"အခုထိကိုပဲ ကျေးဇူးကြီးလှပါပြီဗျာ"

ကပ္ပတိန်နယူးမင်းက . . .

"ခင်ဗျားလို ဒုက္ခသုက္ခကြုံခဲ့ရတဲ့ လူတစ်ယောက်ကို ဒီလိုကြီး ပစ်ထားခဲ့ရတာ မကောင်းပါဘူးဗျာ"

နယူးမင်းစဉ်းစားသည်၊ နောက်မှ သတိရပြီး . . .

"ဪ . . . ဟင် . . . ခင်ဗျားကို ကူညီဖို့ ကျုပ် တပ်ကြပ်တစ်ယောက် ထားခဲ့မယ်"

ဝူလ်က ပျာပျာသလဲ။

"ကျေးဇူးကြီးလှပါတယ်ဗျာ . . . ဒါပေမယ့် မလို"

နယူးမင်းက လက်ကာပြသည်။

"ဟေ့ . . . ကောက်(ခ)။ ဆင်း၊ လူကြီးမင်းရဲ့ ပစ္စည်းတွေကို ချပေး၊ သူလိုတာရှိတာတွေ အားလုံးလုပ်ပေး၊ ဘာအခက်အခဲမှ မရှိစေနဲ့ ကြားလား"

ကောက်(ခ)က ကပ္ပတိန်မျက်နှာကို ကြည့်သည်။

"ဟုတ်ကဲ့ဆရာ"

ဝူလ်သည် ရင်ထဲမှ ကျိန်ဆဲလိုက်၏။ သည်တပ်ကြပ်ကြောင့် နောက်ထပ် အချိန်ကြာနေဦးတော့မှာပဲ။ ကပ္ပတိန်နယူးမင်း၏ အကူအညီများမှာ တဖြည်းဖြည်း လွန်ကဲလာ၏။ တမင်းများ လုပ်နေရော့သလားမသိ။

ဝူလ်နဲ့ ကောက်(ခ)ဆင်းကြပြီးသောအခါ ကားထွက်သွား၏။ ကောက်(ခ) က အိတ်ကို ကိုင်သည်။

ဝပ်ရှော့ဆရာ နာဆစ်မှာ လူငယ်ပင်ရှိသေး၏။ သူက အစွမ်းကုန်ပြုံး၍ ကြိုရင်း . . .

"ခင်ဗျားတို့ ကားငှားချင်လို့လားခင်ဗျာ၊ ကျွန်တော့်အကိုမှာ ကား အကောင်းစား ဘင်တလေရှိတယ်ခင်ဗျ"

ဂူလ်က အိဂျစ်ဘာသာဖြင့် စကားဝင်ဖြတ်သည်။

"ကျုပ်ကား လမ်းမှာပျက်လို့ ထားခဲ့ရတယ်၊ ခင်ဗျားမှာ ကားဆွဲတဲ့ ထရပ် တစ်စင်းရှိတယ်ဆိုလို့"

"ဟုတ်ကဲ့ ခင်ဗျာ . . . ရပါတယ် ကားကဘယ်နားမှာ ပျက်နေတာလဲ"

"သဲကန္တာရထဲမှာ မိုင်လေးငါးဆယ်လောက်ရှိမယ်ထင်တယ်၊ ကားအမျိုး အစားက ဖို့(ဒ်)ကား၊ ကျုပ်တော့ မင်းနဲ့လိုက်မလာနိုင်ဘူးနော်၊ ပြန်လာရင် ကျုပ်ဆီ ကိုလာခဲ့။ ကျုပ်ဘူတာရုံနားက ဂရင်းဟိုတယ်မှာရှိမယ်၊ ရော့ပိုက်ဆံ"

ဂူလ်သည် ပြောပြောဆိုဆို အင်္ဂလိပ်ပိုက်ဆံထုတ်ပေးလိုက်၏။

နာဆစ်က ကျေးဇူးတင်စွာယူရင်း . .

"ဟုတ်ကဲ့ခင်ဗျား . . . ကျွန်တော် ခုပဲ သွားလိုက်ပါ့မယ်"

ဂူလ်ခေါင်းဆတ်ပြီး ဝပ်ရှော့အပြင်ဘက်သို့ ကောက်(ခ)နဲ့ အတူ ထွက်လာ ခဲ့၏။ ပြီးခဲ့သော စကားအခြေအနေကို ပြန်စဉ်းစားကြည့်သည်။ နာဆစ်သည် ဆွဲ ကားတစ်စင်းနဲ့ ဖို့(ဒ်)ကားကို လိုက်ရှာမည်၊ နောက်ဆုံးမှမတွေ့ပါဟု ဟိုတယ်ကို လာပြောမည်။ ထိုအချိန်၌ ဂူလ်သည် ဟိုတယ်မှာရှိမည်မဟုတ်တော့၊ နာဆစ် အနေဖြင့် တစ်နေ့တာကုန်ဆုံးရသော လုပ်အားအတွက် သူမနစ်နာပါ၊ ငွေကြေး အပြည့်အဝရပြီး ဖြစ်ပါသည်။ သို့သော် ရှာမတွေ့သော ကားတစ်စင်းနှင့် ပျောက် သွားသော လူတစ်ယောက်အကြောင်းကိုမူကား သူမပြောပဲ နေနိုင်မည်မဟုတ်။ ထို သတင်းသည် ဏ္ဍပွတိန်နယူးမင်းထံသို့ ရောက်သွားမည်သာ ဖြစ်၏။ နယူးမင်း ကိုယ်တိုင်လည်း ဘာမှ ရေရေရာရာသိမည်မဟုတ်။ သို့သော် ထိုလျှို့ဝှက်မှုကိုတော့ စုံစမ်းခြင်း ပြုပေလိမ့်မည်ဖြစ်၏။

ဂူလ် စိတ်နည်းနည်း အိုက်သွားသည်။ အိဂျစ်ပြည်တွင်းသို့ လူမသိ၊ သူမသိ၊ တိုးတိုးတိတ်တိတ်ဝင်လာရေး သူ့အစီအစဉ်မှာ မအောင်မြင်နိုင်တော့။

မတတ်နိုင်၊ အခြေအနေထဲမှ အကောင်းဆုံးဖြစ်အောင် လုပ်ရမည်ဖြစ်၏။ သူ နာရီကြည့်သည်။ ကိုင်ရိုရထားထွက်ရန် နည်းနည်း လိုသေး၏။ အချိန်ရသေး သည်။ တပ်ကြပ် ကောက်(ခ)ကို ဟိုတယ်ဧည့်ခန်းမှာ သူ ပတ်ထားခဲ့မည်၊စားသောက် စရာမှာ ပေးပြီး စားသောက်ခန်းမှာ ထားခဲ့ပြီး သူလစ်မည်။

ကောက်(ခ)က လူပုပု ဂင်တိုတိုဖြစ်သည်၊ သူက. . .

"ဒီမြို့ကို လူကြီးမင်းရောက်ဘူးပါတယ်နော်"

"ရောက်ဘူးပါတယ်"

သူတို့နှစ်ဦးသား ဂရင်းဟိုတယ်ထဲသို့ ဝင်လာခဲ့ကြ၏။ ဝူလ်က . . .

"ကျေးဇူးပဲ ကောက်(ခ)ရေ၊ အလုပ် ရှိရင်သွားပါတော့၊ ဒီလောက်ဆိုရင် ရပါပြီ"

ကောက်(ခ)က ပြုံးရွှင်စွာဖြင့် . . .

"ကျွန်တော့်မှာ အရေးတကြီးကိစ္စမရှိပါဘူး၊ ဒီပစ္စည်းတွေကို အခန်းထဲသို့ ကျွန်တော့်လိုက်ပို့မှာပေါ့"

"ဟာ. နေပါစေ၊ ဟိုတယ်က ပစ္စည်းသယ်တဲ့လူတွေရှိမှာပေါ့"

"သူတို့က မယုံရဘူးဆရာ"

အခြေအနေမှာ တစ်စထက်တစ်စ ဆိုးလာ၏။ ဤအခြေအနေသည် မတော်တဆမှ ဟုတ်ပါလေစဟု ဝူလ် တွေးလာ၏။ သူ့အကြောင်းများ ကြိုသိနေပြီး သူ့ကို သက်သက်စနေရော့သလား။

ဝူလ် အိန္ဒြေဆယ်လိုက်၏။

"ဒါဖြင့်လဲ ကျေးဇူးပဲဗျာ"

ဝူလ် ဟိုတယ်စာရေးရှိရာသွားသည်။ အခန်းတစ်ခု ယူလိုက်သည်။ လိုအပ်သော ဖောင်စာရွက်တွင် ဖြည့်စွက်လိုက်၏။ ကိုင်ရှိ နေရပ်လိပ်စာကို လွှဲပေးလိုက်၏။ ကပ္ပတိန်နယူးမင်း သူ့မှတ်ပုံတင်ကို ကြည့်စဉ်က သမန်ကာရှန်ကာဖြင့် သူ့လိပ်စာ မှန်ကို မှတ်မိကောင်းမှ မှတ်မိနိုင်မည် မဟုတ်ပါလား။

လူမည်းအစောင့်တစ်ယောက်က သူတို့ကို အခန်းတစ်ခုသို့ လိုက်ပို့သည်။ အခန်းထဲသို့ ဝူလ်နဲ့ ကောက်(ခ)ဝင်လိုက်ကြ၏။

ဝူလ် အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်၏။ ကောက်(ခ)ကို ဘောက်ဆူးပေးဖို့ ကောင်းသည် ထင်သည်။

"ကဲ တပ်ကြပ်ကြီးရေ . . . အခုလိုကူညီတဲ့အတွက် ကျေးဇူးပဲ"

ကောက်(ခ)က ဘောက်ဆူးပေးမည်ပြင်သည်ကို လက်ကာပြပြီး . . .

"နေပါစေခင်ဗျား . . . မလိုပါဘူး . . . ကျွန်တော်ပစ္စည်းတွေ နေရာချထားပေးပါ့မယ်၊ ကပ္ပတိန်က အစစအရာရာ လုပ်ပေးလိုက်ပါတဲ့"

ဝူလ်သည် တုန်လှုပ်သွား၏၊ အသံက မာလာသည်။

"နေပါစေ . . . ရပါတယ်၊ ကျုပ်လဲ ခဏလှဲဦးမယ်"

ကောက်(ခ)က ဘာမှမသိသလိုဖြင့် . . .

"လှဲပါ . . . လှဲပါ . . . ကျွန်တော်က အိတ်တွေဖွင့်ပြီး . . ."

ဝူလ်က အလန့်တကြား . . .

"မဖွင့်နဲ့"

ထိုအချိန်မှာ ကောက်(ခ)သည် လက်ဆွဲအိတ်ကို အဖုံးဖွင့်လိုက်ပြီး ဖြစ်သည်။ ဝူလ်သည် ဂျာကင်အတွင်းဘက်သို့ လက်နှိုက်လိုက်၏။ သွားပြီ . . . အားလုံး အခြေအနေကတော့ ပေါ်သွားပြီ၊ အသံမထွက်အောင် လက်စသတ်နိုင်မှ ဖြစ်မယ်။

တပ်ကြပ် ကောက်(ခ)သည် ပွင့်သွားသော အိတ်အတွင်းမှ အစီအရီ အစုလိုက် အထပ်လိုက်တွေ့ရသော ငွေထုပ်များကို မြင်သွား၏။

"ဘုရားရေ . . . နည်းတဲ့ငွေတွေ မဟုတ်ပါလား"

ဝူလ်သည် ရှေ့သို့ တိုးလာ၏။

ကောက်(ခ)သည် တစ်သက်နှင့်တစ်ကိုယ် ဤမျှများပြားသော ငွေများကို မမြင်ဘူးသဖြင့် အံ့ဩကာ . . .

"ဒီလောက်ငွေတွေကို ခင်ဗျားဘာလုပ်ဖို့ . . ."

ထိုအချိန်၌ ဝူလ်သည် သူ၏ ဘီဒိုဝင်းဓားကို ထုတ်ပြီးဖြစ်နေသည်။ သူတို့ နှစ်ဦး မျက်လုံးချင်းဆိုင်မိသည်။ ကောက်(ခ)သည် ထိုအခါမှ သတိရပြီး အော်ရန် ပါးစပ်ဟလိုက်၏။ သို့သော် နောက်ကျသွား၏။ ထက်မြသော ဓားသွားသည် သူ့လည်တိုင်မှာရောက်နေပြီဖြစ်၏။ ကောက်(ခ) လဲကျသေဆုံးသွားလေ၏။

ဝူလ်သည် မည်သို့မျှ မခံစားရ။

စိတ်ပျက်သည်ပဲ ရှိသည်။

❖ ❖ ❖

(၂)

မေလ၏တစ်ရက်ဖြစ်သည်။ တောင်လေပူကြီးသည် တဝူးဝူးတိုက်ခတ်နေ၏။ ရေပန်း အောက်တွင် ရေချိုးနေရင်း သည်အချိန်လေးမှာသာ အပူသက်သာပေသည်ဟု ဝီလီ ယံဗင်ဒန် တွေးမိ၏။ သို့သော် ကြာရှည်ဇိမ်ခံမနေနိုင်ပဲ ရေပန်းပိတ်လိုက်ပြီး . . . ဘဘက်နှင့်ကိုယ်တစ်ကိုယ်လုံးကို သုတ်လိုက်၏။ သူ့တစ်ကိုယ်လုံးမှာ အပွန်းအပဲ့ များဖြင့် ပြည့်နေ၏။ သူ မနေ့က ကရစ်ကက် ကစားခဲ့သည်။ သူတို့ သတင်းထောက် လှမ်းရေးအဖွဲ့နှင့် ဆေးရုံအဖွဲ့တို့ ယှဉ်ပြိုင်ကစားခဲ့ကြခြင်း ဖြစ်သည်။ နှစ်ဌာနစလုံးမှ အုတ်အော်သောင်းတင်း အားပေးခဲ့ကြ၏။ ယခုတော့ သူ့ကိုယ်သူ ဗင်ဒန်သိပါသည်။ အပြည့်အဝအားခွန်တစိုက် မကစားနိုင်ခဲ့ကြောင်း ဂျင်အရက်များက အားလျော့စေ သည်၊ ဆေးလိပ်က သူ့ သက်လုံအားနည်းစေ၏။ နောက် သူ့မှာကအပူအပင်များသည်။

ရေများ သန့်စင်သောအခါ မှတ်ဆိတ်ရိတ်ရင်း စီးကရက်တလိပ်ညှိရာ ချောင်းတစ်ချက်ဆိုးသွား၏။ မှတ်ဆိတ်ရိတ်တိုင်း သူ စီးကရက်တစ်လိပ် သောက် မြဲ။ လွန်ခဲ့သော ၁၅ နှစ်က စစ်တပ်မှ ထွက်သောအခါ သူ့မှတ်ဆိတ် ကျင်စွယ် လှလှကြီးထားမည်ဟု ဆုံးဖြတ်ခဲ့၏။ ယခုတိုင် သူကား စစ်မှုထမ်းဆဲ။

သူ နေတိုင်း ဝတ်နေကျအတိုင်း ယူနီဖောင်းကို ဝတ်လိုက်သည်။ နောက် အောက်ထပ်သို့ ဆင်းခဲ့၏။

ဂါဖာတစ်ယောက် မီးဖိုချောင်မှာ လက်ဖက်ရည်ပွဲ ပြင်နေ၏။ ဂါဖာမှာ

သူ၏ လူယုံတော် အိဂျစ်အမျိုးသား အိမ်ဖော်ဖြစ်၏။

ဗင်ဒန်က . . .

"ဘီလီထပြီလား"

"ထပါပြီဆရာ၊ ခုပဲ ဆင်းလာတော့မှာပါ"

ဗင်ဒန် ခေါင်းညိတ်လိုက်၏။ မီးဖိုပေါ်တွင် ရေနွေးအိုးက ဆူပွက်နေ၏။ ဗင်ဒန် ကြက်ဥတစ်လုံး ပြုတ်လိုက်သည်။ ပြီး . . . ပေါင်မုန့် ၂ ချပ်ကို လှီး၍ ထောပတ်သုတ်လိုက်၏။

ထိုအခိုက် ဘီလီ မီးဖိုထဲ ဝင်လာသည်။

"ဂွတ်မောနင်း ဖေဖေ . . ."

ကလေးသည် သူ့အတွက် ပြင်ပေးသော နံနက်စာကို စားသည်။ ဗင်ဒန်က လက်ဖက်ရည်တစ်ခွက် သောက်ရင်းနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်သည်။ လူတိုင်းက ဘီလီသည် သူ့အဖေနှင့် တူကြောင်း ပြောကြသည်။ ဗင်ဒန်ကိုယ်တိုင်ကမူ ဘာတူမှန်း မသိ၊ သူ့မျက်စိတွင်တော့ ဘီလီသည် သူ့အမေဘက် ပိုတူပုံရသည်။ မျက်လုံး စိမ်းစိမ်း၊ နူးညံ့သော အသားအရေတို့မှာ သူ့အမေထံမှ အမွေဖြစ်သည်။

ဗင်ဒန်သည် သူ့သားအတွက် အမြဲ နံနက်စာ ပြင်ပေးနေကျဖြစ်သည်။ အမှန်အားဖြင့် အိမ်ဖော်ဂါဖာအနေနှင့် ဤကိစ္စကို လုပ်တတ်ကိုင်တတ်ပြီး ဖြစ်ပါသည်။ သို့သော် ဗင်ဒန်က သူကိုယ်တိုင်ပြင်ပေးရမှ ကျေနပ်သည်။ အမှန်အားဖြင့် တစ်နေ့တာလုံး သူနှင့် ဘီလီအတူနေရချိန်မှာ သည်အခိုက်ကလေးဖြစ်ပါသည်။ သူတို့နှစ်ဦးသား စကားပြောဖြစ်ခဲ့သည်။ ဘီလီကစားသည်၊ ဗင်ဒန်က ဆေးလိပ်သောက်သည်။ သည်အချက်က အရေးမကြီးပါ . . . သူတို့ သားအဖနှစ်ယောက် နေ့တစ်နေ့၏ အစတွင် အတူရှိနေခြင်းသာ အဓိကဖြစ်ပါသည်။

စားသောက်ပြီးသောအခါ . . . ဘီလီက သွားတိုက်သည်။ ဂါဖာက ဗင်ဒန်၏ ဆိုင်ကယ်ကို ထုတ်သည်။ နောက် ဘီလီက ကျောင်းဦးထုပ်ဆောင်းပြီး ထွက်လာ၏။ ဗင်ဒန်က သူ့ကက်ဦးထုပ်ကို ဆောင်းလိုက်၏။ နေ့စဉ် နိစ္စဓူဝ လုပ်နေကျအတိုင်း တစ်ယောက်ကိုတစ်ယောက် အလေးပြုလိုက်ကြ၏။ ဘီလီက . . .

"ဟုတ်ကဲ့ ဆာ ကျွန်တော်တို့ စစ်နိုင်အောင် သွားတိုက်ကြစို့"

သူတို့နှစ်ဦးအတူထွက်ကြ၏။

မျောဇင်ဒန် သူ့ရုံးခန်းရောက်သောအခါ အစီရင်ခံစာတစ်ခုက အသင့်စောင့်နေ၏။

အစီရင်ခံစာမှာ အစရွှတ်မြို့မှဖြစ်ပြီး၊ ကိုင်ရိုမြို့မှ မိုင် ၃၀၀အကွာရှိသော မြို့ကလေးမှဖြစ်ရာ၊ ဘာကြောင့်များ သူတို့က ထောက်လှမ်းရေးဌာနကို ပို့ပါလိမ့်ဟု ဉ်းစားစရာ ဖြစ်နေ၏။ ကင်းတစ်ဖွဲ့တစ်ခုသည် ကားကြုံ စီးလာသည်ဟု ယူဆရာရှိသော ဥရောပတိုက်သားတစ်ဦးကို တွေ့သည်။ ထိုလူက တပ်ကြပ်တစ်ဦးကို ဓားနှင့် ထိုးသတ်သွားကြောင်း ဖြစ်ပေသည်။ တပ်ကြပ်ပျောက်ဆုံးနေကြောင်း နောက်တစ်နေ့မှ သိရပြီး စုံစမ်းသောအခါ အသတ်ခံရကြောင်း သိရသည် ဖြစ်ပြီး၊ ထိုလူသတ်သမားနှင့် ပုံပန်းတူသည် ဆိုသော လူတစ်ယောက်ဘူတာရုံမှ ကိုင်ရိုသို့ လက်မှတ်ဝယ်သွားကြောင်း သိရသည်ဟုသာ ဖြစ်ပေသည်။ မည်သည့် အကြောင်းကြောင့် တပ်ကြပ်ကို သတ်သွားကြောင်း မသိရပေ။

အီဂျစ် ရဲအဖွဲ့နှင့် ဗြိတိသျှတပ်ထိန်းအဖွဲ့တို့ကမူ အစရွှတ်မြို့၌ စုံစမ်းစစ်ဆေးနေလောက်ပြီ ဖြစ်၏။ ထို့အတူ ကိုင်ရိုရှိ အလားတူအဖွဲ့အစည်းများကလည်း စုံစမ်းနေလောက်ကြပြီ ဖြစ်၏။ ဘာကြောင့် သူတို့ စစ်ထောက်လှမ်းရေးကို ဤသတင်းပို့ရသနည်း။

ဗင်ဒန် မျက်မှောင်ကုပ်သည်။ စဉ်းစားသည်။

ဥရောပတိုက်သားတစ်ဦး သဲကန္တာရအစွန်မှာ တွေ့ရသည်။ သူ့ကား ပျက်သွားကြောင်း ပြောသည်။ ဟိုတယ်တစ်ခုမှာ တည်းခိုရန် အခန်းယူသည်။ သို့သော် ခဏအတွင်း မီးရထားနှင့် ကိုင်ရိုသို့ထွက်သည်။ သူ၏ ပျက်သွားသည်ဆိုသော ကားကို ရှာ၍မတွေ့။ သူယူထားသော အခန်းထဲတွင် သူနှင့်ထည့်လိုက်သော တပ်ကြပ်၏ အလောင်းကို နောက်တစ်နေ့မှ တွေ့ရသည်။

ဘာကြောင့်လဲ။

ဗင်ဒန်သည် အစရွှတ်မြို့သို့ ဖုန်းဆက်သည်။ စစ်တပ်အိပ်ချိန်းမှတွေ့လိုသူကပ္ပတိန်နယူးမင်းနှင့် ဆက်သွယ်မိရန် အတော်ကြိုးစားယူရသည်။ နောက်ဆုံးမှ သည်။ ဗင်ဒန်က . . .

"ဓားနှင့် လူသတ်သမားဟာ သူ့အကြောင်း ပေါ်သွားလို့ သတ်တာ မဖြစ်နိုင်ဘူးလား"

"ကျွန်တော့်စိတ်ထဲမှာလဲ အဲဒီလို ထင်မိလို့ တပ်ထောက်လှမ်းရေးကိုပါ အကြောင်းကြားလိုက်တာပါခင်ဗျ"

"ကောင်းတယ် . . . အဲဒီ လူ အကြောင်း မောင်ရင် မြင်သမျှ ပြောစမ်း"

"သူက လူကောင်ကြီး . . ."

"မဟုတ်ဘူးလေ၊ မောင်ရင့်သတင်းပို့ချက်ထဲမှာ အရပ် ၆ ပေလောက်ရှိတယ်၊ ၁၂ စတုံလောက်လေးပုံရတယ်၊ မျက်လုံးမည်းမည်း၊ ဒါတွေကပါပြီးသားပဲ။ ကျုပ်သိချင်တာက မောင်ရင့်စိတ်ထဲမယ်သူ့ကိုဘယ်လိုမြင်သလဲဆိုတာကိုသိချင်တာ"

နယူးမင်းက . . .

"ဟုတ်ကဲ့ နားလည်ပါပြီ၊ အမှန်အတိုင်း ပြောရမယ်ဆိုရင် လက်ဦးတွေ့တွေ့ချင်း သူ့အပေါ်မှာ လုံးဝ သံသယမရှိပါဘူး။ သူဟာ တကယ်ပဲ သဲကန္တာရထဲမှာ ကားပျက်လို့ ဒုက္ခရောက်လာခဲ့တဲ့ ပုံပန်းအပြည့်ရှိပါတယ်၊ ပြီးတော့ သူဟာ လူဖြူတစ်ယောက်၊ လူရည်သန့်တစ်ယောက်။ သပ်သပ်ရပ်ရပ် ဝတ်စားထားတယ်၊ လေယူလေသိမ်းကလည်း သူပြောသလို ဒပ်(ချ) လိုလို၊ တောင်အာဖရိကလိုလိုပါပဲ။ သူ့မှတ်ပုံတင်ကလည်း အတိအကျပဲ အစစ်ပဲနဲ့တူပါတယ် . . ."

"ဒါဆိုရင် ဘာဖြစ်လို့ . . ."

"သူ ပြောတယ်လေ၊ သူ့လုပ်ငန်းတွေကို စစ်ဆေးဖို့ အီဂျစ်အထက်ပိုင်းကို လာတာပါတဲ့"

"ဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့ ဖြစ်နိုင်စရာပါပဲ၊ ဒါပေမယ့် သူ့ပုံပန်းကြည့်ရတာ တောမြို့ကလေးတွေမှာ စက်ရုံဖွင့်၊ ဆိုင်ဖွင့်ပြီး လိုက်စစ်၊ လိုက်ကြည့်နေမယ့် ပုံမပေါက်ဘူး။ ငွေရင်းထည့်ရင်တော့ လန်ဒန်စတော့ ပွဲစားတို့၊ ဆွစ်ဇာလန်က ဘဏ်တို့မှာ ထည့်မယ့်ပုံမျိုး။ ဟို . . . ဟိုဗျာ အံမဝင်သလိုပဲ၊ ကျွန်တော် ဆိုလိုတာ သဘောပေါက်ပါတယ်နော်"

"ပေါက်ပါတယ်"

နယူးမင်းသည် လူထက်တစ်ယောက်ဖြစ်မည်ဟု ဗင်ဒန် တွေးမိ၏။ ဘာကြောင့်များ အစရှုတ်လို တောကြို တောင်ကြားရောက်နေပါလိမ့်ဟု တွေး၏။ နယူးမင်းက ဆက်၍ . . .

"ပြီးတော့ သူက ရုတ်တရက် သဲကန္တာရထဲက ဘွားကနဲ ပေါ်လာတာ မဟုတ်လား။ သူ ဘယ်က လာတယ်ဆိုတာ ကျွန်တော်မသေချာဘူးလေ၊ ဒါကြောင့် ကျွန်တော်က တပ်ကြပ်ကောက်(ခ)ကို သူနဲ့ ထည့်ပေးလိုက်တာ၊ အကူအညီပေးဖို့လိုလိုနဲ့ စောင့်ကြည့်ဖို့ပေါ့ဆရာ။ သူ့အကြောင်းကို စုံစမ်းမပြီးမချင်းပေါ့။ အဲဒီတုန်းကအထိ ကျွန်တော် သူ့အပေါ်မှာ သံသယ မရှိပါဘူး . . . တကယ်လို့ ရှိခဲ့ရင်တော့ ဘယ်ခုလို"

"ဘယ်သူမှ ကပွတိန်ကို အပြစ်တင်ကြမယ် မဟုတ်ပါဘူးကွာ၊ ဒါထက် မင်း မှတ်မိတယ်ဆိုတဲ့ သူ့မှတ်ပုံတင်က အဲလက်ဝူလ်၊ လေ-အိုလီဗာ ဗီလာဥယျာဉ်စု၊ ကိုင်ရိုနေဂ် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အေးကွာ . . . အဲဒီဘက်က သတင်းဆက်ရရင်လဲ ငါတို့ဌာနနဲ့ ဆက်ပေါ့"

"ဟုတ်ကဲ့ဆရာ"

"အေး . . . အေး . . . ဒါပဲ"

ဗင်ဒန်သည် ဖုန်းချလိုက်၏။ နယူးမင်း၏ သံသယသည် သူ့စိတ်ထဲမှာ ရှိသော သံသယနှင့်လာ၍ တိုက်ဆိုင်သည်။ သူသည် အမှုတွဲကို ယူ၍ ရုံးမှထွက်ခဲ့၏။

စစ်ထောက်လှမ်းရေးအဖွဲ့ချုပ်တွင် ၂ ပိုင်းရှိ၏။ D.D.M.I (0) လှုပ်ရှားရေး အဖွဲ့နှင့် D.D.M.I. (I) ထောက်လှမ်းရေးအဖွဲ့ဟူ၍ ထိုဌာနခွဲ ၂ ခုကို ကာနယ် ဦးက တာဝန်ယူရသည်။ မေဂျာဗင်ဒန်၏ ထောက်လှမ်းရေးဌာနခွဲမှူးမှာ လက် ဒတင်နင်ကာနယ် ဘော့(ဂ)ဖြစ်၏။ သူတို့ဌာနမှ အေးဂျင့်များသည် နေရာစုံ၌ရှိ သည်။ အာရပ်အမျိုးသားရေး ဝါဒီတို့၏ လှုပ်ရှားမှုကိုလည်း အမြဲစောင့်ကြည့်နေရ၏။ အစရွှတ်မှ ထူးဆန်းသော လူ၏ ကိစ္စကား ပြဿနာတစ်မျိုးဖြစ်သည်။

ဗင်ဒန်၏ စစ်မှုထမ်းသက် တစ်ခုလုံးတွင် ကြီးကျယ်ကျော်ကြားသော အောင်မြင်မှုကြီးတစ်ခုနှင့် ကြီးမားသော ဆုံးရှုံးမှုတစ်ခု ဆုံခဲ့ဘူး၏။ ဆုံးရှုံးမှုမှာ ဘူရကီမှာ ဖြစ်သည်။ အီရတ်နိုင်ငံမှ ရာရှစ်အလီထွက်ပြေးလွတ်မြောက်ကာ တူရကီ သို့ ရောက်လာ၏။ ဂျာမန်များက သူ့ကို ကြော်ငြာသတင်းထုတ်ရန် လိုချင်၏။ ဗြိတိသျှတို့ကမူ သူ့ကို သိုသိုသိပ်သိပ်ပဲ ရှိစေချင်သည်။ နှစ်ဘက်လုံးနှင့် မျက်နှာ မပျက်ချင်သော တူရကီက နှာစေးနေ၏။ ဗင်ဒန်၏တာဝန်မှာ အလီကို တူရကီပြည် အီစတန်ဘူးလ်မြို့မှ ပျောက်မသွားရေးဖြစ်သည်။ သို့သော် အလီသည် ဗင်ဒန် စောင့်ကြည့်နေသည့်အကြားမှ ဂျာမန်စပိုင်တစ်ယောက်နှင့် အဝတ်အစားလဲကာ လွတ်မြောက်သွားလေ၏။ နောက် များမကြာမီ နာဇီရေဒီယိုမှ အလီ၏ အရှေ့ အလယ်ပိုင်းသဘောတရား မိန့်ခွန်းများထွက်ပေါ်လာလေတော့၏။ ဗင်ဒန်အရှက် ကွဲကာ ကိုင်ရိုသို့ ပြန်လာရ၏။ လန်ဒန်က သူတို့၏ ဆက်သွယ်ရေး ပေါက်ကြားမှု တစ်ခုရှိရမည်ဟု ကောက်ချက်ချသည်။ သုံးလကြာမှ ဗင်ဒန် ပေါက်ကြားမှုကို ထောက်လှမ်းရာ အမေရိကန် သံအရာရှိတစ်ဦးက မသေချာသောကုတ်(လျှို့ဝှက်စာ) နှင့် ဝါရှင်တန်သို့ သတင်းပို့ခဲ့ကြောင်း သိရသည်။ လျှို့ဝှက်စာကို ပြင်လိုက်သည်၊ ပေါက်ကြားမှု ပိတ်သွားသည်။ ဗင်ဒန် မေဂျာရာထူးရခဲ့သည်။

သူသည် အကယ်၍ အရပ်သားတစ်ယောက်သာ ဖြစ်ပါက၊ သို့မဟုတ် စစ်မဲ့ကာလ စစ်သားတစ်ယောက်ဖြစ်ပါက သူ၏ဆုံးရှုံးမှုကို အောင်မြင်မှုနှင့် ဖာထေး၍ ရနိုင်ပေသည်။ "ဒီလိုပဲလေ . . . နိုင်တခါ ရှုံးတလှည့်ပေါ့"ဟု ဆိုနိုင်ကောင်းပါသည်။ သို့သော် စစ်အတွင်းကာလ၏ အမှားတစ်ခုမှ အသက်ဆုံးရှုံးမှုများ ပါဝင်နေတတ်ပေသည်။ ရာရှစ်အလီ၏ အမှုကိစ္စတွင် အေးဂျင့်တစ်ယောက် အသက် ဆုံးရှုံးခဲ့ရသည်။ ထိုအေးဂျင့်မှာ အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ဗင်ဒန် သူကိုယ်သူ အပြစ်တင်၍ မဆုံးရှိနေ၏။

ဗင်ဒန်သည် ဒုဗိုလ်မှူးကြီး ဘော(ဂ်)၏ တံခါးကို ခေါက်ပြီး အခန်းထဲသို့ ဝင်သည်။ ရက်ဂီဘော(ဂ်)မှာ အသက် ငါးဆယ်ခန့် ပုပုဂင်တိုတို ဖြစ်သည်။ သူက ဗင်ဒန်အား ထိုင်ရန် ပြောပြီးနောက် လက်ထဲမှ ကရစ်ကက်ဘောလုံးနီကလေးကို မြှောက်ကစားနေရင်း . . .

"မနေ့က မောင်ရင်ကစားတာ ကောင်းသားပဲ"

"ဗိုလ်မှူးကြီးက ပိုကောင်းပါတယ်"

မှန်၏။ မနေ့ကပွဲတွင် ဘော့(ဂ)အရွယ်နှင့်မလိုက်အောင် ကစားနိုင်ခဲ့ပေသည်။ ဗင်ဒန်က သက်ပြင်းချရင်း . . .

"ဒါထက် စစ်ပွဲအခြေအနေကကော"

"မကောင်းဘူးဟေ့ . . . သတင်းဆိုးချည့်ပဲ။ တို့က ရိုမဲလ်ကို ဂါဇလာမျဉ်းကြောင်းကို ဝက်ခေါင်းထိုးတိုက်မယ်လို့ မျှော်လင့်ထားကြတာမဟုတ်လား၊ ငနဲက လူညစ်ပဲ၊ တောင်ဘက်ခြမ်းက ပန်းပြီး နံပါတ် ၇ တင့်ကားတပ်ကို တိုက်တယ်။ ပြီးတော့ ဗိုလ်ချုပ်မက်ဆာစီးကို ဖမ်းသွားသကွ"

"မကောင်းပါလား"

"အေး . . . ဒါပေမယ့်၊ ငနဲသား ကမ်းထိတော့ ရောက်ရအောင် မတိုက်နိုင်သေးဘူးကွ၊ ဒီတော့ ဂါဇလာခုခံရေးစစ်ကြောင်းက တပ်သားတွေဟာ အဆက်အသွယ်မပြတ်သေးဘူးပေါ့ကွာ"

"ထားပါတော့လေ၊ သူ့ကိုရပ်အောင် ကျွန်တော်တို့ ဘယ်တော့တိုက်နိုင်မှာလဲ"

"ဒီငနဲ ရှေ့တိုးနိုင်တော့မယ် မထင်ပါဘူးကွာ"

ဘော့(ဂ)ထင်မြင်ချက်မှာ ရေရေရာရာမရှိပါ။ ဘော့(ဂ)သည်ထုံးစံအတိုင်း၊ စစ်ဦးစီးချုပ်များကို မဝေဖန်လို၍ ဆင်ဝှေ့ရန်ရှောင်ပြောခြင်းသာဖြစ်သည်။ ဘော့(ဂ) က စကားလွှဲရန် ဗင်ဒန်လက်ထဲက စာရွက်ကိုကြည့်ရင်း . . .

"မင်းလက်ထဲက ဘာလဲ" ဗင်ဒန်က အစရွှတ်မှ သတင်းအခြေအနေ အားလုံးကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်ပြီးနောက် . . .

"သည်ကိစ္စကို ကျွန်တော်ကိုယ်တိုင်လိုက်မလို့ စိတ်ကူးထားပါတယ်"

ဘော့(ဂ)သည် အစီရင်ခံစာကို အစအဆုံး ဖတ်လိုက်၏။ ပြီးမှ . . .

"ဘာအဓိပ္ပာယ်ရှိလို့တုံး"

"ကြည့်ရတာ လျှို့ဝှက်ချက်တစ်ခုခုပေါ် သွားလို့ သတ်သွားတယ်လို့ ထင်ပါတယ်"

"ဟင်"

"ဟုတ်တယ်လေ . . . လူသတ်မှုမှာ သတ်စရာအကြောင်းမှ မရှိတာ၊ ကျွန်တော်တို့က ကောက်ချက်ချဖို့ပဲ ရှိတာပေါ့"

ဘော့(ဂ)က ဘာမှမပြော၊ ဗင်ဒန်ကဆက်၍ . . .

"ဖြစ်နိုင်တာက အဲဒီခရီးသည်ဟာ သူပြောသလို ကုန်သည်ရိုးရိုးမဟုတ်ဘူး ဆိုတာကို တပ်ကြပ်က တွေ့သွားမယ်၊ ဒီတော့တပ်ကြပ်ကိုနှုတ်ပိတ်တာဖြစ်နိုင်တယ်"

"သူ ပြောတဲ့ ကုန်သည်မဟုတ်ဘူးဆိုရင် . . . မင်းက သူ့ကို စပိုင်လို့ ဆိုချင်တာလား"

ဘော့(ဂ)က ရယ်သည်၊ ပြီးမှ . . .

"အဲဒီငနဲက အစရွှတ် ဘယ်လိုရောက်လာတာလဲ၊ လေထီးနဲ့ ခုန်ဆင်းလာ တာလား၊ ခြေကျင်လျှောက်လာတာလား"

ဘော့(ဂ)ကို နားဝင်အောင် ရှင်းပြရသည်မှာ ပင်ပန်းလှသည်ဟု ဗင်ဒန် ထင်သည်။

"သဲကန္တာရထဲမှာ လေယာဉ်သေးသေးနဲ့ တိတ်တိတ်ဆင်းရင်လဲရတယ်၊ သဲကန္တာရကိုဖြတ်ပြီး ခြေကျင်လျှောက်တာလဲ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူး"

ဘော့(ဂ)က ပြုံးပြန်၏။

"ငါ့အထင်တော့ ဖြစ်နိုင်မယ်မထင်ပါဘူးကွာ . . . ဒီကိစ္စအတွက်အချိန် ကုန်ခံမနေပါနဲ့"

ဗင်ဒန်လည်း အငြင်းပွားမနေချင်တော့။

"ဟုတ်ကဲ့ခင်ဗျ . . . နောက်ဆက်တွဲ သတင်းရလျှင် ဖိုင်လုပ်ထားရအောင် ပဲ ရဲကို သာမန်အကြောင်းကြား ထားလိုက်ပါတော့မယ်"

"အေး အေး ကောင်းတယ်၊ ဒါထက် ကရစ်ကက်အသင်းအတွက်လဲ လုပ်ဦးနော်"

ဗင်ဒန် ဘော့(ဂ)အခန်းထဲမှ ထွက်လာခဲ့လေသည်။ ဗြိတိသျှစစ်တပ်အုပ်ချုပ်ရေးပိုင်းတွင် ဘယ်လို ဘယ်လိုများ ဖြစ်ပြီး ကြောင်စီစီငနဲတွေ ရာထူးရနေပါလိမ့်ဟု တွေးမိသည်။ ပထမကမ္ဘာစစ်အတွင်းက တပ်ကြပ်အဖြစ် စစ်မှုထမ်းခဲ့ဖူးသော ဗင်ဒန်အဖေ၏ စကားတစ်ခွန်းကို အမှတ်ရမိသည်။ "အင်္ဂလိပ်တပ်ကတော့ လားတွေဦးဆောင်နေတဲ့ ခြင်္သေ့တွေပါပဲကွာ" ဟူ၏။ ဘော့(ဂ)သည် ထုံထိုင်းရုံသာမက အဆုံးအဖြတ်လွဲတတ်ပေသေးသည်။

အဖြူရောင် ဆေးရုံယူနီဖောင်းဝတ်အမျိုးသမီးတစ်ဦးက ရုတ်တရက် သူ့ကို အလေးပြုသည်။ ဗင်ဒန် အမှတ်မထင် ပြန်ပြုလိုက်၏။ အမျိုးသမီးက . . .

"မေဂျာဗင်ဒန် မှတ်ပါတယ်"

ဗင်ဒန် ရပ်လိုက်၏။ အမျိုးသမီးကို သေချာကြည့်သည်။ နောက်မှ မှတ်မိသွားပြီး . . .

"ဒေါက်တာ အဘူးနော့(သ)ပါလား၊ ဂွတ်မောနင်း"

ဒေါက်တာမသည် အရပ်ရှည်ရှည်၊ ကိုယ်လုံးပြည့်ပြည့်ဖြစ်ပြီး ခွဲစိတ်ဘက်မှဟု သူသိသည်။ စစ်တပ်ရာထူးအရ ဗိုလ်ကြီးကပ္ပတိန်ဖြစ်သည်။ဒေါက်တာက. .

"ရှင် မနေ့တုန်းက အတော်ကြီးစားကစားတာပဲ"

ဗင်ဒန် ပြုံးသည်။

"အဲဒီဒဏ်တွေ ကနေ့ စုခံနေရတာပေါ့ဗျာ၊ ဘာပဲပြောပြော ပျော်ပါတယ်"

"ကျွန်မလဲ တူတူပါပဲ"

ဒေါက်တာမ၏ လေသံမှာ ပြောရင်းတိုးသွားပြီး . . .

"သောကြာနေ့ကြရင် . . . ရှင်နဲ့တွေ့ရမှာလား"

"ဗျာ . . . ဘယ်မှာလဲ"

"ယူနီယံ ကပွဲမှာပေါ့"

"အာ . . . ဟာ . . ."

ယူနီယံဆိုသည်မှာ အင်္ဂလိပ်အီဂျစ်အသင်း ကလပ်ဖြစ်သည်။

"ကောင်းသားပဲ ဘယ်အချိန်တွေ့မလဲ"

"ငါးနာရီလေ၊ လက်ဖက်ရည်သောက်ရတာပေါ့"

ဗင်ဒန်ကလည်း သူ့အလုပ်အတွက် ထိုအချိန်မှာ အီဂျစ်ဧည့်သည်များ စကားများများ ပြောတတ်သဖြင့် သတင်းရနိုင်သောကြောင့် သဘောကျသွား၏။

"ကောင်းပါပြီ ကျွန်တော်လာပါ့မယ်"

"ဒါဖြင့် ကျွန်မသွားမယ်။ အဲ ဒီနေ့ကျမှ ဆုံကြတာပေါ့"

ဗင်ဒန်သည် တခြားဘက် ထွက်သွားသော ဒေါက်တာမ၏ နောက်ကျော ကို ကြည့်၍ ကျန်ရစ်သည်။ အမျိုးသမီး၏ကိုယ်ဟန်ကြော့ကြော့ မျက်နှာမော့မော့ ကို ကြည့်ရင်း ကွယ်လွန်သူဇနီးကိုအမှတ်ရစေ၏။

ဗင်ဒန်သည် သူ့ ရုံးခန်းထဲသို့ဝင်လိုက်၏။ သူ့အနေနှင့် ကရစ်ကက်အသင်း စည်းရုံးရန် စိတ်မဝင်စားပါ။ အစရှုတ်မှ လူသတ်မှုသတင်းကိုလည်း မေ့ပစ်ရန် ခေည်ရှယ်ပါ၊ ဘော(ဂ)ပြောချင်ရာပြောပါစေ၊ ဗင်ဒန်အနေနှင့်မူ သူလုပ်စရာရှိတာ များကို ဆက်လုပ်မည်သာ ဖြစ်ပါ၏။

ပထမဆုံး ကပ္ပတိန်နယူးမင်းနှင့် ပြန်ဆက်သွယ်ပြီး အဲလက်ဝူလ်၏ ဝုံပန်းသဏ္ဍာန်ကို အပြည့်အစုံ ထပ်တောင်းသည်၊ နောက် အီဂျစ်ရဲအဖွဲ့သို့အကြောင်း ကြားပြီး ကိုင်ရိုရှိ ဟိုတယ်များ၊ တည်းခိုခန်းများမှ ဧည့်စာရင်းယူရန်၊ လူပုံပန်းတိုက် ကြည့်ရန် ညွှန်ကြားသည်။ နောက် လုံခြုံရေးတပ်ဖွဲ့သို့ ဆက်သွယ်၍ မှတ်တမ်းစစ် ဆေးမှုများပြုလုပ်ရန် ပြောသည်။ နောက် ဗြိတိသျှငွေလွှဲဌာနသို့ ငွေစက္ကူအတုများ သတိထားကြည့်ရန် အကြောင်းကြား၏။ နောက် အသံလွှင့် အသံဖမ်းဌာနသို့ ယခု ရက်ပိုင်း ပြည်တွင်းမှ အသံလွှင့်မှုမှန်သမျှကို စနစ်တကျ ဖမ်းယူစစ်ဆေးကြည့်ရန် ညွှန်ကြား၏။

နောက်ဆုံးတွင်မှ သူ့တပ်ကြပ်ကြီးကို ရေဒီယိုဆိုင်များမှာ ပစ္စည်းပို့ဝယ် သူ လာ,မလာ၊ လာပါက စာရင်း ယူထားရန် ညွှန်ကြားသည်။

သူကမူ လေ့ . . . အိုလီဗာ ဗီးလာ အိမ်ရှိရာသို့ ထွက်ခဲ့၏။

အော်လစ်ဗီးယား အိမ်အမည်မှာ နံဘေးအနားရှိ အော်လစ်ပန်းခြံကို အစွဲပြုပြီး ခေါ်ထားပုံရသည်။ ယခုပင် အော်လစ်ပန်းဖြူဖြူကလေးများသည် အကိုင်းညိုညိုများ တွင် ပွင့်နေကြပြီဖြစ်၏။

အိမ်ကြီးကို အုတ်တံတိုင်း မြင့်မြင့်ခတ်ထား၏။ ဗင်ဒန်သည် ဝင်းတံခါးမှ ဝင် ကျော်၍ အိမ်ထဲဝင်လိုက်၏။ အိမ်ဝင်းကကျယ်၏။ အိမ်ဝင်းထဲမှ ရေပန်းရှိရာ သို့ သွားကြည့်၏။ ရေပန်းမထွက်တော့ပုတ်သင်ညိုတစ်ကောင်သာထွက်ပြေးသွား၏။

ဤနေရာ၌ လူသူမနေသည်မှာ တစ်နှစ်ခန့်ရှိလောက်ပြီဖြစ်သည်။

ဗင်ဒန် အိမ်ကြီးရှိရာသို့သွားသည်၊ မှန်ပြတင်းတစ်ခုမှ မှန်တစ်ချပ်ခွဲ၍ ဂလန့်ကိုဖွင့်ကာ . . . အိမ်ထဲသို့ဝင်၏။ အိမ်အတွင်းရှိ အဆင်အပြင်မှာ ဥရောပ ဆန်ပါ၊ အပေါ်ထပ်တွင် သော့ခတ်ထားသော အခန်းတစ်ခုတွေ့သည်၊ ဗင်ဒန် သော့ကို ကန်ချိုး၍ဝင်သည်။

အခန်းမှာ သစ်ရပ်ပြီး ပရိဘောဂ အကောင်းစားများရှိသည်။

စားပွဲပေါ်၌ တယ်လီဖုန်းတစ်လုံးရှိသည်၊ မင်အိုး မင်တန် ရှိသည်၊ အံဆွဲထဲတွင် ဆွစ်ဇာလန်၊ ဂျာမနီနှင့် အမေရိကန်ကုမ္ပဏီများမှ အစီရင်ခံစာများတွေ့သည်။ စာအုပ်စင်တွင် ဘာသာစုံစုံ စာအုပ်များတွေ့ရသည်။ အာရဗီဘာသာ ကဗျာစာအုပ်နှင့် ဂျာမန်ဘာသာ သမ္မာကျမ်းစာအုပ်ပါသည်။

မည်သည့်ကိုယ်ရေးအထောက်အထား စာရွက်စာတမ်းမှ မတွေ့ရ။

စာမတွေ့ရ။

ဓာတ်ပုံ တစ်ပုံမှမတွေ့ရ။

ဗင်ဒန်သည် စားပွဲရှိ သားရေကုလားထိုင်ပေါ်မှာ ထိုင်လိုက်၏။ ဤအခန်းသည် ယောက်ျားတစ်ယောက်နေသော အခန်းသေချာသည်၊ ထိုလူသည် ပညာတတ်သည်၊ တိကျသည်၊ စနစ်ကျပုံရသည်။

သို့သော် ဗင်ဒန် စိတ်ထဲတွင် အနှောင့်အယှက် ဖြစ်နေသေး၏။

ဥရောပနာမည်ပိုင်ရှင် နေသည်ဆိုသော အိမ်မှာ အာရပ်လူမျိုးဓလေ့အတိုင်း ပြင်ဆင်ထား၍ဖြစ်သည်။ ထို့ပြင် အခန်းထဲမှ ထိုလူအကြောင်း တစွန်းတစ သိနိုင်ရန် သဲလွန်စ မကျန်ခဲ့။

ဤအခန်းသည် စနစ်တကျ ရှင်းသွားခြင်းဖြစ်သည်။

အမှန်စင်စစ် ဘဏ်တိုက်မှစာရင်း၊ ဈေးသည်ကုန်တိုက်တို့မှ ပြေစာ၊ ကိုယ်ရေး ကိုယ်တာစာ၊ ဓာတ်ပုံစသည် စသည်ဖြင့်ရှိဖို့ ကောင်းသည်။ သို့သော် တစ်ခုမှ မရှိ၊ ထို ပုဂ္ဂိုလ်သည် ထိုကဲ့သို့သော ပစ္စည်းများကို စနစ်တကျ ဖယ်ရှားသွားပုံရ၏။ သူ၏ အကျိုးအကြောင်း တစွန်းတစမကျန်ရစ်၊ တစ်ချိန်ချိန်တွင် သူ့ အကြောင်းကို သိလို၍ ဤအခန်းကို လာရောက်စစ်ဆေးလိမ့်မည်ဟုများ ကြိုတင်၍ သိထားသည့် အတိုင်း . . .။

ဗင်ဒန် ပါးစပ်က အသံထွက်လာသည်။

"အဲလက် ဝူလ် မင်း ဘယ်သူလဲဟင် . . ."

ဗင်ဒန် ကုလားထိုင်မှထသည်၊ အခန်းပြင်ဘက်ထွက်သည်၊ ဟိုသည် ကြည့်သည်။ ဘာမှ မထူး၊ အိမ်ကြီးအပြင်ထွက်သည်၊ နောက်ဝင်းတံခါးမှကျော်ထွက်သည်။

ခပ်လှမ်းလှမ်း လမ်း၏ တစ်ဘက် အောလစ်ပင်ခြေရင်းအရိပ်တွင် အာရပ်တစ်ယောက် တင်ပလ္လင်ခွေထိုင်နေ၏။ သူသည် ဗင်ဒန်၏လှုပ်ရှားမှုကို ကြည့်နေ၏။ သူ့တာဝန်အရ သူတစ်ပါး၏ အိမ်တွင်းသို့ ဖောက်ထွင်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟု ရှင်းပြရန် မလိုဟု ယူဆ၏။ သူဝတ်ထားသော ဗြိတိသျှစစ်ယူနီဖောင်း

တပင် တာဝန်ဖြစ်ကြောင်း ထင်ရှားစေသည် မဟုတ်ပါလား။

သူ စဉ်းစားနေသည်မှာ သတင်းဖြစ်သည်။ ဤအိမ်ရှင်အကြောင်းကို မြို့နယ်ဌာနမှသော်လည်းကောင်း။ အနီးအနားကုန်စုံဆိုင်များမှသော်လည်းကောင်း သတင်း စုံစမ်းရမည်သာ ဖြစ်၏။ သူ သည် မော်တော်ဆိုင်ကယ်ပေါ် တက်ခွ စက်နှိုးလိုက်၏။ စက်သံ ချက်ချင်းပေါ်လာသည်။

ဗင်ဒန် ဆိုင်ကယ်စီးထွက်လာခဲ့၏။

❖ ❖ ❖

(၃)

ဝူလ်သည် သူ၏ခြံဝင်းအပြင်ဘက် ဘော်လစ်ပင်အောက်မှ ထိုင်ရင်း ဗြိတိသျှအရာရှိ ထွက်သွားသည်ကို ကြည့်ရင်း. . . စိတ်ပျက်ဒေါသထွက်နေ၏။

ဤအိမ်သည် သူ ကလေးဘဝကတည်းက နေထိုင်ကြီးပြင်းခဲ့သော အိမ်ဖြစ်၍ သူ ကောင်းစွာ မှတ်မိသည်။ သူ ကလေးဘဝက ပျော်လိုက် ရယ်လိုက်နှင့် နေခဲ့ခြင်းကို အမှတ်ရသည်။ ခြံဝင်းအပေါက်မှ တံခါးဝတွင် အသားမည်းအစောင့်ကြီး တစ်ယောက် အမြဲရှိသည်။ အစောင့်ကြီးသည် နေဘယ်လောက်ပူပူ၊ မြေမှာ ထိုင်နေကျ၊ နံနက်တိုင်း မျက်စိမမြင်သလောက်ဖြစ်နေသော ဘာသာရေးဆရာ တစ်ဦးသည် အမြဲ ကိုရမ်ကျမ်းစာ တစ်ပိုဒ်ကို လာရွတ်ဆိုစမြဲ၊ သူတို့မိသားစုသည် ဤသို့ ချမ်းမြေ့ပျော်ရွှင်စွာနေထိုင်ခဲ့ကြသည်။

ဘောင်းဘီတို မော်တော်ဆိုင်ကယ်နှင့် ဗြိသိသျှ စစ်ဗိုလ်တစ်ယောက်သည် ဝူလ်၏ အတိတ်ဘဝကို ဖျက်စီးပစ်ခဲ့ပြီကော၊ သည်ငနဲမျက်နှာကို မမြင်လိုက်ရ၍ ဝူလ်မကျေနပ်၊ တနေ့ ဒီကောင်ကို သတ်ပစ်ချင်၍ မှတ်မိလိုခြင်းသာ ဖြစ်ပါ၏။

ဝူလ်သည် ခရီးကြမ်းတလျှောက်လုံး ဤအိမ်ကို တမ်းတခဲ့၏။ ဘာလင်မှာ ရှိစဉ်ကကော၊ ခရစ်ပိုလီမှာရော၊ အယ်အဂျီလာမှာ ရှိစဉ်ကကော၊ သေကောင်ပေါင်းလဲ သဲကန္တာရကို ကျော်ဖြတ်စဉ်ကရော၊ အစရွတ်မှာ အပြေအလွှား စီစဉ်ခဲ့စဉ်ကပါ

ဤအိမ်ကြီးကို ခရီးပန်းတိုင် နိဗ္ဗာန်အဖြစ် ရည်မှန်းခဲ့၏။ အပန်းဖြေရန် ရည်ရွယ်ခဲ့၏။ ရေချိုးကန်ထဲမှာ ရေစိမ်ယင်း၊ အိမ်ဝင်းထဲမှာ ကာဖီသောက်ယင်း၊ မိန်းမလှများကို အိမ်အပေါ်ထပ်မှ အိပ်ရာကြီးပေါ်သို့ ခေါ်ရင်း ဇိမ်နဲ့ နေလိုက်မည်ဟု စိတ်ကူးခဲ့ပါ၏။

ယခုကား မဖြစ်နိုင်တော့။ ဤအိမ်ကြီးနဲ့ ဝေးရာနေရပေတော့မည်။

သူသည် ယနေ့တစ်နေ့လုံး ဤအနားမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ယင်း၊ အော်လစ်ပင်ခြေမှာ ထိုင်ရင်း စဉ်းစားနေခဲ့၏။ ချိန်ဆနေခဲ့၏။ အကယ်၍များ အစရှတ်မှ ကပ္ပတိန် နယူးမင်းဆိုသူသည် သူမှတ်ပုံတင်ပြစဉ်က ဤလိပ်စာကို မှတ်မိသွားပြီး တစ်စုံတစ်ယောက်ကို ဤအိမ်သို့ စေလွှတ်၍ စုံစမ်းလေမည်လောဟူသော သံသယနှင့်၊ ထို့ကြောင့်လည်း သူ့အနေနှင့် အာရပ်လူမျိုးဝတ်စုံတစ်ခုကို ဝတ်ထားခြင်းဖြစ်သည်။ အကြောင်းမှာ အစရှတ်မှ လူသတ်သမားကို လိုက်ရှာကြမည့်သူများမှာ ဥရောပတိုက်သား တစ်ဦးဦးကိုသာ ရှာပေလိမ့်မည်။ အာရပ်တစ်ဦးဦးကို ရှာမည်မဟုတ်ဟု သူသိနေသောကြောင့် ဖြစ်ပါ၏။

အမှန်စင်စစ် သူ့အနေနှင့် မှတ်ပုံတင် အစစ်ကို ပြမိခြင်းသည် အမှား၊ ဤကဲ့သို့ပြမိခြင်းမှာလည်း သူ့အနေနှင့် ဂျာမန်စပိုင်ဌာနချုပ်မှ ပြုလုပ်ပေးသော မှတ်ပုံတင်အတုများအပေါ် မယုံကြည်၍ဖြစ်သည်။ သူ စပိုင်သင်တန်းတက်စဉ် လေ့ကျင့်စဉ်က သူကဲ့သို့သော သူ့ရှေ့မှ စပိုင်များစွာတို့သည် ထိုမှတ်ပုံတင် အတုများကြောင့် ဒုက္ခပေါင်းများစွာတို့ကို ကြားသိဘူးသောကြောင့် ဖြစ်ပါသည်။

သူ့အနေနှင့် မှတ်ပုံတင်အစစ်ကို ပြခြင်းကမှ အန္တရာယ်ကင်းနိုင်သေးသည်ဟု ယူဆ၍ ပြခဲ့ခြင်းသာ ဖြစ်ပါ၏။ ယခုသော်ကား သူ့တွက်ကိန်းလွဲခဲ့ခြင်း၊ သူ၏ ခရီးပန်းတိုင်တွင် နားခိုရန် မရှိတော့။

သူ အော်လစ်ပင်ခြေမှ ထသည်။ လက်ဆွဲအိတ်ကို မသည်။ နောက် ထုံးနေရာမှ ထွက်ခဲ့လေ၏။

သူ့မိသားစုများ အကြောင်းတွေးမိသည်။ သူ၏ အမေနှင့် ပထွေးတို့ကား ကွယ်လွန်သွားကြပြီ ဖြစ်ပါ၏။ သို့သော် အမေတူအဖေကွဲညီသုံးယောက်နှင့် ညီမတစ်ယောက် ကိုင်ရိုတွင်နေထိုင်လျက်ရှိကြ၏။ သူတို့တတွေအနေနှင့်လည်း သူ့ကို ဝှက်ထားရန် ခက်ပေလိမ့်မည်။ ဤအိမ်ပိုင်ရှင်အကြောင်းကို ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က စုံစမ်းသိရှိသွားသည်နှင့် ညီအစ်ကိုတော်သူများကို ဧကန်ဧက သွားရောက်စုံစမ်းမည်သာ ဖြစ်ပေသည်။ သူတို့က သူ့အတွက် လိမ်ပြောကြမည်ဖြစ်သည့်တိုင် ပိပိရိရိရှိမည် မဟုတ်ပါ။ အဆိုးဆုံးမှာကား သူတို့တတွေက အဲလက်အပေါ်

တွင် ကျေနပ်ခဲ့ကြသည်မဟုတ်၊ အကြောင်းမူ သူတို့ဖခင်သေဆုံးသောအခါ. . . အိမ်ကြီးကို သူတို့သားရင်းများအား မပေးဘဲ မယားမှပါလာသော သားကြီး ဥရောပသား အဲလက်ကို ပေးခဲ့သောကြောင့်ဖြစ်ပေသည်။ ထိုစဉ်က ရှေ့နေရှေ့ရပ်များနှင့် ရင်ဆိုင်ခဲ့ရသေး၏။

သူသည် ရှက်ပတ်ဟိုတယ်မှာ တည်းရလျှင် ကောင်းမည်လားဟု ပထမ တွေး၏။ သို့သော် မဖြစ်နိုင်၊ ရဲနှင့် ထောက်လှမ်းရေးအဖွဲ့ဝင်များအနေနှင့်လည်း ဤသို့ စဉ်းစားမည်သာဖြစ်၏။ ယခုအချိန်လောက်ဆိုလျှင် အစရွတ်မြို့မှ လာသော ပုံပန်းသဏ္ဌာန်နှင့် လူအကြောင်းကို ဟိုတယ်တိုင်း. . . ကြိုတင်အသိပေးအကြောင်းကြားထားလောက်ပြီဖြစ်၏။ တည်းခိုခန်းများကိုလည်း လုံးဝမယုံစားနိုင်ပေ။ ရဲအဖွဲ့က စေ့စပ်သေချာခဲ့သော အကြောင်းကြားထားပြီး ဖြစ်နိုင်သည်။ ဤကိစ္စတွင် ဗြိတိသျှတို့ ပါဝင်ပတ်သက်နေရာ ကိုင်ရိုရဲအနေနှင့် ပိုပိုကဲကဲ လှုပ်ရှားကောင်းချင်ကောင်းနေကြပေမည်။

သူသည် ဥယျာဉ်ရပ်ကွက်မှ မြို့ထဲသို့ ထွက်ခဲ့၏။ မြို့တော်၏ လမ်းမများမှာ သူနေခဲ့စဉ်ထက်ပို၍ စည်ကားနေပြီဖြစ်၏။ ယူနီဖောင်းဝတ်များကိုကား မမြင်ချင့်အဆုံး၊ အင်္ဂလိပ်များသာမကပါ၊ ဩစတြေးယားများ၊ နယူးဇီလန်သားများ၊ ပိုလန်များ၊ ယူဂိုစလပ်များ၊ ပါလက်စတိုင်းသားများ၊ အိန္ဒိယသားများနဲ့ ဂရိ(ခ) သားများ ရှုပ်ပွနေ၏။ အီဂျစ် အမျိုးသမီးငယ်များကိုလည်း လက်ဝတ်လက်စား စုံစုံလင်လင်ဝတ်၍ ဥရောပသားများအကြားမှာ မြင်နေရ၏။ အသက်အရွယ်ကြီးရင့်သော အမျိုးသမီးများကိုလည်း ရှေးရိုးအစဉ်အလာမပျက် ဝတ်စုံနက်၊ ပဝါခေါင်းမြီးခြုံသူများ၊ ယခင်ကထက် အတွေ့နည်းသွားသည်ဟု သူထင်သည်။ ယောကျ်ားများကမူ ဘာသာစလေ့အတိုင်း တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်နှုတ်ဆက်နေကြဆဲ ဖြစ်သည်။ လမ်းဘေးဈေးသည်အစုံတို့ကြောင့် လမ်းတစ်ခုလုံးမှာ ရှုပ်ထွေးနေ၏။ ထိုလူအုပ်ကြားတွင် အာရပ်အမျိုးသား ဝတ်စုံဝတ်ထားသော ဝူလ်သည် ပျောက်နေပါ၏။

ခရီးသွားယာဉ်များ၏ အခြေအနေကား ဆိုးလှ၏။ တဖြည်းဖြည်းသွားနေသော ဓာတ်ရထားတို့ကား ပြည့်ကျပ်လျက်ရှိပြီး. . . နံဘေးပေါက်များတွင် တွဲလောင်း၊ ခေါင်မိုးပေါ်မှာလည်းမြင်မကောင်းအောင် စီးနေကြ၏။ တခြား ဘတ်စ်ကားခရီးသည်တင်ကားများမှာလည်း ထိုနည်းလည်းကောင်း ဖြစ်နေ၏။ တိရစ္ဆာန်ဆွဲယာဉ်နှင့် တိရစ္ဆာန်များ မြို့တွင်း လုံးဝမဝင်ရဟု ပညတ်ထားသော်လည်း မရပ်ပါဝင်ရှုပ်ထွေးနေ၏။ ဝန်ကျင်တစ်ခုလုံးသည် ဆူဆူညံနေ၏။

ဓာတ်ရထားခေါင်းလောင်းက အမြဲတီးနေသည်၊ ကားတွေက အဆက်

မြဲတ် ဟွန်းသံပေးနေကာ ဈေးသည်များက သံကုန်အော်၊ ကုလားအုပ်သမားများက အော်၍မောင်း၊ ဆိုင်ခန်းများက သူ့ထက်ငါ ဓာတ်စက်ကို အကျယ်ကြီးဖွင့် ဆူဆူညံနေတော့၏။

ဘာပဲပြောပြော သည်မြို့သည် သူ့မြို့ဖြစ်သည်။ သူ့ကို အင်္ဂလိပ်တို့ ဖမ်းမမိနိုင်ဟု ဝူလ်က ယုံနေ၏။

သူ့အနေနှင့် ဟိုတယ်အကြီးစားများကို ပယ်ခဲ့ပြီး၊ တည်းခိုခန်းငယ်ငယ်များကို စဉ်းစား၏။ ဖြစ်နိုင်သော်လည်း မသေချာ။ သို့သော် လူသိနည်းပြီး ဆိပ်ကမ်းမှ မယ်သီလရှင်များ အုပ်ချုပ်သော တည်းခိုခန်းတစ်ခုကို သတိရသည်။

တည်းခိုခန်းမှာ အိမ်ဟောင်းကြီးတစ်ခုသာဖြစ်သည်။ အပေါက်ဝ၌ လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ ကြေးရုပ်ပုံတော်ကို တွေ့ရသည်။ ဝတ်ရုံမည်းဝတ်ထားသော သီလရှင်တစ်ပါးသည် အဆောက်အအုံရှေ့ ပန်းပင်များကို ရေလောင်းနေ၏။ နေရာလေးမှာ အေးချမ်းပုံရ၏။ ဝူလ်အနေနှင့် ယနေ့ခရီးဝေးသမ်းလျှောက်ခဲ့ရသည်၊ ပါလာသော အိတ်များကလည်း လေးလံ၏။ သူနားလိုပြီ။

ထိုစဉ် တည်းခိုခန်း ခန်းမဘက်မှ အီဂျစ်ရဲသားနှစ်ဦး ထွက်လာ၏။ ဝူလ်သည် ရဲသားနှစ်ဦးကို ရိပ်ကနဲမြင်လိုက်ရကတည်းက ရေလောင်းနေသော သီလရှင်အား ပြင်သစ်ဘာသာဖြင့်. . .

'ဂွတ်မောနင်း. . . စစ္စတာ'

ရေလောင်းနေသော သီလရှင်က ခါးကို မတ်ဆန့်လိုက်ပြီး ပြုံးပြသည်။

'ကောင်းသော နေ့ပါကွယ်. . . ဒါနဲ့ တည်းခိုခန်း လိုချင်လို့လား'

'မဟုတ်ပါဘူး စစ္စတာ၊ ကောင်းချီးပေးတာပဲလိုချင်ပါတယ်'

ရဲနှစ်ဦး သူတို့အနားရောက်လာ၏။ အကယ်၍ သူ့ကို စစ်မေးခဲ့သော် ဘယ်လိုဖြေမည် ခေါင်းထဲက တွေးထား၏။ တစ်ဘက်မှလည်း လိုအပ်ပါက ပြေးလမ်းပြေးပေါက် ကြည့်လိုက်သည်။ ရဲများသည် သူ့ကို လုံးဝဂရုမစိုက်ပဲ မြင်းပွဲအကြောင်းကို ငြင်းခုံယင်း ကျော်ဖြတ်သွားကြ၏။ သီလရှင်ကမူ. . .

'အေးကွယ် ဘုရားသခင် မင်းကို စောင့်ရှောက်ပါစေ'

ဝူလ်ကျေးဇူးစကားပြောခဲ့ပြီး တည်းခိုခန်းမှ ထွက်ခဲ့၏။ အခြေအနေကား သူထင်ထားသည်ထက် ဆိုးနေပြီဖြစ်၏။ ရဲများသည် တကယ်ပင် နေရာအနှံ့စုံစမ်းနေကြပြီလော။ သူ့ခြေထောက်များမှာ မသယ်ချင်လောက်အောင် လေးလာပြီဖြစ်၏။ အိတ်ဆွဲလာရသော လက်များမှာလည်း တောင့်လှ၊ မောလှပြီ။ သူသည် မြို့တွင်းသို့ ပြန်လာခဲ့၏။ ဘယ်သွားသွား ဘာမှမထူးသလို ဖြစ်လာ၏။

ခပ်လှမ်းလှမ်းတွင် ရုတ်တရက်မြင်ဘူးသော အရပ်ရှည်ရှည်လူတစ်ယောက်ကို တွေ့လိုက်ရ၏။ သူနှင့် ကျောင်းနေဘက်သူငယ်ချင်း ဟူစိန်ဖော်မီပါကလား၊ ရုတ်တရက် ဝူလ် တုံ့ကနဲဖြစ်သွား၏။ ဟူစိန်သည် သူ့သူငယ်ချင်း၊ သူ့ကိုလက်ခံမည်သာဖြစ်၏။ ယုံကြည်ရလောက်နိုင်၏။ သို့သော် ဟူစိန်၌ ဇနီးရှိသည်။ ကလေးများရှိသည်။ ပါးစပ်ပေါက်အားလုံး ပိတ်နေရန် ဖြစ်နိုင်မည်မဟုတ်ပါ၊ ဟူစိန်က ဝူလ်ရှိရာသို့ လှမ်းကြည့်သည်။ မြင်သည်နှင့် ဝူလ် ကပျာကယာ ဓာတ်ရထားတစ်စီးနှင့် ကွယ်လိုက်သည်။ နောက်သို့လှည့်မကြည့်ပဲ တခြားဘက်သို့ ထွက်ခဲ့၏။ မဖြစ်နိုင်၊ သူငယ်ချင်းမိတ်ဆွေများကို မှီခို၍မဖြစ်။

သူသည် လမ်းပေါ်မှ ခွာရတော့မည်ဖြစ်၏။

သူ့အဖြစ်သည် ချောင်ပိတ်မိသော ကြွက်လိုဖြစ်နေ၏။ လမ်းပေါက်တွေအားလုံးသည် ပိတ်ဆို့ထားသလိုဖြစ်နေ၏။ သူ တက္ကစီကားတစ်စင်းမြင်သည်။ ကားဘောနက်အောက်မှ ရေနွေးငွေ့များ တထောင်းထောင်းထွက်နေသော ဖို့(ဒ်)ကားအစုတ်တစ်စီး ဖြစ်သည်။ သူ အမြန်တား၍ ကားပေါ်တက်လိုက်ကာ လိပ်စာတစ်ခုပေးလိုက်၏။ ကားသည် နံပါတ် ၃ ဂီယာထည့်ပြီး ဆောင့်ကြီးအောင့်ကြီး ထွက်လာ၏။ လမ်းမှာ ရေဆူသဖြင့် နှစ်ခါရပ်ရသေး၏။ ဝူလ်သည် နောက်ခန်းမှာ မျက်နှာဝှက်ကာ လိုက်ပါလာ၏။

တက္ကစီသည် ရှေးဟောင်းခရစ်ယာန်ရပ်ကွက်ဘက်သို့ ရောက်လာ၏။ သူသွားလိုသော အဆောက်အအုံရှေ့သို့ရောက်သောအခါ ကားခရှင်း၍ ကားပေါ်မှဆင်းသည်။ နောက်တံကားဝမှ အဘွားကြီးကို အကြွေအနည်းငယ်ပေးလိုက်ရာ အဘွားကြီးက တံကားဖွင့်ပေး၏။

ဤဒေသကား အမှောင်ထုလွှမ်းခြုံနေ၏။

ဘုရားရှိခိုးကျောင်း ငါးခုရှိသည့်အနက် အငယ်ဆုံးကျောင်းထဲသို့ သူဝင်သည်။ ဝတ်ပြုပွဲစမည့်ဆဲဆဲဖြစ်သည်။ သူသည် ဘုန်းတော်ကြီးထံသွား၍ လက်ကိုနမ်းရှုပ်ကာ ပြန်လာပြီး ဝတ်ပြုခုံတန်းမှာ ထိုင်သည်။

ဝတ်ပြုသံစလာ၏။

သူ့အနေနှင့် ဤနေရာသည် ညအမှောင်ရောက်လာသည်အထိ လုံခြုံမှုရှိပေပြီ။

ညကျမှ သူ နောက်ဆုံးအစီအစဉ် စမ်းရတော့မည်။

ချား. . . ချား' သည် နာမည်ကြီး လဟာပြင် ညကလပ်တစ်ခုဖြစ်သည်။ ထုံးစံ အတိုင်း လူများ ပြွတ်သိပ်နေ၏။

ဝူလ် နောက်ဆုံးစားပွဲခုံတစ်ခုရ၍ ရှန်ပိန်တစ်လုံး မှာလိုက်၏။ ညနေပိုင်းမှာ အပူငွေ့မကုန်သေးပဲရှိရာ ဇာတ်ခုံပေါ်မှ အလင်းရောင်ကြောင့် ပိုဆိုးနေ၏။ ဝိုင်းသတ်ကား ဆူညံလှုပ်ရှားနေ၏။ သူတို့ ပူလောင် ရေငတ်ကြသည်။ ရသည့် အဖျော်ယမကာမှာ ရှန်ပိန်တစ်မျိုးသာဖြစ်၍၊ ရှန်ပိန်ပဲ ဖိသောက်နေကြရ၏။ အမြန် မူးသာကြပြီး ကပွဲအစီက ဆွဲဆောင်မှုဖြစ်သော 'ဆွန်ဂျာ-အယ်-အရမ်' ကို ထွက်ပါ တော့ဟု တောင်းဆိုနေကြ၏။

သို့သော် သူတို့ ပထမဆုံးနားထောင်ရသည်မှာ ဂရိအမျိုးသမီး ခပ်ဝဝတစ် ယောက် 'အိပ်မက်ထဲမှာ တွေ့ရအောင်' သီချင်း 'ကျွန်မမှာ အဖော်မရှိပါ' သီချင်း (အားလုံးပိုင်းရယ်ကြ၏။) ထို့နောက်မှ ဆွန်ဂျာ ထွက်မည့်အကြောင်း ကြေငြာသည်။ ကြေငြာသော်လည်း ဆွန်ဂျာက အတော်နှင့်ထွက်မလာပါ။ ပရိသတ်များ ပို၍ဆူလာ ၏၊ နောက်ဆုံး ဆူညံပေါက်ကွဲတော့မည့်ဆဲဆဲ အချိန်ရောက်မှ ဒရမ်ခေါက်သံ တရစပ်ထွက်လာသည်။ ဇာတ်ခုံ မီးမှောင်သွား၏။ အားလုံး တိတ်သွားကြ၏။

မီးမောင်း လင်းလာသောအခါ ဆွန်ဂျာသည် မီးမောင်း အလင်းရောင်၏ အလယ်တည့်တည့်တွင် ရပ်နေ၏။ သူမ၏ လက်နှစ်ဘက်သည် ခေါင်းပေါ်မှာ မြှောက်တင်ထားသည်။ သူမသည် ဖောက်ထွင်းမြင်နိုင်သော ဘောင်းဘီကလေးကို ဝတ်ထားပြီး ဘော်ကြယ်များထိုးထားသော အစည်းကို စည်းထား၏။ သူမတစ်ကိုယ် လုံးမှာ ပေါင်ဒါများ ဖွေးနေအောင် ခြယ်လိမ်းထား၏။

ဂီတသည် စတင်တီးခတ်သည်။

ဒရမ်နှင့် အာရပ်ပလွေသာဖြစ်သည်။

ဆွန်ဂျာ တစ်ကိုယ်လုံး စတင်၍လှုပ်သည်။

ဝူလ်သည် ရှန်ပိန်တငုံငုံလိုက်ပြီး ပြုံးလျက် ကြည့်နေ၏၊ သူမသည် အကောင်းဆုံးပဲ ရှိနေဆဲပါကလား။

ဆွန်ဂျာကို အီဂျစ်တပြည်လုံး၏ အတော်ဆုံး အကပညာရှင်ဟု ဆိုကြ သည်၊ ဆွန်ဂျာ၏အကသည် ထိုဂုဏ်ထူးနှင့် လိုက်လျောညီထွေရှိလှပါပေ၏။ သူမ၏ ကိုယ်လုံးသည် တီးခတ်နေသော တေးသားနှင့် တစ်ထပ်တည်း၊ တညီတည်း ကနေလေ၏။

ဝူလ်ရင်ထဲတွင် အခါတိုင်း ကြည့်မြဲတိုင်း ဖြစ်ပေါ်လာလေ့ရှိသော စိတ်မျိုး ဖြစ်ပေါ်လာ၏။ ပရိသတ်ထဲမှ ယောက်ျားအားလုံးမှာ သူ့နည်းတူ ခံစားရမည်ပင်။

သူတို့စိတ်ထဲ၌ ပရိသတ်မရှိတော့။ ဆွန်ဂျာနှင့် ကိုယ် နှစ်ဦးတည်း၊ ဆွန်ဂျာက ကိုယ် တစ်ယောက်တည်းအတွက်က၍ ကိုယ်က ကြည့်နေရသည်ဟု ထင်စမြဲ ဤ ကိစ္စမှာ၊ ဤခံစားမှုမှာလုပ်ယူထားရခြင်းမဟုတ်။ ဟန်ဆောင်ကပြနေရခြင်းမဟုတ်။ ဆွန်ဂျာသည် တကယ်အသွေးအသားထဲက လှုပ်ရှားနေသောကြောင့် ဖြစ်ပါသည်။

ပရိသတ်စိတ်လည်း လှုပ်ရှားခါယမ်းလာ၏။ အသံမထွက်နိုင်ကြ၊ အသက် ပင် မရှူနိုင်ကြ။ ဆွန်ဂျာသည် ပို၍ပို၍ လှုပ်လာ၏။ လှုပ်ရှားလျှင်ပျောက်ကွယ်သွား တော့မည်လားဟု ခံစားနေကြရ၏။ ဂီတသည် အမြင့်ဆုံးတင်ပြီးနောက် ဆောင့် ရပ်သွား၏။

ထိုဂီတ ဒရမ်ချက် အချနှင့်အတူ ဆွန်ဂျာ အင့်ကနဲ အသံတချက်ထွက်လာ သည်။ ဆွန်ဂျာ နောက်ပြန်လဲကျသွား၏ သူမခြေနှစ်ဘက်မှာ ခါးအောက်မှာ ခေါက် လျက်ဖြစ်သည်။ ပေါင်နှစ်ဘက်သည် ကားနေ၏။ သူမ၏ခေါင်းသည် ဇာတ်ခုံနှင့် ထိသည်အထိဖြစ်သည်။ ဤပုံစံအတိုင်း ဆွန်ဂျာငြိမ်နေသည်။ မီးရောင်သည် တဖြည်းဖြည်း မှိန်၍ မှောင်သွားလေ၏။ သည်တော့မှ ပရိတ်သတ်က မတ်တပ်ရပ်ပြီး လက်ခုပ်လက်ဝါးတီး၍ သြဘာပေးကြလေ၏။

မီးပြန်လင်းလာ၏။ ဆွန်ဂျာမရှိတော့။

ဆွန်ဂျာသည် ပရိသတ်လက်ခုပ်ကို ခေါင်းညွတ်၍ ခံယူလေ့မရှိ။

ဝူလ်ထိုင်ရာမှထသည်။ ပြီးနောက် ဝိတ်တာ တယောက်ကို သုံးလခစာ ကျော်သည့် အင်္ဂလိပ်ငွေ တပေါင်ပေးလိုက်သည်။ ဝိတ်တာက ဇာတ်ခုံနောက်မှ ဆွန်ဂျာ၏ အဝတ်လဲခန်းကို ပြသည်။ နောက်ထွက်သွား၏။

ဝူလ်တံခါးကို ခေါက်သည်။

အထဲမှ အသံထွက်လာ၏။

'ဘယ်သူလဲ'

ဝူလ် မဖြေတော့ပဲ အခန်းထဲသို့ ဝင်သည်။

ဆွန်ဂျာသည် မှန်ရှေ့ခွေးခြေမှာ ပိုးသားဝတ်ရုံပတ်၍ ထိုင်နေ၏။ သူမ မိတ်ကပ်ဖျက်နေသည်။ သူမ မှန်ထဲမှ ဝူလ်၏ အရိပ်ကိုမြင်သည်။ ဆတ်ကနဲ နောက် လှည့်လိုက်၏။

ဝူလ်က

'ဟဲလို ဆွန်ဂျာ'

သူမ ငေးစိုက်ကြည့်နေသည်။ အတော်ကြာသည်။ ပြီးမှ. . .

'သေချင်းဆိုး. . .'

ဆွန်ဂျာသည် ဘာမှ မပြောင်းလဲပါ။

သူမသည် လှမြဲလှနေပါသည်၊ မည်းမှောင်ရှည်လျား အုံကြီးသော ဆံပင်များရှိသည်။ ရှည်လျားကော့ပျံသော မျက်တောင်များရှိသသည်။ သူမ၏မေးရိုးမှာ ပြိုင်းကော့သည်၊ မျက်နှာကို ထိန်းထား၏။ နှာတံကခုံး၍ ကောက်နေ၏။ လှပစွာ သေသန် နေတုန်းပါကလား။

ဆွန်ဂျာ တစ်မျက်နှာလုံးမှာ ဒေါသဖြင့် တောက်ပြောင်နေ၏။

'ရှင်ဒီကို ဘာလာလုပ်တာလဲ. . . ဘယ်ပျောက်နေတာလဲ. . . ရှင်မျက်နှာ ဘာဖြစ်တာလဲ'

ဝူလ်သည် လက်ဆွဲအိတ်ကို နံဘေးမှာ ချပြီး ခုံတန်းမှာ ဝင်ထိုင်သည်။ သူမကို ကြည့်နေ၏။ ဆွန်ဂျာသည် လက်ဖျားများကို တင်သားထိပ်မှာ ထောက်၍ မော်ဘတ်ရပ်လိုက်၏။ မေးရိုးကို တင်းတင်းစေ့ထားသည်။ ဝူလ်က ထိုင်ရာမှ မော့ကြည့်ယင်း. . .

'မင်း လှတုန်းပါပဲလား'

'ရှင်ဒီကထွက်သွားစမ်း'

ဝူလ်က ဆွန်ဂျာကို အသေအချာကြည့်နေ၏။ သူသည် ဆွန်ဂျာကို အလွန် ချစ်သူ ဖြစ်သည်။ သဘောကျသည်၊ မကျသည်ပင် မကွဲပြားတော့၊ ဆွန်ဂျာသည် သူ့ အတိတ်မှ တစ်ပိုင်းတစ်ဖြစ်သည်။ မိတ်ဆွေဟောင်းဆိုသည်မှာ ဘယ်လောက် ကြာကြာ မိတ်ဆွေဟောင်းဖြစ်မြဲဆိုသလိုဖြစ်နေ၏။ သူမှာ ထုံးစံအတိုင်း ဘာအပြစ် တလေးရှိနေနေပေါ့လေ။ သူ ကိုင်ရိုမှ ထွက်ခွာခဲ့သည့်နှစ်များအတွင်း ဆွန်ဂျာ ဘာတွေပြောင်းလဲနေပါလိမ့်ဟု စဉ်းစားမိသည်။ လက်များ ထပ်ပြီးနေပြီလား၊ ချစ်သူ ရနေပြီလား၊ အိမ်ဝယ်ပြီးနေပြီလား။ သားသမီးများရနေပြီလား။

သူသည် နွေခင်းဘုရားရှိခိုးကျောင်းမှာ ဆွန်ဂျာကို ဘယ်လိုမေး၍ ဘယ်လို ဆက်ဆံရမည်ကို စဉ်းစားခဲ့၏။ ဘာမှ ရေရေရာရာ အဖြေမရခဲ့၊ ဆွန်ဂျာကြည့်ရ သည်မှာ စိတ်ဆိုးနာကျည်းနေပုံရ၏။ ဟုတ်မှ ဟုတ်ရဲ့လားမသိ၊ သူဘယ်ပုံ ဆက်ဆံ ရမည်း မသိ၊ သို့နှင့် သူက ဖွဲ့ဖွဲ့ပင် ပြောလိုက်၏။

'ကိုယ် အကူအညီလိုနေလို့'

သူမ မျက်နှာသည် ဘာမှပြောင်းမသွား၊ သူကဆက်၍. . .

'ကိုယ့်ကို အင်္ဂလိပ်တွေက လိုက်ဖမ်းနေကြတယ်၊ ကိုယ့်အိမ်ကိုကြည့်နေကြ တယ် ဟိုတယ်တွေ၊ တည်းခိုခန်းတွေမှာ ကိုယ့်ပုံသဏ္ဍာန်ပေးထားပြီး စောင့်ကြည့် နေကြတယ်၊ ကိုယ် ညအိပ်စရာတောင် မရှိတော့ဘူး၊ ဒါကြောင့် မင်းဆီကို လာတာ'

'လဲသေလိုက်ပါလား'

'ကိုယ် မင်းကို ဘာကြောင့် ပစ်ထားခဲ့ရတယ်ဆိုတာ ရှင်းပြပါ့မယ်'

'နှစ်နှစ်လုံးလုံး ကြာပြီးမှတော့ ဆင်ခြေလဲ နေလဲ မရတော့ဘူး'

'တစ်မိနစ်လောက်တော့ ရှင်းပြခွင့်ပြုပါဦးကွာ၊ အယင်တုန်းက အဖြစ်ဟောင်းတွေကို ထောက်ထားပြီးတော့. . .'

'ဘာမှ ထောက်ထားစရာမရှိပါဘူး'

သူမ သူ့ကို တစ်ချက်ကြည့်သည်။ တံခါးကို ဖွင့်လိုက်၏။ ဝူလ်အနေနှင့် သူမ သူ့ကို မောင်းထုတ်တော့မည်လားဟု ထင်သွား၏။ ဆွန်ဂျာ သူ့ကို တစ်ချက်ကြည့်ပြီးနောက် တံခါးအပြင်ဘက် ခေါင်းပြူကာ အော်လိုက်၏။

'ဟေ့. . . တစ်ယောက်ယောက် ငါ့သောက်ဖို့ တစ်ခုခု ယူခဲ့ဦးဟေ့'

ဝူလ် စိတ်နည်းနည်းသက်သာရာရသွား၏။

ဆွန်ဂျာ တံခါးပိတ်၍ အခန်းထဲ ပြန်ဝင်လာ၏။

'ခဏနေဦး'

'ဘယ်လိုလဲ. . . မင်းက ကိုယ့်ကို ထောင်ထဲက အစောင့်လို ဒီအတိုင်းကြည့်နေတော့မှာလား၊ ကိုယ်က အန္တရယ်ပေးမယ့်လူ မဟုတ်ပါဘူး'

သူက ပြုံးယင်းပြော၏။

'သိပ်ပေးနိုင်တဲ့လူပေါ့'

ဆွန်ဂျာက သူ့ကို စကားမပြောတော့ဘဲ မှန်ရှေ့မှာထိုင်ပြီး မိတ်ကပ်ဖျက်သော အလုပ်ကို ဆက်လုပ်သည်။

ဝူလ်တွေးနေ၏။ တစ်နေ့ခင်းလုံး သူဘာကြောင့် နှုတ်မဆက်ပဲ ထွက်သွားရတာလဲ၊ ဘာကြောင့် ကြားထဲမှာ မဆက်သွယ်ခဲ့တာလဲကို ဘယ်လိုရှင်းပြရမည်လဲဟု စဉ်းစားနေခဲ့၏။ အမှန်က လွဲလျှင် ဘာမှ ယုံကြည်စရာရှိမည်မဟုတ်၊ သူ့အခြေအနေက ဆိုးနေပေပြီ။ သူမသည် သူ၏နောက်ဆုံး ကောက်ရိုးမျှင်ဖြစ်သည်။ သူက

'ကိုယ် ၁၉၃၈ ခုနှစ်က ဘီရွတ်ကို သွားခဲ့တာကို မင်းမှတ်မိသေးလား'

'မမှတ်မိဘူး'

'ကိုယ် အဲဒီတုန်းက ကျောက်စိမ်း လည်ဆွဲတစ်ကုံး မင်းဖို့ ဝယ်ခဲ့တယ်လေ'

'အခု ကျွန်မမှာ မရှိတော့ဘူး'

'အဲဒီတုန်းက ကိုယ် ဂျာမန်အရာရှိ ဟိန့်ဆိုတဲ့လူကို သွားတွေ့တာ၊ သူက စစ်ဖြစ်ရင် ဂျာမန်တွေဘက်က အလုပ်လုပ်ပေးမလားဆိုတော့ ကိုယ်က သဘောတူခဲ့တယ်'

ဆွန်ဂျာသည် မှန်ရှေ့မှ သူ့ဘက်ကိုလှည့်၍ သူ့မျက်နှာကို တည့်တည့်ကြည့်သည်။ သူက ဆက်၍. . .

'သူတို့က ကိုယ့်ကို ကိုင်ရှိမှာ ပြန်နေပြီး သူတို့ဆီက အကြောင်းကြားတာကို စောင့်ဖို့ မှာခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်ကျော်ကျော်ကမှ အကြောင်းကြားတယ်၊ သူတို့က ကိုယ့်ကို ဘာလင်သွားစေချင်တယ်၊ ကိုယ်သွားခဲ့တယ်၊ အဲဒီမှာသင်တန်းတက်ရတယ်၊ ဆူဇန်နဲ့တွဲပြီး အလုပ်လုပ်ရတယ်၊ နောက်လွန်ခဲ့တဲ့ ဖေဖော်ဝါရီလက ဘာလင်ကို ပြန်ခေါ်တယ်၊ တာဝန်သစ် တစ်ခုပေးတယ်၊ သူတို့က ဒီကိုလွှတ်လိုက်တာပဲ'

'ရှင်ဘာကြောင့် ဒါတွေ ကျွန်မကို ပြောနေတာလဲ၊ ရှင်ဟာ စပိုင်တစ်ယောက်ပေါ့'

'ဟုတ်ပါတယ်'

'ကျွန်မ မယုံဘူး'

သူသည် လက်ဆွဲအိတ်ကို ဖွင့်ပြလိုက်၏။

'ဒီမှာ အသံလွှင့်စက်လေ၊ ရှိမဲလ်ဆီကို သတင်းပို့ဖို့'

ထိုအိတ်ကို ပြန်ပိတ်ပြီး ငွေပါသောအိတ်ကို ဖွင့်ပြသည်။

'ဒါက အလုပ်အကိုင်လုပ်ဖို့'

ဆွန်ဂျာသည် ငွေထုပ်ကို မြင်ပြီး အံ့သြသွား၏။

'အပါးပါး. . . နည်းတဲ့ငွေတွေ မဟုတ်ပါလား'

တံခါးခေါက်သံကြားရသည်။ ဝူလ်သည် အိတ်ကို အမြန်ပိတ်လိုက်၏။ စားပွဲထိုးတစ်ယောက် ရှန်ပိန်ပုလင်းတစ်လုံးနှင့် ဝင်လာခြင်း ဖြစ်သည်။ ဝူလ်ကို မြင်သောအခါ ဝိတ်တာက. . .

'ကျွန်တော် ဖန်ခွက်တစ်လုံးထပ်ယူခဲ့ရဦးမလား'

'မလိုဘူး ပြန်တော့'

ဆွန်ဂျာ စိတ်မရှည်စွာ အော်လွှတ်သည်။

ဝိတ်တာ အခန်းထဲမှ ထွက်သွားသည်။ ဝူလ်က ပုလင်းကို ဖောက်ပြီး အသင့်ပါလာသော ဖန်ခွက်ထဲသို့ လောင်းထည့်ပြီး ဆွန်ဂျာကို လှမ်းပေး၏။ သူကိုယ်တိုင်ကမူ ပုလင်းလိုက် မော့လိုက်၏။ ပြီးမှ. . .

'ကိုယ်တို့ ဂျာမန်တွေက စစ်နိုင်စပြုနေပါပြီ၊ ကိုယ်တို့က သူတို့ကို ကူညီနိုင်ပါတယ်၊ သူတို့က ဒီမှာရှိတဲ့ အင်္ဂလိပ်စစ်တပ်အင်အား၊ စစ်ပြင်ဆင်မှု စစ်သတင်းတွေ လိုချင်နေတယ်၊ ကိုယ်တို့က ကိုင်ရိုမှာရှိနေတော့ စုံစမ်းရင် ရနိုင်ပါတယ်၊ ကိုင်ရိုကို ဂျာမန်တွေ သိမ်းပြီးရင်တော့၊ ကိုယ်တို့ သူရဲကောင်းတွေဖြစ်မှာ သေချာတယ်'

'ဘယ့်နှယ်လုပ်. . . ကိုယ်တို့ ဖြစ်လာရတာလဲ'

'မင်းက ကိုယ့်ကို ကူမယ်မဟုတ်လား၊ မင်းအင်္ဂလိပ်ကောင်တွေကို မုန်းတယ်. . . ဒီကောင်တွေ စစ်ရှုံးတာ ကြည့်ချင်တယ် မဟုတ်လား'

'တခြားသူဆိုရင်တော့ ကူညီမလား မသိဘူး. . . ရှင့်ကိုတော့'

ဆွန်ဂျာ ဖန်ခွက်ထဲမှ ရှန်ပိန်ကို လက်စသတ်လိုက်၏။

ဝူလ်က. . .

'ဒီမယ်ဆွန်ဂျာ. . . ကိုယ့်အနေနဲ့ မင်းကို ဘာလင်ကနေပြီး သတိရကြောင်း ပို့စကတ်ကလေးတစ်စောင်ပို့ခဲ့ရင်တောင်မှ အင်္ဂလိပ်တွေက မင်းကို ထောင်ထဲထည့်ပစ်မှာ သေချာတယ်၊ အခုဆိုရင် မင်းအခြေအနေတွေအားလုံး သိရပြီမို့ စိတ်ဆိုးဖို့ မကောင်းတော့ပါဘူး. . .'

ဝူလ်သည် ပြောလက်စ လေသံကို နှိမ့်လိုက်ပြီး. . .

'အရင်တုန်းကလို ပြန်နေကြတာပေါ့ကွယ်. . . အရက်ကောင်းကောင်းတွေ သောက်ရမယ်. . . ကားကောင်းကောင်း ဝယ်စီးမယ်၊ အဝတ်အစားကောင်းတွေ ဝယ်ဝတ်မယ်. . . ကိုင်ရိုကို သိမ်းပြီးရင် ကိုယ်တို့ ဘာလင်ကို သွားကြမယ်၊ ဘာလင်မှာ မင်း ကပြလိုက်ရင် ဂျာမနီတစ်ပြည်လုံး လှုပ်သွားမယ်. . . မင်းအမြဲ ဘာလင်ကို သွားကချင်နေခဲ့တာ မဟုတ်လား, . . မင်း. . . မင်း'

ဝူလ်သည် ပြောလက်စ စကားပင် ရပ်သွား၏။ သူ့စကားများသည် ယခုထိ ဆွန်ဂျာကို ထိရောက်ပုံ မရသေး. . . သို့နှင့် နောက်ဆုံးမြားချက်ကို လွှတ်လိုက်၏။

'ဒါထက် မင်းအဆက် ကောင်မလေးရော'

ဆွန်ဂျာ မျက်လွှာချလိုက်၏။

'သောက်ကောင်မ ထွက်သွားပြီလေ'

ဝူလ် ပုလင်းကို ချလိုက်ပြီး မတ်တတ်ရပ်လိုက်၏။ ဆွန်ဂျာ၏ လည်တိုင်ကို လက်နှစ်ဘက်နှင့် ကိုင်လိုက်၏။ မေးရိုးကို လက်မဖြင့် ထိန်း၍ ဆွန်ဂျာကို ထိုင်ရာမှ ထူလိုက်၏။

'ကိုယ် နောက်တယောက်ရှာပေးပါ့မယ်ကွယ်. . . ကိုယ်တို့ နှစ်ယောက်စလုံးအတွက်ပေါ့'

ဝူလ်သည် ဆွန်ဂျာကို ကြည့်သည်။ ဆွန်ဂျာ မျက်လုံးများ စိုစွတ်လာသည်ကို တွေ့ရလေ၏။

ညနေအေးအေးတွင် ဝူလ်တစ်ယောက် နိုင်းမြစ်ကမ်းမှ ကုန်းဘောင်ပေါ်ဖြတ်ကာ လှေအိမ်ရှိရာသို့ လျှောက်လာနေ၏။ သူ၏ မျက်နှာမှ ဒဏ်ရာများသည် မရှိတော့၊ လှေအိမ်သည်လည်း ပကတိပုံမှန်ဖြစ်နေပြီ၊ သူသည် ဝတ်စုံဖြူ အသစ်ကို ဝတ်ထား [illegible]၊ လက်ထဲတွင်ကား ဇိမ်ခံပစ္စည်း အစားအသောက် နှစ်ထုပ်အပြည့် သယ်လာ၏။

သည်ကျွန်းဒေသသည် အလွန်အေးဆေး တိတ်ဆိတ်သည်။ ကိုင်ရို၏ [illegible]ည်သော အသံများသည် ရေပြင်ကို ဖြတ်ကာ ယဲ့ယဲ့ပဲရောက်လာနိုင်၏။ ဘက်ကိုသော ကမ်းနားရေသည် ရောင်စုံခြယ်သထားသော လှေအိမ်ကလေးများကို ရိုက်ခတ်နေ၏။

ဆွန်ဂျာ၏ လှေအိမ်မှာ ဤအနားတဝိုက်တွင် အသေးဆုံးဖြစ်သော်လည်း အလှဆုံးနှင့် အခမ်းနားဆုံး ဖြစ်ပါ၏။ ကမ်းမှ လှေပေါ်သို့ ကူးထားသော ကုန်းဘောင်မှ လှေအပေါ်ထပ်သို့ တန်းရောက်သည်။ ဝူလ်လှေပေါ် ဝင်ထိုင်သည်။ နောက် အောက်ထပ်သို့ ဆင်းခဲ့သည်။ အောက်ထပ်တွင် ပရိဘောဂများဖြင့် ပြည့်နေ၏။ နောက်ဘက်တွင် မီးဖိုချောင်ငယ်ရှိသည်။ အလယ်မှ ခန်းဆီးတစ်ခုက ဧည့်ခန်းနှင့် အိပ်ခန်းကို ခြားထား၏။ အိပ်ခန်း၏ ဟိုဘက်မှာကား ရေချိုးခန်း။

ဆွန်ဂျာသည် ကူရှင်တစ်ခုပေါ်မှာ ထိုင်ယင်း ခြေသည်းဆိုးနေ၏။ သူမ၏ အလှမှာ တကယ် ခန့်ညားလှ၏။ သူမသည် နောက်ထပ် နာရီဝက်ခန့် အလှပြင် [illegible]သွင် 'ခြားခြား' ကလပ်သို့ သွားတော့မည် ဖြစ်၏။

ဝူလ်သည် အိတ်နှစ်လုံးကို နံဘေးမှချပြီး အထဲမှပစ္စည်းများကို ပါးစပ်မှ အသည်ရွတ်ယင်း ထုတ်လိုက်၏။

'ပြင်သစ် ရှန်ပိန်၊ အင်္ဂလိပ် သစ်သီးယို၊ ဂျာမန်အသားအူချောင်း၊ ငုံးဥ၊ ကော့ဆောလမွန် ငါးကျပ်ကင်'

ဆွန်ဂျာ အံ့သြတကြီး ဖြစ်သွား၏။

'မင်း ဒီပစ္စည်းတွေ ဘယ်သူ့မှရအောင် ရှာနိုင်မှာ မဟုတ်ဘူး စစ်အတွင်း ကြီးမှာ'

ဝူလ်က ပြုံးလိုက်၏။

'ကွာလိုင်လီအရပ်မှာ ကိုယ့်ဖောက်ကာည်ဟောင်း ဂရိမှောင်ခိုသည် တစ် ယောက်ရှိပါတယ်၊ သူက ကိုယ့်ကို မှတ်မိနေတာပဲဟာ'

'သူက စိတ်ချရပါ့မလား'

'သူက ကိုယ်ဘယ်မှာ နေသလဲဆိုတာမှ မသိပဲဟာ ပြီးတော့ ကိုင်ရိုတစ် ခုတည်းမှာ သူ့တဆိုင်မှာပဲ ကာဗီးယားငါးဥဆီစိမ်က ရတာ'

'ငါး၃ ဆီစိမ် ဟုတ်လား'

ဆွန်ဂျာသည် ဂုဏ်ရွှေပင် မဆည်နိုင်တော့ပဲ ပုလင်းကို ယူဖွင့်ကာ လက်ဖြင့်ကော်၍ နှိုက်စားလိုက်သည်။

'မစားရတာ ဘယ်လောက်ကြာပြီလဲ'

'ကိုယ်သွားကတည်းက မဟုတ်လား'

ဝူလ်သည် ရှန်ပိန် တစ်လုံးကို ရေခဲသေတ္တာထဲ ထည့်လိုက်ရင်း. . .

'ခဏလေးစောင့်ပါဦးတော့၊ ရှန်ပိန်အေးအေးနဲ့ သောက်ရအောင်. . .'

'မစောင့်နိုင်ဘူးရှင်'

'ဟုတ်ပါတယ်လေ၊ မင်းက ဘာကိုမှ စောင့်ချင်တာ မဟုတ်တာ'

သူသည် အိတ်ထဲမှ အင်္ဂလိပ်သတင်းစာ တစ်စောင်ကို ထုတ်ယူဖြန့်ကြည့်လိုက်၏။ သတင်းများမှာ ထုံးစံအတိုင်း ဖွတ်ဖွတ်ကြေနေသော ထုတ်ပြန်သတင်းများ၊ ဆင်ဆာဖြတ်ပြီး သတင်းများသာ ဖြစ်၏။ နောက် အစရွှတ်က လူသတ်မှုသတင်းလည်း မပါသေး။ ဟိုသတင်းလဲမပါသေးဘူး

အစရွှတ်က အကြောင်းကို သူသည် ဆွန်ဂျာကို ပြောပြမှုဖြစ်သည်။ ဆွန်ဂျာက. . .

'သတင်းတွေက ဒီလိုပဲ နောက်ကျတတ်တာပါပဲ'

'မဟုတ်ဘူးထင်တယ်၊ သူတို့အနေနဲ့ လူသတ်မှုသတင်း ထုတ်ပြန်ရင်၊ အကျိုးအကြောင်း ဖော်ပြရမှာ မဟုတ်လား၊ ထုတ်ပြောရင် ဂျာမန်စပိုင်တစ်ယောက် အီဂျစ်မှာ ရှိတယ်လို့ ပြောပြီးသား ဖြစ်သွားမှာပဲ၊ ဒါကြောင့် မထည့်တာ ဖြစ်ရမယ်'

ဆွန်ဂျာသည် အိပ်ခန်းထဲဝင်သွားပြီး အဝတ်လဲနေရင်းမှ. . .

'ဒါဆို သူတို့ ရှင့်ကို လိုက်မရှာတော့ဘူးဆိုတဲ့ သဘောလား'

'ဘယ်ဟုတ်မလဲ၊ မနေ့က ကိုယ်အဗ္ဗဒူလာနဲ့တွေ့တယ်၊ သူ့စကားအရတော့ အီဂျစ်ရဲအဖွဲ့ကတော့ ဒီလောက်လေးလေးနက်နက် မထားပါဘူးတဲ့၊ ဒါပေမယ့် အင်္ဂလိပ်မေဂျာ ဗင်ဒန်ဆိုတဲ့ ငနဲက ဖိအားပေးနေတယ်ပြောတယ်'

ဝူလ်သည် သတင်းစာကို ချလိုက်၏။ သူ့စိတ်ထဲကမူ အောလစ်ဗီလာကို ရှာဖွေခဲ့သူမှာ မေဂျာဗင်ဒန်လောဟု မှန်းဆနေမိ၏။ ထိုငနဲ၏ မျက်နှာကို သဲသဲကွဲကွဲ မြင်ဘူးထားရင် အကောင်းသားဟု တွေးနေမိ၏။

ဆွန်ဂျာတ. . .

'အဗ္ဗဒူလာက ဘယ်လိုလုပ်သိသလဲ'

'မပြောတတ်ဘူးလေ. . . သူက သူခိုးမဟုတ်လား. . . နားတစ်ထောင်

တော့ရှိရမှာပေါ့'

သူသည် ရေခဲသေတ္တာထဲသွားပြီး ရှန်ပိန်ပုလင်းကို ထုတ်လိုက်၏။ ရှန်ပိန်ပုလင်းမှာ တကယ်တော့ သိပ်မအေးသေးပေ။ သို့သော် သူရေဆာလှပြီဖြစ်၏။ သူသည်ဖန်ခွက် နှစ်လုံးထဲငှဲ့လိုက်၏။ ဆွန်ဂျာသည် အဝတ်လဲပြီး၍ အိပ်ခန်းထဲမှ ထွက်လာ၏။

ခဏအကြာ ကုန်းဘောင်ပေါ်မှ ခြေသံကြားရသည်။ နောက်အပေါ်ထပ်မှ တံခါးခေါက်သံကြားရသည်။ ဆွန်ဂျာ၏ တက္ကစီရောက်လာသည့် သဘောပင်ဖြစ်သည်။ ဆွန်ဂျာသည် သူ့အတွက် ငှဲ့ထားသောဖန်ခွက်ကို လက်စသတ်ပြီး ထွက်သွားသည်။ သူတို့နှစ်ဦး ထုံးစံအတိုင်း ဟယ်လိုတွေ၊ ဂွတ်ဘိုင်တွေ နှုတ်ဆက်လေ့ မရှိ။

ဝုလ်သည် ခဏအကြာ ဗီဒိုရှိရာသို့ သွားသည်။ အဲသည်မှာ 'အသံလွှင့်စက်' ရှိသည်။ သူသည် 'ရေဘက်ခါ' ဝတ္ထုစာအုပ်ကို ယူလိုက်သည်။ နောက် ထိုစာအုပ်အကြားမှာ ညှပ်ထားသော လျှို့ဝှက်အဖွင့်စာရွက်ကို ယူလိုက်သည်။

ယနေ့သည် မေလ ၂၈ ရက်နေ့၊ ၄၂ ခုနှစ်။

သည်တော့ ၂၈ နှင့် ၄၂ ပေါင်းလိုက်သည်။ ဤကား ဝတ္ထုစာအုပ်၏ စာမျက်နှာရသည်။

မေလသည် ၅ လ၊ ထို့ကြောင့် ၄င်းစာမျက်နှာ၏ နံပါတ် ၅ စာကြောင်းထဲမှ စာလုံးများကို ရွေးရသည်။

သူဆုံးဖြတ်ထားသော သတင်းမှာ. . .

'ချောမောစွာ ရောက်သည် သတင်းပို့'

ဤမျှသာဖြစ်သည်။

ဤသို့ဖြင့် ဝတ္ထုစာအုပ်စာမျက်နှာ ၇၀ မှာထိပ်ဆုံးစာလုံး Have Arryied အတွက် H ကို ရှာသည်။ H မှာ ၁၀ လုံးမြောက် စာလုံးတွင် တွေ့၏။

ဤသို့ဖြင့် လျှို့ဝှက်စာကိုရေးသည်။ ဤသို့ လျှို့ဝှက်စာပို့ခြင်းသည် လွယ်မယောင်နှင့်အဖြေရှာရန်ခက်လှ၏။ အဖြေရှာသူအနေနှင့် မူရင်းစာအုပ်နှင့် လျှို့ဝှက်ဖော်နည်း စာရွက်မရှိလျှင် အဓိပ္ပာယ်ဖွင့်ရန် မလွယ်လှ။

သူ ရေးပြီးစီးသွားသောအခါ နာရီကြည့်၏။ သူ သတင်းပို့မည့်အချိန်မှာ သန်းခေါင်အချိန်တိတိ၊ ဤသို့ ချိန်းဆိုထားပြီးဖြစ်သည်။ ယခုအတိုင်းဆိုလျှင် အသံလွှင့်စက်ကိုလည်း ရွှေ့ရန် နာရီအနည်းငယ်ရသေးသည်။ သူ ရှန်ပိန်တစ်ခွက် ထပ်ငှဲ့လိုက်၏။ သည် ရှန်ပိန်ခွက်ကိုတော့ ငါးဥဆီစိမ်နှင့် လက်စသတ်ရန် ဆုံးဖြတ်လိုက်၏၊ ဇွန်းတစ်ချောင်းယူ၍ ငါးဥဆီစိမ်ပုလင်းထဲကို နှိုက်လိုက်၏။ ပုလင်းထဲတွင်

ဘာမှမကျန်တော့၊ ဆွန်ဂျာအကုန်ကြိတ်သွားပြီဖြစ်၏။

လေယာဉ်ပြေးလမ်းမှာ သဲကန္တာရအတွင်း ကျောက်တုံးများ ဆူးခြုံများကို ရှင်းထား ခြင်းသာဖြစ်၏။ ရှိမဲလ်သည် လေယာဉ်ပြေးလမ်း သူ့လေယာဉ်ရှိရာသို့ နီးကပ်လာ ခြင်းကို ကြည့်နေ၏။ သူစီးလာသော လေယာဉ်ငယ်ကလေးမှာ စစ်မြေပြင်အတွင်း အနီးအနားသွားဖို့ သုံးသော လေယာဉ်ကလေးသာ ဖြစ်၏။ လေယာဉ်ရပ်သောအခါ ရှိမဲလ် ခုန်ဆင်းလိုက်၏။

အပူငွေ့သည် ထောင်းကနဲ ရိုက်လာသည်။ နောက် သဲမှုန်များက ပြေးကပ် လာသည်။ ကောင်းကင်ပေါ်တွင်ရှိစဉ်က အေးမြလျက်ရှိရာ ယခုအပြင်ထွက်လိုက် ခြင်းသည် မီးဖိုထဲ ဝင်လိုက်ရသလို ဖြစ်နေ၏။

ရှိမဲလ်၏ ထောက်လှမ်းရေးမှူး ဗွန်မယ်လီသင်းသည် ပြေးလာ၍ သူ့ကိုကြို သည်။ ပါးစပ်ဂုာမှ အရေးတကြီး . . .

"ဇွတ်တရင်း ရောက်နေတယ် ဗိုလ်ချုပ်"

ရှိမဲလ်က မချိပြုံးပြုံး၍ . . .

"ကောင်းကွာ"

ကတ်တရင်းသည် ရှိမဲလ်သဘောမကျသော ဂျာမန်စစ်အရာရှိ အမျိုး အစားဖြစ်ပါသည်။ သူသည် ဌာနချုပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သည်လို ဌာနချုပ် စားပွဲပေါ်မှာ ဗိုလ်ချုပ်များကို ရှိမဲလ်သဘောမကျ၊ သည်ငနဲမျိုး သူ့ကို ဒုက္ခပေးပေါင်း များပြီ။ အထူးသဖြင့် ကတ်တရင်းက သူ့ကို ပြောရဆိုရခက်သော ဗိုလ်ချုပ်အဖြစ် အမြဲမှတ်ချက်ချသည်။ ပြီး သူ့မွေးရပ်ဇာတိ တောသားအဖြစ် နှိမ့်လေ့ရှိသည်။

သူတို့နှစ်ဦးသား အသင့်ယူလာသော ကားရှိရာသို့ သွားကြသည်။ ဗွန်မယ်လီသင်းက . . .

"ဗိုလ်ချုပ်ကရူးဝဲလ်က ရန်သူ့လက်မှာ အဖမ်းခံရသွားတယ်လေ၊ သူ့အစား ကတ်တရင်း ရောက်လာတာ၊ သူက တစ်နေ့လုံးဗိုလ်ချုပ် ဘယ်ရောက်နေသလဲ မေးနေတယ်"

"ဆိုးသည်ထက် ဆိုးတာပေါ့ကွာ"

သူတို့သည် ဌာနချုပ်လုပ်ထားသော ထရပ်ကားကြီးရှိရာသို့ ရောက်လာ၏။ ကတ်တရင်းသည် မြေပုံကြည့်နေရာမှ မော့ကြည့်ပြုံးလိုက်၏။

"အား ဗိုလ်ချုပ်ရှိမဲလ်ပါလား၊ ခင်ဗျားရောက်လာတာ ဘုံရားမ တာပဲဗျာ"

ရှိမဲလ်က ဦးထုပ်ချွတ်သည်။

"ကျုပ် စစ်ပွဲတစ်ပွဲတိုက်နေတာဗျ"

"ဟုတ်လား . . . ကျုပ်လဲကြားပါတယ် အခြေအနေက ဘယ်လိုလဲ"

ရှိမဲလ်က မြေပုံကိုထောက်ပြသည်။

"ဒါ . . . ဂါဇာလာမျဉ်းကြောင်းလေ"

သည်မျဉ်းကြောင်းမှာ မြေပုံပေါ်တွင်သာရှိပြီး၊ တကယ်တန်းမှာ မိုင်းဗုန်းများ၊ သောင်ချောက်များဖြင့် မိုင်ငါးဆယ်ခန့် သွယ်တန်းထားသော ခုခံရေးနယ်စပ်မျဉ်းတစ်ခုဖြစ်သည်။ ရှိမဲလ်က . . .

"ကျုပ်တို့က တောင်ဘက်စွန်းက ဝင်ပြီး၊ နောက်ဘက်က တိုက်ဖို့လုပ်နေတယ်"

"အကြံကောင်းသားပဲ၊ ဘာမှားနေလို့လဲ"

"ဘာမှားရမှာလဲ၊ ရေ လောင်စာပြတ်သွားတယ်၊ ရိက္ခာပြတ်သွားတယ်၊ ဒါပဲပေါ့"

ရှိမဲလ်စိတ်ပျက်လက်ပျက်ထိုင်ချလိုက်၏။ တဆက်တည်းတွင် တောင်ပိုင်းဌာနချုပ်တာဝန်ခံဖြစ်သော ကတ်တရင်းအနေနှင့် ရိက္ခာနှင့်လောင်စာပြတ်သွားခြင်းအတွက် တာဝန်ရှိသည်ဟု အပြစ်တင်သည်။ ကတ်တရင်းကမူ မသိသလိုလုပ်နေ၏။

တပ်သားတစ်ဦး လက်ဖက်ရည်ဗန်းယူ၍ လာသည်၊ ရှိမဲလ်က တစ်ခွက်ယူသောက်ကြည့်ရာ သဲမှုန့်များပါနေ၏။

ကတ်တရင်းက လေသံတစ်မျိုးနှင့် . . .

"ကျုပ် တစ်နေ့လုံး ခင်ဗျားရဲ့ လက်အောက် ငယ်သားအရာရှိတစ်ယောက်လို လုပ်နေရပါလား"

ရှိမဲလ်ကလည်း မသိချင်ဟန်ဆောင်နေလိုက်၏။

ကတ်တရင်းကမူ ဆက်သည်။

"ဌာနချုပ်က လူတစ်ယောက်အနေနဲ့ အမိန့်လဲပေးစရာမရှိ၊ ဆက်သွယ်လို့လဲမရ ဖြစ်နေတာ သိပ်ဂွကျတာပဲ"

ရှိမဲလ်က မျက်နှာထားတင်းတင်းနှင့် . . .

"ကျုပ်က စစ်ပွဲရဲ့ရှေ့တန်းစစ်မျက်နှာမှာ အမိန့်ပေးတိုက်ရတာဗျ"

"ဘာပဲဖြစ်ဖြစ် အဆက်အသွယ်တော့ ရှိဖို့ကောင်းတာပေါ့"

"အဲဒါ အင်္ဂလိပ်စစ်တိုက်နည်းလေ၊ ဗိုလ်ချုပ်တွေက ရှေ့တန်းနဲ့အဝေးကြီး ဆက်သွယ်လို့ရတဲ့နေရာက တိုက်ကြတာလေ၊ ကျုပ်က အဲဒီလိုမတိုက်ဘူး၊ ရှေ့တန်းက တိုက်တာ၊ အခုကျုပ်နိုင်နေတာပဲ၊ တကယ်လို့ ရိက္ခာတွေ၊ လောင်စာတွေ နောက်က အမီပို့ပေးနိုင်ရင် ကျုပ်အခု ကိုင်ရိုကိုသိမ်းပြီးပြီ"

ကတ်တရင်း ဒေါပွသွားသည်။

"ခင်ဗျားက ကိုင်ရိုကိုသိမ်းဖို့မှမဟုတ်တာ၊ ခင်ဗျားတာဝန်က တိုဘရွတ်ကို သိမ်းရမယ်၊ ကျုပ် မာလတာကိုသိမ်းပြီးတဲ့အထိစောင့်ရမယ်၊ ဒါ အမိပတိကြီးရဲ့ တိုက်ရိုက်အမိန့်ပဲ"

"ဟုတ်ပါတယ်၊ ထားပါတော့"

ရိုမဲလ်သည် နောက်ထပ် ဤကိစ္စအတွက် အငြင်းမပွားလိုတော့၊ ဌာနချုပ်မှာ အကြိမ်ကြိမ်ငြင်းခုံကြဘူးပြီ။ သည်တော့ . . .

"ဘာပဲပြောပြော တိုဘရွတ်ကိုရောက်ဖို့က ဂါဇလာမျဉ်းကို ဖောက်ရမှာပဲ"

"ဒါဆို ခင်ဗျားရဲ့နောက်ခြေလှမ်းက ဘာလဲ"

"နောက်ပြန်ဆုတ်ပြီး အင်အားပြန်စုရမှာပေါ့"

ကတ်တရင်း မျက်ခုံးချီသွား၏၊ ကတ်တရင်းအနေနှင့် ရိုမဲလ်တစ်ယောက် စစ်ပွဲမှာ နောက်ပြန်ဆုတ်ခြင်းကို ဘယ်လောက်မုန်းကြောင်း သူသိသောကြောင့် ဖြစ်သည်။ သူက . . .

"ဒါဆို . . . ရန်သူက ဘာလုပ်မလဲ"

သည်မေးခွန်းကို ကတ်တရင်းကဗွန်မယ်လီဆင်းကိုမေးလိုက်ခြင်းဖြစ်သည်။

မယ်လီဆင်းက . . .

"လိုက်တိုက်မှာပေါ့ . . . ဖြည်းဖြည်းလိုက်မှာပါ . . . ဒါ သူတို့ထုံးစံပဲဟာ၊ ဒါပေမယ့် လိုက်တော့တိုက်မှာပဲ"

ရိုးမဲလ်ကဝင်၍ . . .

"အေး . . . မေးခွန်းက ဘယ်တော့တိုက်မှာလဲ၊ ဘယ်နေရာတိုက်မှာလဲ ဆိုတာပဲကွ"

မယ်လီဆင်းက ခေါင်းညိတ်ပြ၏။

"ဟုတ်ပါတယ် . . . ဒါ အရေးကြီးပါတယ်၊ ဒါထက် ဗိုလ်ချုပ်မနေ့ကပဲ ကျွန်တော်တို့ရဲ့စပိုင်ဆီက သတင်းပို့ချက်ရတယ်"

"တို့စပိုင်"

ရိုမဲလ်သည် မျက်ခုံးချီသွား၏။

"အား . . . သူလား . . ."

ရှိမဲလ်မှတ်မိသွား၏။ သူသည် ဂါဇလီကို အိုအေစစ်သို့ လေယာဉ်ဖြင့် ...ခဲ့ပြီး ထိုစပိုင်တစ်ယောက် သဲကန္တာရကို ခရီးရှည်မဖြတ်မီ အသေးစိတ်ညွှန်ကြား ...သွားခဲ့သေးသည်မဟုတ်ပါလား။ နေပါဦး သူ့နာမည် ဘယ်သူပါလိမ့် . . . အဲ . . ...က်ဝူလ်။ အဲသည်ငနဲအရည်အသွေးကို ရှိမဲလ်သဘောကျခဲ့သည်။ သူ. . . က

"သူ ဘယ်က သတင်းပို့တာလဲ"

"ကိုင်ရိုကပါဗိုလ်ချုပ်"

"ဟေ . . . ဒီငနဲ ကိုင်ရိုရောက်သွားပြီကိုး၊ ကိုင်ရိုအထိရောက်အောင်သွား ...ဲ့နောက်တော့၊ သူ ဘာမဆိုလုပ်နိုင်ပြီပေါ့ကွာ၊ တို့စစ်သတင်းလဲ ကြိုပို့နိုင် ...ောင်းပါရဲ့"

ကတ်တရင်းက စကားဝင်ဖြတ်ပြောသည်။

"ဘုရားရေ . . . ခင်ဗျားက အခု စပိုင်တွေအပေါ် မှီခိုယုံကြည်နေပြီလား"

"ဒီမယ် ကျုပ်က ဘယ်သူ့ကိုမှ မှီခိုယုံကြည်စရာမလိုဘူး၊ ကျုပ်အပေါ်ပဲ ...ိုင်းက မှီခိုယုံကြည်နေရမယ် . . . ဒါပဲ"

"ဟုတ်ပါတယ် ထောက်လှမ်းရေးစပိုင်ဆိုတာက များသောအားဖြင့် ...တင်းချောချောတွေရတာပါပဲ"

ရှိမဲလ်က မျက်နှာတည်တည်ဖြင့် . . .

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာ ဒီငနဲကတော့ဖြင့် ထူးခြားလိမ့် ...ယ်သင်နေတယ်"

ကတ်တရင်းက ပြောလိုက်သည်။

"ဟုတ်ပါ့မလား"

❖ ❖ ❖

(၄)

အယ်လိန်းဖွန်တာနာသည် သူမမျက်နှာကို မှန်ထဲမှပြန်ကြည့်ရင်း တွေးသည်။
အသက် ၂၃နှစ်ရှိပြီ၊ ငါ့ရုပ်တွေ တဖြည်းဖြည်းကျလာပြီ။

သူမသည် မှန်အနားသို့ တိုးကပ်၍ အသေအချာကြည့်သည်၊ အရေး
ကြောင်း အိုရိပ်အိုစာများ တွေ့ရမလားဟူ၍။ သူမ၏အသားအရေမှာ စိုပြည်ပါသေ
၏။ မျက်လုံးညိုများမှာလည်း လှဆဲဖြစ်ပါ၏။ အရေးအတွန့်များလည်း မပေါ်သေ
ပါ။ ကလေးလို အပြစ်ကင်းစင်သော မျက်နှာကလေးနှင့် လှပတုန်းသာရှိပါ၏။ သူ
သည် အလှစုဆောင်းသူတစ်ယောက်။ ပစ္စည်းရွေးသလို သူမမျက်နှာကို သူ
ပြန်ကြည့်နေမိ၏။ နောက်ဆုံး ပြုံးလိုက်သည်။ မှန်ထဲမှ အရိပ်ကလည်းပြန်ပြုံးပြ၏
သည်အပြုံးသည် ဖိုသတ္တဝါတို့၏ အသည်းနှလုံးကို သိမ်းကျုံးလှုပ်ရှားစေကြောင်းကို
သူမ သိပါသည်။

သူမ ချထားသောစာရွက်ကို ယူ၍ ပြန်ဖတ်ကြည့်၏။ ကြာသပတေးနေ့ . .

ချစ်တဲ့ အယ်လိန်း . . .

ကိုယ်တို့ဇာတ်လမ်းက ဆုံးပြီကွယ်၊ ကိုယ့်ဇနီးသိသွားပြီ သည်တော့ ကိုယ်
လမ်းခွဲရဖို့ဖြစ်လာပြီ၊ ကိုယ် မင်းကို နောက်ထပ်မတွေ့ဖြစ်တော့ပါဘူးလို့ ကတိပေ
လိုက်ရပြီ၊ အိမ်ခန်းမှာတော့ မင်း ဆက်နေပေါ့ကွယ် ဒါပေမယ့် အခန်းခနဲ့ ကုန်က

ခဲ်တ်တွေပေးဖို့ကတော့ မဖြစ်နိုင်တော့ဘူး၊ သည်လိုဖြစ်သွားရတာ ကိုယ်လဲ စိတ် ကောင်းပါဘူးကွယ်။ ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်တို့ရဲ့ အခြေအနေဟာ အမြဲမတည် နိုင်ဘူးဆိုတာ အစကတည်းက နှစ်ယောက်စလုံး ကြိုသိပြီးသားပဲဟာ၊ ကံကောင်း ပါစေ . . .

သင့်ရဲ့
ကလော့(၂)

ဒါပါပဲကလားဟု သူမ တွေးသည်။

သူမသည် စာရွက်ကို တစ်စစီ ဆုတ်ပစ်လိုက်၏။ ကလော့(၂)သည် ဂရိ တစ်ဝက်၊ ပြင်သစ်တစ်ဝက်၊ ကပြားဖြစ်သည်။ ကိုင်ရိုမှာ စားသောက်ဆိုင်သုံးဆိုင်ပိုင် ပြီး အလက်ဇန္ဒရီးယားမှာ တစ်ဆိုင်ပိုင်သည်။ သူသည် ယဉ်ကျေး၊ ပျော်ရွှင်၊ ကြင် နာတတ်သူဖြစ်သည်။ သို့သော် တကယ့် တကယ်အရေးအကြောင်းနှင့် ဆုံလာသော အခါ သူသည် အယ်လိန်းအပေါ် မညာနိုင်ပေ။

သူသည် ခြောက်နှစ်အတွင်း တတိယမြောက်လူ ဖြစ်သည်။

ဇာတ်လမ်း၏ ပထမဆုံး ဇာတ်လိုက်မှာ စတော့ပွဲစားချားလ်ဖြစ်ပါ၏။ ထိုအချိန်က သူမသည် အသက် ၁၇ နှစ်သာ ရှိသေးသည်။ ပိုက်ဆံဟူ၍ ခြူးတစ်ပြား မရှိ၊ အလုပ်ကလည်း မရှိ၊ အိမ်လည်း မပြန်ဝံ့သောအချိန် ဖြစ်သည်။ ချားလ်သည် သူမကို တိုက်ခန်းတစ်ခန်း ငှားထားပေးပြီး ကြာသပတေးနေ့ ညတိုင်းလာအိပ်သည်။

ချားလ်ကို မောင်းထုတ်လိုက်ရသည်မှာ ချားလ်က အယ်လိန်းကို ဟင်းရွက် ခန့်ခွန်းပမာ သူ့ညီလက် လွှဲပေးလိုက်သောကြောင့် ဖြစ်ပေသည်။ သည်နောက်တွင် တော့ ဒုတိယလူ - ဂျော်နီပေတည်း၊ အယ်လိန်း တွေ့ဆုံခဲ့ရသူ သုံးဦးအနက် သိမ်မွေ့ ဆုံးလူဖြစ်သည်။ ဂျော်နီသည် သူ၏ တရားဝင်လက်ထပ်ထားသော မယားကြီးကို ကွာရှင်း၍ အယ်လိန်းအား လက်ထပ်ပါရစေဟုပင် ခွင့်တောင်းခဲ့ဘူးသည်။ သို့သော် အယ်လိန်းငြင်းပယ်ခဲ့ပါ၏။ ယခုကား နောက်ဆုံးလူ ကလော့ (၂) ထွက်ခွာပြေးသည့် အခါလည်းပင် ကြုံရပြီကော။

အယ်လိန်းအနေနှင့် စကတည်းက ဤအဖြစ်၊ ဤဘဝသည် အနာဂတ်မရှိ ကြောင်း သိပါသည်။

ဇာတ်လမ်းတစ်ခုစီ . . . ဤသို့ခွဲခွာခြင်း ဇာတ်သိမ်းဖြင့် နိဂုံးချုပ်ရသည့် အကြောင်းမှာ အပြစ်သည် နှစ်ဦးနှစ်ဘက်လုံးမှာ ရှိပါသည်။ ချားလ်က ညီနှင့်လွှတ်ပေး သည်၊ ဂျော်နီက မိန်းမကိုကွာ၍ လက်ထပ်ခွင့်တောင်းသည်။ ကလော့(၁)ကမူ

မိန်းမ သိသွားသည်ဆိုခြင်းများမှာ ဆင်ခြေများသာ ဖြစ်ပါသည်။ တကယ့်တကယ် အတွင်းအဖြစ် အဖြေကမူ ဟုတ်ကောင်းမှ ဟုတ်ပေမည်။ အယ်လိန်း စိတ် မပျော်မွေ့ပါ။

အယ်လိန်းစိတ်ထဲတွင် နောက်ထပ်ဇာတ်တစ်ခု အသစ်ထပ် စဉ်းစားကြည့် သည်။ ဘယ်လိုဖြစ်မည်ကို မှန်းဆ၍ရပါ၏။ ပထမတစ်ကိုယ်တည်း လှပ သပ်ရပ်စွာ ဣန္ဒြေမပျက်နေမည်၊ အကြောင်းမှာ ဘဏ်တိုက်တွင် သူမငွေတချို့ အမြဲစုဆောင်း ထားသောကြောင့်ဖြစ်သည်။ နောက်ထပ် အမျိုးသားတစ်ဦးနှင့် မတွေ့မီအတွင်း ငွေကြေးပမာဏသည် တဖြည်းဖြည်း ကျလာမည်၊ နောက် ဟိုတယ်စားပွဲထိုးဖြစ်စေ ကပွဲကပြသူဖြစ်စေ လုပ်ကိုင်ရပေတော့မည်။ သည်မှာ သူမမျက်လုံးများက ချစ်သူ ရှာပေတော့မည်။ သည်လိုနဲ့ နံပါတ်လေး လူတစ်ယောက်တွေ့မည်၊ သည်တစ်ကြိမ် တော့ သန့်ရှင်းစွာ ဝတ်စားတတ်သော အီတလီအမျိုးသားများဖြစ်နေမည်လား မပြောတတ်။ ပထမ ဟိုတယ်ကြီးတစ်ခုမှာ ဆုံကြမည်၊ အမျိုးသားက သူမကို အရက်တိုက်မည်၊ နောက်တစ်ခါတွေ့ဖို့ချိန်းမည်၊ ညစာကျွေးရန်ချိန်းမည်။ ညစာ စားပွဲတွင် ထိုင်နဲ့ရှိရာစားပွဲသို့ အယ်လိန်းဝင်သွားလျှင် နံဘေးကလူများ ငေးမော ကြည့်လောက်အောင် လှနေပေလိမ့်မည်။ နောက်ထပ် . . . နောက်ထပ်တွေ့ဖို့ ချိန်း ကြမည်။ သူက လက်ဆောင်တွေဘာတွေ ဝယ်ပေးမည်။ နောက်နည်းနည်းစဖို့ကြိုး စားမည်၊ ပထမ ရမည်မဟုတ်ပါ၊ သုံးကြိမ်ခန့် ကြိုးစားသောအခါ အောင်မြင်သွား မည်။ အယ်လိန်းအနေနှင့် သူနှင့် ချစ်ပွဲဝင်ရခြင်းကို ပျော်ရွှင်ကြည်နူးနေပေလိမ့် မည်။ ထို့ကြောင့်လည်း အယ်လိန်း၏ အပြုအစု အယုအယများကြောင့် ထိုင်နဲ့သား သည် "နတ်စည်းစိမ်ဆယ်သက် တကယ်မမက်ပါတယ်" ဖြစ်သွားပေလိမ့်မည်။ သည် တော့ သူတို့ စားသောက်ဆိုင်များ သွားခြင်းမှာ အန္တရာယ်ရှိနိုင်ကြောင်း တွေးမိပြီး တိုက်ခန်းတစ်ခန်း အတူနေရန် ငှားကြမည်၊ ကုန်ကျစရိတ်ကို ငနဲ့သားက ကျခံမည်။ သူတို့ အတူနေကြသောအခါကျမှ အယ်လိန်းကစ၍ အလိုမကျဖြစ်လာမည်၊ လာ မည့်ရက်နောက်ကျလျှင် စိတ်ကောက်မည်၊ စောလျှင် မယုံသင်္ကာရှိလို့လားဟု ဆိုပေ မည်။ သူနဲ့ စကားပြောရခြင်းကို ငြီးငွေ့လာမည်။ သည်တော့ ဆက်ဆံရေးသည် အရင်ကလို မပူနွေးတော့ပဲဖြစ်လာမည်။ နောက် တစ်ယောက်တစ်ခွန်း စကားများ ကာ ရန်ပွဲကလေးဖြစ်လာမည် . . .။ ဒါသည်နောက်တော့ မိန်းမကသိသွားလို့ ကလေး အငယ်ကောင်ဖျားလို့၊ ဘာလို့ ညာလို့စသည်ဖြင့် ခွဲခွာခြင်းဇာတ်သိမ်းနှင့် နိဂုံးချုပ် ပေလိမ့်မည်။

သည်တော့ အယ်လိန်းသည် ဒုံရင်း . . . ဒုံရင်း . . တစ်ကိုယ်ထီးတည်း

...ငွေ့ငွေ့ဘဝနှင့် အသက် တစ်နှစ်ကြီးလာခြင်းသာ အဖထံတင်ပေလိမ့်မည်။

မှန်ထဲက မျက်နှာလှလှကလေးကို အယ်လိန်းမကျေနပ်တော့။

တကယ်တော့ ငါဟာ ကိုင်ရိုဆိုရှယ်လောကထဲကအလှမယ်တစ်ဦးမဟုတ်...ဘူး အလက်ဇန္ဒယားနီးမြို့ . . . လမ်းကြိုလမ်းကြားကကောင်မလေးတစ်ယောက်ပဲ။

ငါဟာ လွတ်လွတ်လပ်လပ် ဘဝဖန်တီးနိုင်တဲ့လူ မဟုတ်ဘူး။ မကောင်းတဲ့...မိန်းမ၊

တကယ်တော့ ငါဟာ အီဂျစ်သူ မဟုတ်ဘူး . . . ဂျူးမပဲ . . .။

ငါ့နာမည်ကလည်း အယ်လိန်းဖွန်တာနာမဟုတ်ဘူး၊အဗီဂေ-အာစနာနီပဲ။

တော်ပြီ . . . ငါ အိမ်ပြန်ချင်ပြီ . . .။

ကိုင်ရိုမြို့ ဂျူးအမျိုးသားအေဂျင်စီရုံးမှ ဂျူးလူငယ်သည် သူမ၏အမည်နှင့်...ခေါ်တောင်းသည်။ အယ်လိန်းသည် အသားကျနေပြီဖြစ်၍ နာမည်ကို အယ်လိန်း...ဟု ပေးလိုက်မိ၏။ စာရေးက ကြုံဘူးပေါင်းများပြီ . . .

"ဒါထက် အမကြီး ဘာကြောင့် ပါလက်စတိုင်းကိုသွားချင်ရတာလဲဆိုတာ...သိရဘူးလား"

"ကျွန်မက ဂျူးပဲဟာ . . ."

အယ်လိန်းသည် အူကြောင်ကြောင်နှင့် ဖြေလိုက်ပြီးမှ ဆက်၍ . . .

"ကျွန်မ မိဘဆွေမျိုးတွေလည်း မရှိတော့ဘူး၊ ဒီမှာ ကျွန်မဘဝဟာ...ပဲ"

"ပါလက်စတိုင်းရောက်ရင် အမကြီး ဘာအလုပ်လုပ်မလဲ"

အယ်လိန်း ဤအချက်ကို ကြိုမစဉ်းစားခဲ့မိ . . . သို့နှင့် . . .

"ရရာပေါ့"

"အဲဒီမှာက လယ်ထဲယာထဲမှာ အလုပ်ကြမ်းလုပ်ရမှာနော်"

"ကောင်းပါတယ်"

စာရေးက အယ်လိန်းကို ကြည့်၍ ပြုံးသည်။

"အမကြီးကို အထင်သေးတာ မဟုတ်ပါဘူးနော်၊ ဒါပေမယ့် အမကြီးကြည့်...ရတာ လယ်ထဲဆင်းနိုင်မယ့်ပုံမပေါ်ဘူး"

"ကျွန်မဘဝကို မပြောင်းချင်ဘူးဆိုရင် . . . ကျွန်မ ပါလက်စတိုင်းကို...သွားချင်ပါ့မလဲ"

စာရေးနားလည်သွား၏။

"ဟုတ်ကဲ့ . . . ဒါထက်အခု အမကြီး အလုပ်အကိုင်က"

"သီချင်းဆိုတယ်၊ မဖြစ်တဲ့အခါ၊ ကပွဲမှာ က,တယ်၊ ကပွဲမရှိရင် . . . စားပွဲထိုးတယ်"

အယ်လိန်း စိတ်မရှည်တော့။

ကျွန်မပြောတယ်မဟုတ်လား . . . ကျွန်မဘဝဟာ အလကားပဲလို့ . . . နေပါဦး . . . ဘာလို့ ဒီလောက်မေးခွန်းတွေ မေးနေရတာလဲ . . . ပါလက်စတိုင်း ဂျူးတွေကို လက်ခံတယ်ဆိုတာ တက္ကသိုလ်ပညာတတ်တွေမှ လက်ခံနေတာလား

"မဟုတ်ပါဘူးခင်ဗျာ . . . မဟုတ်ပါဘူး . . . အခုသွားဖို့က မလွယ် ဖြစ်နေလို့ပါ။ အင်္ဂလိပ်တွေက လူဝင်မှုတင်းကျပ်နေပါတယ်၊ နည်းနည်းပဲ သွား ပြုပါတယ်။ အဲဒီမှာကလည်း နာဇီတွေရဲ့လက်က ထွက်ပြေးလာတဲ့ လူတွေက မ နေတယ်"

"ဒါဆို . . . အဲဒါတွေကို ရှင်အစက ဘာလို့မပြောတာလဲ"

"အကြောင်းနှစ်ချက်ရှိပါတယ်၊ တစ်ကြောင်းကတော့ ကျွန်တော်တို့အ တရားမဝင်တဲ့နည်းနဲ့ ပါလက်စတိုင်းကို ပို့ပေးတာလဲရှိပါတယ်၊ နောက်တစ်ကြေ ကတော့ ရှင်းပြရမှာ နည်းနည်းရှည်တယ် ခင်ဗျ။ အစ်မကြီး ခဏနေပါဦးနော်. . . ကျွန်တော် ဖုန်းဆက်စရာရှိလို့"

အယ်လိန်းကမူ စိတ်ဆိုးနေပြီဖြစ်၏။ ပါလက်စတိုင်းမှာ နေစရာမရှိ ဘူး . . . လူပြည့်နေပြီဆိုတာကို ဘာကြောင့် စကတည်းက မပြောတာလဲဟု နေသဖြင့် . . .

"ဒါဆိုလဲ ကျွန်မစောင့်နေလို့ ဘာအကျိုးရှိမှာလဲ"

"ခဏလေးပါဗျာ . . . အကြောင်းထူးချင် ထူးမှာပေါ့"

"ကောင်းပြီလေ . . . ခဏစောင့်မယ်"

လူရွယ်သည် နောက်ခန်းသို့ဝင်ပြီး ဖုန်းဆက်သည်။ အယ်လိန်းစိတ်မ စွာ စောင့်နေ၏။

လူရွယ်က ပြန်ထွက်လာ၏။ သူက . . .

"ရာသီဥတုက ပူပါတယ်ဗျာ။ လမ်းဟိုဘက်ကဆိုင်သွားပြီး အအေးသော ရအောင်"

ကြည့် . . . ဇာတ်လမ်းက စပြီကော၊ အယ်လိန်းသည် ဇာတ်လမ် အားမပေးချင် . . . သို့နှင့် စာရေးလေးမျက်နှာကိုကြည့်ပြီး . . .

"မသွားချင်ပါဘူးကွယ် . . . မင်းဟာငါ့အတွက်အသက်ငယ်လွန်းပါတ

စာရေးကလေး မျက်နှာသည် ရဲပြီး ရှက်သွားပုံရသည်။

"အဲဒီလို. . . မဟုတ်ပါဘူးခင်ဗျ. . . ကျွန်တော် အမကြီးကို လူတစ်ယောက်နဲ့ တွေ့ပေးချင်လို့ပါ"

အယ်လိန်းသည် ငနဲသားစကားကို ဟုတ်ပါလေစဟု တွေး၏။ ပြီးမှ . . .

"အေးလေ . . . ဒါဖြင့်လဲ သွားကြတာပေါ့"

သို့နှင့် သူတို့နှစ်ဦးသား လမ်းတစ်ဖက်ရှိ ကာဖီဆိုင်ကလေးသို့ ဖြတ်ကူးသွားကြ၏။ စာရေးလေးက လီမွန်အအေးတစ်ခွက်မှာလိုက်ပြီး . . . အယ်လိန်းကင်နှင့် တော်နစ်မှာသည်။ အယ်လိန်းက . . .

"နေပါဦး . . . မင်းတို့က ပါလက်စတိုင်းကို လူတွေ ခိုးပို့သလား"

"တစ်ခါတလေပေါ့ခင်ဗျာ၊ တကယ်လို့ ကျွန်တော်တို့ရဲ့ လူတစ်ယောက်ကို အပြစ်ပေးခံရတော့မယ်ဆိုတဲ့ အခါမျိုးမှာပေါ့"

"ငါက အပြစ်ပေးခံနေရတာမှ မဟုတ်တာ"

"အဲ . . . နောက်တစ်ကြောင်းက အဲဒီလူဟာ ကျွန်တော်တို့ ယုံကြည်ချက်ကို အများကြီး ဆောင်ရွက်ခဲ့ရင်ပေါ့"

"ရှင်၊ ဒါဆို ကျွန်မက ပါလက်စတိုင်းကို သွားဖို့ အရေးတစ်ခုခု လုပ်ပေးရမယ်ပေါ့လေ"

"ဒီလိုရှိပါတယ်ခင်ဗျာ၊ နောက်ကျရင်တော့ ဂျူးလူမျိုးတိုင်း ပါလက်စတိုင်းကို အလွယ်တကူသွားခွင့်ရှိလာမှာပေါ့၊ အခုတော့"

"ကဲပါလေ၊ ကျွန်မက ဘာလုပ်ပေးရမှာလဲ"

"ဒီလိုလဲမဟုတ်သေးဘူးခင်ဗျ၊ အင်္ဂလိပ်လူမျိုး ဂျူးတွေအနေနဲ့ ပါလက်စတိုင်းကို သွားဖို့မလွယ်ဘူး၊ အဲ အထူးကိစ္စမဟုတ်ရင်ပေါ့လေ"

အမကြီးက အထူးကိစ္စမဟုတ်ဘူးလေ။

"နေပါဦး ရှင်ပြောတဲ့ အဓိပ္ပာယ်က"

"အမကြီး ပါလက်စတိုင်းကိုတော့ မသွားနိုင်ဘူး၊ ဒါပေမယ့် ယုံကြည်ချက်အတွက်တော့ တိုက်ပွဲဝင်နိုင်တဲ့အကြောင်းကို ပြောနေတာပါ"

"ဘာတွေလဲ . . . ရှင်းရှင်းလင်းလင်း လိုရင်း ပြောစမ်းပါ"

"ဟုတ်ကဲ့ ကျွန်တော်တို့ ပထမဆုံးအလုပ်ကတော့ ဂျာမန်နာဇီစစ်ရှုံးအောင် လုပ်ရမယ်"

အယ်လိန်းရယ်လိုက်သည်။

"ကောင်းပါပြီ၊ ကျွန်မအစွမ်းကုန် လုပ်ပါ့မယ်"

စာရေးက အယ်လိန်း၏ ဟာသကို မသိဟန်ဆောင်၍ . . .

"ကျွန်တော်တို့က အင်္ဂလိပ်ကိုလဲ သဘောမကျပါဘူး။ ဒါပေမယ့် လ
တလောမှာတော့ ဂျာမန်တွေရဲ့ ရန်သူတွေဟာ ကျွန်တော်တို့ရဲ့ မိတ်ဆွေပဲ၊ ဒီတေ
အင်္ဂလိပ်ထောက်လှမ်းရေးအဖွဲ့နဲ့ ကျွန်တော်တို့ လက်တွဲပြီး လုပ်နေတယ်၊ အမ
အနေနဲ့လည်း အကူအညီ ပေးနိုင်လိမ့်မယ်ထင်ပါတယ်"

"ဘုရားရေ . . . ဘယ်လိုအကူအညီပေးရမှာလဲ"

ထိုစဉ် စားပွဲပေါ်မှာ အရိပ်တစ်ခု ထိုးလာသည်။ စာရေးက မော့ကြ
သည်။ ပြီးမှ အယ်လိန်းကို ကြည့်သည်။

"ကဲ . . . မိတ်ဆက်ပေးရဦးမယ်၊ သူကတော့ ကျွန်တော်တို့ရဲ့မိတ်ဆေ
မေဂျာဝီလီယံဗင်ဒန်ပါ"

သူသည် အရပ်ရှည်ရှည် ရင်အုပ်ပြည့်ပြည့်၊ ကိုယ်ခန္ဓာတောင့်တောင့်နှင့် ငယ်ငယ
တုန်းက အားကစားသမားတစ်ယောက်ဖြစ်ပုံရ၏။ ယခုလေးဆယ်ပိုင်းနီးလာပြီ
နည်းနည်းနုံးညှံ့မှုကလေးတွေရှိလာပုံရသည်ဟု အယ်လိန်းတွေး၏။ သူသည် အ
လိန်းကို လက်ဆွဲ နှုတ်ဆက်၏။ နောက် စီးကရက် တစ်လိပ်ဖွာကာ ဂျင်တစ်ခွ
မှာသည်။ သူ့မျက်နှာမှာ ဣန္ဒြေရလွန်းသည်။ အလုပ်ခွင်တွင်ထားသော တင်းမ
သောမျက်နှာထားမျိုးနှင့် . . .

အင်္ဂလိပ်အစစ်ပုံပါပဲဟု အယ်လိန်းတွေးမိ၏။

စာရေးလေးက . . .

"အခြေအနေဘယ်လိုရှိသလဲ ဗိုလ်မှူး"

"ဂါဇာလာ ခုခံရေးစည်းကြောင်းကတော့ မပေါက်သေးပါဘူး . . . ဒါ
မယ့် တိုက်ပွဲကတော့ ပြင်းထန်နေတာပဲ"

ဗင်ဒန်၏အသံမှာတစ်မျိုး . . . အင်္ဂလိပ်အရာရှိများပြောသော လေသံ
မတူ၊ အထက်စီးသံနှင့်မဟုတ်၊ အီဂျစ်အမျိုးသားများကို နှိမ်သံမပါ၊ လေသံကြ
ရသည်မှာ မြို့ကြီးသားအရာရှိမဟုတ်ပဲ တောဆိုက်ပုံပေါက်နေသည်ဟု အယ်လိန
ထင်၏။ သို့နှင့် . . .

"မေဂျာ-အင်္ဂလန် ဘယ်ပိုင်းသားပါလိမ့်"

"ဒိုးဆက်ဒေသကပါ၊ နေပါဦး၊ ဘာလို့မေးတာလဲ"

"လေယူလေသိမ်းကြောင့်လေ"

"ဒိုးဆက်ဒေသဆိုတာ အင်္ဂလန်အနောက်တောင်ပိုင်း တောဘက်က
ဗျာ၊ ခင်ဗျား စူးစူးစမ်းစမ်း သိတတ်သားပဲ"

ဗင်ဒန်သည် စီးကရက်တလိပ်မီးညှိပြန်သည်။ ဗင်ဒန်၏ လက်ချောင်းကလေးများမှာ ကိုယ်ခန္ဓာနှင့်မလိုက်အောင် သွယ်ပျောင်းနေကြောင်း အယ်လိန်းအကဲခတ်မိ၏။

စာရေးက ထိုင်ရာမှထပြီး . . .

"မေဂျာဗင်ဒန်က အားလုံးရှင်းပြပါလိမ့်မယ် ကျွန်တော့်ကို ခွင့်ပြုပါဦး"

စာရေး နှုတ်ဆက်ထွက်သွားပြီးနောက် သူတို့နှစ်ဦးတည်း ကျန်ရစ်၏။ ဗင်ဒန်က . . .

"ခင်ဗျားအကြောင်း ပြောပြဗျာ"

အယ်လိန်းက ခေါင်းယမ်းပြသည်။ ပြီးမှ . . .

"မဟုတ်ဘူးလေ၊ ရှင်က ရှင့်အကြောင်းတွေကို ကျွန်မကိုပြောပြ"

ဗင်ဒန်မျက်ခုံးချီသွား၏။ ရုတ်တရက်ကြောင်သွား၏။ နောက်မှ သဘောကျသွားပြီး . . .

အဲ . . . ကိုင်ရိုမှာ စစ်အရာရှိကြီးတွေအများကြီးရှိတယ်၊ တချို့ စစ်အရာရှိတွေဟာ ထိပ်တန်းလျှို့ဝှက်ချက်တွေ သိနေကြတယ်၊ ရန်သူက အဲဒီလျှို့ဝှက်ချက်တွေကို သိချင်တယ်၊ ဒီတော့ ကိုင်ရိုကို သူတို့လူလွှတ်ပြီး စုံစမ်းရမှာပဲ၊ ကျုပ်အလုပ်က အဲဒါကို တားဆီးတဲ့အလုပ်"

"ဒါဆိုလဲ ရှင်းသားပဲ"

"ရှင်းတော့ ရှင်းတယ် . . . မလွယ်ဘူး"

သည်လူသည် အရာရာကို အလေးအနက်ထားမည့်လူသားပါလားဟု အယ်လိန်းတွေး၏။ ဗင်ဒန်က . . .

"ကဲ . . . ခင်ဗျားအလှည့်ပဲ"

ရုတ်တရက် အယ်လိန်းသည် အားလုံးအမှန်အတိုင်း ပြောလိုက်ချင်လာသည်၊ သို့နှင့် . . .

"ကျွန်မလား အဆိုတော် ခပ်ညံ့ညံ့၊ အကသမား ခပ်ရှော်ရှော်တစ်ယောက်ပေါ့ တခါတလေ ငွေကြေးပြည့်စုံတဲ့ လူတစ်ယောက်က ကျွန်မ ကုန်ကျစရိတ်ကို ထားခံလေ့ရှိတယ်"

ဗင်ဒန်က ဘာမှမပြောသော်လည်း သူမကို စိုက်ကြည့်နေ၏။ သူမက. . .

"အံ့သြသွားသလား"

"အံ့သြရမှာလား"

အယ်လိန်း မျက်နှာလွှဲလိုက်၏။ ဤစကားမပြောခင်အထိ သူသည် သူမကို

လေးလေးစားစား ဆက်ဆံပေလိမ့်မည်။ နောက်တော့ အယ်လိန်း စိတ်အချဉ်ပေါက်လာသည်နှင့် . . .

"အဲဒါ မိန်းကလေးတိုင်း လုပ်နေကျအလုပ်မဟုတ်လား။ သူတို့ လက်ထပ်ပြီးတာနဲ့ သူတို့ယောကျ်ားက ကုန်ကျစရိတ်တွေ ကျခံတော့တာပဲမဟုတ်လား"

ဗင်ဒန်က တည်ငြိမ်စွာဖြင့်ပင် . . .

"ဟုတ်ပါတယ်"

အယ်လိန်း ဗင်ဒန်ကိုကြည့်ပြီး နည်းနည်း စချင်လာ၏။

"အဲ . . . တစ်ခုတော့ရှိတာပေါ့လေ၊ ကျွန်မက ရိုးရိုးအိမ်ရှင်မတွေထက်တော့ နည်းနည်းအပြောင်းအလဲမြန်တာပေါ့"

ဗင်ဒန်သဘောကျပြီး အော်ရယ်မိသည်။ ရယ်လိုက်သောအခါ ဗင်ဒန်၏ ရုပ်သည် ပြောင်းသွား၏။ အတည်အငြိမ်အဖြစ်မှ ပျက်ပြယ်သွား၏။ နှစ်ဦးသား ပြုံးကြည့်နေမိ၏။ သို့သော် ဗင်ဒန် မျက်နှာတည်သွားပြန်၏။

"ကျုပ်ရဲ့ပြဿနာက သတင်းပဲ . . . ဘယ်သူကမှ အင်္ဂလိပ်အရာရှိတစ်ယောက်ကို သတင်း မပေးချင်ကြဘူး၊ အခု လောလောလတ်လတ်မှာဆိုရင် ကျုပ် အဲလက်ဝူလ်ဆိုတဲ့ လူတစ်ယောက်ကို လိုက်ရှာနေတယ်၊ သူက အရင်တုန်းက ကိုင်ရိုမှာ နေဘူးတယ်၊ သူ အခုပြန်ရောက်နေပြီ၊ နေစရာတစ်ခု ရှာနေပုံရတယ်၊ ပိုက်ဆံတွေအများကြီးပါလာပုံပဲ၊ သူက ကျုပ်တို့ ဗြိတိသျှတွေရဲ့စစ်သတင်းတွေကိုစုံစမ်းမှာပဲ"

အယ်လိန်းက ပခုံးတွန့်လိုက်၏။

"ဘယ်လိုလဲ အစပျိုးလာတုန်းက ကြီးကြီးကျယ်ကျယ် ချီလာပြီး ဒီထက်ကြီးကျယ်တဲ့ အလုပ်ကို ခိုင်းမယ်အောက်မေ့နေတာ"

"ဘယ်လိုအလုပ်မျိုးလဲ"

"မသိဘူးလေ . . . ရိုမဲလ်နဲ့ တွဲကပြီး သူ့အိတ်ထဲက လျှို့ဝှက်စာရွက်တွေဘာတွေ နှိုက်တာမျိုးပေါ့"

ဗင်ဒန် ရယ်ပြန်သည်။ အယ်လိန်းက ဗင်ဒန်ရယ်သံကို သဘောကျသည်။ ဗင်ဒန်က . . .

"ကျုပ်အနေနဲ့ . . . မစ္စဖွန်တာနာလို လူမျိုးတွေ အများကြီးလိုပါတယ်၊ ခင်ဗျားမှာ သိတတ်မြင်တတ်တဲ့စိတ်ရှိတယ်၊ အခြေအနေကလည်းရှိတယ်၊ ဟိုလေ လူတွေနဲ့လည်း တွေ့နိုင်တယ် . . . အဲ . . . ကျုပ်ပြောတာများ ဒွဲဒိုးကျသွားရင် တောင်းပန်ပါတယ်"

"မတောင်းပန်ပါနဲ့လေ . . . ဆက်ပြောပါ"

"ကျုပ်လူတွေက သိပ်မနိပ်ဘူး . . . သူတို့က ပိုက်ဆံကြောင့်လုပ်နေကြ
ဘာ၊ ခင်ဗျားကတော့ ယုံကြည်ချက်"

"နေ. . . ပါဦးလေ. . . ကျွန်မကလည်း ပိုက်ဆံယူမှာပဲ . . . ဒီအလုပ်က
ပိုက်ဆံဘယ်လောက်ပေးမှာလဲ"

"ခင်ဗျားယူလာတဲ့ သတင်းအပေါ် တည်တာပေါ့"

"အနည်းဆုံးပေးမှာက . . ."

"အဲဒီလိုပေးတာမရှိဘူး"

"ဒါဆို ကျွန်မ မျှော်လင့်ထားတာထက် နည်းနေတယ်"

"ခင်ဗျားက ဘယ်လောက် မျှော်လင့်ထားလို့လဲ"

"ရှင့်ကို . . . ကျွန်မ . . . တိုက်ခန်းလခပေးတဲ့ လူလောက်တော့ ပေးမယ်
ထင်လို့ပါ . . ."

"ဘယ်လောက်လဲ"

"တစ်လ ၇၅ ပေါင် ပါ"

"အလို . . . ခင်ဗျား တိုက်ခန်းမှာ နေတာလား၊ . . . နန်းတော်လား"

"ကုန်ဈေးနှုန်းတွေ သိပ်ကြီးနေတယ်လေ . . . မကြားဘူးလား"

ဗင်ဒန် မျက်မှောင်ကုပ်၍ . . .

"၇၅ ပေါင် တစ်လနဲ့တန်အောင် ခင်ဗျားက အသုံးဝင်ကြောင်း ပြရလိမ့်
မယ်နော် . . ."

အယ်လိန်း ပခုံးတွန့်ပြသည်။

"ပထမ စမ်းကြည့်ကြတာပေါ့လေ"

"ခင်ဗျားစကားတယ်ပြောတတ်တာပဲ . . . ကောင်းပြီလေ. . . တစ်လ
စမ်းကြည့်တာပေါ့"

ဗင်ဒန်ကပြုံး၍ပြောသည်။ အယ်လိန်းကမူ ဘာမှမထူးဆန်းသလိုနှင့် . . .

"ကျွန်မရှင့်ကို ဘယ်လို ဆက်သွယ်ရမှာလဲ"

ဗင်ဒန် ခဲတံနှင့် စာရွက်တစ်ရွက်ကို အိတ်ထဲမှ ယူပြီး ရေးသည်။

"ဒီမှာ ကျုပ်ရဲ့လိပ်စာနဲ့ဖုန်း၊ အိမ်ရော၊ ရုံး။ အကြောင်းထူးရင် ကျုပ်လဲ
ခင်ဗျားတိုက်ခန်းကိုလာမယ်"

အယ်လိန်းတလည်း အပြန်အလှန်ရေးပေးရင်း . .

"ကျွန်မအခန်းကို ရှင်လာတာကို လူတွေမြင်သွားရင် . . ."

"ဘာဖြစ်လဲ . . ."

"ကျွန်မကို ရှင်ဘယ်သူလဲလို့ မေးမှာပေါ့"

"အဲ . . . ဒါဆို အမှန်အတိုင်း ခင်ဗျားပြောလို့ ဘယ်ဖြစ်မလဲ"

အယ်လိန်းကပြုံးလိုက်၏။

"ဒါဆို ကျွန်မရဲ့ချစ်သူပါလို့ ပြောရတော့မှာပေါ့"

ဗင်ဒန် မျက်နှာလွှဲလိုက်သည်။

"အခြေအနေအရပေါ့လေ"

အယ်လိန်းက မျက်နှာတမင်တည်ပြီး . . .

"ဒါဆိုရှင့်အနေနဲ့ သင်္ကြာန်လုပ် သရုပ်တော့ တူဖို့လိုတယ်၊ လာရင် ပန်းစည်းတို့၊ ချော့ကလက်တို့လို လက်ဆောင်အဖြစ် ယူလာဖို့ လိုမယ်ရှင့်"

"ဟုတ်လား . . ."

"ရှင်တို့ အင်္ဂလိပ်လူမျိုးတွေ မယားငယ် . . . အဲ အပျော်မယားကို အဲဒီလို ပန်းတို့၊ ချောကလက်တို့ လက်ဆောင်မပေးကြဘူးလား"

"မသိဘူးဗျာ . . . ကျုပ်မှ မထားဘူးတာ"

"ဒါဆို ရှင်အခုကစပြီး သင်ရတာပေါ့ရှင်"

ဗင်ဒန်အနေကျပ်ပုံရ၏။ အယ်လိန်း အစလွန်သွားပြီလားဟု တွေးသည်။ နောက် သူတို့နှစ်ဦး နှုတ်ဆိတ်ကြ၍ လမ်းခွဲကြ၏။

ဗင်ဒန်သည် အီဂျစ်-အင်္ဂလိုယူနီယံကလပ်သို့ သွားရန် အရပ်ဝတ်လဲလိုက်သည်။ ဗင်ဒန် သူ့ဇနီးကို သတိရသည်။

ဗင်ဒန် ဇနီးကိုချစ်ခဲ့၏။ ယခုလည်း ချစ်နေဆဲဖြစ်ပါ၏။

သူ၏ဖခင်မှာ လူချမ်းသာအဖြစ်မှ သံအမှုထမ်းဖြစ်လာသူဖြစ်၍ သူကဲ့သို့ သော စာတိုက်ဗိုလ်သားတစ်ဦးနှင့် လက်ထပ်မည်ဆိုသောအခါ ကျေနပ်ပုံမရ၊ ဗင်ဒ မှာ စကောလားရှစ်ရပြီး တက္ကသိုလ်တက်၊ ထိုမှတစ်ဆင့် စစ်ဗိုလ်ဖြစ်လာခြင်းဖြစ်၏ ဖခင်က မကြည်ဖြူသော်လည်း သမီးက ခိုင်မာစွာ ရပ်တည်ခဲ့၍ သူတို့ လက်ထ ဖြစ်ခဲ့ခြင်းဖြစ်သည်။ ဇနီးသည်၏မိသားစုညစာစားပွဲများတွင် ဗင်ဒန်တစ်ယောက် ဒေါ် တို့အလယ်မှ ကျီးကန်းဖြစ်ခဲ့ဘူးပါ၏။

ယခုတော့လည်း အားလုံးပြီးဆုံးသွားခဲ့ပါပြီ၊ ဇနီးအင်ဂျီလာကို ရယူနိုင်ခဲ့ သူ ကံကောင်းခဲ့ပါ၏။

သူသည် ယူနီယံသို့ မော်တော်ဆိုင်ကယ်နှင့်ပင် လာခဲ့၏။ သူသည် သူ B.S.A သုံးကောင်ခွဲ မော်တော်ဆိုင်ကယ်ကို သဘောကျနေပြီဖြစ်သည်။ ကိုင်ရို

အလိုက်ဆုံးယာဥ်ဟု ယူဆထား၏။

ယူနီယံရှေ့ သူဆိုင်ကယ်ရပ်လိုက်သောအခါ နေချိုပြီဖြစ်၏။ ကလပ်အတွင်း၌ လူတစ်ချို့ရှိနေပါပြီ။ သူသည် စိုက်ပရပ်-ရှယ်ရီတစ်ခွက်ယူ၍ လူအုပ်ထဲ ဝင်လိုက်လေ၏။ ခဏအကြာ သူ့နောက်မှ ခေါ်သံတစ်ခု ကြားရသည်။ လှည့်ကြည့်လိုက်၏။

"ဒေါက်တာ အဗူနော့ပါလား"

မိန်းကလေးကပြုံး၍ . . .

"ဒီမှာ ကျွန်မတို့ မိတ်ဆွေလို နေကြရအောင်ပါ . . . ကျွန်မနာမည်က

"ကျွန်တော်က ဝီလီယံပါ၊ ခင်ဗျားအမျိုးသားပါလား"

"ရှင် . . . ကျွန်မမှာ အိမ်ထောင်မရှိပါဘူးရှင်"

"ဟုတ်လား . . ."

ကြည့်စမ်း ယခုမှ သူ စဥ်းစားမိသည်။ သည်ဒေါက်တာမကား အိမ်ထောင်မရှိသူ သူလွတ်။ သူက မုဆိုးဖိုလူလွတ်။ သူတို့နှစ်ဦး လူမြင်ကွင်းမှာ သုံးလေးကြိမ်ဆုံပြီ၊ သူတို့ အင်္ဂလိပ်အသိုင်းအဝိုင်းက စကားတီးတိုး သဖန်းပိုးလုပ်နေကြတော့မည်ဖြစ်၏။ သူက . . .

"ခင်ဗျားက ခွဲစိတ်ဆရာဝန်ဆို"

ဂျူးကပြုံး၍ . . .

"အခုလောလောလတ်လတ် ကျွန်မလုပ်နေရတာကတော့ သာမန်ဆေးကုသတာလောက်ပါပဲ"

"ခင်ဗျား ဘယ်လိုလုပ် အောင်မြင်ခဲ့တာလဲဗျာ . . . အဲ ကျွန်တော်ဆိုလိုတာက မိန်းကလေးတစ်ယောက်အနေနဲ့"

"ဒီလိုပေါ့ရှင် . . . ကြိုးစားရတာပေါ့ . . . အထာကတော့ ဘယ်ကျမလဲ. . . ကျွန်မလဲ ရှင့်အကြောင်းကြားပါတယ်"

"ဘာများပါလိမ့်"

"ဩော် . . . သားကလေးကို ကိုယ့်ဘာသာထိန်းနေရတယ်လို့"

"ဒါလား . . . အခြေအနေအရပေါ့ဗျာ၊ သူ့ကို အင်္ဂလန်ပြန်လွှတ်ထားဖို့ကလည်း မတတ်နိုင်ဘူးမဟုတ်လား၊ အခွင့်အရေးအရဆိုလည်း ဗိုလ်ချုပ်တစ်ယောက်လည်းမဟုတ်ဆိုတော့"

"ဒါပေမယ့်၊ ပို့ရမယ်ဆိုလည်း၊ ရှင်မပို့ချင်ဘူးမဟုတ်လား"

"ဟုတ်တယ် မပို့ချင်ဘူး"

"ကျွန်မ ဒါကိုပြောတာပါ"

"ဟုတ်တယ်လေ၊ သူက ကျုပ်သားပဲ၊ ကျုပ်ကပဲ ကြီးပြင်းလာအေ… မွေးချင်တာပေါ့၊ သားကလည်း ဒီအတိုင်း ဆန္ဒရှိတာပဲ"

"ကျွန်မနားလည်ပါတယ်၊ ဒါပေမယ့် အချို့အဖေတွေကတော့ ဒီအ… အနေမှာ ဒီလိုမတွေးကြဘူးလေ၊ အဲဒီအလုပ်ဟာ ယောကျ်ားအလုပ်မဟုတ်ဘူ…

"သြော် . . . အင်း . . . ခင်ဗျားပြောတာ ကျွန်တော်သိပါပြီ၊ ဟုတ်ပါ… ဗျာ၊ ကျွန်တော်ဖြင့် အဲဒီလို တစ်ခါမှ မစဉ်းစားမိခဲ့ဘူး"

"ကဲပါရှင် ကျွန်မအခုလို စပ်စုမိတာခွင့်လွှတ်ပါ . . . ရှင် အရက်ထ… ဦးမလား"

ဗင်ဒန် သူ့ခွက်ကို ကြည့်၏။

"ဟုတ်သားပဲ ကျွန်တော်လည်း ထပ်သောက်ရတော့မှာပဲ"

"ရှင့်အတွက် ဆုမွန်ကောင်းတောင်းခဲ့ပါတယ်ရှင်"

ဂျူးသည် သူ့ကိုပြုံးပြပြီး လှည့်ထွက်သွား၏။

ဗင်ဒန်သည် ကလပ်အဆောက်အအုံထဲသို့ ဝင်လိုက်သွား၏။ ဂျူး… လှပသော၊ ပညာတတ်သော၊ သတ္တိရှိသော မိန်းကလေးတစ်ဦးဖြစ်ပါသည်။

သူမအနေနှင့် သူ့အပေါ် စိတ်ဝင်စားကြောင်း ရှင်းရှင်းပြသွား၏။ …ဘာကြောင့် စိတ်မှုလှုပ်ရှားပဲရှိနေပါလိမ့်၊ အသိုင်းအဝိုင်းတစ်ခုလုံးက သူတို့နှင့်… လိုက်ဖက်သည်ဟု ယူဆနေကြပုံရသည်။ သူတို့ထင်ကြေး မှန်ပါသည်။

သူသည် ဘားကောင်တာသွားပြီး . . .

"ဂျင် တစ်ခွက်ရေခဲထည့် အောလစ်တစ်လုံးထည့်၊ ဗားမောက် နည်… ကလေးထည့်"

သူ့လက်ထဲရောက်လာသော စပ်ပြီး မာတီနီခွက်ကို မြည်းကြည့်ရာ… နေကြောင်း တွေ့ရ၏။ သူနောက်ထပ်နှစ်ခွက်မှာသောက်၏။ ရင်ထဲမှာ အ… မရှိပဲနှင့် အယ်လိန်းဆိုသည့် မိန်းမအကြောင်းပဲ စဉ်းစားမိနေ၏။ အယ်လ… မိန်းကလေးတွေက ကိုင်ရိုမှာ ရိုက်သတ်မကုန်အောင်ရှိနေပါ၏။ ဂရိလူမျိုး… လူမျိုး၊ ဆီးရီးယားလူမျိုး၊ ပါလက်စတိုင်းလူမျိုးနှင့် အီဂျစ်လူမျိုးများ အပါအဝ… သူတို့ကချေသည်လုပ်မည်၊ သူဌေးငွေရှင်တို့ကို ဖမ်းမည်။ အားလုံးက ညီညီချေ… များ များသည်။ မာတီနီ၏ သတ္တိပြလာပြီဖြစ်၏။ ဗင်ဒန်သည် ကျသင့်ငွေ… ထွက်လာ ခဲ့လေသည်။

သူ ဌာနချုပ်သို့ မောင်းလာခဲ့သည်။ ဌာနချုပ်တွင် ဘာမှ သတင်းမထူး။ အိမ်ပြန်လာခဲ့၏။

အိမ်တွင် ဂါဖာက ဆန်ထမင်းနှင့် သိုးသားဟင်းညစာအဖြစ် ကျွေးသည်။ နှင့်အတူ သူ တစ်ခွက်ထပ်သောက်၏။ ဘီလီက သူ့အဖေစားနေစဉ် ကျောင်းမှ သင်လိုက်သော ပထဝီဘာသာအကြောင်း နံဘေးမှ ပြောနေ၏။

စားသောက်ပြီး ခဏအကြာတွင် ဘီလီအိပ်ရာဝင်သည်။ ဗင်ဒန်တစ် တည်း စီးကရက်သောက်ရင်း စဉ်းစားကျန်ရစ်၏။ သူ့ခေါင်းထဲတွင် ဂျူးအဗူး သော ဆရာဝန်မိန်းကလေး၊ အဲလက်ဝူလ်ဆိုသော စပိုင်နှင့် ရှိမဲလ်တို့ရုပ် ၏။ ဗင်ဒန်စိတ်ရှုပ်စွာဖြင့် စီးကရက်ကိုလွှင့်ပစ်ပြီး အိမ်အပြင်သို့ ထွက်ခဲ့၏။

ကိုင်ရို၏ ညခင်းမှာ ရှုပ်ထွေးနေဆဲဖြစ်သည်။

ဘားတစ်ခုမှာ သူ အရက်ဝင်သောက်သည်။

ဘားအပြင်ထွက်လာသောအခါ သူသိသောလမ်းကလေးတစ်ခုအတိုင်း ၏၊ အိမ်တစ်အိမ်၏လှေကားပေါ်သို့ တက်လိုက်ပြီး တံခါးခေါက်သည်။ အရွယ် ဘီဂျစ်အမျိုးသမီးတစ်ဦး လာဖွင့်ပေး၏။ သူက ထိုမိန်းမလက်ထဲ ငါးပေါင် ပြီး အခန်းထဲဝင်လိုက်၏။

❖ ❖ ❖

(၅)

အဲလက်ဝူလ်သည် အာရပ်ဝတ်စုံဝတ်၊ အဝတ်ဦးထုပ်ပျော့ကလေးကို ဆော
ငြိတိသျှစစ်ဌာနချုပ် ရုံးချုပ်လှေကားနားဂိုက်သုံးဆယ်ခန့်အကွာတွင် စက္ကူယပ်
များကို ရောင်းနေ၏။ သူ၏ စက္ကူယပ်တောင်မှာ ဝယ်သွားပြီး ယပ်ခတ်၍ နှ
အတွင်း ကျိုးပျက်သွားမည့်အစားမျိုးဖြစ်သည်။

အခြေအနေသည် ငြိမ်သက်စပြုနေပြီဖြစ်၏။ အင်္ဂလိပ်အာဏာပိုင်
နေနှင့် မှတ်ပုံတင်စစ်ဆေးခြင်း မလုပ်တော့သည်မှာ တစ်ပတ်ခန့်ရှိပြီ။ သည်
ဗင်ဒန်ဆိုသော ငနဲသည် ကြာရှည်စွာ ဖိအားပေးနိုင်ပုံမပေါ်ပါကလား။

ဝူလ်သည် အခြေအနေနည်းနည်းကောင်းပြီဟု ယူဆသည်နှင့် ဌာနချ
သို့ သွားသည်။ ကိုင်ရိုသို့ သူ ရောက်အောင်လာနိုင်ခြင်းသည် အောင်မြင်မှုတ
ဖြစ်ပါ၏။ သို့သော် ရိုမဲလ်လိုချင်သော စစ်သတင်းကို ပို့မပေးနိုင်ပါက အလက
ဖြစ်ပေမည်။ သူ့အနေနှင့် ရိုမဲလ်နှင့် ခဏတွေ့ဆုံရခြင်းကိုပြန်၍ အမှတ်ရ
နာမည်ကျော် သဲကန္တာရမြေခွေးဟုခေါ်ကြသော ရိုမဲလ်သည် ပုံသဏ္ဌာန်အ
မြေခွေးရုပ်မပေါက်ပါ။ သူ့ပုံမှာ လူကောင်ညှက်ညှက်၊ မနားမနေအလုပ်လုပ်
သူ ဖြစ်ပြီး၊ တင်းမာသော တောသားမျက်နှာနှင့် လူတစ်ယောက်သာ ဖြစ်
ရိုမဲလ်က "အင်္ဂလိပ်တပ်အင်အားအရေအတွက်၊ တပ်မတွေရဲ့နာမည်၊ စစ်မြေ
ထားတဲ့ တပ်နဲ့အရံတပ်၊ သူတို့တတွေရဲ့လေ့ကျင့်မှုအခြေအနေ၊ သံချပ်ကာ က

...ခင်း၊ လက်နက်အင်အား၊ ရိက္ခာနှင့်လောင်စာအခြေအနေ၊ အုပ်ချုပ်တဲ့ တပ်မှူး ...၏ စိတ်နေသဘောထား၊ စစ်ဆင်မှုပရိယာယ်နှင့် ရည်ရွယ်ချက်။ ဒါတွေအားလုံး ...သိချင်တယ်။ မင်းကို လူတော်တစ်ယောက်လို့ ဌာနချုပ်ကပြောကြတယ် ဝူလ်၊ ...အမှန်ပဲဆိုတာ မင်းက အလုပ်နဲ့ပြပါ"

ရှိမဲလ်စကားက ဒါပဲဖြစ်သည်။ သို့သော် လက်တွေ့အကောင်အထည်ဖော် ...မလွယ်ပါ။

တချို့သတင်းများကတော့ ကိုင်ရိုမြို့ထဲမှာ လမ်းလျှောက်သွားရုံနှင့် ဝူလ် ...သည်။ ဟိုလူဒီလူ၏စကားကို နားထောင်ရုံနှင့် မသိမသာမေးရုံနှင့် တပ်များ ...ကြောင်း အသေးအမွှားကိုတော့ သိနိုင်ပါသည်။ သည်သတင်းမျိုးကိုသာ သာမန် ...တွေက ပို့နေကျ၊ ပို့သမျှသတင်းတွေကို စုမှတ်ထား၍ ကောက်ချက်ချသည်က ...ဌာနချုပ်အလုပ်။

သို့သော် ရှိမဲလ်သည် သည်သတင်းမျိုးလောက် လိုချင်သည် မဟုတ်။

စစ်ရုံးဌာနချုပ်အတွင်းမှ စာရွက်စာတမ်းများရှိသည်။ ထို စာရွက်ထဲ၌. . .

"တပ်ရင်းအေသည် အနားယူ အားဖြည့်ပြီးနောက်၊ တင့်ကားစီးရေတစ်ရာ၊ ...အပြည့်အစုံနှင့် ကိုင်ရိုမှ နက်ဖြန်မနက်ထွက်မည်။ ရည်ရွယ်ချက် စီ၊အိုအေ ...၏ တပ်ရင်းဘီနှဲ့ပေါင်းမည်။ နောက် ဒီဒေသသို့ နောက်စနေနေ့မှာ စုပေါင်း ...ဆင်မည်"

အဲဒီလို သတင်းမျိုးကို ဝူလ်ရမှဖြစ်မည်။

ထို့ကြောင့်လည်း ဌာနချုပ်ရှေ့မှာ သူ ယပ်တောင်ရောင်းနေခြင်းဖြစ်သည်။ ...စစ်ဌာနချုပ်မှာ ဥယျာဉ်ရပ်ကွက်၊ အိမ်ကြီး အိမ်ကောင်းများကို သိမ်းပိုက်ပြီး ...ကာ စခန်းဖွင့်ထားခြင်း ဖြစ်၏။ (သူ၏ အောလစ်ဗီယာအိမ် မပါသည်ကိုပင် ...ကောင်နေရ၏။) ထိုဌာနချုပ်ကို သံဆူးကြိုးများဖြင့် ဝင်းခတ်ထား၏။ယူနီဖောင်း ...ဗိုလ်များအနေနှင့် အလွယ်တကူ ဝင်ထွက်နေကြသော်လည်း အရပ်ဝတ်နှင့် ...ပါက ဂိတ်ဝမှာ စုံစမ်းစစ်ဆေးမှု ပြုသည်။

အခြား ဌာနချုပ်များသည် ကိုင်ရိုမြို့အနှံ့ရှိပါ၏၊ သို့သော် ဤစခန်းကား ...အလယ်ပိုင်း စစ်မျက်နှာတစ်ခုလုံး၏ ဌာနချုပ်။ ဝူလ်အနေနှင့် စပိုင်သင်တန်း ...တက်စဉ်က အင်္ဂလိပ်စစ်တပ် အာဏာပိုင်တို့၏ အလေ့အကျင့်၊ အုပ်ချုပ်ပုံ ...နည်းမှအစ အသေးအချာ သင်ကြားကျက်မှတ်ခဲ့ရပြီးဖြစ်သည်။ ဟိုတုန်းက ...သခုမှ ငါတွေ့မြင်နေရခြင်း ဖြစ်သည်။

...လ်ချုပ်တန်းရှိ ဌာနချုပ် အကြီးအကဲများက ကားနှင့်လာကြသည်။

သို့သော် သူတို့၏ လက်ထောက်များကား ခြေကျင်သာလာကြ၏။ ထိုသူတို့
နံနက်ပိုင်း ဤရုံးသို့ အစည်းအဝေးတက်ရန်၊ ညွှန်ကြားချက်ယူရန်လာကြခြင်းဖြ
နောက် သူတို့ကိုယ်တိုင် ထိုင်သော သီးခြားရုံးရှိရာ မြို့ထဲသို့ ပြန်ကြစမြဲ။ သူတို့
သည် အရေးတကြီး စာရွက်စာတမ်းများကို လက်ဆွဲအိတ်များထဲသို့ ထ
ကိုယ်နှင့်တပါတည်း ယူဆောင်စမြဲ။ သူတို့ထဲမှ တစ်ယောက်သည် ဆမိရာမိ
သို့ သွားသည်။ နှစ်ဦးက ကပ်စတယ်နီလ်ရှိ စစ်စခန်းကို ပြန်ကြ၏။ နံပါ
လူက ပါဂီဆူလေမန်ပါရှာရှိ ဘာဆိုင်းဘုတ်မှ တပ်မထားသော ဌာနချုပ်တစ်
ပြန်သည်။

ဝူလ်သည် ထိုလေးယောက် သယ်လာသောလက်ဆွဲအိတ်များကိုလိုချ
ယနေ့ သူ အစီအစဉ်ဆွဲမည်။

နေပူကျဲကျဲထဲတွင် ဌာနချုပ်လက်ထောက်အရာရှိများ ထွက်လာမ
စောင့်နေ၏။

ထိုစဉ် လက်ထောက်အရာရှိများ ရောက်လာကြ၏။

ဝူလ်သည် စစ်တန်းလျားသို့ပြန်ကြသူနှစ်ဦးနောက်သို့ လိုက်ပါလာခဲ့လေ

နောက်တစ်မိနစ်မှာပင် ကာဖီဆိုင်ထဲမှ အဗ္ဗဒူလာထွက်လာပြီး
နောက်သို့ ကပ်လာသည်။ အဗ္ဗဒူလာက . . .

"သူတို့နှစ်ယောက်လား"

"ဟုတ်တယ်"

အဗ္ဗဒူလာမှာ စတီးသွားများစိုက်ထားသော လူဝကြီးတစ်ယောက်
သည်။ သူသည် ကိုင်ရိုမြို့တွင် အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်သည်။ သို့သော် တ
အာရပ်သူဌေးများကဲ့သို့ ဥရောပတိုက်သားအသွင် ဂိုက်ဖမ်းချင်သူ မဟုတ်၊ ည
သော အာရပ်ဝတ်စုံနှင့် ဦးထုပ်ကို ဆောင်းသည်။ သူ့ဆံပင်များမှာ ရှည်လျား
မှောင်နေပြီး လက်သည်းများမှာလည်း ညစ်ပေလှ၏။ သူ၏ ချမ်းသာကြွယ်ဝ
ဒုစရိုက်လုပ်ငန်းမှ လာခြင်းဖြစ်သည်။

အဗ္ဗဒူလာသည် သူခိုးဖြစ်သည်။

ဝူလ်အနေနှင့်မူ အဗ္ဗဒူလာကို သဘောကျသည်။ သူသည် ဉာဏ်
သည်၊ လိမ်လည်တတ်သည်၊ ရက်စက်သည်နှင့်အမျှ ရက်ရောသည်။ ထို့ပြင်
ပြုံးနေ၏။ အဗ္ဗဒူလာ၏ သူခိုးတပ်ဖွဲ့ကြီးသည် အိမ်ဖောက်ထွင်းခြင်းမှအစ ခါး
နှိုက်ခြင်းအထိ နှစ်ပေါင်း သုံးဆယ်လုံးလုံး ကိုင်ရိုမှာ လုပ်ကိုင်ခဲ့ကြသည်။

သူတို့နှစ်ဦးသား အရာရှိနှစ်ဦးနောက်ကို လိုက်ခဲ့ကြ၏။အဗ္ဗဒူလာ

"သူတို့အိတ် နှစ်လုံးလုံးကို လိုချင်တာလား၊ တစ်လုံးတည်းလား"

"တစ်လုံးတည်းပါ"

"ဘယ်သူ့အိတ်လဲ"

"ဘယ်သူ့အိတ် ရရပါပဲ"

ဝူလ်သည် သူ၏ အော်လစ်ပီးယားအိမ် စိတ်မချရတော့ပြီဆိုသောအခါက အဗ္ဗဒူလာထံသွားရန် စဉ်းစားခဲ့ဘူး၏။ သို့သော် မသွားရန် ဆုံးဖြတ်ခဲ့သည်။ အဗ္ဗဒူလာသည် သူ့ကို လုံခြုံစွာ ဝှက်ထားပေးမည်ကားဖြစ်၏။ သို့သော် သူ တန်ဖိုး သိသွားလျှင် ဗြိတိသျှလက်သို့ ရောင်းစားမည်မှာ သေချာလှပေသည်။ အဗ္ဗဒူလာသည် လူတိုင်းကို လိမ်ရန် ဝန်မလေး၊ လူတိုင်းကလည်း သူ့ကို လိမ်ညာလိမ့်မည် ဟု ယုံကြည်ထားသူ ဖြစ်သည်။

သူတို့တသိုက် ရှုပ်ထွေးသော လမ်းထောင့်တစ်ခုသို့ ရောက်လာ၏။

အရာရှိနှစ်ဦးသည် ယာဉ်များ ဥဒဟိုဖြတ်နေသောလမ်းမကို ကြိုးစား ဖြတ်ကူး၏။ ဝူလ်က နောက်မှ လိုက်မည်ပြုသောအခါ အဗ္ဗဒူလာက ဝူလ်လက်ကို ဆွဲလိုက်၏၊

"ဒီနေရာမှာ လုပ်မယ်"

ဝူလ် ပတ်ဝန်းကျင်ကို ကြည့်သည်။ အဆောက်အအုံများ၊ ပလက်ဖောင်း များ၊ လမ်းဆုံများ၊ လမ်းကြားများ။ ဝူလ်ပြုံးလိုက်ပြီး ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဒီနေရာ အကောင်းဆုံးပဲ"

နောက်တစ်နေ့ သူတို့ အကောင်အထည်ဖော်ကြသည်။

အဗ္ဗဒူလာရွေးချယ်ထားသော နေရာကား ကောင်းလှပေသည်။ လမ်း ကြားလေးတစ်ခုက လမ်းမကြီးများ ဆုံရာကိုလာဆုံနေခြင်းဖြစ်သည်။ ထောင့်တစ် ဖက်တွင် ကုလားထိုင်များ အပြင်ထုတ်ထားသော ကာဖီဆိုင်တစ်ဆိုင်ရှိ၏။ ထိုဆိုင် ၏ လမ်းမကမ်း ပလက်ဖောင်းမှာ ဘတ်စ်ကားမှတ်တိုင်ရှိသည်။ လူတွေက နေရာ အနှံ့မှာ ရှုပ်ထွေးနေ၏။

ဝူလ်သည် ကာဖီဆိုင်ထောင့်စားပွဲမှာထိုင်ရင်း တစုံတရာများ လွဲမှားသွား မလားဟု စိုးရိမ်နေ၏။ သူ့စားပွဲနေရာသည် မြင်ကွင်းအားလုံးကို မြင်နိုင်သော နေရာဖြစ်၏၊ သူ စိုးရိမ်ဆဲ . . .။

အရာရှိနှစ်ယောက် ယနေ့ကျမှ စစ်တန်းလျားကို မပြန်ဘဲ နေမည်လား။ ဒါမှမဟုတ် တခြားလမ်းမှ ပြန်ကြမည်လား။

ရဲအဖွဲ့က ထင်တာထက် စောရောက်ပြီး အကုန်လုံးဆွဲသွားမည်လာ
တာဝန်ပေးထားသော သူခိုးလေး မိသွားပြီး အစစ်ဆေးခံရမည်လား
ဝူလ်ကိုယ်တိုင်များ မိသွားမည်လား။

အဗ္ဗဒူလာအနေနှင့် ဤကဲ့သို့ စွန့်စွန့်စားစား အရာရှိတစ်ယော
အိတ်ကို ခိုးယူမည့်အစား၊ မေဂျာဗင်ဒန်ဆိုသူထံကို သွားပြီး သူအလိုရှိသော အဲ
ဝူလ် နေ့ခင်း ၁၂ နာရီ လမ်းမထောင့် လက်ဖက်ရည်ဆိုင်မှာ ရှိမည်ဟု ရောင်းစား
က ပို၍ မလွယ်ကူပေဘူးလား။

ဝူလ်အနေနှင့် ထောင်ကို ကြောက်သည်၊ ကြောက်သည်ဆိုခြင်း
ထိတ်လန့်သည်ဟု ဆိုရမည်။ သူသည် နေရောင်မမြင်ရသော အမှောင်ခန်းက
တွင်လည်း မနေနိုင်။ စားကောင်း သောက်ဖွယ်များကိုလည်း မစားမသောက်
နေနိုင်သူမဟုတ်၊ သူ စိတ်လှုပ်ရှားလာ၏။

၁၁နာရီ ၄၅ မိနစ်တွင် ကြီးမားသော အဗ္ဗဒူလာ၏ကိုယ်လုံးကြီး
လူအုပ်နှင့်အတူ ရွေ့မျောလာသည်။ အဗ္ဗဒူလာ၏ မျက်ခွက်တွင် ဘာထူးခြ
မတွေ့ရ။ သို့သော် သူ့မျက်လုံးစုံ သေးသေးမည်းမည်းကလေးကမူ သူ၏ အစီ
များကို စစ်ဆေးနေပုံရ၏။ သူ လမ်းကူးပြီး ပျောက်သွား၏။

၁၂ နာရီ ၅ မိနစ်တွင် အရာရှိနှစ်ဦးကို ဝူလ်မြင်ရသည်။

ဝူလ် ကုလားထိုင်မှာ ဖင်တကြွကြွဖြစ်နေ၏။

အရာရှိများ တဖြည်းဖြည်းနီးလာသည်။သူတို့လက်ထဲတွင်အိတ်ကိုယ်
လမ်းတစ်ဘက်တွင် ရပ်ထားသော ကားတစ်စင်းက စက်စမ်းနေ၏

ထိုအချိန်တွင် ဘတ်စ်ကားမှတ်တိုင်သို့ ဘတ်စ်ကားတစ်စီး ဆိုက်လာ
ကံကောင်းလှပါတကားဟု ဝူလ် တွေးသည်။ အကြောင်းမူ ဘတ်စ်ကားသည် အ
နှင့်ကိုက်၍ ရပ်အောင်ထိတော့ အဗ္ဗဒူလာ မစီစဉ်နိုင်လောက်ပါ။

အရာရှိများသည် ဝူလ်နှင့် ငါးဂိုက်အကွာလောက်ရောက်လာ၏။

လမ်းတစ်ဘက်မှာ ရပ်ထားသောကား ရုတ်တရက် ဆောင့်ထွက်လိုက်
ကားသည် ပက်ကပ်အမျိုးအစားဖြစ်ပြီး စက်အား ကောင်းလှရာ မုန်ယိုလာ
ဆင်တစ်ကောင်နှင့် တူလှ၏။ ဟွန်းသံက အဆက်မပြတ်တီးလာရာ မလွတ်မကင်
များ ဖရိုဖရဲဖြစ်သွားကြ၏။ ထိုအခိုက်မှာပင် ထောင့်ဘက်သို့ ကူးဝင်လာသော
ယက် တက္ကစီကားနှင့် ဆောင့်မိသွားလေတော့၏။

အရာရှိနှစ်ယောက်သည် ကားချင်းတိုက်မိသည်ကို ငေးကြည့်နေကြ
အနောက်တိုင်းဝတ်စုံဝတ်ထားသော အာရပ်တက္ကစီဒရိုင်ဘာသည်

ပေါ်မှ ခုန်ဆင်းလာ၏။ ပက်ကပ်ကားပေါ်မှ ဂရိလူငယ်ဒရိုင်ဘာကလည်း ဆင်းလာသည်။ အာရပ်ဒရိုင်ဘာက ဂရိဒရိုင်ဘာကို ဆဲသည်။

ဂရိဒရိုင်ဘာကလည်း ပြန်ဆဲသည်။

အာရပ်က ဂရိ၏ပါးကိုရိုက်သည်။ ဂရိလူငယ်က အာရပ်အား လက်သီးနှင့် ထိုးသည်။

ဘတ်စ်ကားဆင်းသူနှင့် တက်သူများ ဝိုင်းဝန်းပြုလာကြ၏။

လမ်းထောင့် ကျွမ်းဘားပြနေသူ နှစ်ယောက်အနက် အဖော်၏ခေါင်းပေါ်မှာ ကင်းမြီးကောက် ထောင်နေသူသည် ရန်ပွဲကို လှမ်းကြည့်မိ၍ ကိုယ်ရှိန်ပျက်ပြီး ခေါင်းဘားမှ ပရိသတ်ပေါ်သို့ ပြုတ်ကျသည်။

ထိုအခိုက် ကောင်းလေးတစ်ယောက် ဝူလ်စားပွဲနံဘေးမှ ဖြတ်ပြေးသည်။ ဝူလ်က ထိုကောင်လေးကို လက်ညှိုးထိုး၍ ပါးစပ်မှ သံကုန်အော်သည်။

"သူခိုး . . . သူခိုး . . ."

ကောင်လေး လူအုပ်ကြား ဖြတ်ပြေးသည်။ ဝူလ် လူအုပ်ထဲလိုက်သည်။ အခြေအနေအားလုံး ရှုပ်ထွေးကုန်ကြသည်။ ကောင်လေးက အရာရှိနှစ်ယောက်ကြား ဖြတ်ပြေးသည်။ အလဲလဲအပြိုပြိုဖြစ်ရာမှ ရန်ပွဲများဖြစ်ကာ ရှုပ်ထွေးစွာ ထိုးသတ်ကြလေ၏။ တုတ်ကိုင်သူတချို့ ရန်ပွဲဖျင်သလိုလိုနှင့် ဝင်ရိုက်သည်။ ရန်ပွဲသည် ဈေးဆိုင်များဘက်ကူးလာရာ ဆိုင်ဖော်များက ခွေးခြေကုလားထိုင်များဖြင့် ရိုက်ကြပြန်၏။

နောက်ဆုံးမှ ရဲများရောက်လာ၏။

ဝီစီသံ ကြားကြရသည်။ လူများ ရှဲသွား၏။ ပြဿနာမဖြစ်လိုကြသူများဖြစ်သည့်အတိုင်း လူတိုင်း အသာလေးလစ်ကြ၏။ ဝူလ်သည် မသိမသာ လမ်းတစ်ဘက်ဆောက်အောင်သွားပြီးမှ ခပ်လှမ်းလှမ်းမှ အကဲခတ်သည်။

ရဲများက တွေ့ရာလူ ၆ ယောက်ကို လက်ထိပ်ခတ်ပြီးသောအခါ အခြေအနေအားလုံး ငြိမ်သက်သွား၏။

ဘတ်စ်ကားဒရိုင်ဘာတစ်ယောက်သာ လက်ကျိုးသွားပြီး ကျန်လူများမှာ အနွံ့အပဲ့ အဖူးအရောင်များသာ ဒဏ်ရာရ၏။

ရဲများက တိုက်မိသော ကားနှစ်စီးကို ရှင်းသောအခါ ဒရိုင်ဘာနှစ်ယောက်စလုံးသည် သူတို့ကားနှစ်စီးစလုံး၏ နောက်ဘီးများဖြုတ်ယူခိုးသွားခြင်းခံရသည်ကို တွေ့ရလေ၏။

ဘတ်စ်ကားပေါ်မှ မီးလုံးများလည်း မရှိတော့ . . .

ပစ္စည်း အပျောက်အရှများကား စာရင်းလုပ်၍ပင်မနိုင်။

ထိုအထဲတွင် ဗြိတိသျှအရာရှိ၏ လက်ဆွဲအိတ်တစ်လုံးလည်း ပါဝင်
ပေသည်။

အဲလက်ဝူလ်သည် ကိုင်ရိုလမ်းကြားတစ်ခုထဲ၌ လျှောက်လာရင်း ကျေနပ်နေ၏။ လွန်ခဲ့သော အပတ်က စစ်ဌာနချုပ်မှ စာရွက်စာတမ်း ရယူရေးမှာ မိုးစွန်တဖွတ် ကြယ်ကို ဆွတ်ရမလို ခက်နေ၏။ ယခုသော်ကား သူ ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်သည်။ အဗ္ဗဒူလာနှင့် သူ၏ ဂိုဏ်းသားတို့၏ စွမ်းရည်ကား အံ့ချီးဘနန်းပင်။

လက်ဆွဲအိတ်ထဲတွင် ဘာများ ပါပါလိမ့်ဟု သူ တွေး၏။

အဗ္ဗဒူလာ၏အိမ်မှာ စုတ်ချာချာ အိမ်တစ်လုံးဖြစ်သည်။ အိမ်ထဲသို့ ဝူလ် ဝင်ခဲ့ကာ အဗ္ဗဒူလာ၏ အခန်းသို့ လာခဲ့၏။

အဗ္ဗဒူလာ၏ အခန်းကား ပိုင်ရှင်ကဲ့သို့ပင် ညစ်ပတ်စွာရှိသော်လည်း သက်သောင့်သက်သာနှင့် ကြွယ်ဝမှုကိုပြနေ၏။ ကလေးငယ်သုံးယောက်နှင့် ခွေး တစ်ကောင်သည် အဖိုးတန်ဆိုဖာများအကြား ပြေးလွှားနေကြသည်။ ပြတင်းပေါက် နံဘေးတွင် မိန်းမတစ်ဦး ဇာပန်းထိုးနေ၏။ အခန်း၏အလယ်ကောင်တွင် ကူရှင် ဆိုဖာတစ်လုံးပေါ်၌ ကလေးငယ် တစ်ယောက်ကိုပွေ့၍ အဗ္ဗဒူလာထိုင်နေ၏။ သူက ဝူလ်ကိုမော့ကြည့်ပြီး . . .

"ဘယ်လိုလဲ မိတ်ဆွေကြီး ကျုပ်တို့လုပ်တာ အောင်မြင်ရဲ့မဟုတ်လား"

ဝူလ်သည် အဗ္ဗဒူလာနှင့် မျက်နှာချင်းဆိုင်ကြမ်းပြင်ပေါ်မှာပင် အိမ်ရှင် နည်းတူထိုင်လိုက်၏။

"တကယ်အံ့ဩစရာပါပဲဗျာ၊ ခင်ဗျားဟာ မျက်လှည့်ဆရာ၊ မှော်ဆရာ ကျနေတာပါပဲ"

ဝူလ်ဆက်၍ ချီးကျူးစကား ပြောမည်ပြုပြီး ရပ်သွား၏။ အကြောင်းမှာ အဗ္ဗဒူလာ၏လှုပ်ရှားမှုကို တွေ့ရသောကြောင့်ဖြစ်ပါ၏။

အဗ္ဗဒူလာသည် သူ၏ နံဘေးဝန်းကျင်မှာ စုပုံနေသော ပိုက်ဆံအိတ် လက်ကိုင်အိတ်များထဲမှ တစ်ခုစီဖွင့်၍အိတ်ထဲမှ အဖိုးတန်ပစ္စည်းနှင့် ပိုက်ဆံများကို ထုတ်ယူနေခြင်းဖြစ်၏။

ဝူလ်သည် ထိုအခါမှ ရိပ်မိသွား၏။

"ကြည့်စမ်း ခွေးသူခိုးကြီး ရန်ပွဲအတွင်းမှာ ခင်ဗျားကောင်ကလေးတွေ

...ဒါးပိုက်နိုက်ခိုင်းသေးတာကိုး . . .”

အဗ္ဗဒူလာက သွားဖြဲပြသည်။

“အင်းလေ ဒီလောက် အပင်ပန်းခံစီစဉ်ပြီးမှ လက်ဆွဲအိတ်ကလေးတစ်လုံး ...မယ်လို့ . . .”

“ဒါထက် လက်ဆွဲအိတ်ကို ရရဲ့လား”

“ရတာပေါ့”

ဝူလ် စိတ်အေးသွား၏။ အဗ္ဗဒူလာကမူ လက်ဆွဲအိတ်ကို ထုတ်ပေးဟန် ...သေး။ ဝူလ်က . . .

“ဒါဖြင့် ကျုပ်ကို ဘာလို့မပေးသေးတာလဲ”

“ခုချက်ချင်းပေးမှာပါ”

ပါးစပ်က ပေးနေသော်လည်း လူကမလှုပ်သေး။ နောက်မှဆက်၍ . . .

“လက်ဆွဲအိတ်ပေးတဲ့အချိန်မှာ ကျုပ်ကို နောက်ထပ်ပေါင် ၅၀ ပေးရ ...”

ဝူလ်သဘောကျသွား၏။ ဝူလ်အိတ်ထဲမှ ပေါင်ငါးဆယ်ရေ၍ပေးလိုက် ...။ ငွေများသည် အဗ္ဗဒူလာလက်ထဲရောက်သည်နှင့် လျှပ်တပြက်အတွင်း ...သွားလေ၏။ အဗ္ဗဒူလာသည် ကလေးကို လက်တစ်ဘက်နှင့်ချီ၍ ကျန် ...တစ်ဘက်ဖြင့် သူထိုင်နေသော ကုရှင်အောက်မှ လက်ဆွဲအိတ်ကိုထုတ်၍ ဝူလ် ...ပေးသည်။

ဝူလ်ချက်ချင်းယူ၍ စစ်ကြည့်၏။ သော့ကပွင့်နေသည်။ သူ့စိတ်ထဲမှာ ...သွား၏။ သို့သော် ကြိုးစားထိန်း၍ . . .

“ခင်ဗျား . . . သော့ ဘာလို့ဖွင့်ထားရတာလဲ”

အဗ္ဗဒူလာက ပခုံးတွန့်ပြ၏။ အဓိပ္ပာယ်က ‘ဆောရီး’ဟုလည်း ရသည်။ ...နိုင်မလဲ’ဟူ၍လည်း ရှိနေ၏။

ဝူလ် သက်ပြင်းချလိုက်၏။ သူ့‘ဥရောပမှာ အနေကြာခဲ့ရာ ဇာတိမြေ၏ ...နှင့် ကင်းကွာနေပြီကော၊ သူခိုးတစ်ယောက်ကို ခိုးခိုင်းသောအိတ်တစ်လုံး ...သော့ဖွင့်မကြည့်ပဲ နေမည်ဟု ဘယ်လိုဖြစ်နိုင်ပါလိမ့်။

ဝူလ် အိတ်ကိုဖွင့်ကြည့်သည်။

အထဲမှာ အင်္ဂလိပ်ဘာသာဖြင့် လက်နှိပ်စက်ရိုက်ထားသော စာရွက်စာ ...ပါသည်။ ဝူလ်ဖတ်မည်ပြုစဉ် မိန်းမငယ်ငယ်ချောချောတစ်ယောက် သူ့ကို ...လာပို့၏။ သူက အဗ္ဗဒူလာအား . . .

"သမီးလား"

အဗ္ဗဒူလာရယ်သည်။

"မဟုတ်ဘူး . . . မိန်းမ"

ဝူလ်သည် မိန်းကလေးကို တစ်ခါပြန်ကြည့်မိသည်။ မိန်းကလေးသည် အလွန်ရှိမှ ဆယ့်လေးငါးနှစ်ရှိဦးမည်။ သူမျက်လွှာချပြီး စာရွက်များကို ပြန်ကြည့်သည်။ တစ်ရွက်ပီစီ သေချာဖတ်၏။ နောက်ဆုံး စာရွက်များကို ပစ်ချလိုက်၏။

"ဘုရားရေ . . ."

ဝူလ် တိုးတိုးကလေး ဘုရားတလိုက်၏။ ပြီးမှအော်၍ ရယ်မိသည်။

သူသည် ဗြိတိသျှစစ်တပ်တစ်ခု၏ တစ်လစာထမင်းဟင်းချက်ပြုတ်ရေးဇယားကို ခိုးမိနေခြင်းကြောင့်တည်း။

ဗင်ဒန်က ကာနယ်မော့(ဂ)အား ပြောသည်။

"ဒီကုန္ဒေ . . . ဘယ်အရာရှိမှ အရေးအကြောင်းမရှိပဲ၊ အရေးကြီးတဲ့ စာရွက် စာတမ်းထည့်ပြီး အပြင်မထွက်ရဘူးလို့ အမိန့်ထုတ်ခိုင်းလိုက်ပါတယ်"

ဘော(ဂ)ကမူ အေးအေးဆေးဆေးနှင့် . . .

"ကောင်းပါတယ်"

"ဟို . . . ကျွန်တော် နောက်ထပ်အသစ်ခန့်ထားတဲ့ သတင်းပေးကောင် မလေးက" "ဟို . . . မကောင်းတဲ့ ကောင်မလေးလား"

"ဟုတ်ကဲ့"

ဗင်ဒန် စိတ်ထဲကမူ မကျေနပ်၊ အယ်လိန်းသည် မကောင်းတဲ့ ကောင်မလေးမဟုတ်ကြောင်း ရှင်းပြချင်၏။ သို့သော်မပြောပဲ ဆက်၍ . . .

"သူ ကြားရတဲ့ သတင်းကတော့ . . . အဲဒီရုန်းရင်းဆန်ခတ်ပွဲကို အဗ္ဗဒူလာက စီစဉ်တယ်ဆိုပဲ"

"အဗ္ဗဒူလာဆိုတာ ဘယ်သူလဲ"

"သူက သူခိုးပါပဲ၊ ဒါပေမယ့် သတင်းအရောင်းအဝယ်လဲ လုပ်တယ်၊ ကျွန်တော့်ကိုလည်း သတင်းအချို့ရောင်းဘူးတယ်၊ ရန်သူကိုလည်း ရောင်းဖို့ဝန်လေးတာ မဟုတ်ဘူး"

"နေပါဦး . . . သူက ရုန်းရင်းဆန်ခတ်ဖြစ်အောင် ဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲ"

"ခိုးဖို့နေမှာပေါ့"

"ဒါဆို ရှင်းသားပဲ"

"အဲဒီပွဲမှာ အခိုးခံရတဲ့ ပစ္စည်းတွေမနည်းဘူး၊ ဒါပေမယ့် အဓိကရည်ရွယ်... အရာရှိကိုင်သွားတဲ့ လက်ဆွဲအိတ်ဖြစ်ချင်ဖြစ်နေမှာ"

"ဟုတ်မယ်မထင်ပါဘူးကွာ၊ တို့စစ်တပ် ကင်တင်းက စားသောက်စာရင်း... အဇ္ဈတ္တလာက ဘာလုပ်ဖို့ခိုးရမှာလဲ"

ဘော(ဂ)က သဘောကျပြီးရယ်သည်။ ဗင်ဒန်ကမူ မရယ်ပဲ . . .

"သူက စားသောက်စာရင်းပဲလို့ ကြိုသိနေတာမှ မဟုတ်တာ၊ ခိုးတုန်းက... အရေးတကြီးစာရွက်စာတမ်းပါတယ်ထင်ပြီး ခိုးတာလဲ ဖြစ်ချင်ဖြစ်နိုင်တာပဲ... လား"

"နေပါဦး . . . အရေးကြီးတဲ့ စာရွက်စာတမ်းကိုကော အဇ္ဈတ္တလာက... ...လဲ"

"တစ်ယောက်ယောက်က လိုချင်လို့ ခိုးခိုင်းတာလားမှမသိတာ"

"ဘယ်သူက လိုချင်မှာလဲ"

"အဲလက်ဝှလ်ပေါ့" "ဘယ်သူ"

"အစရွတ်က ဓားနဲ့လူသတ်သမားလေ"

"အို . . . မဟုတ်သေးပါဘူး မေဂျာရယ် . . . အဲဒီကိစ္စက အဲဒီမှာပဲ... ...တ်လား" ထိုစဉ် ဘော(ဂ)၏ ဖုန်းက မြည်လာသည်။ ဗင်ဒန်သည် ဘော့(ဂ)... ...ပေါ့ဆနိုင်မှုကိုအကြောင်း ပြု၍ ဒေါပွနေသော စိတ်ကို ကြိုးစားဖြေ... ...နေ၏။

ဘော(ဂ)ကမူ တယ်လီဖုန်းထဲကို . . .

"ဟုတ်ကဲ့ခင်ဗျ . . . ကျွန်တော် ခုပဲ လာခဲ့ပါ့မယ်"

ဘော(ဂ) ဖုန်းချလိုက်သည်။ နောက် ဗင်ဒန်ဘက်လှည့်၍

"အဲ . . . တို့စကားက ဘယ်ရောက်သွားပါလိမ့်"

"အစရွတ်လူသတ်သမားကို ခုထိမမိသေးဘူး သူ ရောက်လာပြီးတဲ့နောက်၊ ...ကျော်ကြာမှ စစ်ဌာနချုပ်အရာရှိ တစ်ယောက်ရဲ့ အိတ်ကို အခိုးခံရတာ"

"စားသောက်စာရင်းတွေပါတဲ့ အိတ်လေ"

ဗင်ဒန် သက်ပြင်းချလိုက်၏။ သို့သော် မနေသာ၍ . . .

"ကျွန်တော်တို့ ထောက်လှမ်းရေးမှာ တိုက်ဆိုင်မှုဆိုတာကို ကျွန်တော်... ...ဘူး"

"ကဲပါကွာ . . . ကျုပ်လာတရားဟောမနေနဲ့၊ မင်းပြောတာ မှန်တယ်
ငါ့စိတ်ထဲ မမှန်ဘူးပဲထင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းစောစောကပြောတဲ့ အ
အမြင် တို့ဘာလုပ်နိုင်ဦးမှာလဲ"

"ဟုတ်ပါပြီလေ ကျွန်တော်လည်း အဗ္ဗဒူလာနဲ့သွားတွေ့ မေးမြန်းပြီး
သူကတော့ အလက်ဝူလ်ဆိုတာကို ကြားတောင်မကြားဖူးပါဘူးလို့ ပြောတာ
ဒါပေမယ့် သူ ညာနေတယ်လို့ ကျွန်တော်ထင်တယ်"

"သူက သူခိုးဆိုရင် မင်းကဘာဖြစ်လို့ အီဂျစ်ရဲအဖွဲ့ကို လက်မတို့
တာလဲ"

လက်တို့လဲ ဘာအကျိုးမှ မရှိနိုင်ပဲကိုးဗျ . . . ဟု ဗင်ဒန်တွေးသ
သို့သော် ပါးစပ်ကမူ . . .

"ရဲတွေအားလုံးကလည်း အဗ္ဗဒူလာကို သိကြပါတယ် သူခိုးလို့၊
မယ့် . . . တော်တော်များများက အဗ္ဗဒူလာဆီက လာဘ်ယူနေကြတော့ ဘ
မလုပ်ဘူးပေါ့၊ ကျွန်တော်တို့ သူ့ကိုဆွဲပြီး နည်းနည်းကြမ်းကြမ်းမေးလိုက်ရင်
သား ဘက်ပြောင်းလာမှာပဲ။ သူက ဘာမှ ယုံကြည်ချက်ရှိတာမဟုတ်ဘူး"

"ဌာနချုပ် ထောက်လှမ်းရေးအဖွဲ့ဟာ လူတစ်ယောက်ကိုဆွဲပြီး ကြမ်း
တမ်းတမ်းမေးလို့ မဖြစ်ဘူး မေဂျာ"

"ထောက်လှမ်းရေးတပ်က လုပ်ရင်ဖြစ်ပါတယ်၊ ဒါမှမဟုတ် တပ်ထိ
လုပ်ရင်လဲ ရတာပဲ"

ဘော(ဂ)က ပြုံး၍ . . .

"ကျုပ်အနေနဲ့ ထောက်လှမ်းရေးတပ်ကိုသွားပြီး စစ်ဌာနချုပ်က
သောက်စာရင်းပျောက်လို့ အာရပ်သူခိုးတစ်ယောက်ကို ဖမ်းစစ်ပေးစမ်းပါဆို
ရယ်စရာဖြစ်မှာပေါ့"

"ဒါပေမယ့် . . ."

"တော်လောက်ပြီထင်တယ် မေဂျာ၊ ကျုပ်တို့ဆွေးနွေးတာ အချိန်အ
ကြာသွားပြီ"

"ဘုရားရေ . . ."

ဘော(ဂ)က အသံမြှင့်၍ . . .

"ဒီမယ် . . . ရုန်းရင်းဆန်ခတ်ဖြစ်တာကို စီစဉ်တယ်လို့ ကျုပ်မ
အဗ္ဗဒူလာက လက်ဆွဲအိတ်ကို ခိုးဖို့ကြံတယ်လို့လဲ ကျုပ်မယုံဘူး၊ ဝူလ်ဆိုတဲ့
လဲ နာဇီစပိုင်ဖြစ်မယ်လို့ ကျုပ်မယုံဘူး . . . ရှင်းပြီလား"

"ကျွန်တော့်အနေနဲ့ . . . ဟို"
"ကျုပ်ပြောတာ ရှင်းရဲ့လား"
"ဟုတ် . . . ဟုတ်ကဲ့"
"ဒါဆို . . . မေဂျာသွားနိုင်ပြီ"
ဘင်ဒန်အခန်းထဲမှ ထွက်လာခဲ့ရလေ၏။

❖ ❖ ❖

(၆)

ကျွန်တော်သည် ကလေးသာ ရှိပါသေးသည်။ ဖေဖေက ကျွန်တော်၏
ဘယ်လောက်ရှိပြီဟု ပြောပါသည်။ သို့သော် ကျွန်တော် မေ့သွားပါသည်။
တစ်ခါ ဖေဖေပြန်လာသောအခါ ကျွန်တော်မေးပါမည်။ ဖေဖေသည် စစ်
ဖြစ်ပါသည်။ သူသည် ဆူဒန်ဆိုသော အရပ်သို့သွားပါသည်။ ဆူဒန်ဆို
ဟိုးအဝေး . . . အဝေးကြီးမှာ ရှိပါသည်။

ကျွန်တော် ကျောင်းသွားပါသည်။ ကျောင်းမှာ ကိုရမ်သင်ရပါသည်
သည် ကျမ်းမြတ်ဖြစ်ပါသည်။ ကျောင်းတွင် စာရေးစာဖတ်သင်ရပါသည်။
သည်က လွယ်ပါသည်။ စာရေးရသည်ကမူခက်ပါသည်။ တခါတရံ
ဝါဆွတ်ရသည်။ တခါတရံမွေးထားသော တိရိစ္ဆာန်များကို ရေတိုက်ရပါ

ကျွန်တော့်ကို မေမေနှင့် အဘွားကထိန်းပါသည်။ အဘွားသည်
ကျော်ကြားသူ ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးရှိ နေထိုင်မကောင်း ဖျားနာသူများ
ထံ ဆေးလာကုကြပါသည်။ အဘွားသည် အသီး၊ အခေါက်များဖြင့် ပြုလုပ်
ဆေးများ ပေးလေ့ရှိပါသည်။

အဘွားသည် ကျွန်တော့်ကိုအမြဲပုံပြောပါသည်။အဘွား၏ပုံပြင်ထဲ
ကောင်း ဇာရန်အကြောင်းကို ကျွန်တော်အနှစ်သက်ဆုံးဖြစ်ပါသည်။ ဇာရ
ဝေအရပ်မှဖြစ်ပါသည်။ တစ်ခါက ကျွန်တော်နှင့်အဖွဲ့ဒင်ရှုဝေသို့သွားကြ

ဒင်ရှုဝေမှာ အင်္ဂလိပ်စစ်သားတချို့က နိုပစ်ကြရာ ကျည်ဆန်က ဂိုဒေါင်ကို ...ပြီး မီးလောင်ပါသည်။ ရွာသားများက မီးရှို့သူကို ရှာရန် ရွာထဲမှ ထွက်လာ ...သည်။ အင်္ဂလိပ်စစ်သားတစ်ယောက်က ရွာသားများ သူ့ထံ ပြေးလာသည်ကို ...၍ ကြောက်ရွံ့ပြီး သေနတ်နှင့် ပစ်ပါသည်။ ရွာသားများနှင့် စစ်သားများ ရန်ဖြစ် ...သည်။ ရန်ပွဲတွင် ဘယ်ဘက်ကမှ မနိုင်ပါ။ သို့သော် သေနတ်နှင့်ပစ်သော ...ား သေဆုံးသွားပါသည်။ နောက်ထပ် စစ်သားများ ရောက်လာပြီး ရွာသားအား ...မ်းသည်။

စစ်သားများက ကြိုးစင်ဆိုတာကို ဆောက်သည်။ ကြိုးစင်ဆိုသည်ကို ဘာ ...နော်မသိပါ။ သို့သော် ထိုစင်ပေါ်တွင်၍ လူများကို ကြိုးပေးသတ်သည်ဟု ...သည်။ ရွာသားတချို့ကို ကြိုးပေးသတ်ပြီး တချို့ကို ကြိမ်ဒဏ်ပေးပါသည်။

ဇာရန်မှာ ပထမဆုံး ကြိုးပေးခံရသူဖြစ်ပါသည်။ အကြောင်းမှာ သူသည် ...များကို အပြင်းထန်ဆုံးတိုက်ခဲ့သူ ဖြစ်သောကြောင့်ပင်။ သူသည် ကြိုးစင် ...င်းမော့ကာ တက်သွားပါသည်။ သူ့အနေနှင့် သေနတ်ပစ်သော စစ်သားကို ...င်သဖြင့် ဂုဏ်ယူလျက်ရှိသောကြောင့်ဖြစ်ပါသည်။

ကျွန်တော်သည် ဇာရန် ဖြစ်ချင်လှပါသည်။

ကျွန်တော်သည် အင်္ဂလိပ်စစ်သားကို မမြင်ဘူးသေးပါ။ သို့သော် သူတို့ကို ...သည်။

ကျွန်တော်၏နာမည်မှာ ဒိုမာ-အယ်-ဆာဒစ်ဖြစ်ပါသည်။

တစ်နေ့ ကျွန်တော် သူရဲကောင်းတစ်ယောက် ဖြစ်လာပါမည်။

ဆာဒစ်သည် နှုတ်ခမ်းမွှေးကို သပ်လိုက်၏။ သူ့နှုတ်ခမ်းမွှေးကို သူကျေနပ် ...သူသည် အသက် ၂၀ သာရှိသေးသည်။ ကပ္ပတိန်ယူနီဖောင်းဝတ်ထားသော ...လေးစစ်သားကလေးနှင့် တူနေ၏။ နှုတ်ခမ်းမွှေးက သူ့အသက်ကို နည်းနည်း ...သည်ဟု ထင်စရာရှိသည်။ သူ့အနေနှင့် အခွင့်အာဏာရနိုင်သမျှလိုသည်။ ...ကြောင်းမှာ သူ တင်ပြမည့် အချက်သည် အနည်းငယ် ရယ်စရာကောင်းနိုင်သော ...ဖြစ်သည်။ သည်အစည်းအဝေးကလေးများမှာ စုရုံးတွေ့ဆုံကြသူများမှာ သွေး ...များဖြစ်ပြီး သူတို့ လက်တဆုပ်စာမျှကလေးနှင့် အင်္ဂလိပ်ကို မောင်းထုတ်မည့်သူ ... အထင် ရောက်နေကြသူများဖြစ်သည်။

ဆာဒစ်သည် သူ၏အသံကို ခပ်ညြညြ-နက်နက်ကြိုးစားပြုပြင်သည်။

"ကျုပ်တို့အကုန်လုံး မျှော်လင့်ထားကြတာက ရှိမဲလ်ဟာသဲကန္တာရစစ်ပွဲ

မှာ အင်္ဂလိပ်တွေကို မောင်းထုတ်နိုင်ပြီး ကျုပ်တို့ပြည်ကို ကယ်တင်လွတ်မြော
နိုင်လိမ့်မယ်လို့ပဲ . . .”

အစည်းအဝေး ခန်းမကလေးမှာ ငြိမ်နေ၏။ သူကဆက်၍ . . .

“အခုတော့ ကျုပ်တို့ သတင်းဆိုးတစ်ခုကြားရတယ်။ ဟစ်တလာက ကျ
တို့ အီဂျစ်ကို အီတလီလက်အောက်မှာ ပေးမယ်ဆိုတဲ့သတင်းပဲ . . .”

ဆာဒစ်သည် နည်းနည်းချဲ့ကားပြောနေခြင်းဖြစ်သည်။ ဤကိစ္စမှာ တိ
သော သတင်းမဟုတ်ပါ။ ကောလဟလသာဖြစ်ပါ၏။ အစည်းအဝေးတက်သူတို
သိကြပြီးဖြစ်ပါသည်။ သို့သော် ခံစားမှုကို အကြောင်းပြု၍ ညည်းညူသံများ ထွ
လာ၏။ ဆာဒစ်ကဆက်၍ . . .

“ဒီတော့ကျုပ်တင်ပြချင်တာက ကျုပ်တို့ လွတ်လပ်သောအရာရှိများအ
ဟာ ဂျာမနီနဲ့ သဘောတူမှုတစ်ခု ယူထားဖို့လိုတယ်။ အဲဒီသဘောတူမှုအရ ကျုပ်
အဖွဲ့က ကိုင်ရိုမှာရှိတဲ့ အင်္ဂလိပ်တွေကိုဖော်လှန်ဖို့ စည်းရုံးလှုပ်ရှားမယ်။ ဂျာမ
အနေနဲ့က အင်္ဂလိပ်တွေကို အီဂျစ်က မောင်းထုတ်ပြီးရင် ကျုပ်တို့ကို လုံးဝအချ
အချယ်ကင်းမဲ့တဲ့ လွတ်လပ်ရေးပေးမယ်ဆိုတဲ့ ကတိပဲ”

ထိုစကားကို ပြောပြီးသည်နှင့် ဆာဒစ်စိတ်ထဲတွင် မသိုးမသန့်ဖြစ်သွ
သည်။ သူ့လို တောရွာတစ်ခုမှ လူငယ်တစ်ဦးက အရာရှိငယ်ကလေးများတစ်စု
ကိုယ်စားပြု၍ ဂျာမနီအာဏာရှင်နှင့် ကတိကဝတ်ပြုရမည့်အရေးကြောင့်ဖြစ်သည
သို့သော် ယခုအချိန်၌ မည်သူသည် အီဂျစ်ပြည်ကို ကိုယ်စားပြုပါမည်နည
အင်္ဂလိပ်ကား လက်ရှိအုပ်စိုး အနိုင်ရထားသူ။ ပါလီမန်က ရုပ်သေး၊ ဘုရင
နိုင်ငံခြားသား။

ညှတို့လူသိုက်၏ခေါင်းဆောင် နာဆာမှာလည်း ဆူဒန်စစ်မြေပြင်တ
ရောက်နေသဖြင့် ဆာဒစ်အနေဖြင့် ခေါင်းဆောင်နေရာကို ယူထားရသလို
ဖြစ်နေ၏။

ပထမဆုံးစကားပြောသူမှာ ကာမဲလ်ဖြစ်သည်။

“ဟုတ်ပါပြီလေ၊ ကျုပ်တို့ကိုရော ဂျာမန်တွေက အလေးအနက် သဘေ
ထားပါ့မလား . . .”

ဆာဒစ်က ခေါင်းဆတ်လိုက်၏။ သူသည် သည်ပုံတွေးထားသည့်အတိ
အမှန်အားဖြင့် သူနှင့်ကာမဲလ်တို့သည် အရင်ကကြို၍ သည်မေးခွန်းကိုမေးရန် စ
ဝါးကိုက်ထားကြပြီးဖြစ်သည်။ အမှန်စင်စစ် သည်ထက် အရေးကြီးသော ကိစ္စ
ဂျာမန်တို့က သူတို့ကို ကတိပေးပြီးနောက် ကတိတည်မတည်ဆိုခြင်းဖြစ်ပါသ

...ချက်ကို သည်အစည်းအဝေးမှာ မဆွေးနွေးစေချင်ပါ။ ရှုပ်ထွေးသွားမည်စိုးသော ...ကြောင့်ဖြစ်ပါသည်။ အကယ်၍ အီဂျစ်တို့အနေဖြင့် ဗြိတိသျှကိုတော်လှန်ခဲ့ပြီးနောက် ...များ ကတိမတည်သည့်တိုင်၊ လူထုအနေဖြင့် လွတ်လပ်ရေးသည် အရေးကြီး ...ကြောင်းသိသွားပေလိမ့်မည်။ ဆာဒစ်အနေဖြင့် ကာမဲလ်တစ်ယောက်ကိုသာ ယုံကြည် ...ခဲ့မှာဖြင့် ကြိုကြိုတင်တင် ဆွေးနွေးလို၏။ ကာမဲလ်သည် လက်ရှိ ကိုင်ရိုရဲအဖွဲ့ ...ကောသန်ရှိစုံထောက်တစ်ယောက်ဖြစ်သည်။

တက်ရောက်သူများသည် တစ်ယောက်တစ်ပေါက် ဆွေးနွေးကြ၏။ ဆာဒစ် ...၍ မဆွေးနွေးပါ၊ ဆာဒစ်ကိုယ်တိုင်ကမူ ပြီးခဲ့သော မအောင်မြင်သည့် တော်လှန် ...ရေးစခန်းရပ်ကို သတိရပါသည်။

ပထမအကြိမ်မှာ အယ်-အဇဟာ-ရှိတ်၏ ပို့ချညွှန်ကြားချက်ကို အကြောင်း ...သည်။ ပို့ချချက်မှာ 'သည်စစ်ပွဲနဲ့ ကျုပ်တို့ဟာ ဘာမှမဆိုင်ဘူး၊ ပါလဲမပါဘူး' ...၏။ ဤသည်ကိုအကြောင်းပြု၍ အီဂျစ်ပါလီမန်ကလည်း 'စစ်ကြီးထဲတွင်အီဂျစ် ...နေ'ဟူသော ပေါ်လစီကို ကိုင်တွယ်လာခဲ့သည်။ သည့်မတိုင်မီကမူ အီဂျစ် ...သော်သည် အင်္ဂလိပ်စစ်တပ်နှင့်အတူ ရင်ဘောင်တန်း၍ တိုက်နေခဲ့ပြီး ဖြစ်ပါ ...။ ထိုသို့အီဂျစ်ပါလီမန်က စစ်ထဲမပါရေး ပေါ်လစီကိုကိုင်စွဲလာသောအခါ ...တို့က အီဂျစ်စစ်တပ်ကို လက်နက်ရုပ်သိမ်း၍ ရှေ့တန်းမှပြန်စေ၏။ အီဂျစ် ...စစ်တပ်ရှေ့တန်းမှ ဆုတ်ရခြင်းကိုသဘောကျပါသည်။ လက်နက်ရုပ်သိမ်း ...မှု မကြိုက်ပါ။ ဤသည်ကို အကြောင်းပြု၍ လက်နက်မအပ်ရေး တိုက်ပွဲ ...အရာရှိငယ်များနှင့် စီစဉ်ကြသည်။ ကိုင်ရိုအထိ ချီတက်ရန် စီစဉ်ပြီးဖြစ် ...သော် ဘယ်သို့ဘယ်လို ကြည်ဖြူသွားသည်မသိ အင်္ဂလိပ်အစိုးရက အီဂျစ် ...လက်နက်မသိမ်းတော့။

နောက် ၆ လကြာသောအခါ ဖာရောက်ဘုရင်က အလီမဟာပါရှားအား ...ခိုင်း၏။ အင်္ဂလိပ်အစိုးရက မကျေနပ်၍ သူ့ဘက်တော်သား မူစတာဖာအယ် ...ရှားကို အစိုးရဖွဲ့ခိုင်း၏။ အရာရှိငယ်များက ဘုရင်အား အင်္ဂလိပ်ကို ...ပေးရန် တိုက်တွန်းကြ၏။ သို့သော်မရဘဲ ဘုရင်ကအလျှော့ပေးလိုက်ရာ ...ရေးတစ်ရပ် ဆုံးရှုံးခဲ့ကြရပြန်၏။

...စဉ်ဆွေးနွေးပွဲမှ အသံထွက်လာ၏။

"...ပေမယ့် ကျုပ်တို့အနေနဲ့ ဂျာမန်တွေကို ဆက်သွယ်ဖို့ နည်းလမ်းမရှိတာ ...ဘဲ"

...ပြောလိုက်သူမှာ လေယာဉ်မှူးတစ်ဦးဖြစ်သူ အိုင်မင်ဖြစ်ပါသည်။

ကာမဲလ်က ရုတ်တရက်ပင် . . .

"ကျုပ်တို့လေယာဉ်နဲ့ သဝဏ်လွှာပို့ရင်ကော"

အိုင်မင်မျက်လုံးများသည် တောက်သွား၏။

"ဟုတ်သားပဲ . . . ကျုပ်တို့ လေယာဉ်တစ်စီးနဲ့ရှေ့တန်းကိုကျော်ပြီး နေ

တန်းတစ်နေရာဆင်းရင် ရတာပဲဟာ"

အနည်းငယ်အသက်ကြီးသော လေယာဉ်မှူးတစ်ယောက်က . . .

"သူ ပြန်လာရင် ဒီကနေပြီး တပ်ပြေးမှုနဲ့ တရားစွဲမှာပေါ့"

အိုင်မင်က မလျှော့သေးပါ"

"သွားတဲ့လူက ပြန်လာစရာမလိုဘူးလေ"

ဆာဒစ်က အေးဆေးသောလေသံဖြင့် ဝင်၍ . . .

"သူ့အနေနဲ့ ရိုမဲလ်နှင့်အတူ ပြန်လာရုံပေါ့"

အိုင်မင်၏ မျက်လုံးများသည် တောက်ပြောင်သွားလေ၏။ ဆာဒစ်

အခြေအနေကို သုံးသပ်ရင်းဆက်၍ . . .

"ကျုပ်တို့ရဲ့ သဝဏ်လွှာမှာ အချက်(၄)ချက်ပါဖို့လိုတယ် ထင်တ

(၁)ကျုပ်တို့ဟာ အီဂျစ်စစ်တပ်တွင်းက ရိုးသားစွာ စုစည်းထားတဲ့ လွတ်လပ်

အရာရှိများအဖွဲ့အစည်းဖြစ်တယ်။ (၂) ဂျာမန်တွေလိုပဲ အင်္ဂလိပ်ကိုတိုက်ခိုက်

လူတွေဖြစ်တယ်။ (၃) ကျုပ်တို့ဟာ တော်လှန်သော တပ်မတော်တစ်ရပ်ဖွဲ့ပြီး ဂျ

တွေနဲ့အတူတိုက်မယ်။ (၄) ကိုင်ရိုမှာ အင်္ဂလိပ်ကို တော်လှန်ရေးတစ်ရပ် ဆင်

မယ်။ ဂျာမန်ဘက်က အင်္ဂလိပ်ကို စစ်နိုင်ပြီးရင် အီဂျစ်ပြည်ကို လုံးဝ အ

အချုပ်မရှိ လွတ်လပ်ရေးပေးပြီး အီဂျစ်အာဏာပိုင်မှုကို အသိအမှတ်ပြုရမ

ဆာဒစ် ခဏမျှရပ်သွား၏။ ပြီးမှ . . .

"ဂျာမန်တွေ ကျုပ်တို့ကိုယုံကြည်အောင် ကျုပ်တို့က သက်သေတ

ပြဖို့ လိုတယ်လို့ထင်တယ်"

ကာမဲလ်သည် အဖြေရှိသော်လည်း ဝင်၍မပြော။

အိုင်မင်က မတ်တတ်ထရပ်သည်။

"ကျုပ်တို့ရဲ့ သဝဏ်လွှာနဲ့အတူ စစ်သတင်းတွေပေးလိုက်ကြတာ

ကာမဲလ်က . . .

"စစ်သတင်းက ဘယ်ကရမှာလဲ"

"ဟို . . . ဗြိတိသျှစစ်စခန်းတည်ရာတွေကို ကောင်းကင်က ရိုက်ထ

ဓာတ်ပုံတွေ ပေးတာပေါ့"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

"လွယ်ပါတယ်၊ ကျုပ်တို့ ထုံးစံအတိုင်း ကင်းလှည့်တဲ့လေယာဉ်တစ်စင်းစင်း ကနိုးရိုးကင်မရာနဲ့ရိုက်ရင်ဖြစ်တာပဲ"

"ဘယ်လိုလုပ်ပြီး ဖလင်ကိုဆေးမှာ၊ ကူးမှာလဲ"

"မလိုပါဘူး၊ ဖလင်လိပ်အတိုင်းယူရင် ရသွားပဲဟာ"

ဆာဒစ်ကဝင်၍ . . .

"အိုင်မင် အကြံက ကောင်းပါတယ်။ ဒီတော့ပြဿနာက တစ်ခုပဲရှိတော့ တယ်၊ ဘယ်သူ သွားမလဲဆိုတာပဲ"

ရုတ်တရက်ပင် အိုင်မင်က မတ်တတ်ရပ်လိုက်သည်။

ကြာသောအခါ ကာမဲလ်သည် သူနေထိုင်ရာ ကိုင်ရိုမြို့အလယ်မှ ဆာဒစ် နေထိုင်ရာ မြို့စွန်သို့ သုံးမိုင်ကျော် ခြေကျင်လျှောက်ပြီး ရောက်လာ၏။

"သတင်းကတော့ စိတ်မကောင်းစရာပဲ"

"ဘယ်လိုဖြစ်တာလဲ"

"အိုင်မင်ဟာ လေယာဉ်ပြေးလမ်းရှိတဲ့ ဂျာမန်စခန်းတစ်ခုတွေ့တာနဲ့ ဆင်း သွားတယ်၊ ဂျာမန်တွေက ချက်ချင်းပစ်တာပေါ့၊လေယာဉ်ကအင်္ဂလိပ်လေယာဉ် ဆိုတော့ကိုး"

"ဒါပေမယ့် လေယာဉ်ပျံက စက်သေနတ်လဲမပစ်ဘူး၊ ဗုံးလဲမကြဲဘူး၊ မိတ် ဆွေအရာပဲလို့ သူတို့မသိဘူးလား"

"အိုင်မင်က ပြန်မပစ်ပဲ အောက်ကို ကြိုးစားဆင်းပါတယ်။ ရေဒီယိုနဲ့လဲ ဆက်သွယ်ဖို့ ကြိုးစားတယ်။ အတောင်ပံလှုပ်ပြတယ်။ ဒါပေမယ့်မရဘူး။ အောက် ကပစ်တာပဲ။ နောက်ဆုံး အမြီးပိုင်းမှန်သွားတယ်"

"ဘုရားရေ . . ."

"သည်ကြားထဲ ကြိုးစားဆင်းပါတယ်။ နောက်ဆုံးအောက်ရောက်မှ လေယာဉ်ပျံဟာ ပေါက်ကွဲမီးလောင်သွားပါတယ်"

"အိုင်မင်ရော"

"သူလဲ လေယာဉ်နှင့်အတူ ကျဆုံးသွားပါတယ်"

ဆာဒစ်မျက်စိမှိတ်လိုက်၏။ သူ့မျက်စိထဲတွင် မျက်ရည်စများ ဝေနေ၏။

❖ ❖ ❖

(၇)

ဝူလ်အနေနှင့် ဒုံရင်း ဒုံရင်း ပြန်ရောက်လာ၏။ သူလိုချင်သော လျှို့ဝှက်သတင်း
ဘယ်မှာရှိသည်ကို သူ သိသည်။ သို့သော် သူရအောင်မယူနိုင်။

သူ့အနေနှင့် ပထမအကြိမ်က စီစဉ်သလို စီစဉ်၍ လက်ဆွဲအိတ်တစ်လုံး
နောက်တစ်ခါရအောင်ယူမည်ဆိုက ယူနိုင်ပေသည်။ သို့သော် ဗြိတိသျှအာဏာပိုင်
များအနေနှင့် နှစ်ခါတိုက်ဆိုင်မှုကို လက်ခံနိုင်မည်မဟုတ်တော့ပေ။ သူ့အနေနှင့်
နောက်တစ်ခါ လက်ဆွဲအိတ်တစ်လုံးကို တခြားနည်းနှင့် ခိုးယူဖို့ ကြိုးစားလျှင် ဖြစ်နိုင်
ကောင်း ဖြစ်နိုင်ပေမည်။ သို့တိုင် အိတ်နှစ်လုံး နှစ်ခါ အခိုးခံရသူများအနေနှင့်
တိုက်ဆိုင်မှုဟု ယုံကြည်မည်မဟုတ်တော့။ သူ့အတွက်လည်း လက်ဆွဲအိတ်တစ်လုံး
ကို ရရုံမျှနှင့် မပြည့်စုံနိုင်။ သူ့အနေနှင့် အမြဲတမ်းရနေဖို့လိုသည်။ လိုချင်သော
သတင်းများကို အဆက်မပြတ်ရနေဖို့လိုပေသည်။

ထို့ကြောင့် ဆွန်ဂျာကို သူစည်းရုံးနေခြင်းဖြစ်သည်။

"နောက်ထပ် လက်ဆွဲအိတ်တစ်လုံးရဖို့ ကိုယ် စဉ်းစားမိတာရှိတယ်"

"ဘာလဲ"

"ကိုယ် အင်္ဂလိပ်အရာရှိတစ်ယောက်နဲ့ မိတ်ဆွေဖွဲ့မယ်၊ ပြီးတော့ ဒီ
ခေါ် လာခဲ့မယ်"

"အို . . . မဟုတ်တာ"

ဆွန်ဂျာသည် ရုတ်တရက်ကန့်ကွက်လိုက်၏။

ဝူလ်သည် ဆွန်ဂျာကို ရင်ခွင်ထဲ ဆွဲသွင်းကာ နမ်းလိုက်၏။

"ခေါ်ခဲ့မယ်နော်"

"အင်း၊ အင်း . . ."

ဝူလ်သည် ရှန်ပိန်ပုလင်းဖွင့်လိုက်၏။

"သောက်မလား"

"ဟင့်အင်း . . . အဲ သောက်မယ်"

ဝူလ် ရှန်ပိန်တစ်ခွက်ငှဲ့ပြီး ဆွန်ဂျာကိုပေးလိုက်၏။

"သူ့ဘဝမှာ မမျှော်လင့်တဲ့ဖြစ်ရပ်ကိုတွေ့ရမယ့်၊ ဘယ်သူမှန်းမသိတဲ့ အင်္ဂလိပ်အရာရှိအတွက်"

သူက အရက်ခွက်ကိုမြှောက်လိုက်၏။ ဆွန်ဂျာက . . .

"ဟင့်အင်း . . . ကျွန်မ အင်္ဂလိပ်တစ်ယောက်နဲ့မအိပ်ဘူး၊ ဒါပဲ။ သူတို့ကို မုန်းတယ်"

"အဲ . . . မုန်းလို့အိပ်ရမှာပေါ့၊ စဉ်းစားကြည့်စမ်း၊ အဲဒီငနဲက မင်းနဲ့အိပ်နေတုန်း ငါက သူ့ရဲ့လျှို့ဝှက်စာရွက်စာတမ်းတွေဖတ်နေမယ်ဆိုတာကိုလေ"

ဝူလ်သည် ပြောပြောဆိုဆိုပင် အသင့်ရှာဖွေထားသော အင်္ဂလိပ်စစ်ဗိုလ်အဝတ်အစားကို ဝတ်နေ၏။ ဆွန်ဂျာက . . .

"ရှင် ဘာတွေဝတ်နေတာလဲ"

"အင်္ဂလိပ်စစ်ဗိုလ်အဝတ်အစားလေ . . . ဗိုကောင်တွေက သူစိမ်းတွေနဲ့ ပေါင်းအသင်းမှ မလုပ်တာ"

"ဒါဆို . . . ရှင်က အင်္ဂလိပ်စစ်ဗိုလ်ဟန်ဆောင်မှာပေါ့လေ"

အင်္ဂလိပ်အစစ်တော့မဟုတ်ဘူးပေါ့ကွာ။ တောင်အာဖရိက စစ်ဗိုလ်ဟန်ဆောင်မလို့ပါ"

"တကယ်လို့ . . . ဟန်ဆောင်တာကို သူတို့သိသွားရင်ကော"

"ဒါဆိုလဲ . . . သူတို့က စပိုင်ပဲဆိုပြီး ပစ်သတ်တာခံရမှာပေါ့"

ဝူလ်သည် အဝတ်အစားကို သပ်သပ်ရပ်ရပ်ဝတ်ရင်း . . .

"တကယ်လို့ စိတ်ကြိုက်အရာရှိတစ်ယောက်တွေ့ရင် ချာချာကလပ်ကို ခေါ်ခဲ့မှာနော်"

အဝတ်အစားဝတ်ပြီးနောက်၊ သူ၏လက်စွဲတော်ဓားကို ထုတ်ပြီး အဝတ်

အစားမရှိသော ဆွန်ဂျာပခုံးကို ဓားဦးနှင့်ထိလိုက်၏။ ပြီးမှ . . .

"မင်းက ငါပြောတဲ့အတိုင်းမလုပ်ရင်၊ မင်းရဲ့လျှာကိုဖြတ်ပစ်မယ်၊ သိလား"

ဆွန်ဂျာသည် ဝူလ်၏မျက်နှာကိုကြည့်၏။ ဆွန်ဂျာစကားမပြောပေ၊ သို့သော် သူမ၏မျက်လုံးတွင် ကြောက်စိတ်များက ပေါ်လွင်ထင်ရှားနေ၏။

ဝူလ်ထွက်သွား၏။

ရှုက်ပတ်ဟိုတယ်မှာ ထုံးစံအတိုင်း ပြည့်ကျပ်နေ၏။

ဝူလ်သည် တက္ကစီခ ရှင်းပေးပြီး အပြင်ဘက်မှ လက်ပွေ့ဈေးသည်များကို တိမ်းရှောင်၍ အထဲဝင်လိုက်၏။ အထဲမှာ လူတွေနှင့်ပြည့်နေ၏။ အာရပ်ကုန်သည်တစ်စု ကျယ်လောင်စွာ စီးပွားရေးအပေးအယူ ဆွေးနွေးနေကြ၏။ ဥရောပကုန်သည်များ တိုးတိုးဆွေးနွေးနေသည်ကိုလည်း တွေ့ရသည်။ အီဂျစ်မကလေးများလည်း ဂါဝန်များဖြင့် ပျားပန်းခတ်နေ၏။ ထိုအထဲတွင် အင်္ဂလိပ်စစ်အရာရှိများကိုသာ တွေ့နိုင်၏။ အကြောင်းမှာ ဤဟိုတယ်သို့ အရာရှိမဟုတ်သူများ လာခွင့်မရှိသောကြောင့်ဖြစ်ပါသည်။ ဂီတတီးဝိုင်းငယ် တစ်ခုသည် ဘာမှန်းမသိသော တေးသွားတစ်ခုကို တီးခတ်နေ၏။

ဝူလ်သည် လူအုပ်ကိုဖြတ်၍ ဘားရှိရာသို့ လာခဲ့၏။ သည်ဘက်က နည်းနည်းငြိမ်သက်အေးချမ်းသည်။ ပိန်းများ လာခွင့်မရှိ။ အရက်ကို သေသေချာချာသောက်ကြသူများသာ လာလေ့ရှိသည်။ သည်ဘက်မှာ တစ်ကိုယ်ထီးတည်း စစ်ဗိုလ်များ အရက်သောက်ရန် လာတတ်သည် မဟုတ်ပါလား။

ဝူလ်သည် ဘားကောင်တာမှာပင် ထိုင်လိုက်၏။ ရှန်ပိန်မှာတော့မည့်ဆဲဆဲသူ ဆင်ယင်လာသည်များကို သတိရပြီး ဝီစကီနှင့် ဆိုဒါမှာလိုက်၏။

ဝူလ်သည် ယူနီဖောင်းကို သေသေချာချာစဉ်းစားရွေးချယ်ဝတ်ဆင်ခဲ့ခြင်းဖြစ်ပါသည်။ သူ၏အညိုရောင်သားရေခြေနင်းမှာ အရောင်ဖိတ်ဖိတ်တောက်နေသည်၊ ခြေစွပ်ကိုလည်း သူ့နေရာနှင့်သူ ခေါက်ထား၏။ ကပ္ပတိန်၏ရာထူးအဆင့်ဖြစ်သည်။ ယူနီဖောင်းကမူ ပိရိပါသည်။ လေယူလေသိမ်းက နည်းနည်း ပြဿနာရှိသည်၊ အစရှုတ်မှ ကပ္ပတိန်နယူးမင်းကို ပြောခဲ့သည့်အတိုင်း တောင်အာဖရိကဒပ်ချ်အနွယ်ဝင်တွေကြားမှာ ကြီးပြင်းခဲ့သည်ဟု ပြောရပေတော့မည်။ အကယ်၍သူရွေးချယ်မိသော စစ်ဗိုလ်မှာ တောင်အာဖရိကမှဖြစ်နေပါက ဒုက္ခ၊ သူကိုယ်တိုင်လည်း အင်္ဂလိပ်လေယူလေသိမ်းကို သိပ်မကျွဲလှ။

အဆိုးဆုံးမှာ သူ၏ စစ်ဗဟုသုတဖြစ်သည်။ သူသည် ဌာနချုပ်မှ အရာရှိတစ်ယောက်ကို ရှာရမည်။ သူကိုယ်တိုင်ကမူ B.T.E တပ်ဖွဲ့ အီဂျစ်ရှိ သီးခြားပြတ်သူ

စေ်တပ်ကဟုပြောမည်။ သူကိုယ်တိုင်ကမူ ရင်းတပ်ဖွဲ့ ဘယ်ပုံဘယ်နည်း ဖွဲ့စည်းထားပြီး ဘာတာဝန်ထမ်းဆောင်နေရသည်ကိုမသိ။ ထိုထက် ဆိုးသည်က ထိုတပ်ဖွဲ့မှ အရာရှိတစ်ဦးတစ်ယောက်၏ နာမည်ကိုမှ သူမသိ။ သူတို့တွေ့ဆုံ၍ စကားစ ပြောကြမည့်ပုံကိုတွေးကြည့်၏။

"ဟိုကောင်ကြီး ဘတ်ဖီးဂျန်ကင်းကော ဘယ့်နှယ်နေလဲ"

"ဘတ်ဖီးကြီးလား၊ ကျုပ်တို့ဌာနမှာ မတွေ့မိဘူးဗျာ"

"ဘာလို့ မတွေ့ရမှာလဲ၊ မောင်ရင်တို့ B.T.E မှာ ဒီကောင်ကြီးတစ်ယောက်ပဲ စီမံခန့်ခွဲနေတာ မဟုတ်လား"

"ခင်ဗျားပြောတဲ့ တပ်ဖွဲ့နဲ့မတူဘူးထင်တယ်"

"ဩော် . . . ဩော် . . . ဒါထက် ဆိုင်မွှန်ဖရှိဖက်ရှာကြီးကော"

"ဪ . . . ဆိုင်မွှန်ကြီးကတော့ ထုံးစံအတိုင်းပါပဲ"

"ဟုတ်လား . . . ဟော့ ဒါထက်နေပါဦး။ တလောက မိတ်ဆွေတစ်ယောက်က ဒီကောင်ကြီး အရပ်ပြန်သွားတယ်လို့ ပြောသွားပါတယ်၊ မောင်ရင်က ဘယ့်နှယ် ဘယ်လို . . ."

သည်လို စကားတလွဲတွေကို ပြောမိရာက အမေးအမြန်းရှိလာမည်။ နောက် တပ်ထိန်းတွေ ဘာတွေ ခေါ်လာနိုင်သည်။နောက်ဆုံးအဖမ်းပင်ခံရနိုင်သည်။

ဝူလ်အကြောက်ဆုံးမှာ ထောင်ပဲ ဖြစ်သည်။

ဝူလ်သည် ထိုအတွေးများကို ခေါင်းထဲမှ ထုတ်ပစ်လိုက်ပြီး ဝီစကီတစ်ခွက် ဘပ်မှာလိုက်၏။

ချွေးသံရွှဲရွှဲနှင့် ဗိုလ်မှူးကြီးတစ်ယောက် ဝင်လာပြီး ဝူလ်၏ နံဘေးခုံမှာ ထိုင်သည်။ ဗိုလ်မှူးက ဝူလ်ကို ကြည့်၏။ ဝူလ် အသိအမှတ်ပြုပြီး ခေါင်းညိတ်ပြ ရင်း . . .

"ဆာ . . ."

ကာနယ်က သူ့ကိုကြည့်၍ . . .

"ဘားထဲရောက်မှတော့ ဦးထုပ်ကလေးဘာလေး ချွတ်ထားပါဦး၊ကပ္ပတိန် ဘာတွေများ စဉ်းစားနေတာလဲ"

ဝူလ်က ကိုယ့်ကိုယ်ကိုယ် ဒီလောက်ကလေးမှ မသိရကောင်းလားဟု ကျိန်ဆဲယင်း ဦးထုပ်ချွတ်လိုက်၏။ ဗိုလ်မှူးက ဘီယာမှာသည်။ ဝူလ်က မျက်နှာလွှဲ ထားလိုက်၏။

ဘားထဲတွင် အရာရှိ ၁၅ ယောက် ၂၀ ခန့်ရှိသည်။ သူ တစ်ယောက်မှ

မမှတ်မိ။ သူ့အနေနှင့် ဌာနချုပ်မှ လက်ထောက်အရာရှိကြီးရှစ်ယောက်ကို ရှာနေခြင်းဖြစ်သည်။ သူတို့အားလုံးကို ဝူလ်စောင့်ကြည့်ခဲ့သည်။ မြင်လိုက်လျှင်မှတ်မိသည်။ သူ့အနေနှင့် မက်ထရိုပိုလက်တင်ဟိုတယ်နှင့် တပ်ဖကလပ်ကို ဝင်ခဲ့ပြီးဖြစ်သည်။ ထို့မှာလည်းမတွေ့ခဲ့၊ သည် ရှက်ပတ်ဟိုတယ်မှာ နောက်နာရီဝက်ခန့်ထိုင်၍ မတွေ့ပါက အရာရှိများရိပ်သာကို သွားရပေဦးမည်။ နောက် ဂယ်ဇီလာ အားကစားကလပ်၊ အင်္ဂလိုအီဂျစ်ရှင်း ယူနီယံများကို သွားရပေဦးမည်။ အကယ်၍ ယနေ့ည မတွေ့ပါက နောက်နေ့တစ်ည တစ်ခါ ကြိုးစားရဦးမည်သာ ဖြစ်၏။ တစ်နေရာမဟုတ်တစ်နေရာမှာ တစ်ယောက်ယောက်နှင့် ဖြုန်းကနဲ ဆုံမိမည်ကား မုချ။

အဲသည်နောက်တော့ သူ၏ အစွမ်းအစအပေါ် တည်တော့သည်။

သူ့စီမံကိန်းမှာ မျှော်လင့်ချက်ရှိသည်။ ယူနီဖောင်းကပင် အင်္ဂလိပ်စစ်အရာရှိများအတွက် အချင်းချင်းဟု အာမခံချက်ရှိပြီးဖြစ်နေ၏။ နိုင်ငံခြားရောက် စစ်သားများထုံးစံအတိုင်း အချစ်၊ မိန်းမများ လိုလားနေကြပြီးသူများဖြစ်သည်။ ဆွန်ဂျာသည် တပ်မက်စရာအကောင်းဆုံး မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း ဘယ်သူမှမငြင်းနိုင်။ အင်္ဂလိပ်အရာရှိများသည် အရှေ့တိုင်းသူတို့၏ ဆွဲဆောင်မှု ရမ္မက်ပိုက်ကိုကျော်ဖြတ်နိုင်ဖွယ်ရှိမည်မထင်။ တစ်ယောက်တလေ သူ့ထောင်ချောက်ထဲမဝင်ကထပ်၍ နောက်ထပ် သားကောင်တစ်ယောက် ရှာရပေဦးမည်။

အချိန် သိပ်မကြာပါစေနဲ့ဟု သူ ကျိတ်ဆုတောင်းနေမိ၏။

သူ့ ဆုတောင်းမှာ ငါးမိနစ်ပင် မကြာလိုက်ပါ။

နောက် ဝင်လာသော မေဂျာမှာ ပိန်ပိန်သေးသေးလေးဖြစ်သည်။ သူသည် ဝူလ်ထက် ဆယ်နှစ်ခန့်ကြီးပုံရ၏။ သူ့အသားအရေကို ကြည့်ခြင်းအားဖြင့် အရက်အိုးတစ်ယောက်ဖြစ်ကြောင်း သိသာသည်။ သူ့မျက်လုံးများမှာ ပြာ၍ ဆံပင်မှာ ဝါခြောက် ခြောက်အရောင်ရှိပြီး ခပ်ပါးပါးဖြစ်သည်။

သည်မေဂျာသည် ဌာနချုပ်မှ နေ့လယ်တိုင်း လက်ဆွဲအိတ်ကို ကိုင်၍ ရှာရီ-ဆူလေမန်-ပါရှားရှိ ဆိုင်းဘုတ်မရှိသော အဆောက်အအုံတစ်ခုသို့ သွားစမြဲ။

ဝူလ် ရင်ခုန်သွား၏။

မေဂျာသည် ဘားကောင်တာသို့ လာထိုင်သည်။

"ဝီစကီတစ်ခွက်၊ ရေခဲမထည့်နဲ့၊ မြန်မြန်လုပ်ကွာ"

နောက် ဝူလ်ဘက်သို့လှည့်၍ . . .

"ဆိုးလိုက်တဲ့ ရာသီဥတုဗျာ . . . "

ဝူလ်ကလည်း အလိုက်သင့်ပင် . . .

"ဘယ်တုန်းက မဆိုးခဲ့ဘူးလို့လဲ . . ."

"မှန်ပါကွာ . . . ဒါထက် ငါ့နာမည်က စမစ်တဲ့၊ ဌာနချုပ်ကပါ . . ."

"ဟုတ်ကဲ့ . . . ကျွန်တော်က စလေဝင်ဘတ်(ဂ)ပါ၊ B.T.E တပ်ကပါ"

"ကောင်းတယ်ဟေ့ . . . နောက်တစ်ခွက် ယူကွာ"

ဝူလ် ထင်ထားသည်ထက် အဆင်ချောနေ၏။

"ကျေးဇူးပါပဲဆာ . . ."

"ဟေ့ကောင် . . . ဆာတွေ ဘာတွေ ဘားထဲမှာ လုပ်မနေစမ်းပါနဲ့ . . ."

"ဟုတ် . . . ဟုတ်ကဲ့ . . ."

ကြည့်စမ်း . . . နောက်တခါ မှားသွားပြန်ပြီကော . . .

"ဘာသောက်နေတာလဲ"

"ဝီစကီနဲ့ ရေနဲ့ပါ"

"ဘာလို့ ရေထည့်နေရသေးတာလဲ၊ ဒီရေက နိုင်းမြစ်ထဲက တောက်လျှောက် ခပ်ပြီး ယူလာတဲ့ရေကွ . . ."

"ကျွန်တော် အကျင့်ဖြစ်နေလို့ပါ"

"မင်း အစာအိမ်တွေ ဘာတွေ မဖြစ်ဘူးလား၊ ဒါဆိုရင်တော့ အီဂျစ်ရောက်နေတဲ့ လူဖြူထဲမှာ မင်းတစ်ယောက်ပဲ လွတ်တာနေမှာပဲကွ"

"ဩော် . . . ဒါကတော့ ကျွန်တော်က တောင်အာဖရိကမှာ မွေးပြီး ကိုင်ရိုရောက်တော့ ၁၀နှစ်ပဲ ရှိတော့မှာပဲ"

"ဒါကြောင့်ကိုး . . . ဟုတ်ပါရဲ့၊ မင်းရဲ့ လေယူလေသိမ်းက တစ်မျိုးလို့ထင်သားပဲ"

"အဖေက ဒပ်(ချ်)လူမျိုး၊ အမေက အင်္ဂလိပ်ပါ"

စမစ်သည် သူ့ခွက်ကို မော့သောက်လိုက်၏။

ဝူလ်က . . .

"ဒီအတိုင်း ထပ်မှာလိုက်မယ်နော်"

"ကျေးဇူးပဲ . . ."

ဝူလ်သည် ဒုတိယအရက်မှာခြင်းကို သူ့အလှည့်အဖြစ် ယူလိုက်ခြင်းဖြစ်သည်။

ဝူလ်အရက်များထပ်မှာသည်။ စမစ်ကဝူလ်ကို စီးကရက်တည်သည်။ ဝူလ်က ငြင်းလိုက်၏။

စမစ်က အစားအသောက်ဆိုင်းရပုံကို ညည်းသည်။ ဘားတွေ မကြာခဏ

အရက်ပြတ်ကြောင်းလည်း ပြော၏။ အိမ်လခဈေးကြီးကြောင်း၊ အာရပ်စားပွဲထိုးများ နှိုင်းစိုင်းပုံကိုပြော၏။ ဝူလ်က အစားအသောက်ညံ့ရခြင်းမှာ စမစ်က အင်္ဂလိပ်လို ဇိဇာကြောင်နေ၍ဖြစ်သည်၊ အီဂျစ်လို စားကြည့်ပါလားဟု ပြောလိုက်ချင်၏။ အရက် ရှားတာက စစ် ဖြစ်နေတာကိုးဟု ပြောချင်၏။ အိမ်လခ ဈေးကြီးရသည်မှာ စမစ်တို့လို ဥရောပသားများ အဆမတန် ကိုင်ရိုက်မှာ ရောက်နေ၍ဖြစ်ကြောင်း၊ အာရပ် စားပွဲထိုးများ နှိုင်းရခြင်းမှာ စမစ်တို့လို လူဖြူတွေက ဒေသသုံး စကားလုံးအချို့ကိုမှ နည်းနည်းပါးပါး ပြောတတ်အောင် မသင်ကြားသောကြောင့် ဖြစ်ကြောင်း ရှင်းပြ လိုက်ချင်၏။ သို့သော်မဖြစ်။ ဟုတ်သားပဲဆိုသည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်ရ၏။

သူတို့ စကားပြောနေကြစဉ် စမစ်၏ပခုံးပေါ်မှကျော်၍ တပ်ထိန်း ၆ ယောက် ဝင်လာသည်ကို ဝူလ်မြင်လိုက်၏။ ဝူလ်သည် မျက်နှာပျက်သွား၏။ စမစ်က သတိပြုမိသွားပြီး . . .

"ဘာလဲ . . . တစ္ဆေများတွေ့လိုက်ရလို့လား . . ."

တပ်ထိန်းများမှာ ကြည်းတပ်မှ တစ်ယောက်၊ ရေတပ်မှတစ်ယောက်၊ ဩစတြေးယန်းတစ်ယောက်၊ နယူးဇီလန်သားတစ်ယောက်၊ တောင်အာဖရိကတိုက် သားတစ်ယောက်နှင့် ဂေါ်ရခါးတပ်သားတစ်ယောက် ဖြစ်သည်။ သူတို့ ဘာလာ လုပ်ကြသနည်း။ ဝူလ်သည် ထွက်ပြေးချင်စိတ်ပေါက်လာ၏။ သူတို့လာမေးမြန်း သော် သူ ဘာဖြေရမည်နည်း။

စမစ်လှည့်ကြည့်ရာ တပ်ထိန်းများကို မြင်သွား၏။

"အလကား ထုံးစံအတိုင်း လာကြတာပါ၊ အရက်မူးသူမား စစ်ပိုလ်တွေ ရှိမရှိ၊ ဂျာမန်စပိုင်တွေ ရှိမရှိ၊ လိုက်ကြည့်တာပါ၊ ဒီအရာရှိဘားကို သူတို့ဘာမှ မနှောင့်ယှက်ကြပါဘူး၊ နေပါဦး မောင်ရင်က ထွက်မိန့်တွေဘာတွေ မပါပဲ ထွက်လာ လို့လား . . ."

ဝူလ်က အမြန်ပင် . . .

"မဟုတ်ပါဘူး . . . ဟိုရေတပ်က ငနဲက ကျွန်တော်နဲ့တူ ဟဲလ်ဖာယား တိုက်ပွဲမှာကျသွားတဲ့ ကျွန်တော့်မိတ်ဆွေနဲ့ တူလွန်းလို့ပါ"

ဝူလ်သည်ဆက်၍ ဟန်မပျက်ကြည့်နေလိုက်၏။ စမစ်ကမူ သူ၏ ညည်း ညူရေးတရားကို ဆက်ဟောနေ၏။ ဝူလ်က သူ့ကို စာရွက်စာတမ်းများ မေးမလားဟု ရင်ထိတ်နေ၏။

တပ်ထိန်းအဖွဲ့ခေါင်းဆောင်က ဝူလ်ကို ဦးထုပ်ချွတ်ထားပါလားဟု ပြော သော ဗိုလ်မှူးကြီးထံ သွားအလေးပြုသည်။

"ဒီမှာ အခြေအနေကောင်းရဲ့လား ဗိုလ်မှူးကြီး"

"ကောင်းပါတယ်ကွာ"

စမစ်က ဝူလ်မျက်နှာပျက်သည်ကိုမြင်၍ "မင်းပခုံးပေါ်က ဘားတွေက တော့ တကယ့်ရာထူးတွေပါနော်"

"ဟာ တကယ်ပေါ့ဗျ . . ."

"စော်ကားမော်ကားလုပ်ချင်လို့ မေးတာမဟုတ်ပါဘူးကွာ၊ ဒီကလပ်က အရာရှိမှ လာလို့ရတာမို့ . . . တခါတလေ တပ်သားတွေက ဗိုလ်ယောင်ဆောင် လာတတ်တာမျိုး ရှိတတ်လို့ပါ"

ဝူလ်သည် ဣန္ဒြေဆယ်နိုင်သွားပြီဖြစ်၍ အိတ်ထဲသို့နှိုက်ရင်း . . .

"ဒါဆိုရင် ကျွန်တော့်ရဲ့ကတ်ပြား . . .

"ဟော့ မလိုပါဘူးကွ"

ဝူလ်ကမူ တပ်ထိန်းတွေဘက်ကြည့်ရင်း . . .

"တူတာတ သိပ်တူတာပဲဗျာ"

ကာနယ်နှင့် စကားပြောနေသော တပ်ထိန်းသည် နံဘေးဝန်းကျင်သို့ ကြည့်ရင်း ဝူလ်နှင့် မျက်လုံးချင်းဆုံမိသည်။ သူက ဝူလ်ကို အသေအချာ စူးစိုက်ကြည့် သည်။ ဝူလ်အနေနှင့် ထိုတပ်ထိန်းများ အစရှုတ်မှ ခါးလူသတ်သမား၏ ပုံပန်းနှင့် ဘိုက်ဆိုင်တူညီသွားမည်လားဟု စိုးရိမ်၏။ သို့သော် ဟန်ကိုယ်ဖို့အနေနှင့် တပ်ထိန်း နှင့် မျက်လုံးချင်း တည့်တည့်ဆုံလိုက်၏။ ဝူလ်အနေနှင့်လည်း နှုတ်ခမ်းမွေး အတော် ရှည်နေပြီဖြစ်၍ ပုံပန်းသိပ်မတူနိုင်ဟု တွေးသည်။ ခဏတဖြုတ် မျက်လုံးချင်းဆိုင်ပြီး မှ ဟန်မပျက် မျက်နှာလွှဲလိုက်၏။

ခဏအကြာ . . . ခြေနင်းသံများကြားပြီး တပ်ထိန်းအဖွဲ့ထွက်သွား ကြလေ၏။

ဝူလ်အနေနှင့် ယခုမှ အသက်ဝဝ ရှူနိုင်သည်။ လက်ထဲမှ ဖန်ခွက်ကို စမစ်ထံမြှောက်ပြရင်း . . .

"ချီးယား . . ."

သူတို့နှစ်ဦး ဆက်သောက်ကြ၏။ စမစ်က . . .

"တကယ်ပါပဲကွာ . . . ညနေဆိုရင် အရက်သောက်ရုံကလွဲပြီး ဘာမှ မရှိဘူး၊ တကယ်တုံးတဲ့အရပ် . . ."

ဝူလ်က စကားစပ်သလိုနှင့် . . .

"အာရပ်တွေရဲ့ ခါးအက ကြည့်ဘူးလား"

စမစ်က နှာခေါင်းရှုံ့ပြီး . . .

"တစ်ခါကြည့်ဘူးပါတယ်ကွာ၊ ကောင်မဝဝကြီးတစ်ယောက် ရင်လှုပ်တင်လှုပ်ပြနေတာပဲ . . ."

"အား . . . ဒါဆို . . . ခင်ဗျား . . . တကယ့်အစစ် ကပွဲကြည့်ဖို့ လိုတယ်ဗျ"

"လိုရဲ့လားကွ"

"တကယ့် . . . ဗီလီအကဆိုတာ ခင်ဗျားမြင်ဘူးသမျှထဲမှာ စိတ်အလှုပ်ရှားနိုင်ဆုံး အကဗျ"

စမစ်မျက်လုံးများသည် တောက်သွား၏။

"ဟုတ်ရဲ့လား . . . သိပ်မွှမ်းမနေပါနဲ့ . . ."

ဝူလ်သည် စမစ်ဆိုတဲ့ငနဲကတော့ ငါလိုချင်တဲ့ငနဲပဲ . . . ဟု စိတ်ထဲမှ တွေးရင်း . . .

"ဗီလီအက၊ ခါးအလှမှာဖြင့် ဆွန်ဂျာက ထိပ်ပေါ့ဗျာ၊ ခင်ဗျားကြည့်ဘူးဖို့ ကောင်းတာပေါ့"

စမစ်က ခေါင်းဆတ်ပြီး . . .

"ကျုံ့ရင်တော့ ကြည့်ရသေးတာပေါ့"

"တကယ်တော့ ကျွန်တော်လဲ ဆွန်ဂျာရှိတဲ့ ချားချားကလပ်ကိုသွားရရင် ကောင်းမလားလို့ စဉ်းစားနေတာဗျ၊ ခင်ဗျားလိုက်မလား"

"ဟော့ . . . ဟော့ . . . တို့အရက်အရင် ဆက်သောက်ကြပါဦးကွာ"

ဝူလ်အနေနှင့် စမစ်က အရက်သောက်ကြသေးတာပေါ့ဟု ပြောလိုက်သော်လည်း စိတ်ဝင်စားမှုရှိနေသောဟန်ကို မြင်ပြီး၊ ဤငနဲကြီးကားအပေါ်ယံသာ ဟန်ဆောင်နေခြင်းဖြစ်သည်၊ အတွင်း၌ကား ဖျက်ဆီးရန် လွယ်ကူသူ တစ်ယောက်ဖြစ်မည်ဟု အကဲဖြတ်လိုက်၏။ ငနဲကြီး အခြောက်သာ မဟုတ်ပါက ဆွန်ဂျာအနေနှင့် အလွယ်ဆုံးစည်းရုံးနိုင်ပေလိမ့်မည်။ နောက် သူ့အိတ်ထဲမှာလည်း စားသောက်ဖွယ်စာရင်းများသာ ပါမနေစေနဲ့ဟု ကျိတ်ဆုတောင်းမိ၏။

လုပ်စရာ အစီအစဉ်တွေက အများကြီး ရှိသေးသည်။ အစီလိုက် အစဉ်လိုက် လုပ်ရပေမည်။ အရေးကြီးသည်က စမစ်ကို မိလိုက်ဖို့။

သူတို့နှစ်ဦး အရက်သောက်ပြီးသည်နှင့် ချားချားကလပ်သို့ သွားရန် ထသည်။ တက္ကစီကားငှားမရ၍ မြင်းရထားနှင့် သွားကြ၏။ မြင်းလှည်းသမားသည် မြင်းကိုဆဲ၍ ကြာပွတ်နှင့် ရိုက်၏။ စမစ်က . . .

"ဒီလှည်းသမားက တိရိစ္ဆာန်ကို တယ်ရိုက်ပါလား"

"ဟုတ်တယ်ဗျာ"

ဝူလ်က စကားကိုပဲ ထောက်ခံလိုက်သော်လည်း စိတ်ထဲကမူ ခင်ဗျား ဘုလားအုပ်တွေကို ဘယ်လောက် နှိပ်စက်တယ်ဆိုတာ မမြင်ဖူးသေးဘူးဟု ပြောလိုက်မိ၏။

ကာလပ်သည် ထုံးစံအတိုင်း ပြည့်ကျပ်ပူလောင်နေ၏။ ဝူလ်အနေနှင့် စားပွဲဆိုးတစ်ယောက်ကို လာဘ်ထိုးပြီးမှ ထိုင်စရာ စားပွဲတစ်ခုရသည်။

သူတို့နှစ်ဦးသား စားပွဲမှာ ထိုင်ပြီးသည်၏ခဏ၌ ဆွန်ဂျာ၏ အလှည့်ရောက်လာတော့၏။ စမစ်သည် ဆွန်ဂျာကို အငမ်းမရကြည့်နေ၏။ ဝူလ်ကမူ စမစ်ကိုသာ ကြည့်သည်။ သည်ငနဲမိလောက်ပြီ။

မီးပြန်လင်းလာသောအခါ ဝူလ်က . . .

"ဘယ်နှယ့်လဲ . . . မကောင်းဘူးလား"

"ကောင်းမှ ကောင်းဗျာ"

စမစ်က သူ့ဘက်သို့ပင် လှည့်မကြည့်ပဲ ဖြေသည်။ ဝူလ်က . . .

"အင်း . . . သူနဲ့ကျွန်တော် နည်းနည်းသိတယ်ခင်ဗျ၊ သူ့ကို ကျွန်တော် စားပွဲကို ဖိတ်လိုက်ရမလား"

စမစ်သည် ဝူလ်ဘက်သို့ အမြန်လှည့်လိုက်၏။

"ဘုရားရေ . . . တကယ်လား၊ လုပ်လိုက်လေ"

ဘီးကွက်က မြန်လာသည်၊ ဆွန်ဂျာသည် ပရိသတ်ကို ကြည့်နေလိုက်၏။ ရာဝေါင်းများစွာ မျက်လုံးအစုံတို့သည် သူမ၏တစ်ကိုယ်လုံးကို မျက်စိစားပွဲထိုင်နေကြ၏။ ဆွန်ဂျာမျက်စိမှိတ်လိုက်သည်။

လှုပ်ရှားမှုများသည် ထုံးစံအတိုင်း အလိုအလျောက်ဖြစ်ပေါ်လာ၏။ သူမ၏အကတွင် တမင်လုပ်ကြံ၍ က,နေခြင်း လုံးဝမရှိ။ ပကတိအသွေးအသားများက လှုပ်ယမ်းလာခြင်းဖြစ်သည်။ သူမအနေနှင့် သူမအတွက်သာက,နေခြင်းဖြစ်သည်။ သူမ၏အသွေးအသားများအတွက် က,နေခြင်းသာဖြစ်သည်။ ဂီတတေးသား၏ဒရမ်ရိုက်ချက်၊ စည်းချက်ဝါးချက်အတိုင်းပင် က,နေသည်မဟုတ်၊ သူမ၏လှုပ်ယမ်းမှုနောက်မှ စည်းချက်က လိုက်နေခြင်းသာဖြစ်၏။ အဆုံးစွန်ထိပ်သို့ရောက်သောအခါ၊ သူမ ပစ်လှဲမှ ဖြစ်တော့မည်၊ သို့မဟုတ်ပါက သူမ ဟိုကောင်းကင်သို့ လွင့်ပျံသွားမည့် အခြေအနေမှာရှိသည်။ ဆွန်ဂျာ တစ်ချက်အော်လိုက်၏။ ပြီး နောက်

သို့ပစ်လဲသွားသည်။ သူမနောက်စေ့နှင့် ကြမ်းပြင် ထိသောအချိန်တွင် မီးကမှောင်သွားလေသည်။

အမြဲတမ်း သည်လိုသာပဲ ဖြစ်သည်။

လက်ခုပ်သြဘာသံများ အကြား အမှောင်ထုထဲမှ သူမ ထ,သည်။ ဇာတ်စင်နောက်သို့ ဝင်ခဲ့သည်။ အဝတ်လဲခန်းသို့လာသည်။ သူမ ဘယ်သူနှင့်မှ စကားမပြော၊ ဘယ်သူ့ကိုမှ မကြည့်။ အဝတ်လဲခန်းသို့ ရောက်သည်နှင့် ဖိနပ်ကို စ ချွတ်သည်။ နောက် အက, ဝတ်စုံကို ချွတ်သည်။ ပိုးသားဝတ်ရုံကို ခြုံသည်။ နောက် မှန်ရှေ့မှာ ထိုင်ပြီး မိတ်ကပ်ကို စ ဖျက်သည်။ အကြောင်းမှာ မိတ်ကပ်သည် အသားအရေကို ပျက်စီးစေသည်။ ဆွန်ကျာအနေနှင့် သူမ၏ ကိုယ်ခန္ဓာအလှ အပကို ထိန်းသိမ်းထားမှ ဖြစ်မည်။ ယခုပင်ကြည့် သူမ၏ မျက်နှာသည် လည်တိုင်တစ်ပိုက်တွင် အသားများ နည်းနည်းပိုလာသည်၊ မဖြစ်တော့။ ချောကလက်လုံးအချိုတွေ အစားလျှော့မှဖြစ်မည်။ သူမ၏အသက်မှာ ပရိသတ်အတွက် လျှို့ဝှက်မှုတစ်ရပ်ဖြစ်နေ၏။ သူမအသက် ဘယ်လောက်ရှိပြီဆိုခြင်းကို ဘယ်သူမှ မသိ။ မခန့်မှန်းတတ်။

အမှန်စင်စစ် ဂူလ်သည် သူမအပေါ် ချစ်ခင်ကြင်နာ၍ ဆောင်ရွက်နေခြင်း မဟုတ်မှန်း ဆွန်ကျာသိသည်။ ဂူလ်သည် လူများကို အသုံးပြုနေခြင်းသာဖြစ်သည်။ သူ့နေရာနှင့်သူ အသုံးပြုနေခြင်းသာ ဖြစ်၏။ ယခုလည်း သူမ၏ကိုယ်ခန္ဓာကို အင်္ဂလိပ်အရာရှိတစ်ယောက်အပေါ် စပိုင်လုပ် အသုံးချဖို့ ကြိုးစားနေ၏။ ဆွန်ကျာ အင်္ဂလိပ်များကို မုန်းသည်။ အင်္ဂလိပ်တစ်ယောက်နှင့် အတူမအိပ်နိုင်။

တံခါးခေါက်သံကြားရသည်။ ဆွန်ကျာက. . .

"ဝင်ခဲ့လေ . . ."

စားပွဲထိုးတစ်ယောက် ဝင်လာပြီး စာပေးသည်။ စာမှာ တစ်ကြောင်းတည်း။

'စားပွဲ ၄၁ - အဲလက်'

စာရွက်ကို လုံးခြေပြီး ကြမ်းပေါ်သို့ လွှင့်ပစ်လိုက်၏။ ဂူလ် အမဲတစ်ကောင် မိလာသည့် သဘော၊ မြန်လှပါတကား။

ဆွန်ကျာ ဂူလ်ကို နားလည်သည်။ အကြောင်းမှာ သူမကိုယ်တိုင်လည်း ဂူလ်လို လူစားမျိုး ဖြစ်သောကြောင့်ပင်။ သူမသည်လည်း အခြားလူများအား ကိုယ့်အတွက် ဘယ်လိုအသုံးချမလဲဟု စဉ်းစားသူသာဖြစ်သောကြောင့်ပင်။ ဆွန်ကျာအနေနှင့်လည်း ဂူလ်ကိုအသုံးချနေခြင်းပင် ဖြစ်ပါသည်။ ဂူလ်မှာ စတိုင်ရှိသည်။ အထက်လွှာမိတ်ဆွေများရှိသည်။ ပိုက်ဆံရှိသည်၊ နောက်ပြီးတစ်နေ့ သူမကို ဘာလင်ခေါ်

သွားမည်ဖြစ်၏။ သူမသည် ဘာလင်မှာ ကပြချင်လှသည်။ တကယ့်ဗိုလ်ချုပ်ကြီးများ တပ်သားများရှေ့မှာ ကပြလိုက်ချင်သည်။ သူမသည် ကာဘရေး ကပွဲ၏ဘုရင်မ ဖြစ်ချင်လှသည်။ ဝူလ်မှာ သူမအတွက်နိုင်ငံကူးလက်မှတ် (ပတ်စပုတ်) ဖြစ်သည်။ ...တ်သည်။ သူမအနေနှင့်လည်း ဝူလ်ကို အသုံးချနေခြင်းပင်ဖြစ်ပါသည်။

အမှန်တော့ ဤကိစ္စမှာ အတော်ထူးဆန်းသည်။ ယောကျာ်းနှင့် မိန်းမတစ်ယောက်နှင့် တစ်ယောက်အတူတကွ ဒီလောက်နီးနီးစပ်စပ် နေကြပြီးမှ တစ်ယောက်တစ်ယောက် အချစ်မရှိကြသည့် အဖြစ်ကို. . .။

ဝူလ်သည် သူမလျှာကို တကယ်ဖြတ်ပစ်မည့်လူ ဖြစ်သည်။

ဆွန်ဂျာ တကိုယ်လုံး တုန်သွား၏။ မတွေးရဲတော့။ အဝတ်လဲလိုက်သည်။ အဖြူရောင်ဝတ်စုံ လည်ပင်းပေါက်ကျယ်ကျယ်နှင့်ဖြစ်သည်။ လည်ပင်းပေါက်နိမ့်နိမ့်က သူမ၏ရင်သားတစိတ်တပိုင်းကို မြင်နိုင်၍ ခါးစည်းက သူမ၏ သွယ်လျသော ခါးကို မြင်နိုင်သည်။ လက်ကောက်များဝတ်ပြီး ရွှေဆွဲကြိုးတကုံးလည်မှာဆွဲလိုက်၏။ အင်္ဂလိပ်စစ်ဗိုလ်ကတော့ သဘောကျပေလိမ့်မည်သာ ဖြစ်၏။

ဆွန်ဂျာ မှန်ကို နောက်ဆုံးတစ်ကြိမ်ကြည့်ပြီးမှ အခန်းပြင်ဘက်သို့ ထွက်လိုက်၏။

ခန်းမကြီးတစ်ခုလုံး ဆွန်ဂျာဖြတ်သွားသည်နှင့် မီးကို ရေနှင့်သတ်လိုက်သလို ငြိမ်သွားလေ၏။ လူတိုင်း သူမဖြတ်သွားစဉ် ငြိမ်နေကြပြီး သူမကျော်သွားသောအခါမှ သူမအကြောင်း ပြောကျန်ရစ်ကြ၏။ ဆွန်ဂျာစိတ်ထဲဝယ် တစ်မျိုးကြီးဖြစ်နေသည်။ ဇာတ်ခုံပေါ်မှ အခုခြေအနေကမူ တစ်မျိုး။ ပရိသတ်နှင့်ဝေးသည်။ သီးခြားတစ်ကမ္ဘာစီလိုလို။ သည်ခန်းမထဲက အခြေအနေကမူ တစ်မျိုး။ သူမနှင့်သူတို့ ကြမ်းတစ်ပြေးတည်း၊ လှမ်းထိ၍ ကိုင်၍ ရသည်။ သူတို့သည် အမြဲတမ်း သူမကို ...ခွင့်ကိုင်ချင်နေကြသည် မဟုတ်ပါလား။ ထိုသို့ စိတ်လှုပ်ရှားရသည်ကပင် ဆွန်ဂျာ ...င်ခန့်ကြည်နူးနေ၏။

ဆွန်ဂျာ စားပွဲ ၄၁ - ရောက်လာသည်။

အမျိုးသားနှစ်ယောက်လုံးက မတ်တတ်ရပ်သည်။ ဝူလ်က . . .

"ဆွန်ဂျာ၊ တကယ်ပါပဲ၊ တော်ပါပေတယ်ကွယ်"

ဆွန်ဂျာက ပြန်ပြောရင်း ခေါင်းညိတ်ပြ၏။ ဝူလ်က . . .

"ဒါနဲ့ ဟောဒီက မေဂျာစမစ်နဲ့ မိတ်ဆက်ပေးပါရစေ"

ဆွန်ဂျာ လက်ကမ်းပေးသော မေဂျာစမစ်၏ လက်ကို လှမ်းဆုပ်သည်။ ...စမ်မှာ ပိန်ပိန်သေးသေးဖြစ်ပြီး နှုတ်ခမ်းမွေး ဝါကြန့်ကြန့်နှင့် အရုပ်ဆိုးဆိုးဖြစ်

သည်။ လက်များက အရိုးငေါငေါ။ စမစ်သည် သူမကို အထူးတလည် စီပံချက်လုပ်ထားသော ဟင်းတစ်ခွက် စားပွဲပေါ် ရောက်လာသလို လိုက်ကြည့်၏။ ပါးစပ်ကမူ . . .

"လှလိုက်တာ . . . လွန်ပါရောဗျာ"

သူတို့အတူ ထိုင်ကြသည်။ ဝူလ်က ရှန်ပိန်အရက်များအားလုံးဖန်ခွက်ထဲ ငှဲ့ပေးသည်။ စမစ်က . . .

"မဒန်မွာဆယ်ရဲ့ အကကတော့ ကောင်းပါဗျာ၊ ဘယ်လိုချီးကျူးရမှန်းတောင်မသိပါဘူး၊ အနုပညာ မြောက်ပါပေတယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

စမစ်သည် စားပွဲပေါ်မှ ဆွန်ဂျာလက်ကိုပုတ်ရင်း . . .

"ပြီးတော့ သိပ်လည်း လှတာပဲကွယ်"

ဆွန်ဂျာကမူ ရှင်ကတော့ ခွေးသောက်ရူးပဲဟု တွေးလိုက်မိ၏။ ထိုစဉ်မှာ ဝူလ်၏သတိပေးအကြည့်ကို တွေ့ရသည်။ ဝူလ်သည် သူမခေါင်းထဲက အတွေးကို ကြည့်မြင်နိုင်သူဖြစ်သည်။ ဆွန်ဂျာက . . .

"မေဂျာကလည်း အလွန်ကြင်နာတတ်သူပါကလား"

ဝူလ်သည် စိတ်လှုပ်ရှားနေကြောင်း ဆွန်ဂျာသိသည်။ ဝူလ်အနေနှင့် သူနိုင်းသည့်အတိုင်း ဆွန်ဂျာ လုပ်မည် မလုပ်မည်ကို မသေချာ၊ အမှန်မှာလည်း သူမကိုယ်တိုင်က ဘာမှ မဆုံးဖြတ်ရသေး။

ဝူလ်က စမစ်အား . . .

"ကျွန်တော်က ဆွန်ဂျာရဲ့ ဆုံးသွားတဲ့ အဖေနဲ့ သိကျွမ်းခဲ့တဲ့လူပါ မေဂျာ"

ဝူလ် လိမ်ပြောလိုက်ခြင်းဖြစ်သည်။ ဘာကြောင့်လိမ်ပြောမှန်းလည်း ဆွန်ဂျာ သိသည်။ သူမ့အဖေအကြောင်းပြောလိုက်ခြင်းမှာ ဆွန်ဂျာကိုသတိပေးလိုက်ခြင်းသာ ဖြစ်ကြောင်း ဆွန်ဂျာသိသည်။

ဆွန်ဂျာအဖေမှာ လုံးဝ သူခိုးကြီးမဟုတ်သော်လည်း ကြုံသလိုခိုးသည့် သူခိုးတော့ဖြစ်သည်။ တခြားအလုပ်အကိုင်ရှိသောအခါ လုပ်ကိုင်စားသောက်သည်။ အလုပ်မရှိသောအခါ သူ ခိုးသည်။ တစ်နေ့ ဥရောပသူတစ်ဦး၏ လက်ကိုင်အိပ်ကို လမ်းပေါ်မှာ အလစ်သုတ်ပြေးသည်။ အမျိုးသမီး၏ အဖော်က ဆွန်ဂျာအဖေကို လှမ်းဆွဲဖမ်းသည်။ ရုန်းရင်းဆန်ခတ် ဖြစ်သွားစဉ်အတွင်း အလဲလဲအကွဲကွဲဖြစ်ရာ အမျိုးသမီး လဲပြိုကျပြီး လက်ကောက်ဝတ်လွဲသွား၏။ အမျိုးသမီးမှာ မျက်နှာကြီး အထက်တန်းစားထဲမှ ဖြစ်သည်။ ဆွန်ဂျာအဖေကို အာဏာပိုင်တို့က ကြိမ်ဒဏ်ပေးသည်။ ဆွန်ဂျာ၏ အဖေမှာ ထိုကြိမ်ရိုက်ခံနေရစဉ် ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။

အမှန်စင်စစ် အာဏာပိုင်များအနေဖြင့် ဆွန်ဂျာအဖေကို သေစေလိုသော ရည်ရွယ်ချက်မရှိပါ။ ဆွန်ဂျာအဖေမှာ နှလုံး အားနည်း၍လော၊ တစ်စုံတစ်ရာ အစ ကတည်းက ဖြစ်နေ၍လော မည်သူမျှ မပြောတတ်ပါ။ စိရင်ချက်ချသော အင်္ဂလိပ် အာဏာပိုင်များကလည်း ဂရုမစိုက်ပါ။ လူတစ်ယောက် ပြစ်မှုကျူးလွန်သည်၊ ထို့ ကြောင့် ပြစ်ဒဏ်ပေးသည်။ ပြစ်ဒဏ်ခံရင်း ထိုသူသေဆုံးသွားသည်။ သူခိုးတစ် ယောက် လျော့သွားခြင်းသာ ဖြစ်ပါသည်။ ထိုအချိန်က ဆွန်ဂျာသည် အသက် ၁၂ နှစ်သမီးသာရှိပါသေးသည်။ သူမအတွက် အသည်းကွဲပြီး ကမ္ဘာပျက်သွားခဲ့ ပေါသည်။ ထိုအချိန်က ဆွန်ဂျာသည် အင်္ဂလိပ်များကို တူးတူးခါးခါး မုန်းတီးခဲ့ပါ သည်။

ဟစ်တလာသည် အတွေးမှန်သော်လည်း ပစ်ကွင်းလွဲနေသည်ဟု ဆွန်ဂျာ တွေးမိသည်။ ကမ္ဘာကြီးကို အားနည်း နိမ့်ကျအောင် လုပ်နေကြသူများမှာ ဂျူး လူမျိုးများ မဟုတ်ပဲ အင်္ဂလိပ်များဖြစ်သည်ဟု ဆွန်ဂျာယုံ၏။ အိဂျစ်မှာရှိသော ဂျူးများမှာ သူများနည်းတူသာဖြစ်သည်။ တချို့ဆင်းရဲသည်။ တချို့ချမ်းသာသည်။ တချို့ကောင်းသည်။ တချို့ဆိုးသည်။ အင်္ဂလိပ်များကမူ တပြေးညီစွာပင် ဘဝင် ခေါင်ခိုက်၊ မာနကြီးပြီးအဆင့်အတန်းခွဲသည်။ လောဘ ဒေါသကြီးသည်။ ဗြိတိသျှ များက ကြီးကြီးကျယ်ကျယ်စကားပြောပြီး ဂျာမနီကပိုလန်ကို တိုက်သည်။ ဖိနှိပ် သည်ကို ကာကွယ်မည်ဟုဆို၏။ သူတို့ကိုယ်တိုင်ကမူ အိဂျစ်ကို ဖိနှိပ်နေသည် မဟုတ်ပါလား။

ဘာအကြောင်းကြောင့်ဖြစ်စေ၊ ဂျာမနီသည် အင်္ဂလိပ်ကို တိုက်နေသည်။ သည်တစ်ကြောင်းတည်းနှင့်ပင် ဆွန်ဂျာသည် ဂျာမနီကို ထောက်ခံသည်။

ဆွန်ဂျာအနေနှင့် ဟစ်တလာက အင်္ဂလိပ်တွေကို ထုထောင်းအနိုင်ယူပြီး အရှက်ခွဲပစ်လိုက်စေချင်သည်။

သည်အရေးအတွက် ဆွန်ဂျာတတ်နိုင်သမျှကူမည်။

သူမ မုန်းတီးသော အင်္ဂလိပ်ကောင်တွေကို မြူဆွယ်ရ မြူဆွယ်ရ၊

ဆွန်ဂျာရှေ့သို့ နည်းနည်းကိုင်းညွှတ်လိုက်သည်။ ပြီးမှ . . .

"မေဂျာစမစ် . . . ရှင်ဟာ တကယ်တော့လူချောပဲ"

ဝူလ် စိတ်အေးသွား၏။

စမစ်ကမူ ထိတ်လန့်သွား၏။ သူ့နားကို သူမယုံ . . .

"ဘုရားရေ . . . မင်း တကယ်ပြောနေတာလားဟင်"

"တကယ်မို့လို့ . . . ကျွန်မပြောနေတာပေါ့"

"အဲ . . . အဲ . . . ကျွန်တော့်ကို မေဂျာလို့မခေါ်ပဲ ဆင်ဒီလို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါဗျာ"

ဝူလ်သည် ထိုင်ရာမှ ထလိုက်၏။

"ကိုယ် သိပ်အချိန်မရတော့ဘူး ဆွန်ဂျာ၊ မင်းတို့ အိမ်ကို လိုက်ပို့ပေးရဦးမလား"

စမစ်က ကပျာကယာဝင်၍ . . .

"ဒါဆိုရင် . . . အဲဒီ တာဝန်ကို ကျုပ်ကိုပေးချင် ပေးခဲ့ပါလား ကပ္ပတိန် ဆွန်ဂျာကလည်း ခွင့်ပြုမယ်ဆိုရင်ပေါ့လေ"

ဆွန်ဂျာက မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်ရင်း . . .

"ကောင်းသားပဲ ဆင်ဒီ"

ဝူလ်ကမထိုင်တော့ပဲ . . .

"ဒါဆို . . . ကျွန်တော့်ကို ခွင့်ပြုကြပါဦး၊ ကျွန်တော်က မနက်ပိုင်းစောစော လုပ်စရာကလေးတွေ ရှိနေလို့"

စမစ်က . . .

"ကောင်းပါပြီဗျာ . . . ကြွပါ . . . ကြွပါ . . ."

ဝူလ် ထသွားသည်နှင့် စားပွဲထိုးသည် ညစာ ယူလာ၏။ ဥရောပညစာ ဖြစ်သည်။ စမစ်က စားရင်းသောက်ရင်း သူ၏ အောင်မြင်မှုများကို လေလုံးထွားနေ၏။

ဆွန်ဂျာကမူ သူအဖေပေးခဲ့ရသော ကြိမ်ဒဏ်ကိုသာ သတိရနေ၏။

ညစာ စားစဉ်စမစ်သည် မှန်မှန်သောက်ခဲ့ရာ သူတို့ပြန်ဖို့ထသောအခါ စမစ်နည်းနည်းယိုင်လာ၏။ ဆွန်ဂျာက သူမ၏လက်ကို စမစ်အားပေးသည်။ သူမအတွက်ယက် စမစ်ယိုင်လဲသွားမည်စိုးသောကြောင့် ဖြစ်သည်။

သူတို့နှစ်ဦးသား ည၏အလှအောက်တွင် လှေအိမ်သို့ လမ်းလျှောက်သွားကြသည်။ စမစ်က ကောင်းကင်ကို မော့ကြည့်၏။

"ကြည့်စမ်းကွာ . . . လှလိုက်တဲ့ ကြယ်ကလေးတွေ . . ."

စမစ်အသံမှာ နည်းနည်းထွေနေ၏။

သူတို့လှေအိမ်သို့ရောက်လာ၏။ စမစ်က . . .

"လှလိုက်တာ"

"အခုလို လိုက်ပို့တာ ကျေးဇူးပါပဲ . . . အထဲကို လိုက်ခဲ့ဦးမလား"

"ကောင်းသားပဲ"

သူတို့နှစ်ဦး ကုန်းဘောင်ပေါ်မှဖြတ်၍ လျှောက်ခဲ့ကြသည်။

အထဲရောက်သည်နှင့်စမစ်ဘုံ့ဩမဆုံး . . . တစ်ခန်းလုံး လှည့်ကြည့်သည်။

"တကယ့်စည်းစိမ်ရှင်ရဲ့အခန်းပါလား"

"တစ်ခွက်တစ်ဖလား သောက်ဦးမလားဆင်ဒီ"

"သိပ်ကောင်းတာပေါ့ဗျာ"

ဆွန်ဂျာ စမစ်၏ 'သိပ်'တွေကို မုန်းလာ၏။

"ရှန်ပိန်လား . . . အပြင်းလား"

"ဝီစကီရရင်တော့ . . . ကောင်းတာပေါ့"

"ဒါဆို . . . ထိုင်ပါဦးလေ"

ဆွန်ဂျာအရက်ခွက်ကိုယူခဲ့ပြီး စမစ်၏နံဘေးမှာ ဝင်ထိုင်၏။ စမစ် သူမ၏ ပခုံးကိုထိသည်။ ပါးကို နမ်းသည်။ သူမတစ်ကိုယ်လုံးကို ဖျစ်ညှစ်သည်။ ဆွန်ဂျာ ဘုန့်၍တုန်သွားရာ စမစ်က ရမ္မက်ကြောင့်ဟုထင်သည်။

ဆွန်ဂျာသည် စမစ်ပခုံးပေါ်မှ ကျော်ကြည့်လိုက်ရာ ဝူလ်ကို မြင်ရသည်။ ဝူလ်သည် အသံမထွက်ပဲ ရယ်နေပုံရလေ၏။

❖ ❖ ❖

(၈)

ဝီလီယံပင်ဒန်အနေနှင့် အဲလက်ဝူလ်ဆိုသော သူကို ရှာဖွေရန် စိတ်ဖျက်စပြုနေပြီ ဖြစ်၏။ အစရှတ်မြို့မှာ ဖြစ်ပွားခဲ့သော လူသတ်မှုသည် ရက်သတ္တသုံးပတ်ကြာခဲ့ပြီ ဖြစ်၏။ ယခုတိုင်လူသတ်သမား၏အရိပ်အရောင် မတွေ့ရသေး။ အချိန်ကြာမြင့် လာသည်နှင့်အမျှ သဲလွန်စများက နည်းပါးလာလေသည်။ နောက်ထပ်အရာရှိ တစ်ဦး၏ လက်ဆွဲအိတ်တစ်လုံး အခိုးခံရလျှင်မူ အဲလက်ဝူလ်ဆိုသူရှိသေးကြောင်း သိနိုင်သေး၏။ ယခုသော်ကား ဘာမှမထူးခြား။

ပင်ဒန်စိတ်ထဲတွင် ဝူလ်ဆိုသော ငနဲသည် ခြောက်လှန့်နေ၏။ သူ့စိတ်ထဲ တွင် ဤငနဲရှိနေကြောင်း အလိုလိုသိသည်။ ညညသူအိပ်မပျော်၊ တရေးနိုးလျှင်လည်း ဒီငနဲအကြောင်း သတိရသည်။ ဝူလ်ဆိုသူ၏ လှုပ်ရှားပုံကို စိတ်ထဲမှ ဘဝင်မကျ။ အီဂျစ်ပြည်တွင်းသို့ နံဘေးမှပေါက် သဲကန္တာရကိုဖြတ်ပြီး ဝင်လာပုံကိုလည်း သဘော မကျ။ တပ်ကြပ်ကောက်(ခ)ကို အလွယ်တကူလျင်မြန်စွာ သတ်သွားခြင်းကိုလည်း မကျေနပ်။ ကိုင်ရိုမြို့တွင်းသို့ရောက်လာပြီး ကောက်ရိုးပုံထဲ အပ်ချလိုက်သလို ပျောက်သွားခြင်းကိုလည်း ဘဝင်မကျ။ ဤအချက် အားလုံးကြောင့်လည်း ဤအမှုကို သူ စိတ်ဝင်စားနေခြင်းဖြစ်သည်။

သို့သော်သူတွင် တိုးတက်မှုမရှိ ရသမျှသတင်းများကလည်း ဘာမှတန်ဖိုးမရှိ၊ အောလစ်ဗီယားဗီလာအိမ်ကြီးသည် တစ်ချိန်က အာမက်ရာမာဆိုသူ

ိုင်ဆိုင်သည်။ ရာမာသည် ကိုင်ရှိမြို့၌ ချမ်းသာသော မိသားစုတစ်စုဖြစ်သည်။ အာမက်သည် ၎င်းအိမ်ကို သူ့အဖေထံမှ အမွေရခဲ့ခြင်းဖြစ်သည်။ အဖေဖြစ်သူ ဲမဲရာမာသည် ရှေ့နေတစ်ဦးဖြစ်သည်။ သတင်းအရ ဂါမဲရာမာသည် အီဗာဝူလ် ဆိုသူ မုဆိုးမအမျိုးသမီးနှင့် အိမ်ထောင်ကျခဲ့သည်။ အီဗာဝူလ်ဆိုသည့်အမျိုးသမီးမှာ ဟန်ဝူလ်ဆိုသူ၏ဇနီးဖြစ်ပြီး နှစ်ဦးစလုံး ဂျာမန်လူမျိုးများဖြစ်ကြပြီး ဟန်ဝူလ်သေဆုံး ြီးနောက်မှ အီဗာသည် ရာမာနှင့်အိမ်ထောင်ပြုခဲ့ခြင်းဖြစ်သည်။ ဟန်နှင့်အီဗာတို့ ၏သား အဲလက်ဝူလ်ကို ဂါမဲရာမက တရားဝင်စာချုပ်စာတမ်းဖြင့် မယားပါသားကို မွေးစားသားအရင်းအဖြစ် ပြုလုပ်ခဲ့သည်။

ဤသို့ဖြင့် အာမက်ရာမာသည် ဂျာမန်လူမျိုးတစ်ဦးဖြစ်သည့်တိုင်၊ အင်္ဂလိပ် ူမျိုး မှတ်ပုံတင်နှင့် အဲလက်ဝူလ်ဟု တရားဝင်တည်ရှိခဲ့ခြင်းဖြစ်သည်။

မှတ်တမ်းများအရ ဂါမဲရာမာသေဆုံးသောအခါ သေတမ်းစာပါအရ ဂါမဲ၏ အိမ်နှင့်တကွ အမွေအနှစ်များစွာကို အာမက်ခေါ် အဲလက်ဝူလ်က လက်ခံရရှိ ကြောင်း တွေ့ရသည်။

ကျန်ရစ်သူ ရာမာ၏ သားချင်းများကို စုံစမ်းမေးမြန်းရာ၌လည်း ဘာမှ အကြောင်းမထူးခဲ့။ အာမက်ခေါ် အဲလက်ဝူလ်သည် လွန်ခဲ့သော နှစ်နှစ်ခန့်က ပျောက်ကွယ် သွားခဲ့ပြီး၊ နောက်ထပ် ဘာသတင်းမှ မကြားရဟု တညီတညွတ်တည်း ပြောက်ဆိုကြ၏။ စစ်ဆေးသူများ၏ ထင်မြင်ချက်အရ မွေးစားသား ဝူလ် ပျောက်ဆုံး သွားသည့်အတွက် ရာမာသားချင်းများ ပူပန်၊ စိတ်ဝင်စားခြင်း မရှိဟု သိရသည်။

ဗင်ဒန်အနေနှင့်မူ ထိုပျောက်ဆုံးနေသော နှစ်နှစ်လောက်တွင် ဝူလ် ာစ်ယောက် ဂျာမနီသို့ သွားရောက်နေခဲ့ခြင်းသာ ဖြစ်ရမည်ဟု ယူဆ၏။

ရာမာမျိုးဆက်တွင် နီမိတ်ခေါ် သဲကန္တာရအတွင်းလှည့်လည်နေထိုင်သော သားချင်းများရှိသေးသည်ဟု သိရသည်။ သို့ရာတွင် ထိုလူမျိုးတို့မှာ အိုးအိမ် အတည်တကျမရှိပဲ သဲကန္တာရတွင်း လှည့်လည်နေထိုင်ကြသူများဖြစ်၍ အာဏာ ိုင်များအနေနှင့် ဆက်သွယ်၍မရ မသိဖြစ်နေ၏။ ဗင်ဒန်အတွေး၌မူ ထိုလူမျိုး သားချင်းများက ဝူလ်ကို သဲကန္တာရဖြတ်၍ အီဂျစ်ပြည်တွင်းသို့ ဝင်ရောက်ရန် ကူညီပေးခဲ့သည်ဟု ယူဆသည်။

ယခုအခါတွင် ဗင်ဒန်နားလည်သွားပြီဖြစ်၏။ ဝူလ်အနေနှင့် အလက် ဆန်းဒြီးယားမြို့မှ ဖြတ်၍ အီဂျစ်ပြည်တွင်းသို့ တရားဝင်ပြန်လာ၍မဖြစ်၊ လုံခြုံရေးမှာ ဘင်းကျပ်လျက်ရှိပြီး ဝူလ်ပြန်ဝင်လာသည်နှင့် စုံစမ်းမေးမြန်းမှုများ ပြုကြပေလိမ့် မည်။ စုံစမ်းသည်နှင့် ဝူလ်သည် ဂျာမန်မျိုးဆက်ဖြစ်ကြောင်း ပေါ်ပေါက်ပြီး နှစ်နှစ်

အတွင်း ပျောက်ဆုံးနေမှုပေါ် လာနိုင်သည်။ ယခုကဲ့သို့ တောင်ဘက် သဲကန္တာရထဲမှ ဖြတ်၍ တိတ်တိတ်ဝင်လာပြီး သူ၏ အီဂျစ်ပြည်သား ဘဝမှန်နှင့် ဣန္ဒြေမပျက် နေနိုင်မည်မဟုတ်ပါလား။ အင်္ဂလိပ်တို့ဘက်မှ ကံတစ်ချက်ကောင်းသွားသည်မှာ မမျှော်လင့်ပဲ အစရှုတ်မြို့တွင် ဝူလ်တစ်ယောက်ပြဿနာပေါ်၍ လူသတ်မိသွားသော ကြောင့်သာ ဖြစ်သည်။

သည်တစ်ခုသာ သူတို့ဘက်မှ ကံကောင်းသော် သဲလွန်စ တစ်ခုရှိသည်။

ဗင်ဒန်သည် သူ၏ရုံးခန်းတွင် ထိုင်ယင်းဆေးလိပ်တစ်လိပ်ပြီး တစ်လိပ် သောက်ကာ ဝူလ်အကြောင်း စဉ်းစားနေမိသည်။

ဝူလ်သည် အပေါ်စား၊ အညံ့စားလူတစ်ယောက် မဟုတ်ကြောင်းသေချာ သည်။ ခပ်ချာချာစပိုင်တစ်ယောက်လို မြို့တွင်းမှ ဖြတ်သွားသမျှ စစ်သားအရေအ တွက်ကို သတင်းပို့မည့်အစားထဲက မဟုတ်။ ထို့ကြောင့် ထိပ်တန်းစစ်အရာရှိ တစ် ယောက်၏ လက်ဆွဲအိတ်အခိုးခံရသောအခါ ဝူလ်၏ လက်ချက်ဟု ဗင်ဒန် တန်း ထင်မိခြင်းဖြစ်သည်။ အိတ်အခိုးခံရသော အရာရှိမှာ အရေးပါသူဖြစ်သည်။ လက် ဆွဲအိတ်ကို ခိုးရန်စီစဉ်ပုံကလည်း စနစ်ကျသည်။ သည်ငနဲ သည်ပုံနှင့်ဆက်၍ လုပ်ကိုင်နေပါက သူ့ရည်ရွယ်ချက်အောင်မြင်သွားနိုင်သည်။

ဗင်ဒန်သည် ရုံးခန်းထဲမှာပင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေမိသည်။

ဘာပဲပြောပြော စပိုင်တစ်ယောက်မှာလည်းသူ့ပြဿနာနှင့်သူရှိရပေမည် ဖြစ်၏။ နံဘေးဝန်းကျင်မှ လူများပြောစရာ၊ မေးစရာမဖြစ်အောင် နေဖို့လိုသည်၊ အခိကကျသည့် အသံလွှင့်စက်ကိုလည်း ဝှက်ထားရမည်။ သတင်းရအောင်လည်း ထောက်လှမ်းရပေဦးမည်။ လုပ်ဆောင်ယင်းငွေကြေးပြတ်သွားနိုင်သည်၊ ရေဒီယို ပျက်သွားနိုင်သည်။ တစ်ယောက်ယောက်က သစ္စာဖောက်ပြီး သူ့အကြောင်း သတင်း ပို့ပေးနိုင်သည်။ တစ်ခုမဟုတ်တစ်ခု၊ တစ်နေရာမဟုတ်တစ်နေရာက သဲလွန်စ တစ်ခုခု ထွက်လာရမည်ကားမုချ။

စပိုင်က တာကယ်ကျွမ်းကျင်လေလေ၊ သဲလွန်စရရန်ကြာလေလေသာဖြစ် သည်။ မရပဲကားမရှိ ရမည်သာဖြစ်၏။

ဗင်ဒန်အနေနှင့် သူခိုးအဗ္ဗဒူလာသည် ဝူလ်နှင့်အဆက်အသွယ်ရှိကြောင်း သေချာသည်။ ဘော့(ဂ) က အဗ္ဗဒူလာကို ဖမ်းရန်ငြင်းဆိုသောအခါ ဗင်ဒန်သည် အဗ္ဗဒူလာကို ငွေအမြောက်အမြား ပေးမည်ဟုဆို၍ ဝူလ် ဘယ်မှာနေ သလဲဟုမေးဘူးသည်။ အဗ္ဗဒူလာက အဲလ်ဝူလ်ဆိုသူကို မကြားဘူးကြောင်း ဘူး ဆက်ကွယ်နေသော်လည်း သူ့မျက်လုံးများမှာ ငွေရမည်ဆို၍ တောက်ပြောင်

နှန်းလက် သွားကြောင်းဗင်ဒန်သိသည်။

အဗ္ဗဒူလာကိုယ်တိုင်လည်း ဝူလ်ဘယ်မှာနေသည်ကို သိချင်မှသိပေမည်။ ထို့ကြောင့်လည်း ဗင်ဒန်က ဝူလ်၏နေရာသိရသောအခါ ငွေပေးရန်အသင့်ရှိသည်ဟု အဗ္ဗဒူလာကို စည်းရုံးခဲ့ခြင်းဖြစ်သည်။ ဤသူခိုး အဗ္ဗဒူလာထံမှလည်း အခြေအနေ သိနိုင်သည်။

ထိုစဉ် ဖုန်းမြည်လာ၏။ သူ ကောက်ကိုင်သည်။

'ဗိုလ်မှူး ဗင်ဒန်ပါ. . .'

'ဟုတ်ကဲ့. . . အခု စကားပြောနေတာက ငွေလဲလှယ်ရေးဌာနက မေဂျာ ဘက်ဒလာပါ'

'ပြောပါ'

'ဪ. . အယင်သုံးပတ်လောက်က ဗိုလ်မှူးဆီက ငွေတုတွေ့ရင် သတင်း ပို့ပါဆိုပြီး မှာထားလို့ အဲဒါ ကျွန်တော်တို့အခု ပေါင်စက္ကူငွေတုတွေ ရထားတယ်'

ဒါသဲလွန်စပဲဟု ဗင်ဒန်တွေးမိသည်။

'ဟုတ်လား. . . ဘယ်လောက်ရှိလဲ'

'အတော်များတယ် ခင်ဗျ'

'ဟုတ်လား၊ ဒါဆို ကျွန်တော်အမြန်ဆုံး ကြည့်ချင်တယ်၊ သိချင်တယ်ဗျာ'

'သိရပါတယ်. . . အဲဒီ ငွေတုတွေလဲ ဗိုလ်မှူးတို့ရုံးကို ပို့ခိုင်းလိုက်ပြီးပါ ပြီ၊ မကြာခင် အဲဒီရုံး ရောက်လာပါလိမ့်မယ်'

'ဟုတ်ကဲ့. . . ဒါထက် ဘယ်သူ့ဆီကရတယ်ဆိုတာကော သိပါသလား'

'တစ်နေရာတည်းက မဟုတ်ဘူးခင်ဗျ၊ နာမည်တွေအားလုံး မှတ်ထားပါတယ်'

'ကောင်းပါပြီ. . . ဒါဆိုရင် ငွေတုတွေ ကြည့်ပြီးတာနဲ့ ကျွန်တော် ဗိုလ်မှူး တို့ရုံးကို လာခဲ့ပါမယ်၊ ဒါနဲ့ ဗိုလ်မှူးနာမည်က ဘက်ဒလာနော်'

'ဟုတ်ပါတယ်. . . ဒါပါပဲ'

ဗင်ဒန် ဖုန်းချလိုက်၏။

စတာလင်ပေါင် စက္ကူအတုဆိုပါလား။ အားလုံးအဖြေ ကိုက်လာပြီကော။ အီဂျစ်ပြည်မှာ သီးခြားလွတ်လပ်သော တိုင်းပြည်ဖြစ်၍ အင်္ဂလိပ် ငွေစက္ကူစ တာလင်ပေါင်များတရားဝင် သုံးစွဲခွင့်မရှိ။ အင်္ဂလိပ်အစိုးရက အီဂျစ်ငွေဖြင့် တရား ဝင်လဲလှယ်ပေးသော ငွေစက္ကူလဲလှယ်ရေး ဌာနရှိသည်။ စောစောက ဖုန်းမှာ ထိုဌာန က ဖြစ်သည်။

ဗင်ဒန်သည် တံခါးကိုဖွင့်၍ လက်ထောက်တစ်ယောက်ကို ခေါ်လိုက်၏။

'ဂျိတ်. . .'

'ဆာ. . .'

'ငွေစက္ကူအတု ဖိုင်ယူခဲ့စမ်း'

'ဟုတ်ကဲ့'

'အေး. . . ငါဆီကို စာအိတ်တစ်အိတ် လာပို့လိမ့်မယ်။ လာယင် ချက်ချင်း ယူခဲ့' 'ဟုတ်ကဲ့ ဗိုလ်မှူး'

ဗင်ဒန် ရုံးခန်းထဲ ပြန်ထိုင်သည်။ ခဏအတွင်း ဂျိတ်ဖိုင်တွဲတစ်ခု ယူလာသည်။ ဂျိတ်သည် သွက်လက်ဖျတ်လတ်သောလူငယ်တစ်ဦး ဖြစ်သည်။ ဗင်ဒန်က. .

'ဂျာမန်တွေ လုပ်တဲ့ ပေါင်ငွေတုနေရာကို ရှာစမ်းကွ'

ဂျိတ်သည် ဖိုင်တွဲကို လှန်လှောရှာဖွေပြီး ချက်ချင်း ပြန်ပြသည်။ ဖိုင်တွဲတွင် ဂျာမန်လုပ်ငွေစက္ကူများကို မျက်နှာနှစ်ဘက်လုံး ဖော် ပြထား၏။

တပေါင်တန်စက္ကူ၊ ၁၀တန် စက္ကူနှင့် ၂၀ တန် စက္ကူများ။

ဗင်ဒန်က ငွေစက္ကူအတုများနှင့် မှားယွင်းမှု ဖော်ပြချက်များကို လေ့လာ ကြည့်ထားလိုက်၏။

ထိုစဉ် တံခါးခေါက်သံနှင့်အတူ ဗင်ဒန်၏ အတွင်းရေးမှူးဝင်လာ၏။ သူ့ လက်ထဲတွင် ဗင်ဒန်ထံသို့ လိပ်စာတပ်ထားသော အထုပ်တစ်ထုပ်။ ဗင်ဒန်ရရှိ ကြောင်းလက်မှတ်ထိုးယူလိုက်ပြီး အထုပ်ကို ဖွင့်လိုက်သည်။

ပေါင်စက္ကူများ ရာကျော်ထွက်လာ၏။ တစ်ပေါင်တန်မှ ပေါင် ၂၀ တန်အထိ။

'ဘုရားရေ. . . အများကြီးပါလား၊ မှန်ဘီလူး ယူခဲ့စမ်းကွာ'

ပေါင်စက္ကူ အတုကို ဖိုင်တွဲထဲမှ ပုံများနှင့် ယှဉ်ချလိုက်၏။ မှန်ဘီးလူး ပင်မလိုပါ။ ငွေစက္ကူအတုများသည် ဖိုင်တွဲမှ ငွေတုများအတိုင်း အမှားများပါနေ၏။

'ဟုတ်ပြီကွ. . . ဒါ ဂျာမနီကလုပ်တဲ့ ငွေတုတွေပဲ၊ တို့ ငနဲရဲ့ ခြေရာတွေ ရပြီဟေ့'

၄

ဒုဗိုလ်မှူးကြီး ရက်ဂီဘော(ဂ)သည် သူ့လက်ထောက် ဗိုလ်မှူးဗင်ဒန်ကို လူတော်တစ်ယောက်မှန်း သိသည်။ သည့်အတွက် သိပ်သဘောမကျ။ တစ်နေ့ကပင် ထောက်လှမ်းရေးဗိုလ်ချုပ်နှင့် ဆုံ၍ ဗိုလ်ချုပ်ကို သူခရီးသွားတန်လွှဲ ကိုင်ရိုတွင်စပိုင် တစ်ယောက် လှုပ်ရှားနေပုံရကြောင်း အစီရင်ခံခဲ့သည်။ နောက် ဗင်ဒန်လုပ်ထား

သမ္မကို သူလုပ်သယောင်ပြု၍ ငွေစက္ကူတုများအကြောင်းအထိ ပြောလိုက်၏။

ဗိုလ်ချုပ်က ထိုအမှုအတွက် ဘယ်သူ့ကို တာဝန်ပေးထားသလဲဟုမေးရာ မေဂျာဗင်ဒန်ကို တာဝန်ပေးထားကြောင်း ပြော၏။

ဗိုလ်ချုပ်က ဗင်ဒန်ကို လူတော်တစ်ယောက် ဖြစ်ကြောင်း ချီးကျူးသွား၏။

ဘော(ဂ) ဘဝင်မကျလှ။

ချားချားကလပ်မန်နေဂျာက သူသည် တော်တော်များများမှာ အင်္ဂလိပ် ငွေစက္ကူများနှင့် ပေးချေကြသည်ဖြစ်၍ ဘယ်သူ့ထံမှ ထိုငွေတုများ ပါလာကြောင်း မသိရပါဟု ဗင်ဒန်အား အစစ်ခံ၏။ ဟုတ်နိုင်သည်ပဲ။

ရှက်ပတ်ဟိုတယ် ငွေကိုင်စာရေးကလည်း ထိုနည်းလည်းကောင်းပင် အဖြေပေး၏။

ထိုနည်းတူ ငွေလဲခဲ့သူ တက္ကဆီဒါရိုင်ဘာ နှစ်ဦး၊ အရာရှိရိပ်သာမှ ငွေကိုင်စာရေးတို့ အနေနှင့် ဘယ်သူ့ထံမှ ငွေတုရခဲ့ကြောင်း မပြောနိုင်ကြ။ မကောင်းသော မိန်းမများကို မွေးထားသည့် မဒန်ဖန်နီကလည်း ၎င်းအတိုင်း။

နောက်ထပ် သွားတွေ့ရဦးမည့် ဆိုင်ရှင်တစ်ဦးသည်လည်း ထိုအဖြေမျိုးသာ ရလိမ့်မည်ဟု ဗင်ဒန်တွေးလာခဲ့၏။

ထိုဆိုင်ရှင်မှာ ဖစ်ကစ်(ခ) ဘရစ္စတိုပိုလို ဆိုသူ ဖြစ်ပြီးသူသည်လည်း ငွေတုအတော်များများ လဲခဲ့၏။ ဗင်ဒန်သည် ဘရစ္စတို၏ ဆိုင်ကို ကုန်တိုက်ကြီး တစ်ခုပမာ ရှိမည်ဟု မျှော်လင့်ခဲ့၏။ ရောက်ရှိသွားသောအခါ သာမန်ကုန်စုံဆိုင် ကလေးမျှသာဖြစ်ကြောင်းတွေ့ရ၏။ ဘရစ္စတို ဆိုသူ ဂရိလူမျိုးမှာ ပုကွကွလေး ဖြစ်ပြီး သူ့ကို ပြုံး၍ နှုတ်ဆက်၏။

'ဂွတ်မောနင်း. . . ဆာ၊ ကျွန်တော် ဘာများအကူအညီပေးနိုင်ပါသလဲ၊ အမိန့်ရှိပါ'

ဗင်ဒန်က ဆိုင်ထဲကိုကြည့်ယင်း. . .

'ခင်ဗျားဆိုင်က ဝယ်စရာမှ သိပ်မရှိတာ'

ဆိုင်ရှင်က ပြုံးသည်။

'လူကြီးမင်း အလိုရှိတာကိုသာ အမိန့်ရှိပါ၊ ကျွန်တော့်စတိုခန်းမှာ ရှိနိုင်ပါတယ်'

လက်စသက်တော့ သည်ဆိုင်၏ အရောင်းအဝယ်တ သည်လိုကိုး ဗင်ဒန်

သဘောပေါက်သွား၏။ သည်ပုံအတိုင်းဆိုလျှင် ဆိုင်ရှင်အနေနှင့် သူနောက်ဖေး စတိုခန်းထဲမှာ အရောင်းအဝယ် ပြုလုပ်သော ဈေးဝယ်သူများကို မှတ်မိနိုင်၏၊ ဗင်ဒန်က. . .

'ကျုပ်က ဈေးဝယ်ဖို့လာတာမဟုတ်ဘူး၊ လွန်ခဲ့တဲ့နှစ်ရက်က ခင်ဗျား အင်္ဂလိပ်ငွေလဲဌာနမှ အင်္ဂလိပ်ငွေ ၁၄၇ ပေါင်တိတိကို အီဂျစ်ငွေနဲ့ လဲခဲ့တယ်'

ဘာရစ္စတိုသည် ဂရုစိုက်ဆယ်လိုက်၏၊ နောက်ပြုံးသည်။

'ဒါတော့ ခင်ဗျားကျွန်တော်ဘယ်သိမလဲ၊ ကျွန်တော်က အင်္ဂလိပ်ငွေကို အင်္ဂလိပ်လူမျိုးတွေဆီကရတယ်၊ အဲဒါအင်္ဂလိပ်ငွေဌာနကို လဲခဲ့တာပဲဟာ ကျွန်တော် ဘာတတ်နိုင်မလဲ'

ဗင်ဒန်ကမူ မျက်နှာထားတင်းတင်းဖြင့်. . .

'ငွေစက္ကူအတုကို လာလဲတဲ့အမှုနဲ့ မင်းထောင်ကျနိုင်တယ်'

ဘာရစ္စတိုသည် မပြုံးနိုင်တော့။

'ဗျာ. . . ဗျာ. . . ဒါတော့ ဘယ်တရားမလဲခင်ဗျာ၊ ကျွန်တော်ကမှ အင်္ဂလိပ်ငွေ အတုအစစ်ခွဲမသိတာ'

'မင်းကို ဒီငွေ တုတွေကို ဘယ်သူပေးတာလဲ'

'မသိဘူးခင်ဗျ'

'သေသေချာချာ စဉ်းစားကြည့်ဦးလေ၊ မင်းကိုဘယ်သူကများ ပေါင် ၁၂၇ ပေါင်ပေးသလဲဆိုတာ'

ဘာရစ္စတိုသည် အတန်ကြာတွေသွား၏။ ပြီးမှ သတိရသွားပြီး. . .

'အား. . . ဟုတ်ပြီ၊ ကျွန်တော်ရဲ့ ဖောက်သည် ဟောင်းတစ်ယောက်ဟာ မကြာခင်က ၁၂၆ ပေါင်နဲ့ ဆယ်သျှီလင်ဖိုးတုန်ဝယ်သွားတယ်ခင်ဗျ'

'သူ့နာမည် ဘယ်သူလဲ'

'မစ္စတာ ဝူလ်ပါ'

ဗင်ဒန်သည် စိတ်လှုပ်ရှားသွား၏။ ဘာရစ္စတိုကမူသူ့ဘာသာသူဆက်၍

'ကျွန်တော်တော့ တကယ်အံ့ဩပါတယ်ဗျာ၊ မစ္စတာဝူလ်ဟာ ဟိုနှစ်ပေါင်း များစွာကတည်းက ကျွန်တော်ရဲ့ ဖောက်သည်ဟောင်းတစ်ယောက်ပါ၊ သူ့ဆီက ဒီလိုငွေတုမျိုး မရဖူးပါဘူး'

ဗင်ဒန်ကမူ အရေးကြီးနေ၏။

"ဒီမှာနားထောင်စမ်း၊ အဲဒီကုန်တွေကို မောင်ရင် ဘယ်လိပ်စာနဲ့လိုက်ပို့ ရသတုံး"

'မပို့ ရဘူးခင်ဗျ. . . သူကိုယ်တိုင်ယူသွားတယ်'

'သေပါတော့ကွာ'

'ကျွန်တော်တို့လဲ မစ္စတာဝူလ်ကို အယင်တုန်းကလို လိုက်ပို့ပါမယ်လို့ပြော ါသေးတယ်။ ဒါပေမယ့် သူက သူကိုယ်တိုင်ပဲယူသွားမယ်ဆိုလို့'

'ဒါဆို. . . အယင်တုန်းက သူ့အိမ်ကို လိုက်ပို့ရတယ်ပေါ့ဟုတ်လား'

'ဟုတ်ကဲ့. . . ခင်ဗျာ'

'သူ့လိပ်စာက'

'ဥယျာဉ်လမ်းက အောလစ်ဗီးယား၊ ဗီလာပါ'

ဗင်ဒန်သည် ခေါ်သထွက်ပြီး စားပွဲကို လက်သီးနှင့် ထုလိုက်၏။ ဘရစ္စတို သည် တွန့်သွား၏။ ဗင်ဒန်က. . .

'မင်း. . . အခုလောလောလတ်လတ်၊ အဲဒီလိပ်စာနဲ့ပို့ရသေးလား'

'ခင်ဗျား. . . အခုတစ်ခေါက် မစ္စတာဝူလ်ပြန်ရောက်ကတည်းက တခါမှ ပို့ ရသေးဘူးခင်ဗျ. . . ဒါ. . . ဒါထက် ကျွန်တော့်လို အပြစ်မဲ့တဲ့ လူတစ်ယောက် ရဲ့ လက်ထဲက ဒီလိုငွေတွေ တွေ့သွားရတဲ့ကိစ္စကို ကျွန်တော်စိတ်မကောင်းပါဘူး ခင်ဗျ. . . အဲဒီအတွက်များ တစ်ခုခု ကျွန်တော်ဆောင်ရွက်ပေးနိုင်ပါသလား'

ဘရစ္စတိုက ကုန်သည်လူလည်ပီပီ မျှော်သွေးစမ်းလိုက်၏။

ဗင်ဒန်ကလည်း တစ်စုံတစ်ရာတွေးလျက်ရှိရာ. . .

'အင်း. . . ဖြစ်နိုင်စရာရှိပါတယ်'

ဘရစ္စတိုက ပြုံးပြီး. . .

'ဒါဆို . . . အထဲကြွပါဦး . . . ခင်ဗျာ . . . ကော်ဖီလေးဘာလေး သုံး ဆောင်ယင်း စကားပြောကြတာပေါ့'

ဗင်ဒန်က သဘောတူလိုက်ပြီး၊ ဘရစ္စတို၏ နောက်ခန်းသို့ လိုက်ပါသွား ခဲ့သည်။ နောက်ခန်းစင်ပေါ်တွင် ကုန်များကို ဗင်ဒန်မြင်ရသည်။ နိုင်ငံခြားဖြစ်များ ဖြစ်ပါသည်။ ရပ်ရှင်း၊ ကဗီးယားမှအစ၊ အမေရိကန်စည်သွတ်ဘူးများနှင့် အင်္ဂလိပ် ....ဘူးများအထိ။ ဘရစ္စတိုက ဗင်ဒန်ကို ကာဖိပျစ်ပျစ်တစ်ခွက်ငှဲ့တိုက်ယင်း ပြုံး သည်။

'သည်လို ပြဿနာကလေးမျိုးတွေဆိုတာ မိတ်ဆွေအချင်းချင်းဖြေရှင်းလို့ ...တယ်ဗျာ'

ဗင်ဒန်က ဘာမှမပြော ကာဖီသောက်နေလိုက်၏။ ဘရစ္စတိုက . . .

"ဒီလိုဗျာ . . . ကျုပ်တို့နှစ်ယောက် မိတ်ဖြစ်ဆွေဖြစ်အနေနဲ့ ကျွန်တော့်

ဆိုင်တလက်ဆောင်တစ်မျိုးပေးပါရစေ၊ ကျွန်တော့်မှာ ပြင်သစ်ဝိုင်အကောင်းစား တချို့ . . .''

"မလိုချင်ဘူး"

"ဒါဆို . . . စကော့ဝီစကီလဲရနိုင်ပါတယ်ခင်ဗျ"

"အေး . . . ဒါတွေ ကျုပ်မစဉ်းစားဘူးဗျ"

"အို . . ."

ဘရစ္စတိုစိတ်ထဲတွင် ပစ္စည်းမလိုချင်ပုံထောက်တော့ ငွေလိုချင်ပုံရသည်ဟု ထင်သွား၏။ ဗင်ဒန်က . . .

"ကျုပ် . . . ဝူလ်ကိုတွေ့ချင်တယ်၊ သူ ဘယ်မှာနေသလဲဆိုတာ သိချင်တယ်။ သူက ခင်ဗျားရဲ့ဖောက်သည်ဆို"

"ဖောက်သည်တော့ ဟုတ်ပါတယ်"

"ဘာတွေဝယ်သွားလဲ"

"ရှန်ပိန်တွေရယ်၊ ကာဗီယားလဲပါတယ်၊ ကာဇီမှုန့်လဲပါတယ်၊ နိုင်ငံခြားအရက်၊ စည်သွတ်ဗူးပစ္စည်းအစုံပါပဲ"

"ဩော် . . . ဩော်"

ဗင်ဒန်က ဝူလ်ဝယ်သော ပစ္စည်းများမှာ အဖိုးတန်ဇိမ်ခံပစ္စည်းများသာ ဖြစ်ကြောင်း သတိမပြုမိပဲ မနေနိုင်ဖြစ်လာ၏။ ဗင်ဒန်က . . .

"သူ နောက်တစ်ခေါက် ဘယ်တော့လာဦးမလဲ"

"ရှန်ပိန်ကုန်သွားရင် လာမယ်ထင်တာပဲ"

"ဒါဆို နောက်တစ်ခေါက်လာရင် သူ ဘယ်မှာနေသလဲ ကျုပ်သိချင်တယ်"

"ဗျာ . . . တကယ်လို့သူက ကုန်တွေကိုလိုက်မပို့ရဘူး၊ သူဘာသာ သယ်သွားမယ်ဆိုရင်ကော ခင်ဗျာ"

"အေး . . . ကျုပ်လဲစဉ်းစားနေတာပဲ၊ ဒီလိုလုပ်ဗျ၊ ကျုပ် ခင်ဗျားအတွက် လက်ထောက်တစ်ယောက် ပို့ထားမယ်"

ဘရစ္စတိုသည် တွန့်သွား၏။

"ဗျာ . . . ကျွန်တော်ဆရာကို အကူအညီတော့ပေးချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်အရောင်းအဝယ်အလုပ်က သိုသိုသိပ်သိပ်လုပ်ရတာဆိုတော့"

ဗင်ဒန်က မျက်နှာထားတင်းလိုက်ပြီး . . .

"မင်းမှာ ရွေးစရာနှစ်လမ်းပဲရှိတယ်၊ ငါကို အကူအညီပေးရင်ပေး မပေးရင် ထောင်ထဲကိုကြွ။ ဒါပဲ"

"ဒါပေမယ့် . . . ကျွန်တော့်ဆိုင်မယ် အင်္ဂလိပ်အရာရှိတစ်ယောက်က အလုပ်လုပ်နေတယ်ဆိုရင်"

"အို . . . ဘယ်သူကအင်္ဂလိပ်အရာရှိလွှတ်မယ်လို့ မင်းကိုပြောလို့တုန်း"

ဗင်ဒန်ကိုယ်တိုင်ကလည်း အင်္ဂလိပ်အရာရှိတစ်ယောက်သာ ဘရစ္စတို ဆိုင်မှာရှိနေပါက လယ်ပြင်မှာဆင်သွားသလို ထင်ထင်ရှားရှားကြီး အဲလက်ဝူလ်ကို ခြောက်လွှတ်သလိုဖြစ်သွားမည် သေချာ၏။ စဉ်းစားပြီး . . .

"ဘယ်လိုမျိုးလွှတ်ရမယ်ဆိုတာ ကျုပ်စဉ်းစားထားပါတယ်"

ဒိုနေ့ညနေ ညစာစားအပြီး ဗင်ဒန်တစ်ယောက် ပန်းစည်းကြီးတစ်စည်းကို အူ ကြောင်ကြောင်ကိုင်ရင်း အယ်လိန်း၏အခန်းဝသို့ ရောက်လာ၏။ သူ တံခါးခေါက် သိုက်၏။

အယ်လိန်းသည် သူမကို မျှော်လင့်မထားပေ၊ ဗင်ဒန်စိတ်ထဲတွင် သူမ ယောကျ်ားညွှသည်တစ်ယောက်ကိုများ ညှော်နေမလားဟု စိတ်ပူနေ၏။

တံခါးပွင့်သွား၏။

သူမသည် အဝါရောင်ဝတ်စုံကို လှပစွာ ဝတ်ဆင်ထား၏။ ရုတ်တရက် သူမလည်း ကြောင်သွား၏။ နောက်မှ မှတ်မိသွားပြီး ပြုံး၍ . . .

"ဟလို . . ."

"ဂွတ်အီးဗနင်း . . ."

သူမသည် ရှေ့တစ်လှမ်းတိုးပြီး သူ့ပါးကိုနမ်း၏။ ပြီးမှ . . .

"ဝင်ခဲ့လေ . . ."

သူ အခန်းထဲရောက်သောအခါ သူမ တံခါး ပြန်ပိတ်လိုက်၏။ ဗင်ဒန်က သူ၏ပါးကို အသာစမ်းကြည့်ရင်း . . .

"ကျွန်တော် ခင်ဗျားအနမ်းခံရမယ်လို့ မျှော်လင့်မထားမိဘူးဗျာ"

"ဒါမှ သဘာဝကျမှာပေါ့ရှင့်၊ ကဲပါ ရှင့်ပန်းစည်းပေးပါ"

သူက လက်ထဲမှ ပန်းစည်းကိုလှမ်းပေးလိုက်သည်။ ရင်ထဲကမူ သူ့ကို လှေနေသလို ခံစားရ၏။ အယ်လိန်းကမူ . . .

"ကဲပါ . . . အထဲ ဝင်ထိုင်ပါ၊ ကျွန်မ ပန်းတွေ ရေစိမ်ထားလိုက်ပါဦးမယ်"

ဗင်ဒန်သည် သူမနှင့်အတူဧည့်ခန်းတွင်းသို့ လိုက်လာခဲ့ပြီး ဧည့်ခန်းကို အကဲခတ်ကြည့်မိသည်။ အခန်းမှာ သပ်ရပ်သည်နှင့်အမျှ နှစ်လိုဖွယ်ကောင်းလှ၏။ အခန်းနံရံများကို ပန်းနုရောင် ရွှေရောင်များ ဆေးသုတ်ထားပြီး အိစက်သောဆိုဖာ

များနှင့် ဝက်သစ်ချသား စားပွဲတစ်လုံးကို တွေ့ရသည်။ ကြမ်းပြင်ပေါ်တွင် ထူထဲလှပသော ဝက်ဝံမွေးဟု ယူဆရသော ကော်ဇော်တစ်ချပ် ခင်းထား၏။ ဗင်ဒန်ငုံ့၍ ကော်ဇောကို ကိုင်ကြည့်သည်။ အစစ်ပါကလား။ ရုတ်တရက်အယ်လိန်း တစ်ယောက် ဝတ်လစ်စလစ်ကိုယ်လုံးဖြင့် ဤကော်ဇောပေါ်တွင် လူးလိမ့်နေပုံကို မြင်ယောင်လာ၏။ ချက်ချင်းမျက်စိအာရုံကို တခြားပြောင်းလိုက်ရာ ဆိုဖာနံဘေးတစ်ခုတွင် ဖတ်လက်စဟု ယူဆရသော စာအုပ်တစ်အုပ်ကို တွေ့သည်။ ကောက်ကိုင်ကြည့်ရာ 'စတန်ဘူ ရထား"ဟူသော ခေါင်းစဉ်ကို တွေ့ရ၏။ စပိုင်ဝတ္ထုတစ်ပုဒ်ပါလား။

အယ်လိန်းသည် သူယူခဲ့သော ပန်းများကို ပန်းအိုးတစ်လုံးတွင် ထိုးစိုက်၍ ယူလာ၏။ အနားရောက်သောအခါ . . .

"ဘာအရက်သောက်မလဲ"

"မာတီနီ-စပ်တတ်လား'

"ရပါတယ်-ဆေးလိပ်သောက်ချင်လဲ သောက်လေ"

"ကျေးဇူးပါပဲ"

ဗင်ဒန်စိတ်ထဲကမူ အတော်ညှေ့ဝတ်ကျေပွန်တဲ့ မိန်းကလေးပါလားဟု တွေး၏။ သည်ကိုလာခဲ့စဉ်က အလုပ်သဘောနှင့် သူဦးဆောင်၍ ခပ်တည်တည် ဆွေးနွေးမည်ဟု ရည်ရွယ်ခဲ့၏။ သည်ရောက်သောအခါ သူက ဦးမဆောင်ရပဲ သူမကဦးဆောင်နေ၏။ သူကိုယ်တိုင်မူ တိတ်တိတ်ပုန်း ချစ်သူတစ်ယောက်လို ခံစားနေရ၏။ ဣန္ဒြေဆယ်ရင်း စာအုပ်ကိုကြည့်ကာ . . .

"ဒီစာအုပ်ကို သဘောကျသလား"

"ခုတလော လျှို့ဝှက် စပိုင်ဝတ္ထုတွေ ဖတ်နေတယ်"

"ဘာဖြစ်လို့ . . ."

"ဪ . . . စပိုင်တစ်ယောက် ဘယ်လိုနေထိုင် ပြုမူလှုပ်ရှားတယ်ဆိုတာကို သိရအောင်လို့ပေါ့" "ဟာ . . . မင်းအနေနဲ့ . . ."

စကား တစ်ပိုင်းတစ်စနှင့် သူမကို မော့ကြည့်မိရာ အပြုံးကို တွေ့ရသည်။ သူ. . . စခံရပြန်ပြီကော၊ သို့နှင့်ဆက်၍ . . .

"မင်း . . . ဒီလောက်အလေးအနက်ထားမယ်မထင်ဘူး"

"ဟုတ်ကဲ့ . . . ထားခဲ့ပါတယ်"

ထိုအချိန်၌ စပ်ပြီးသား အရက်ခွက်ကိုယူလာပြီး သူ့ကိုလှမ်းပေးသည်။ နောက် ဆိုဖာတစ်ဘက်စွန်းမှာ ထိုင်သည်။ နောက် သူမလက်ထဲက ခွက်ကို မြှောက်ပြီး . . .

"ကဲ . . . စပိုင်လုပ်ငန်းအတွက်"

သူ မာတိနီခွက်ကို တင့်မြည်းကြည့်လိုက်၏။ ပြည့်ပြည့်စုံစုံကောင်းလှပါပေ၏၊ စပ်လာသော ကာယကံရှင်လိုပါကလား။ နေရောင်ဖျော့ဖျော့သည် သူမ၏အသားကို စိုဝင်းလှပနေစေ၏။ ကိုယ်လက် ပေါင်တံတို့မှာ ချောမွေ့နူးညံ့ပုံရသည်။ သူမသည် အပြင်မှာလှသလို အိပ်ရာထဲမှာလည်း လှမည့်ပုံမျိုးဟု တွေးမိ၏။ ဗင်ဒန်သည် ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်သွား၏။ အရင့်တခါတွေ့စဉ်ကလည်း သူမသည် သူ့စိတ်ကို ဤပုံလှုပ်ရှားစေခဲ့သည်မဟုတ်ပါလား။

အယ်လိန်းက . . .

"ရှင် ဘာတွေ တွေးနေတာလဲ"

"စပိုင်အလုပ်လေ . . ."

အယ်လိန်းသည် သဘောကျစွာ ရယ်မောလိုက်၏။ သူ ညာနေမှန်း သိပုံရသည်။

"ဒါဆို . . . အဲဒီအလုပ်ကို ရှင်သဘောကျမှာပဲနော်"

ဗင်ဒန်စိတ်ထဲမှာ ခိုးလို့ခုလု ဖြစ်နေ၏။ သည်မိန်းကလေးငါ့ကို ဘာကြောင့်များ ခုလိုလုပ်နေပါလိမ့်။ 'သူများကို စ,စနေတယ်'ဆိုသည့် သီချင်းထဲကလို ဖြစ်နေ၏။ သူက . . .

"စပိုင်ဖမ်းရတဲ့အလုပ်က ကျေနပ်စရာကောင်းတဲ့ အလုပ်ပါပဲ၊ ဒါပေမယ့် ကျုပ် သဘောမကျပါဘူး"

"ရှင်ဖမ်းမိတဲ့ စပိုင်တွေက ဘာဖြစ်သွားသလဲ"

"များသောအားဖြင့်တော့ အသတ်ခံရတာပေါ့"

"အို"

သည်တစ်ချက်တော့ သူ့ စကားလုံးကြောင့် အယ်လိန်းတုန်လှုပ် အငိုက်မိသွား၏၊ သူကဆက်၍ . . .

"စစ်အတွင်းဆိုတာ ရှုံးတဲ့လူက သေရတာပါပဲ"

"သူတို့ အသတ်ခံရတာကြောင့် ရှင် ဒီအလုပ်ကို သဘောမကျတာလား"

"မဟုတ်ပါဘူး ကျုပ်ကလည်း အမြဲမိအောင် မဖမ်းနိုင်လို့ပါ"

"ရှင့်အနေနဲ့ ဒီလိုအမြဲတမ်း အသည်းမာနေတာကို ဂုဏ်ယူနေတာလား"

"ကျုပ်က အသည်းက မမာပါဘူး၊ ကျုပ်တို့ကို သူတို့က မသတ်နိုင်ခင်မှာ ကျုပ်က ဦးအောင် ဖမ်းရဖို့ တာဝန်ရှိလို့ပါ"

သူ ဘာကြောင့်များ သူ့ကိုယ်သူ ကာကွယ်နေပါလိမ့်။

အယ်လိန်းသည် သူ့အတွက်နောက်ထပ် အရက်ထပ်ဖြည့်ပေးရန်သွား
သည်။ ဗင်ဒန်သည် အယ်လိန်းလမ်းလျှောက်သွားသည်ကို ကြည့်ကျန်ရစ်၏။ သူမ
လမ်းလျှောက်ပုံမှာ ညင်သာလှပသည်။ ကြောင်တစ်ကောင်လို အဲ . . . ကြောင်လေ
တစ်ကောင်လိုပါလား။ အရက်ငှဲ့နေသော လက်များသည် သွယ်ပျောင်းလှ၏။ သူမ
သည် မည်သည့်မျိုးရိုး မိဘမှ ဆင်းသက်ပေါက်ဖွားခဲ့ပါလိမ့်။ သူက . . .

"မင်းမှာ မိဘတွေရှိသေးလား"

"မရှိတော့ဘူး"

"ဩော် . . . မေးမိတာ ဝမ်းနည်းပါတယ်ကွာ"

သူမအဖြေသည် မြန်လွန်းသည် မုသားပြောလိုက်မှန်း ဗင်ဒန်သိသည်
အယ်လိန်းက . . . .

"ရှင် ဘာလို့ ဒီမေးခွန်းကို မေးတာလဲ"

"စပ်စုတဲ့ သဘောပါ၊ မေးမိတဲ့အတွက် ခွင့်လွှတ်ပါ"

အယ်လိန်းသည် ကိုယ်ခန္ဓာရှေ့သို့ကိုင်းညွှတ်၍ ဗင်ဒန်၏ လက်မောင်း
အသာထိသည်။ လေညှင်းတိုက်သလို လက်ဖျားကလေးနှင့် ဖြစ်သည်။

"ရှင် တောင်းပန်ရတာတွေ များနေပြီ"

သူမသည် မျက်နှာလွှဲလိုက်၏။ ပထမ တွေသည်။ နောက်မှ တစုံတ
ဆုံးဖြတ်ဟန်နှင့် သူမ၏ နောက်ကြောင်းကို ပြောပြတော့သည်။

သူမသည် ဆင်းရဲသော်လည်း ယဉ်ကျေးသော မိသားစုမှ မွေးဖွားခဲ့
ဖြစ်ပြီး သားချင်း ၅ယောက်ရှိသည့်အနက် အကြီးဆုံးဖြစ်သည်၊ ဖခင်ဖြစ်သူ
စက်ချုပ်သမားဖြစ်ပြီး အယ်လိန်းကို အင်္ဂလိပ်စာ သင်ပေးပြီး အမေဖြစ်သူက သပ်
စွာ ဝတ်စားနေထိုင်ဖို့ သင်ကြားပေးသည်။ သူတို့သည် တခြားတပါးသော လက်လု
လက်စား ဂျူးလူမျိုးများနည်းတူ ရှုန်းကန်လှုပ်ရှားရင်း လက်လှုပ်မှ ပါးစပ်လှုပ်ရသော
ဘဝဖြင့် အလက်ဇန္ဒရီးယားမြို့မှာ နေကြသည်။ အယ်လိန်း ၁၅ နှစ်အရွယ်ရော
သောအခါ အဖေဖြစ်သူသည် မျက်စိမမြင်ရလောက်အောင် ကွယ်သွားခဲ့သ
စက်ချုပ်ခြင်း အလုပ်ကို မလုပ်နိုင်တော့၊ စားဝတ်နေရေး ကျပ်တည်းလာသည်
အကြီးဆုံး သမီးဖြစ်သူ အယ်လိန်းက ဗြိတိသျှ အိမ်ထောင်စုတစုတွင် အိမ်
အဖြစ် အလုပ်ဝင် အသက်မွေးရသည်။ သည့်နောက် အဖြစ်အပျက်များကမူ တ
ပြားဟောင်းကြီး၊ ငယ်ရွယ်ချောမောသော အိမ်စေကို အိမ်ကြီးရှင်သားက သဘော
ချစ်ရေးဆို၊ မနူးမနပ် အိမ်စေက ပြန်ကြိုက်၊ လူကြီးတွေ သိသွား၊ သားဖြစ်သူ
တစ်မြို့တစ်ရွာပို့၊ အိမ်စေကို မောင်းချ။ သည်လို သည်လိုနှင့် အယ်လိန်း အိမ်

ပြောင်းခဲ့သည်။ နောက်ဆုံး သူ့ကို သဘောကျသည့် ကုန်သည်တစ်ယောက်က အခဲန်း ပေးထားပြီး အပျော်မယားအဖြစ် ရောက်သည်အထိ။ သမီးအကြောင်းကြား ရသောအခါ မိသားစုသည် သူမအတွက် ထိုင်စုပြီး ရှိုဘာလုပ်ကြ၏။ ဇင်ဒန်က. .

"ရှိုဘာလုပ်တယ်ဆိုတာ ဘာလဲ"

"ဝမ်းနည်းခြင်း အထိမ်းအမှတ်ပေါ့"

သည့်နောက်တော့ မိသားစုနှင့်အဆက်အသွယ် မရှိတော့။ မိခင်ဆုံး ကြောင်း မိတ်ဆွေတစ်ယောက်ပြောပြ၍ သိရသည်။ ဇင်ဒန်က . . .

"မင်း ဒီလိုနေရတာ ပျော်သလား"

အယ်လိန်းသည် ဇင်ဒန်ကိုကြည့်၏။ နှစ်ကြိမ်တိုင်တိုင် တစုံတရာစကား ပြောမည်ပြုသည်။ နောက် မပြောတော့ပဲ မျက်နှာလွှဲလိုက်၏။

ဇင်ဒန်စိတ်ထဲတွင် အယ်လိန်းအနေနှင့် သူမဘဝကို သူမ ဤသို့ သူ့အား ပြောလိုက်မိသည့်အတွက် စိတ်မကောင်းဖြစ်နေသည်ဟု ထင်မိ၏။

အယ်လိန်း မျက်နှာပြန်လှည့်လာသည်။ စကားလမ်းကြောင်းပြောင်း လိုက်၏။

"ဒါထက် မေဂျာ ကနေ့ညနေ ဘာကိစ္စလာတာပါလဲရှင်"

ဇင်ဒန်သည် အတွေ့များကို ပြန်စုလိုက်၏။ သူ့အနေနှင့် သူမပြောဆိုလှုပ် ရှားပုံနှင့်တကွ သူမ၏ဇာတ်လမ်းတွင် နစ်မြော့သွားသောကြောင့် လာရင်းကိစ္စကို မေ့သွားသည်။ နောက်မှ . . .

"ကျုပ်က ဟို အဲလက်ဂူလ်ဆိုတဲ့ စပိုင်ကို ဖမ်းဖို့ကြိုးစားနေတုန်းပဲလေ၊ သူ့လိပ်စာကို မသိရပေမယ့် သူ့ရဲ့ ဝယ်နေကျဖောက်သည်ဆိုင်ကိုတော့ သိရပြီ"

"ဘယ်လိုလုပ်သိရတာလဲ"

ဇင်ဒန်အနေနှင့်ဖြစ်ကြောင်းကုန်စင် ရှင်းပြရန် မလိုဟု ဆုံးဖြတ်သည်။

"ပြောရရင်တော့ အရှည်ကြီးပဲ၊ ထားပါတော့၊ အရေးကြီးတာက အဲဒီဆိုင်မှာ လူတစ်ယောက်ရှိနေဖို့လိုတယ်၊ သူက နောက်တစ်ခေါက်လာချင်လာဦးမှာကိုး"

"ကျွန်မကို ဆိုလိုတာလား"

"ဟုတ်တယ်၊ ကျုပ်ခေါင်းထဲမှာ အဲဒီလို စိတ်ကူးရလို့"

"အဲ . . . ဟုတ်ပါပြီ၊ သူ ဝင်လာတဲ့အခါမှ ကျွန်မက သူ့ခေါင်းကိုရိုက်ခွဲ၊ ပြီးတော့ မှေ့နေတဲ့ သူ့ရဲ့နံဘေးက ရှင်လာအောင် စောင့်နေရမှာလား"

ဇင်ဒန် သဘောကျပြီး ရယ်လေသည်။

"ဟုတ်တယ် . . . မင်းကြည့်ရတာ တကယ်လုပ်မယ့် ပုံမျိုးပဲ။ ကျုပ် မျက်စိ

ထဲမှာတောင်မှ ကောင်တာနောက်က ခုန်ထွက်လာပုံကို မှန်းကြည့်လို့ရတယ်"

ဇင်ဒန်အတော်နှင့် အရယ်ရပ်၍မရ။ ရယ်လိုက်ရ၍ စိတ်ထဲမှ တင်းမာမှု များ လျော့ပါးသွားသည်။ အယ်လိန်းက . . .

"တကယ်ပြောတာပါ၊ ကျွန်မ ဘာလုပ်ရမှာလဲ"

"ဪ . . . သူ ဘယ်မှာနေတယ်ဆိုတာ သိအောင် စုံစမ်းပေးဖို့ပေါ့"

"ဘယ်လိုလုပ်ရမှာလဲ"

"အဲ . . . အဲဒါတော့ အသေအချာ ကျုပ်လဲ မပြောတတ်ဘူး၊ မင်းအနေနဲ့ သူနဲ့ အသိဖွဲ့လို့ပဲ ဖြစ်ဖြစ်ပေါ့လေ။ တကယ်တော့ မင်းဟာ မိန်းမချောပဲဟာ၊ မင်း အတွက် ခက်ခဲမယ် မထင်ပါဘူး"

"နေပါဦး . . . မိတ်ဆွေဖွဲ့လို့ပဲ ဖြစ်ဖြစ်ဆိုတာ ဘယ်လောက်အဆင့်ထိလဲ"

"ဒါတော့ မင်းဘာသာမင်း ချင့်ချိန်ပေါ့။ အရေးကြီးတာကတော့ သူ့လိပ်စာ ရရင် ပြီးတာပါပဲ"

"ဪ . . . ဒီလိုကိုး၊ ကျွန်မသိပါပြီ"

အယ်လိန်း၏ ကိုယ်နှုတ်အမူအရာသည် ပြောင်းလဲသွား၏။ နာကျည်းခက် မာသောအသွင် ဆောင်သွား၏။ ပြောင်းလဲသွားပုံမှာ မြန်လွန်း၍ ဇင်ဒန် အံ့ဩ မောနေမိ၏။ သူလိုက်လို့မမိနိုင်ပေ။ အယ်လိန်းက . . .

"ရှင့်အင်္ဂလိပ်စစ်သားတစ်ယောက်ယောက်ကို နောက်ယောင်ခံလိုက်နိုင် ပါလား"

"မင်းအနေနဲ့မအောင်မြင်ဘူးဆိုရင်တော့ အဲဒီနည်းကို အသုံးပြုတန်ဖြစ် မှာပေါ့၊ ပြဿနာက ဒီငနဲက သူနောက်ယောင်ခံလိုက်လာတာကို တွေ့သွားပြီး ခြေရာ ဖျောက်ချင် ဖျောက်သွားမယ်၊ သူနေတဲ့နေရာကို မပြန်ပဲ နေချင်နေမယ်။ ဒါမှ မဟုတ် ဒီဆိုင်ကို နောက်ထပ်မလာပဲလဲ နေချင်နေမှာ။ ဒီလိုဆိုရင် တို့က ရတဲ့အခွင့် အရေး ဆုံးပြီပေါ့၊ အဲ . . . မင်းက သူနဲ့ မိတ်ဆွေဖြစ်သွားပြီး သူနေတဲ့ နေရာမှာ ညစာစား ဖိတ်တဲ့ အခွင့်အရေးမျိုးရပြီး လိပ်စာသိရရင်တော့ တို့ရဲ့ ခြေလှမ်း သူမသိ ရတော့ဘူးဆိုတော့ ကောင်းတာပေါ့လေ၊ အဲဒီအစီအစဉ်ကလည်း ဖြစ်မယ်လို့ ပြော နိုင်တာတော့ မဟုတ်ပါဘူး။ လမ်းနှစ်ခုလုံးက မလွယ်ပါဘူး၊ ဒါပေမယ့် ကျုပ်က ဖြစ်နိုင်ခြေရှိတဲ့ လမ်းကို ရွေးကြည့်တာပါ"

"ကျွန်မနားလည်ပါပြီ"

နားမလည်ရှိပါမည်လား။ အခြေအနေက ရှင်းရှင်းကြီးဖြစ်ပြီးသား မဟုတ် လား။ ဒီမိန်းကလေး ဘာများ စဉ်းစားနေပါလိမ့်ဟု ဇင်ဒန်တွေးသည်။ ဤမိန်းကလေး

...း အသိခက်သော မိန်းကလေးပါကလား၊ ဗင်ဒန်က စိတ်လှုပ်ရှားစွာဖြင့် . . .

"မင်း ကူညီမယ်လား"

အယ်လိန်းသည် ထိုင်ရာမှ ထ,လိုက်၏။ နောက်အရက်ဖန်ခွက်ထဲမှ ...က်တစ်ခွက် ငှဲ့ပြီးသောက်သည်။ နောက်ဆုံးမှ . . .

"အင်းလေ . . . ဒီအလုပ်ဟာ ကျွန်မ တစ်သက်လုံးလုပ်လာခဲ့တဲ့ အလုပ် ...တ်တော့ ပိုမဆိုးပါဘူး"

ဗင်ဒန် စိတ်အေးသွား၏။

"ကျုပ်လဲ ဒီလိုပဲ တွေးပါတယ်"

အယ်လိန်း ဗင်ဒန်ကို စိမ်းစိမ်းကြည့်သည်။

ဗင်ဒန်က . . .

"ဒါဆို နက်ဖြန်က စပြီး အဲဒီဆိုင်သွားပါ"

ဗင်ဒန်သည် စာရွက်တစ်ရွက်ပေါ်သို့ ဆိုင်လိပ်စာနှင့်ဆိုင်ရှင်အမည်ကို ...ပေးသည်။

အယ်လိန်းက ဘာမှ မပြောပဲယူသည်။ ပြီးမှ . . .

"အချိန် ဘယ်လောက်ကြာကြာ အဲဒီဆိုင်မှာ နေရမှာလဲ"

"ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး၊ ကျုပ်လဲ မကြာခင် လာတွေ့ပြီးအကျိုး ...ကြောင်း မေးပါဦးမယ်။ အဲ . . . သူလာရင်တော့ မင်းက ကျုပ်ကို ဆက်သွယ်ပေါ့"

"ဟုတ်ကဲ့ . . ."

ဗင်ဒန် တစ်စုံတစ်ခု သတိရသွားပြီး . . .

"ဩော် . . . ဒါထက် ဆိုင်ရှင်က ကျုပ်တို့ ဝူလ်ကို ငွေတုဖြန့်ချိတဲ့အတွက် ...ခင်တယ်လို့ ယူဆထားတာ၊ ဒီတော့ . . . စပိုင်အကြောင်း ထည့်မပြောမိစေနဲ့"

"ကောင်းပါပြီ"

အယ်လိန်း ပြောင်းလဲသွားပုံမှာ သေချာ၏၊ နှစ်ဦးသား တစ်ဦးနှင့်တစ်ဦး ...ဘူရှိနေခြင်းအတွက် ဘာမှ အစိုးပွါယ်မရှိတော့၊ ဗင်ဒန် ထသည်။

"ဒါဆိုသွားမယ်"

"ကောင်းပါပြီလေ လိုက်ပို့မယ်"

သူတို့နှစ်ဦး အခန်းထဲမှ ထွက်လာကြသည်။ တံခါးဝတွင် ဗင်ဒန် အပြင် ...ထွက်သည်။ အိမ်နီးနားချင်းတစ်ဦး မလှမ်းမကမ်းသို့ ရောက်လာ၏၊ ဗင်ဒန်သည် ...ရည်ရွယ်မထားခဲ့သော်လည်း ရုတ်တရက်ပင် အယ်လိန်း၏ကိုယ်လုံးလေးကို ...ယ်ယူပြီး နှုတ်ခမ်းကို နမ်းသည်။

အယ်လိန်း နှုတ်ခမ်းများပေါ်တွင် တုံ့ပြန်မှုက နည်းလှသည်။ ဗင်ဒန် အယ်လိန်းကို ပြန်လွှတ်လိုက်၏။ အယ်လိန်းက . . .

"ရှင်က သရုပ်ဆောင်ကောင်းပဲ"

"ဟုတ်ကဲ့ ဂွတ်ဘိုင်"

ဗင်ဒန်သည် နှုတ်ဆက်၍လှည့်ထွက်ခဲ့သည်။ သူ့အနေနှင့် သည်နေ့ည လုပ်ရသောအလုပ်ကို ကျေနပ်ဖို့ကောင်းသည်။ သို့သော်မကျေနပ်၊ ရင်ထဲမှာ ဟာ တာတာဖြစ်နေ၏။

သူ့နောက်မှ အခန်းတံခါး ဆောင့်ပိတ်သံကိုကြားရသည်။

အယ်လိန်းသည် ပိတ်လိုက်ပြီးသောတံခါးပေါက်ကို ကျောနှင့်မှီလိုက်ရင်း ဗီလိ ဗင်ဒန်ကို ကျိန်ဆဲနေမိ၏။

သူသည် သူမ၏ဘဝတွင်းသို့ အင်္ဂလိပ်လူကြီးလူကောင်းပုံစံနှင့် ဝင်လာ သည်။ သည်နေ့သည် သူတို့ စစ်နိုင်ရေးအတွက် အလုပ်တစ်ခုလုပ်ပေးပါဟု ပြော ခဲ့ပြီးမှ နောက်ဆုံးတော့ . . .

သူမအနေနှင့် ဗင်ဒန်သည် သူမဘဝကို ပြောင်းလဲပေးနိုင်လိမ့်မည် မျှော် မှန်းနေခဲ့မိသည်။ နောက်ထပ် သူဌေးကုန်သည်တစ်ယောက်နှင့် မတွေ့ချင်တော့ အပျော်ချစ်၊ မယားငယ်ချစ်ဘဝနှင့် မနေလိုတော့။ ဒါကြောင့် သူမ ပါလက်စတိုင် သွားရန် ဂျူးဌာနချုပ်သို့ သွားခဲ့သည်။ ဗင်ဒန်နှင့်တွေ့ရသည်။ ယခုတော့ ဘာတ သနည်း။ ဒုံရင်း ဒုံရင်းပြန်ဆိုက်သည်။

အယ်လိန်းအနေနှင့် ၇ နှစ်တာကာလပတ်လုံး သည်မျက်နှာ သည်ကိုယ် လုံးလေးကို ပြစားခဲ့သည်၊ ရပ်ချင်ပြီ၊ တော်ချင်ပြီ။

အယ်လိန်း ဧည့်ခန်းထဲပြန်သွားသည်။ သောက်လက်စ ဖန်ခွက်ထဲ အရက်ကိုမော့လိုက်၏။ အရသာမရှိ ခါးသက်သက်ဖြစ်နေသည်။

သူမအနေနှင့် ဗင်ဒန်ကို တွေ့တွေ့ချင်း သဘောမကျပါ။ ငြိတ်သျှအရာ ပီသသော၊ မာကျောကျော၊ ရေးကြီးခွင်ကျယ်သမားတစ်ယောက်ဟု သတ်မှတ် သည်။ သို့သော် ပထမအကြိမ်တွေ့စဉ်က ရယ်မောလိုက်၍ ထင်မြင်ချက်က ပြောင်း ခဲ့သည်။ ယနေ့လည်း သူမက ဝူလ်ခေါင်းကို ရိုက်ခွဲပေးရမည်လားဟု မေးလိုက်စဉ် ဗင်ဒန် ရယ်မောခဲ့သည်။ ဗင်ဒန် ရယ်မောလိုက်သောအခါ အပေါ်ယံများ ကွာ

...ပြီး နှစ်လိုဖွယ်ကောင်းသော အသွင်ကို မြင်ရသည်။ ထို့ကြောင့်လည်း အယ်လိန်း ...ကို မယိတယိ စခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း သူမက နမ်းခဲ့ခြင်းဖြစ်သည်။

သည်လိုလူတစ်ယောက်နှင့်အတူနေရသော် ကောင်းလေစွဟု စိတ်ကူးယဉ် ...သည်။

သူမ၏ စိတ်ကူးယဉ်မှုကို ဗင်ဒန်ဖြိုခွဲ ဖျက်ဆီးပစ်သည်။

အမှန်စင်စစ် ဝူလ်ဆိုသော ငနဲကို ဖမ်းဖို့ ထောက်လှမ်းဖို့အရေးမှာ သူမ ...အတွက် ဘာတာဝန်မှမရှိ။ ဝူလ်ကို ပရိုးပရီလုပ်ရခြင်းလည်း အပန်းကြီးစရာ မဟုတ် ...။ ဗင်ဒန်ကလည်း ဤသဘောမျိုးပြောခဲ့သည်မဟုတ်ပါလား။ အမိက သူမ စိတ်ဆိုး ...ရခြင်းမှာ ဗင်ဒန်၏စကားအဓိပ္ပာယ်မှာ သူမ၏ဘဝသည် အပေါ်စားမိန်းမဖြစ် ...ကြောင်း ထုတ်ဖော်လိုက်သလို ဖြစ်သွားသောကြောင့်ပင်။

အယ်လိန်းတွေးသည်။

"ငါ ဘာကြောင့်များ ဒီလောက်ဖြစ်နေရပါလိမ့် . . ."

(၉)

နံနက်စောစောဖြစ်၍ ဗလီကြမ်းပြင်ကျောက်ပြားများသည် အဲလက်ဝူလ်၏ ခြေဖဝါး ကို အေးမြစေ၏။ ဝတ်ပြုနေသူတစ်စုမှာ ခန်းမကြီးထဲ၌ ကျိုးတိုးကျဲတဲသာရှိသည်။ တစ်ခန်းလုံးအေးမြကြည်လင် ငြိမ်သက်နေ၏။ နံနက်နေရောင်က လေးပြုလာ၏။ ဆော်ဩသံကြားရသည်။

"အလာဟု . . . အက္ကဗာ. . . အလာဟု . . . အက္ကဗာ. . . "

ဝူလ်သည် မက္ကာဘက်သို့ မျက်နှာမူသည်။ နောက် ဝတ်ပြုသည်။

ဝူလ်သည် သူ့ကိုယ်သူလည်းအံ့ဩသည်။ အမှန်စင်စစ် သူသည် ဘာသာ ရေးကို နက်ရှိုင်းစွာ ယုံကြည်ကိုးကွယ်သူမဟုတ်၊ ဝတ်ပြုမှန်သူမဟုတ်၊ သူ ယခုပြုမူ နေခြင်းမှာ ခလွှတ်ထိ၍ အမိတဆိုသလို ဒုက္ခရောက်ခါမှ ဘုရားကိုတနေပုံနှင့် တူလှသည်ဟု အောက်မေ့မိသည်။

ဝတ်ပြုပြီးသောအခါ အပြင်ဘက်သို့ထွက်ခဲ့၏။ ဖိနပ်စီးနေစဉ် အဗ္ဗဒူလာ က လာ၍နှုတ်ဆက်သည်။ အဗ္ဗဒူလာကပြုံး၍ . . .

"ခင်ဗျားလည်း ကျုပ်လို ဘုရားတရားသမားဆိုတော့ ဒီကို တစ်နေ့လာမှာပဲ ဆိုပြီး ကျုပ်စောင့်နေတာ။ ဘာပဲပြောပြော ဒီဗလီရဲ့ ဒါယိကာဟာ ခင်ဗျားအဖေ ပဲဟာ"

ဝူလ် နည်းနည်းတွန့်သွား၏။

"ဘာလဲ ခင်ဗျားကျုပ်ကိုရှာနေတာလား"

"လူ အတော်များများက ခင်ဗျားကို ရှာနေကြတာပဲလေ"

သူတို့နှစ်ဦးဗလီဝင်းအပြင်သို့ထွက်လာကြ၏။ အဗ္ဗဒူလာက . . .

"ခင်ဗျားကို ကျုပ်က ဘာသာတူချင်းမို့ အင်္ဂလိပ်တွေလာမေးတာကို လက်ဆောက်မချလိုက်ပါဘူး။ ကျုပ်က မေဂျာဗင်ဒန်ဆိုတဲ့လူက ငွေတွေ အများကြီးသာပေးတာတောင် အဲလက်ဝူလ်ဆိုတဲ့သူကိုလဲ မကြားဖူးဘူး၊ အာမက်ရာမာဆိုတဲ့သူလဲမသိဘူးလို့ ပြောလိုက်ပါတယ်"

ဝူလ်သည် ရှတ်တရက် ရပ်လိုက်၏။ သူတို့ သူ့ကို ရှာဖွေသည့်အလုပ်ခရပ်သေးပါကလား၊ သူသည် အဗ္ဗဒူလာလက်ကိုဆွဲ၍ အာရပ်ကာဖီဆိုင်တစ်ဆိုင်သဲ ဝင်လိုက်၏။ သူတို့ထိုင်ကြသည်။ ဝူလ်က . . .

"အင်္ဂလိပ်တွေက ကျုပ်ရဲ့အာရပ်နာမည် သိသလား"

"ခင်ဗျားအကြောင်း အားလုံး သူတို့သိတယ်။ အဲ ခင်ဗျား ဘယ်မှာနေဘယ်ဆိုတာပဲ မသိတာ"

ဝူလ်စိတ်ပူသွား၏။ စိတ်ထဲမှာလည်း သိချင်စိတ်-စူးစမ်းလိုစိတ် ပေါ်လာသည်။

"အဲဒီ မေဂျာဆိုတာ ဘယ်လိုလူမျိုးလဲ"

"အင်္ဂလိပ်လူမျိုးပေါ့၊ ယဉ်ယဉ်ကျေးကျေးကို မရှိဘူး၊ ကာကီဘောင်းဘီတို့နဲ့ ခရမ်းချဉ်သီး မျက်နှာနဲ့ . . ."

"မဟုတ်သေးပါဘူး၊ ခင်ဗျား ဒီထက်ပိုသိပါတယ်"

အဗ္ဗဒူလာက ခေါင်းညိတ်ရင်း . . .

"ဒီလူဟာ စိတ်ရှည်ပြီး ဆုံးဖြတ်ချက်အတိုင်းလုပ်မယ့် လူမျိုးပဲ။ ကျုပ်သာ ခင်ဗျားနေရာမှာရှိရင် ဒီငနဲ့ကိုကြောက်မှာပဲ"

ရှတ်တရက်ပင် ဝူလ် ကျောစိမ့်လာ၏။

"သူက ဘာတွေ လုပ်သေးသလဲ"

"သူက ခင်ဗျားတို့ မိသားစုတစ်ခုလုံးအကြောင်းကို သိသွားပြီ၊ ခင်ဗျားရဲ့ညီအစ်ကိုတွေဆီကိုလည်း သွားမေးတယ်၊ အားလုံးကလည်း ခင်ဗျားအကြောင်း မသိဘူးလို့ ပြောလိုက်ပါတယ်"

ကာဖီဆိုင်ရှင်က သူတို့နှစ်ဦးထံ ပဲဟင်းနှင့် ပေါင်မုန့်များလာချသည်။ ဝူလ် ပေါင်မုန့်ကိုဖဲ့၍ ဟင်းနှင့်တို့သည်။ ယင်ကောင်များက စားပွဲအနှံ့ဝိုင်းနေသော်လည်း နှစ်ဦးစလုံးက ဂရုမစိုက်ကြ။

အဗ္ဗဒူလာက မုန့်ကို ပလုတ်ပလောင်း စားရင်း . . .

"ဗင်ဒန်က မောင်ရင့်လိပ်စာကိုသိရင် ပေါင်တစ်ရာပေးမယ်ဆိုပြီး လာပြောတယ်လေ၊ ဟား . . . ဟ ကျုပ်တို့အချင်းချင်း ငွေအတွက် သစ္စာဖောက်မယ်များ ထင်နေမှတ်တယ်"

ဝူလ်က မုန့်ကို မျိုချရင်း . . .

"ခင်ဗျားကိုယ်တိုင် သိရင်တောင်မှ မပြောဘူးပေါ့လေ"

အဗ္ဗဒူလာက ပခုံးတွန့်ပြ၏။

"လိပ်စာသိအောင်လုပ်တာ ဘာခက်တာမှတ်လို့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်က မိတ်ဆွေချင်းမို့ ယုံယုံကြည်ကြည်နဲ့ ခင်ဗျားကို ပြောလိုက်မယ်။ ကျုပ် ရှက်ပတ်ဟိုတယ်မှာ နေတယ်ဗျ"

အဗ္ဗဒူလာက တွန့်သွား၏။

"ဒီလိုမလုပ်နဲ့လေ၊ မဟုတ်လဲ မဟုတ်ပဲနဲ့၊ ဒီနေရာကို ဖာဂ်လိပ်တွေအနေနဲ့ အရင်ဆုံးရှာကြမှာပဲဟာ" ဝူလ်က ပြုံးသည်။

"ခင်ဗျားက ကျုပ်ကို အထင်လွဲနေပြန်ပါပြီ၊ ကျုပ်က ညွှသည်လို တည်းနေတာ မဟုတ်ဘူးဗျ၊ မီးဖိုချောင်အလုပ်သမားတစ်ယောက်အဖြစ်နဲ့ ဘိုးတိုက်ပန်းကန်ဆေး လုပ်နေတာ၊ ညကျမှ ထမင်းချက်အဖွဲ့နဲ့အတူ ကြမ်းပေါ်ရောအိပ်လိုက်တာ"

"တယ်ပိုင်ပါလား"

အဗ္ဗဒူလာက ပြုံးလိုက်၏။ သူ့အနေနှင့် သတင်းရလိုက်ပြီမဟုတ်လား။ သူက . . .

"ခင်ဗျားက ဒီငနဲတွေ မျက်လုံးအောက်တွင်ပုန်းနေတာကိုးဗျပိုင်တယ်ဗျာ"

"ခင်ဗျား၊ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပါဗျာ၊ မိတ်ဆွေချင်း သစ္စာစောင့်ထိတဲ့အထိမ်းအမှတ်နဲ့၊ ကျုပ်ကလည်း ပေါင်တစ်ရာပေးပါမယ်"

"မလိုပါဘူးဗျ"

"မဟုတ်ပါဘူး၊ မိတ်ဆွေချင်း အသိအမှတ်ပြုတဲ့သဘောပါ၊ ယူပါ"

"အဗ္ဗဒူလာကသက်ပြင်းချရင်း . . .

"ဒါဆိုလည်း ယူရတာပေါ့လေ"

"ကောင်းပါပြီ၊ ကျုပ် ခင်ဗျားအိမ်ကို ငွေပို့ခိုင်းလိုက်ပါမယ်"

အဗ္ဗဒူလာသည် မုန့်ကို လက်စသတ်လိုက်ပြီး . . .

"ဒါဖြင့် ကျုပ်သွားမယ်၊ မုန့်ဖိုးကိုတော့ ကျုပ်ပေးလိုက်ပါ့မယ်"

"ကျေးဇူးပါပဲ"

အဗ္ဗဒူလာသည် အိတ်ထဲနှိုက်သည်။

"အား . . .၊ ကျုပ် ပိုက်ဆံမပါခဲ့ဘူးဗျာ၊ တောင်းပန်ပါတယ်ဗျာ"

ဝူလ်က . . . "ကိစ္စမရှိပါဘူး၊ ဘုရားသခင် ခင်ဗျားကို စောင့်ရှောက်ပါစေ"

"ဘုရားသခင် ခင်ဗျားကို စောင့်ရှောက်ပါစေ"

အဗ္ဗဒူလာသည် ထွက်သွားလေ၏။

ဝူလ်သည် မုန့်ဖိုးရှင်းရန် ဆိုင်ရှင်ကိုခေါ်ရင်း အဗ္ဗဒူလာအကြောင်း တွေးစားနေမိသည်။ သည်သူမိုးသည် သူလိပ်စာကိုသာသိပါက ပေါင် ၁၀၀ထက် လျှော့ပြီး ပြောမည့်သူဖြစ်သည်။ ယခုထိ မပြောသေးခြင်းမှာ နေရာအတိအကျ မသိသေး၍ဖြစ်သည်။ အဗ္ဗဒူလာအနေနှင့် သူ့ကို အပူတပြင်းလိုက်ရှာနေခဲ့ပုံရသည်။ ထို့ကြောင့်သာ ဝူလ်လာမည်ဟု ယူဆသော ဇလီကိုလာစောင့်နေခြင်းဖြစ်သည်။ ယခုဆိုလျှင် အဗ္ဗဒူလာတစ်ယောက် သူပေးလိုက်သော သတင်းမှန်မမှန် စုံစမ်းပေလိမ့်မည်။ ဘယ်သူကမှ မီးဖိုချောင်ကြမ်းပြင်ပေါ်တွင် ထမင်းချက်အလုပ်သမားများအိပ်သည်ဟု ပြောမည်မထင်ပါ။ ဝူလ်ကိုယ်တိုင်ကလည်း ထိုအကြောင်းကို သေသေချာချာ ရေရေရာရာမသိပါ။ တစ်ခုပဲသေချာတာရှိသည်။ အဗ္ဗဒူလာသည် ထိုသတင်းသည် သတင်းလိမ်ကြီးဖြစ်ကြောင်း မကြာမီသိသွားမည်ဆိုသော အချက်ပင်ဖြစ်သည်။ သည်လုပ်ဇာတ်သည် အမှန်အားဖြင့်အချိန်ဆွဲသော လုပ်ရပ်တစ်ခုသာဖြစ်ပါသည်။ လာဘ်ထိုးသည်ကလည်း ထိုနည်းငှင်းသာ ဖြစ်ပါ၏။ တစ်ချိန်ချိန်တစ်ခါခါတွင် ဝူလ်တစ်ယောက် ဆွန်ဂျာ၏ လှေအိမ်ပေါ်တွင် နေထိုင်ကြောင်း အဗ္ဗဒူလာက သိသွားပါက မေဂျာဝင်ဒန်ဆီတန်းမသွားပဲ သည်ထက်ပိုသောငွေတောင်းဖို့ သူ့ထံ လာကောင်းလာလိမ့်မည်ဖြစ်၏။

အခြေအနေကား လောလောလတ်လတ် မဆိုးသေးပါ။

ဝူလ်သည် ကျသင့်ငွေကို ရှင်းပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေ၏။

တစ်မြို့လုံးမှာ အသက်ဝင်လှုပ်ရှားနေပြီဖြစ်သည်။ လမ်းများမှာ ယာဉ်များနှင့် ပြည့်ကျပ်နေ၏။ ဝူလ်သည် စာတိုက်ရုံးကြီးသို့ ဖုန်းဆက်ရန်သွားသည်။ ထိုမှ စစ်ရုံးချုပ်ကို ဆက်သွယ်၍ မေဂျာစမစ်နှင့် တွေ့လိုကြောင်း ပြောလိုက်၏။

အော်ပရေတာက . . .

"ကျုပ်တို့ဆီမှာ စမစ်ဆိုတဲ့နာမည်နဲ့ မေဂျာ ၁၇ ယောက်ရှိတယ်၊ သူ့ရဲ့နာမည်ကိုပြောလေ"

"ဆင်ဒီတဲ့"

"ဒါဆို မေဂျာအလက်စန္ဒာစမစ်ဖြစ်မှာပဲ၊ အခုလောလောဆယ်တော့ မရောက်သေးဘူး၊ မှာစရာရှိရင်မှာခဲ့လေ"

ဝူလ်အနေနှင့်လည်း ဤမျှစောသည့်အချိန်တွင် ဌာနချုပ်၌ရှိဦးမည်မဟုတ် မှန်း သူသိပြီးသား။ သူက . . .

"ဒါဆို မှာချင်တာကတော့ ကနေ့ ၁၂ နာရီ ဇာမာလက်မှာတွေ့မယ်၊ လက်မှတ်ကို အက်(စ်)လို့သာ ထိုးလိုက်ပါတော့"

"ဗျာ . . . ပြည့်ပြည့်စုံစုံတော့ပြောဦး"

ဝူလ်သည် ဖုန်းကိုပစ်ချလိုက်၏။ သူသည် စာတိုက်ကြီးမှ ဇာမာလက်သို့ ထွက်ခဲ့သည်။

စမစ်တစ်ယောက် ဆွန်ဂျာညွတ်ကွင်း၌ သက်ဆင်းပြီးနောက် မေဂျာစမစ် သည် နှင်းဆီပန်းစည်းများ၊ ချောကလက်ဗူးများပို့ခဲ့သည့်ပြင် ရည်းစားစာ တစ်စောင် နှင့် နောက်တစ်ကြိမ်တွေ့ခွင့်တောင်းသည့် စာတစ်စောင်ပေးပို့ခဲ့ပေသည်။ ဝူလ်သည် ဆွန်ဂျာအား ဘာမှအကြောင်းမပြန်ရဟု တားဆီးပိတ်ပင်ခဲ့သည်။ ယခုအချိန်တွင် ကား စမစ်တစ်ယောက် ဆွန်ဂျာကိုနောက်ထပ်တွေ့ခွင့်မှ ရပါဦးမည်လောဟု အံ့ဩ စိတ်ပူစပြုနေလောက်ပြီဖြစ်၏။ စမစ်ဘဝတွင် အတူအိပ်ဖူးသော မိန်းမများအနက် ဆွန်ဂျာမှာ အချောဆုံးဖြစ်လိမ့်မည်ဆိုခြင်းကား အငြင်းပွားဖွယ်ရာမရှိ။ ဤကဲ့သို့ ကြန့်ကြာနေရပြီးသည့်နောက် စမစ်တစ်ယောက်အနေနှင့် ပထမဆုံးအကြိမ်လို အငမ်းမရ လိုချင်မည်သာ ဖြစ်သည်။

အိမ်အပြန်လမ်းတွင် ဝူလ် သတင်းစာတစ်စောင် ဝယ်လာသည်။ သို့သော် သတင်းစာထဲ၌ ဘာသတင်းထူးမှမပါ။ လှေအိမ်သို့ရောက်သောအခါ ဆွန်ဂျာအိပ် ပျော်နေ၏။ ဝူလ်က သတင်းစာကိုလုံးထွေး၍ ဆွန်ဂျာကို ပေါက်ခါနှိုးသည်။ ဆွန်ဂျာ က ညည်းတွားပြီး တစ်ဖက်လှည့်သည်။

ဝူလ်သည် ဆွန်ဂျာကို ပစ်ထားခဲ့ပြီး ဧည့်ခန်းဘက်သို့ ဖြတ်လျှောက်ခဲ့၏။ ဧည့်ခန်းထောင့်စွန်းတွင် တံမြက်စည်းနှင့်တကွ ပစ္စည်းထည့်သော သစ်သားဗီရို ရှိသည်။ ထိုဗီရိုကိုဖွင့်၍ အထဲမှ ပစ္စည်းများကို ထုတ်ကာ ဝူလ်ဝင်ကြည့်၏။ လူ တစ်ကိုယ်ဆံ့သည်။ ဗီရိုတံခါးမှာလည်း အတွင်းမှဖွင့်၍ ရသည်။ သို့သော် အပြင် ဘက်သို့ကား မမြင်ရ။

ဝူလ်သည် စူးတစ်ချောင်းယူ၍ သူ့မျက်လုံးနှင့် တည့်တည့်အပေါက်တစ်ခု ဖောက်သည်။ နောက်ဓားနှင့် အပေါက် နည်းနည်းချဲ့သည်၊ ထိုအပေါက်မှ အပြင် သို့ကြည့်သည်။

အိမ်ခန်းကို ကာထားသော ခန်းဆီးဖယ်ပြီး ဆွန်ဂျာစည့်ခန်းထဲသို့ ထွက်လာသည်။ ဧည့်ခန်းထဲကို တောင်တောင် မြောက်မြောက်ကြည့်သည်။ သူ့ကိုရှာတွေ့၍ အံ့ဩနေပုံရ၏။ ဆွန်ဂျာပခုံးတွန့်သည်။ ဝူလ် ဖော်မရယ်မိအောင် မနည်းထိန်းသိမ်းထားရ၏။ ဆွန်ဂျာမီးဖိုချောင်ထဲဝင်သည်။ ရေနွေးအိုးတည်ရန် ကရားထဲရေညှိရန်ပြင်သည်။

ဝူလ် မားနှင့် ဗီရိုတံခါးကိုဖွင့်၍ ထွက်လိုက်ရင်း . . .

"ဝွတ် . . . မောနင်း"

ဆွန်ဂျာ လန့်အော်သည်။

ဝူလ်က ရယ်နေ၏။

ဆွန်ဂျာက ရေနွေးကရားနှင့်ပေါက်ရာ၊ ဝူလ်ကရှောင်လိုက်၏။ သူက . . .

"ဒီနေရာက ပုန်းလို့လုံတယ် မဟုတ်လား"

"ရှင်ဟာ အငတော်ဆိုးတဲ့လူပဲ၊ ကျွန်မဖြင့် လိပ်ပြာကို လွင့်သွားသလို လန့်သွားတာပဲ"

ဝူလ်သည်ဘေးကျနေသော ကရားကိုယူ၍ ဆွန်ဂျာကိုလှမ်းပေး၏။

"ကဲပါ . . . ကာဖီဖျော်မလို့မဟုတ်လား၊ ဖျော်ပါ"

ဝူလ် ဗီရိုတံခါးကို ပြန်ပိတ်ပြီး ဧည့်ခန်းသွားထိုင်သည်။ ဆွန်ဂျာက . . .

"ပုန်းဖို့နေရာက ဘာလုပ်ဖို့လဲ"

"မင်းနဲ့ မေဂျာစမစ်ကို ချောင်းကြည့်ဖို့ပေါ့၊ ဒီငနဲကြီး ကြည့်ရတာ သိပ်ရယ်စရာ ကောင်းတာပဲ"

"သူက ဘယ်တော့လာဦးမှာလဲ"

"ကနေ့ နေ့လယ် ၁၂ နာရီမှာလာမယ်"

"အို . . . ဘယ်လိုတုန်း နေခင်းကြောင်တောင်ကြီး"

"ဒီမယ်ဆွန်ဂျာ၊ သေသေချာချာ နားထောင် သူ့လက်ဆွဲအိတ်ထဲမှာ တန်ဖိုးရှိတဲ့ စာရွက်စာတမ်းတွေရှိနေရင် ဒါကြီးတကိုင်ကိုင်နဲ့ မြို့ထဲလျှောက်သွားခွင့်ရမှာမဟုတ်ဘူး၊ သူက ရုံးတန်းသွားပြီး မီးခံသေတ္တာထဲထည့်ပြီး သော့ခတ်ထားရမှာပဲ၊ အခွင့်အရေးပေးလို့မဖြစ်ဘူး၊ ဒီလို သူ့လက်ဆွဲအိတ်မပါပဲနဲ့လာရင် ဘာသောက်သုံးကျဦးမှာလဲ၊ တို့လိုချင်တာက စစ်ရုံးချုပ်က စာရွက်စာတမ်းတွေယူပြီး သူ့ရုံးကိုမပြန်ခင် ဒီကိုဝင်လာခဲ့တာလိုချင်တာ၊ တကယ်လို့ သူက လက်ဆွဲအိတ် သူ့ရုံးသူပြန်ထားပြီးမှ ဒီကိုလာတယ်ဆိုပါစို့၊ ဒါဆို နောက်ကျမှာပဲ၊ သူ နောက်ကျရင် တို့ကတံခါးပိတ်ထားပြီး မင်းမရှိတော့ဘူး အပြင်ထွက်သွားပြီလို့ ပြောရမယ်၊ ဒါမှ သူနောက်ကျ

မခံရပဲ နောက်တစ်ခါ ဒီကို အရင်တန်းလာမှာပဲ"

"ရှင်ကတော့ အားလုံး အကွက်စေ့စေ့ စီစဉ်ထားတာပဲနော်"

ဝူလ်က ရယ်သည်။

"တဲ . . . မင်းလဲပြင်စရာရှိတာ ပြင်ထားပေတော့။ မင်းသိပ်လှနေပ
နော်၊ ဟိုငနဲကြီး မခွာနိုင်အောင်"

"ကျွန်မကို ဘယ်သူ ဘယ်တုန်းက ခွာနိုင်ဘူးလို့လဲ"

ဆွန်ဂျာ အိပ်ခန်းထဲ ဝင်သွား၏။

ဝူလ်နာရီကြည့်သည်။ အချိန်သိပ်မရှိတော့၊ သူသည် လှေအိမ်တစ်ခု
ပေါ်မှ သူ၏အသုံးအဆောင်ပစ္စည်းများကို ရှာဖွေသိမ်းဆည်းသည်။ ခြေနင်း၊ မ
ဆိတ်ရိတ်ဓားမှအစ၊ သွားပွတ်တံအထိ။ နောက် ရှန်ပိန်ပုလင်းတစ်လုံးကို ရေခဲ
ထည့်ပြီး အိပ်ရာနံဘေးမှာ ဖန်ခွက် ၂ လုံးနှင့် အသင့်ထားလိုက်သည်။ ဆွန်ဂျာ
သူ့ကိုယ်သူ ရေမွှေးများ ဆွတ်နေ၏။ အားလုံးအဆင်သင့်ဖြစ်ပြီ။

ဝူလ်ခုံပေါ်မှာ ထိုင်၍ လှေအိမ်ရှိရာ လာမည့်ကုန်းဘောင်ဘက်ဆီသို့ မျှော်
ကြည့်နေ၏။

နေ့ခင်း ၁၂နာရီကျော်ကျော်တွင် မေဂျာစမစ် ပေါ်လာသည်။ သူသ
သုတ်သုတ်ပြာပြာနှင့် နောက်ကျမည်စိုးရိမ်စွာ ပြေးလာဟန်ရှိသည်။

သူ့လက်ထဲတွင် လက်ဆွဲအိတ်ပါသည်။

ဝူလ် ကျေနပ်စွာပြုံးလိုက်၏။

"သူလာပြီဟေ့ အဆင်သင့်ဖြစ်ပြီလား . . ."

"မဖြစ်သေးဘူး . . ."

ဆွန်ဂျာအသံမှာ စူစူအောင့်အောင့်ထွက်လာသည်။ ဆွန်ဂျာသည် ဝူ
ကို သက်သက်စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်နေခြင်းသာဖြစ်သည်။ စင်
အဆင်သင့် ဖြစ်နေလောက်ပါပြီ။ ဝူလ် ဗီရိုထဲဝင်သည်။ တံခါးပြန်ပိတ်သည်။ ချော
ကြည့်ပေါက်နှင့် မျက်လုံးအပ်လိုက်သည်။

မေဂျာစမစ်၏ခြေသံကြားရသည်။ လှေပေါ်ရောက်လာပြီဖြစ်သည
မေဂျာ၏အသံထွက်လာသည်။

"ဟဲလို . . ."

ဆွန်ဂျာက မထူးပေ . . .

ချောင်းကြည့်ပေါက် မြင်ကွင်းထဲသို့ မေဂျာစမစ် ဝင်လာသည်။ ဧည့်
ထဲမှာ ဟိုဟိုဒီဒီကြည့်သည်။

"ဘယ်သူရှိလဲ . . ."

စမစ် ညွှန်ခန်းနှင့် အိပ်ခန်းကာထားသောခန်းဆီးကို ကြည့်သည်။ လေသံ ...ကိုးဖြင့် ခေါ်ကြည့်၏။

"ဆွန်ဂျာ . . ."

ခန်းဆီးဟသွားသည်။ ဆွန်ဂျာရပ်နေ၏။ ခန်းဆီးကို ကိုင်လျက် ဆွန်ဂျာမှာ ...ပြင်ပြီး ဖြစ်သည်။

ဝူလ် စိတ်အေးသွား၏။

မေဂျာစမစ် မထိန်းမသိမ်းနိုင် ယစ်မူးသွား၏။

"အို . . . ဘုရားသခင် . . . လှလိုက်တာကွယ် . . ."

ဝူလ်က မရယ်မိအောင် ကြိုးစားထိန်းနေရ၏။

စမစ်လက်ဆွဲအိတ်ကို ချပြီး ဆွန်ဂျာထံသွားသည်။ ပွေ့ဖက်သည်။ ဆွန်ဂျာ ...နောက်သို့ပြန်ဆုတ်သည်။ နှစ်ယောက်သားအိပ်ခန်းဘက်သို့ရောက်သွားသည်။ ...ခန်းဆီးက ပြန်စေ့သွားသည်။

ဝူလ် ဗီရိုကိုဖွင့်၍ အပြင်ထွက်သည်။

လက်ဆွဲအိတ်မှာ အခန်းဆီးအပြင်ဘက်နားမှာ ငုတ်တုတ်၊ ဝူလ် အသာ ... သိမ်းယူသည်။ ဖွင့်ကြည့်၏။ မရ။ သော့ခတ်ထားသည်။ ဝူလ် ကျိန်ဆဲလိုက်၏။

သူနံဘေးဝန်းကျင်ကိုကြည့်သည်။ ပင်အပ်ဖြစ်စေ၊ စာရွက်ညှပ်ကလစ် ...တစ်ရာဖြင့် ဖြစ်စေ သော့ကို ဖွင့်ကြည့်ဖို့လိုသည်။ ခြေဖွဖွနင်းရင်း မီးဖိုချောင် ...ထွက်ခဲ့သည်။ အံဆွဲဖွင့်ကြည့်သည်။ သံဘူးဖေါက်တံတွေ့သည်။ ကြီးလွန်းသည်။ ...ခေတွေ့သည်။ ပျော့လွန်းသည်။ သားလှီးဓား အဖျားကြီးသည်။ လက်ဆေးကန် ...မှာ ဆွန်ဂျာ၏ ကလစ်တစ်ချောင်းတွေ့သည်။

ညွှန်ခန်းပြန်သွား၍ လက်ဆွဲအိတ်ကိုယူသည်။ ကလစ်ကို သော့ပေါက်ထဲ ...ထည့်၍ကလိသည်။ သော့ကမပွင့်။ ထပ်၍ လှစ်သည်။

ကလစ်ကျိုးသွား၏။

ဝူလ် ကျိန်ဆဲမိပြန်သည်။

ဝူလ် နာရီကြည့်သည်။ ယခင်တစ်ကြိမ်က စမစ် ဆွန်ဂျာနှင့်အိပ်ရာထဲ ...ခန့်မှာ ၅မိနစ်သာကြာသည်။ စောစောစီးစီးက ကြိုတင်၍ ဆွန်ဂျာကို အချိန်ဆွဲ ...ခိုင်း မမှာမိကောင်းလားဟု နောင်တရသည်။

ဝူလ် စောစောက ဗီရိုချောင်းကြည့်ပေါက်ကို ဆွဲခဲ့သော မောင်းချထားကို ...သည်။ သော့ပေါက်ထဲ ထည့်၍ လှည့်သည်။ မပွင့် အေးသာကျွေးသွား၏။

သူလက်ဆွဲအိတ်သော့ကို ဖျက်၍ ဖွင့်မည်ဆိုပါက ဘာမှ ကြာမည်မဟုတ် သို့သော် သော့ကိုသူမဖျက်ချင်။ သူ့အနေနှင့်စမစ်ကို မကြောက်၊ သို့သော် စမ သိသွားသည်ကိုလည်း မလိုလား။ ပြီး နောက်ထပ် နောက်ထပ် အကြိမ်ပေါင်းများ သည်လက်ဆွဲအိတ်ကို တိတ်တိတ်ဖွင့်ရန်လိုသေးသည် မဟုတ်ပါလား။

သော့ဖျက်ပြီး ဖွင့်ပါက ရသည်။

သို့သော် စမစ်အပြင်ထွက်လာသည်နှင့် လက်ဆွဲအိတ်သော့ဖျက်နေသည် ကိုတွေ့မည်။ စမစ် ဆွန်ဂျာကို စွပ်စွဲမည်၊ ဤသို့ဖြစ်ပါက သူ့အနေနှင့်စမစ် သတ်ရပေတော့မည်။ နောက်ထပ် ဗြိတိသျှ အရာရှိတစ်ယောက်ကိုသတ်ရခြင်းဖြ ပြီး၊ သည်အကြိမ်၌မူ ကိုင်ရိုမြို့မှာ ဖြစ်၍မကောင်း။ ခြေရာကောက်ရှာယင်း စမ တစ်ယောက် တခြားအရာရှိတစ်ဦးနှင့် အရက်အတူသောက်ရင်းအစ၊ ချားချားကယ် သွားသည့်အလယ်၊ ဆွန်ဂျာ၏လှေအိမ်အထိ ရောက်လာနိုင်၏။

အခြေအနေက မကောင်း၊ သူ့အနေနှင့် သတင်းကလည်း အရေးကြီးသည်

သဲကန္တာရအတွင်း စစ်တိုက်နေကြသူများက သူ့သတင်းကိုစောင့်ြ မည်ဖြစ်သည်။ အရေးကြီးသည်။

ဝူလ်သည် ဦးနှောက်ကို အစွမ်းကုန်ညှစ်၍ စဉ်းစားနေ၏။

ဆွန်ဂျာနှင့် စမစ်တို့ စဉ်းစားမနေကြပါ။

စမစ်၏ ယူနီဖေါင်းမှာ ခုတင်နံဘေး ကြမ်းပေါ် ကျနေ၏။

အိပ်ရာနံဘေး ကြမ်းပြင်မှာ ခန်းဆီးနှင့် ငါးပေခန့်ကွာသည်။

ဝူလ်သည် ကြမ်းပြင်ပေါ် မှာမှောက်ပြီး လက်ရှေ့ဆန့်ကာ လူရှိုင်းများ တွားသွား၏။ ခုတင်ပေါ်မှ စမစ်အသံထွက်လာသည်။

"ဘုရားရေ. . . မင်းသိပ်လှတာပဲကွယ်"

ဝူလ် ဘောင်းဘီတို ရခဲ့သည်။ အိတ်တစ်ဘက်ထဲ နှိုက်စမ်းကြည့်၏။

ဘာမှမတွေ့၊ မရှိ။

ဝူလ် ဟိုအိတ် သည်အိတ်များနှိုက်သည် မတွေ့။ ဘောင်းဘီကိုသူမ အပြု သော့တွဲကိုတွေ့သည်။ သော့တွဲသည် စမစ် အောက်ချစဥ် အိတ်ထဲမှအပြ ကျပြီး ဘောင်းဘီနှင့် ဖုံးနေခြင်းဖြစ်သည်။

ဝူလ်သည် သော့တွဲနှင့်တကွ ဘောင်းဘီကိုယူ၍ အလာအတိုင်းတွား နောက်ပြန်ထွက်ခဲ့၏။

ဝူလ် အပြင်ရောက်သည်နှင့် လှေအိမ်အပြင်ဘက်မှ ခြေသံကြားရ၏

စမစ်သည် တုန်တုန်ယင်ယင်အသံနှင့် . . .

"ဘုရားရေ . . . ဘာလဲ . . . ဘယ်သူလဲဟင်"

ဆွန်ဂျာက. . .

"စာပို့သမားနေမှာပါ. . . ဂရုစိုက်မနေစမ်းပါနဲ့. . ."

တကယ်လည်း စာပို့သမားဖြစ်ပါသည်။

စာပို့သမားသည် စာတစ်စောင်ကို လေ့ကားမှာတင်သည်။

ညြခန်းထဲမှာ ငုတ်တုတ်ထိုင်နေသော ဝူလ်ကိုမြင်သော် နှုတ်ဆက်မည်ပြုး၏။

ဝူလ်က ကပျာကယာ ပါးစပ်မှာ လက်ညှိုးနှင့်တေ့ပြီး တိတ်တိတ်နေရန် ပြောသည်။ အိပ်ခန်းတက်သို့ လက်ညှိုးထိုးပြပြီး ဆွန်ဂျာအိပ်နေကြောင်း အမူအယာ နှင့်ပြ၏။ ပို့စမင်းပြုံး၍ ပြန်ထွက်သွား၏။

အခန်းတစ်ခုလုံး ငြိမ်နေ၏။

အိပ်ခန်းမှလည်း ဘာသံမှ မကြားရ။

ပို့စမင်းခြေသံ တဖြည်းဖြည်းဝေးသွားသည်။

ထိုအခါ အိပ်ခန်းထဲမှ လှုပ်ရှားသံကြားရသည်။

ဝူလ် စိတ်အေးသွား၏။

သော့တွဲမှ အငယ်ဆုံးသော့ကို ရွေး၍ လက်ဆွဲအိတ်သော့ကိုဖွင့်ကြည့်၏။

သော့ပွင့်သွားသည်။

လက်ဆွဲအိတ်ကိုဖွင့်လိုက်၏။ စားသောက်စာရင်းဖြစ်မနေပါစေနဲ့ဟု ဆုတောင်းကာ စာရွက်များ ထုတ်ယူလိုက်သည်။ သူဖတ်ကြည့်၏။

အော့ပရေးရှင်း - အာဘာဒင်း

၁။ မဟာမိတ်တပ်များသည် ဇွန်လ ၅ ရက် အရှေ့ဦးတွင် တန်ပြန် ထိုးစစ်ဆင်မည်။

၂။ ထိုးစစ်သည် ခရင်းခွပုံ စစ်ဦးနှစ်ခုရှိမည်။

ဝူလ် စာရွက်များကို လှန်လှောကြည့်၏။

ဟုတ်ပြီ. . .။

ဝူလ် နားစွင့်ကြည့်၏။ အချိန်သိပ်မရှိ။

စမစ်သယ်လာသော မှတ်တမ်းအသေးစိတ်ပါသည်။ စစ်ပွဲတစ်ခုလုံး ၏ကန္တာရအတွင်းမှ ဗိုလ်ချုပ်ရစ်ချီက ရေးဆွဲပြီး ဌာနချုပ်သို့ အတည်ပြုရန်ပေးပို့ လိုက်ခြင်းဖြစ်သည်။ မနက်ပိုင်း အစည်းအဝေးမှာ ဆွေးနွေးရန် ဖြစ်ပေမည်။ သူမှတ် ယူလိုသည်။

အမြန်ဆုံး စာရွက်နှင့် ခဲတံရှာ၍ ဆက်ဖတ်၏။

အမိကအင်အားကို 'ကဲလ်ဒဗ္ဗန်' ဟု လျှို့ဝှက်နာမည်ပေးထားသည်။

ဇွန်လ ၅ ရက်နေ့ တန်ပြန်တိုက်မည်။

နံနက် ၂နာရီ ၅၀မိနစ်တွင် အမြောက်တပ်သည် ရှိမဲ၏ အရှေ့ဘက်တောင်ပံကို စတင်ပစ်ခတ်မည်။

နောက် အိန္ဒိယတပ်ရင်း ၁၀ အစ္စလက်ဂျီ(ဂျ)ကို တိုက်မည်။ တစ်ချိန် တည်း ၂၂တင့်ကားတပ်မသည် ဆိုင်ဒိုင်မာဖတာကို ဝင်တိုက်စဉ် အိန္ဒိယတပ်မ၉တစ်ပါတည်း လိုက်မည်။

တစ်ချိန်တည်း၌ ၃၂ တင့်ကားတပ်ရင်းသည် တစ်ဘက်မှ ဆိုင်ဒရာရစ်ဂျ ကိုတိုက်မည်။

ဝူလ်သည် စာရွက်စာတမ်းများကို ဆက်ကြည့်သည်။ စမစ်သည် အလွန် အဖိုးတန်သူဖြစ်သည်။ ရွှေဥ အုပေးမည့် ငန်းဖြစ်သည်။ တစ်ကြိမ်တည်းနှင့် သတ် ပစ်၍ မဖြစ်၊ သူသည် ကူးစရာရှိသမျှ အမြန်ကူးလိုက်သည်။

ရှန်ပိန်ပုလင်းဖွင့်သံ ကြားရသည်။

ဝူလ် ထပ်ပြီးမစွန့်စားလိုတော့။ စာရွက်စာတမ်းများကို လက်ဆွဲအိတ်ထဲ ပြန်ထည့်သည်။ သော့ခတ်သည်။ သော့ကို ဘောင်းဘီအိတ်ထဲပြန်ထည့်၏။ ခန်းဆီး ကြားမှ ချောင်းကြည့်သည်။

စမစ်သည် စီးကရက်တဘက်၊ အရက်ခွက်တဘက်နှင့် မျက်နှာတွင်ပီတိ များဖုံးကာ ခုတင်ပေါ်မှာ ထိုင်နေ၏။ စမစ်၏မြင်ကွင်းမှာ ခန်းဆီးဘက်လှည့်နေ၍ ဝူလ် ဝှကျနေ၏။ ထိုအခိုက် ဆွန်ဂျာက. . .

"နောက်တစ်ခွက်ငှဲ့ပေးပါဦး ရှင်ရယ်. . ."

စမစ် ထ,၍ အရက်ငှဲ့နေခိုက် ကျောပေးနေပြီဖြစ်သွားရာ ဝူလ် ဘောင်းဘီကို ခုတင်ဘေး ကြမ်းပြင်သို့ ပြန်ပို့ လိုက်၏။ ဆွန်ဂျာက ဝူလ်၏ လှုပ်ရှား မှုကို မြင်နေရသည်။

ဝူလ် သူ့နေရင်း ဗီရိုထဲ ပြန်ဝင်ပြီး တံခါးပိတ်လိုက်၏။ ဗီရိုထဲမှာ နေရသည်က ကျဉ်းကျပ်သည်။ ကျဉ်းကျပ်ပါစေ၊ သူဂရုမစိုက်ပါ။ သူ ရွှေတွင်း တူးမိပြီ မဟုတ် ပါလား။

နာရီဝက်ခန့်ကြာသောအခါ စမစ်နှင့် ဆွန်ဂျာ ရောက်လာ၏။ စမစ်သည် အဝတ်အစား အပြည့်အစုံဖြစ်နေပြီ။ ဆွန်ဂျာက. . .

"ဘာဖြစ်လို့ ပြန်ဖို့ အယင်လိုနေရတာလဲ"

"မဖြစ်လို့ပါကွယ်၊ ဒီအချိန်ကတကယ်တော့ အတော်ဝွကျတဲ့ အချိန်ကွယ့်။ ...န်အတိုင်းပြောရယင် ကိုယ့်အနေနဲ့ ဒီလက်ဆွဲအိတ်ကို ယူပြီး အပြင်ထွက်ခွင့် ...ဘူး စစ်ရုံးချုပ်ကနေ ကျုပ်ရုံးကို တန်းသွားရမှာ။ ဒါပေမယ့် မင်းကချိန်းလိုက်တော့ ...ကို မတွေ့ရမှာစိုးလို့ ရုံးကငနဲတွေကို ရုံးချုပ်မှာနံနက်စာစားမယ်၊ ရုံးချုပ်ကိုတော့ ...န်စားမယ်ဆိုပြီးလစ်လာတာ။ နောက်တစ်ခါချိန်းရင် ကိုယ့်ရုံးပြန် အိတ်ထားပြီးမှ ...ယ်နော်။ ဖြစ်တယ်မဟုတ်လား"

"အို . . . ဆင်ဒီရယ်၊ တယ်ခက်ပါလား။ ခဏနေရင် ကျွန်မအိမ်ဖေါ်ကြီးက ...မ်ရှင်းဖို့လာရင် နှစ်ယောက်တည်း အခုလို လွတ်လပ်မှာ မဟုတ်ဘူး"

စမစ် မျက်မှောင်ကုတ်သည်။

"ဒါဆို ညနေမိုင်းရော . . ."

"ညနေပိုင်းကျတော့ ကျွန်မအလုပ်ချိန်နဲ့ နီးနေပြီ မဟုတ်လား။ ကပွဲပြီး ...လည်း ကျွန်မဧည့်သည်တွေစားပွဲမှာ စကားစမြည်ပြောရသေးတယ်။ ရှင့်စားပွဲ ...နေရင် ဘေးက အတင်းပြောစရာဖြစ်သွားမှာပေါ့"

ဗီရိုထဲမှ ဝူလ်သည် ပူလောင် အိုက်စပ်၍ ချွေးပြန်နေ၏။

စမစ်က . . .

"အိမ်ဖေါ်ကို မလာနဲ့လို့ မှာရင်ကော . . ."

"ဒါတော့ ဖြစ်ပါ့မလား ဆင်ဒီရယ်။ အိမ်ရှင်းတဲ့ အလုပ်ကို ကျွန်မမှ ...ပ်နိုင်တာ။ ကဲပါ . . . ဆင်ဒီရယ်၊ ကျွန်မအားတဲ့ အချိန်ကလေး နေ့လည်ပိုင်း ...လေးမှ မလာနိုင်ဘူးလားလို့"

စမစ်မနေနိုင်ပါ။

"ကောင်းပါပြီအချစ်ရယ်၊ ကိုယ်လာပါ့မယ်"

သူတို့နမ်းကြသည်။ နောက် စမစ်ထွက်သွားသည်။ စမစ်ခြေသံပျောက် ...ားပြီး အတန်ကြာမှ ဝူလ် ဗီရိုထဲမှ ထွက်သည်။ အပြင်ဘက် ရောက်သည်နှင့် ...လက် အညောင်းဆန့်၏။ ဆွန်ဂျာက . . .

"သိပ်ညောင်းသွားလား"

"တန်ပါတယ်ကွယ်၊ မင်းဟာ သိပ်တော်ပါလား"

"ရှင်လိုချင်တာတွေ ရလိုက်ရဲ့လား"

"မျှော်လင့်ထားတာထက်တောင်ပိုပါသေးတယ်"

ဝူလ် ပေါင်မုန့်နှင့် အသားချောင်းများပြင်၍ နံနက်စာ စီစဉ်သည်။ ...န်ဂျာက ရေချိုးသည်။ နံနက်စာ စားသောက်ပြီးသည်နှင့် ဝူလ်သည် အင်္ဂလိပ်

ဝတ္ထု 'ရေဘက်ခါ'ကို ထုတ်၍ လျှို့ဝှက်သတင်းပို့ရန် ဖတ်နေ၏။ ဆွန်ဂျာ အပြင်ထွက်မည်ဆိုသောအခါ ဝူလ်က လောင်းကစားရန် ပေါင် ၅၀ ထုတ်ပေးလိုက်၏။

ညနေပိုင်း ဆွန်ဂျာ သူမ၏ကလပ် အလုပ်ဆင်းသည်။

ဝူလ် အရက်သောက်ပြီး နေလိုက်၏။ ညသန်းခေါင် နီးလာသောအခါ ဝူလ် အသံလွှင့်စက်ထုတ်သည်။

သန်းခေါင်တိတိ၊ ၂၄း၀၀ နာရီအချိန်တွင် ဝူလ် သူ၏ လျှို့ဝှက်သင်္ကေတကို လွှင့်သည်။ 'စပင့်' စက္ကန့်အနည်းငယ်အတွင်း သဲကန္တာရအတွင်း စောင့်နေသူများက သတင်းရကြောင်း အကြောင်းပြန်သည်။ ဝူလ် သတင်းပို့ချက် အခြေအနေကို မေးသည်။ တဘက်မှ ကောင်းသည် ပို့တော့ဟုဆိုမှ သူ သတင်းစ,ပို့သည်။

'အဘားဒင်း-ဖော်ပရေးရှင်း သတင်း"

သတင်းဆုံးသည်နှင့် ဝူလ်က ရ,မရ မေးသည်။

တစ်ဘက်မှ ရကြောင်း အကြောင်းပြန်သည်။

ဝူလ် စက်ပိတ်လိုက်၏။

ဝူလ် စက်ကိုပြန်သိမ်းသည်။ 'ရေဘက်ခါ'ဝတ္ထုနှင့် သူ့လျှို့ဝှက်ချက်စာရွက်ကို သိမ်းသည်။

သူ အရက်တစ်ခွက် ငှဲ့သောက်လိုက်၏။

❖ ❖ ❖

(၁၀)

စပိုင်အေးဂျင့် ဝူလ်ထံမှ ပို့လိုက်သောသတင်းသည် တခြားသတင်းပေါင်း နှစ်ဆယ်၊ သုံးဆယ်တို့နှင့်အတူ ဗွန်မဲလင်သင်၏ စားပွဲပေါ်သို့ ဇွန်လ ၄ ရက် နံနက် ၇နာရီတွင် ရောက်လာ၏။ တချို့သတင်းများသည် အသံဖမ်းရမိခြင်းဖြစ်ပြီး၊ အချို့ကား သောက်လှမ်းရရှိလာသော သတင်းများအစုံဖြစ်သည်။

ရှေ့တန်းထောက်လှမ်းရေးအရာရှိများနည်းတူ ဗွန်မဲလင်သင်သည် စပိုင်ဘို့၏ သတင်းပို့ချက်များကို ရွံရှာပါသည်။ စပိုင်တို့သည် များသောအားဖြင့် သံအရာရှိအချင်းချင်းပြောသော အတင်းများထံမှ လည်းကောင်း၊ သတင်းစာထဲမှ ပါသမျှကိုလည်းကောင်း၊ သတင်းစာထဲမှ ပါသမျှကိုလည်းကောင်း၊ ဟိုမှ သည်မှ အင်မြင်ချက်များသည် လည်းကောင်း ဖြစ်တတ်လေရာ ထိရောက်မှုရှိခဲလှသည်။

သို့သော် ဤသတင်းကား ထူးခြားစွာ ထင်ပေါ်နေ၏။

စပိုင်တို့၏သတင်းထုံးစံအတိုင်း ‘ဂျန်ပါတ် အိန္ဒိယ တပ်မသည် မကြာမီ ဘိုက်ပွဲဝင်မည်ဟု ယူဆရကြောင်း ‘သို့မဟုတ်’ မဟာမိတ်တပ်တို့သည် အယ်လဒဇွန် ၊ ဗျွန်လပိုင်း ပထမပတ်မှာ တိုက်မည်ဟု ယူဆရကြောင်း’ စသည်ဖြင့် ယောင်ဝါးဝါးဖြစ်တတ်၏။

‘စပင့်’ဟူသော အမှတ်အသားရှိသည့် စပိုင်၏ သတင်းကား ဤသို့မဟုတ်၊ သတင်းပို့ချက် ခေါင်းစီးကပင် ‘အော့ပရေးရှင်း အာဘာဒင်း’ဟု ခေါင်းတပ်ထား၏။

အောက်တွင် တိုက်မည့်ရက်စွဲ အတိအကျ ပါဝင်သော တပ်မများစာရင်း အတိအကျနှင့် သူတို့၏ ပါဝင်လှုပ်ရှားမည့်ကဏ္ဍ၊ သူတို့၏ တိုက်ကွင်းနှင့်တကွ တိုက်ပွဲဦးစီးမည့် ပုဂ္ဂိုလ်၏ စဉ်းစားစိစဉ်ပုံကအစ အတိအကျပါနေသည်။

ဗွန်မဲလင်သင်သည် မယုံပါ။ သို့သော် စိတ်ဝင်စားသည်။

သူ၏ တဲအတွင်း အပူချိန် ဒီဂရီတစ်ရာကျော်အချိန်တွင် ယုံးစံအတိုင်း စစ်မြေပြင်ရှေ့တန်းနေရာ အသီးသီးသို့ ဖုန်းဆက်သွယ်သည်။ နောက် လေယာဉ်ထောက်လှမ်းရေးအဖွဲ့သို့လည်း ဆက်သွယ်သည်။ အားလုံးကို သူတစ်ခုခိုင်းသည်။ အိန္ဒိယတပ်မ ၉-၁၀ ဘယ်မှာရှိလဲ၊ ဘာလုပ်နေလဲ၊ တင့်ကားတပ်မ ၂၂ နှင့် ၃၂ လှုပ်ရှားမှုကိုကြည့်ပါဟုခိုင်းသည်။ အမြောက်တပ်၏ ပြင်ဆင်ထားမှုကိုလည်း စုံစမ်းစေသည်။ အကယ်၍ စပိုင်၏သတင်းပို့ချက်မှန်ပါက လှုပ်ရှားမှုကို တွေ့ရမည်သာဖြစ်သည်။

ထိုသို့ စုံစမ်းထောက်လှမ်းချက်များနှင့် ညက ရရှိသော သတင်းများကို စုပေါင်း၍ ဗွန်မဲလင်သင်သည် ရိုမဲလ်ထံ အစီရင်ခံစာရေးရစမြဲ ထို့နောက် ကျင်းပမြဲဖြစ်သော အစည်းအဝေးသို့ တက်ရောက် ဆွေးနွေးရသည်။

မနက်ပိုင်း အစည်းအဝေးများမှာ များသောအားဖြင့် တိုတောင်းတတ်ပါသည်။ အကြောင်းမှာ ရိုမဲလ်သည် အစီကဆုံးဖြတ်၍ တစ်နေ့တာအတွက် အမိန့်ပေးတာဝန်ခွဲပေးလေ့ရှိသောကြောင့် ဖြစ်သည်။ ထို့ပြင်ရိုမဲလ်သည် ဤကဲ့သို့ ဆွေးနွေးနေမည့်အစား တိုက်ပွဲဝင်ပစ်လိုက်ချင်သော လူစားမျိုးဖြစ်သောကြောင့်ပါတည်း။ ရိုမဲလ်အနေဖြင့် သဲကန္တာရအတွင်းလှည့်လည်၍ ရှေ့တန်းတစ်နေရာမှ တစ်နေရာသို့ မော်တော်ကားနှင့်သော်လည်းကောင်း၊ သူ့လေယာဉ်ငယ်နှင့်သော်လည်းကောင်း သွား၍ ကိုယ်တိုင်ကိုယ်ကြပ် အမိန့်ပေးလေ့၊ သူ့လူများနှင့်ရောနှောပြက်လုံးထုတ်လေ့ ရှိသူဖြစ်ပါသည်။ သူသည် ရှေ့တန်းရန်သူပစ်ကွင်းမိရာအရပ်သို့ အမြဲရောက်နေသဖြင့် အမြဲရန်သူ၏ တိုက်ခိုက်ခြင်းကိုခံရပါသည်။ သို့သော် ၁၉၁၄ခုနှစ်ကတည်းက ရိုမဲလ် ဒဏ်ရာတစ်ချက် မရဘူးပါ။

ညနေပိုင်းရောက်သောအခါ သတင်းစုံ ဝင်လာပါသည်။ ဗွန်မယ်လီသင်းသည် စပင့်၏သတင်းနှင့်ပတ်သက်သမျှကိုစုလိုက်ပါသည်။

အစ္စလက်ရစ်(၇)မှာ စခန်းချထားသော အီတလီတပ်ရင်းက ရန်သူလေကြောင်းလှုပ်ရှားမှုများကြောင်း အစီရင်ခံသည်။ ဗွန်မဲလင်သင်က ဗုံးကြဲခြင်းလား၊ လှုပ်ရှားခြင်းလားဟုမေးရာ၊ ဗုံးကြဲရပ်သွားပြီး လှုပ်ရှားမှုသက်သက်ဖြစ်သည်ဟု သတင်းပို့သည်။

လေတပ်၏သတင်းပို့ချက်ကမူ မဟာမိတ်တပ်၏ လှုပ်ရှားမှုကို စစ်မျက်နှာ ခုအကြားမှာ တွေ့ရသည်ဟုဆို၏။

ရန်သူ့အိန္ဒိယတပ်မ၏ အပူတပြင်း ကြေးနန်းဆက်သွယ်မှုများရသည်။

သဲလွန်စများ တဖြည်းဖြည်းများလာ၏။

ဗွန်မယ်လီသင်းက ၃၂ တင့်ကားတပ်ရင်း သတင်းကောင်းကို ပြန်ကြည့်ရာ ဒိုက်ဘရစ်(ဂျ)မှာ ရှိနေပြီး ဆိုင်ဒရာရစ်(ဂျ)သို့ တိုက်နိုင်သည့် အနေအထားမှာ ရှိသည်။

ဗွန်မယ်လီသင်းသည် သတင်းအားလုံးခြုံ၍ စဉ်းစားသည်။ သူ၏အသိစိတ်နှင့် စဉ်းစားပြီးနောက် သူ စွန့်စား ဆုံးဖြတ်သည်။

ဗွန်မယ်လီသင်းသည် စပင့်၏သတင်းပို့ချက်အပေါ်မှာ ယုံစားရန် ဆုံးဖြတ်လိုက်၏။

၁၆း၃၀ နာရီတွင် ဗွန်မယ်လီသင်းသည် သူ၏အစီရင်ခံစာကိုယူ၍ ရုံးခန်းသို့သွားသည်။ ရုံးခန်း၌ ရွိမဲလ်ကို သူ့လက်ထောက်ဗိုလ်မှူးကြီး ဘေယာလိန်းနှင့် အတူ ဗိုလ်ချုပ်ကိုင်ဇာရင်းပါတွေ့ရ၏။ သူတို့သည် ရှေ့တန်းမြေပုံတစ်ခုကို ဖြန့်ခင်း၍ ကြည့်နေကြခြင်းဖြစ်သည်။ နံဘေးမှ ဒုဗိုလ်တစ်ယောက်သည် လူကြီးများ ညွှန်ကြားသမျှ မှတ်သားရန် အသင့်စောင့်နေ၏။

ရွိမဲလ်သည် ဦးထုပ်ချွတ်ထားသည်ဖြစ်ရာ သူ၏ ကြီးမားထိပ်ပြောင်နေသော ဦးခေါင်းသည် သူ့ကိုယ်ခန္ဓာထက် ကြီးနေပုံရ၏။ သူသည် ပင်ပန်းနွမ်းလျ၍ ပိန်နေပုံရသည်။ သူ့တွင်အစာအိမ်ဒုက္ခပေးနေကြောင်း ဗွန်မယ်လီသင်းသိသည်။ ရွိမဲလ်အစာမစားနိုင်သော ရက်များပင်ရှိသည်။

ဗွန်မယ်လီသင်းသည် ဖနောင့်ချင်းရိုက်၍ အလေးပြုပြီး သူ၏အစီရင်ခံစာကို ပေးလိုက်၏။ ထို့နောက် သူ၏ထင်မြင်ချက်ကို မြေပုံပေါ်မှာ ပြည့်ပြည့်စုံစုံရှင်းပြလိုက်၏။

အစအဆုံးနားထောင်ပြီးမှ ကိုင်ဇာရင်းက . . .

"မင်းဟာတွေ အားလုံးက စပိုင်တစ်ယောက်ရဲ့ သတင်းကို အခြေပြုနေပါလားကွ"

ဗွန်မယ်လီသင်းက . . .

"အဲဒီလိုမဟုတ်ပါဘူး ဗိုလ်ချုပ်၊ သူ့သတင်းကို ခိုင်မာစေတဲ့ အထောက်အကူသတင်းတွေပါ ခိုင်လုံလို့ပါ"

"ဘယ်သတင်းမဆို ခိုင်မာအောင် ထောက်ကူလို့ရတာချည်းပဲပေါ့"

ဗွန်မယ်လီသင်းသည် သူ့မျက်စိထောင့်စွန်းတစ်နေရာမှ ရှိမဲလ်တစ်ယောက် မကျေမနပ်ဖြစ်နေပုံကို မြင်ရသည်။

ကိုင်ဇာရင်းကမူ . . .

"တို့အနေနဲ့ ကိုင်ရိုက စပိုင်တစ်ယောက်ရဲ့ သတင်းကလေးတစ်ခုအပေါ်မှာ မူတည်ပြီး တို့က စစ်ပွဲအစီအစဉ်ကြီးတစ်ခု မလုပ်နိုင်ဘူးကွ"

ရှိမဲလ်က ဝင်၍ . . .

"ကျုပ်ကတော့ ဒီသတင်းကို ယုံကြည်တယ်"

ဗွန်မယ်လီသင်းသည် ဗိုလ်ချုပ်နှစ်ဦးကို ကြည့်လိုက်၏။ နှစ်ဦးစလုံးမှာ အာဏာပြိုင်ဖြစ်သည်။ တာဝန်အရ တောင်ပိုင်းစစ်မျက်နှာတစ်ခုလုံးကို တာဝန်ယူရသဖြင့် ကိုင်ဇာရင်းက ရာထူးအနေနှင့်ကြီးသည်။ သို့သော် ရှိမဲလ်သည် ကိုင်ဇာရင်းထံမှ အမိန့်ကို နာခံစရာမလို။ သူ့အနေနှင့် ဟစ်တလာထံမှ တိုက်ရိုက်အမိန့်တောင်းယူနာခံလေ့ရှိသူဖြစ်သည်။ တစ်ဦးနှင့် တစ်ဦးလည်း သိပ်မပြေလည်ကြ။

ရှိမဲလ်က မြေပုံကို လက်နှင့်ထောက်ပြီး . . .

"ကဲ . . . တို့အနေနဲ့ သူတို့ရဲ့တန်ပြန်ထိုးစစ်ကို အဆင်သင့်လုပ်ထားရအောင်။ သူတို့ရဲ့ ခက်ရင်းခွစစ်ဆင်ရေးကို ကြည့်၊ ပထမစစ်ဦးက လျှော့ပုံရတယ်။ မြောက်ပိုင်းစစ်မျက်နှာဆိုင်ဒရာရစ်(ဂျ)ကို အခု ပင်ဇာတပ်ရင်း ၂၁ နဲ့ တင့်ကားဖြို့ခွင်းတပ်ရှိတယ်၊ သည်မှာ အင်္ဂလိပ်စစ်မြားဦး။ အဲဒီမှာ မိုင်းပုံးတွေ ထောင်ထားတယ်။ ပင်ဇာတပ်မဟာ အင်္ဂလိပ်တပ်ကို မိုင်းတောထဲ မောင်းထုတ်ပြီး အပြတ်ရှင်းရဲ့ပဲ။ တင့်ကားဖြို့ခွင်းတပ်ရဲ့ အကူနဲ့ပို့။ စပိုင်ရဲ့သတင်းဟာ မှန်ရင် အင်္ဂလိပ်တွေဟာ တင့်ကား ၇၀ပဲ ပါမှာဆိုတော့ ပင်ဇာတပ်ရင်းက အလွယ်တကူ ချေမှုန်းနိုင်မှာပဲ"

ရှိမဲလ်သည် သူ့လက်ညှိုးဖြင့် မြေပုံတစ်နေရာကို ထောက်ပြပြီး . . .

"ဒုတိယစစ်ကြောင်းကို ကြည့်ရအောင်၊ ဒါက တကယ့်အင်အားကြီးတဲ့ စစ်ကြောင်းပဲ။ ကျုပ်တို့ရဲ့ အရှေ့ဘက် စစ်မျက်နှာပဲ။ အဲဒီမှာအီတလီတပ်မ ရှိတယ်။ အင်္ဂလိပ်စစ်ဦးဟာ အိန္ဒိယတပ်ရင်းနဲ့လာမှာ။ အိန္ဒိယတွေရဲ့ တိုက်ရည်ကိုလည်း သိပြီးသား။ တို့အီတလီတပ်ရဲ့ တိုက်ရည်လည်း သိပြီးသားဆိုတော့ အဲဒီမှာ ရန်သူ့တိုက်စစ်ဟာ နိုင်မှာပဲ၊ ဒီတော့ တို့က အဲဒီမှာ အသင့်ပြင်ဆင်ထားရမယ်"

ရှိမဲလ်က ဆက်၍ . . .

"တစ်-အီတလီတပ်အနေနဲ့ အနောက်ဘက်အရပ်က တန်ပြန်ထိုးစစ်တိုက်ရမယ်။ နှစ်-ပင်ဇာတပ်ရင်းဟာ ဆိုင်ဒရာရစ် (ဂျ)မှာ အင်္ဂလိပ်တပ်ကို အမြန်ဆုံးရှင်းပြီး အိန္ဒိယတပ်ကို မြောက်ဘက်က ဝင်တိုက်။ သုံး-ကနေ့ညပဲ တို့ရဲ့ အင်ဂျင်

...တပ်ဖွဲ့ဟာ ဘီ-အယ်-ဟာမက်ဒေသက မိုင်းတွေကို ပြန်ရှင်းထား၊ ဒါမှ တို့ရဲ့ ...တပ်ရင်း ၁၅ က တောင်ဘက်ကနေပြီး အင်္ဂလိပ်တပ်ရဲ့နောက်ပိုင်းကို တိုက် ...မယ်"

ဗွန်မယ်လီသင်းသည် သေသေချာချာ နားထောင်၍ မှတ်သားနေ၏။ ...ယ်ကား ဤ စစ်ဆင်တတ်သူဖြစ်သည်။ သူ့တပ်များ၏ အရွှေ့အပြောင်း ...ဆန်သည်။ အင်အားစုပေါင်းသည်။ မမျှော်လင့်သော နေရာမှ အင်အားအကြီးဆုံး ...၍ သုံး သည်။ အကယ်၍ ရိုမဲလ်စီစဉ်သည့်အတိုင်း ဖြစ်လာပါက မဟာမိတ် ...ပြန်ထိုးစစ်တစ်ခုလုံးသည် အဆက်အသွယ်ပြတ်၊ ဝိုင်းမိသွားပြီး လုံးဝချေမှုန်းခြင်း ...သည်ဖြစ်၏။

အကယ်၍ စီစဉ်သည့်အတိုင်း ဖြစ်လာပါက . . .

အကယ်၍ စပိုင်၏သတင်းမှန်ပါက ဖြစ်သည်။

ကိုင်ဇာရင်းက ရိုမဲလ်ကိုကြည့်ပြီး . . .

"ခင်ဗျားလုပ်တာ မှန်းနေပြီထင်တယ်"

ရိုမဲလ်ကမူ အေးစက်တည်ငြိမ်စွာဖြင့် . . .

"ဒါတော့ ခင်ဗျား ထင်ချင်သလို ထင်ပေါ့"

ဗွန်မယ်လီသင်းအနေနှင့် ရိုမဲလ်လိုမတည်ငြိမ်နိုင်ပါ။ အကယ်၍ သည် ...ဆင်ရေးကြီး တစ်စုံတစ်ရာ တိမ်းစောင်းသွားပါက ရိုမဲလ်သည် အခြေအမြစ်မခိုင် ...သော သတင်းကို အကြောင်းပြု၍ အဆုံးအဖြတ်ပေးရာ၌ မှားယွင်းသည်ဟု ...ဖြစ်တင်မည်။ ဗွန်မယ်လီသင်းအနေနှင့်လည်း မခိုင်လုံသော သတင်းကိုပေးသည့် ...တွက် တာဝန်ရှိနေ၏။ ရိုမဲလ်သည် တာဝန်မကျေသော လက်အောက်ငယ်သား ...အပေါ်၌ ပြင်းထန်စွာ အပြစ်ယူလေ့ရှိ၏။

ရိုမဲလ်သည် မှတ်ရန်စောင့်နေသော ဒု ဗိုလ်လေးအား . . .

"နက်ဖြန်အတွက် ငါ့အမိန့်ဟာ ဒါတွေပဲ"

ရိုမဲလ်သည် ကိုင်ဇာရင်းအား ခပ်တည်တည်ကြည့်၏။

ဗွန်မယ်လီသင်းသည် စိတ်ထဲက ဘုရားတ,နေရလေ၏။

...ယ်လီသင်းသည် နောက် ၁၆ရက်အကြာ တိုဘရုမြို့ပေါ်မှ အရှုံးဦးထွက်လာ ...သော နေမင်းကိုကြည့်၍ ဤအဖြစ်အပျက်ကို ပြန်၍ သတိရသည်။

သူတို့နှစ်ဦးသား ရှိမဲလ်နှင့် သူ အယ်-ဒေဝင်၏ အရှေ့မြောက်ဖျားမှာ အ
မတ်တတ်ရပ်နေကြ၏။ မကြာမီတိုက်လာတော့မည့် စစ်ပွဲကို စောင့်ကြည့်နေကြ
ဖြစ်သည်။ ရှိမဲလ်သည် စစ်ပွဲတစ်ခုမှ ဖမ်းဆီးရမိသော မဟာမိတ်ဗိုလ်ချုပ် အ
ကော်စွာ၏ သဲဖုန်များ မဝင်နိုင်ရန် နံဘေးက ပိတ်စဖြင့်လုံခြုံအောင် လုပ်ထားသေ
မျက်မှန်ကိုတပ်ထား၏။ နောင်သော် ဤမျက်မှန်မှာ ရှိမဲလ်၏ အမှတ်အသားဖြစ်
၏။ ရှိမဲလ်သည် စိတ်တက်ကြွ ရွှင်လန်းနေ၏။ စစ်ပွဲအခြေအနေကို ကြည့်နေသည်

ဗွန်မယ်လီသင်းက . . .

"ကြည့်ရတာ စပိုင်ရဲ့သတင်းဟာ မှန်ပုံပဲ"

"အေးကွ . . . ငါလည်း အဲဒီလိုပဲ တွေးမိနေတာ"

မဟာမိတ်တို့၏ တန်ပြန်ထိုးစစ်သည် ဇွန်လ ၅ ရက်နေ့တွင် မျှော်
ထားသည့်အတိုင်း တိတိကျကျတိုက်လေ၏။ ရှိမဲလ်၏ ခံစစ်ပြင်ဆင်မှုမှာလည်
တိကျအဆင်ပြေ၍ တန်ပြန်ထိုးစစ်သည် ယုံကြည်ထားသည့်အတိုင်း မဟာမိတ်
များကို ချေမှုန်းအောင်မြင်လေသည်။ မဟာမိတ်တပ်များကို ချေမှုန်းအောင်မြင်
သည်။ မဟာမိတ်တို့၏ အမြောက် ၄ ခုကို ဖမ်းဆီးရမိပါသည်။ ရှိမဲလ်သည် သူ
အောင်မြင်မှုကို မရပ်မနားပဲ ရှေ့သို့ဆက်တိုက်ရာ ဇွန်လ ၁၄ ရက်နေ့တွင် မဟာမိ
တို့၏ ဂါဇာလာခံစစ်ကြောင်း ပေါက်သွားသည်။ ဇွန်လ ၂၆ ရက်နေ့တွင် ဂျာမန်
မတော်သည် ကမ်းရိုးတန်းအဲရေးပါသောမြို့ - တိုဘရွတ်ကို သိမ်းအုံမှုမှုဖြစ်နေ

ဗွန်မယ်လီသင်းသည် ကြက်သီးထပြီး တုန်သွားသည်။ သဲကန္တာရ
နံနက် ၅ နာရီအချိန်၏ အေးမြခြင်းကား အံ့ဩဖွယ်ကောင်းလောက်အောင်လွန်
ပါတကား။

သူ မိုးကောင်းကင်သို့ မော့ကြည့်သည်။

၅ နာရီ မိနစ် ၂၀တွင် ထိုးစစ်စမည်။

ထိုစဉ် မိုးကောင်းကင်ပေါ်မှ တုန်ဟည်း၍ ဂျာမန်လေတပ်ပေါ်လာ
သည်။ ပထမ လေယာဉ်စုသည် တိုဘရွတ်မြို့ဆီသို့ ထိုးစိုက်ချပြီး ဗုံးများကြဲသ
မီးခိုးလုံးကြီးများ ထွက်လာလေ၏။ တစ်ချိန်တည်းမှာပင် ရှိမဲလ်၏အမြောက်
သည် နားကွဲမတတ်မြည်ဟည်း၍ အမြောက်ဆန်များကို မိုးသီးမိုးပေါက်များပ
မဟာမိတ်ခံတပ်တွင်းသို့ ပစ်လွှတ်ကြလေ၏။ နောက်ထပ် ဗုံးကြဲလေယာဉ်
တသုတ်၊ နောက်တသုတ်၊ နောက်တသုတ်။

ဗွန်မယ်လီသင်းက . . .

"ဒီလိုဆိုတော့ ကိုင်ဇာရင်းကလည်း အားကိုးရသား"

သူ၏ ထင်မြင်ချက်ကို ရှိမဲလ်သဘောမတွေ့ပါ။ ရှိမဲလ်က . . .

"ဟေ့ . . . ဒီတိုက်ပွဲတစ်ခုလုံးမှာ ဘယ်သူ့မှ ကျေးဇူးတင်မနေနဲ့ အကုန် ...ကို တို့စီစဉ်တာချည်းပဲ"

တိုဘရုသည် ခိုင်မာသော ခံတပ်ကြီးဖြစ်သည်။ နံဘေးဝန်းကျင် ၃၅ ...ခန့်အထိ သံဆူးကြိုးများ ခတ်ထားသော နေရာဖြစ်သည်။ ဂျာမန်တပ်တို့သည် ...ဆူးကြိုးကိုဖြတ်ရမည်။ မြို့ကို တိုက်ရမည်။ နောက်မှ မြို့လယ်မှရှိသော အင်္ဂလိပ် ...ပ်ကိုသိမ်းရမည်ဖြစ်သည်။

စစ်မြေပြင်မှ လိမ္မော်ရောင် မီးခိုးလုံးတစ်လုံး ထွက်လာ၏။

ဗွန်မဲလင်သင်က . . .

"ဒါရှေ့ပြေး အင်ဂျင်နီယာတပ်ရဲ့ အချက်ပေးတာပဲ၊ အမြောက်တပ်ရဲ့ ...ကွင်းကို ရှေ့တိုးဖို့ အချက်ပြတာ"

ရှိမဲလ်က ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်၊ တို့ရှေ့တိုးနေပြီ"

ရုတ်တရက် ဗွန်မဲလ်လင်သင်သည် မျှော်လင့်ချက်များရှိလာ၏။ တိုဘရုကို ...သည်နှင့် လောင်စာဆီများ၊ ဒိုင်နမိုက်များ၊ ရွက်ဖျင်တဲများ၊ လော်ရီကားများနှင့် ...စားအသောက်များ ရမည်မဟုတ်ပါလား။

ဗွန်မဲလ်လင်သင်က ပြုံး၍ . . .

"ဒီအတိုင်းဆိုရင် ညစာတော့ ကောင်းကောင်းစားရတော့မှာပဲ"

"အိပ်ရာလည်း မွေ့ရာနဲ့ ခေါင်းအုံးနဲ့အိပ်ရမှာ"

"အုတ်နံရံအတွင်းမှာ ခြင်တွေကြမ်းပိုးတွေလည်းမကိုက်၊ အပူလည်း ...ကသက်သာသာနဲ့ပေါ့"

ထိုစဉ် ဆက်သားတစ်ယောက် သတင်းပို့ချက်နှင့်အတူရောက်လာ၏။

ဗွန်မဲလင်သင်က လှမ်းယူဖတ်နေသည်။ ဝမ်းသာသောအသံကို ကြိုးစား ...န်းရင်း . . .

"ကျွန်တော်တို့ တပ်တွေဟာ ရန်သူရဲ့သံဆူးကြိုးခိုင်မာတဲ့နေရာ ၆၉ ကို ...က်ဖြတ်သွားပြီ၊ တပ်စု ပင်နီက ရန်သူခြေလျင်တပ်နဲ့ ရင်ဆိုင်တိုက်နေပြီ"

ရှိမဲလ်က . . .

"ဒါဆို ပေါက်ပြီပဲကွ၊ သွားစို့ . . ."

နံနက် ၁၀-၃၀အချိန်အတွင်း ဒုဗိုလ်မှူးကြီး ရက်ဂီဘော(ဂ)သည် ဗင်ဒန်၏ ရုံးခန်းထဲ
သို့ ခေါင်းပြူ၍ . . .

"တိုဘရုကို အတိုက်ခံနေရပြီကွ"

ဗင်ဒန်အနေနှင့် အလုပ်လုပ်နေခြင်းသည် အဓိပ္ပာယ်မရှိတော့၊ သတင်း
များကို ဖတ်နေရခြင်းသည်လည်းကောင်း၊ စပိုင်ဖဲလက်ဂူလ်ဆိုသူကို ဖမ်းဆီးမိနိုင်
ရေးကြိုးစားမှုများသည်လည်းကောင်း၊ ဖျင်းရိုသော ဒုဗိုလ်တစ်ယောက် ရာထူးတိုးမည့်
အမိန့်စာကို စောင့်နေရသလိုဖြစ်နေ၏။

သတင်းများက တစ်နေ့ထက် တစ်နေ့ ဆိုးလာ၏။

ဂျာမန်တို့၏ ထိုးစစ်သည် တိုး၊ တိုးလာ၏။

ဗင်ဒန်သည် ညနေစာကိုသား ဘီလီနှင့်အတူ စားရန်ပြန်သည်။ သူ့အမေ
နှင့် သားလေးကို တိုဘရုကျတော့မည်သတင်းကို ပြော၍မဖြစ်။ တိုဘရုတိုက်
သတင်းမှာ မထုတ်ပြန်ရသေး။ သားအဖနှစ်ယောက် သိုးသားဟင်းနှင့် စားသော
နေကြ၏။

ဘီလီက သူ၏ အင်္ဂလိပ်စာပြဆရာအကြောင်းကို ပြောနေ၏။ သူ့အင်္ဂလိ
စာပြဆရာမှာ အဆုတ်မကောင်းသဖြင့် စစ်ထဲဝင်ခွင့်မရှိသူဖြစ်သည်။ သူက စစ်
ကို ဘယ်လောက်သွားချင်ကြောင်း၊ စစ်မြေပြင်မှာ ဂျာမန်များကို ဘယ်လိုတိုက်မ
မည့်အကြောင်းကို အမြဲပြောလေ့ရှိသူဖြစ်သည်။ ဘီလီက . . .

"သားဖြင့် သူပြောနေတာကို မယုံပေါင် ဖေဖေကော . . ."

ဗင်ဒန်ကတွေး၍ . . .

"သူတကယ်စိတ်ထဲမှာရှိတာကို ပြောတာနေမှာပါသားရယ်၊ ဘာလို့လည်း
ဆိုတော့ သူက လိပ်ပြာမသန့်ပဲကိုး"

ဘီလီက စောဒကတက်တတ်သော အရွယ်ဖြစ်ရာ . . .

"ဘာလို့ လိပ်ပြာမသန့်ရမှာလည်း သူနဲ့မှ မဆိုင်တာ"

"မသိစိတ်ထဲမှာဆိုင်တယ် သားရ"

"ဘယ်လိုဆိုင်တာလဲ"

ဗင်ဒန်သည် အဖြေခက်သွား၏။ အတန်ကြာစဉ်းစားပြီးမှ . . .

"ဒီလိုရှိတယ်သား၊ မင်းမဟုတ်တာ တစ်ခုခုလုပ်တယ်ဆိုပါစို့ မဟုတ်
လည်း သိတယ်၊ ဒီတော့ မင်းစိတ်မလုံဘူး၊ လိပ်ပြာမသန့်ဘူးဖြစ်မယ်။ ဒါက သိ
စိတ်နဲ့ဖြစ်တာပဲ။ အခု မင်းဆရာဟာ သူ ဘာမှလည်း အမှားမလုပ်မိဘူး၊ ဒါပေမဲ့
သူ့စိတ်ထဲမှာ မဟုတ်တာလုပ်နေသလို ခံစားရတယ်၊ သူ ဘာကြောင့် ဒီလိုခံစား

နားလည်း မသိဘူး၊ ဒါက မသိစိတ်မှာဖြစ်တဲ့ လိပ်ပြာမသန့်မှုပေါ့၊ ဒါကြောင့် သူက အိပ်မက်ထဲမှာ စစ်တိုက်ချင်တဲ့အကြောင်း ဇပ်ခါတလဲလဲ ပြောနေတာပေါ့"

"ဪ . . . ဒီလိုလား"

ဗင်ဒန်အနေနှင့်မူ သူ့သားဘီလီတစ်ယောက် သူပြောသည်များကို နားလည်သည် မလည်သည် မသေချာပါ။

ဘီလီသည် သူ၏ စာအုပ်သစ်တစ်အုပ်နှင့် အိပ်ရာဝင်ပါသည်။ ဘီလီဖတ်သော စာအုပ်မှာ ထုံးစံအတိုင်း စိုထောက်ဝတ္ထုတစ်ပုဒ်သာဖြစ်ပါသည်။ စာအုပ်အမည်မှာ 'နိုင်းမြစ်ပေါ်မှ သေခြင်းတရား'ဟူ၏။

ဗင်ဒန် ဌာနချုပ်သို့ ပြန်လာခဲ့သည်။

သတင်းများကား ဆက်၍ ဆိုးနေဆဲဖြစ်လာ၏။

၂၁ ပင်ဇာတပ်မသည် တိုဘရွတ်မြို့တွင်းသို့ပင် ရောက်လာပြီး ရေလမ်းဖြင့် ထွက်ပြေးလွတ်မြောက်သွားရန် ကြိုးစားနေသော ဗြိတိသျှသင်္ဘောများနှင့် တပ်သားများကို အမြောက်များနှင့် ပစ်ခတ်နေ၏။

သင်္ဘောအတော်များများ နစ်မြုပ်ပျက်စီးသည်။

ဗင်ဒန်၏ အတွေးများသည် သင်္ဘောများကို တည်ဆောက်ကြသူများနှင့် တပ်သားဖြစ်ရန်ကြိုးပမ်းအားထုတ်သူများ အကြောင်းကို သတိရ၏။ ယခုသော် ငါး တပ်သားများကျဆုံးရပြီ၊ သင်္ဘောများလည်း နစ်မြုပ်ခဲ့ရပြီး သူတို့တတွေ၏ ကြိုးပမ်းမှုများကား အချည်းနှီးပါကလား။

ဗင်ဒန်သည် အရာရှိရိပ်သာမှာပင် ထိုညကို သတင်းနားထောင်ရင်း စောင့်နေ၏၊ အရက်တစ်ခွက်ပြီးတစ်ခွက်၊ ဆေးလိပ်တစ်လိပ်ပြီးတစ်လိပ် သောက်ခဲ့ရာ ခေါင်းသည် ဒုံကိုက်နေ၏။ သတင်းများက မကြာခဏသတင်းဌာနမှ ရောက်၍ ရောက်၍လာ၏။

အင်္ဂလိပ်စစ်ခေါင်းဆောင် ရစ်ချီက တိုဘရွတ်မှ မာဆာမက်ထရူသို့ ဆုတ်သည်ဟု သတင်းကောက်သည်။

ထိုသတင်းကိုကြားရသော စစ်ဌာနချုပ် ဗိုလ်ချုပ်အောချီလက်၏မျက်နှာသည် မဲသွားလေ၏။

မနက်လင်းခါနီးအချိန်တွင် ဗင်ဒန် မှေးကနဲ အိပ်ပျော်သွား၏။ အိပ်မက်ထဲတွင် သူရယ်၊ သားဘီလီရယ်၊ အယ်လိန်းရယ်၊ သူ့အမေရယ်၊ လေးယောက်သား တိုဘရွတ်မြို့ အင်္ဂလိပ်စစ်တပ်တွင်းရောက်နေ၏။ သူက အပြေးအလွှား ပြတင်းပေါက်များကိုလိုက်ပိတ်နေ၏။ အပြင်ဘက်မှ ဂျာမန်များသည် မီးသတ်သမားများဖြစ်သွား

ပြီး လေ့ကားများထောင်ပြီး ပြတင်းပေါက်များဆီသို့ တက်လာ၏။ အမေသည် ဘာ ကြောင့်မှန်းလည်းမသိ၊ ပြတင်းပေါက်ကို ဖွင့်လိုက်၏။ နောက် အယ်လိန်းကိုကြည့်ပြီး 'ကြက်သွေးရောင်မိန်းမ'ဟု တအားဟစ်အော်သည်။ ထိုစဉ်ရှိမဲလ်သည် မီးသတ် သံခမောက်ကိုဆောင်း၍ ပြတင်းပေါက်မှ ထွက်ပြူလာပြီး ရေပိုက်နှင့် ဘီလီကို လှမ်း ထိုးသည်၊ ပြင်ထန်သော ရေလုံးဒဏ်ကြောင့် ဘီလီသည် လွင့်ပြီး ပင်လယ်ထဲသို့ ကျသွား၏။ အားလုံးသည် သူ့အိပ်မက်များဖြစ်ကြောင်း ဗင်ဒန်သိသည်၊ သူ ဘာအမှား လုပ်မိကြောင်းကိုမူ ဗင်ဒန် သဲသဲကွဲကွဲမသိ။ သူ တဖြည်းဖြည်း ဝမ်းနည်းကာ ရှိုက်၍ ရှိုက်၍ ငိုမိလေ၏။

သူ လန့်နိုးသွားသည်။

သူ တကယ် အပြင်မှာ မငိုမိသည့်အတွက် စိတ်အနည်းငယ် သက်သာရ ရသည်၊ သို့သော် အိပ်မက်သည် သူ့စိတ်မာတ်ကို ချောက်ချားစေ၏။ သူ စီးကရက် တစ်လိပ်ကိုဖွာသည်၊ စီးကရက်အရသာကား ဆိုးရွားလှ၏။

နေထွက်လာသည်။

ဗင်ဒန်သည် အရာရှိရိပ်သာရှိ မီးခလုတ်များကို လိုက်ပိတ်နေ၏။ အလုပ် တစ်ခု လုပ်သည့်သဘော၊ နံနက်စာချက်သူက ကာဖီတစ်အိုးလာပို့သည်၊ ဗင်ဒန် ကာဖီသောက်နေစဉ် ကပ္ပတိန်တစ်ယောက် နောက်ဆုံးသတင်းတစ်ခုယူ၍လာ၏ ကပ္ပတိန်က ဘေးပတ်ဝန်းကျင်မှ အရာရှိများ ငြိမ်သက်အောင် စောင့်ပြီးမှ ပြော သည်။

"ဗိုလ်ချုပ်က လူပါးဟာ၊ တိုဘရုခ်တပ်ကို ရှိမဲလ်ထံမှာ က,နေ့မနက် အစာကြီးမှာပဲ လက်နက်ချလိုက်ပြီ"

❖ ❖ ❖

အပိုင်း [၂]

မာဆာမက်ထရ

(၁၁)

ဂုရိသည် ထိကပါး ရိကပါးသမားဖြစ်သည်။

အယ်လိန်းသည် ထိကပါး ရိကပါးသမားများကို သဘောမကျ။ သူမအ
နှင့် ဒဲ့ဒိုးရှင်းရှင်းသမားသည် ပြဿနာမဟုတ်။ သူမသဘောမကျသည်မှာ ခွက်
သမား။

ကုန်စုံဆိုင်သို့ရောက်၍ ၂ နာရီကျော်ကြာသည်နှင့် အယ်လိန်းသ
မိကီး(စ)အရစ္စတိုကို သဘောမကျတော့၊ ရက်သတ္တ၂ပတ်မျှကြာသောအခါ လ
မျိုကိုညစ်၍ သတ်ချင်လောက်အောင်ဖြစ်လာ၏။

ဆိုင်ကမူ သဘောကျစရာကောင်းပါသည်။ အနံ့အသက် အရောင်အဆ
မှအစ အဆင်အပြင်အထိ ဖြစ်သည်။ အလုပ်မှာလည်း လွယ်ကူ၍ သက်သာသ
အချိန်ကား ကုန်လွယ်လွန်းလှသည်။ ဈေးဝယ်သူများ၏ စာရင်းသာသာထိုးထ
ပေါင်းရင်း သူမအတွက် နိုင်ငံခြားထွက် ပစ္စည်းတစ်ချို့ရယူနိုင်ခြင်း အစွန်းထွ
လာခြင်းပင် ရှိပါသည်။ သို့သော် တစ်နေ့ ၈ နာရီ ရိုးရိုးအလုပ်သမားတစ်ယော
အလုပ်ဆင်းရသည့်အဖြစ်က သူမအတွက် အထူးအဆန်း။

သို့သော် ဆိုင်ရှင်က စိတ်ညစ်စရာကောင်းလှသည်။ အခွင့်အရေးရ
မသိမသာသူမကို ပွတ်တိုက်၍သွားသည်။ လက်မောင်းနှင့်နီးလျှင်လက်မောင်း၊
ဆိုပခုံး၊ ရင်ဆိုရင်၊ တင်ဆိုတင်၊ မသိမသာ ပွတ်တိုက်သွားတတ်သည်။ အစပ

ဘွင်တော့ အယ်လိန်းသည် ဤကိစ္စများကို မတော်တဆဟု ထင်သည်။ အကြောင်းမှ သူကြည့်ရသည်မှာ ရိုးပုံရိုးလက်ပုံမျိုးဖြစ်၍တည်း။ အရစ္စတိုသည် နှစ်ဆယ်ကျော် သာ ရှိသေးသည်။ ရုပ်ရည်ကလည်း သနားကမား။ ပြုံးလိုက်လျှင် သွားဖြူဖြူများက ပေါ်လာသည်။ သည်ပုံမျိုးနှင့်လူက ထိကပါးရိကပါးလုပ်မည်ဟုမထင်၊ ယခုပုံအတိုင်း ဆိုလျှင် သိပ်ငြိမ်နေ၍မဖြစ်တော့။ နည်းနည်းတော့ တန်ပြန်မှဖြစ်တော့မည့်ပုံ၊ တော်ကြာ တိတ်တိတ်နေသဘောတူ အောက်ရောမှသွားမှာ ပိုးရိမ်ရသည်။

အယ်လိန်းအနေနှင့် ဤသို့ ပွတ်သပ်မှုမျိုးမလိုပါ။ သူမ၏ခံစားမှုသည် သူမ ဘာသာပင်ရှုပ်ထွေးနေပြီးသား ဖြစ်ပါသည်။ အယ်လိန်းအနေနှင့် ဝီလီယံဗင်ဒန် ကို သဘောလည်းကျ၊ မုန်းလည်းမုန်းဖြစ်နေ၏။ ဗင်ဒန်သည် သူမကို တလေးတစား ကောင်းပြောသော်လည်း မကောင်းသော မိန်းမကဲ့သို့ သဘောထားသည်။ အယ်လိန်း အနေနှင့် အဲလက်ဝုလ်ဆိုသူကို တစ်ခါမှ မမြင်ဘူး၊ မသိဘူးသောသူကို ဖြားယောင်း သွေးရုံးရန်တာဝန်ပေး၏။ လက်တွေ့ကမူအရစ္စတိုကထိကပါးရိကပါးလုပ်နေသည်။

သူတို့အားလုံး ငါ့ကို အသုံးချဖို့ပဲ ကြိုးစားနေတာပဲ. . .

ငါ့ဘဝက ဒီလိုပါပဲလား . . . ဟု အယ်လိန်းမိတွေးသည်။

ဝုလ်ဆိုသောသူသည် ဘယ်လိုလူမျိုးပါလိမ့်ဟု အယ်လိန်းတွေးကြည့်သည်။ ဗင်ဒန်အနေနှင့်မူ ဒီငနဲကိုစည်းရုံးဟု အလွယ်တကူပြောလိုက်ရုံသာဖြစ်သော်လည်း လက်တွေ့ကားမလွယ်ပါ။ သူမအနေဖြင့် ခလုတ်နှိပ်လိုက်ရုံဖြင့် ယောကျ်ားများက သူမကို သဘောကျသွားကြသည်မဟုတ်ပါ။ တကယ်လက်တွေ့ဘဝတွင်မူ လူ တို့ကိုယ်လုံးများ၏ သီးခြားအကြိုက်ပေါ်တည်သည်။ တချို့ယောကျ်ားတို့သည် သူမကို တွေ့လျှင်တွေ့ချင်းသဘောကျကြသည်။ တချို့ကမူ သဘောကျရန်အတော်ခက် သည်ကို အယ်လိန်းဆုံဘူး၏။ ဝုလ်ကို စည်းရုံးရန်မှာ မလွယ်လှဟု သူမထင်သည်။ တစ်ချိန်တည်းတွင် ဝုလ်သည် ဂျာမန်စပိုင်တစ်ယောက်ဖြစ်ကြောင်း စိတ်ထဲ၌ သတိရနေ၏။ ရှိမဲလ်သည့်တဖြည်းဖြည်း ရှေ့တိုးလာပြီဖြစ်သည်။ အကယ်၍ နာဇီ များကိုင်ရိုကို သိမ်းပိုက်နိုင်ပါက . . .

ညနေပိုင်းဖြစ်သည်။ အိမ်ပြန်ဖို့ အချိန်ပင်နီးပြီ။ အရစ္စတိုသည် နောက် ခန်းထဲမှ သေတ္တာတစ်လုံးဆိုင်ရှေ့ယူခဲ့ပြီး အယ်လိန်းရှေ့မှာ ဖွင့်သည်။ နောက်ပြန် သည့်အထွက် မတော်တဆလိုလိုနှင့် အယ်လိန်း၏ရင်သားများကို ပွတ်သပ်သည်။ အယ်လိန်းက ဆတ်ကနဲ နောက်ဆုတ်လိုက်၏။ ထိုစဉ် ဆိုင်ရှေ့မှ ခြေသံလိုလိုကြား ရသည်။ အရစ္စတိုကို သင်ခန်းစာပေးမည်ဟုဆုံးဖြတ်၍ အယ်လိန်းက အာရပ် ကောင်းသံခစ်ကျယ်ကျယ်ဖြင့် အတွင်းဘက်ဝင်သွားသော အရစ္စတိုကိုလှမ်း၍. . .

"နောက်တစ်ခါ ကျွန်မကို ဒီလိုလာထိရင် ရှင့်ကိုသတ်ပစ်မယ်သိလား"

ဆိုင်ထဲဝင်လာသူထံမှ ရယ်မောသံကြားရသည်။ အယ်လိနီးသည် ဆတ်ကနဲ လှည့်ကြည့်လိုက်၏။ ဥရောပတိုက်သားတစ်ဦးဖြစ်သည်။ ကေ့ဒ္ဒ သည်လူသည် အာရပ်စကားများ နားလည်၍ ဖြစ်ပေမည်။ သူမက . . .

"ကောင်းသော နေ့ခင်းပါရှင်"

ဈေးဝယ်သူသည် နောက်ခန်းဘက်သို့လှမ်းကြည့်ရင်း အော်ဟစ်ကာ. . .

"ဟေ့ . . . အရစ္စတို မင်းဘာတွေ မဟုတ်တာ လုပ်နေတာလဲ"

အရစ္စတိုသည် နောက်ခန်းမှ ခေါင်းပြူထွက်လာသည်။

"ကောင်းသောနေ့ပါ . . . ခင်ဗျာ။ ဩော် . . . ဒါ ကျွန်တော့် တူမ အယ်လိနီးပါ"

အရစ္စတိုသည် လိပ်ခေါင်းလိုနောက်သို့ပြန်ဝင်ဆုတ်သွား၏။ သူ့မျက်နှာမှာ ရှက်သွေးလား ဘာလား တစ်မျိုးမျိုးတော့ဖြစ်နေပုံရသည်။

ဈေးဝယ်သူက အယ်လိနီးကိုကြည့်ရင်း . . .

"တူမတဲ့လား၊ ဟုတ်ပုံပဲ"

သူသည် ဆံပင်မည်းမည်း၊ လူကောင်ထွားထွား၊ အသက်သုံးဆယ်ဝန်းကျင်မှာရှိပုံရသည်။ ထိုလူ၏နှာခေါင်းမှာ ကြီးကြီးကောက်၊ အာရပ်လူမျိုး ပုံလိုလို ရှေးဆန်သော ဥရောပမျိုးနွယ်ပုံလိုလို။ နှုတ်ခမ်းများသည် ပါးလျားပိရိနေ၏။ ရယ်မောလိုက်သောအခါ ဖြူဖွေးညီညာသော သွားကလေးများသည် ကြောင်တစ်ကောင်လို ပေါ်လာ၏။ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုအရ လူချမ်းသာမှန်းသိသာသည်၊ ပိုးအင်္ကျီရွှေပတ်ကြိုး၊ လက်ရာကောင်း၊ ပုံကောင်းဘောင်းဘီ၊ မိချောင်းရေ ခါးပတ်၊ လက်ချုပ်ခြေနင်းအကောင်းစား၊ နောက်ယောကျ်ားသုံးရေမွှေးနံ့တသင်းသင်းနှင့် . . .

အယ်လိနီးက . . .

"ကျွန်မ ဘာကူညီနိုင်ပါသလဲရှင်"

ထိုလူသည် အယ်လိနီးကို စေ့စေ့စပ်စပ်ကြည့်သည်။ ပြီးမှ . . .

"အင်္ဂလန်လုပ် ယိုတစ်ဗူးနဲ့ စတာပေါ့ကွယ်"

"ဟုတ်ကဲ့"

ယိုဗူးမှာ နောက်ဘက်ခန်းမှာရှိသဖြင့် အယ်လိနီးနောက်ခန်းတွင်းသို့ ဝင်ရသည်။ အရစ္စတိုက . . .

"သူပေါ့"

အယ်လိနီးသည် ဒေါသမပြေသေးသည်နှင့် . . .

"ဘာတွေလျှောက်ပြောနေတာလဲ"

"ဟို . . . ငွေဟုတွေပေးတယ်ဆိုတဲ့လူလေ၊ မစ္စတာဝူလ်ဆိုတာသူပေါ့"

"ဘုရားရေ"

သူမသည် ဘာကြောင့်သံသည်ဆိုင်ကိုရောက်နေရကြောင်း ရုတ်တရက် သတိမေ့နေသည်။ အရှစ္စတို၏ပြုမူပုံများကို စိတ်ဆိုးနေရမိသောကြောင့်ဖြစ်သည်။ ယခုတော့ အဖြစ်မှန် ဘဝမှန်ကို ပြန်ရောက်၏။

"ဒါဆို ကျွန်မ သူ့ကိုဘာပြောရမှာလဲ၊ ဘာလုပ်ရမှာလဲ"

"ဒါတော့ မသိဘူးလေ၊ လောလောလတ်လတ်တော့ သူ တောင်းတဲ့ ဘိုးပေးပေါ့"

"ဟုတ်တယ်"

သူမသည် ယိုပုလင်းတစ်လုံးကို ယူပြီး ဆိုင်ရှေ့ပြန်ထွက်ခဲ့သည်။ သူမ မျက်နှာကိုလည်း ကြိုးစား၍ ပြုံးပြုံးထားလိုက်ပြီး . . .

"နောက်ထပ် ဘာယူဦးမလဲရှင့်"

"ကော်ဖီမှုန့်အကောင်းစား ၂ ပေါင်၊ လောလောလတ်လတ်ကြိတ်ပေး"

ထိုလူသည် သူမ ကော်ဖီစေ့ ၂ပေါင်ကို ချိန်တွယ်၍ ကြိတ်စက်ထဲသို့ သည့်ကာ ကြိတ်နေသည်ကို အသေအချာကြည့်နေ၏။ ရုတ်တရက်ပင် အယ်လိန်း အကြောက်လာ၏။ ဤဝနေကား သူတွေ့ဆုံခဲ့ဘူးသော ချားလ် ဂျန်နီနှင့် ဘလောက်(ဒ) တို့လိုမဟုတ်၊ သူမ တွေ့ဆုံဘူးသူများမှာ လူပျော့ လူညံ့များဖြစ်သည်၊ ဝူလ်ဆိုသူ ကား သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိပုံရ၏။ ဤလိုလူမျိုးကို လှည့်ဖြားစည်းရုံးရန် လွယ်လှဟု တွေးမိသည်။

"ဘာယူဦးမလဲရှင့်"

"အသားဗူးတစ်ဗူး"

အယ်လိန်းသည် ခင်းထားသော ပစ္စည်းများထဲမှ ထိုလူလိုချင်သော စွည်းကို ရှာပေးလိုက်၏။ သူ့မျက်လုံးများမှာ သူမ၏ လှုပ်ရှားမှုအားလုံးကို စောင့် ကြည့်အကဲဖြတ်နေပုံရသည်။ သူမအနေနှင့် တစုံတရာပြောရပေမည်။ 'ဘာယူဦး မလဲရှင့်' တစ်ခွန်းတည်းဆက်ပြောနေ၍မဖြစ်၊ သူမတာဝန်မှာ ဤလူနှင့် ရင်းနှီးရန် မဟုတ် ပါလား။ သို့သော် ပါးစပ်ကမူ . . .

"နောက် ဘာယူဦးမလဲရှင်"

"ရှန်ပိန်သေတ္တာဝက်"

ရှန်ပိန်ပုလင်းခြောက်လုံးပါသော သေတ္တာမှာ အတော်လေးသည်။ သူမ

၁ရွှတ်တိုက်ဆွဲ၍ အပြင်ယူလာ၏။

"ဒီပစ္စည်းတွေကို ကျွန်တို့ ဘယ်လိုက်ပို့ရမလဲရှင်"

အယ်လိဇ်းသည်အသံကို ကြိုးစားထိန်းသိမ်း၍ သမားရိုးကျလေသံဖြင့် မေးလိုက်၏။

ဝူလ်သည် သူမကိုကြည့်လျက်ဖြင့် . . .

"ပို့ရမယ်ဟုတ်လား၊ မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်"

အယ်လိဇ်းသည် ရှန်ပိန်သေတ္တာခပ်လေးလေးကို ကြည့်ရင်း . . .

"ဒါဆို ရှင်နေတာက သိပ်မဝေးလို့ နေမှာပေါ့နော်"

"ဟုတ် . . . မဝေးလှပါဘူး"

"ရှင် တော်တော်သန်လို့ သယ်နိုင်တာ"

"ဟုတ်ကဲ့ . . . သန်ပါတယ်"

"ကျွန်မတို့မှာ ယုံကြည်ရတဲ့ ပစ္စည်းပို့သမားရှိပါတယ်"

"မလိုပါဘူး"

"ဒါတော့ ရှင့်သဘောပဲလေ၊ နောက်ထပ်ကော"

"မလိုတော့ပါဘူး၊ ဒါပါပဲ"

အယ်လိဇ်းသည် စကားဆက်ရန် အကြောင်းမရှိတော့သဖြင့် ကုန်ပစ္စည်းစာရင်းများကို ရေးချ၍ ပေါင်းနေလိုက်သည်။ ထိုလူက . . .

"အရစ္စထိုက အဝတ်အဆင်ပြေနေပုံရတယ်၊ မင်းလို အရောင်းစာရေးတစ်ယောက် ထားနိုင်တာ"

"၅ပေါင် ၁၂သျှီလင် ၆ပဲနီ ကျပါတယ်ရှင်၊ ရှင် ကျွန်မကို ဒီငနဲဘယ်လောက်ပေး ငှားထားသလဲဆိုတာ ရှင်သိရရင် ဒီစကားမျိုး ပြောမှာမဟုတ်ဘူး"

"မင်းကြည့်ရတာ ဒီအလုပ်ကို သဘောကျပုံ မရပါလား"

အယ်လိဇ်းသည် ဝူလ်၏မျက်နှာကို တည့်တည့်ကြည့်လိုက်၏။

"အိုး . . . ဒီအလုပ်က လွတ်ဖို့ဆိုရင် ဘာလုပ်ရ လုပ်ရပေါ့ရှင်"

ဝူလ်ကလည်း အလွှန်လျင်သည်။

"မင်းစိတ်ထဲမယ် ဘယ်လိုများ စိတ်ကူးရှိလို့လဲ"

အယ်လိဇ်းသည် ပခုံးတွန့်ပြ၏။

ဝူလ်ထပ်ယူသော ပစ္စည်းအားလုံးကို စာရင်းပေါင်း၍ . . .

"၁၃ ပေါင် ၁၀ သျှီလင် ၄ ပဲနီ ကျပါတယ်"

"မင်းက ဘယ်လိုလုပ်ပြီး အင်္ဂလိပ်ငွေနဲ့ ကျပ်ပေးမယ်လို့ သိပြီး တွက်

...တုန်း"

ဝူလ်သည် လျှင်လွန်းပါတကား။ သူမ၏ ဖုံးကွယ်မှုသည် ပေါ်သွားပြီလား။ ...မသည် မင်သေသေ မျက်နှာထားဖြင့် . . .

"ရှင်က အင်္ဂလိပ်အရာရှိ မဟုတ်လား"

ဝူလ်သည် သဘောကျပြီး အသံထွက်ရယ်လေသည်။ နောက်အိတ်ထဲမှ ...င်စက္ကူ အထပ်လိုက် ထုတ်လိုက်သည်။ ပြီးမှ ၁၄ ပေါင်ပေး၏။ အယ်လိန်း ...သည် အပိုအမ်းငွေကို အိတ်ချစ်ပိုက်ဆံဖြင့်အမ်းသည်။ သူမခေါင်းထဲမှာ အပြေးအလွှား ...ားနေ၏။ "ငါ ဘာလုပ်ရမလဲ၊ ငါ ဘာဆက်ပြောရင် ကောင်းမလဲ" ဘာမှ စဉ်းစား ...ရ။ သူမလက်များကမူ ပစ္စည်းများ ထုတ်ပေးနေ၏။ ပြီးမှ . . .

"ရှင်ပါတီလုပ်မလို့လားဟင်၊ ကျွန်မက ပါတီတက်တာသိပ်ဝါသနာပါတာ"

"မင်းက ဘာလို့ မေးတာလဲ"

"ရှန်ပိန်တွေကြောင့်ပေါ့"

"အို . . . ဒီလိုလား၊ အင်းလေ . . . လောကကြီးတစ်ခုလုံးကိုက ပါတီ ...ကြီးစား မဟုတ်လား"

အယ်လိန်းတွေသွား၏။ သွားပြီ။ သမအနေနှင့် ဆက်ရန်မရှိတော့။ သူ ...ကသွားတော့မည်၊ အတော်နှင့် ပြန်လာဦးမည်မဟုတ်။ ငါ သူ့ကို တွေ့ဘူးလိုက် ...သည်၊ စကားပြောဘူးလိုက်သည်။ နောက် ဘယ်မှန်းမသိ ထွက်သွားသည်ကို တွေ့ ...က်ရရုံကလေးပါကလား။

အမှန်အားဖြင့် သူမ၏...နှင့် စိတ်အေးသွားရမည်ဖြစ်သည်။ သို့သော် ...ဝန်မကျေပွန်သည့်အတွက် စိတ်ထဲမှ မကျေမနပ်ဖြစ်နေမိ၏။

ဝူလ်သည် ရှန်ပိန်သေတ္တာကို အလွယ်တကူ ဗယ်ဘက်ပခုံးပေါ်တင် ...က်သည်။ ညာလက်ဖြင့် ကျန်ပစ္စည်းထုပ်ကိုဆွဲသည်။

"ဂွတ်ဘိုင် . . ."

အယ်လိန်း ဘာမှ မတတ်နိုင်တော့။

"ဂွတ်ဘိုင် . . ."

တံခါးဝရောက်ခါမှ ဝူလ်သည် ပြန်လှည့်သည်။

"မင်းအားရင် ဗုဒ္ဓဟူးနေ့ ညနေ ၇ နာရီ အိုအဲစစ်စားသောက်ပွဲရုံမှာ ...နဲ့ လာတွေ့လေ"

"ဟုတ်ကဲ့ရှင့်"

အယ်လိန်းက စိတ်အားထက်သန်စွာ ဖြေလိုက်၏။

သို့သော် ဝူလ်က ထွက်သွားပြီ ဖြစ်ပါ၏။

ဂျိုးစုတ်တောင်ကုန်းရောက်ရန် တစ်မနက်လုံး ကားမောင်းလာခဲ့သည်။ ဂျိတ်သည် ဒရိုင်ဘာခုံမှာထိုင်၍ ကားမောင်းခဲ့ပြီး ဗင်ဒန်နှင့် ဘော(ဂ)တို့က နောက်ခန်း[illegible] ထိုင်၍ လိုက်လာခဲ့ခြင်းဖြစ်သည်။

ဗင်ဒန်၏ရင်သည် မြူးနေ၏။

ဩစတြေးယန်းတပ်ဖွဲ့တစ်ခုသည် ညက တောင်ကုန်းတစ်ခုကို သိမ်းပိုက်[illegible] ယူနိုင်၏။ ထိုတောင်ကုန်းရှိ ဂျာမန်ဆက်သွယ်ရေးစခန်းကို ဖမ်းဆီးရမိခဲ့၏။ လပေါင်း[illegible] များစွာအတွင်း ပထမဆုံးကြားရသော သတင်းကောင်း ဖြစ်ပါသည်။

ဂျိတ်သည် ကားမောင်းနေရင်း နောက်သို့ ခေါင်းလှည့်၍ . . .

"ဩစတြေးယန်းတပ်တွေက အငိုက်မိအောင် ဖမ်းလိုက်နိုင်တာနေမယ်[illegible] ဂျာမန်စခန်းက အီတာလီတပ်သားအချို့ဟာ အိပ်ရာဝင်ဘောင်းဘီတွေနဲ့ သုံ့ပန်း[illegible] အဖြစ် ဖမ်းမိတာ"

ဗင်ဒန်သည် ထိုသတင်းကို ကြားပြီးဖြစ်သည်။

"ဂျာမန်တွေဟာ အိပ်ပျော်နေတာမှမဟုတ်တာကွာ၊ အတော်တိုက်ယူရ[illegible] သတဲ့"

သူတို့သည် အလက်ဇန္ဒရီးယားမြို့ဆီ သွားသည့်လမ်းမကြီးအတိုင်း လာခဲ့[illegible] သည်။ နောက်မှ အယ်လ်-အလာမိန်းဘက်သို့ ဆက်ချီးသွားသည်။ လမ်းတစ်[illegible] လျှောက်လုံးတွင် ယာဉ်အသွားအလာများက ၃၂-ဖြို့နှင့် ဆန်ကျင်ဘက်ပြန်ဆုတ်လာ[illegible] ကြသည်များကိုသာ တွေ့ရ၏။ ရှေ့သို့သွားသည့်ကား မတွေ့ရ၊ တစ်နေရာ သူတို့ကား[illegible] ကိုရပ်၍ ဓာတ်ဆီဖြည့်နေစဉ် ဘော(ဂ)က ဖြတ်သွားသော တပ်မှအရာရှိတစ်ယောက်[illegible] ကို စခန်းရှိရာကို မေးသည်။

အရာရှိက ခပ်ဆတ်ဆတ်ပင် ပြန်ဖြေဖြန်ကြားသည်။

ဘော(ဂ)က အခြေအနေကြည့်၍ . . .

"ရှေ့မှာ ဘာဖြစ်နေတာလည်း၊ ကြည့်ရတာ အားလုံးနောက်တန်းပြန်ဆုတ်[illegible] နေပါလား"

အရာရှိက မှုန်ကုပ်ကုပ်ဖြင့် . . .

"သိဘူးလေ၊ ကျုပ်လည်း ဘယ်သူက ဘာကြောင့်လို့မှ မပြောတာ . . .

သူတို့သည် ထောက်ပံ့ရေးတပ် ထရပ်ကားတစ်စီးမှ လက်ဖက်ရည် တစ်[illegible] ခွက်စီနှင့် ဆင်းဒဝစ်ချပ်စီ စားရသည်။ နောက်မကြာမီက တိုက်ပွဲဖြစ်ထားသော

…စ်မြေပြင်အတိုင်း ခရီးဆက်ရ၏။ မြင်ကွင်းတစ်ခုလုံးမှာ ယာဉ်အပျက်အစီး၊ လက်…ကြီးအပျက်အစီးများဖြင့် ပြည့်နေ၏။ တစ်ချို့နေရာတွင် ကျဆုံးသူများကို စုပြုံ၍ …ဂြိုဟ်ပြီး မှတ်သားထားသော မြေပုံတချို့တွေ့ရသည်။

နေ့ခင်းပိုင်းကျမှ တောင်ကုန်းသို့ ရောက်သည်။ တိုက်ပွဲသည် ရွှေ့မဝေး…သော အရပ်မှာ ဖြစ်နေဆဲဖြစ်သည်။ အမြောက်သံ သေနတ်သံနှင့် မီးခိုးလုံး၊ ဖုံလုံး…များကို လှမ်းမြင်နိုင်၊ ကြားနိုင်နေ၏။

ဗင်ဒန်သည် ထိုအခါမှ စစ်မြေပြင် ရှေ့တန်းကို သူမရောက်ဘူးကြောင်း …မှတ်ထင်ထင် သတိရမိလေသည်။ သူတို့သည် စစ်ကြောင်း တာဝန်ခံထံ သတင်း…ားပို့ရန် စစ်ကြောင်းတာဝန်ခံက သူတို့အား ဖမ်းမိထားသော အသံလွှင့်စက် …ရပ်ကား ရှိရာသို့ ညွှန်သည်။

ရှေ့တန်း စစ်ထောက်လှမ်းရေး တပ်ဖွဲ့သည် အလုပ်လုပ်နေပြီဖြစ်သည်။ …သုံ့ပန်းများကို စစ်ဆေးမေးမြန်းနေပြီး ဖြစ်၏။ သုံ့ပန်းများကို တစ်ဦးစီ ရွက်ဖျင်တဲထဲ …ခေါ် စစ်နေ၏။ ကျန်သုံ့ပန်းများသည် အလုည့်မကျမီ နေပူထဲမှာ တန်းစီရပ်စောင့် …ထားသည်ကို တွေ့ရသည်။ စစ်လက်နက်ပစ္စည်းတပ်ဖွဲ့မှ တပ်သားများသည် …သူလက်နက်ပစ္စည်းများကို စစ်ဆေး မှတ်သားနေ၏။ တစ်ဖွဲ့သည် ရန်သူ၏ …အသံလွှင့်လှိုင်းနှင့် လျှို့ဝှက်သင်္ကေတ (ကုတ်)များကို ရှာဖွေနေ၏။ သော(ဂ) တို့၏ …ဝန်မှာ ရန်သူတို့အနေနှင့် မဟာမိတ်တို့၏ လှုပ်ရှားမှု သတင်းကို ဘယ်ရွေ့ဘယ်မျှ …ကြသနည်းဟု စူးစမ်းရန်ဖြစ်သည်။

ထောက်လှမ်းရေး ဌာနဝင်တစ်ဦး ဖြစ်သည့်အတိုင်း ဗင်ဒန်သည် ဂျာမန် …ကားလုံးများ အထိုက်အလျောက် သိသည်။ အထူးသဖြင့် စစ်သုံးစကားလုံးများ။ စစ်ဆေးရန်များက များလှ၏။ ဖမ်းဆီးသိမ်းပိုက်ရရှိသော စခန်းမှာ …ထောက်လှမ်းရေးအတွက် အထူးအရေးပါလှ၏။ အတော်များများ အထောက်အထား …ည်းများကို သေတ္တာနှင့်ရိုက်၍ ကိုင်ရိုသို့ ပို့ရန် ညွှန်ကြားရ၏။ ထိုပစ္စည်းများကို …အင်အားများစွာသုံး၍ စနစ်တကျ လေ့လာသုံးသပ်ရမည်ဖြစ်သည်။ ယနေ့ …ဝန်ကမူ အခြေခံအချက်များကို လေ့လာရန်ဖြစ်သည်။

ဗင်ဒန်စစ်ရသော ထရပ်ကားမှာ အတော်ပျက်စီးနေပြီဖြစ်သည်။ ဂျာမန် …သည် သူတို့ရှုံးနိမ့်တော့မည်ဟု သိသည်နှင့် သူတို့၏ပစ္စည်းများကို ဖျက်ဆီးရန် …စားထားပြီးဖြစ်သည်။ သေတ္တာများမှာ ဘာမှမရှိတော့ပဲ ပစ္စည်းများကို မီးပုံ …ဖြစ်သည်။ သို့သော် ထိုးစစ်က လျင်မြန်လွန်းသဖြင့် အပြည့်အစုံ ဖျက်ဆီးခွင့် …သွားကြ။ ဇီရို၏ မျက်နှာပြင်ပေါ်တွင် ခြောက်သွေ့စပြုနေသော သွေးစက်များ

ကို တွေ့ရသည်။ တစ်စုံတစ်ယောက်သည် ဤလျှို့ဝှက်ချက်များကို မဟာမိတ်တို့ လက်သို့ မရောက်ရန် အသက်ပေး ကာကွယ်သွားပုံရသည်။

ဗင်ဒန်သည် စနစ်တကျ စစ်ဆေးကြည့်သည်။ ဂျာမန်တို့သည် အရေး အကြီးဆုံးပစ္စည်းများကို စတင်မီးရှို့မည်ဖြစ်ရာ မီးတဘက်တပိုင်း လောင်ထားသော စာရွက်စာတမ်းများကို အရင်လေ့လာသည်။ အများအားဖြင့် မဟာမိတ်တို့၏ အသံ လွှင့်ချက်များကို ဖမ်းထားသော သတင်းများဖြစ်၍ တချို့တဝက်မှာ ဂျာမန်တို့အရေး နှင့် ကြိုးစား၍ လျှို့ဝှက်သင်္ကေတ (ကုတ်)များကို ပြန်ဆို အဓိပ္ပါယ်ဖွင့်ထားခြင်း များမှာ နိစ္စဓူဝ လုပ်ငန်းသတင်းများဖြစ်လေသည်။ ဂျာမန်အသံဖမ်းစက်သည် မဟာမိတ်တို့၏ ကြေးနန်းအသံလွှင့် အတော်များများကို ဖမ်းယူ နားထောင်နိုင်ခဲ့ ကြောင်း ဗင်ဒန်တွေ့ရှိရ၏။ မဟာမိတ်တို့၏ အသံလွှင့်လုံခြုံရေးမှာ ဘာမှမရှိပါ ကလား။

မီးလောင်တပိုင်းတစ စာရွက်ပုံအောက်မှ ဝတ္ထုစာအုပ် တစ်အုပ်ထွက် လာ၏။

အင်္ဂလိပ်ဘာသာဖြင့်ရေးထားသော ဝတ္ထုတစ်အုပ်။

ဗင်ဒန်မျက်မှောင်ကုပ်လိုက်၏။

စာအုပ်ကိုဖွင့်၍ ပထမ မျက်နှာ၏ ပထမစာကြောင်းကို ဖတ်လိုက်သည်။

'မနေ့ညက ကျွန်မ မန်ဒါလေအိမ်ကြီးကို ပြန်ရောက်သွားတယ်လို့ အိပ် မက်ပါတယ်'

ဤသို့ဖြင့် အစချီထားသော စာအုပ်။

စာအုပ်အမည်မှာ 'ရေဘက်ခါ'

စာရေးသူမှာ အင်္ဂလိပ်စာရေးဆရာမ 'ဒက်ဖနီ-ဒူးမောရီးယား။

စာအုပ်အမည်မှာ ရင်းနှီးလှသည်။ ဗင်ဒန် မဖတ်ဘူးသော်လည်း သူ့ဇနီး တော့ဖတ်ဘူးနိုင်သည်။ သူ့ ကြားဖူးသလောက် ဝတ္ထုထဲတွင် မိန်းမငယ်ကလေးတစ် ယောက် အင်္ဂလိပ်တောပိုင်းက အိမ်ကြီးတစ်အိမ်သို့ ရောက်သွားသည့် အကြောင်း

(ဤဝတ္ထုကို မြန်မာစာရေးဆရာကြီး တင့်တယ်က မကွယ်လွန်မီ မြန်မာ ပြန်၍ စန္ဒာမဂ္ဂဇင်းတွင် အခန်းဆက် ဝတ္ထုရှည်အဖြစ် ဖော်ပြသွားသည်။)

ဗင်ဒန်သည် ခေါင်းကုတ်လိုက်၏။ အာဖရိက စစ်မြေပြင်တနေရာတွင် ဂျာမန်စစ်သားတစ်ယောက်ဖတ်ရန် စာအုပ်၊ အတော်ဘူကြောင်ကြောင်နိုင်လှပါ တကား. . .

နောက် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်နေပြန်သည်။

အင်္ဂလိပ်စစ်သား တစ်ယောက်ထံမှ ဖမ်းဆီးရမိသော စာအုပ်ပေပဲ သား. . . မဖြစ်နိုင်ပါ။ စစ်သားဆိုသည်က သည်လိုတသိမ့်သိမ့် တငြိမ့်ငြိမ့်ဝတ္ထု ဖတ်ကြ။ သူတို့ကြည့်လျှင် အပြာစာအုပ်၊ အမြန်အပစ်အခတ်စာအုပ်၊ ဒါမှမဟုတ် သမ္မာကျမ်း။ သဲကန္တာရအလယ်ကောင် စစ်မြေပြင်ရောက် ဂျာမန်စစ်သား တစ် ယောက်သည် အင်္ဂလန်တစ်နေရာမှ မန်ဒါလေအိမ်ကြီးမှာ ဖြစ်ပွားသော မိန်းကလေး တစ်ယောက်အကြောင်း စိတ်ဝင်စားဖွယ်ရာမရှိ။

မဖြစ်နိုင်။

အထူးသဖြင့် အရေးကြီးသော သတင်းထောက်လှမ်းရေး ထရပ်ကားတစ်စီး ပေါ်သို့ ဤစာအုပ်သည် အကြောင်းမရှိပဲ မရောက်တန်ရာ။ ပို၍ အမိကကျသည်က အရေးပါလှသော စာရွက်စာတမ်းများကို ဦးစားပေး မီးလျှို့သည့် အပုံထဲမှာ သည် စာအုပ် အလကား ရောက်မနေတန်ရာ

ဘာကြောင့်လဲ။

အကြောင်းကားရှိရမည်။

ဗင်ဒန်စဥ်းစားနိုင်သမျှမှာ ဖြစ်နိုင်စရာအကြောင်းတစ်ခုသာ ရှိသည်။ ထိုတခုမှာ ဤစာအုပ်သည် လျှို့ဝှက်သင်္ကေတ (ကုတ်)၏ အခြေခံအသုံးပြုခြင်းသာ ဖြစ်နိုင်သည်။

စာအုပ်ကို လျှို့ဝှက်သင်္ကေတ အခြေခံသုံးနည်းရှိသည်။

စာအုပ်ပါ စာမျက်နှာ၊ စာကြောင်းရေ စာလုံးအရေအတွက်ကို မှတ်သား ၍ထားသည့် အဖြေတစ်ခု စံထားရမည်။ နောက် ပို့သူက တစ်အုပ်၊ လက်ခံသူက တစ်အုပ် ယူထားရုံသာရှိသည်။ ရိုးရိုး လျှို့ဝှက် သင်္ကေတကုတ်သည် တရွက်သုံးပြီး တစောင်လွှင့်ပစ်ရန်သာဖြစ်သည်။ စာအုပ်သင်္ကေတကား သုံးပြီးနောက် ၎င်းစာရွက် ကို ဆုတ်ပစ်ရန်မလို၊ သည်အတိုင်း ထားရုံသာရှိသည်။

လျှို့ဝှက်သင်္ကေတရေးမှတ်ထားသော စာရွက်မှာ အန္တရာယ်ကြီး လှသည်။ အခြားတစ်ပါးသူ မြင်သွားသည်နှင့် ကုတ်စာရွက်မှန်းချက်ခြင်း သိနိုင်သည်။ စာအုပ်ကမူပြဿနာမရှိ၊ စာအုပ်ကို ဘယ်သူကမှ ရုတ်တရက် သတိမမူနိုင်၊ အထူး သဖြင့် ရန်သူနယ်မြေ၊ နောက်တန်းမှ သူလျှိုအတွက် သုံးရန် အသင့်တော်ဆုံးဖြစ် သည်။

ထို့ကြောင့်သာ ဤစာအုပ်သည် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်နေခြင်း ဖြစ် သည်။ ဂျာမန်စစ်သားများ အနေနှင့် လျှို့ဝှက် သင်္ကေတစာအုပ်ကို ဂျာမန်ဘာသာ ဖြင့်သာ သုံးရန်မဟုတ်ပါလား။ သို့သော် အင်္ဂလိပ်နယ်မြေရောက် စပိုင်တစ်ယောက်

အတွက်မူ အင်္ဂလိပ်ဝတ္ထုစာအုပ်ဖြစ်မှ အမြင်လှနိုင်မည်မဟုတ်ပါလား။

ဗင်ဒန်သည် စာအုပ်ကို အသေအချာကြည့်သည်။ စာအုပ်၏ဈေးနှုန်းကို ပထမမျက်နှာ၏ အပေါ်ထောင့်စွန်းတွင်ခဲဖြင့်ရေးထားသည်။ နောက်မှ ခဲဖျက်ဖြင့် ဖျက်ထား ဟန်ရှိ၏။ ဗင်ဒန်သည် စာရွက်ကို အလင်းရောင်မှာထောင်၍ အသေအချာကြည့် သည်။ ခဲတံ၊အရာအရ ၅၀ EIC လိုလို ERC လိုလို၊ ESC လိုလိုမြင်ရသည်။ ဒါဆို ၅၀ အက်ကူနီးဖြစ်ရမည်။ သို့ဖြင့်လျှင် ပေါ်တူဂီသုံးပိုက်ဆံပဲ။ဤစာအုပ်သည် ပေါ်တူဂီမှ ဝယ်ခဲ့ပုံရသည်။ ပေါ်တူဂီမှာ စစ်ထဲမပါသောတိုင်းပြည်ဖြစ်သည်။ ပေါ်တူဂီပြည် တွင် အင်္ဂလိပ်ရော၊ ဂျာမန်သံရုံးပါ နှစ်ရုံးစလုံးရှိသည်။

ကိုင်ရိုရောက်သည်နှင့် ပေါ်တူဂီပြည် လစ္စဘွန်းမြို့ရှိ အင်္ဂလိပ်ထောက် လှမ်းရေးအဖွဲ့ထံ အကြောင်းကြားရမည်။ ပေါ်တူဂီရှိ အင်္ဂလိပ်စာအုပ်အရောင်း ဆိုင်များမှာ များများစားစား မရှိတန်ရာ၊ ထိုစာအုပ်ဆိုင်များမှ ရေဘက်ခါ စာအုပ်ကို ဘယ်သူဘယ်တုန်းက ဝယ်သွားပါသလဲ မေးရမည်။

အနည်းဆုံး စာအုပ်နှစ်အုပ်ဝယ်ရမည်ဖြစ်သည်။ ဝတ္ထုစာအုပ်အမျိုးတူ နှစ်အုပ်ဝယ်သူကို ရောင်းသူက သတိထားမိတန်ရာသည်။

အဲ့ရေးအကြီးဆုံးအချက်မှာ နောက်ထပ် 'ရေဘက်ခါ' စာအုပ်တစ်အုပ် ဘယ်မှာရောက်ရှိနေပြီဆိုခြင်းပင်ဖြစ်သည်။ ဗင်ဒန်အနေနှင့် ထိုစာအုပ်သည် ကိုင်ရို မှာရောက်နေကြောင်း လောင်းရဲသည်။ နောက် သူ့ရင်ထဲမှာ ထိုစာအုပ်ကို ဘယ်သူ အသုံးပြုနေသည်ကိုလည်း အလိုလိုသိနေသည် ထင်၏။

ဗင်ဒန်သည် ထိုအချက်ကို အထက်အရာရှိအား တင်ပြရန် လိုကြောင်း တွေးမိပြီး စာအုပ်ကိုယူကာ အပြင်ထွက်လိုက်၏။

ထိုစဉ် ဘော(ဂ)သည် သူ့ထံလာနေ၏။

ဗင်ဒန်သည် ဘော(ဂ)ကို လှမ်းကြည့်လိုက်၏။ ဘော(ဂ)၏မျက်နှာမှာ သွေးဆုတ်နေပြီး ဒေါသသိပ်ထွက်နေပုံရသည်။ ဘော(ဂ)လက်ထဲမှာ စာရွက်တချို့ ကိုကိုင်လာ၏။

ဗင်ဒန်သည် ဘာတွေများ ဖြစ်ပါလိမ့်ဟု တွေးသည်။

ဘော(ဂ)သည် ခမီးရောက်မဆိုင်း . . .

"မင်း တစ်နေကုန် ဘာတွေများလုပ်နေတာလဲ"

ဗင်ဒန်က ဘာမှ မဖြေ၊ ဘော(ဂ)သည် လက်ထဲမှာကိုင်လာသော စာရွက် များကို ဗင်ဒန်ကိုလှမ်းပေးသည်။

စာရွက်များမှာ အသံလွှင့်ချက် ကုတ်စာရွက်များဖြစ်သည်။ ကုတ်စာ

လျှို့ဝှက်စာလုံးများကို အောက်မှ အနက်ဖွင့် ပြန်ဆိုထားပြီးဖြစ်သည်။ သတင်းမှာ ...မေလ ၃ရက်နေ့ ညပိုင်းမှ ပို့သောသတင်းဖြစ်သည်။ ပို့သူ၏ လျှို့ဝှက်အမှတ်အသား ...မှာ 'စပင့်' ဖြစ်သည်။ သတင်းမှာ ထုံးစံအတိုင်း လေလှိုင်းစမ်းသပ်မှု၊ အခြေအနေ ...မ်းသပ်မှု ပြီးသည်နှင့် ခေါင်းစီးဖြင့် ဖေါ်ပြသည်။

'အော်ပရေးရှင်း အဘာဒင်း'

ဇင်ဒန်သည် မိုးကြိုးအပစ်ခံရသလိုဖြစ်သွား၏။

အော်ပရေးရှင်းအဘာဒင်း (အဘာဒင်း စစ်ဆင်ရေး)သည် ဇွန်လ ၅ ...ော်နေ့တွင် လုပ်သည်။ ဂျာမန်တို့သည် ထိုသတင်းကို ဇွန်လ ၃ရက်နေ့က ...ရသည်ကော။

ဇင်ဒန်သည် တုန်လှုပ်စွာဖြင့်. . .

'ဘုရားရေ သေရောပေါ့ဗျာ'

'အေး. . . ဒါကြောင့် သေကုန်တာပေါ့'

ဘော(ဂ)သည် အော်ဟစ်၍ဆက်ကာ. . .

'အခုတိုင်းဆိုယင် ရိုမဲလ်ဟာ တို့စစ်ဆင်ရေးကြီး တခုလုံးကို မတိုက်မီက ...ပြီးသိနှင့်နေတာပဲ၊ မသေပဲ ခံနိုင်မလား'

ဇင်ဒန်သည် ဘော(ဂ)ကို ဘာမျှပြန်မပြောပဲ သတင်းတစ်ခုလုံးကို ဆက် ...၏။ သတင်းတွင် ပါဝင်မည့်နည်း ဗျူဟာမှအစ အားလုံး အားလုံး. . .

ဇင်ဒန်သည်နာကျည်းသော အသံဖြင့်. . .

"ရိုမဲလ်နိုင်သွားတာ ဘာဆန်းလဲ"

ဘော(ဂ) ကမူ ဒေါသတကြီးဖြင့်. . . .

" ဟော့ကောင်. . . အရေးထဲ ပြက်လုံးထုတ်မနေစမ်းနဲ့"

ထိုစဉ် ဂျိတ်သည် ထိုတောင်ကုန်းကို သိမ်းပိုက်ခဲ့သည့် ဩစတြေးယန်း ...ိုလ်မှူးကြီးတစ်ဦးနှင့် အတူ အနားရောက်လာ၏။ သူက ဇင်ဒန်ကို တစ်စုံတစ်ရာ ...ပြောမည်ပြုရာ ဇင်ဒန်က ဖြတ်၍ ထားလိုက်၏။

"နေဦးဂျိတ်"

ဂျိတ်ရပ်သွား၏။

ဘော (ဂ) က ဒေါသ တကြီးဖြင့်. . . .

"ဒီမှာနေ ဂျိတ်၊ ဒါ မင်းနဲ့လဲဆိုင်တယ်"

ဇင်ဒန်သည် ဂျိတ်အားလက်ထဲမှ စာရွက်များကို ပေးလိုက်သည်။ သူကိုယ် ...င်ကမူ တစ်စုံတစ်ယောက် သူ့ကို ကာယကံမြောက် လက်သီးနှင့်ထိုးလိုက်သလို

ခံစားနေရ၏။ ဤသတင်းသည် သိပ်တိကျသေချာလွန်း၍ သူတို့ ကိုင်ရိုစစ်ဌာနချုပ်မှ ထွက်ရမည်သာ ဖြစ်၏။

ဂျိတ်သည် အသံတိုးတိုးသာ ထွက်နိုင်၏။

"သေလိုက်စမ်းပါတော့ ဗျာ"

ဘော(ဂ)သည် ဒေါသမပြေသေး. . . .

"သူတို့ ဒီသတင်းကို အင်္ဂလိပ်အရာရှိ တစ်ယောက်ယောက်ဆီက ရတာပဲ ဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

ဗင်ဒန်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

"ဒီလို သတင်းပေါက်ကြားမှုကို စစ်ဌာနချုပ် တာဝန်ခံကို အကြောင်းကြား ရမယ်ဆိုတာကော သိရဲ့လား"

အနားမှာ ရောက်နေသော ဩစတြေးယန်း ဗိုလ်မှူးကြီးသည် ဘော(ဂ)၏ ဒေါ်ကြီးဟစ်ကျယ် ဖြစ်နေပုံကို သဘောတွေ့ပုံမရ. . . သို့နှင့်. . . .

"ဒီမှာ ဒီလိုအော်နေလို့ မပြီးသေးဘူးဗျာ၊ ကျုပ်ထင်တာတော့ တစ်ယောက် ယောက်ဆီက ဒီသတင်းကို ရတာပဲဖြစ်မယ်။ ဒီတော့ ခင်ဗျားတို့ တာဝန်က ဒီသတင်းကြောင့် ဆုံးရှုံးမှုကို လေ့လာပြီး အကျိုးအကြောင်းအားလုံး အထက်ကို တင်ပြဖို့ ပဲရှိတယ်"

ဘော(ဂ) အနေနှင့် ဆူ၍ပူ၍ မဆုံးချင်သေးပါ၊ သို့သော် သူ့ထက်ရာထူး ကြီးသူနှင့် ဖြစ်၍ စောဒက မတက်သာတော့။ သို့နှင့်. . . .

"ကောင်းပါပြီ၊ ကဲ. . . ဗင်ဒန်မင်းလုပ်စရာရှိတာ ဆက်လုပ်"

ဘော(ဂ)သည် ခြေဆောင့်၍ ထွက်သွားသည်၊ ဗိုလ်မှူးကြီးလည်း တစ်ခြား ဘက်သို့ ထွက်သွားလေ၏။

ဗင်ဒန်သည် ထရပ်ကား ခြေနင်းခုံပေါ် သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက် ၏။ သူသည် တုန်ရင်သော လက်ဖြင့် စီးကရက်တစ်လိပ်ကို မီးညှိသည်၊ အခြေ အနေမှာ သေချာစဥ်းစားလေ ဆိုးလေဖြစ်၏။ ယခုပုံအတိုင်းဆိုလျှင် စပိုင်ဝူလ်သည် ဗင်ဒန်၏ လုံခြုံရေးပိုက်ကွန်ကို ဖောက်ထွင်း၍ ကိုင်ရို ရောက်လာရုံသာ မကတော့ဘဲ အရေးကြီးဆုံးသတင်းကိုပင် ဌာနချုပ်မှ ရယူနိုင်ခဲ့ပြီကော။

ဗင်ဒန်တွေးသည်။

သည်လူ ဘယ်လိုလူမျိုးပါလိမ့်။

ကိုင်ရိုမြို့သို့ ရောက်၍မှ ရက်များစွာ မကြာသေးမီအတွင်း သူသတင်း

မည့် နေရာကို စူးစမ်းနိုင်သည်။ သတင်းရမည့် ပုဂ္ဂိုလ်ကိုလည်း ရှာနိုင်သည်။ နောက် ထိုပုဂ္ဂိုလ်ကို လာဘ်ထိုး၍ သော်လည်းကောင်း၊ ဖျက်ဆီး၍သော်လည်းကောင်း၊ အနိုင်ကျင့်ညှစ်၍သော်လည်းကောင်း သတင်းရအောင်ယူနိုင်ခဲ့သည်။

ထိုသူ မည်သူဖြစ်မည်နည်း။ ဝူလ်ကို မည်သူသတင်း ပေးပါသနည်း။ ဘရားဝင် စဉ်းစားမည်ဆိုပါက ဤသတင်းမျိုးကို သိနိုင်သူများမှာ ရာဂဏန်းမျှ ရှိနိုင်သည်။ ဗိုလ်ချုပ်များ၊ သူတို့၏လက်ထောက်များ၊ နောက် ထိုသတင်းကို လက်နှိပ်စက် ရိုက်ရသော အတွင်းရေးမှူးများ၊ သတင်းကိုပို့လွှင့်ရသူများ၊ ပါးစပ်ဖြင့် သတင်းပို့ရသူများ၊ ထောက်လှမ်းရေးဌာနမှ ပုဂ္ဂိုလ်များအများကြီး။

မည်သို့ပင်ဖြစ်စေ ဝူလ်အနေနှင့် ထိုရာဂဏန်းသော လူများထဲမှ ပိုက်ဆံအတွက်သော်လည်းကောင်း၊ နိုင်ငံရေးယုံကြည်ချက်ကြောင့်သော်လည်းကောင်း၊ ခြောက်လှန့် အနိုင်ကျင့်ခံရ၍သော်လည်းကောင်း၊ တိုင်းပြည်ကို သစ္စာဖောက်မည့်သူတစ်ယောက်ကို ရှာဖွေတွေ့ရှိနေပြီ ဖြစ်၏။

ဂျိတ်သည်လည်း ဗင်ဒန်နံဘေးမှာ ရပ်ရင်း တွေဝေနေ၏။ ဗင်ဒန်က ဂျိတ်ကိုကြည့်၍. . . .

"ဒီသတင်းဟာ ရိုမဲလ် လက်ထဲကို ရောက်သွားရုံ မကဘူးကွ။ ရိုမဲလ်က အသုံးကို ချပစ်ခဲ့တာပဲ။ ဇွန် ၅ ရက်နေ့ စစ်ပွဲကို ပြန်စဉ်းစားကြည့်ရင် ရှင်းနေတာပဲ"

ဂျိတ်က ခေါင်းဆတ်ရင်း. . .

"ဟုတ်ပါတယ်. . . . ကျွန်တော်တို့ သိပ်အထိနာခဲ့တာပဲဟာ"

ဒါ ငါ့အပြစ်ပဲ ဟု ဗင်ဒန်တွေးမိ၏ ဘော(ဂ) အနေနှင့် မှန်ပါသည်။ သူသည် လုံခြုံရေးတာဝန်ခံ ဖြစ်သည်။ သူ့တာဝန်မှာ သတင်းများကို လုံခြုံအောင် စောင့်ရှောက်ထိန်းသိမ်းရမည့် သူ ဖြစ်သည်။ ယခုကဲ့သို့ သတင်းပေါက်ကြားသွားသည်မှာ သူ့တာဝန်သာ ဖြစ်ပါ၏။

လူတစ်ယောက်ကြောင့် စစ်ပွဲတစ်ခုလုံး မနိုင်နိုင်ပါ။ သို့သော် လူတစ်ယောက်ကြောင့် စစ်ပွဲကြီးတစ်ပွဲ ရှုံးနိမ့်သွားနိုင်ပါသည်။ ဗင်ဒန်အနေနှင့် ထိုသို့အဖြစ်မခံနိုင်ပါ။

ဗင်ဒန် မတ်တတ်ရပ်လိုက်၏။

"ကဲ. . . ဂျိတ်၊ ဘော(ဂ)ပြောတာ ကြားတယ်မဟုတ်လား၊ တို့ လုပ်စရာရှိတာ လုပ်ကြစို့"

ထိုအခါ ဂျိတ်က သတိရပြီး. . . .

"ဪ. . . အခုမှ သတိရတယ်။ ကျွန်တော်ဆရာကို သတင်းပို့ဖို့လာတာ။

ဌာနချုပ်က ဖုန်းလာတယ်။ ဟိုမှာ အင်္ဂလိပ်အမျိုးသမီးတစ်ယောက်ရောက်နေတယ်တဲ့။ ဆရာ့ကို မတွေ့မချင်း မပြန်ဘူးလို့လဲ ပြောတယ်တဲ့။ အရေးကြီးတဲ့ သတင်းပေးစရာ ရှိလို့တဲ့"

ဗင်ဒန် ခေါင်းထဲမှ ချက်ချင်းသတိရသွားသည်။

အယ်လိန်း . . .

အယ်လိန်းတစ်ယောက် ဝူလ်နှင့် ဆက်သွယ်မိသွား၍သာဖြစ်ရမည်။ ထို့ကြောင့် သူ့ကို အရေးတကြီး တွေ့ချင်၍ ဖြစ်ရမည်။ ဗင်ဒန်သည် ရဲကြီးသုတ်ပျာနှင့် ဆက်သွယ်ရေး ထရပ်ကားရှိရာသို့ ပြေးသည်။ သူ့နံဘေးမှ ဂျိတ် ကပ်လိုက်ပါလာသည်။

ဆက်သွယ်ရေးကားမှ မေဂျာက ဖုန်းကို ဗင်ဒန်လက်ထဲထည့်ပြီး . . .

"မြန်မြန်တော့လုပ်နော်၊ ကျုပ်တို့လဲ ဒီတစ်လုံးတည်းနဲ့ အလုပ်လုပ်နေရတာ"

ဗင်ဒန်သည် ယနေ့ တစ်နေ့အတွင်း အပေါ်စီးနှင့် အပြောခံရပေါင်းများလာပြီ။ သူမခံနိုင်တော့၊ ဖုန်းခွက်ကို မေဂျာလက်ထဲမှ ယူ၍ . . .

"ကျုပ် လိုအပ်သလိုသုံးမယ်၊ တစ်နေကုန်ကြာချင်ကြာမယ်။ ဒါပဲ"

နောက် ဖုန်းထဲသို့လည်း လှမ်းပြီး . . .

"ပြောပါ . . ."

"ဗီလီယံလား"

ဖုန်းထဲမှ မိန်းမသံ။

"အယ်လိန်း . . ."

ဗင်ဒန်အနေနှင့် အယ်လိန်းအသံကို ကြားလိုက်ရသည့်အတွက် ဘယ်လောက် စိတ်ချမ်းသာသွားကြောင်း ပြောလိုက်ချင်သည်။ သို့သော်ထိမ်းသိမ်း၍ . . .

"ဆိုပါဦး . . . ဘာထူးလို့လဲ"

"သူ ဆိုင်ကိုလာသွားတယ်"

"မင်း သူနဲ့တွေ့လိုက်သလား၊ သူ့လိပ်စာရလိုက်သလား"

"လိပ်စာတော့ မရလိုက်ဘူး၊ ဒါပေမယ့် သူနဲ့ကျွန်မတွေ့ဖို့ ချိန်းသွားတယ်"

"သိပ်ကောင်းတာပေါ့"

ဗင်ဒန် ရင်ထဲမှာပျော်သွား၏။ ဒီငနဲကို ဖမ်းနိုင်တော့မည်။ သူက ဆက်၍

"ဘယ်တော့လဲ၊ ဘယ်မှာလဲ"

"မနက်ဖန်ည ၇နာရီ ၃၀မိနစ်၊ ဒိုအေစစ်စားပွဲရုံမှာ"

ဗင်ဒန်မှတ်သားရင်း သေချာစေရန် . . .

"ကိုအေစစ်စားပွဲရဲ့ ၃နာရီ ၃၀မိနစ် ဟုတ်လား၊ ကျုပ် အဲဒီမှာရှိနေမယ်"

"ကောင်းပါပြီ"

"အယ်လိန်း . . ."

"ရှင် . . ."

"ကျုပ် မင်းကိုဘယ်လိုကျေးဇူးတင်မှန်း မသိဘူး၊ ကျေးဇူးပဲ"

"ဒါဆို မနက်ဖန်မှ တွေ့ကြစို့"

"ဂွတ်ဘိုင်"

ဗင်ဒန်သည် ဖုန်းခွက်ကိုချလိုက်၏။

ဘော(ဂ)သည် ဗင်ဒန်နံဘေးသို့ ရောက်ရှိ ရပ်နေပြီဖြစ်သည်။ သူ့နံဘေးမှာ ဆက်သွယ်ရေး မေဂျာလည်းရှိသည်။ ဘော(ဂ)သည် မျက်နှာကြီးနီရဲလျက် . . .

"မင်း ဘာတွေ လျှောက်လုပ်နေတာလဲ၊ ရှေ့တန်းဆက်သွယ်ရေး ဘယ်လီဖုန်းကိုသုံးပြီး သောက်ကောင်မ တစ်ကောင်နဲ့ ချိန်းရတယ်လို့"

ဗင်ဒန် ဘော(ဂ)ကို ပြုံးပြသည်။ ပြီးမှ . . .

"ကျုပ်ရဲ့ သောက်ကောင်မ မဟုတ်ဘူးဗျ၊ ကျုပ်ရဲ့သတင်းပေး၊ ဒီမိန်းကလေး ဘာ ကျုပ်တို့လိုချင်တဲ့ စပိုင်နဲ့ ဆက်သွယ်မိပြီ၊ နက်ဖြန်ညကျရင် ဒီငနဲကို ကျုပ် ဖမ်းအောင်ဖမ်းမယ်"

❖ ❖ ❖

(၁၂)

ဝူလ်သည် ဆွန်ဂျာစားသောက် နေသည်ကို ကြည့်နေ၏။ ဆွန်ဂျသည် သူ့မစိတ်တိုင်းကျ စိမ်၍ စားသောက်နေခြင်းဖြစ်သည်။ အားပါးတရ အရသာခံ၍ စားသောက်နေခြင်းဖြစ်သည်။ သူတို့နှစ်ဦးသည် ဘယ်လောက်များ တူညီကြပါသလဲ။ သူတို့နှစ်ဦးသည် မိမိတို့ လုပ်ကိုင်သောအလုပ်တွင် ထိပ်တန်းအကောင်းစား လုပ်ကိုင်နိုင်ကြသူများဖြစ်ပြီး အောင်မြင်ကြသူများဖြစ်သည်။ နှစ်ဦးစလုံးမှာ လူမမယ် ဘဝဟောင်းကအဖြစ်များ၏ ခြောက်လှန့်ခြင်းကို ခံနေရသူများ ဖြစ်သည်။ ဆွန်ဂျာက ဖခင် သေဆုံးခဲ့ပြီး ဝူလ်မှ မိခင်ကအာရပ်တစ်ဦးနှင့်အိမ်ထောင်ပြုခဲ့သောကြောင့်ဖြစ်ပါသည်။ သူတို့နှစ်ဦးလုံးသည် လက်ထပ်ခြင်းကိစ္စနှင့်အတော်ဝေးကြသူများဖြစ်သည်။ အကြောင်းမှာ နှစ်ဦးစလုံးသည် မိမိကိုယ်သာ ချစ်ခင်ကြသော အတ္တလွန်ကဲကြသူများဖြစ်သောကြောင့်ပင်။ သူတို့နှစ်ဦးကို ပေါင်းစပ်ပေးထားခြင်းမှာ ချစ်ခြင်းမေတ္တာကြောင့်မဟုတ်ပါ။ တွယ်တာမှု မဟုတ်ပါ။ သူတို့သည် ကာမဂုဏ် အာရုံခံစားမှုကို အတူတကွခံစားကြသည်။ သွေးသား၏ လိုအင်ဆန္ဒကို ဖြည့်စွမ်းမှုမဟုတ်ပါလား။ ယခုသူတို့နှစ်ဦး စားပွဲရုံတစ်ခုမှာ စားသောက်နေကြ၏။ ဝူလ်၏ လုံခြုံရေးအနေနှင့် ဤသို့စားပွဲရုံမှာ စားသောက်ရန်မကောင်း။ သို့သော် အစားကောင်းအသောက်ကောင်းကိုမှ မစားသောက်ရပါက ဘဝဟူသည်နေထိုင် ပျော်ရွှင်ဖွယ်ရှိပါဦးမည်လော။

ဆွန်ဂျာ အစားအစာကို လက်စသတ်အဖြစ် ရေခဲမုန့်တစ်ပွဲနှင့် ပိတ်လိုက်၏၊ ဆွန်ဂျာအနေနှင့် ကပွဲကပြီးတွင် အလွန်ဆာလောင်မွတ်သိပ်တတ်သူဖြစ်သည်။ ..ဒါအကသည် အလွန်အားအင်ကုန်ခမ်းသော အကဖြစ်သည်မဟုတ်ပါလား။ ..ကယ်၍သူမ, မဂ်ကထော့ပြီဆိုသည်နှင့် ဆွန်ဂျာစားလုံး စားပေါက်နှင့်ဆိုပါက ဝဖိုး ..ပေလိမ့်မည်။ ဝူလ်သည် နောက်ထပ်နှစ်ပေါင်း ၂၀ ကြာသောအခါဟု မှန်း၍ ..န်ဂျာပုံကို ကြည့်သည်။ ဆံပင်ဖြူများ တစ်စွန်းတစ်စနှင့် လေ့ဂုဏ်သုံးထစ် ..က်လျှင်ပင် မောနေမည့် ဖက်တီးပုတ်ကြီး ဖြစ်သွားမည်မှာ သေချာလှသည်။

ဆွန်ဂျာက ဝူလ်ကို ကြည့်၍. . .

"ဘာပြုံးနေတာလဲ"

"ဩော်. . . မင်းကြီးလာရင် ဘယ်လိုပုံစံကြီး ဖြစ်လာမလဲလို့ စဉ်းစားကြည့် ..ဘာပါ၊ ပုံဆိုးပန်းဆိုး ဝတ်ရုံကြီးဝတ်၊ ခေါင်းမြီးတွေဘာရတွေခြုံလို့လေ"

"သွားစမ်းပါ၊ ကျုပ်ဘယ်တော့မှ အဲဒီလိုမဖြစ်ဘူး၊ ကျုပ်က သူဌေးမကြီး ..မှာ၊ နန်းတော်ကြီးလိုနေရာမှာ ယောက်ျားချောချော၊ မိန်းမချောချော ကလေးတွေ ..ကျုပ်အလိုကျ ဖျော်ဖြေခိုင်းပြီး နေမှာ၊ ဒါထက်ရှင်ကြီးလာရင်ကော ဘာဖြစ်မလဲ"

ဝူလ်က ပြုံး၍. . . .

"ကိုယ့်ကလား အီဂျစ်ကို လွှတ်လိုက်တဲ့ ဟစ်တလာရဲ့ တမန်တော်ဖြစ်မှာ ..သော နာဇီယူနီဖောင်းဝတ်ပြီး ဘုရားကျောင်းဇလီကို တက်ရမယ်"

"ဒါဆို ရှင့် ခြေနင်းရှည်ကြီးတွေ ချွတ်ရမှာပေါ့"

"ဒါပေါ့လေ. . ဒါထက် မင်းရဲ့နန်းတော်ကိုကော အလည်လာခွင့်ရှိရဲ့လား"

"ရှိပါသတဲ့ရှင် ရှိပါ့. . . အဲ. . . ယူနီဖောင်းတော့ ဝတ်ခဲ့ရမယ်နော်"

"ကောင်းပါပြီဗျာ၊ မင်းနန်းတော် ရောက်တဲ့ခါကျရင် ခြေနင်းရှည်ကြီးကို ..ချွတ်ရဦးမှာလား"

"ဟင့်အင်း. . . . ခြေနင်းရှည်ကြီးတွေက လွဲရင်တော့ အားလုံးချွတ်ရမယ်"

ဝူလ်အသံထွက်အောင် ရယ်မောလိုက်၏။ ဆွန်ဂျာကိုယ်တိုင်လည်း ထူးထူး ..ခြား ပျော်ရွှင်နေ၏။ ဝူလ်သည် စားပွဲထိုးတစ်ယောက်ကို ခေါ်၍ ကာဖီ၊ ဘရင်ဒီ ..ဘကွ ကျသင့်ငွေစာရင်းယူခဲ့ရန် မှာလိုက်၏။ ပြီးမှ ဆွန်ဂျာက. . . :

"အဲ. . . ကိုယ်မှာ သတင်းကောင်းတစ်ခုပေးစရာရှိတယ် ဘာလဲသိလား။ ..ယ်. . . . မင်းလိုချင်တဲ့ မိန်းကလေးတစ်ယောက်ရပြီနဲ့ တူတယ်"

ဆွန်ဂျာသည် တောင့်ကာနဲဖြစ်သွား၏။ ပြီးမှ. . . .

"ဘယ်ကမိန်းကလေးလဲ၊ ဘယ်သူလဲ"

"မနေ့က ကုန်စုံဆိုင်ကို ကိုယ်သွားတယ်မဟုတ်လား၊ ဆိုင်ရှင် အရစ္စတို
တူမဆိုတာ တွေ့ခဲ့တယ်လေ"

"ချေးချောင်းတဲ့ကောင်မပေါ့"

"လှတယ်နော် မျက်နှာကလေးက ကလေးလေးလိုပဲ၊ ပြုံးလိုက်ရင်
နှာကျဉ်းပြုံး ပြုံးတာ"

"အသက်ဘယ်လောက်ရှိပြီ ထင်လဲ"

"ပြောရခက်သားကွ၊ နှစ်ဆယ်တဝိုက်ရှိမှာပဲ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်
အမိနော်"

ဆွန်ဂျာသည် နှုတ်ခမ်းကို လျှာဖြင့် သတ်လိုက်၏။

"ဒါဆိုရင် ဒီကောင်မလေးဟာ အလုပ်ဖြစ်မယ်ပေါ့"

"ထင်တာပဲ. . . သူ့ကို ကြည့်ရတာ အရစ္စတိုဆိုင်က လွတ်ရင်ပြီးတာ
ဆိုတဲ့ပုံမျိုး၊ ကိုယ့်ကိုလဲ ပြောင်နီးနီးကြီး စည်းရုံးနေတာ"

"ဒါဆိုရင် ရှင်က အရင်ကြံမယ်ဆိုတဲ့ သဘောလား"

"လိုအပ်ရင် ပြောတာပါကွာ"

"အပျိုလို့ ရှင်ထင်သလား"

"ဖြစ်နိုင်တာပဲ"

"ဒါဆိုရင်. . ."

"အေးပါ. . . မင်းအတွက် ကိုယ်ထားပါ့မယ်၊ မေဂျာစမစ်ကို မင်းထိ
ထားပုံက မိလွန်းလို့ ဆုချဖို့သင့်ပါတယ်ဗျာ"

ဝူလ်သည် ဆွန်ဂျာကို ကြည့်နေ၏။ ဆွန်ဂျာသည် အစားကော
အသောက်ကောင်းများကို စားသောက်၍ အဆီယစ်နေပြီး စိတ်ဆန္ဒလိုအင်တပ်
မှု ရမ္မက်ရောင်များ မျက်နှာတွင် သန်းနေ၏။

ငွေရှင်းတမ်း လာသောအခါ ဝူလ်သည် အင်္ဂလိပ်ငွေများနှင့် ပေးရှင်းလိုက်

စားပွဲရုံမှာ ခတ်သေးသေးပင်ဖြစ်ပါသည်။ သို့သော် အောင်မြင်ထင်ရှားသော စာ
ဖြစ်ပါ၏။ အီဘရာဟင်က စီမံခန့်ခွဲပြီး၊ သူ၏ ညီက ချက်ပြုတ်ရေး တာဝန်ယူသည
သူတို့ညီအစ်ကို နှစ်ယောက်သည် မွေးရပ်မြေ တူနီးရှားတွင် မိုရှစ်ဥက ပြင်သစ်စာ
တစ်ခုမှာ နည်းနာနိဿယ ရယူခဲ့ခြင်းဖြစ်သည်။ အစားအသောက် ကောင်း

ခံခန့်ခွဲမှုကောင်းခြင်းတို့ကြောင့် နာမည်ရ လာခြင်းဖြစ်သည်။ ဤသို့ အောင်မြင်လာ ခြဲ အီဘရာဟင် ဘဝမမြင့်၊ သတိမလစ်ပါ။

လွန်ခဲ့သော ၂ ရက်က မက်ထရိုပိုလီတန် ဟိုတယ်ကြီးမှ ငွေကိုင်စာရေးနှင့် ကာဖီသောက်ရင်းဆုံသည်။ ထိုစာရေးမိတ်ဆွေက အင်္ဂလိပ်ငွေလဲ ဌာနကသူတို့ ဟိုတယ်မှ ရသောအင်္ဂလိပ်ငွေ ၄ ရွက်ကို အတုများဖြစ်၍ လဲမပေးနိုင်ဟု ငြင်းဆို ခဲ့သည့်အရကြောင်း ပြောသွားခဲ့၏။

ဤအဖြစ်မျိုး အီဗရာဟင် အဖြစ်မခံနိုင်ပါ။

သူ့ ဆိုင်၏ ဖောက်သည် တစ်ဝက်လောက်မှာ အင်္ဂလိပ်များဖြစ်ကြရာ၊ အင်္ဂလိပ်ငွေဖြင့် ငွေချေခြင်းခံရစမြဲဖြစ်ပါသည်။ ငွေတုသတင်းကို ကြားပြီးကတည်းက အီဗရာဟင်သည် အင်္ဂလိပ်ငွေစက္ကူဆိုလျှင် သေသေချာချာ စစ်ကြည့်အည်။ ငွေတု ပါလာသော လွှဲမှားချက်များကိုလည်း သူလေ့လာသိရှိပြီး ဖြစ်သည်။

အင်္ဂလိပ်အစိုးရကမူ သည်လိုလုပ်စမြဲ၊ ကိုင်ရိုမှ ကုန်သည်ဆိုင်ရှင်များ အသိမ်မခံရရန် တရားဝင်ထုတ်ပြန်ကြေငြာထားခြင်းမပြု၊ ခတ်မဆိတ်ပဲနေသည်။ ငွေတုများလာလဲသောအခါမှ ငွေတုတွေပါလာသည်ဟု ပြောစမြဲ၊ ကိုင်ရိုဆိုင်ရှင် ကုန်သည်များအနေနှင့်ကလည်း ဤပုံစံကို ခံရလွန်း၍ ရိုးနေပြီဖြစ်သည်။ ကုန်သည် ဆိုင်ရှင် အချင်းချင်း ကျောချင်းကပ်ရင်ချင်းအပ်စည်းရုံးပြီးသား။

အီဗရာဟင်အနေနှင့် ငွေစက္ကူအတုတစ်ချို့ကို နာမည်ကျော်ခုနစ်လွှာ ကရိမကလေးနှင့် တွဲလာသော ထောင်ထောင်မောင်းမောင်း ဥရောပတိုက်သား တစ်ယောက်ဆီမှ လက်ခံရရှိသောအခါ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ ပိုက်ဆံမှာ အသစ်ချပ်ချွတ်များ ဖြစ်သည်။ ကြိုတင်သိထားသော အမှားများပါနေ၏။ ထပ်သေ ချာအောင် ရှိရင်းစွဲငွေစက္ကူ အစစ်တစ်ခုနှင့် တိုက်ကြည့်သည်၊ သေချာသည်။ အတုပဲဖြစ်သည်။ သူဘာလုပ်ရမည်နည်း။ ပေးလာသူဧည့်သည်ကို သွား၍ တိုးတိုး တိတ်တိတ်နှင့် ခင်ဗျားပေးတဲ့ငွေဟာ အတုဖြစ်နေပါတယ်ဟု ပြောရမည်လား၊ ထိုသို့ ပြောလျှင်-လူကြီးလူကောင်းဧည့်သည်တော်က သူ့ကို အရှက်ခွဲသည်ဟု မျက်နှာတော် ပျက်၊ တစ်ပြားမှမပေးပဲ ဆိုင်ထဲက ထွက်သွားမည်လား၊ စားသောက်ထားကြသည် ကလည်း အဖိုးတန်တွေကြီးဖြစ်သည့်အပြင် နိုင်ငံခြားဖြစ်ဝိုင်ကိုလည်း သောက် ထိုက်သေးသည်။ ဒီလောက်များများကိုဖြင့် အဆုံးမခံနိုင်။

ရဲကို အကြောင်းကြားလျှင် အကောင်းဆုံးဟု သူဆုံးဖြတ်လိုက်၏။ ရဲများ အနေနှင့် ထိုဧည့်သည်ကို ဘယ်မှမသွားစေပဲ ချက်လက်မှတ်နှင့်ဖြစ်စေ၊ သို့မဟုတ် ငွေပေးမည့်အကြောင်းလက်မှတ်ရေးထိုးမှုကို လည်းကောင်း ပြုလုပ်နိုင်ပေသည်။

ဘယ်ရဲအဖွဲ့ တိုင်ရမလဲ။ အီဂျစ်ရဲများကို တိုင်ပါက သူတို့ အရေး မပိုင်
ပြောနေဦးမည်ထင်သည်။ ထို့အပြင် ခေါ် လိုက်ချိန်တစ်နာရီအတွင်းရောက်လ
ကံကောင်းလှပြီ။ နောက်လာဘဲ ထိုးဖို့ လိုဦးမည်သာ ဖြစ်၏။ စားသောက်သူ
အင်္ဂလိပ်လူမျိုးဖြစ်ဟန်တူသည်။ ထို့ကြောင့်သာ အင်္ဂလိပ်ပိုက်ဆံများ ပေးခြ
ဖြစ်တန်ရာ၏။ ယခုပြဿနာမှာ လည်းအင်္ဂလိပ်ငွေတုဖြစ်နေပေရာ၊ အီဗရာဟ
သည် စစ်ဌာနချုပ်ကို တိုင်ရန် ဆုံးဖြတ်လိုက်၏။

အီဗရာဟင်သည် ထိုစားပွဲသို့ ဘရန်ဒီပုလင်းကို ကိုယ်တိုင်ယူဆောင်
သွားသည်။ ပြုံးပြပြီးမှ. . . .

"မွန်စီယာနှင့် မဒန်တို့ စားသောက် ကောင်းကြပါရဲ့လား။ ခင်ဗျာ"

"ကောင်းပါ့ဗျာ"

ဥရောပတိုက်သား ထောင်ထောင်မောင်းမောင်းက ဖြေသည်။ သူ့ပုံ
ကြည့်ရသည်မှာ အင်္ဂလိပ်အရာရှိပုံမျိုး။ အီဗရာဟင်သည် အမျိုးသမီးဘက်
လှည့်ပြီး. . . .

ကျွန်တော်တို့အနေနှင့် အမကြီးလို ကမ္ဘာပေါ်မှာ အကောင်းဆုံး က
သည်တစ်ဦးကို ဧည့်ခံခွင့်ရတာ ဂုဏ်ယူပါတယ်ခင်ဗျာ"

အမျိုးသမီးက ခေါင်းဆတ်ပြ၏။ အီဗရာဟင်က. . . .

"ကျွန်တော်တို့ဆိုင်က ဂုဏ်ပြုတဲ့အနေနှင့် ဘရန်ဒီ တခွက်စီသောက်
ချီးမြှင့်ကြပါခင်ဗျာ၊ ဆိုင်ကပဲ ဂုဏ်ပြုပါရစေ"

"ကျေးဇူးပါပဲ"

အီဗရာဟင်သည် ဘရန်ဒီခွက်များကို ငှဲ့ပေးထားခဲ့ပြီး စားပွဲမှ ခွာလာခဲ့
ဘာဘဲပြောပြော သူတို့ ဆိုင်ထဲမှ ရုတ်တရက် မထွက်တန်ရာတော့၊ သူသည် နော
ဖေးပေါက်မှ လှည့်ထွက်ပြီး အနီးဆုံးတယ်လီဖုန်းရှိသော မိတ်ဆွေအိမ်သို့ အ
အလွှားထွက်ခဲ့၏။

'ငါသာ စားပွဲရုံပိုင်ရှင်ဆိုလျှင်လည်း ဤသို့ ပြုလုပ်မည်ပင်ဖြစ်သည်'
ဝူလ်က တွေးလိုက်၏။ ဘရန်ဒီနှစ်ခွက်သည် ဝူလ်တို့ စားသောက်ထားသည်နှင့်
သော် ဘာမှ တန်ဘိုးမရှိ၊ သို့သော် ဤအပြုအမူသည် စားသောက်သူအနေ
ဆိုင်ရှင်က လိုလားဂုဏ်ယူစွာကြွေးမွေးကြောင်း အသိအမှတ်ပြု ကျေနပ်မှု ရရှိသ
မည်သာဖြစ်၏။ ဝူလ် စိတ်ထဲတွင် ဤသို့သော စားပွဲရုံတစ်ခုဖွင့်လှစ်ရန် အမြဲစိတ်
ယဥ်မိသည်။ သို့သော် စိတ်ကူးသက်သက်သာပဲ ဖြစ်ပါ၏။ တကယ်လက်တွေ့
မလွယ်လှပါ။

ဆွန်ဂျာကိုယ်တိုင်ကလည်း ဤသို့ အထူးပြုခြင်းခံရသဖြင့် ကျေနပ်နေ၏။ သူမအနေနှင့်သောက်သုံးထားသော အရက်ရှိန်၊ မြှောက်ပင့်ခံရသောစကားများကြောင့် ချမ်းမြေ့နေ၏။ ည ကောင်းကောင်း အိပ်ပျော်တော့မှာပဲ။

ဆိုင်ရှင်က ခဏမျှပျောက်သွားပြီး မကြာခင်ပြန်ပေါ်လာ၏။ ဝူလ်၏မျက်လုံးထောင့်စွန်းမှ ဆိုင်ရှင်သည် စားပွဲထိုးတစ်ယောက်ကို တီးတိုး တီးတိုးစကားပြောနေ၏။ သူတို့သည် ဆွန်ဂျာအကြောင်းပြောသည်ပဲ ဖြစ်ရမည်။ ဝူလ်အနေနှင့် မနာလိုဖြစ်ချင်သလိုလို။ ကိုင်ရိုမြို့တွင် ဝူလ်အမြဲသွားလာခဲ့၍လည်းကောင်း၊ အပိုဆုများများ စားစား ပေးသူဖြစ်၍ လည်းကောင်း၊ သူ့ကို နာမည်နှင့် တကွသိကြသောဆိုင်များရှိပြီး ထိုဆိုင်ရှင်များက သူ့ကို ဘုရင်တစ်ပါးလိုဧည့်ခံကြမည်မှာသေချာ၏။ သို့သော် ဝူလ်အနေနှင့် အထူးသဖြင့် အင်္ဂလိပ်အစိုးရက သူ့ကို မြေလှန်ရှာနေခိုက်မှာ ထိုအရပ်များသို့ မသွားသင့်ဟု ဝူလ် ဆုံးဖြတ်ကာ ရှောင်ရှားခဲ့ခြင်းဖြစ်သည်။ ယခုလိုအချိန်နည်းနည်းကြာလာပြီဖြစ်၍ နည်းနည်းလွတ်လွတ်လပ်လပ်နေလျှင် ဖြစ်သောက်ပြီလားမပြောတတ်။

ဆွန်ဂျာက တစ်ချက်သမ်းဝေလိုက်သည်။ ဟုတ်ပေသားပဲ၊ ဆွန်ဂျာကိုပြန်သိပ်ဖို့ အချိန်တန်ပြီဖြစ်၏။ ဝူလ်သည် စားပွဲထိုးကို လက်ယပ်ခေါ်ပြီး . . .”

“မဒမ်ရဲ့ အပေါ်ရုံ သွားယူခဲ့ပေတော့”

စားပွဲထိုးသည် ဝတ်ရုံများ ထိန်းသိမ်းရာအခန်းသို့ တန်းမသွားပဲ ဆိုင်ရှင်ထံသို့ အရင်သွား၍ တစ်စုံတစ်ရာတီးတိုးပြောသည်၊ နောက်မှ ဝတ်ရုံများထားရာသို့ သွား၏။

ဝူလ်၏အာရုံကြောတစ်နေရာ ခပ်ဝေးဝေးမှ သတိပေးနှိုးစက်အသံသဲ့သဲ့ကြားရသည်။

ဝူလ်သည် ဆွန်ဂျာ၏ အပေါ်ရုံ လာပို့သည်ကိုစောင့်နေ၏။ ဆိုင်ရှင်သည် မှောင်ခါးပေါက်မှ အပြင်သို့ ခဏထွက်သည်၊ ပြန်ဝင်လာပြီး သူတို့စားပွဲရှိရာသို့ လာသည်။ ပြီးမှ . . .

“ဆရာတို့ တက္ကဆီခေါ်ပေးရဦးမလား”

ဝူလ်က ဆွန်ဂျာကို ကြည့်သည်။ ဆွန်ဂျာက. . .

“သဘောပဲလေ”

ဝူလ်က . . .

“တို့ အပြင်လေကလေး ဘာလေးရအောင် လမ်းခဏလျှောက်ကြရအောင်။ အကြာမှ တွေ့တဲ့ကားတစ်စင်းစင်း တားစီးကြတာပေါ့၊ ဟုတ်လား”

"ရပါတယ်"

ဝူလ်သည် ဆိုင်ရှင်ဘက်သို့လှည့်ပြီး . . .

"တက္ကဆီမယူတော့ပါဘူး"

"ကောင်းပါပြီခင်ဗျာ"

စားပွဲထိုးက ဆွန်ဂျာ၏ အပေါ် ရုံကို ယူလာသည်။ ဆိုင်ရှင်ကမူ အပေါက်ဝ ကိုသာ မကြာခဏကြည့်နေသည်။ ဝူလ်စိတ်ထဲတွင် သတိပေးခေါင်းလောင်းသံကြားရပြန်သည်။ သည်အကြိမ်တွင်မူ အတော်ကျယ်ကျယ်လောင်လောင်ကြားရသည်ထင်၏။ သူ၏သတိစိတ်များ နိုးကြားလာပြီဖြစ်သည်။ သူကဆိုင်ရှင်အား

"ဘာပြဿနာများရှိနေလို့လဲဟေ့ . . ."

ဆိုင်ရှင်သည် အတော်စိတ်ပူပန်နေပုံရသည်။ သူက . . .

"သည်လိုပါဆရာ . . . ကျွန်တော့်အနေနဲ့ အတော်ခက်ခဲသိမ်မွေ့တဲ့ ပြဿနာတစ်ခု တင်ပြစရာရှိနေပါတယ်"

ဝူလ်သည် စိတ်မရှည်ချင်တော့။

"ဘာများလဲကွာ . . . ပြောစရာရှိတာကိုပြော၊ တို့ အိမ်ပြန်ချင်လှပြီ"

ထိုစဉ် ကားတစ်စီးအသံ ဆူညံစွာထွက်ပေါ်လာပြီး ဆိုင်ရှေ့သို့ထိုးရပ်လာ၏။

ဝူလ်သည် ဆိုင်ရှင်၏လက်ကို လှမ်းဆွဲသည်။

"ဘာတွေဖြစ်နေတာလဲကွ"

"ဒီ . . . ဒီလိုပါခင်ဗျာ၊ ဆရာပေး . . . ပေးတဲ့ငွေတွေက မကောင်းလို့ပါ"

"ဘာလဲ . . . မင်းက အင်္ဂလိပ်ပိုက်ဆံကို လက်မခံဘူးလား၊ ဒါဆိုဘာဖြစ်လို့ စောစောက မပြောတာလဲ"

"အဲဒီလိုမဟုတ်ပါဘူးဆရာ၊ ဆရာ့ပိုက်ဆံက ငွေစက္ကူအတုတွေ ဖြစ်နေလို့ပါ"

ထိုစဉ် ဆိုင်ရှေ့တံခါးသည် ဝုန်းကနဲပွင့်လာပြီး တပ်ထိန်းသုံးယောက်ဝင်လာ၏။ .

ဝူလ်သည် ဝင်လာသူများကို ပါးစပ်အဟောင်းသားနှင့်ကြည့်နေမိ၏။ ဖြစ်ပျက်သမျှသည် မြန်ဆန်လွန်းလှပါတကား။ သူ့အသက်ပင် မရှူနိုင်တော့။ တပ်ထိန်းများ၊ ငွေစက္ကူအတု။ ရုတ်တရက်ပင် သူကြောက်စိတ်ဝင်လာ၏။ သူ ထောင်ထဲသွားရတော့မည်ပါတကား။ ဘာလင်ငနဲသားများသည် သူ့ကို ငွေစက္ကူအတုများ ပေးလိုက်ခြင်းပါကလား။ ရက်စက်ဖို့၊ တုံးပို့၊ စပိုင်ဝိုလ်ချုပ် ကနေရစ်တို့လည်းပင်း ဆွဲညှစ်ပစ်ချင်စမ်းပါဘိ . . .။

ဝူလ်သည် ခေါင်းခါလိုက်၏။ ယခုမှ စိတ်ဆိုးနေ၍ အကြောင်းမထူးတော့။ ခေါင်းအေးအေးထားပြီး ဤအရှုတ်တော်ပုံမှ လွတ်အောင် ရှန်းဖို့သာရှိတော့သည်။

တပ်ထိန်းသုံးယောက်သည် သူစားပွဲရှိရာသို့ လျှောက်လာ၏။ နှစ်ယောက်မှာ အင်္ဂလိပ်လူမျိုးများဖြစ်ပြီး တစ်ယောက်မှာ ဩစတြေးလျန်း လူမျိုးဖြစ်ပုံရသည်။ သူတို့သည် ခြေနင်းရှည်များ၊ သံခမောက်များဆောင်းထားပြီး ခါးတွင် ခြောက်လုံးပြူးတစ်လက်စီ ချိတ်ထား၏။ အင်္ဂလိပ်တပ်ထိန်းတစ်ယောက်က. . .

"ဒီလူလား"

"နေ. . . ကြပါဦးလေ"

ဝူလ်သည် သူ့စိတ်ကို အတတ်နိုင်ဆုံး အေးအေးထားပြီး ဆက်၍ . . .

"ဒီဆိုင်ရှင်က အခုမိနစ်ပိုင်းကလေးတင်မှ ကျုပ်ပေးတဲ့ပိုက်ဆံဟာ ငွေတုဘဲပါလို့ ပြောနေတယ်။ ကျုပ်အနေနဲ့တော့ မယုံပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူကျေနပ်အောင် တစ်ခုခုတော့ လုပ်ပေးရမှာပေါ့ဗျာ"

တစ်ဆက်တည်း ဆိုင်ရှင်ဘက်သို့ လှည့်၍

"ဒီကစ္စလောက်များကွာ၊ တပ်ထိန်းခေါ် စရာမလိုပါဘူး"

တပ်ထိန်းထဲမှ ခပ်ကြီးကြီးက

"ဘာပဲပြောပြော ငွေတုကို ကိုင်ဆောင်သုံးစွဲရင် ဥပဒေချိုးဖေါက်တာပဲ"

"သိရင်တော့ ဟုတ်တာပေါ့ဗျာ၊ သိလျက်သားနဲ့ ငွေတုကို တမင်ပေးတယ်ဆိုရင်တော့ ဟုတ်တာပေါ့"

ဝူလ်သည် သူ့ပါးစပ်မှထွက်လာသော လေသံကို သူပြန်နားထောင်ရင်း တည်ငြိမ်မှုရှိကြောင်း တွေ့ရပြီး အားတက်ကာ ဆက်၍ . . .

"ကဲပါ ဒီလိုလုပ်ကြရအောင်လား၊ ကျုပ်က စားသောက်သမျှတန်ဘိုးကို ချက်တစ်စောင်ရေးပေးမယ်လေ၊ အဲ. . . သောက်ဆူးကိုတော့ အီဂျစ်ငွေနဲ့ပဲ တစ်ခါတည်းပေးခဲ့ပါမယ်၊ ဆိုင်ရှင်ပြောတဲ့ ငွေတုတွေဆိုတာကို ကျုပ်ပြန်ယူသွားပြီး မနက်ဖြန်ကျရင် အင်္ဂလိပ်ငွေလဲဌာနသွားပြကြည့်မယ်၊ ငွေတုဆိုရင်တော့ တစ်ခါတည်း အပ်ခဲ့မယ်ပေါ့ မဟုတ်ဘူးလား"

ဝူလ်သည် ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြုံးပြီးရင်း . . .

"ဒါဆို အားလုံးကျေနပ်လောက်ပြီထင်ပါတယ်"

ပိုင်ရှင်က

"ကျွန်တော့အနေနဲ့ကတော့ ချက်အစား ငွေသားနဲ့ အားလုံးရှင်းသွားစေချင်တာပဲခင်ဗျ"

ဝူလ်သည် ဆိုင်ရှင်အား ဆွဲထိုးချင်စိတ်ပေါက်လာ၏။

ထိုစဉ် ဆွန်ဂျာက ဝင်၍

"ကျွန်မမှာ အီဂျစ်ငွေတွေ အများကြီးပါ, ပါတယ်"

ဝူလ်က ဘုရားကယ်တာပဲဟု တွေးမိ၏

ဆွန်ဂျာလက်ပွေ့အိတ်ကို ဖွင့်သည်။

တပ်ထိန်း အကြီးလူက . . .

"ဘာဘဲဖြစ်ဖြစ် ဆရာကတော့ ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ဖို့ လိုပါတယ်"

ဝူလ် စိတ်ဓါတ်ကျသွားပြီး . . .

"ဘာဖြစ်လို့"

"ကျွန်တော်တို့ နဲနဲပါးပါး မေးစရာရှိလို့ပါ"

"ဒါဆိုလဲ ရပါတယ်၊ နက်ဖြန်ကျရင်လာခေါ်ပေါ့ဗျာ၊ ကျွန်တော်တို့ရဲ့ လိပ်စာက . . ."

"ဒီလိုမဟုတ်ဘူးခင်ဗျ တစ်ခါတည်းလိုက်ခဲ့ရမှာ၊ အမိန့်က ဒီလိုပေးထား လို့ပါ"

"ဘယ်သူ့အမိန့်လဲ"

"သက်ဆိုင်ရာအရာရှိကပါ"

"ကောင်းပြီလေ ဒါဆိုလဲ ဖြစ်ပါတယ်"

ဝူလ်သည် ထိုင်ရာမှ ထလိုက်၏။ ပြီး . . . ဟန်ကိုယ့်ဖို့ဖြင့်

"မောင်ရင်သော်လည်းကောင်း၊ မောင်ရင့် သက်ဆိုင်ရာအရာရှိပါ မနက် ကျရင်တော့ ဒုက္ခကောင်းကောင်း ရောက်ပြီသာ မှတ်ပေတော့"

ပြောပြောဆိုဆို စားပွဲခုံကိုမ၍ တပ်ထိန်းများထံလွှင့်ပစ်လိုက်လေ၏။

သူသည် စက္ကန့်အနည်းငယ်အတွင်း စိတ်ထဲမှ ကြိုတင်ပြင်ဆင်လိုက်ပြီး ဖြစ်သည်။ စားပွဲခုံဝိုင်းမှာ သစ်သားဖြင့် ပြုလုပ်ထားသည်ဖြစ်ရာ၊ တပ်ထိန်းတစ် ယောက်၏မျက်နှာကိုထိမှန်ပြီး တပ်ထိန်း ပက်လက်လန်လဲကျသွားပြီး စားပွဲက ထို တပ်ထိန်းအပေါ် ကျသည်။

စားပွဲနှင့် လဲကျသွားသော တပ်ထိန်းမှာ သူ့ဇယ်ဘက်မှ ဖြစ်သည်။ သူညာ ဘက်တွင် ဆိုင်ရှင်ရှိသည်။ ဆွန်ဂျာမှာ သူ့ရှေ့တည့်တည့်တွင်ထိုင်လျက်သားရှိပြီး တပ်ထိန်းနှစ်ယောက်မှာ သူမ၏နောက်နားမှာ ရပ်နေခြင်းဖြစ်သည်။

ဝူလ်သည် လျှပ်ပြက်သလို ဆိုင်ရှင်ကိုဖမ်းဆွဲပြီးနောက် တပ်ထိန်းတစ် ယောက်ထံ ဆောင့်တွန်းလိုက်၏။ နောက်ကျန်သောတပ်ထိန်းတစ်ယောက်၏ မျက်

နှာက်သို့ လက်သီးတစ်လုံးလွှတ်လိုက်၏။ သည်လူပါပုံပျက်သွားပါက သူထွက်ပြေး ရန် ကြံရွယ်ထားပြီးဖြစ်သည်။ သို့သော်ကြံစည်သည့်အတိုင်း ဖြစ်မလာခဲ့။ တပ်ထိန်း သည်သူများမှာ သူတို့၏ကြီးမားကြံ့ခိုင်သော ကိုယ်ကာယများကို ကြည့်၍ စစ်ဆေးပြီး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တပ်ထိန်းဘဝ၌ ရန်ပြုတတ်သော စစ်ပြေးများ၊ အရက်သမားလူများနှင့် အပွဲပွဲအနွဲ့ နေကြပြီးသူများဖြစ်သည်။ လက်သီးနှင့် ထိုးခံရ သောတပ်ထိန်းသည် နောက်သို့ယိုင်သွား၏။ သို့သော်လဲကျမသွားပေ။ ဝူလ်သည် ၎င်းလူ၏ ညီသကြီးကို တစ်ချက်ကန်ပြီး မျက်နှာကို လက်သီးတစ်လုံးလွှတ်လိုက်ရ ပြန်၏။

ထိုစဉ် ဒုတိယတပ်ထိန်းသည် သူ့ရှေ့မှ ရှုပ်နေသော ဆိုင်ရှင်ကို နံဘေး ကွန်းပစ်လိုက်ပြီး ဝူလ်၏ခြေထောက်ကို သိမ်းကျုံး၍ကန်လိုက်၏။

ဝူလ်သည် ဝုန်းကနဲ ပစ်ကျသွား၏။ သူ့ရင်ဘတ်နှင့်မျက်နှာသည် သမံတ လင်းပေါ်သို့ တစ်ပြိုင်တည်းပစ်ကျသွား၏။ မျက်နှာတစ်ခုလုံးပူသွားပြီး မျက်စိထဲ တွင်ကြယ်တွေမြင်သွားသည်။ တပ်ထိန်းသည် သူ့ကို နောက်တစ်ချက်ဆင့်ကန်သည်။ နာကျင်သော ဝေဒနာကို ခံစားရင်းကပင် ဝူလ်လှိမ့်၍ ရှောင်သည်။ တပ်ထိန်းသည် သူ့အပေါ် ခုန်အုပ်ပြီး သူ့ခေါင်းကို လက်သီးနှင့်ထိုးသည်။ တစ်ယောက်က သူ့ခြေ ထောက်များကို တက်ဖိရန်ကြိုးစား၏။ ဝူလ်က သူ့ကိုဖိထိုးနေသူအား တွန်းလှန်ဖယ် ရှားနေရင်းကပင် နောက်နားမှ ဆွန်ဂျာမျက်နှာကိုလှမ်းမြင်ရသည်။ ဆွန်ဂျာမျက် နှာတွင် ဒေါသကြောင့် နီရဲနေ၏။ ဆွန်ဂျာအနေနှင့် အင်္ဂလိပ်တို့၏ရိုက်နှက်ခြင်းကို သတိရမှတ်မိသွား၍ ဖြစ်ပေလိမ့်မည်။ ဆွန်ဂျာသည် သူထိုင်နေသော ကုလားထိုင် ကို ဆွဲယူ၍ ခေါင်းပေါ်သို့ မြှောက်တင်သည်။

ဝူလ်ကို လက်သီးနှင့်ထိုးနေသောတပ်ထိန်းသည် ဝူလ်၏မျက်လုံးများကို အကြောင်းပြု၍နောက်သို့လှည့်ကြည့်သည်။ ပြီးမှ ဆွန်ဂျာ၏အပြုအမူကိုမြင်၍ လက်နှင့် ကာကွယ်ဖို့ ကြိုးစားသည်။ ဆွန်ဂျာသည် ကုလားထိုင်ကိုမြှောက်ထား ရာမှ အားကုန်လွှဲ၍ ရိုက်ချလိုက်ရာ လေးလံသော ကုလားထိုင်အစွန်းသည် တပ်ထိန်း ၏ ပါးစပ်ကို တအားရိုက်မိပြီး တပ်ထိန်း နာကျင်စွာ အော်ဟစ်လိုက်သည်။ နှုတ် ခမ်းမှ သွေးများသည်လည်း ရဲကနဲထွက်လာ၏။

ဝူလ် ခြေထောက်ပေါ်မှ တပ်ထိန်းသည် မတ်တတ်ရပ်လိုက်ပြီး ဆွန်ဂျာကို နောက်မှ ချုပ်ကိုင်ဖို့ ကြိုးစားသည်။ ဝူလ်သည် သူ့ကိုယ်ပေါ်ကျလာသည့် ကုလား ထိုင်နှင့် ရိုက်မိသော တပ်ထိန်းကို တွန်းဖယ်၍ မတ်တတ်ရပ်လိုက်သည်။

ခါးကြားထဲမှာ အမြဲဆောင်ထားသောဓားကို ဆွဲထုတ်၏။

ဆွန်ဂျာကိုချုပ်ကိုင်ထားသော တပ်ထိန်းသည် ဆွန်ဂျာကိုတွန်းဖယ်၍ ရှေ့သို့တစ်လှမ်းတိုးလာ၏။ ဝူလ်လက်ထဲမှ ဓားကိုမြင်သောအခါ တုံ့ကနဲရပ်သွား၏။ သူတို့နှစ်ဦးသား ခဏတာမျှ မလှုပ်မယှက် တစ်ယောက်ကိုတစ်ယောက်ကြည့်နေကြ၏။ တပ်ထိန်းသည် နံဘေးမှ လဲကျသွားသော သူ့အဖော် နှစ်ဦးကိုကြည့်သည်။ နောက် ခါးကြားမှ သေနတ်ကို ဆွဲထုတ်ရန်ကြိုးစား၏။

ဝူလ်သည် ချက်ချင်း နောက်လှည့်ပြီး တံခါးပေါက်ရှိရာသို့ပြေးသည်။ သူ့မျက်လုံးတစ်ဖက်မှာ ပိတ်သလောက်နီးပါးဖြစ်နေ၍ ဘာမှသဲသဲကွဲကွဲ မမြင်ရ။ တံခါးလက်ကိုင်ကိုရှာသည်။ ချက်ချင်းမတွေ့၊ ခဏကြာမှ တွေ့သည်။ တံခါးကိုဆွဲဖွင့်ပြီး အပြင်သို့ ဝုန်းကနဲထွက်လိုက်သည်။ ထိုစဉ် သေနတ်သံတစ်ချက်ကြားလိုက်၏။

ဗင်ဒန်သည် သူ၏မော်တော်ဆိုင်ကယ်ကို စက်ကုန်ဖွင့်၍လာသည်။ သူ၏ဆိုင်ကယ်ရှေ့မီးမှာ ညမီးမထွန်းရဟူသော အမဲဝတ်ဖုံးထားခြင်းကို ဖယ်ထားပြီးဖြစ်၍ ရှူးရှူးရဲရဲ လင်းနေ၏။ သူ့လက်မသည်လည်း ဟွန်းကို အဆက်မပြတ်ဖိရင်းမောင်းနေ၏။ လမ်းများမှာ တက္ကစီများ၊ မြင်းလှည်းများ၊ စစ်ကားများ၊ မြည်းများ ကုလားအုပ်များနှင့် ရှုပ်ပွလျက်ရှိဆဲဖြစ်သည်။ ပလက်ဖောင်းပေါ် တွင်လူများရှုပ်ထွေးနေပြီး ဆိုင်များမှ မီးရောင်များသည် လင်းနေဆဲ၊ ဗင်ဒန်သည် ထိုသို့ ရှုပ်ထွေးနေမှုများအကြားမှပင် ဘာမှ ဂရုမစိုက်ပဲ စက်ကုန်ဖွင့် စီးလာ၏။

ထောက်လှမ်းရေးတပ်ဖွဲ့ လက်ထောက်အရာရှိသည် သူ့အိမ်သို့ ဖုန်းဆက်အကြောင်းကြားခဲ့သည်။

"အာ. . . ဗင်ဒန်လား၊ ခင်ဗျားမဟုတ်လား၊ ငွေတုတွေကိစ္စကို အမြဲတကြီးအကြောင်းကြားပါလို့မှာထားတာ၊ ခုပဲ ငွေတုလာသုံးတဲ့လူတစ်ယောက်ရှိတယ်ဆိုပြီး စားသောက်ဆိုင်တစ်ဆိုင်က အကြောင်းကြားတယ်"

"ဘယ်မှာလဲ"

အရာရှိက လိပ်စာပေးသည်။ ဗင်ဒန်သည်အိမ်မှ အပြေးအလွှားထွက်လာခဲ့ခြင်းဖြစ်သည်။ လမ်းချိုးတစ်ခုကို အတင်းလျှောတိုက်ကွေ့ရင်း သူစဉ်းစားသည်။ ငွေတုများ အများအပြားထွက်နေသည်ဖြစ်ရာ တချို့သော ဥရောပတိုက်သားများထံလည်း ရောက်နေနိုင်သည်ဖြစ်၏။ စားပွဲထိုးမှ လူဆိုသူသည် ရိုးရိုး အပြစ်မရှိသူတစ်ဦးလည်းဖြစ်နိုင်သည်။ မဖြစ်ပါစေနှင့်ဟု သူကြိတ်ဆုတောင်းမိသည်။ သူသည် အဲလက်ဝူလ်ဆိုသူကို ဖမ်းချင်သည်မှာ အူထဲအသည်းထဲက ယားနေပြီဖြစ်၏။ ငါ

သားသည် သူ့အပေါ် လက်တစ်လုံးခြားလှည့်ဖြား၍ ကျောနေသည်မှာ များပြီ၊ နောက်ဆုံး လျှို့ဝှက်သတင်းကြီးတစ်ခုကိုပင်ရအောင်ယူ၍ ရှိမဲလ်ထံ ပို့ခဲ့သေးသည် မဟုတ်လား။ သည်ငနဲသည် အီဂျစ်ပြည်တစ်ခုလုံး ကျဆုံးအောင်လုပ်နေခြင်းဖြစ်သည်။ တွင်လားဆိုတော့ မကသေးပါ။ ဗင်ဒန်အနေနှင့် သူကိုယ်တိုင် ကိုယ်နှိုက်ကပင် သည်ငနဲကို တွေ့ချင်နေသည်။ ဘယ်လိုငနဲလဲ။ ဘယ်လိုအပြုအမူရှိသလဲ၊ လူလည်လား၊ သတ္တိရှိသလား။ ထံကျောင်းနေတာလား၊ အားလုံးသိချင်သည်။ နောက်ဆုံး သည်ငနဲကို လည်မျိုညှစ်ပြီး အချုပ်ထဲသွင်းပစ်ချင်သည်။

လမ်းပေါ်မှ ချိုင့်တစ်ခုကိုရှောင်၍ ဆိုင်ကယ်ကို လမ်းကြောင်းတည့်လိုက်သည်။ လမ်းသည် ရှင်းစပြုပြီဖြစ်၏။ လိပ်စာမှာ မြို့လယ် အပြင်ဘက်ခပ်ယွန်းယွန်း၊ မြို့ဟောင်းဘက်မှာရှိသည်။ ဗင်ဒန်အနေနှင့် လမ်းတွေအားလုံးသိပြီးဖြစ်သည်။ စားပွဲ ကိုမှုသူမသိ၊ နောက်ဆုံး သူသွားရမည့်လမ်းကို ရောက်လာ၏။

လမ်းမှာ ကျဉ်းကျဉ်း မှောင်မှောင်ဖြစ်သည်။ နံဘေးမှ အဆောက်အအုံများသည် မြင့်မား၏။ တချို့အောက်ထပ်များတွင် ဆိုင်ခန်းများဖွင့်ထားကြသည်။ လမ်းထဲသို့ တစ်ဝက်လောက်ရောက်အလာတွင် သေနတ်သံတစ်ချက်ကြားရသည်။ ဘက်နက်ငယ်သေနတ်သံ၊ နောက်မှန်ကွဲသံကြားရသည်။ သူသည် အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။

မှန်တံခါးကွဲမှ အလင်းရောင်များ အပြင်သို့ ယိုဖိတ်ကျလာသည်။ တံခါးအပြင်သို့ အရပ်မြင့်မြင့်ငနဲသား လမ်းပေါ် ပြေးထွက်လာသည်။

သည်ငနဲသည် ဝူလ် ဖြစ်ရမည်။

ထိုလူသည် တစ်ဘက်သို့ ပြေးသည်။

ဗင်ဒန် စိတ်သည် လှုပ်ရှားသွား၏။ ဆိုင်ကယ်လီဗာကိုလှည့်တင်လိုက်သော ဆိုင်ကယ်သည် အသံကုန်မြည်၍ ပြေးသူနောက်သို့ လိုက်လေ၏။ ဆိုင်ကယ်ဘက်သွားစဉ် စားပွဲရုံထဲမှ တပ်ထိန်း တစ်ဦးထွက်လာပြီး ပြေးသူကို ခြောက်လုံးပြူးနှင့် သုံးချက်ပစ်သည်။ ပြေးသူကိုထိမှန်ပုံမရ။

ဗင်ဒန်၏ ဆိုင်ကယ်မီးရောင်တွင် ပြေးသူသည် အထင်းသားပေါ်နေ၏။ ပြေးသူမှာ သန်သန်စွမ်းစွမ်း အားမာန်အပြည့် လက်လွှဲပြီး ခြေကုန်ပြေးနေ၏။ မီးရောင်ကြောင့် ငနဲသား နောက်လှည့်ကြည့်သည်။ ပြေးနေသော ခြေကမူ မရပ်။ ထိုအခိုက်ကလေးမှာပင် နှာခေါင်းကောက်ကောက်၊ မေးရိုးကောင်းကောင်း၊ နှုတ်ခမ်းမွေးထူထူနှင့် ရုပ်ကို ဗင်ဒန်မြင်ရသည်။

ဗင်ဒန်အနေနှင့် သေနတ်နှင့် လှမ်းပစ်လျှင်ရသည်။ သို့သော်ဌာနချုပ်မှ

အရာရှိများသည် သေနတ်ကိုင်ဆောင်ခွင့်မရှိ။

သို့သော် မော်တော်ဆိုင်ကယ်သည် တဖြည်းဖြည်းမိုလာ၏။ သူတို့နှစ်ဦး သား ရင်ဘောင်တန်းလောက်ရောက်အလာတွင် ဝူလ်သည် တစ်ဆစ်ချိုး လမ်းတစ် ခုထဲသို့ ကွေ့သည်။ ဗင်ဒန်သည် သူ့ဆိုင်ကယ်ကို တရှိန်ထိုးကွေ့ပြီး ဝူလ်ရှိရာသို့ ကွေ့လိုက်၏။ မော်တော်ဆိုင်ကယ်သည် လေထဲသို့ ထိုးထွက်သွားလေ၏။

ဗင်ဒန်၏ရင်ထဲမှာ ဟာကနဲဖြစ်သွား၏။ သူ့မော်တော်ဆိုင်ကယ်ရှေ့မီး ရောင်တွင်ဘာမှ မမြင်ရ၊ သူသည် ချောက်ထဲကျသွားလေသလား၊ နောက်ဘီးသည် တစ်ခုခုကိုထိသည်။ ရှေ့ဘီးသည် အောက်သို့ဆက်ကျသည်။ ဘာမှမထိ နောက် ဆက်ကျသည်၊ ပြီးမှ တစ်ခုခုကိုထိသည်၊ မီးရောင်ကြောင့် လှေခါးထစ်များကို သူဆင်းလာခဲ့ကြောင်း ဗင်ဒန်သိသွားရသည်၊ ဗင်ဒန်သည် ကြိုးစား၍ ဆိုင်ကယ်ကို တည့်တည့်ပြေးအောင်ထိန်းလိုက်၏။ ဆိုင်ကယ်သည် လှေခါးထစ်များအတိုင်း အမြန် ပြင်းစွာ ဆောင့်၍ ဆောင့်၍ ဆင်းနေ၏။ တစ်ချက်တစ်ချက် ဆောင့်လိုက်တိုင်း ဗင်ဒန် ဆိုင်ကယ်ကို မထိန်းနိုင်တော့ဟု အောက်မေ့နေမိသည်။ ရှေ့မီးရောင်အောက် အုတ်လှေခါးရင်းတွင်မှ ဝူလ်ကိုတွေ့နေရ၏။ သူကားပြေးနေဆဲ။

ဗင်ဒန်၏ဆိုင်ကယ်သည် လှေခါးခြေရင်းထိ ရောက်လာလေ၏။ သက်ပြင်း နည်းနည်း ချနိုင်သွား၏။ ကံကောင်းလေစွ။ ဝူလ်သည် လမ်းတစ်ခုထဲချိုးဝင်သွား သည်ကိုမြင်ရသည်။ ဗင်ဒန်လိုက်ရပြန်သည်၊ ဝူလ်သည် လှေခါးတစ်ခုကို တက်ပြေး ပြန်ပြီဖြစ်၏။

ဗင်ဒန်မတတ်နိုင်တော့ ဘုရားသာတမိသည်။

သူ့တွင်ရွေးစရာလမ်းမရှိတော့၊ ဆိုင်ကယ်ကို အင်ဂျင်စက်မြှင့်ပြီး လှေခါး ရှိရာသို့ ဦးတည်ပေးလိုက်သည်။ လှေခါးဦးနှင့် မထိမီ ဆိုင်ကယ်လက်ကိုင်ကို အား ရှိသမျှမ, လိုက်ရာ ရှေ့ဘီးသည် မြောက်ကြွသွားပြီး ဆိုင်ကယ်သည် လှေခါးပေါ်သို့ ရောက်သွားသည်၊ ဆိုင်ကယ်သည် အရှိန်နှင့် လှေခါးကို ပြေးတက်နေပြန်၏၊ သို့ သော် ထိန်းသိမ်းရန်ကားမလွယ်လှ၊ ဗင်ဒန်သည် ကြိုးစားထိန်းနေ၏။ နောက်ဆုံး လှေခါးထိပ်လမ်းမပေါ် ရောက်သွား၏။လမ်းမှာ အုတ်တံတိုင်း နှစ်ခုအကြားမှ ဖြစ်သည်။ ဝူလ်ကို ဆိုင်ကယ်ရှေ့ တည့်တည့်မှာ ပြေးနေဆဲမြင်ရသည်၊ သည်ပုံ အတိုင်းဆိုလျှင် လမ်းမဆုံးမီ သူမှီနိုင်သည်၊ စက်တင်လိုက်၏။

ဝူလ်သည် နောက်သို့တစ်ချက်ကြည့်ပြီး ဆက်ပြေးသည်။ သူ့ခြေထောက် များသည် ယိုင်နဲ့စပြုနေပြီဖြစ်သည်၊ စတုန်းကလို အားကောင်းမောင်းသန်မရှိတော့။

ဝူလ်သည် အားကုန်တင်ပြေးသည်။ သို့သော် သိပ်မပြေးနိုင်တော့။ ဗင်ဒန်

…သည် ရင်ဘောင်တန်းလာ၏။ နောက် ရှေ့နည်းနည်းကျော်ပြီး လှည့်ကွေ့လိုက်သည်။ …နောက်ဘီးသည် လျှောတိုက်သွားပြီး ရှေ့ဘီးသည် အုတ်နံရံကို တိုက်မိသည်။ ဗင်ဒန် …သည် ဆိုင်ကယ်မြေပေါ် မကျမီ ခုန်ဆင်းလိုက်၏။

ဗင်ဒန်သည် ဝူလ်နှင့် မျက်နှာချင်းဆိုင်မှာ ရပ်မိသည်။ ,

မော်တော်ဆိုင်ကယ် ရှေ့မီးကွဲမှ အလင်းရောင်သည် အမှောင်ထုလမ်း …ကြားတွင် ဝိုးတဝါးလင်းနေ၏။

ဝူလ်အနေနှင့် နောက်ကြောင်းပြန်လှည့်ပြေးရန် မဖြစ်နိုင်တော့။ …အကြောင်းမှာ ဗင်ဒန်သည် ယခုမှ ဆိုင်ကယ်ပေါ်မှ ခုန်ဆင်းလာသူဖြစ်၍ သူ့ကို …အလွယ်တကူ လိုက်မိလာမည်ပဲဖြစ်သည်။

ဝူလ်သည် ဘာမှမစဉ်းစားတော့ပဲ မော်တော်ဆိုင်ကယ်ကို ဖြတ်ကျော်၍ …ဗင်ဒန်ကို ပြေးခုန်တိုက်လိုက်၏။ ကိုယ်ခြေထောက်ပေါ်မှာ ကောင်းကောင်းနိုင်နိုင် …မရပ်ရသေးသော ဗင်ဒန်သည် နောက်သို့လန်လဲကျသည်။ ဝူလ်ကိုယ်တိုင်လည်း …ထိမ်းယိုင်သွားရာမှ ကြိုးစားထိန်းပြီး ရှေ့သို့ လှမ်းပြေးသည်။ ဗင်ဒန်သည် မှောင် …ထဲမှာပင် ရမ်း၍ လှမ်းဆွဲသည်။ ဝူလ်၏ခြေထောက်တစ်ဘက်ကို လှမ်းဆွဲမိသည်။ …အရှိန်ကြောင့် ဝူလ်ပစ်လဲကျသွား၏။

ဆိုင်ကယ်မီးရောင်မှာ မှုန်ပျပျသာလင်းနေ၏။ ဆိုင်ကယ်စက်သည် ရပ် …သွားပြီဖြစ်၏။ ဗင်ဒန်အနေနှင့် ဝူလ်၏ အသက်ရှူသံပြင်းပြင်းကို ကြားနေရသည်။ …သို့သော် ဝူလ်မျက်နှာကိုကားမမြင်ရ။

သူတို့နှစ်ဦးသား တစ်စက္ကန့်မျှလဲနေကြ၏။ နောက်ကပျာကယာ ထရပ် …ကြသည်။ ဗင်ဒန် ဝူလ်ကို လှမ်းခုန်အုပ် ဖမ်းသည်။

ဝူလ်သည် အတော်သန်စွမ်းသူဖြစ်သည်။ ဗင်ဒန်သည် ဝူလ်၏လက်များ …ကို ချုပ်ရန်ကြိုးစား၏။ မလွယ်ကူလှ။ သို့နှင့် ဗင်ဒန်သည်ဝူလ်ကို ချုပ်ထားရာမှ …လွှတ်ပြီး လက်သီးတစ်လုံးထိုးလိုက်၏။ ပျော့ညံ့သော အသားတစ်စုံတစ်ရာကို ထိုး …မိသည်။ ဝူလ် ပါးစပ်မှ 'အင့်' ဆိုသော အသံထွက်လာ၏။

ဗင်ဒန်သည် နောက်တစ်ချက် ထပ်ထိုးပြန်သည်။ သည်တစ်ချက်ကား …မျက်နှာကို မှန်းဆ၍ ထိုးခြင်းဖြစ်သည်။ သို့သော်မထိ၊ ဝူလ်က ရှောင်လိုက်သော …ကြောင့် ဖြစ်သည်။ ဗင်ဒန်၏လက်သည် လေထုကိုသာ ထိုးမိသည်။ ထိုစဉ်မှာပင် …ဝူလ်လက်ထဲမှ လက်ကနဲ ဝိုးတဝါးမှာ မြင်လိုက်ရ၏။

ဗင်ဒန်တွေးသည်။ ဓားပါလား။

ဓားသွားသည် ဗင်ဒန်၏လည်တိုင်သို့ ဝင်လာ၏။ ဗင်ဒန်နောက်သို့ ငုံ့

ရှောင်လိုက်၏။ ပါးပြင်တစ်ခုလုံး ပူကနဲဖြစ်သွားသည်။ ယောင်ရမ်းပြီး မျက်နှာရှိရာ လက်နှင့်အုပ်မိသည်။ သူ့လက်များသည် ပူနွေးသော သွေးများစမ်းမိ၏။ ရုတ်တရက် သူသိပ်နာကျင်သွားသည်။ ထိုစဉ် ဝူလ်၏ပြေးသွားသော ခြေသံကိုကြားရ၏။ ဗင်ဒန် စိတ်သည် လုံးဝအမှောင်ဖုံးသွားလေတော့၏။

❖ ❖ ❖

(၁၃)

ၓလ်သည် ဘောင်းဘီအိပ်ထဲမှ လက်ကိုင်ပုဝါယူ၍ မားသွားမှ သွေးများကို သုတ်ပစ်လိုက်၏။ နောက် မှန်ဝါးဝါးအလင်းရောင်တွင် မားသွားကို ကြည့်သည်။ ပြီး ထပ်သုတ်လိုက်၏။ သူသည် လမ်းလျှောက်ရင်း မားသွားကို ထပ်ခါတလဲလဲ သုတ်နေမိ၏၊ နောက်ဆုံးမှ ရပ်သွား၏။ ငါဘာလုပ်နေတာလဲ မားသွားက ပြောင်နေပြီပဲ၊ သန့်စင်နေပြီပဲ၊ သွေးမှမရှိတော့ပဲ။ ဘာလို့ထပ်ကာထပ်ကာ သုတ်နေပါလိမ့်ဟု တွေးမိသည်။ လက်ကိုင်ပုဝါကို လွှင့်ပစ်လိုက်ပြီး မားကို နေသားတကျ ပြန်ထားလိုက်၏၊ နောက် လမ်းမပေါ် တက်၍ ရောက်ရှိနေသော အရပ်ကို မှန်းဆလိုက်၏။ ပြီးမှ မြို့ဟောင်းရှိရာသို့ ထွက်လာခဲ့၏။

သူ့အတွေးထဲတွင် အကျဉ်းထောင်ကို မြင်ယောင်နေမိ၏။ အကျဉ်းခန်းကလေးမှာ ၆ ပေ ၄ ပေ သာရှိ၏။ တစ်ခန်းလုံးမှာ ခင်းထားသော ခုတင်တစ်လုံးနှင့် ပြည့်နေ၏။ ခြေရင်းတွင် အပေ့ါအပါးသွားရန် အိုးတစ်လုံးရှိသည်။ နံရံမှာ ချောမွတ်သော ကျောက်တုံးများဖြင့် ဆောက်ထား၏။ တစ်ခန်းလုံးသည် မီးလုံးငယ်လေးတစ်လုံး၏ အလင်းရောင်ဖြင့် လင်းနေသည်။ အခန်းတဘက်မှာ၊ အခြားတဘက်တွင် လူတရပ်မြင်ကွင်းထက်နည်းနည်းပိုမြင့်ထားသော လေးထောင့် ပြူတင်းပေါက်တစ်ခု။ ထိုပြူတင်းပေါက် သံတိုင်များအကြားမှ ကောင်းကင်ပြာကိုသာ မြင်နိုင်သည်။ သူ့ကိုယ်သူ နံနက်တိုင်း ထိုအိပ်ရာမှ နိုးထလာပြီး ဤမြင်ကွင်းကို နိစ္စဓူဝ

တွေ့မြင်ရသလို ခံစားရမိသည်။ သူ့အနေနှင့် ထောင်ကျနေခဲ့သည်မှာ တနှစ်ကြာခဲ့ပြီ။ နောက် ၉ နှစ်နေရပေဦးမည်ဖြစ်သည်။ အပေါ့အပါးအိုးတွင် အလေးချိန်လျှော့ပြီးနောက် ထောင့်လက်ဆေးကန်တွင် လက်ဆေး၏။ ဆပ်ပြာကားမရှိပေ။ တံခါးအောက်မှ စားစရာ ပန်းကန်တချပ်ပို့လာသည်။ သူတစ်ဇွန်းယူ၍ ပါးစပ်ထဲ ထည့်ကြည့်၏။ မျိုချ၍မရပေ။ အကြောင်းမှာ သူသည် ရှိုက်၍ ငိုနေမိသောကြောင့်ဖြစ် ပါ၏။

သူခေါင်းခါလိုက်သည်။ ခေါင်းထဲမှ အတွေးကို ခါထုတ်ပစ်ခြင်း ဖြစ်ပါ၏။ ယခု ငါလွတ်လာပြီ မဟုတ်လား။ ဟုတ်ပါသည်။ သူလွတ်လာခဲ့ပြီဖြစ်ပါ၏။ ထိုအချိန့်တွင်မှ လမ်းပေါ်ရှိ ဖြတ်သွားဖြတ်လာအချို့ သူ့ကို ကြည့်ကြည့်သွားကြောင်း သတိပြုမိသည်။ သို့နှင့် ဆိုင်တဆိုင်ရှေ့မှ မှန်ထဲတွင် မိမိ၏ ပုံရိပ်ကို ပြန်ကြည့်သည်။ သူ့ဆံပင်များမှာ ဖရိုဖရဲဖြစ်နေ၏။ မျက်နှာတခြမ်းမှာ ဖူးရောင်နေသည်။ အင်္ကျီလက်မောင်းတဘက်မှာစုတ်ပြဲနေပြီး သွေးစက်တချို့က ကော်လာတွင် စွန်းထင်းနေ၏။ သူ့တကိုယ်လုံးမှာ မြေးလှွာသတ်ပုတ်ခဲ့၍ မောလျှနေဆဲဖြစ်သည်။ ငါ့ကြည့်ရတာ သူရဲမင်းရဲ စီးနေတဲ့ပုံမျိုးပဲဟု သူတွေး၏။ သူ ခရီးဆက်သည်။ သို့သော် လူသွားလူလာများသော လမ်းမကျယ်ကြီးများကို ရှောင်လိုက်၏။

ဘာလင်မှ ခွေးမသားများသည် သူ့ကို ရက်ရက်စက်စက် အင်္ဂလိပ်ငွေစက္ကူအတုများ ပေးလိုက်သည်။ ဒါကြောင့် ဒီလောက်များများကြီး ရက်ရက်ရောရော ပေးလိုက်ခြင်းပါကလား။ သူတို့ဘာသာ ရိုက်ထားတာကိုး၊ တကယ်မိုက်မဲတဲ့ လုပ်ရပ်ပါလားဟု ဝူလ်တွေး၏။ အထူးသဖြင့် စပိုင်အဖွဲ့ချုပ် ဘက်ဘဝါသည် နာဇီပါတီ၏ လက်အောက်ကမဟုတ်၊ စစ်တပ်၏ လက်အောက်ဖြစ်နေသော အဖွဲ့ဖြစ်သည်။ ဌာနချုပ်ခေါင်းဆောင်ကနရစ်သည်လည်း ဟစ်တလာကို ဘုရားလို ကြည်ညိုသူမဟုတ်၊ ဘာကြောင့် သည်လိုလုပ်ပါလိမ့်။

ငါ ဘာလင်ကို ပြန်ရောက်ရင်တော့ စာရင်းရှင်းဦးမှပဲ။

ကိုင်ရိုမှာ သည်ပြဿနာ ဘယ်လိုများပါလိမ့်၊ သူသည် ဤ ပိုက်ဆံများကို အတော် ဖောဖောသီသီ သုံးခဲ့မိသည်။ ငွေတုများသည် အတော် ပျံ့နှံ့လောက်ပေပြီ။ ဘဏ်တိုက်များအနေနှင့် ငွေတုတွေကို သိသွား. . . အဲ. . . ဘဏ်တိုက်မဖြစ်နိုင် အင်္ဂလိပ်ငွေလဲဌာနဖြစ်ရပေမည်။ မည်သို့ပင်ဖြစ်စေ၊ တစ်စုံတစ်ယောက်သည် ငွေတုများလက်မခံရန် ငြင်းပယ်စပြုပေပြီဖြစ်၏။ ငွေတုသတင်းသည် ကိုင်ရိုမှာ ပျံ့နှံ့ပြီးဖြစ်ရမည်။ ထို့ကြောင့်သာ စားပွဲရုံပိုင်ရှင်သည် ဝူလ်ပေးထားသောငွေကို ငွေတုမှန်း စစ်ဆေးကြည့်၍ သိပြီး တပ်ထိန်းခေါ်ခြင်းဖြစ်ရမည်။ ဆိုင်ရှင်က သူ့ကို

နေ၍ဦးကို ဘရန်ဒီတိုက်စဉ်က တယ်ဟုတ်တဲ့ ငါပါလားဟု ကိုယ့်ကိုယ်ကို ဘဝင်မြင့်သွားခဲ့ခြင်းကို တွေး၍ ပြုံးမိသည်။ လက်စသတ်တော့ ဆိုင်ရှင်ငနဲသားက တပ်ထိန်းတွေရောက်မလာမီ သူထွက်မသွားနိုင်အောင် ပရိယာယ်ဆင်ခဲ့ခြင်းပါကလား။

မော်တော်ဆိုင်ကယ်နှင့်လူ အကြောင်းကို စဉ်းစားမိသည်။ ထိုလူသည် အတော်ခွဲနပဲကြီးသူဖြစ်သည်။ လမ်းကြိုလမ်းကြား လှေကားအတက်အဆင်းများကို မော်တော်ဆိုင်ကယ်ဖြင့် အရိပ်သဖွယ် ကပ်လိုက်ခဲ့သည်။ စွန့်စားခဲ့သည်။ ဆိုင်ကယ်သမားမှာ သေနတ်မပါကြောင်း ဝူလ်တွေးမိသည်။ ပါခဲ့ပါက အသုံးချမည် သေချာသည်။ ဆိုင်ကယ်သမားသည် သံခမောက်ဆောင်းမထား၍ တပ်ထိန်းမဖြစ်နိုင်။ သို့ဆိုလျှင် ထောက်လှမ်းရေးက ဖြစ်နိုင်သည်။ မေဂျာဗင်ဒန်ဆိုသူများ ဖြစ်နေမလားပဲ။

ဖြစ်ပါစေဟု ဝူလ်ဆုတောင်းလိုက်၏။

သည်ငနဲကို ငါ ခါးတစ်ချက် ကောင်းကောင်းပေးလိုက်သည်။ ဘယ်ကိုထိသည်မသိ၊ မျက်နှာဖြစ်ဖို့တော့များသည်။

ဗင်ဒန်ဆိုသူ ဖြစ်ပါစေတော့။

ရုတ်တရက် လက်ငင်းအခြေအနေကို ပြန်သတိရသည်။ သူတို့သည် ဆွန်ဂျာကို ဖမ်းမိသွားပြီဖြစ်၏။ သို့သော်ဆွန်ဂျာအနေဖြင့် သူ့အကြောင်း ဘာမှ သူးထူးခြားခြားပြောစရာမရှိ။ ပြောလည်း ပြောမည်မဟုတ်၊ ဆွန်ဂျာသည် လံကြွတ်ဒိတ်တစ်ပုဒ်ကိုလုပ်၍ ချားချားကလပ်မှာ တွေ့ကြောင်း ဘာဘာညာညာ စသည်ဖြင့် ပြောမည်သာဖြစ်၏။ ဖာလိပ်များအနေနှင့် ဆွန်ဂျာကို ကြာကြာထိန်းသိမ်းထားနိုင်ပေ။ အကြောင်းမှာ ဆွန်ဂျာမှာ နာမည်ကျော်တစ်ယောက်၊ အထူးသဖြင့် အီဂျစ်လူမျိုးများအတွက် ထူးခြားသော သူရဲကောင်းမတလေးတစ်ယောက်လို သင်ရှားသော ကချေသည်တစ်ဦး၊ ဆွန်ဂျာကို အကြာကြီးထိန်းသိမ်းထားခြင်းဖြင့် ရိုသတ်ပြည်သူများ၏ မကျေနပ်မှုကို ခံရစရာအကြောင်းရှိ၏။ သို့သော် ဆွန်ဂျာအနေနှင့် သူမ၏နေအိမ် 'လှေအိမ်' လိပ်စာကိုမူ ပေးရမည်ဖြစ်၏။ သို့ဖြစ်ရာ လောလောလတ်လတ် ဝူလ်အနေနှင့် လှေအိမ်ကိုပြန်ရန် မဖြစ်နိုင်တော့။ သူသည် ငပန်းလှပြီ၊ တကိုယ်လုံး ကိုက်ခဲနေ၏။ ကိုယ်လက်သန့်စင်ပြီး အနားယူနိုင်ဖို့လိုသည်။ ဘယ်မှာနားရမည်နည်း။

ဝူလ်တွေးသည်၊ သူရောက်လာခါစက ဤသို့ တစ်ခါဖြစ်ဘူးပြီ၊ တမြို့လုံး ခြေဦးတည့်ရာ သွားနေခဲ့ပြီး၊ အမဲလိုက်သလို အလိုက်ခံခဲ့ရဖူးသည်။ ပြေးစရာမြေမရှိခဲ့။

သည်တစ်ကြိမ်တွင်မူကား အဖွဲ့ဒူလာတစ်ယောက်သာ ရှိတော့သည်။

မြို့ဟောင်းဘက်သို့ လာခဲ့၏။ အမှောင်ရိပ်များကို ဖြတ်ခဲ့သည်။ နောက်ဆုံး အဗ္ဗဒူလာအိမ်၏ ကြောင်လိမ်လှေကားရှိရာသို့ ရောက်ခဲ့၏။

အဗ္ဗဒူလာသည် အခြားလူတယောက်နှင့် ကြမ်းပေါ် ထိုင်နေကြ၏။ သူတို့နှစ်ဦး၏ အလယ်တွင် တမာကူ ဆေးဖိုးတစ်လုံးရှိသည်။ ဆေးခြောက်နံ့က တစ်ခန်းလုံးမွှန်နေ၏။ အဗ္ဗဒူလာသည် မော့ကြည့်လိုက်ရာ ဝူလ်ကို မြင်သည်။ အာရပ်ဘာသာဖြင့်. . . .

'မိတ်ဆွေကြီး အာမတ်ခေါ် အဲလက်(ခ)ပါလား၊ ကြွပါခင်ဗျာ'

ဝူလ်သည် သူတို့နည်းတူ ကြမ်းပေါ် ထိုင်၍ အာရပ်ဘာသာဖြင့် နှုတ်ဆက်သည်။ အဗ္ဗဒူလာက. . .

"ဟောဒီ ကျုပ်ညီတော်မောင် ယာစက်က ခင်ဗျားကိုစကားထာတစ်ခု မေးစရာရှိနေတယ်။ ကျုပ်တို့ညီအစ်ကိုတော်နှစ်ယောက်စလုံး အဖြေရှာနေတာ နာရီအတော်ကြာသွားပြီ။ အဲ. . . တမာကူရှူရင်းပေါ့လေ. . ."

ပြောပြောဆိုဆို တမာရှူပြောင်းကို ဝူလ်ကိုလှမ်းကမ်းသည်။ ဝူလ်က ဆေးတရှူအဆုတ်ထဲ သွင်းလိုက်၏။

ယာစက်က. . .

"ကျုပ်အစ်ကိုတော်ရဲ့ မိတ်ဆွေကြီးအာမက် - အဲလက်ခင်ဗျား၊ ကျုပ်တို့အဖြေ မရတဲ့ စကားထာကလေး သိရင် ရှင်းစမ်းပါဦး၊ အင်္ဂလိပ်တွေက ကျုပ်တို့ကို ဘာလို့ 'ဝုဂ်(ခ)လို့ ခေါ်တာလဲ"

မေးပြီးသည်နှင့် ယာစက်နှင့် အဗ္ဗဒူလာတို့သည် အားပါးတရ ရယ်လိုက်ကြ၏။ ဝူလ်နေနှင့် သူတို့နှစ်ဦးစလုံး ဆေးပေါက်နေကြပြီဖြစ်ကြောင်းရိပ်မိသည်။ နောက် သူ့အလှည့်အဖြစ်ကမ်းလာသော ဆေးပြောင်းကို တစ်ရှိုက်ဖွာလိုက်၏။ ဆေးသည် ပြင်းလှပေသည်။ အဗ္ဗဒူလာအနေနှင့် ဆေးအစစ်ကို သုံးနိုင်ပေသကိုး။

ဝူလ်. . .

"ကျွန်တော်သိသလိုလိုရှိပါတယ်၊ အမိပ္ပာယ်တတော့ ဒီလိုပါ၊ စူးအက်(စ)တူးမြောင်း အင်္ဂလိပ်တွေလက်အောက်မှာ အလုပ်လုပ်တဲ့ အီဂျစ်အမျိုးသားတွေကို အင်္ဂလိပ်တွေက အင်္ကျီတွေထုတ်ပေးပါတယ်။ အင်္ဂလိပ်အစိုးရ လက်အောက်မှာ အမှုထမ်းသူများလို့ အမိပ္ပာယ်ရအောင် အတိုကောက် ဒဗလျူ-အို-ဂျီ-အက်(စ) (W.O.G.S) လို့ အင်္ကျီ နောက်ကျောမှာ ရေးထားပါတယ်။ ဒါကြောင့် အသံထွက်အနေနဲ့ ဝုဂ်(ခ) ခေါ်ကြတာပါ"

ယာစက်နှင့် အဗ္ဗဒူလာတို့သည် ခိုးခိုးခစ်ခစ် ရယ်ကြပြန်၏။ ပြီးမှ

အဗ္ဗဒူလာက. . . .

"ကျုပ်မိတ်ဆွေကြီး အာမက်-အက်လက်(ခ) ဟာ လိမ္မာတတ်သိပါပေတယ်ဗျာ၊ သူက အာရပ်တစ်ယောက်လိုလဲ လိမ်မာတတ်သိတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ အာရပ်အစစ်နီးပါဖြစ်နေလို့ပါပဲ။ ဥရောပတိုက်သားထဲမှာတော့ ကျုပ်အဗ္ဗဒူလာထက် လည်တဲ့လူဆိုလို့ သူတစ်ယောက်ပဲရှိပါတယ်"

ဝူလ်သည် အာရပ်လေသံအတိုင်းဝင်၍. . . .

"ဒီစကားကတော့ဖြင့် မမှန်ဘူးထင်ပါတယ်။ ကျုပ်အခနေနဲ့ မာရ်နတ်သားကိုတောင် လှည့်စားနိုင်တဲ့ အဗ္ဗဒူလာလို-လူစားမျိုးကို အသာယူဖို့ဆိုတာ မဖြစ်နိုင်ပါဘူးဗျာ"

ယာစက်သည် ပြုံး၍ဝူလ်၏ တစ်နေ့ပွတ္တိဉာဏ်ကို ချီးကျူးရင်း ခေါင်းဆတ်၏။ အဗ္ဗဒူလာကမူ ဆေးရှိန်နှင့်ဆက်တွေးပြီးမှ. . . .

"ဒီလိုပါ ညီတော်မောင်၊ မိတ်ဆွေကြီး အာမက်-အက်လက်က သူ့အတွက် ပစ္စည်းတစ်ခု ကျုပ်ကို ပြခိုင်းပါတယ်၊ စွန့်စားရတာကကျုပ်၊ ခံစားမှုအမြတ်ရမှာက သူပေါ့လေ။ ဒါပေမယ့် သူက အလွယ်တကူကျုပ်အပေါ် နာဖြတ်သွားလို့တော့ ဘယ်ရမှာလဲလေ၊ ကျုပ်က သူပြောသလိုသူလိုချင်တဲ့ ပစ္စည်းကို ခိုးပေးပါတယ်၊ လက်ဆွဲအိတ်တစ်လုံးပါ။ အမှန်တော့ ကျုပ်ကလည်း ခိုးလို့ရတဲ့ အိတ်ထဲက ပစ္စည်းတွေကို အပိုင်စီးဖို့ပါပဲ၊ သူခိုးဆိုတာ ခိုးလို့ရတဲ့ ပစ္စည်းကိုတော့ ရပိုင်ခွင့်ရှိတာပေါ့နော်၊ မှတ်ဘူးလားဗျ"

ယာစက်က ဝင်၍ ထောက်ခံ၏။

"ဟုတ်ပါ့. . . ဟုတ်ပါ့"

ဝူလ်သည် ယခုချိန်ထိ အခြေအနေမှန်ကို မသိသေး၊ သူက. . .

"ခင်ဗျား. . . လက်ဆွဲအိတ်ကို ဖွင့်ကြည့်သေးတာပဲဗျာ၊ ကျုပ်အပေါ်မှာ လှည့်စားချင်ရင် ရပါတယ်"

"မှန်ပါဗျ. . . နေဦး. . . နေဦး အရေးကြီးတာက လက်ဆွဲအိတ်ထဲက ဘာမှ တန်ဘိုးရှိတာ မဟုတ်ပါဘူးဗျာ။ ဒါဟာ ကျုပ်မိတ်ဆွေကြီး အာမက်-အက်လက်(ခ)က ကျုပ်အပေါ် နာဖြတ်သွားတာမဟုတ်ဘူးလားဗျာ၊ အဲ. . . နေဦး ကျုပ်ကတော့ ကျုပ်လုပ်အားအတွက် အခကြေးငွေတောင်းတာပေါ့ဗျာ။ ဒီတော့ ကျုပ်က သူပေးတဲ့ အင်္ဂလိပ်ငွေ ပေါင်တစ်ရာကိုရ လိုက်တယ်။ သူကတော့ ဘာမှ မရဘူးပေါ့"

ယာစက်သည် မျက်မှောင်ကုပ်၍. . . .

"ဒါဆို အစ်ကိုတော်က သာလိုက်တာပေါ့"

အဗ္ဗဒူလာက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်ပြီး. . .

"မဟုတ်ဘူးခင်ဗျ၊ သူက ကျုပ်ကို ငွေစက္ကူ အတုနဲ့ပေးသွားတာကိုးဗျ"

ယာစက်သည် အဗ္ဗဒူလာကို ကြည့်လိုက်၏။ အဗ္ဗဒူလာက ယာစက်ကို ပြန်ကြည့်၏။ နောက်နှစ်ယောက်စလုံး ဝါးလုံးကွဲရယ်လိုက်ကြလေ၏။ ပြက်လုံးကောင်းကို ရလိုက်ပြီးဆေးအရှိန်နှင့် မရပ်နိုင်တော့ပဲ ကြမ်းပြင်ကူရှင်ပေါ်မှာ လှိမ့်၍လှိမ့်၍ ရယ်ကြလေ၏ ရယ်ရလွန်း၍ နှစ်ယောက်စလုံး မျက်လုံးထဲမှ မျက်ရည်များ ကျလာလေ၏။

ဝူလ်သည် ပြုံးလိုက်၏။ သည်ပြက်လုံးမျိုးသည် အာရပ်လူမျိုးကုန်သည်တို့ သည်းခြေကြိုက် ပြက်လုံးဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် လက်တစ်လုံးခြား လှည့်ကြ ပတ်ကြပုံ အကြောင်း။ အဗ္ဗဒူလာအနေနှင့် ပုံပြင်ပြက်လုံးကို နှစ်ပေါင်းများစွာ ပြောနေတော့မည်ဖြစ်၏။ သို့သော် ရုတ်တရက် ဝူလ်ရင်ထဲမှာ စိမ့်ကနဲ ဖြစ်သွား၏။ ကြည့်. . .သူ့ ငွေစက္ကူအတုများအကြောင်းကို အဗ္ဗဒူလာလည်း သိသွားလေပြီ။ နောက်ထပ်ဘယ်သူများသိကြဦးမည် မပြောတတ်၊ သူ့အနေနှင့် ရန်သူတွေ ပတ်ချာဝိုင်းသလိုခံစားရသည်။

ပြေးပေါက်က သိပ်မရှိတော့။

ထိုအချိန်မှာ အဗ္ဗဒူလာသည် ဝူလ်ကို သေသေချာချာကြည့်မိပြီး အခြေအနေမှန်ကို သိသွား၏။

"ဘာတွေဖြစ်တာလဲ. . . အလုခံရ လာလို့လား"

မေးမေးပြောပြောနှင့် ငွေခေါင်းလောင်းကလေးကို စလှုပ်လိုက်ရာ၊ တဘက်ခန်းမှ မိန်းမတစ်ဦးအိပ်ချင်မူးတူးနှင့် ပေါ်လာ၏။ အဗ္ဗဒူလာ. . . .

"သွား. . . . ရေနွေးပူပူယူလာခဲ့၊ ဟောဒီက ငါ့မိတ်ဆွေဒဏ်ရာကို ဆေးကြောပေး၊ ဥရောပဝတ်စုံတစ်ခုလဲ လဲဖို့ယူခဲ့၊ ဘီးယူခဲ့၊ ကော်ဖီယူခဲ့၊ သွားမြန်မြန်"

ဥရောပတိုက်သား အိမ်တစ်အိမ်တွင် ဆိုပါက ညဥ့်နက်သန်ခေါင်အမျိုးသမီးတစ်ဦးကို ချေ့သည်ယောက်ျားအား ဝတ်ပြုခိုင်းခြင်းကို ဝူလ်အနေနှင့် ငြင်းဆန်တားမြစ်ရမည်သာ ဖြစ်၏ သို့သော် အာရပ်လောကဌမူ ထိုသို့ ငြင်းဆန်လိုက်ခြင်းဖြင့် အိမ်ရှင်အပေါ် စော်ကားသလိုဖြစ်သွားမည်။ သည်မှာက မိန်းမဆိုသည်မှာ ယောက်ျားများကို ပြုစုဖို့သက်သက်ဖြစ်သည်။ မိန်းမများအနေနှင့်အဗ္ဗဒူလာ၏ အမိန့်ကို အံ့ဩခြင်း၊ မကျေနပ်ခြင်းမဖြစ်ရ၊ ခိုင်းသည့်အတိုင်း လုပ်ကြရုံသာရှိ၏။

ဝူလ်က ရှင်းပြသည်။

"အင်္ဂလိပ်တွေက ကျုပ်ကို ဖမ်းဖို့ကြိုးစားတယ်လေ၊ ကျုပ်လဲပြန်ထိုးသတ်ပြီး မနဲလွတ်အောင်ပြေးလာခဲ့ရတာ၊ အဲဒီနောက် တစ်ခုက ကျုပ်တည်းခိုနေတဲ့နေရာလည်း သူတို့သိသွားလောက်ပြီ"

"အား. . . ဒီလိုလား"

အဗ္ဗဒူလာသည် ဆေးပြောင်းကို ဝူလ်ဘက်သို့ ကမ်းလိုက်ပြန်၏။ ဝူလ်သည် တစ်ရှိုက်ဖွာလိုက်၏။ ဆေးခြောက်၏ အစွမ်းသည် ပြစပြုပြီး သူ့စိတ်များ သည် လျော့သွား၏။ အဗ္ဗဒူလာ၏ မိန်းမနှစ်ဦးသည် ဝူလ်၏ဒဏ်ရာများကို ဆေးကြော သုတ်သင်ပေးသည်။ ခေါင်းဖိုးပေးသည်။ ဝူလ်စည်းစိမ်းရှိသွား၏။

အဗ္ဗဒူလာခေတ္တမျှ ငိုက်မြည်းသွားပြီး၊ နောက်မျက်လုံးကို ပြန်ဖွင့်လိုက်၏။

"ဒါဆို ဒီမှာနေပေါ့၊ ကျုပ်အိမ်ဟာ မိတ်ဆွေအိမ်ပါပဲ၊ အင်္ဂလိပ်တွေ မတွေ့အောင် ကျုပ်ဝှက်ထားပေးမှာပေါ့"

"မိတ်ဆွေကောင်းပီသပါပေတယ်ဗျာ"

ဝူလ်ပါးစပ်က ထိုသို့ပြောလိုက်သော်လည်း စိတ်ထဲမှာ ဂွကျနေ၏။ သူ့အနေနှင့် အဗ္ဗဒူလာကို ပုန်းအောင်း တည်းခိုစရာနေရာ ရှာခိုင်းမည်၊ ထို့အတွက် ငွေ ပေးခိုင်းမည်ဟု ရည်ရွယ်ရင်း ရှိခဲ့၏။ ယခုတော့ အဗ္ဗဒူလာအနေနှင့် သူ့ငွေများသည် ငွေအတုများပင်ဖြစ်ကြောင်း သိသွားပြီဖြစ်၏။ ဘာလုပ်ရမည်နည်း ဟု ဝူလ်စဉ်းစား၏။ ယခု အဗ္ဗဒူလာကမူ အခကြေးငွေ အကြောင်းမပြောပဲ အလကား လုပ်ပေးပါမည်ဟု ဆိုနေ၏။ မိတ်ဆွေကောင်းပီသစွာဖြင့်ဟု၊ အမှန်စင်စစ် အဗ္ဗဒူလာသည် မိတ်ဆွေကောင်းမဖြစ်နိုင်ပါ။ အဗ္ဗဒူလာ၏ကမ္ဘာတွင် မိတ်ဆွေစစ် မိတ်ဆွေကောင်းဆိုသည်မှာ မရှိပါ။ မိသားစုသာရှိသည်။ မိသားစု အတွက်သာ ဘာမဆိုလုပ်ပေးမည်ဖြစ်သည်။ အပြင်လူများအတွက် အလကားဘာမျှ လုပ်ပေးမည် မရှိ။ ယခု ဘာကြောင့်မိတ်ဆွေကောင်းပီသနေပါလိမ့်ဟု ဝူလ်တွေး၏။

သူ့အချက်ပြ ခေါင်းလောင်းသံများက ရင်ထဲမှာ မြည်လာပြန်၏။ သူစဉ်းစားဖို့ ကြိုးစားနေရ၏။ ဆေးခြောက်ရှိန်ရလာပြီဖြစ်၍ အများကြီးစဉ်းစား၍မရ၊ တစ်စစီ၊ တစ်လှမ်းခြင်း စဉ်းစားရမည်ဖြစ်၏။

အဗ္ဗဒူလာသည် အိမ်မှာနေပါဟု ပြောသည်။

ဘာကြောင့်လဲ ငါကသူ့အပေါ် နှာဖြတ်သွားလို့ပါတဲ့။

သည်ပြက်လုံးပုံပြင်သည် မဆုံးသေး၊ အဗ္ဗဒူလာသည် နောက်ထပ် နှာဖြတ်မှုတစ်ခု ထပ်ပြီး ပုံပြင်ဆက်ချင်ပေဦးမည်ဖြစ်၏။

ဘယ်လိုလဲဆိုတော့ ဝူလ်ကို အင်္ဂလိပ်များလက်သို့ လက်ထောက်ချလိုက်

ခြင်း ဖြစ်ကို ဖြစ်ရမည်။ ယခု အိပ်ပျော်သွားသည်နှင့် တစ်ပြိုင်နက် အဗ္ဗဒူလာသည် တပည့်တစ်ဦးဦးကို မေဂျာဗင်ဒန်ထံလွှတ်မည်။ ဝူလ်ကို လာဖမ်းကြမည်။ ထိုသို့ သတင်းပေးသည့်အတွက် အင်္ဂလိပ်အာဏာပိုင်များက အဗ္ဗဒူလာကို အခကြေးငွေ များစွာပေးရလိမ့်မည်။ သို့မှသာ ပုံပြင်တစ်ခုလုံး ပြက်လုံးတစ်ခုလုံး၏ အဆုံးတွင် အဗ္ဗဒူလာက အသာစီးရနိုင်မည်မဟုတ်ပါလား။

သေလိုက်စမ်းပါ ဝူလ်ရယ်။

ဇနီးတစ်ယောက်သည် ရှပ်အင်္ကျီတစ်ထည်ယူလာ၏။ ဝူလ်သည် မတ်တတ်ထပြီး သူ့အင်္ကျီအစုတ်ကို ချွတ်လိုက်၏ အင်္ကျီအသစ်ကို လှမ်းယူသည်။ အဗ္ဗဒူလာက သူ့ဇနီးအား

"သူ့အင်္ကျီအသစ်မလိုသေးပါဘူးကွာ၊ မနက်ကျမှ လဲရင်လဲရတာပါပဲဟာ"

ဝူလ်သည် ယူလက်စအင်္ကျီကို သူ့ကိုယ်မှာ ဆက်ဝတ်လိုက်၏၊ အဗ္ဗဒူလာက

"ဘာလဲ မိတ်ဆွေကြီး အာမက်၊ ကျုပ်တို့လို အာရပ်အိမ်တစ်အိမ်မှာ ခင်ဗျားအိပ်ရလို့ ဂုဏ်နိမ့်ကျသွားတယ် ထင်လို့လား"

ဝူလ်က . . .

"အင်္ဂလိပ်မှာ စကားပုံတစ်ခုရှိတယ် မိတ်ဆွေကြီး နတ်ဆိုးနဲ့ အတူ ထမင်းစားဖို့ဖြစ်ရင် ဇွန်းရှည်ရှည်ကြီးလိုတယ်တဲ့ . . . ဝေးဝေးနေပေါ့ ခင်ဗျာ"

အဗ္ဗဒူလာသည် ပြုံးလိုက်၏။ သူ့အကြံကို ဝူလ်ရိပ်မိသွားကြောင်း နားလည်သည်။

"ကိုယ့်လူကတော့ အာရပ်တစ်ယောက်နီးပါးပါပဲဗျာ"

ဝူလ်သည် နှုတ်ဆက်သည်။

"ကဲမိတ်ဆွေကြီး နှုတ်ဆက်ပါတယ်ခင်ဗျာ၊ ဂွတ်ဘိုင်ပါပဲ"

အဗ္ဗဒူလာက ပြုံး၍ ပြန်နှုတ်ဆက်သည်။

"ဟုတ်ကဲ့ နောက်တစ်ကြိမ်အထိပေါ့ဗျာ"

ဝူလ်သည် ညအမှောင်ထဲသို့ ပြန်ထွက်လာခဲ့ပြန်သည်။ ဘယ်သွားရမည်ကို သူမသိသေး။

ဆေးရုံတွင် သူနာပြုဆရာမလေးသည် ဗင်ဒန်၏ ဒဏ်ရာကို ဆေးကြောလိုက်၏ နောက် ဒေါက်တာအဘူးနောက ကျွမ်းကျင်စွာချုပ်လိုက်သည်။ အပေါ်မှ ပတ်တီးဖြင့် သိုင်းချည်ပေးလိုက်သည်။

ဗင်ဒန်က . . .

"ကျုပ်ပုံကတော့ သွားကိုက်နေတဲ့ ကာတွန်းလိုနေမှာပဲနော်"

ဒေါက်တာ အဘူးနေ့သည် မပြုံးမရယ်ပါ၊ သူမအနေနှင့် ဗင်ဒန်၏ ပြက်လုံးကို မရယ်နိုင်. . .

"ရှင်ပြက်လုံးထုတ်မနေနဲ့နော်၊ ထုံဆေးပြယ်သွားရင် ဒဏ်ရာက သိပ်နာမှာ အနာသက်သာဖို့ သောက်ဆေးယူသွားလေ"

ဗင်ဒန်က. . .

"နေပါစေ၊ မယူတော့ပါဘူး၊ ကျေးဇူးပါပဲ"

"ခေါင်းမမာစမ်းပါနဲ့ မေဂျာရယ်၊ တော်ကြာမှ ရှင်နောင်တ ရနေမယ်"

ဗင်ဒန်သည် ဒေါက်တာမကို ကြည့်လိုက်၏၊ ဆေးရုံဝတ်စုံဖြူဖြင့် ကျက်သရေရှိသည်မှာ မှန်၏။ လှသည်။ ကျက်သရေရှိသည်၊ ကျွမ်းကျင်သည်။ သို့သော်အေးစက်သည်၊ ဩဇာအာဏာပြသည်၊ အဲ. . . အယ်လီနီးလိုမဟုတ်. . . သူက. . .

"အနာပျောက်ဆေးသောက်ရင် ကျုပ်အိပ်သွားမှာပေါ့"

"အိပ်တော့ ကောင်းတာပေါ့ရှင်၊ ဒါမှ ရှင့်အနာ ချုပ်ရိုးကို အနှောင့် အယှက်မရှိတော့ဘူးပေါ့"

"ကျုပ်လည်း အိပ်ချင်တာပေါ့ဗျာ၊ ဒါပေမဲ့ မဖြစ်သေးဘူးဗျ၊ ဌာနချုပ်မှာ ကျုပ်အရေးတကြီးလုပ်စရာတွေရှိနေသေးတယ်"

"ရှင်အလုပ်လုပ်လို့ မဖြစ်သေးဘူးနဲ့တူတယ်၊ လမ်းလျှောက်နေလို့လဲမဖြစ်ဘူး၊ စကားလည်း သိပ်မပြောနဲ့ မရသေးဘူး၊ သွေးထွက်များလို့ ရှင်အားနည်းနေသေးတယ်၊ ဒီ ဒဏ်ရာမျိုးက လူရောစိတ်ပါ ပင်ပန်းစေတာ ခဏကြာရင် ရှင်မူးနောက်နောက် ဖြစ်လာမယ်၊ အားကုန်သွားမယ်၊ သိပ်နာမယ်"

ဗင်ဒန်သည် ထရပ်လိုက်၏။

"ဂျာမန်တွေ ကိုင်ရိုကို သိမ်းသွားရင် ဒီထက်ဆိုးမှာပေါ့ဗျာ"

ဒေါက်တာမ အဘူးနေ့သည်မကျေနပ်။

"ရှင်ဟာ ကလေးဆိုးကြီးလိုပါကလား"

"ဒါထက် ကျွန်တော် အစားစားလို့ရမလား"

"မရဘူး. . . ဆေးသကြားကို ရေနွေးနဲ့သောက်"

ဗင်ဒန်၏ စိတ်ထဲကမူ ဒါဆို ဂျင်နဲ့ဖျော်သောက်မှထင်တယ်ဟု တွေးလိုက်၏။

ဂျိတ်သည် ဟိုတယ်အပြင်ဘက်မှ ကားနှင့် စောင့်နေ၏။ ဗင်ဒန်ထွက်လာ

သောအခါ ဆီးကြို၍. . .

"ဆရာ့ကို ဆေးရုံကကြာကြာ ဆွဲမထား နိုင်ဘူးဆိုတာ ကျွန်တော်သိလို့ စောင့်နေတာ၊ အိပ်လိုက်ပို့ရမလား"

"ဟင့်အင်း. . ."

ဗင်ဒန်သည် လက်ပတ်နာရီကို ကြည့်လိုက်၏။ နာရီကရပ်နေပြီဖြစ်သည်။

"ဘယ်နှစ်နာရီရှိပြီလဲ"

"၂ နာရီ ၅ မိနစ်"

"ဒါထက် စားပွဲရုံမှ ဝူလ်တစ်ယောက်တည်းတော့ မဟုတ်တန်ရာပါ ဘူးနော်"

"မဟုတ်ဘူးဆရာ. . . သူ့အဖော်ကို ဌာနချုပ်မှာ ခေါ်ထားပါတယ်"

"ဒါဆို အဲဒီကိုပို့ကွာ"

"ဆရာ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . ."

ကားသည် ဆေးရုံရှေ့မှ ထွက်လာ၏။ ဗင်ဒန်က. . .

"မင်း အစီရင်ခံစာ ပြီးပြီလား"

"ကနေ့ညက အဖြစ်အပျက်လား. . . မပြီးသေးဘူး ဆရာ"

"ဇွေးကောင်းတယ်. . . မနက်ကျမှ အစီရင်ခံကြတာပေါ့"

ညက အဖြစ်အပျက်အနေနှင့် သေသေချာချာ မိပြီသားကိစ္စကို လက်ထဲမှ လွတ်သွားရသည်အဖြစ်မို့ ရှက်စရာကောင်းလှပေသည်။ ဗင်ဒန်က. . .

"ဝူလ်ရဲ့ ညစာအဖော်က မိန်းမ မဟုတ်လား"

"ဟုတ်တယ်ဆရာ. . . နာမည်ကြီးပေါ့. . . ဆွန်ဂျာဆိုဘာလေ"

"ဟုတ်ကဲ့ခင်ဗျ. . ."

သူတို့နှစ်ဦး စကားမဆက်မိကြ။ ဝူလ်သည် အတော်သွေးအေးအေးလုပ်ရှား နိုင်သူပါကလားဟု ဗင်ဒန်တွေးသည်။ အီဂျစ်ပြည်ရှိ အကျော်ကြားဆုံး ကချေသည်မ နှင့် တွဲခုတ်ညစာစားယင်း အင်္ဂလိပ်လျှို့ဝှက်ချက်များကိုရအောင် ယူနိုင်ပါကလား ယခုအခြေအနေမှာတော့ ရွှေကိုယ်တော်ဝူလ် သွေးအေးနိုင်မည် မဟုတ်တော့၊ သူ့ နောက်ကို အင်္ဂလိပ်ထောက်ရှေးလှမ်းရေးက လိုက်နေပြီဖြစ်ကြောင်း သဲသဲကွဲကွဲ သိ သွားပြီဖြစ်၍ ပို၍ သတိထားပေတော့မည်။ စပိုင်တစ်ယောက်ကို လှန့်လိုက်မိ မကောင်း၊ မိအောင် ဖမ်းဖို့သာကောင်း၏။

သူတို့ဌာနချုပ်ရောက်လာ၏။ ဗင်ဒန်က. . .

"ဆွန်ဂျာ ကို မင်းတို့ ဘယ်လိုလုပ်ထားကြလဲ"

ဂျိတ်က. . .

"ဘာမှ မလုပ်ဘူးဆရာ၊ အချုပ်ခန်းလွတ် တစ်ခုထဲ ထည့်ထားတယ်၊ အစာ ပေးဘူး၊ ရေမပေးဘူး၊ ဘာမှလဲ မပေးဘူး"

"ကောင်းတယ်"

ဗင်ဒန်စိတ်ထဲကမူ ဘာပဲဖြစ်ဖြစ် ဆွန်ဂျာအနေနှင့် တွေးဖို့ စဉ်းစားဖို့အချိန် သွားသည်ဟု အောက်မေ့သည်။ စစ်သုံ့ပန်းများကို များစွာစစ်ဆေးခဲ့ရသော အတွေ့ အကြုံအရ၊ မိမိချင်း စဉ်းစားဖို့ အချိန်မပေးပဲ တောက်လျှောက်စစ်မေးခြင်းက ပို ၍ အဖြေရကြောင်းသူသိသည်။ ထိုအချိန်မှာ ဖမ်းမိသူသည် သေဘေးကို တွေးမိနေ ဖြစ်၍ အဖြေရသည်။ အချိန် ရပြီးစားပြီးသောက်ပြီး စဉ်းစားနိုင်ပြီး ဖြစ်သွားပါက ရားခံသည် ပါးစပ်ပိတ်နေတတ်၏။ အမှန်အားဖြင့် ဗင်ဒန်အနေနှင့် ဆွန်ဂျာကို င်းချင်း စစ်ဖို့ကောင်းသည် သို့သော်အခြေအနေအရ မဖြစ်နိုင်ခဲ့။ ဂျိတ်တို့ အနေဖြင့် ဘတ်နိုင်ဆုံး တစ်ယောက်တည်းဘာမှမပေး၊ မကျွေးပဲထားခြင်းသာ တတ်နိုင်ခဲ့၏။

ဂျိတ်သည် စစ်ဆေးရေးအခန်းသို့ သူ့ဆရာကိုခေါ် သွားသည်။

စစ်ဆေးရေးအခန်းမှာ လေးထောင့်စပ်စပ်ဖြစ်သည်။ ပြတင်းပေါက်မရှိ သော်လည်း လျှပ်စစ်မီးက ထိန်နေသည်။ စားပွဲတစ်လုံးနှင့် မတ်တတ်ကုလားထိုင် ုလုံး၊ စားပွဲပေါ်တွင် ဆေးလိပ်ခွက်တစ်ခုတင်ထား၏။

ဆွန်ဂျာသည် တံခါးပေါက်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ထိုင် နေ၏။ ဂျိတ်ပြောသလိုပင် အတော်လှသော မိန်းကလေးဖြစ်သည်၊ ထွားကျိုင်းပြည့် ဖြိုးသော ကိုယ်လုံးကိုယ်ထည်ရှိ၏။ ကျားမတစ်ကောင်လိုပုံမျိုး၊ ဗင်ဒန်သည် တစ်မိ နစ်မိနစ် ခန့်အကဲခတ်လိုက်၏။ သူမသည် ငြိမ်သက်စွာ ထိုင်နေ၏။ မလှုပ်၊ ကိုသည်သည် ကျိုးကြည့် ကြောင်ကြည့် မလုပ်၊ ဆေးလိပ်လည်းမသောက်၊ လက် သည်းကိုလည်းမကိုက်။ စစ်ဆေးရန်လွယ်ပုံမပေါ်။ ခဏအကြာ သူမ ထပြီးဟိုမှ သည်လမ်းလျှောက်သည်။ မဆိုးလှ သိပ်ခက်မည်မထင်။

ဗင်ဒန်သည် တံခါးဖွင့်ပြီး အခန်းထဲဝင်လိုက်၏။

သူသည် စကားတစ်ခွန်းမှ မပြောပဲ စားပွဲခုံရှိ ကုလားထိုင်မှာ ဝင်ထိုင်လိုက် ၏၊ မတ်တပ်ရပ်နေသေ မိန်းကလေးကို ပထမဆုံးစိတ်ဓာတ်အရ ကိုက်ခိုက်လိုက် င်းဖြစ်သည်။ ဂျိတ်သူ့ နောက်မှဝင်လာပြီး တံခါးပြန်ပိတ်သည်။ ဆွန်ဂျာကိုကြည့် ် အမိန့်ပေးလိုက်၏။

"ထိုင်ပါ. . ."

ဆွန်ဂျာသည် မထိုင်သေးပဲဇင်ဒန်ကို ကြည့်သည်။ နောက်ဇင်ဒန်မျက်နှာ ပေါ် မှပတ်တီးကို မြင်ကာလက်ညှိုးထိုးပြယင်းပြုံးသည်။

“ဒါ. . . သူ့လက်ချက်လား”

ဆွန်ဂျာ နောက် အမှတ်ရသွားပြန်၏။

ဇင်ဒန်က ခပ်တည်တည်ဖြင့်. . .

“ထိုင်ပါ. . .”

“ကျေးဇူးပါပဲ”

သူမသည် ထိုင်လိုက်၏။ ဇင်ဒန်က. . .

“သူ ဆိုတာ ဘယ်သူလဲ”

“အဲလက်ဝူလ်ပေါ့၊ ညက ရှင်ဖမ်းဖို့ကြိုးစားခဲ့တဲ့သူပေါ့”

“အဲလက်ဂူလ်ဆိုတာ ဘယ်သူလဲ”

“ချာချာကလပ်ရဲ့ ဖောက်သည် သဌေးတစ်ယောက်ပေါ့”

“သူနဲ့သိတာ ဘယ်လောက်ကြာပြီလဲ”

ဆွန်ဂျာက လက်ပတ်နာရီကို ကြည့်သည်။

“၅ နာရီလောက်ရှိပြီ”

“သူနဲ့ ဘယ်လိုရင်းနှီးမှုရှိသလဲ”

“ညစာအဖော်ပါပဲ”

“ဘယ်လို တွေ့ကြတာလဲ”

“ထုံးစံအတိုင်းပေါ့ ရှင်၊ ကျွန်မ က အပြီးမှာ စားပွဲထိုးတစ်ယောက်က မစ္စတာဂူလ် စားပွဲကို ကြွပါဆိုပြီး လာဖိတ်လို့”

“ဘယ်စားပွဲထိုးက လာဖိတ်တာလဲ၊ ဘယ်စားပွဲနံပါတ်လဲ”

‘မမှတ်မိတော့ဘူးရှင့်”

“အင်း. . . ဆက်ပါဦး”

“မစ္စတာဂူလ်က ရှန်ပိန်တိုက်ပါတယ်၊ ပြီးတော့ အပြင်စားပွဲရုံတစ်ခုမှာ ညစာစားဖို့ ဖိတ်တယ်လေ၊ ကျွန်မလက်ခံပြီးလိုက်လာခဲ့တာပဲ၊ ကျန်တာတွေ ရှင်သိပြီးသားပါ”

“ဒီလို ပရိတ်သတ်ထဲက ဖိတ်ယင် က,အပြီး သူတို့စားပွဲမှာသွားထိုင်တာ ပဲလား”

“ဟုတ်ကဲ့. . . ကလပ်ရဲ့ထုံးစံအတိုင်းပါပဲ”

“သူတို့နဲ့ အမြဲညစာလိုက်စားတာပဲလား”

“အမြဲတော့ မဟုတ်ဘူး. . . ရံဖန်ရံခါ လက်ခံပြီးလိုက်စားပါတယ်”

"ဒီတခါ ဘာဖြစ်လို့ လက်ခံတာလဲ"

ဆွန်ဂျာသည် ဗင်ဒန်၏ပတ်တီးကို ထပ်ကြည့်သည်။ ပြီးမှ . . .

"ဟုတ်တယ်၊ သူကြည့်ရတာ ထူးဆန်းသလိုလိုရှိလို့"

"မင်းနာမည် အပြည့်အစုံက ဘာလဲ"

"ဆွန်ဂျာ အယ်အာရပ်ပါ"

"လိပ်စာက"

"နာမာလက်-ဂျိဟန် အရပ်မှာပါ၊ လေ့အိပ်နဲ့နေပါတယ်"

"အသက်"

"ဘယ်လို မေးလိုက်တာလဲ"

"အသက်ကို မေးနေတာ"

"ကျွန်မ မဖြေနိုင်ဘူးရှင်"

"မင်း ဒုက္ခရောက်သွားနိုင်တဲ့ အခြေအနေမှာ ရှိတယ်နော်"

"ဟင့်အင်း . . . ရှင်သာ ဒုက္ခရောက်မှာ"

ရုတ်တရက်ပင် ဆွန်ဂျာသည် သူမ၏ ဒေါသကို စုပြုံထုတ်လိုက်၏။ နောက် ဗင်ဒန်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ-

"အနည်းဆုံး ပရိသတ် ဆယ့်လေးငါးယောက်ထက်မနည်း ကျွန်မကို ယူနီဖောင်းဝတ်တွေက အတင်းဆွဲခေါ်သွားတာကို မြင်လိုက်တယ်။ နက်ဖြန်နေ့ခင်းလောက် ဆိုယင် ကိုင်ရိုတစ်မြို့လုံး အင်္ဂလိပ်တွေက ဆွန်ဂျာကို ဖမ်းသွားတယ်ဆိုတာ သိလောက်ပြီ။ တကယ်လို့ ညအချိန်ကျလို့ ကျွန်မ က ဘာမမြင်ရယင် ကိုင်ရိုမြို့ အဓိကရုဏ်းဖြစ်ပြီသာ မှတ်ပေတော့။ ရှင်တို့ရှေ့တန်း သဲကန္တာရထဲက စစ်တပ်တွေကို ပြန်ခေါ်ပြီးထိန်းယူရမှာနော် . . .၊ တကယ်လို့ ကျွန်မကို ဆံတမျှင်အနာတရဖြစ်အောင် လုပ်တယ်ဆိုရင်လဲ နက်ဖြန်ည ကျွန်မ က ယင်းက တစ်ကမ္ဘာလုံးက သိအောင်ပြမယ်၊ ဒါဆိုလဲ အဓိကရုဏ်းကတော့ ဖြစ်မှာသေချာတယ်။ ဒီတော့ ဒုက္ခရောက်တဲ့ အခြေအနေမှာရှိတာ ကျွန်မ မဟုတ်ဘူးရှင့်၊ ရှင် . . . ရှင် . . . ရှင် ရောက်နေတာ"

ဗင်ဒန်သည် သူမ၏ စကားများအားလုံးကို ဘယ်လိုခံစားမှုမရှိသော မျက်နှာပေးနှင့် နားထောင်နေလိုက်၏။ ဘာမှမထူးဆန်းသလိုလို။ နောက်သူမပြောသမျှ ကိုလည်း အလေးမထားသလို နေလိုက်၏။ အကြောင်းမှ သူမပြောသမျှများမှာ အမှန်များ ဖြစ်သောကြောင့်ပင် သူက အေးဆေးစွာဆက်၍ . . .

"ကဲပါ . . . အစက ပြန်စကြရအောင်ပါ၊ မင်း . . . ဝူလ်ကို ချာချာကလပ်

မှ စတွေ့တာပေါ့၊ ဟုတ်လား"

"မစ နိုင်ဘူးရှင်။ ကျွန်မ အစက ပြန်စတာကို လက်မခံနိုင်ဘူး၊ ကျွန်မ ရှင့်ကို ပူးပေါင်းဆောင်ရွက်မှုလုပ်မယ်။ ရှင် မေးတဲ့ မေးခွန်းကို ဖြေမယ်၊ ဒါပေမယ့် ရှင့် ပုလိပ်စစ် စစ်နေတာကိုတော့ လက်မခံနိုင်ဘူး"

သူမ မတ်တတ် ထရပ်သည်။ နောက်ကုလားထိုင်ကို ဆွဲလှည့်ပြီးဗင်ဒန် ကို နောက်ကျောပေးထိုင်လိုက်၏။

ဗင်ဒန်သည် ဆွန်ဂျာ၏ နောက်ကျောကို ငေးကြည့်နေလိုက်မိသည်။ သူမသည် သူ့ထက်ကျော်သွားပြီဖြစ်၏။ ဤသို့ ဖြစ်သွားရသည့် အတွက်လည်း သူ့ ကိုယ်သူလည်း စိတ်ဆိုးသည်။ ဒေါပွသည်။ တစ်ချိန်တည်း၌ စိတ်ထဲက ကျိတ်၍ ဆွန်ဂျာကို ချီးကျူးမိသည်။ သူထိုင်ရာမှ ထပြီး အခန်းထဲမှ ထွက်လိုက်၏။ ဂျိတ် နောက်မှ ထွက်လိုက်လာသည်။ အပြင်ရောက်မှ ဂျိတ်က. . .

"ဘယ်လို သဘောရလဲ"

"ဘယ့်နှယ် တတ်နိုင်မှာလဲ လွတ်ပစ်ရုံရှိတာပဲဟာ"

ဂျိတ်သည် လိုအပ်သည်များကို သူ့လူများအား ညွှန်ကြားလိုက်သည်။ ထို ညွှန်ကြားနေသည်ကို စောင့်ရင်း ဗင်ဒန်သည် ဆွန်ဂျာအကြောင်း စဉ်းစားနေမိသည်။ ဗိမိန်းမသည် ဘယ်က ဘယ်လို ခွန်အားများ ရရှိပြီး သူ့ကို ခွန်းတုံ့မခံပြန်ပြောနိုင် ရသနည်း။ သူမ၏ ဇာတ်လမ်းမှာ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ သူမအနေနှင့် ကြောက်နေရမည်။ တွေဝေနေရမည်။ တုန်လှုပ်နေရမည်သာဖြစ်၏။ မှန်ပါသည်။ သူမ၏ကျော်ကြားမှုသည် သူမအတွက် အကာအကွယ်ရတန်သလောက်ရသည်မှာ မှန်ပါ၏။ သို့သော် ကြောက်ကြောက်နှင့် ကန်ရသည့်ခြေမျိုးသာဖြစ်ရပေမည်။ နာမည်ကြီးမှုသည် ပို၍ထိခိုက်မိမည်ကို ကြောက်တတ်စိုးရိမ်တတ်စမြဲ။

သူမ ဘယ်ကသတ္တိများ ရပါလိမ့်၊ စစ်မေးခဲ့သမျှတို့ကို ပြန်စဉ်းစားကြည့်၏။ အသက်မေးသည်ကို မဖြေခဲ့။ က ချေသည်မ ဖြစ်၍ အသက်အရွယ် လွန်လာသည် ကို စိုးရိမ်ဖုံးကွယ်သည်ကို စိုးရိမ်ဖုံးကွယ်လိုစိတ်နှင့် သတ္တိရခဲ့သလား။ မဟုတ်နိုင်သေး ပေ။ သူမသည် တည်ငြိမ်လှသည်။ ခံစားမှု နည်းပါးလွန်းလှသည်။ သူ၏ ဒက်ရာ ပတ်တီးကို ကြည့်၍ ပြုံးသည်မှအပ သူမ ဘာမှလှုပ်ရှားပုံမပြခဲ့။ နောက်ဆုံး စစ်မေးချိန်တွင် သူမပေါက်ကွဲ၍ ဒေါသဖြစ်သော မျက်နှာကို မြင်ယောက်လာသည်။ သည်မျက်နှာထားမျိုးကို သူသိပါသည်။ ဘယ်မှာ ပါလိမ့်၊ ဒေါသ သက်သက်ကြောင့် မဟုတ်ပါ။ ကြောက်၍လည်း မဟုတ်ပါ။

ရုတ်တရက် သူသိသွား၏။ မုန်းတီးခြင်းပါကလား။

ဟုတ်သည်။ သူမသည် သူ့ကိုမုန်းတီးနေ၏။ သူသည် သူမအတွက် ဘာမှ ထူးခြားပါ။ သာမန် အင်္ဂလိပ်အရာရှိ တစ်ယောက်သာဖြစ်ပါ၏။ သို့ဖြစ်လေရာ သူမသည် အင်္ဂလိပ်များကို မုန်းတီးနေခြင်းသာ ဖြစ်ရမည်။ မုန်းတီးခြင်းသည် သူမ၏ ခွန်အားသတ္တိ ဖြစ်ခဲ့ခြင်း ပါကလား။

ရုတ်တရက် ဗင်ဒန်ပင်ပန်းသွား၏။ စကြံ မှာရှိ ခုံတန်းရှည်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်၏။ သူ့အနေနှင့်ကော ဘယ်မှခွန်အားသတ္တိ ရယူရပါ သိမ့်။ ရှုံးသွပ်ခြင်းထံမှ ခွန်အားသည် အလွယ်တကူ ရနိုင်သည်။ ဆွန်ဂျာမုန်းတီး မှု ဒေါသထဲတွင် ရှုံးသွပ်မှု တချို့ပါဝင်ကြောင်း ဗင်ဒန်ရိပ်မိသည်။ သူ့တွင် ထိုသို့ ခွန်အားရယူစရာ နေရာမရှိ အေးဆေးတည်ငြိမ်စွာဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်မိသည်။

နာဇီတို့သည် ကိုင်နိုကို သိမ်းပိုက်ပြီဟု သူစဉ်းစားမှန်းဆကြည့်မိသည်။ ဘတ်စတာပိုတို့သည် လမ်းမများပေါ်တွင် ခြေချင်းလိမ်နေကြပေမည်။ အီဂျစ်ရှင်း များကို အကျဉ်းစခန်းများသို့ စုပြုံ၍ ပို့ကြမည်။ ဖက်ဆစ်ဝါဒဖြန့် သတင်းများက လေလှိုင်းအနှံ့ ပြန့်နေပေရော့မည် ဖြစ်၏။

ဆွန်ဂျာတို့လို လူမျိုးများသည် အင်္ဂလိပ်လက်အောက်မှာနေရင်း နာဇီများ လက်အောက်မှာ ရောက်နေသလို ယုံမှတ်နေကြပြီးဖြစ်၏။ အမှန်အားဖြင့် မဟုတ် သေးပါ။ သို့သော ဆွန်ဂျာတို့လိုလူမျိုး ရှုထောင့်မှကြည့်လျှင် အတူတူနှင့်အနှုံဖြစ်နေ သည်။ နာဇီများက ဂျူးတို့ကို လူရာမသွင်းသလို အင်္ဂလိပ် များကလည်း လူမည်းများ ကို ကလေးသဖွယ် သဘောထားသည် မဟုတ်ပါလား။ ဂျာမနီမှာ ကဲ့သို့ နိုင်ငံရေး နှိပ်ကွပ်မှုရှိသည်ပင်။ ဆွန်ဂျာတို့လို လူမျိုးအတွက် ဘာမှ ထူးခြားမှု ရှိမည်မထင်။

ဗင်ဒန်မျက်နှာပေါ်မှ ဒဏ်ရာအတွက် ထိုးထားသောတုံဆေးသည် ပြယ် ပြလာပြီဖြစ်သည်။ သူသည် နာကျင်မှုဒဏ်ရာကို ခံစားရစပြုပြီး ပါးတခြမ်းလုံး မီးလောင် ခံရသလို ပူလာ၏။ ခေါင်းကိုက်လာ၏။ ဂျိတ်တစ်ယောက် ဆွန်ဂျာကို ဟုတ်ရန် ကြန့်ကြာနေပါစေဟု ကျိတ်ဆုတောင်းမိသည်။ သို့မှသာ သူသည် ထိုင်ခုံ ပေါ်မှာ ကြာကြာထိုင်နားရမည်မဟုတ်ပါလား။

ဗင်ဒန်သည် သားလေး ဘီလီအကြောင်းကို စဉ်းစားမိသည်။ မနက်လင်း သည်အထိ မအိပ်ပဲ ဆက်နေပြီး သားနှင့်အတူ နံနက်စာစားကျောင်းလိုက်ပို့ပြီးမှ အိမ်ပြန်အိပ်အနားယူရင် ကောင်းမည်ဟု တွေးမိသည်။ အကယ်၍ နာဇီလက် အောက်မှာ ဘီလီရောက်သွားလျှင် ဘာဖြစ်မည်နည်းဟု စဉ်းစားကြည့်မိသည်။ နာဇီတို့က ကျောင်းတွင် ဘီလီအား အာရပ် လူမျိုးများသည် နိမ့်ကျသော လူမျိုးများ

ဖြစ်ကြောင်း သင်ကြား ပေလိမ့်မည်။ ယခုလောလောလတ်လတ် ဘီလီ၏ ဆရာများ ကလည်း အားဖရိက တိုက်သားများ အပေါ် အထင်အမြင်ကြီးသူများမဟုတ်ကြပါ။ သို့သော် ဖခင်ဖြစ်သူ ဗင်ဒန်ကမူ သားငယ်ကို လူမျိုးကွဲပြားသူတိုင်း ကိုယ့်ထက်မနိမ့်ကျကြောင်း အမြဲသင်ကြားခဲ့ပါ၏။ အကယ်၍ နာဇီတို့၏ စာသင်ခန်းမတွင် သားလေးဘီလီက လက်ညှိုးထောင်ပြီး . . .

"ဆရာခင်ဗျာ. . . ကျွန်တော့် ဖေဖေက ခပ်တုံးတုံး အင်္ဂလိပ်တစ်ယောက်ဟာ ခပ်တုံးတုံးအာရပ်ထက် ဘာမှမသာဘူးလို့ပြောတာ ဟုတ်ပါသလားဆရာ" ဟု မေးခဲ့သော် ဘယ့်နှယ်ရှိစ။

ဗင်ဒန်သည် အယ်လိန်းအကြောင်း စဉ်းစားမိပြန်၏။ အယ်လိန်းသည် ယနေ့အခြေအနေတွင် မယားငယ် တစ်ယောက်ဖြစ်နေသည်။ သို့သော် သူမအနေနှင့် ထိုယောက်ျားကို မကြိုက်ပါက နောက်တစ်ယောက်ကို ရွေးချယ်ပိုင်ခွင့် ရှိနေသေးသည် မဟုတ်ပါလား။ သူမလူဘယ်လို ရွေးနိုင်ပါမည်နည်း။ ဗင်ဒန်တုန်လှုပ်သွား၏။

ဟုတ်ပေသည်။ အင်္ဂလိပ်များမှာ ချီးကျူးစရာကောင်းသူများမဟုတ်ပါ။ အထူးသဖြင့် ကိုလိုနီနိုင်ငံများတွင် မကောင်းကြပါ။ သို့သော် နာဇီများက ပို၍ဆိုးသူများ ဖြစ်ပါသည်။ အင်္ဂလိပ်များ၏ ယဉ်ကျေးမှု တိုးတက်မှုမှာ နှေးကွေးပါသည်။ သို့သော် နာဇီများကမူ နောက်ပြန်သွားနေကြပါ၏။ ဗင်ဒန်သည် သူချစ်ရသူများအကြောင်းကို စဉ်းစားလိုက်သည်နှင့် ပြဿနာသည် ရှင်းသွား၏။ အဖြေသည် ထင်းသွား၏။

ထိုအဖြေမှ သတ္တိကိုရယူသည်။ နောက်ထပ်မအိပ်အောင် ထပ်ကြိုးစား သူထလိုက်သည်။

ဂျိတ်ပြန်လာ၏။ ဗင်ဒန်က. . .

"သည်ကောင်မက အင်္ဂလိပ် ဖိုးဘီးယားပဲကွ"

"ဗျာ. . . ဆရာပြောတာက. . . ဘာ"

"ဩော်. . . ဆွန်ဂျာကိုပြောတာပါ၊ သူဟာ အင်္ဂလိပ်တွေကို မုန်းနေတဲ့သူ ဖြစ်ရမယ်ကွ။ ပြီးတော့ ဝူလ်ဆိုတဲ့ လူဟာ သူတစ်ခါသူတစ်ခါသာဆုံဘူးတဲ့လူ မဖြစ်နိုင်ဘူး. . . . သွားစို့"

သူတို့နှစ်ဦးသား အဆောက်အအုံထဲမှ ထွက်လိုက်ကြ၏။ အပြင်မှာ မှောင်နေဆဲ။ ဂျိတ်က. . . .

"ဆရာ သိပ်ပင်ပန်းနေပြီနော်. . . "

"အေး. . . ဟုတ်တယ်၊ ဒါပေမယ့် ငါမှန်မှန်ကန်ကန်တွေးနိုင်တုန်းပဲ ရှိတယ်ကွ၊ ငါ့ကို ရဲစခန်းပို့ကွာ. . . ."

"ဟုတ်ကဲ့. . . ဟုတ်ကဲ့"

သူတို့ ကားနှင့်ထွက်လာကြသည်။ ဗင်ဒန်သည် စီကရက်ဗူးနှင့် မီးခြစ်ကို ဂျိတ်အားပေးလိုက်၏။ ဂျိတ်က လက်တစ်ဖက်နှင့်ကားမောင်းရင်း စီးကရက်ကို မီးညှိသည်။ ဗင်ဒန်ကို တစ်လိပ်ပေး၏။ ဗင်ဒန်သည် စီးကရက်ကို တစ်ရှိုက်ဖွာလိုက်သည်။ သို့သော် အားပါတရ မရှိုက်နိုင်။

ဂျိတ်သည် ကားကို ရဲဌာနချုပ် ရှေ့မှာ ရပ်လိုက်၏။ ဗင်ဒန်က. . . .

"ငါ တာဝန်ရှိတဲ့ စုံထောက်အရာရှိနဲ့ တွေ့ချင်တယ်ကွာ။ ဒါပဲ"

"ဒီအချိန်မှာ သူရှိမယ်မထင်ဘူးဆရာ"

"အေးပါ. . . သူ့လိပ်စာကို ယူခဲ့ကွာ. . . သွားနိုးတာပေါ့"

ဂျိတ်သည် ရဲစခန်းထဲဝင်သွား၏။ ဗင်ဒန်ကားရှေ့မှန်ကို ဖြတ်၍ ငေးကာ ကြည့်နေ၏။ နံနက်၏ အရုဏ်ဦးသည် ပြုစပြုပေနေ၏။ လူတစ်ယောက် မြည်းတစ်ကောင်ကျောပေါ်တွင် ဟင်းသီးဟင်းရွက်များတင်၍ ဈေးဘက်သို့ သွားနေသည်ကို မြင်ရသည်။ အစောဆုံး ဝတ်ပြုသံကို မကြားရသေး။

ဂျိတ်ပြန်လာသည်။

"ဂီဗိုင်ရာ အရပ်မှာတဲ့"

ဂျိတ်သည် ကားပေါ်တက် စက်နှိုး ဂီယာထိုး၍ ကားမောင်းထွက်လာသည်။

ဗင်ဒန်သည် ဂျိတ်အကြောင်းကို စဉ်းစားမိ၏။ ရုံးအဖွဲ့သားတစ်ချို့က ဂျိတ်သည် အလွန်ပျော်တတ်သူဖြစ်ကြောင်း ပြောဘူးသည်ကို မှတ်မိနေ၏။ ဗင်ဒန် အနေနှင့်မူ ဂျိတ်သည် ဆက်ဆံရေးကောင်းမွန်သူ၊ အလုပ်ကျိုးနွံသူဖြစ်ကြောင်း သိပါ၏။ ပျော်တတ်သူ၊ ပြက်လုံးထုတ်တတ်သူ အဖြစ်တစ်ခါမှ မသိခဲ့ရ။ "ငါများ သိုးကြီးဖြစ်နေရောသလား၊ ငါ့ရုံးအဖွဲ့သားတွေက ကြောက်နေပြီး ငါ့ရှေ့မှာဆိုရင် ပြက်လုံး မထုတ်ရဲဘူးများဖြစ်နေနေရောသလား" ဟု သူတွေးမိသည်။ သူ တွေးရသမျှ ရှေ့တွင် ပြက်လုံးထုတ်ရဲသူမှာ တစ်ယောက်ပဲရှိသည်။

အယ်လိန်း. . . .

ဗင်ဒန်က ဂျိတ်အား. . .

"ဂျိတ် မင်းတစ်ခါမှ ငါ့ရှေ့မှာ ပြက်လုံးမထုတ်ပါလား"

"ဗျာ. . ."

"ဩော်. . . ရုံးအဖွဲ့သားတွေက မင်းဟာ အမြဲပျော်ပျော်နေတတ်တယ်၊

ပြက်လုံး ထုတ်တတ်တယ်တဲ့ ငါတော့ တစ်ခါမှ မင်းပြက်လုံးထုတ်တာ မကြားဖူး ပါဘူး"

"ဟုတ်ကဲ့ မထုတ်မိပါဘူး ဆရာ"

"ဘာဖြစ်လို့လဲကွ ဆိုစမ်းပါဦး"

ဂျိတ်သည် ခဏအကြာမျှ တွေသွား၏။ နောက်မှ. . .

"ဆရာက ခပ်တည်တည် နေတတ်တာကိုး"

ဗင်ဒန် ခေါင်းညိတ်သည်။ ဟုတ်သည်။ သူသည် ပြက်လုံးတစ်ခုကို ခေါင်း နောက်ပစ်ပြီး ဟက်ဟက်ပက်ပက်ရယ်မောတတ်သူမဟုတ်။ သူက. . .

"မြေပုံက ပိုင်ပါပေတယ်ကွာ၊ ဒါပေမယ့်"

ဝူလ်အမှုမှာ သူ့စိတ်ကို အတော်လှုပ်ရှားစေသည်မှာ သေချာသည်။ "ငါ့ အလုပ်မှာ ငါသင့်တော်သူမှ ဟုတ်ပါရဲ့လား၊ ဘဝမှာကော သင့်တော်ကောင်းမွန်သူ တစ်ယောက် ဟုတ်ပါရဲ့လား၊ ငါ့မျက်နှာကလဲ နာလာပြီ" ဟု သူတွေးမိသည်။

သူတို့သည် တံတားကို ဖြတ်ကျော်လိုက်၏။ မိုးကောင်းကင်သည် မှုန်ဝါး ဝါးမှသည် ဖြူပါးပါးဖြစ်လာပြီး ကားမောင်းနေရင်း ဂျိတ်က. . .

"ကျွန်တော်စကားတစ်ခွန်းတော့ ပြောပါရစေဆရာ၊ ကျွန်တော့်ရဲ့ အမှုထမ်းသက်မှာ ဆရာဟာ အတော်ဆုံးအထက်ဆုံး အထက်အရာရှိ တစ်ဦးပါပဲ"

"အို. . ."

ဗင်ဒန်သည် ချီးကျူးစကားအတွက် အံ့ဩသွား၏။

"ဘုရားရေ ဟုတ်ရဲ့လားကွာ၊ ဘာပဲ ပြောပြော ကျေးဇူးတင်ပါတယ် ဂျိတ်"

"တကယ်ပြောတာပါ ဆရာ၊ ကျွန်တော်တို့ သွားရမယ့်နေရာလဲ ရောက်ပြီ"

ဂျိတ်သည် ကားကို သပ်ရပ်လှပသော တစ်ထပ်အိမ်ကလေး တစ်လုံးရှေ့ မှာ ရပ်လိုက်၏။ အိမ်ရှေ့တွင် ကျနစွာ ရေလောင်းပြုပြင်ထားသော ပန်းခြံကလေးကို တွေ့ရ၏။ ဗင်ဒန်အနေနှင့် ရဲစုံထောက်အရာရှိသည် သည်လောက်ကောင်းကောင်း စားပြီး ကြီးပွားနေလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။ ယခုပုံဆိုတော့ သိပ်ဆိုးပုံမပေါ် သတိကြီးသူ၊ သေချာသူ ဖြစ်ရမည်၊ ကောင်းသော လက္ခဏာတစ်ခုပါပေ။

သူတို့ နှစ်ဦးသား ပန်းခြံကို ဖြတ်၍ အိမ်တံခါးဝသို့ လမ်းလျှောက်သွား သည်။ နောက်တံခါးခေါက်လိုက်၏။ ခဏအကြာပြတင်းပေါက်တစ်ခုပွင့်လာ၍ ခေါင်း တစ်လုံးထွက်လာပြီး အာရပ်ဘာသာဖြင့် တစ်စုံတစ်ရာ မေးသည်။ ဂျိတ်က စစ်လေသံဖြင့်. . .

"စစ်ထောက်လှမ်းရေးကပါကွ၊ တံခါးဖွင့်စမ်း"

တစ်မိနစ်ခန့်အကြာ တံခါးပွင့်လာ၏။ သေးငယ်သော်လည်း သေသပ်ခန့်ညားသော အာရပ်အမျိုးသားတစ်ဦးကို တွေ့ရ၏။

အာရပ်က. . .

"ဘာကိစ္စများ ဖြစ်လာလို့လဲ"

ဗင်ဒန်က ဝင်၍. . . .

"အရေးတကြီး ကိစ္စရှိလို့ပေါ့ကွာ၊ တို့ဝင်ခဲ့ပါရစေဦး"

"ဝင်ပါခင်ဗျ"

စုံထောက်သည် သူတို့ကို လမ်းဖယ်ပေး၏။ သူတို့ ဧည့်ခန်းထဲရောက်ကာမှ

"ဆိုပါဦး. . . ဘာတွေများ ဖြစ်လာတာတုန်း"

အာရပ်သည် စိုးရိမ်နေပုံရ၏။ ညကြီးသန်းခေါင် စစ်ထောက်လှမ်းရေးမှ ဘဲခါးလာခေါက်သည်ကို မည်သူများ မစိုးရိမ်ပဲ ရှိပါမည်နည်း၊ ဗင်ဒန်က. . .

"ဘာမှ ကြောက်စရာမဟုတ်ပါဘူး၊ ကျုပ်တို့က ခင်ဗျားတို့ရဲ့အဖွဲ့ကို ထောက်လှမ်းရေးတာဝန်ပေးချင်လို့ပါ၊ ကိစ္စက ခုချက်ချင်းစောင့်ကြည့်ဖို့လိုအပ်နေလို့ပါ"

"ဟုတ်ကဲ့ခင်ဗျ ထိုင်ကြပါ"

ရဲစုံထောက်သည် အိတ်ထဲမှ မှတ်စုနှင့်ခဲတံကို ထုတ်သည်။

"ဘယ်သူ့ကိုများ ပါလိမ့်"

"ဆွန်ဂျာအယ်အာရမ်ကိုပါ"

"ကချေသည်မကိုလား"

"ဟုတ်တယ်၊ သူ့ကို ၂၄နာရီ လုံးစောင့်ကြည့်ပါ၊ ဆွန်ဂျာဟာ ဂင်လာလက်အရပ်မှာ ဂျိဟန် ဆိုတဲ့ လေ့အိမ်နဲ့ နေတယ်"

စုံထောက်သည် အသေးစိတ်များ ရေးမှတ်ယူနေ၏။ ဗင်ဒန်အနေနှင့်မူ ဤကိစ္စအတွက် အိဂျစ်ရဲအဖွဲ့ကို မသုံးချင်သေး၊ သို့သော် မတတ်နိုင်ပါ၊ အာရပ်နိုင်ငံတစ်ခုတွင် အင်္ဂလိပ်လူမျိုးများစောင့်ကြည့်နေရန် မသင့်တော်လှပါ၊ စုံထောက်က

"ဘယ်လိုအမှုများပါလိမ့်"

အားလုံး ဖွင့်ပြော၍ မဖြစ်နိုင်ဟု ဗင်ဒန် တွေးမိသည်။ သို့နှင့် သူက. . .

"ဆွန်ဂျာဟာ ကိုင်ရိုမှ ငွေစက္ကူတု ဖြန့်ဖြူးတဲ့ လူတစ်ယောက်နဲ့ ဆက်သွယ်ဘယ်လို့ ယူဆလို့ပါ"

"ဒါဆို ကျွန်တော့်တာဝန်က ဆွန်ဂျာအိမ်မှာ ဘယ်သူတွေ ဝင်ထွက်သွားဘာတယ်၊ သူ့အိမ်မှာ ဘယ်သူတွေ ဆုံကြတယ်ဆိုတာ စောင့်ကြည့်ရမှာ မဟုတ်လား"

"ဟုတ်တယ်၊ အဲ. . . အထူးသဖြင့် လူတစ်ယောက်ကိုပိုပြီး ဂရုစိုက်ပါ၊

သူ့အမည်က အဲလက်ဝှလ်တဲ့။ အဲဒီလူဟာ အစရွတ်မြို့မှာ လူတစ်ယောက်ကို ဓားနဲ့ ထိုးသတ်ဘူးတယ်လို့ ယူဆရတယ်၊ သူ့ရဲ့ပုံပန်းသဏ္ဌာန်ကိုတော့ အရင်ကရဖြူ မဟုတ်လား"

"ဟုတ်ကဲ့ ရပြီးသားပါ. . . . နေ့တိုင်းသတင်းပို့ရမှာလား"

"ဟုတ်တယ်၊ အဲ. . . ဝှလ်လာတာမြင်ရင်တော့ ကျုပ်တို့ကို အကြောင်းကြား၊ စုစ်ထောက်လှမ်းရေးဌာနချုပ်မှာ ဟောဒီကပ္ပတိတ်ဂျိတ်ကို အကြောင်းကြားလဲ ရတယ်၊ မရှိရင် ကျုပ်တို့အိမ်ကို အကြောင်းကြား။ ဂျိတ် တို့ဖုန်းနံပါတ်တွေ ပေးခဲ့ ကွာ"

ရဲစုံထောက်က. . . .

"ကျွန်တော် အဲဒီလေ့အိမ်တွေကို ကောင်းကောင်းသိပါတယ် ခင်ဗျ ကမ်းနားဟာလဲ ညနေတိုင်း ချစ်သူတွေ လမ်းလျှောက်နေကျ နေရာပဲ"

ဂျိတ်က ဝင်၍ထောက်ခံ၏။

"ဟုတ်ပါတယ်"

ဗင်ဒန်က ဂျိတ်ကို မျက်လုံးပင့်၍ကြည့်သည်။ စုံထောက်က ဆက်၍. . .

"သူတောင်းစားတစ်ယောက် ထိုင်နေရင် ဘယ်သူမှ ဂရုစိုက်ကြမယ် မထင်ပါဘူး၊ ညကျတော့လဲ မြူဖုတ်တွေ ရှိတော့ ပြဿနာမရှိပါဘူး၊ ချစ်သူတွေ ချိန်းတွေ့ နေကျ နေရာမှာဆိုတော့ ချောင်းတဲ့ လူရှိစမြဲပါပဲ"

ဗင်ဒန်က ဂျိတ်အား. . . .

"ဟုတ်ရဲ့လားဟေ့ ဂျိတ်"

"ဒါကတော့ မသိဘူးဆရာ"

ဂျိတ်သည်ပြုံးမိသွား၏။ သူ့ဆရာက သူ့ကို စနေပြီကော၊ သူသည် ရေးမှတ်ပြီးဖုန်းနှင့် လိပ်စာများကို ရဲစုံထောက်ကိုပေး၏။

ထိုစဉ် ညဝတ်အင်္ကျီနှင့် ငါးနှစ်ခြောက်နှစ်အရွယ် ကလေးတစ်ယောက် အခန်းထဲဝင်လာ၏။ ရဲစုံထောက်က ဂုဏ်ယူစွာဖြင့်. . . .

"ဒါ. . . ကျွန်တော့် သားပါ"

ဗင်ဒန်က. . .

"ကဲ. . . ကျုပ်တို့ သွားမှ ထင်တယ်၊ အဲ. . . ခင်ဗျားကို မြို့ထဲ ကားကြုံ ပို့ခဲ့ရဦးမလား"

"နေပါစေခင်ဗျ. . . ကျွန်တော့်မှာ ကားရှိပါတယ်၊ ကျွန်တော်အဝတ်လဲ ဦးမှာပါ"

"ကောင်းပြီလေ၊ ဒါဖြင့် သွားမယ် မြန်မြန်လဲလုပ်နော်"

ဖင်ဒန် ထရပ်လိုက်၏။ ခုတ်တရက် သူကောင်းစွာ မတ်တတ် မရပ်နိုင်သလိုဖြစ်သွား၏။ သူမျက်ခွံများမှာ လေးလံထိုင်းမှိုင်းနေ၏။ အခြေအနေအရ သူမျက်လုံးအစုံကို ဖွင့်ထားဖို့လိုဦးမည်ဖြစ်၏။ ဂျိတ်သည် သူ့ဘေးမှ လာတွဲ၏။

"နေကောင်းရဲ့လားဆရာ"

ရှုခင်းသည် ပြန်လည် သဲကွဲလာ၏။ ဖင်ဒန်က. . . .

"ရပါပြီကွာ"

ရဲစုံထောက်က ဂရုဏာသက်စွာဖြင့် . . . .

"ခင်ဗျားမှာ ဒဏ်ရာကြီးနဲ့ပါလား"

သူတို့ တံခါးဝသို့သွားကြသည်။ ရဲစုံထောက်က. . .

"လူကြီးမင်းများ စိတ်ချကြပါခင်ဗျ၊ ဒီထောက်လှမ်းစောင့်ကြည့်တဲ့အလုပ်ကို ကျွန်တော်ကိုယ်တိုင်လုပ်ပါ့မယ်၊ ဆွန်ဂျာရဲ့ လှေအိမ်ပေါ်မှာ ဆရာတို့ မသိပဲ ကြွက်တစ်ကောင်တောင် မတက်စေရပါဘူး"

ရဲစုံထောက်သည် တံခါးဖွင့်ပေးရင်း ဖင်ဒန်အား လက်ကမ်းသည်။

ဖင်ဒန်က လက်ဆွဲနှုတ်ဆက်ရင်း. . .

"ဂွတ်ဘိုင်. . . ဪ. . . ဒါထက်. . . ကျုပ်ကမေဂျာဖင်ဒန်ပါ"

ရဲစုံထောက်က ခေါင်းညွှတ်၍. . .

"ကျွန်တော်က ရဲစုံထောက် လမဲလ်ပါ၊ အမှုတော်ထမ်းဖို့ အဆင်သင့်ပါပဲခင်ဗျာ"

❖ ❖ ❖

(၁၄)

ဆွန်ဂျာအိမ်ပြန်လာ၏။ နံနက်လင်းအားကြီး အချိန်မှ ဖြစ်သည်။ လှေအိမ် သို့ ဝူလ်တစ်ယောက် ပြန်လာလိမ့်မည်ဟု မျှော်လင့်ချက်သိပ်မရှိပေ။ လှေအိမ်သည် ခြောက်သွေ့ခြောက်ခြားစက်နေ၏။ ဘာကြောင့်ခံစားနေရသည် သူမမသိကွဲပေ။ သူမကို ဖမ်းဆီးခံရစဉ်က ဝူလ်တစ်ယောက် သူမကို အင်္ဂလိပ်တွေ လက်ထဲမှာ ပစ်ထားခဲ့ ကောင်းလားဟု ဒေါပွ စိတ်ဆိုးသည်။ နောက်တစ်ယောက်တည်း အချုပ်ခန်းထဲမှာ ထားစဉ်အတွင်း ဝူလ်သူလျှိုလုပ်သည်ကို တဘက်တစ်လမ်းမှ အကူအညီပေးခဲ့သည့် အတွက် သူမကို ဘာများလုပ်ကြမည်နည်းဟု ကြောက်ရွံ့ခဲ့မိသည်။ ဝူလ်အနေနှင့် သူမနှင့်အတူနေ၍ စောင့်ရှောက်ခဲ့ဖို့ကောင်းသည်ဟု သူမတွေးမိသည်။ နောက်တော့ မှ ထိုကဲ့သို့နေခြင်းသည် မလိမ္မာလှဟု တွေးမိ၏။ သူမကို စွန့်ခွာထွက်ပြေးခြင်းသည် သူမအပေါ် သံသယကင်းစေနိုင်သည်ဟု တွေးမိ၏။ အခံရခက်ပေမယ့် ဤနည်းလမ်း သည် အကောင်းဆုံးလမ်းဖြစ်သည်။ အချုပ်ခန်းထဲမှာ တစ်ယောက်တည်း ထိုင်ရင်း သူမ၏ ဒေါသများသည် ဝူလ်အပေါ်မှ အင်္ဂလိပ်များအပေါ်သို့ စုပုံ ရောက်သွားခဲ့ ပါ၏။

သို့ဖြင့် အင်္ဂလိပ်များကို မထိလေးစား တုံ့ပြန်ခဲ့၏။
အင်္ဂလိပ်များ နောက်ဆုတ်ကာ သူမကို လွှတ်ပေးခဲ့ပြီ။

သူမကို စစ်ဆေးခဲ့သော အင်္ဂလိပ်အရာရှိ မေဂျာဗင်ဒန်ဟု စစ်ဆေးခံရ ခဲ့က ဆွန်ဂျာမသိခဲ့၊ နောက်လွှတ်သည့် အချိန်တွင်မှ စာရေးပါးစပ်မှ လွှတ်ကနဲ ကျက်ခဲ့၍ သိခဲ့ခြင်းဖြစ်သည်။ ဗင်ဒန်ဖြစ်ကြောင်းသိရ၍ သူမကျေနပ်၏။ ဗင်ဒန် က်နှာပေါ်မှာ ဒဏ်ရာကို တွေ့၍ ပြုံးမိသည်။ ဝူလ်၏ ဓားချက်သာဖြစ်ရပေမည်။ စ်ခါတည်း အံသေလုပ်ခဲ့ဖို့ကောင်းလှသည်။ ဘာပဲပြောပြော ထူးခြားသည့်ည၊ အောင်ပွဲခံသည့်ညဖြစ်သည်။

ဝူလ်တစ်ယောက် ဘယ်ဆီများ ရောက်နေပါလိမ့်ဟု သူမတွေးသည်။ ဘွင်း တနေ့ရာရာတွင် ပုန်းအောင်းနေရဦးမည်ဖြစ်သည်။ အခြေအနေ ဒေးဆေး ာင်းမွန်သွားပါမှ ပြန်လာမည်ဖြစ်၏။ ယခုလောလောလတ်လတ်မူ သူမအနေ ဘာမှမတတ်နိုင်ပါ။ သို့တိုင် ဤသို့အောင်မြင်သော ညတွင် သူမနှင့်အတူ လ်ရှိစေချင်လှပါ၏။

သူမ ညဝတ်အင်္ကျီကို လဲလှယ်လိုက်၏။ အိပ်ရာဝင်ရတော့မည်ဖြစ်သည်။ သော် အိပ်ချင်စိတ်ကားလုံးဝမရှိ။ အံရက်တစ်ခွက်လောက် သောက်လိုက်ရရင် ်ချင်တန်ကောင်းပါရဲ့၊ ဆွန်ဂျာသည် စကော့ဝီစကီပုလင်းကို ရှာ၍ ဖန်ခွက်တစ် းထဲ၌ လက်နှစ်လုံးသုံးလုံးခန့် ငှဲ့လိုက်၏။ ပြီးမှ ရေရောသည်။ အရက်ကို တစ်ငုံ ့လိုက်စဉ် ကုန်းဘောက်ဘက်မှ ခြေသံကြားရသည်။ ဘာမှမတွေးနိုင်ခင် ပါးစပ် အာမက် ဟု ထွက်သွား၏။ နောက်သူ ခြေသံမဟုတ်ကြောင်းသိသွား၏။ ခြေသံ ပေါ့ပါးလွန်း မြန်ဆန်လွန်းလှသည်။ သူမသည် တံခါးပေါက်ရှေ့တည့်တည့်မှ ရက်ခွက်ကို လက်မှာကိုင်ပြီး ညဝတ်အင်္ကျီနှင့်ပင် ရပ်၍စောင့်နေလိုက်၏။ တံခါး ်ပြီး အာရပ် မျက်နှာတစ်ခုပေါ်လာ၏။

"ဆွန်ဂျာလား"

"ဟုတ်ပါတယ်"

"ခင်ဗျားတစ်ယောက်ယောက်ကို စောင့်နေတာလား"

ထိုလူသည် လှေကားမှဆင်းလာ၏။ ဆွန်ဂျာသည် သတိနှင့် စောင့်ကြည့် ိုက်၏။ လာပြန်ပြီကော ဘာများပါလိမ့်ဟု။ လှေကားရင်းသို့ ရောက်သောအခါ လူသည် ဆွန်ဂျာရှေ့မှာ ရပ်သည်။ ထိုလူသည် ကိုယ်ခန္ဓာသေးသွယ်သော်လည်း ်သားသော အသွင်ရှိသည်။ သွက်လက်ဖျက်လတ်သော လှုပ်ရှားဟန်ရှိသည်။ ာပ ဝတ်စုံကို သပ်ရပ်စွာ ဝတ်စားထားသည်။ သူက. . .

"ကျွန်တော်က ရဲစုံထောက်ချုပ် ကမဲလ်ပါ၊ ခင်ဗျားနဲ့ ခုလို တွေ့ရတာ ်ယူပါတယ်"

သီဟရတန ၁၀၁၆၀

ကမဲလ် လက်ကမ်းပေးလိုက်၏။

ဆွန်ဂျာ နောက်သို့ လှည့်ပြီး ဆိုဖာပေါ်မှာထိုင်ချလိုက်၏။ ရဲများနှင့် ထ
ပြီးဆုံးခဲ့ပြီဟုထင်ခဲ့၏။ ယခု အီဂျစ်ရဲက ပေါ်လာပြန်ပြီကော၊ နောက်ဆုံး လာ
ပေးရခြင်းဖြင့် အဆုံးသတ်ရမည် ထင်ပါရဲ့။ သူမသည် အရက်တစ်ငုံသောက်လိုက်
ပြန်၏။ နောက် ကဲမလ်ကို တည့်တည့်ကြည့်ပြီး. . .

"ရှင် ဘာလိုချင်လို့လဲ"

ကမဲလ်သည် ခွင့်မတောင်းပဲ ဆိုဖာတစ်ခုမှာ ဝင်ထိုင်၏။ ပြီးမှ. . .

"ခင်ဗျားရဲ့မိတ်ဆွေ အဲလက်ဝူလ်ကို ကျွန်တော်လဲ စိတ်ဝင်စားလို့ပါ"

"ကျွန်မ မိတ်ဆွေ မဟုတ်ပါဘူး"

ကမလ်သည် သူမ၏ မှတ်ချက်ကို အရေးမထားပဲ. . .

"အင်္ဂလိပ် အာဏာပိုင်တွေက မစ္စတာဝူလ် အကြောင်းနှစ်ချက် ကျုပ်
ပြောခဲ့ပါတယ်။ တစ်သူက အစရွတ်မှာ စစ်သားတစ်ယောက်ကို ဓားနှင့်ထိုးသတ်သွ
ခဲ့တယ်။ နှစ် ကိုင်ရိုစားပွဲရုံတစ်ခုမှာ ငွေစက္ကူတု ကိုသုံးခဲ့တယ်ဆိုတဲ့အကြောင်း
ပဲ၊ ဇာတိက နည်းနည်းထူးဆန်းနေတယ်။ သူဘာကြောင့် အစရွတ်ကို ရောက်နေ
လဲ၊ သူဘာကြောင့် အဲဒီစစ်သားကိုသတ်ရတာလဲ။ သူဘယ်က ငွေစက္ကူတုတွေရ

"ကျွန်မ အဲဒီလူအကြောင်း ဘာမှ မသိဘူး"

"ကျုပ်ကတော့ ထိုက်တန်သလောက်သိနေပါတယ်၊ အင်္ဂလိပ်တွေ သိ
တော့ မပြောတတ်ဘူး။ ကျုပ်ကတော့ အဲလက်ဝူလ် ဆိုတာ ဘယ်သူဆိုတာ သိတ
သူ့ပထွေးက ရွှေ့နေတစ်ယောက်ပဲ၊ သည်ကိုင်ရိုမြို့ကပဲ၊ သူ့အမေဟာ ဂျာမန်
ဆိုတာ ကျုပ်သိတယ်။ ဝူလ်ဟာ အမျိုးသားဝါဒီတစ်ယောက်ဆိုတာကို ကျုပ်သိတ
ခင်ဗျားချစ်သူတစ်ယောက်ဖြစ်တယ်ဆိုတာလဲ သိတယ်၊ နောက်ပြီး ခင်ဗျား
လဲအမျိုးသားဝါဒီတစ်ယောက်ဆိုတာလဲ သိတယ်။

ဆွန်ဂျာ၏ရင်ထဲမှာ အေးစက်သွား၏။ သူမသည် ငြိမ်နေ၏။ အရက်
လည်း ထပ်မသောက်ဖြစ်တော့၊ ပါးနပ်ပုံရသော စုံထောက်ကိုသာ ငေးကြည့်နေမိ
ဘာမှ မပြောနိုင်။ ကမလ်ကမူဆက်၍

"သူ ဘယ်က ငွေစက္ကူတုတွေရတာလဲ။ အီဂျစ်ပြည်ထဲက တော့မဖြစ်
ဘူး။ အီဂျစ်ပြည်မှာ ငွေစက္ကူတုကို ဒီလောက်ကောင်းအောင် လုပ်နိုင်တဲ့ ပုံနှိပ်စက်
ဘူး။ ရှိယင်လဲ အီဂျစ်ငွေကိုသာ အတုလုပ်မှာပေါ့။ သည်တော့ ငွေတုတွေ
ဥရောပကလာတာပဲ ဖြစ်ရမယ်။ နောက်ပြီး ဝူလ်ဆိုတာ ကိုင်ရိုမှာ အာမက်ရာ
လို့ လူသိများခဲ့တယ်။ သူဟာ လွန်ခဲ့တဲ့သုံးလေးနှစ်က ကိုင်ရိုမှ ပျောက်သွားခဲ့တ

ယ်ရောက်သွားတယ်လဲ၊ ဥရောပကိုလား။ သူပြန်ရောက် လာတော့ အစရှုတ်မြို့မှာ ါ လာတယ်လေ။ ဘာကြောင့်လဲ၊ သူဒီတိုင်းပြည်ထဲဝင် လာတာကို လူမသိစေချင် ့ လား။ ဥရောပမှာ ရှိတုန်းက အင်္ဂလိပ်ငွေတုလုပ်တဲ့ ဂိုဏ်းတစ်ခုနဲ့ ဆက်သွယ်မိပြီး နဲ့ချိသုံးစွဲဖို့ ပြန်လာတာများလား။ မဖြစ်နိုင်ဘူး လို့ ကျုပ်ထင်ပါတယ်။ ဘာကြောင့် ဆိုတော့ သူဟာ လူဆင်းရဲမဟုတ်ဘူး။ ဒုစရိုက်သမားတစ်ယောက်လဲ မဟုတ်ဘူး။ လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုဖြစ်မနေဘူးလားဗျာ"

သူ သိနေပြီကောဟု ဆွန်ဂျာတွေးလိုက်၏။ ဘုရားရေ သူသိနေပြီ. . .

ကမဲလ်ကမူဣန္ဒြေမပျက်ဆက်၍. . .

"အခု အင်္ဂလိပ်တွေက ကျုပ်ကို ဒီလှေအိမ်ကို အမြဲ စောင့်ကြည့်နေဖို့ ဝန်ပေးလိုက်ပြီ၊ ဒီမှာ လူဝင်လူထွက်တွေကို စောင့်ကြည့်ပြီး သူတို့ကို အစီရင် ခံမယ်တဲ့။ ဝူလ် ဒီကိုရောက်လာလိမ့်မယ်လို့ သူတို့ ထင်ထားတယ်၊ လာရင် ကိုဖမ်းပြီး အဖြေရှာကြမှာပဲ။ အဲ ကျုပ်က အယင်အဖြေမရှာခဲ့ယင်ပေါ့လေ"

လှေအိမ်ကို စောင့်ကြည့်နေမယ်တဲ့၊ ဒါဆို သူလာနိုင်ပါတော့မလား။ ဒါပေ ့ ဘာကြောင့်များ ဒီကမဲလ်ဆိုသူက ငါ့ကို ဖွင့်ပြောနေပါလိမ့်ဟု ဆွန်ဂျာ ကတွေး က်၏။ ကမဲလ်က ဆက်၍. . .

"အဓိက သော့ချက်ကတော့ ဝူလ်ရဲ့ သဘာဝ အနေအထားပဲလို့ ကျုပ်ထင် တယ်။ သူက ဂျာမန်လည်း ဟုတ်တယ်၊ အီဂျစ်အမျိုးသားလဲ ဟုတ်တယ်မဟုတ် ။ ကျုပ်တွေးမိတာကတော့ သူ့ကဒီစစ်ပွဲမှာ ဝင်တိုက်နေတယ်လို့ပဲ။ သူဟာ မနီအတွက်၊ အီဂျစ်အတွက် တိုက်နေတဲ့ လူတစ်ယောက်လို့ထင်တယ်။ ငွေတု ဟာ ဂျာမနီက ယူလာတာပဲ ဖြစ်ရမယ်။ ကျုပ်ထင်တာတော့ မစ္စတာဝူလ်ဟာ မန် စပိုင်တစ်ယောက်ဖြစ်ရမယ်"

ဆွန်ဂျာ တွေးသည်။ ဒါပေမယ့် ရှင့်အနေနဲ့ သူ့ကို ဘယ်ရှာမှန်းမသိဘူး တ်လား၊ ဒါကြောင့် ရှင့်ဒီကိုလာတာ မဟုတ်လားဟု တွေး၏။ ထိုစဉ် ကမဲလ်က ကို စိုက်ကြည့်နေ၏။ သူမမျက်နှာပေါ်မှ အတွေးများကို ကမဲလ်တွေ့မြင်သွား ကို စိုး၍ မျက်နှာလွှဲလိုက်၏။ ကမဲလ်က. . .

"သူစပိုင်တစ်ယောက်ဖြစ်နေရင် ကျုပ် သူ့ကို ဖမ်းနိုင်တယ်၊ ဒါမှမဟုတ် ကို ကယ်နိုင်တယ်"

ဆွန်ဂျာ့ခေါင်းသည် ဆတ်ကနဲ လှည့်လာ၏။

"ရှင် ဘာကို လိုချင်တာလဲ"

"ကျုပ် သူနဲ့ တိတ်တိတ် တွေ့ချင်တယ်"

"ဘာ ဖြစ်လို့. . ."

ကမဲလ်က စဉ်းလဲစွာ သိပါတယ်ဟူသော အပြုံး ပြုံးလိုက်၏။

"ဒီမယ် ဆွန်ဂျာ အီဂျစ်ပြည်ကြီး လွတ်လပ်ရေးကို မင်းတစ်ယောက်တည်း ပဲ လိုလားတာမဟုတ်ပါဘူး။ တို့လို လူတွေအများကြီးရှိပါတယ်၊ ကျုပ်တို့အားလုံး အင်္ဂလိပ်တွေ နှိမ်နင်းတာကိုလိုလားတဲ့ သူတွေချည်းပဲ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ဘယ် ဖြစ်ဖြစ် အင်္ဂလိပ်နှင်ရင်ပြီးတာပဲ၊ ကျုပ်တို့အနေနဲ့ ဂျာမနီနဲ့ ပူးပေါင်းချင်တယ်၊ ဆ သွယ်ချင်တယ်၊ အထူးသဖြင့် ရိုမဲလ်နဲ့ စကားပြောချင်တယ်"

"ဒါဆို အာမက်က ရှင်တို့ကို ကူညီနိုင်တယ်လို့ ယူဆတယ်ပေါ့"

"ဟုတ်တယ် သူဟာ စပိုင်တစ်ယောက်ဖြစ်ရင် ဂျာမန်တွေဆီ ဆက်သွယ်ဖို့နည်းလမ်း ရှိရမှာပဲ"

ဆွန်ဂျာစိတ်သည် ရောက်ရက်ခတ်နေ၏။ ကမဲလ်သည် သူမပေါ် စွဲချက်တင်နေသူအဖြစ်မှ ပူးပေါင်းဆောင်ရွက်လိုသူအဖြစ် ပြောင်းလဲသွားပြီဖြစ် အဲ. . . ထောင်ချောက်မဟုတ်ရင်ပေါ့လေ၊ သူမအနေနှင့် ကမဲလ်အပေါ် ယုံသင့်မ သင့်ကို မသိသေး၊ အချိန်က တိုလွန်း၍ စဉ်းစားချိန်မရသေး၊ ဘာပြောရမှန်းမ ထို့ကြောင့်ဘာမှ မပြော။

ကမဲလ်က တိုးတိတ်ညင်သာစွာဖြင့်. . .

"ကျုပ်ကို သူနဲ့တွေ့ဖို့ စီစဉ်ပေးနိုင်မလား"

ဆွန်ဂျာအနေနှင့် ရုတ်တရက်ဆုံးဖြတ်ရန်မလွယ် သို့နှင့်. . .

"မပေးနိုင်ပါဘူး"

"ဒီလှေအိမ်ကို ကျုပ်စောင့်ကြည့်နေမယ်ဆိုတာ သိထားဦး စောင့်ကြည့်နေတဲ့သတင်းပို့ချက်ဟာ မေဂျာဗင်ဒန်လက်ထဲမပို့ခင် ကျုပ်ဆီကို အ ရောက်ရမှာပဲ၊ တကယ်လို့ ကျုပ်သာ ဝူလ်နဲ့တွေ့ခွင့်ရမယ်ဆိုတဲ့ မျှော်လင့်ချက်ရှိ အဲဒီသတင်းပို့ချက်အားလုံးကို ကျုပ်ကိုယ်တိုင်စစ်ဆေးဖြတ်တောက်ပြီး မေဂျာဗင် ဆီကို ကျုပ်သံသယဖြစ်စရာ သတင်းတွေ လုံးဝမရောက်စေရဘူး၊ စိတ်ချ"

ဆွန်ဂျာအနေနှင့် သူမ၏ လှေအိမ်ကို စောင့်ကြည့်ခံနေရပြီဆိုတာ မေ့သွားခဲ့၏။ ဝူလ်သည် တစ်ချိန်မဟုတ်တစ်ချိန် လှေအိမ်ပေါ်သို့ လာမည်ဖြစ်သည် စောင့်ကြည့်သူများ ထိုသတင်းကို ပို့ပါက မေဂျာဗင်ဒန်သိသွားပေမည်။ ကမဲလ် သပြောသလို သတင်းတည်းဖြတ်ထိမ်ချန်ခြင်းမပြုပါက ဗင်ဒန်လက်သို့ ကား ရောက်သွားမည်ဖြစ်၏။ ဆွန်ဂျာအနေနှင့် ရွေးစရာလမ်းမရှိတော့။

"ကောင်းပြီလေ. . . ကျွန်မစီစဉ်ကြည့်ပါ့မယ်"

ကမဲလ်သည် မတ်တတ်ရပ်လိုက်၏။

"ကောင်းပါတယ်ဗျာ၊ ရဲဌာနချုပ်ကို ဆက်သွယ်ပြီး ဆာဟန်က ကျုပ်ကို တွေ့ချင်တယ်လို့ သတင်းပေးရုံပါပဲ၊ အဲဒီသတင်းရရင် ကျုပ်က ခင်ဗျားနဲ့ ဆက်သွယ်ပြီး တွေ့ဖို့ အချိန်နဲ့ ရက်စီစဉ်ပါ့မယ်"

"ကောင်းပါပြီ"

ကမဲလ်သည် လှေကားဆီသို့ သွားပြီးမှ ပြန်လှည့်လာ၏။ အိတ်ထဲမှ ပိုက်ဆံကို ထုတ်၏။ နောက်ဓာတ်ပုံသေးသေးကလေးတစ်ခုယူလိုက်ပြီး ဆွန်ဂျာကို လှမ်းပေးသည်။ ဆွန်ဂျာ၏ ပုံဖြစ်သည်။

"ဒီဓာတ်ပုံလေးကို လက်မှတ်ထိုးပေးပါလားဗျာ၊ ကျုပ်ဇနီးဟာ ခင်ဗျားရဲ့ ရိတ်သတ်တစ်ယောက်ပါ၊ ဇနီးနာမည်က အက်စသာပါ"

ဆွန်ဂျာသည် ဓာတ်ပုံကိုယူ၍. . .

"အက်စသာသို့ ဆုမွန်ကောင်းတောင်းလျက် ဆွန်ဂျာ"

ဆွန်ဂျာဟု လက်မှတ်ထိုးပေးလိုက်၏။

"ကျေးဇူးပါပဲဗျာ. . . အိမ်က အမျိုးသမီးက သိပ်သဘောကျသွားမှာပဲ"

"ကောင်းပြီလေ သူနဲ့တွေ့တွေ့ချင်း ကျွန်မစီစဉ်ကြည့်ပါ့မယ်"

ကမဲလ်က လက်ကမ်းပေး၏။ သည်တစ်ကြိမ်မူ ဆွန်ဂျာက လက်ပြန်ကမ်းကာ လက်ဆွဲနှုတ်ဆက်၏။ ကမဲလ်သည် လှေကားပေါ်သို့ ပြန်တက်သွားပြီး တံခါးပြန်ပိတ်သွား၏။

ဆွန်ဂျာသည် ယခုမှ သက်ပြင်းချနိုင်တော့၏။ ဘာပဲပြောပြော သူမ အနေနှင့် အခြေအနေကို ကောင်းစွာထိန်းသိမ်းနိုင်ခဲ့သည်ဟု ယုံကြည်၏။ သူမအနေနှင့် ကမဲလ်၏အပေါ်၌ ပြည့်ပြည့်ဝဝမယုံကြည်နိုင်သေးပေ။ သို့သော် ထောင်ချောက် ဆင်ထားသည့် လက္ခဏာကိုမူ ဆွန်ဂျာမတွေ့ရ။

ဆွန်ဂျာပင်ပန်းသွား၏။ ဖန်ခွက်ထဲက ဝီစကီကို လက်စသတ်လိုက်၏။ နောက် အိပ်ခန်းဖက်သို့ကူးသွားခဲ့သည်။ သူမသည် ညဝတ်အင်္ကျီကလေးသာ ဝတ်ထားဆဲဖြစ်သည်။ အေးလာ၍ ကုတင်ပေါ် လှဲချလိုက်ပြီးစောင်ကို ဆွဲခြုံလိုက်၏။ ဒီစဉ်ခေါက်သံတစ်ခုကြားရသည်။ သူမရင်ခုန်ရပ်သွား၏။ သူမကိုယ်လုံးကို တစ်ဖက်သို့ လှိမ့်လိုက်ပြီး လှေနံရံပေါက်သို့ ကြည့်လိုက်၏။ မြစ်ဘက်သို့လှည့်ထားသော ဘက်လှေနံရံမှန်ပေါက်မှ ခေါင်းရိပ်တစ်ခုပေါ်လာ၏။ မှန်ပြတင်းတွင် မျက်နှာ တစ်ခု အပ်လာ၏။

သူမအော်လိုက်၏။

မျက်နှာရိပ်ပျောက်သွား၏။

သည်တော့မှ ဝူလ်ဖြစ်ရမည်ဟု သူမသိသွား၏။

ဆွန်ဂျာသည် အိပ်ရာမှ ကပျာကယာထပြီး လှေကုန်းပတ်ပေါ်သို့ တတ်သွားခဲ့၏။ နောက် မြစ်ဘက်လှေနံဘေးကြည့်လိုက်သည်။ သည်တော့မှ ရေထဲမှ ဝူလ်ကို တွေ့ရသည်။ သူကြည့်ရသည်မှာ ဘာအဝတ်အစားမှ ဝတ်ထားပုံမရ။ သူသည် လှေနံရံပေါက်ကို လက်နှင့်ကုတ်တွယ်၍ တက်ရန်ကြိုးစားနေ၏။ ဆွန်ဂျာသည် လက်ကမ်းပေးပြီး အပေါ်သို့ ဆွဲတင်သည်။ ဝူလ်သည် လှေပေါ်ရောတ်သည်နှင့် လေးဘက်ပစ်သွားပြီး မြစ်ပြင်ကို ရေထဲက တက်လာသော ကြွက်စုတ်တစ်ကောင်လိုကြည့်နေ၏။ ပြီးမှ အတွင်းသို့ဆင်း၏။ ဆွန်ဂျာနောက်မှ လိုက်ဆင်း၏။

သူသည် ကော်ဇောပေါ်တွင် ကိုယ်လုံးတီး မတ်တတ်ရပ်နေ၏။ သူ့ကိုယ်လုံးမှ ရေတစ်စက်စက်ကျနေပြီး တုန်ရီနေ၏။ ဆွန်ဂျာက. . .

"ဘယ်လိုဖြစ်လာတာလဲ"

"ရေချိုးဖို့လုပ်စမ်းပါ"

ဆွန်ဂျာသည် ရေချိုးခန်းဘက်သို့ ထွက်လာ၏။ ရေချိုးကန် တစ်ခုပြီးလျှပ်စစ်နှင့်အပူပေးစက်ရှိသည်။ ဆွန်ဂျာသည် ကန်ထဲကို ရေဖွင့်လိုက်ပြီး အမွှေးဆီတစ်ချို့ ထည့်လိုက်၏။ ဝူလ်သည် နောက်မှ ရောက်လာပြီး ရေကန်ထဲ ဆင်းနှစ်လိုက်၏။ ဆွန်ဂျာက. . .

"ဘယ်လိုဖြစ်လာတာလဲလို့"

ဝူလ်သည် တုန်ရင်ခြင်းကို ထိန်းလိုက်ပြီး. . .

"ကုန်းဘောင်ဘက်ကလာဖို့ မစွန့်စားရဲဘူးလေ၊ ဒါကြောင့် တစ်ဘက်ကမ်းမှာ အဝတ်တွေအားလုံးချွတ်ပြီး ကူးလာ ရတာပေါ့၊ ဒီရောက်တော့ လူတစ်ယောက်ရောက်နေတာ တွေ့ရတယ်လေ။ ဒီလူလဲ ရဲဘက်ကပဲ မဟုတ်လား"

"ဟုတ်တယ်"

"ဒီတော့ ဒီလူထွက်သွားတဲ့အထိ ရေထဲက စောင့်နေရတာပေါ့"

ဆွန်ဂျာက သဘောကျကာ ရယ်လိုက်၏။

"သနားပါတယ်ကွယ်"

"ဘုရားရေ. . . ဒါရယ်စရာလားကွ၊ ဒီမှာဖြင့် ချမ်းလို့ သေတော့မယ် စပိုင်ဌာနချုပ် အက်ဘဝါက ကျုပ်ကို ငွေတုတွေပေးလိုက်တာကိုး၊ နောက် တစ်ခေါက်ဂျာမနီ ရောက်ရင်တာဝန်ရှိတဲ့ ငနဲတော့ ကျုပ်လည်မျိုညှစ်သတ်မိ လိမ့်မယ်ထင်

ဘယ်"

"သူတို့က ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"ဒါတော့ သေသေချာချာ မသိဘူးလေ၊ တမင်လုပ်တာလား၊ မှားသွားတာလား၊ မပြောတတ်ဘူး။ စပိုင်ဌာနချုပ်ခေါင်းဆောင် ကနေရစ်ဟာ ဟစ်တလာကို သိပ်သဘောကျတဲ့လူတော့ မဟုတ်ဘူး"

"ဒါဆိုရင် ရှင်ကိုယ်ပိုင်ပိုက်ဆံကို ထုတ်သုံးရတော့မှပေါ့"

"ထုတ်လို့ မလွယ်ဘူးထင်တယ်။ ဘဏ်တိုက်ကို သူတို့အကြောင်းကြားထားမှာပဲ၊ ကျုပ်မျက်နှာပြလိုက်ရင် ကွဲသွားမှာပဲ။ တစ်ခါတစ်လေ ချက်တစ်စောင် နှစ်စောင်သုံးရင်တော့ ဖြစ်မလားမသိဘူး။ ဒါတောင် ကျုပ်ဘဏ်မြွားဦးလှည့်ဘာဦးမှာပဲ။ အဲ . . . ကျုပ်ပိုင်တဲ့ စတော့နဲ့ ရှယ်ယာတွေ ရောင်းရမလား၊ အိမ်ကိုပဲ ရောင်းရမလား မသိဘူး။ ဒါတွေလုပ်လဲ ဘဏ်တိုက်ကတော့ ပါလာဦးမှာပဲ"

ဒါဆို ရှင်ကျုပ်ပိုက်ဆံတွေ သုံးရတော့မှာပေါ့ သုံးဖို့ကို ရှင့်လိုလူက ကောင်းမှာတောင်မဟုတ်ဘူး၊ ယူသုံးမှာပဲ မဟုတ်လားဟု ဆွန်ဂျာ စိတ်ထဲမှာ တွေးလိုက်၏။ သို့သော် ပါးစပ်ကမူ စဉ်းစား၍ . . .

"ရဲစုံထောက်က ဒီလေ့အိမ်ကို စောင့်ကြည့်ဖို့ ဗင်ဒန်အမိန့်ပေးထားတယ် ပြောတယ်"

ဝူလ်သည် မချိုပြုံး ပြုံးလိုက်၏။

"ဒါဖြင့် မေဂျာ ဗင်ဒန်လက်ချက်ပဲပေါ့"

"ရှင်သူ့ကို ဓားနှင့် ခုတ်လိုက်တယ်ပေါ့နော်"

"ဟုတ်တယ်၊ ဒါပေမယ့် မှောင်ထဲမှာ ဆိုတော့ မသဲကွဲပါဘူး"

"မျက်နှာမှ ထိတာရှင့် ပတ်တီးစည်းထားတာ နဲ့တာမဟုတ်ဘူး"

ဝူလ်သည် အသံထွက်ပြီး ရယ်လိုက်၏။

"ကျုပ် ကြည့်ချင်လိုက်တာကွာ။ ဒါထက် သူက မင်းကို စစ်သေးတာပေါ့"

"ဟုတ်တယ်"

"ဘာတွေ ပြောလိုက်လဲ"

"အို . . . ကျွန်မရှင့်ကို မသိဘူးလို့ပြောလိုက်တာပေါ့"

"ကောင်းတယ်"

ဝူလ်သည် သူမကို ချီးကျူးသည့် အကြည့်နှင့်ကြည့်လိုက်၏။ ဆွန်ဂျာအနေနှင့်လည်း ဝူလ်သူမအပေါ် ကျေနပ်သွားပုံရသွားသည်ကို သိသွား၏။ ဝူလ်က . . .

"သူယုံပုံရသလား"

"မရပါဘူး၊ ဒါကြောင့် လေ့အိမ်ကို စောင့်ကြည့်ခိုင်းထားတာပေါ့"

ဝူလ် မျက်မှောင်ကုပ်လိုက်၏။

"ဒါ သိပ်မကောင်းဘူးကွ၊ ငါဒီလေ့အိမ်ကို လာတိုင်း ရေကူးလာဖို့ မလွယ်ဘူး"

"မပူပါနဲ့လေ ကျွန်မ စီစဉ်ထားပါတယ်"

"ဘာ မင်းစီစဉ်ထားတယ် ဟုတ်လား"

အမှန်အားဖြင့် သူမ စီစဉ်ထားသည် မဟုတ်၊ သို့သော် သည်လို ပြောလိုက်ရသဖြင့် အရသာရှိလှ၏။ ဆွန်ဂျာက. . .

"ရဲစုံထောက်က ကျွန်မတို့ လူတစ်ယောက်ပဲ"

"အမျိုးသား ဝါဒီတစ်ယောက်လား"

"ဟုတ်တယ်။ သူက ရှင့်ရေဒီယိုကို သုံးချင်တယ်လေ"

"သူက ကျုပ်ဆီမှာ ရှိတယ်ဆိုတာ ဘယ်လိုသိသလဲ"

ဝူလ်အသံမှာ ခြိမ်းခြောက်သံပါနေ၏။ ဆွန်ဂျာက တည်ငြိမ် စွာဖြင့်. . .

"သူမသိပါဘူး၊ ဒါပေမယ့် အင်္ဂလိပ်တွေ ပြောစကားအရ ရှင့်ကို ဂျာမန်စပိုင်တစ်ယောက်ပဲလို့ ကောက်ချက်ချတယ်လေ။ စပိုင်ဆိုရင် ဂျာမန်တွေနဲ့ ဆက်သွယ်မှု ရှိရမှာပဲမဟုတ်လား။ အမျိုးသားဝါဒီတွေအနေနဲ့ ရိုမဲလ်ဆီကို သတင်းစကားပို့ချင်နေတယ်"

ဝူလ်သည် ခေါင်းယမ်းလိုက်၏။

"ကျုပ်တော့ သူတို့နဲ့ မပတ်သက်ချင်ဘူး"

ဆွန်ဂျာအနေနှင့်မူ သူမ၏ ကတိစကားကို နောက်ပြန်ဆုတ်၍မဖြစ်နိုင်ပေ. . .သို့နှင့်. . .

"မပတ်သက်ချင်လို့တော့ မရဘူးရှင့်"

"ဟုတ်ပါပြီ. . .ပတ်သက်ရတော့မှာပေါ့လေ"

ဆွန်ဂျာရင်ထဲမှာ တန်ခိုးအာဏာရသလို ခံစားသွားရ၏။ သူမအနေနှင့် ကြိုးကိုင်အုပ်ချုပ်ရသူလို ခံစားရ၏။ ဝူလ်က. . .

"အင်္ဂလိပ်တွေရဲ့ စက်ပိုင်းဟာ ကျုပ်အပေါ် ကျဉ်းကျဉ်းလာပြီလေ အခြေအနေက မကောင်းဘူး၊ ကျုပ်ဒီလှေ့ကနေ ခွာချင်ပြီ။ ဒါပေမယ့် သွားစရာ နေရာကလည်း မရှိဘူး၊ အဗ္ဗဒူလာကလဲ ကျုပ်ပိုက်ဆံတွေဟာ ငွေတုတွေပဲလို့ သိသွားပြီ။ သူကလဲ ကျုပ်ကို အင်္ဂလိပ်တွေလက်ထဲ အပ်ချင်နေတာ"

"ရှင်ဒီမှာနေတာ စိတ်ချရသားပဲ၊ ရဲစုံထောက်ကိုတော့ အချိန်ဆွဲထား ကြတာပေါ့"

"အင်းလေ ရွှေစရာလမ်းမှ မရှိတော့တာ"

ဆွန်ဂျာသည် ရေချိုးကန် နှုတ်ခမ်းမှာထိုင်ရင်း ဝူလ်ကို ကြည့်နေမိ၏။ ူလ်ကြည့်ရသည်မှာ ရွှံ့နိမ့်သူတစ်ယောက်နှင့်မတူလှပါ။ သို့သော် ချောင်ပိတ်ခံနေရ သူ၏ လက္ခဏာများကိုတော့ တွေ့နေရလေသည်။ သူ့မျက်နှာပေါ်မှာ စိတ်လှုပ်ရှား မှုများတွေ့နေရပြီး အသံမှာလည်း တည်ငြိမ်မှု သိပ်မရှိလှပေ။ ဆွန်ဂျာအနေနှင့် ူလ်တစ်ယောက် ရှိမဲလ်ကိုင်ရှိရောက်သည်အထိ ခံမှုခံပါ့မလားဟု ပထမဆုံးအကြိမ် အဖြစ်တွေးမိသည်။ နောက်ဝူလ်သည် ပထမဆုံးအကြိမ်အဖြစ်သူမအပေါ် မှီခိုရသူ ဖြစ်လာသည်ကို စဉ်းစားမိ၏။ သူမ၏ ငွေများကို သုံးစွဲရန်လိုလာမည်။ ယမန်နေ့ ညက စစ်ဆေးခံရချိန်တွင် သူမ၏ နှုတ်လုံမှုကိုလည်း သူလိုခဲ့သည်မဟုတ်ပါလား။ ခုပင် အခြေနေကောင်း ဖြစ်လာရန် အမျိုးသားဝါဒီရဲစုံထောက်နှင့် သူမစီစဉ်သည့် အတိုင်း ဆွေးနွေးရန် သူမတာဝန်အဖြစ် လိုအပ်လာပြီမဟုတ်ပါလား။ သူမ၏ ဩဇာ အာဏာစက်အတွင်းသို့ ဝူလ်ကျရောက်လာခဲ့ပြီကော။ ထိုအတွေးသည် သူမ၏ ခေါင်းကို လှုပ်ရှားစေ၏။ ကြီးမြင့်လာသလိုလည်း ခံစားရ၏။

ဝူလ်ကမူ သူ့ဘာသာသူ တွေးရင်း. . .

"ဒီအခြေအနေတိုင်းဆိုရင် အယ်လိန်းဆိုတဲ့ ကောင်မလေးနဲ့ ချိန်းထားတဲ့ ဂါစ္စကို သွားတွေ့ဖို့တောင် မလွယ်ဘူးထင်တယ်"

"ဘာဖြစ်လို့၊ အယ်လိန်းက အင်္ဂလိပ်တွေနဲ့ ပတ်သက်တာမှ မရှိပဲဟာ၊ ရှင့်ကုန်စုံဆိုင်မှာ တွေ့ခဲ့တာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အခြေအနေအရ ငြိမ်ငြိမ်ကလေး နေလိုက်ရင် ကောင်းမလားလို့"

"ဒီလို မလုပ်နဲ့လေ၊ ကျွန်မက လိုချင်နေတာရှင့်"

ဆွန်ဂျာက ယတိပြတ် ပြောလိုက်၏။

ဝူလ်သည် ဆွန်ဂျာအား မျက်လုံးကျဉ်းကျဉ်းနှင့် မော့ကြည့်လိုက်သည်။ ဆွန်ဂျာကလည်း သူမအတွေးနှင့်သူမ ခွန်အား ရှိလာခြင်းကို ဝူလ်များ ရိပ်မိသွား လေရော့သလားဟု စဉ်းစားနေမိ၏။ အတန်ကြာမှ ဝူလ်က. . .

"ဒါဆိုလဲ ကောင်းပြီလေ သတိတော့ ထားရမှာပေါ့"

အလျှော့ပေးရ သူမှာ ဝူလ်ဖြစ်နေ၏။ ဆွန်ဂျာအနေနှင့်သူမ၏မေးခွန်းကို

ယှဉ်ပြိုင်စမ်းသပ်ကြည့်ရာ အနိုင်ရကြောင်းတွေ့ရပြီး ကြည်နူးဖွယ်ကောင်းသော ခံစားမှုကို ရ၏။ သူမ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ဝူလ်က. . . .

"ကျုပ်ချမ်းသေးတယ်ဗျ. . . . ရေနွေးထပ်ထည့်ပါဦး"

"ဟင့်အင်း. . . မထည့်နိုင်ဘူး"

ဆွန်ဂျာသည် ပါးစပ်မှ အဖြေပေးရင်း ညဝတ်အင်္ကျီကို မချွတ်ပဲနှင့်ရေချိုး ကန်ကနုလေးထဲသို့ ဝူလ်နှင့်အတူ ဆင်းလိုက်လေ၏။

ဗင်ဒန်သည် အိုအေစစ် စားပွဲရုံတွင် ဂျိတ်နှင့်အတူ မာတီနီသောက်ရင်း စိတ်မာတတ်ကြွနေ၏။ သူအနေနှင့်တနေကုန်အိပ်အနားယူခဲ့ပြီးဖြစ်၍ တိုက်ပွဲဝင်ရန်အဆင်သင့်ဖြစ်နေ၏။ သူသည် ဆေးရုံသို့ တစ်ခေါက်ရောက်ခဲ့ပြီးဖြစ်၏။ ဒေါက်တာဖ အဘူးနေ့ာက ယမန်နေ့ညက တညလုံး မအိပ်ပဲ၊ အနားမယူပဲ နေခဲ့ခြင်းမှာ ရူးလိုဖြစ်ကြောင်းဖြင့် သူ့ကိုဆူသည်။ သို့သော် အရှုးက်ကောင်းဟု ဆိုရမည်လားမပြောတတ်၊ အနာမှာ အတော်ကျက်သွားပြီ ဖြစ်၏။ ဆရာဝန်မက ပတ်တီးကို ဖြေ၍ သေးငယ်သော အရုပ်မဆိုးလောက်သော ပလာစတာနှင့်ကပ်ပေးလိုက်၏။ ယခုအချိန်မှာ ညနေ ၇ နာရီ ၁၅ မိနစ် ရှိပြီ။ နောက်ထပ် မိနစ်အနည်းငယ်ဆိုပါက သူ အဲလက်ဝူလ်ဆိုသော စပိုင်ကို ဖမ်းမိနိုင်တော့မည်ဖြစ်၏။

ဗင်ဒန်နှင့်ဂျိတ်တို့ ဆရာတပည့်နှစ်ယောက်မှာ စားပွဲရုံတစ်ခုလုံးကို မြင်နိုင်တဲ့နေရာမှ စောင့်နေကြခြင်းဖြစ်သည်။ ဝင်ဝင်ချင်းထပ်စားပွဲတွင်မူ ထောက်လှမ်းရေး စရိတ်ဖြင့် တောင့်တင်းသော ဂျင်နှစ်ယောက်က ကြက်ကြော်စားနေ၏။ ဆိုင်အပြင်ဘက်တွင် ဘာအမှတ်အသားမှ မပါသော မော်တော်ကား တစ်စင်း အသင့်ရပ်ထား၏။ ထိုကားပေါ်တွင် အရပ်ဝတ်နှင့် တပ်ထိန်းနှစ်ယောက် မှာနတ် ကိုယ်စီဖြင့် စောင့်နေ၏။ ထောင်ချောက်ကမူ အားလုံးအဆင်သင့်ဖြစ်နေပြီဖြစ်၏။ ငါးစာသာ လိုတော့၏။ အယ်လိန်းသည် မကြာမတင်အတွင်း ရောက်လာတော့မည် ဖြစ်၏။

သားကလေးဘီလီသည် နံနက်စာအတူစားစဉ်က သူ့အဖေ၏ ဒဏ်ရာ ပတ်တီးကိုကြည့်၍ အတော် တုန်လှုပ်သွား၏။ ဗင်ဒန်က သားကလေးကို နှုတ်ပိတ်ပါစေဟု သတိပေးကာ အမှန်အတိုင်းဖွင့်ပြော၍. . . .

"ဖေဖေညက ဂျာမန်စပိုင်နဲ့ သတ်ပုတ်ရတယ်ကွ၊ ဒီကောင်မားပါလာ၍ ဖေဖေ့ကို တွတ်သွားတာပါ။ ပြီးတော့ လွတ်သွားတယ်ကွ၊ ဒါပေမယ့် ကနေ့ညတော့ သူ့ကို ဖေဖေအမိဖမ်းနိုင်မယ် ထင်ပါတယ်"

သူပြောရသော စကားများမှာ လုံခြုံရေးအခြေအနေအရ သိပ်ပြောရန် မသင့်ပေ။ သို့သော်သားဖြစ်သူ တစ်ယောက်အနေနှင့်အဖေ၏ ဖြစ်ရပ်မှန်ကို မှုသိ သိုက်သည်ဟု ယူဆ၏။ ဘီလီအနေနှင့်လည်း လျှို့ဝှက်ချက်တစ်ခုကို ထိန်းသိမ်း စောင့်ရှောက်ရတော့မည်ဟု ယုံကြည်သွားပြီး စကားပင် ကျယ်ကျယ်မပြောတော့။

ဂျိတ်နှင့်မူ ယမန်နေ့က ရရှိခဲ့သော ရင်နှီးမှု ပုံစံမရှိတော့ပဲ ဒုံရင်းအတိုင်း ပြန်ရောက်သွား၏။ ဂျိတ်သည် အမိန့်ကို နာခံသည်။ သူ့ကို စကားပြောတိုင်း "ဆာ" ဟု လေးလေးစား ထည့်ခေါ်သည်။ သူက အကြံမတောင်းပဲ ဘာမှ ဝင်မပြောတော့။ ဤကဲ့သို့ တွဲ၍ လုပ်ဆောင်ခဲ့သည်မှာ ကြာပြီဖြစ်၍ ပြောင်းလဲရန်မလို၊ သည်အတိုင်း ကောင်းသားပဲဟု ဗင်ဒန်တွေးမိသည်။

ဗင်ဒန် လက်ပတ်နာရီကို ကြည့်သည်။

၇ နာရီခွဲ ရှိပြီ။

ဗင်ဒန် နောက်ထပ် စီးကရက်တစ်လိပ် မီးညှိသောက်လိုက်ပြန်၏။ ကြာမတင်အတွင်း အဲလက်ဝူလ်သည် စားပွဲရုံတံခါးကို ဖွင့်၍ ဝင်လာတော့မည် ဖြစ်၏။

၇ နာရီ ၃၅ မိနစ်။

ဗင်ဒန်သည် ဝူလ်ကို ဖမ်းမိသည်နှင့် ဘယ်လိုစစ်ဆေးရမည်ကို တွေးနေမိ ၏။ စိတ်ဓာတ်ချင်းပြိုင်တိုက်ရမည်ဖြစ်သည်။ သို့သော် နောက်ဆုံး၌ မိမိအနိုင်ရမည် ဟု ဗင်ဒန် ယုံကြည်၏။ အခြေအနေအရပ်ရပ်က သူ့ဘက်မှာ သာနေပြီမဟုတ်ပါ လား။ အကျဉ်းသားတစ်ယောက် ကျိုးနွံ၊ စိတ်ဓာတ်ပြိုကွဲအောင် သူလုပ်နိုင်သည်။

၇ နာရီ ၃၉ မိနစ်။

ဝူလ်သည် နောက်ကျလှပါကလား။ အခြေအနေအရပ်ရပ်ကြောင့် ဝူလ် မလာပဲများ နေမည်လား။ မလာများမလာခဲ့သော် ဒုက္ခ။ သူ့အနေနှင့်အထက်အရာရှိ ဘော(ဂ)ကို "ကျုပ်ဒီစပိုင်ကို ကနေ့ည ဖမ်းမိဖို့ ရှိပါတယ်" ဟု ပြောခဲ့သည် မဟုတ်ပါလား။ သို့သော် မနေ့ညက ရုန်းရင်းဆန်ခတ် အခြေအနေကြောင့် ဝူလ်တစ်ယောက် ခပ်လျှိုလျှိုကုပ်များ နေဦးမည်လား မပြောတတ်။ သို့သော် ဝူလ် ဆိုသည့် လူစားမှာ ကုပ်နေမည့် လူများမဟုတ်တန်ရာ။

၇ နာရီ ၄၀ မိနစ်။

စားပွဲရုံ တံခါးပွင့်သွားပြီး အယ်လိန်းဝင်လာ၏။

နံဘေးမှ ဂျိတ် လေတိုးတိုး ကျိတ်ချွန်လိုက်သည်ကို ဗင်ဒန်ကြားသည်။ အယ်လိန်းသည် ထူးခြားလှပနေ၏။ အယ်လိန်းသည် နို့နှစ်ရောင်ပိုးသားဂါဝန် ဝတ်

ထား၏။ ပိုးသားလျှော့လျှော့ ဂါဝန်မှာ ချပ်ချပ်ရပ်ရပ်ဖြင့် အယ်လိန်း၏ သွယ်လျှသော ကိုယ်လုံးအလှကို ထင်းကနဲ ပေါ်စေသည်။

အယ်လိန်းသည် ဗင်ဒန်တို့ရှိရာဘက်သို့ မသိမသာကြည့်ပြီး ပခုံးတွန့်ပြ၏။

ထိုစဉ် စားပွဲရှိတံခါး ပွင့်သွားသည်။

ဗင်ဒန် တစ်ယောက် စီးကရက် ပါးစပ်ဆီမရောက်ခင် လမ်းခွတ်လတ်မှာပင် တစ်ကိုယ်လုံး တွန့်ခနဲ ရပ်သွား၏။ နောက်မှ စိတ်ပြန်လျှော့ သွားသည်။ ဝင်လာသည်က ချာတိတ်ကလေးတစ်ယောက်သာ ဖြစ်နေ၏။ ချာတိတ်သည် စားပွဲထိုးတစ်ယောက်ကို စာရွက်တစ်ရွက်ပေးခဲ့ပြီး ပြန်ထွက်သွား၏။

ဗင်ဒန်အနေနှင့် နောက်ထပ်အရက်တစ်ခွက်မှာရန် ဆုံးဖြတ်လိုက်၏။

ကလေး စားပေးခဲ့သော စားပွဲထိုးသည် အယ်လိန်းစားပွဲသို့ သွားပြီး အယ်လိန်းအား လိုစာရွက်ပေးသည်။

ဗင်ဒန် မျက်မှောင်ကုပ်လိုက်၏။

ဘာများပါလိမ့်၊ ရွှေကိုယ်တော် ဝူလ်တစ်ယောက်က သူ မလာနိုင်သည့်အတွက် ပျက်ကွက်မှုကို ဝမ်းနည်းပါကြောင်း တောင်းပန်သည့် စာများလား။ အယ်လိန်းမျက်နှာသည် စာကိုဖတ်ပြီး အနည်းငယ် စိတ်ရှုပ်သွားပုံရသည်။ ဗင်ဒန်ဘက်သို့ လှည့်ကြည့်ကာ နောက်တစ်ခါ ပခုံးတွန့်ပြပြန်၏။

ဗင်ဒန်သည် အယ်လိန်းထံသွား၍ ဘာတွေဖြစ်နေတာလဲဟု သွားမေးရကောင်းမလားဟု စဉ်းစားသည်။ သို့သော်မဖြစ်သေး။ ဗင်ဒန်တစ်ယောက် အယ်လိန်းစားပွဲမှာ စကားပြော နေမြန်းနေစဉ် ဝူလ်ဝင်လာပါက ယောင်ချောက် ဆင်ထားခြင်းသည် အလကား ဖြစ်သွားပေတော့မည်။ ဂျိတ်က တစ်စုံတစ်ရာ လှုပ်ရှားမည်ပြုသည်နှင့် ဗင်ဒန်က တားလိုက်၏။

"နေဦး. . ."

အယ်လိန်းသည် စားပွဲပေါ်မှာ ချထားသော လက်ကိုင်အိတ်ကိုယူ၍ မတ်တတ်ထသည်။ ဗင်ဒန်ဘက်သို့ တစ်ချက်ကြည့်ပြီး တခြားဘက်လှည့်သည်။ ဗင်ဒန်အနေနှင့် အပေါ့အပါးများသွားမည်လား. . . ရေအိမ်ဘက် သွားမည်လားဟု ထင်မှတ်နေစဉ်မှာပင် တံခါးမကြီးဘက်သို့ ထွက်သွားလေ၏။

ဗင်ဒန်နှင့်ဂျိတ် နှစ်ယောက်သား တစ်ပြိုင်တည်း ထပြီးဖြစ်သွား၏။ တံခါးထိပ်မှ ဆာဂျင်တစ်ယောက်က ဗင်ဒန်ကို ကြည့်ရင်း ထမည်ပြုသည်နှင့် ဗင်ဒန်က ထိုင်နေဟု အချက်ပြလိုက်၏။ အယ်လိန်းကို ဖမ်းရန်မလို။ သူတို့နှစ်ဦးသား တံခါးရှိရာသို့ အမြန်ထွက်လာကြ၏။ ဆာဂျင် နှစ်ယောက်စားပွဲနားရောက်သည်နှင့်

ဗင်ဒန်က. . . .

"ငါ့နောက်လိုက်ခဲ့"

သူတို့သည် ဟိုတယ်အပြင်ဘက် လမ်းပေါ်သို့ ထွက်လိုက်ကြ၏။ ဗင်ဒန်သည် ဝဲယာဝန်းကျင်ကို ကြည့်သည်။ သူတောင်းစားတစ်ဦး ဖုတ်နံ့ရှမှာ မှီထိုင်နေ၏။ လက်ထဲတွင်မူ အကြွေအနည်းငယ်ရှိသော ပန်းကန်ပုံတစ်ချပ်နှင့် ပါးစပ်က တောင်းရမ်းနေ၏။ အရက်အတော် မူးနေပုံပေါက်သော စစ်သားသုံးယောက်သည် တစ်ယောက်ကို တစ်ယောက်တွဲရင်း ပေါက်တတ်ကရသီချင်းဆို နေကြ၏။ အီဂျစ်အမျိုးသားတစ်စုသည် ဟိုတယ်ရှေ့တွင် ယခုမှတွေ့ကြသလို တစ်ဦးနှင့် တစ်ဦး က်ဆွဲနှုတ်ဆက်နေကြ၏။ မလှမ်းမကမ်းတွင် အယ်လိန်းတစ်ယောက် တက္ကဆီ ားတစ်စီးပေါ် တက်သွားကြသည်ကို မြင်ရ၏။

ဗင်ဒန်အမြန်ပြေးလိုက်သည်။

တက္ကဆီ တံခါးသည် ပိတ်ပြီး အမြန်မောင်းထွက်သွား၏။

လမ်းတစ်ဘက်မှ တပ်ထိန်းကားသည် ဝုန်းကနဲ ဆောင့်ထွက်လိုက်ရာ ဘတ်စ်ကားတစ်စီးနှင့် ဆောင့်မိသည်။

ဗင်ဒန်သည် တက္ကဆီကားကို မှီလာရာ ပြေးခုန်တက်လာ၏။ တက္ကဆီ ားသည် တဆစ်ခိုးကွေ့လိုက်ရာလက်မမြဲတော့ပဲ လမ်းပေါ်သို့ လွင့်ကျကျန်ရစ်၏။ ဒန်အမြန်ထရပ်လိုက်၏။ သူ့မျက်နှာသည် ပြန်နာလာ၏။ အနာဟောင်းမှ ေးပြန်ထွက်လာသည်။ သူတစ်ကိုယ်လုံးဇောချွေး ပြန်နေ၏။ ဂျိတ်နှင့်ဆာဂျင် ယောက်သည် သူ့ဘေးမှာလာရပ်သည်။ တပ်ထိန်း နှစ်ယောက်ကမူ ဘတ်စ်ကား ာနှင့် စကားများနေ၏။

တက္ကဆီကား ကားအစအနပင်မမြင်ရတော့. . . .

❖ ❖ ❖

(၁၅)

အယ်လိန်းသည် တုန်လှုပ်ချောက်ချားနေ၏။ အခြေအနေအားလုံး လွဲမှားတိမ်းချော် ကုန်ပြီဖြစ်၏။ ဝူလ်ကို စားပွဲရုံမှာ ဖမ်းမိကြဖို့ ဖြစ်သည်။ ယခုမူ တက္ကဆီ ကားပေါ် တွင် ဝူလ်တစ်ယောက် အစွင့်သားသူမနှင့်အတူထိုင်၍ ကျားပြုံးပြုံးနေ၏။ အယ်လိန်း သည် ငြိမ်သက်စွာ ထိုင်နေ၏။ သူမခေါင်းထဲတွင် ဘာမှမရှိ။ ဘာမှမသိ။

ဝူလ်က အပြုံးမပျက်ဖြင့်. . .

“ခုနက လူက ဘယ်သူလဲ”

အယ်လိန်းသည် ဘာမှကောင်းစွာ မစဉ်းစားနိုင်ပေ။ ဘာပြောရမည် မသိ ဝူလ်ကို ကြောင်စိစိနှင့် ကြည့်ပြီး. . .

“ဘာရယ်. . .”

“ဩော်. . . ခုနက ကားရှိရာကို ပြေးလာခုန်တက်လိုက်တဲ့ လူကို ပြောတာ ပါ။ ငါ သဲသဲကွဲကွဲတော့ မမြင်လိုက်ရဘူး။ ဒါပေမယ့် ဥရောပတိုက်သား တစ်ယောက် ယောက်နဲ့တော့ တူတာပဲ”

အယ်လိန်းသည် ကြောက်စိတ်ကို ချိုးနှိမ်လိုက်ရ၏။ သူက မေဂျာဗင်သင် ဆိုတဲ့ သူပေါ့၊ ရှင့်ကိုဖမ်းမည့်လူလေဟု ပြောလိုက်ချင်လှ၏။ မဖြစ်၊ သူမအနေနှင့် ဇာတ်လမ်းတစ်ပုဒ် လုံကြွတ်လုပ်ကြံရပေတော့မည်ဖြစ်၏။ ဘယ်လိုလူဂျာများ သူ့ နောက်မှ စားပွဲရုံအထွက်လိုက်လာပြီး ကားပေါ်တက်ရန် ကြံပါမည်နည်း။

"သူ. . . သူလား။ ကျွန်မ မသိဘူးလေ။ စားပွဲရုံထဲမှာ တွေ့တာ"

အယ်လိန်းသည် ပြောမိပြောရာပြောရင်း စိတ်ကူးပေါ်လာ၏။ သို့နှင့်. .

"သူက စားပွဲရုံကတည်းက ကျွန်မကို လာနှောင့်ယှက်နေတာ။ ဒါတွေ ...ကုန်လုံး ရှင့်အပြစ်တွေပဲ၊ ကျွန်မတစ်ယောက် တည်း စားပွဲတစ်လုံးမှာ ငေါ်တက် ...က်ကြီး ထိုင်နေတော့ အဲဒီလူက လာနှောင့်ယှက်တာပေါ့။ ရှင်က နောက်ကျ ...ဘာကိုး "

"ကိုယ် တောင်းပန်ပါတယ်ကွယ်"

ဝူလ်က အမြန်ပြောလိုက်၏။ အယ်လိန်း အနေနှင့် ဝူလ်တစ်ယောက် ...မ ဇာတ်လမ်းကို အလွယ်တကူ လက်ခံသွားသဖြင့် အားတက်လာ၏။

"ဒါထက် ကျွန်မတို့က တက္ကဆီကားပေါ် ဘာလုပ်နေကြတာလဲ၊ ညစာ ...ားကြတော့ဘူးလား၊ ဘာတွေလဲ"

ဝူလ်က ပြုံးလိုက်ပြီး. . .

"ကိုယ့်မှာ ဒီထက်ကောင်းတဲ့ စိတ်ကူးရှိလို့ပါ။ ကိုယ်တို့ ပျော်ပွဲစား ...က်ကြမယ်လေ၊ နောက်ခန်းထဲမှာ စားစရာခြင်းတောင်း ပါပါတယ်"

အယ်လိန်းအနေနှင့် ဝူလ်၏ စကားကို ယုံရေးမယုံရေး ခက်နေ၏။ စားပွဲရုံ ...င် ဝူလ်တစ်ယောက် ဘာကြောင့်စတန့်ထွင်ခဲ့ပါလိမ့်။ ကလေးတစ်ယောက်ကို ...လွှတ်ပေးခိုင်းသည်။ စာထဲမှာက 'အပြင်ဘက်ကို လာခဲ့ပါ၊ အေဒဘလျူ' ဟု ...၏၊ ဝူလ်အနေဖြင့် ထောင်ချောက်ဆင်ထားမှန်း ကြိုတင်မသိပဲနှင့် ယခုကဲ့သို ...ပေး၍ ခေါ် ရန်မလို၊ ထောင်ချောက်ဆင်ထားမှန်း သိလိုက်ပြီဆိုပါကလည်း ယခု ...မကို ဘာလုပ်မည်နည်း၊ သဲကန္တာရဘက် ခေါ်သွားပြီး မားနှင့်ထိုးသတ်မည်လား၊ ...ာ်တရက်ပင် ကားပေါ်မှ ခုန်ဆင်းပြေးလိုက်ချင်၏။ သို့သော် စိတ်ကို ချုပ်တည်းပြီး ...က်စိအစုံကို မှိတ်လိုက်၏။ စိတ်အေးအေးထား စဉ်းစားဖို့လိုသည်။ ထောင်ချောက် ...င်ထားမှန်းသိပါက ဝူလ်အနေနှင့် လာစရာပင်မလို၊ ဘာဒုက္ခမှ ခံစရာမလိုတော့ ...ောက် စားပွဲရုံထဲမှ ကားဆီအထိပြေးလိုက်လာသူတစ်ယောက် အကြောင်းကိုလည်း အယ်လိန်းပြောသည်နှင့် အလွယ်တကူ ယုံသွားပုံရသည်။ သို့သော် ဝူလ်တစ်ယောက် ...ာကြောင့်ပြုံးစစ ဖြစ်နေသည်ကိုမူ အယ်လိန်း တွေးမရ၊ အပြုံး၏နောက်ကွယ်တွင် ...စ်စုံတစ်ရာသော လျှို့ဝှက်ချက်ရှိနေပုံရသည်။ အယ်လိန်းက. . .

" ကျွန်မတို့ ဘယ်သွားနေကြတာလဲ "

" မြို့ပြင် လေးငါးမိုင်လောက်က မြစ်ကမ်းခြေတစ်ခုကိုပါ။ သိပ်သာယာ ...ာပဲ။ နေလုံးကြီး ဝင်သွားတာကိုလဲ မြင်ီရမယ် "

"ကျွန်မ မသွားချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မမှ ရှင့်ကို ကောင်းကောင်း မသိသေးတာ"

"မကြောင်စမ်းပါနဲ့ကွာ။ ကားဒရိုင်ဘာကလဲ တို့နဲ့ တစ်ချိန်လုံး အတူရှိနေမှာပဲဟာ။ ကျုပ်ကလည်း လူကြီးလူကောင်းတစ်ယောက်ပါ"

"အို. . . ကျွန်မတော့ ကားပေါ်ကဆင်းချင်လှပြီ"

"မလုပ်ပါနဲ့၊ ကိုယ် တောင်းပန်ပါတယ်"

ဝူလ်သည် အယ်လိန်းလက်ကို အသာအယာလှမ်းကိုင်သည်။ ပြီးမှ. . .

"ကိုယ့် ကားနောက်က အွဲခြင်းထဲမှာ ဆောလမွန်ငါးကင်ရယ်၊ ကြက်သားရယ်၊ ရှန်ပိန်တစ်လုံးရယ် ယူခဲ့ပါတယ်၊ ဟိုတယ်တွေကို ကြာတော့ ငြီးငွေ့ လွန်းလို့"

အယ်လိန်း တွေးလိုက်၏။ ယခုနေ သူမ ငြင်းဆန်ပြီး နေခဲ့မည်၊ ခွဲကြမည်ဆိုပါက ဖြစ်နိုင်သည်။ သူမအနေနှင့် လုံခြုံမှုရှိမည်၊ သူမအနေနှင့် ဝူလ်ကိုနောက်ထပ် တွေ့ရန်မလိုတော့၊ စိတ်ထဲ ရင်ထဲမှာလည်း ဒီလူကို တစ်သက်လုံးမတွေ့ချင်ပါ။ သို့သော်မဖြစ်သေး၊ သူမသည် ဗင်ဒန်၏ တစ်ခုတည်းသော မျှော်လင့်ချက်မဟုတ်ပါလား။ နေပါဦး. . . ဗင်ဒန်အတွက် ဘာမှလုပ်ပေးရမှာလဲ၊ သူကိုလဲ မေ့ပစ်လိုက်ပြီ၊ ဘဝဟောင်းကို ပြန်သွားရုံပေါ့။

ဘဝဟောင်း. . .

မဖြစ်သေး၊ ထို့ပြင် သူမအနေနှင့် ဗင်ဒန်အပေါ် ထိုက်တန်သလောက်တော့ အရေးထားနေမိကြောင်း ပြန်တွေးမိသည်၊ အနိမ့်ဆုံးအဆင့်အဖြစ် ဗင်ဒန်၏စီမံကိန်းကို ဆုံးရှုံးအောင်မလုပ်ချင်သေး။ မလုပ်ရက်သေး၊ သူမအနေနှင့် ဝူလ်နှင့်ဆက်နေရပေဦးတော့မည်။ ခင်မင်မှုကို ဆက်မွေးရပေဦးမည်၊ နောက်ထပ်တစ်ခါတွေ့ဖို့ချိန်းရ ပေဦးမည်၊ သူဘယ်မှာနေသည်ကို သိသည်အထိ စူးစမ်းရပေဦးမည် ဖြစ်၏။

ရုတ်တရက်ပင် အယ်လိန်းက . . .

"ဒါဆို ရှင်နေတဲ့အိမ်ကို သွားမယ်လေ"

ဝူလ်သည် မျက်ခုံးချီသွား၏။

"ဘယ်လိုလဲ အပြောင်းအလဲ မြန်လှချည့်လား"

အယ်လိန်း ခြေတစ်လှမ်းမှားသွားကြောင်း သိရ၏။ သို့နှင့်. . .

"ကျွန်မစိတ်တွေ ရှုပ်နေလို့ပါရှင့်၊ ရှင့်အပြုအမူတွေကလည်း အားငယ်ဖို့ဖြစ်ရာတွေချည့်ပဲ၊ ဘာဖြစ်လို့ ကျွန်မကို ကြိုကြိုတင်တင်မပြောမထားတာလဲ"

"ကိုယ်လဲ လွန်ခဲ့တဲ့ တစ်နာရီလောက်ကမှ ဒီအကြံရတာကိုး။ မင်းလဲ ...ဲ့ ကြောက်သွားမယ် မထင်လို့"

အယ်လိန်း အနေနှင့်မထင်မှတ်ပဲ စိတ်လှုပ်ရှားသွားသော မိန်းကလေး ...သွင် အထင်ခံနေရကြောင်း ရိပ်မိသွား၏။ သို့နှင့် နောက်ထပ် တစ်စုံတစ်ရာ ...ဲမလုပ်မိအောင် သတိထားပြီး. . .

"ဒါဖြင့်ပြီးတာပဲလေ"

အယ်လိန်းသည် စိတ်ကိုလျှော့ပြီး နေလိုက်၏။

ဝူလ်သည် အယ်လိန်းကို အကဲခတ်ရင်း. . .

"မင်းက ထင်ထားသလောက် အပြောအဆို ပက်စက်တဲ့ မိန်းကလေး ...တော့ မဟုတ်တန်ရာပါဘူးနော်"

"ဘာလဲ မသိဘူးလေ"

" ဪ. . . အရစ္စတိုဆိုင်ထဲ ကိုယ်ဝင်လာတုန်းက မင်းအရစ္စတိုကို ကြိမ်း ...က်တာ ကြားလို့ပါ "

" အဲဒီတုန်းက ကျွန်မ သိပ်စိတ်ဆိုးနေတာကိုး "

ဝူလ်က အသံထွက်အောင် ရယ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ. . . စိတ်ဆိုးတဲ့ အသံမျိုးပါပဲ၊ ဒါပေမယ့် တစ်ခုတော့ ...ထားလိုက်ပါနော်။ ကျုပ်ကိုတော့ အရစ္စတိုနဲ့ တစ်တန်းထဲမထားလိုက်ပါနဲ့ "

အယ်လိန်းသည် ဝူလ်ကို ကြည့်ပြီး အပြုံးလျော့လျော့တစ်ခုပြုံးလိုက်၏။

"ကောင်းပါပြီတဲ့ရှင့်"

ဝူလ်သည် ကားဒရိုင်ဘာဘက်သို့ အာရုံပြောင်းလိုက်ပြီး သွားရမည့် ခရီးကို ...မ်းညွှန်လိုက်၏။ အယ်လိန်းကမူ ဝူလ်တစ်ယောက် ဤတက္ကဆီကို ဘယ်ကငှားခဲ့ ...လိမ့်ဟု တွေးနေ၏။ တက္ကဆီကားမှာ ကိုင်ရိုအဆင့်အတန်းအနေနှင့် အတော် ...လေးမြင့်နေ၏။ ကားမှာ အမေရိကန်လုပ် ကားတစ်မျိုးဖြစ်ပြီး အတွင်းဆိုဖာ ...င်ခုံများမှာ သန့်ပြန့် ကျယ်ပြောသည်။ နောက် သိပ်ဟောင်းပုံမရသေး။ နှစ်နှစ် ...လောက်သာ သုံးရသေးပုံရသည်။

သူတို့ကားသည် ရွာတစ်ချို့ကိုဖြတ်ပြီး လမ်းမရှိသောဘက်သို့ ကွေ့ချိုး ...သည်။ တောင်ကုန်းတစ်ခုကို ကွေ့ပတ်မောင်းပြီး ကမူစွန်းတစ်ခုထိပ်၌ ရပ်လိုက်၏။ ...တစ်ရက်ပင် သူတို့အောက်ခြေမှ တသွင်သွင်စီးနေသော မြစ်ပြင်ကို တွေ့ရသည်။ ...ဲတစ်ဘက်ကမ်းမှာ စနစ်တကျ စိုက်ပျိုးထားသော ယာခင်းများကို အကွက်လိုက် ...င်ရသည်။

ဟိုး. . . ဟိုမှာဘက်မှာကား မှုန်ပျသော သဲပြင်ထုကြီး၊ သဲကန္တာရ. . .

ဝူလ်က " မလှဘူးလား "

အယ်လိန်းအနေနှင့် လက်ခံရမည်ဖြစ်သည်။

တစ်ဘက်ကမ်းမြေအပြင် ရှခင်းမှ ကောင်းကင်ဘက်သို့ အယ်လိန်း မြင်ကွင်းရွှေ့လိုက်သည်။ ဆည်းဆာ၏ ကောင်းကင်တွင် တိမ်တောင်တို့က ပန်းနုရောင် ပြေးနေ၏။ မြစ်ဆိပ်မှ ရေအိုးကို ရွက်၍ ရေခပ်ဆင်းပြီး ပြန်လာပုံရသော သူငယ်မလေး တစ်ယောက်ကိုလည်း အယ်လိန်းမြင်ရသည်။ ရွက်လှေတစ်စင်းသည် သူ၏ ရွက်ဖောင်းဖောင်းကြီးဖြင့် တငြိမ့်ငြိမ့် မြစ်ကိုဆန်တက်နေ၏။

ကားဒရိုင်ဘာသည် ကားထဲမှထွက်ပြီး ကိုက် ၅၀ ခန့် အကွာသို့ သွားထိုင်သည်။ စီးကရက်တစ်လိပ် မီးညှိပြီး သတင်းစာကိုဖွင့်သည်။

ဝူလ်သည် ကားနောက်ခန်းထဲမှ အစားအသောက်ခြင်းကို ယူလာပြီး သူတို့နှစ်ယောက်အကြားသို့ ချသည်။ အယ်လိန်းက

" ရှင် ဒီနေရာလေးကို ဘယ်လိုတွေ့ထားတာလဲ "

" ကိုယ့်အမေက ကိုယ်ကလေးတုန်းက ဒီနေရာကလေးကို အမြဲခေါ် လာတယ်လေ. . . "

ပြောရင်းဆိုရင်း ဝူလ်သည် ငှဲပြီးသား ဝိုင်တစ်ခွက်ကို အယ်လိန်းဆီ ကမ်း ပေးလိုက်၏။

" ကိုယ့်အဖေဆုံးတော့ မေမေဟာ အီဂျစ်တစ်ယောက်နဲ့ အိမ်ထောင်ပြု လိုက်တယ်၊ မကြာမကြာ ဆိုသလိုပဲ ကိုယ့်ကိုဒီနေရာကလေး မြင်းလှည်းနဲ့ ခေါ်လာ ပြီး ဥရောပတိုက်ကြီး ဘယ်လိုဘယ်ညာနဲ့ အလွမ်းပြေ ပြောတာပေါ့ . . . "

"ရှင့်ကရော ပြောသလား"

ဝူလ်သည် တွေသွား၏။ ပြီးမှ. . .

"အမေကတော့ ဒီလိုပါပဲ၊ အမြဲမကျေမနပ်ဖြစ်ဖြစ် နေတာပါပဲ၊ ကိုယ့်ကိုလ တဖြစ်တောက်တောက်နဲ့ အမြဲဆူတယ်လေ၊ မင်းဟာ မင်းအဖေလိုပဲ တစ်ကိုယ် ကောင်းဆန်တယ်ဆိုပြီး၊ အဲဒီအရွယ်တုန်းကတော့ ကိုယ်ကလဲ အာရပ်မိသား အဖြစ်နေရတာကိုပဲ ကျေနပ်တယ်လေ၊ ကိုယ့်ဝမ်းကွဲညီအစ်ကိုတွေက လူဆိုးကြီးပဲ ဘယ်သူမှ ပြောဆိုဆုံးမတာမရှိဘူး၊ ကိုယ်တို့ညီအစ်ကိုတသိုက် သူများခြံက လိမ္မော် သီးခိုးခူးတယ်၊ လမ်းမှာမြင်းတွေ့ရင်ခဲနဲ့ပေါက်တယ်၊ သူများစက်ဘီးဆိုရင် လေလျှော့ ပစ်တယ်၊ အမေတစ်ယောက်သာ ကိုယ့်ကို ဆူမယ့်လူရှိတယ်၊ အမေက အမြဲပြော တယ်လေ၊ အဲလက် နင်တစ်နေ့ကျရင် မိမယ်နော်တဲ့ "

ရှင့်အမေပြောတာအမှန်ပဲ၊ တစ်နေ့နေ့ ရှင့်ကို မိမှာပဲဟု အယ်လိန်း တွေး
လိုက်၏။

အယ်လိန်းအနေနဲ့ စိတ်လက်ချမ်းသာစပြုပြီ ဖြစ်၏။ အစရွှတ်မှ လူသတ်ခဲ့
သော ဓားဆိုတာ ဝူလ် ဘယ်နားမှာ ဝှက်ထားပါလိမ့်၊ ကိုယ်နှင့်တစ်ပါတည်း
သလား၊ အခုကော ပါသလားဟု စဉ်းစားမိရာမှ စိတ်ထဲမှာ လှုပ်ရှားသွားပြန်၏။

အခြေအနေကမူ ပကတိအေးရှေးနေ၏။ ခန့်ငြားသပ်ရပ်သော ယောက်ျား
ပျိုတစ်ယောက်က မိန်းမငယ်တစ်ယောက်ကို မြစ်ကမ်းနဘေးမှာ ပျော်ပွဲ စားခေါ်လာ
ခြင်းသာပဲ။ အခြေအနေအရ သူမ လုပ်ရမည့်တာဝန်ကိုမေ့နေ၏။ နောက်မှ သတိရပြီး

"ဒါဖြင့် အခု ရှင်ဘယ်မှာနေလဲ"

"ကိုယ့်အိမ်ကို အင်္ဂလိပ်တွေက သိမ်းသွားတယ်လေ၊ ခုတော့ မိတ်ဆွေ
တွေနဲ့ နေရတာပေါ့"

ဝူလ်သည် ဆောလမွန်ငါးကင်ကို ပါးပါးလှီးပြီး ကြွေပန်းကန်တစ်ခုမှာ
ထည့်၍ အယ်လိန်းကို လှမ်းပေးသည်။ နောက်သံပုရာသီးကို မီးဖိုချောင်သုံး ဓားနှင့်
အစိတ်လေးများ လှီးနေ၏။ အယ်လိန်းက ဗီငန်ငါးဆိုက ဘာလိုချင်လို့များ ဒီလောက်
ချစိုက်နေပါလိမ့်ဟု တွေးနေမိ၏။

ဗင်ဒန်သည် စိတ်ဓာတ်ကျနေ၏။ သူ၏ မျက်နှာသည် နာကျင်နေ၏။
သူ့မာနလည်း ထိခိုက်နေ၏။ သူ၏ မဟာစပိုင်ဖမ်းပွဲကြီးသည် ပြိုလဲခဲ့ပြီဖြစ်၏။
သူသည် ကြေးစားထောက်လှမ်းရေးသမားအနေနှင့် ဝူလ်၏ လက်တစ်လုံးခြား
သည့်ကွက်တွင် ဆုံးရှုံးခဲ့ရပြီး သူ့အနေနှင့် အယ်လိန်းကို ဒုက္ခတွင်းသို့ ပို့သလိုဖြစ်
နေ၏။

ဗင်ဒန်သည် ထိုင်နေရင်း ပါးမှပလာစတာ အသစ်ကို ယောင်းယမ်း၍
နေမိသည်။ အနာသက်သာစေရန် ဂျင်သောက်နေ၏။ ဝူလ်သည် သူ့အပေါ် အလွယ်
တစ်ကူ လှည့်ဖြားသွားနိုင်ခဲ့သည်ကော၊ ဗင်ဒန်အနေနှင့် ဝူလ်တစ်ယောက် သူ့
အောင်ချောက်ဆင်ထားမှန်း ဘယ်နည်းနှင့်မှ ကြိုတင်မသိနိုင်ဟု တွေးမိသည်။
ကြိုတင်သိပါက ပေါ်လာစရာ အကြောင်းမရှိ ယခုကိစ္စကမူ သတိကြီး စွာထားခြင်းသာ
ဖြစ်သည်။ ဝူလ် သတိထား၍လုပ်ဆောင်သွားပုံကလေးမှာ လှလှပပသင်းလှပေသည်။

သူတို့အနေနှင့် တက္ကဆီကားကို ကောင်းစွာမှတ်မိလိုက်ကြပါသည်။

ကားမှာ အတော်သစ်နေသေးပုံက မှတ်မိလွယ်သည်။ ဂျိတ်ကမူ ကားနံပါတ်ကိုပင် မှတ်မိလိုက်သည်။ ယခုအချိန်ဆိုလျှင် ကိုင်ရိုတစ်မြို့လုံးရှိ ရဲများ၊ တပ်ထိန်းများ ထိုကားကို အပူတပြင်းလိုက်ရှာနေကြပြီဖြစ်သည်။ တွေ့ရာအရပ်တွင် ထိုကားကိုရပ်၍ ကားပေါ်မှ ပါလာသူများအားလုံးကို ဖမ်းဆီးရန်အမိန့်ထုတ်ပြီး ဖြစ်သည်။ သူတို့သည် အနေးနှင့် အမြန်ဆိုသလို ထိုကားကို တွေ့မည်မိမည်သာ ဖြစ်၏။ သို့သော် ဇင်ဒန်စိတ်ထဲကမူ နောက်ကျနေလိမ့်မည်ဟု အောက်မေ့နေ၏။ ယခုလည်း သူသည် တယ်လီဖုန်းနဘေးမှ ထိုင်စောင့်နေခြင်းဖြစ်၏။

အယ်လိန်းတစ်ယောက် သည်အချိန်မှာ ဘာလုပ်နေပါလိမ့်ဟု ဇင်ဒန် တွေးကြည့်သည်။ အယ်လိန်း တစ်ယောက် ခမ်းနားသော ဟိုတယ်တစ်ခု၊ စား တစ်လုံး၊ ဖယောင်းတိုင် မှိန်ပျပျအလင်းရောင်အောက်တွင် ဝိုင်ခွက်ကိုယ်စီကိုင်ပြီး ဝူလ် ထုတ်ပြောသော ပြက်လုံးများကို ရယ်မောနေလေမည်လား။ နို့နှစ်ရောင်ဂါဝ နှင့် ဖန်ခွက်ကိုကိုင်ပြီး မောင့်သဘောပဲဆိုသော အပြုံးနှင့် အယ်လိန်းပုံကို မြင်ယော သလို ဖြစ်လာ၏။

ဇင်ဒန် နာရီကြည့်လိုက်၏။

သည်အချိန်ဆိုလျှင် ညစာစားပြီးလောက်ပြီ။ သူတို့ ဘာဆက်လုပ်ကြမည် နည်း။ လရောင် အောက်မှာ ပိရမစ်တွေကို သွားကြည့်ကြမည်လား။ သည်အချိ သည်လိုညမျိုးမှာ ပိရမစ်တွေဘက်မှာ လူရှင်းလှသည်။ လွန်ရော ကျွံရော သူတို့လို ချစ်သူအတွဲ တစ်တွဲစ နှစ်တွဲစပဲ ရှိနိုင်သည်။ သူတို့ပိရမစ် အစပထမအဆင့်လော တက်ကြည့်ကြမည်လား။ လေကတဖြူးဖြူးတိုက်နေပြီး နေ့ခင်းက အပူငွေ့ မကုန်သေးသော ကျောက်တုံးပေါ်မှာ ထိုင်နေကြမည်လား။ ပြီးမှ ကောင်းကင်ပေါ် ထွက်ပြူစ ပြုလာနေသော ကြယ်ပွင့်ကလေးများကိုကြည့်ကာ ရေတွက်နေကြမည် လား။ ဂါဝန်ပါးပါးကလေးနှင့် အယ်လိန်းချမ်းရှာမှာပဲ။ တဂ္ဂဆီရှိရာ ပြန်လာ နေကြမည်လား။ ဝူလ်က ချမ်းစိမ့်စိမ့်ဖြစ်နေသော အယ်လိန်းကို သိုင်းဖက်မှာ ထားမလား၊ ကားထဲမှာ ဝူလ်က အယ်လိန်းကို နမ်းမလားပဲ။ မဖြစ်နိုင်ပါ။ ဝူလ်သည် ဤသို့ဤနှယ် ကလေးကလားအပြုအမူမျိုး ကားပေါ်မှာ လုပ်မည့်ပုံမပေါ်ပါ။ ဝူလ် သူ့အိမ်ကို လိုက်ခဲ့ဖို့ အယ်လိန်းကိုခေါ်မှာလား၊ ဒါမှမဟုတ် အယ်လိန်းအိမ်ကို လိုက်လာမှာလား။

ဝူလ် အိမ်ကိုလိုက်သွားပါက မနက်ကျမှ အယ်လိန်းက သူ့ထံ သတင်း မည်ဖြစ်သည်။ သည်တော့မှ ဇင်ဒန်အနေနှင့် ဝူလ်ကိုရော၊ သူ့အသံလွှင့်စက်ရော သူ့စကားဝှက်(ကုတ်) ရော အားလုံးတစ်ပါတည်းဖမ်းမိနိုင်ပေမည်။ အလုပ်သဘော

အရ ပို၍ အဆင်ပြေသည်။ သို့သော် အယ်လိန်းအနေနှင့်မူ ဝူလ်နှင့် တစ်ညအိပ်ရပေတော့မည်ဖြစ်၏။ ထိုအတွေးသည် ဗင်ဒန်အတွက် လိုအပ်သည်ထက် ပို၍ စိတ်ဆိုးစရာ ဖြစ်နေ၏။ ဘာကြောင့်များပါလိမ့်။

ဒါမှမဟုတ် အယ်လိန်း အိမ်ကိုလာခဲ့လျှင်တော့ ဝူလ်ကို တစ်ခါတည်းဖမ်းမိပေတော့မည်။ အယ်လိန်း၏အိမ်မှာ ဂျိတ်နှင့်တကွ လူဆယ်ယောက်၊ ကားသုံးစင်း အရံသင့်စောင့်နေ၏။

ဗင်ဒန်သည် ထိုင်ရာမှထပြီး အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေလိုက်သည်။ ထို့နောက် စားပွဲပေါ်ရှိ 'ရေဗက်ခါ' စာအုပ်ကို ကောက်ကြည့်လိုက်သည်။ သည်စာအုပ်သည် ဝူလ် အတွက် စကားဝှက် (ကုတ်) အခြေခံစာအုပ် ဖြစ်ရမည်ဟု ဗင်ဒန် ယုံကြည်ထား၏။ သူ စာအုပ်ကို ဖွင့်၍ ပထမ စာကြောင်းကို ဖတ်သည်။

"မနေ့ညက မန်ဒါလေအိမ်ကြီးကို ပြန်ရောက်သွားတယ်လို့ အိပ်မက်မြင်မက်တယ်" ဟူသော စကားလုံးများကို ဖတ်မိလေ၏။

ဗင်ဒန် စာအုပ်ကိုချထားလိုက်၏။ နောက်တစ်ခါ ထပ်ဖွင့်၍ဆက်ဖတ်လိုက်ပြန်၏။ ဇာတ်လမ်းသည် ရင်ထိတ်ဖွယ်ရာဖြစ်သည်။ အန္တရာယ်အသွယ်သွယ်နှင့် ရင်ဆိုင်ရသော မိန်းကလေးတစ်ယောက်အကြောင်းဖြစ်ရာ ဗင်ဒန့်အတွေးကို သွေပ်ရှားစေ၏။ မိန်းကလေးသည် ခန်းနားကြီးကျယ်၍ သူ့မထက် အသက်ကြီးသော မုဆိုးဖို တစ်ယောက်နှင့် လက်ထပ်လိုက်မိရာမှ မုဆိုးဖို၏ကွယ်လွန်ပြီးသား ဇနီး၏ ခြောက်လှန့်ခြင်းကို ခံရပုံဇာတ်လမ်း ဖြစ်သည်။

ဗင်ဒန်သည် စာအုပ်ကို ပြန်ချလိုက်၏။

သူနှင့် အယ်လိန်း အသက်ချင်း ဘယ်လောက်ကွာမည်လဲ။ သူ့အနေနဲ့ကော ကွယ်လွန်သူ ဇနီး အိန်ဂျလာ၏ ခြောက်လှန့်ခြင်း အတိတ်မှာ ဘယ်လောက်ကြာကြာ နေရပါမည်လဲ။ အယ်လိန်းသည် ငယ်ရွယ်လွန်းလှပြီး တွေ့ကြုံရသော ဘဝအတွေ့အကြုံများမှာ ပင်ပန်းလှသည်၊ ကယ်တင်ဖို့ ကောင်းလှသည်။ သည်အတွေးများသည် ဗင်ဒန်စိတ်ကို အနှောင့်အယှက် ပေး၏။ ငါ ဘာစိတ်လှုပ်ရှားစရာ ရှိလို့လဲ။ အယ်လိန်းကို ငါလက်ထပ်ဖို့မှ မဟုတ်တာ။

ဗင်ဒန် စီးကရက်တစ်လိပ် မီးညှိပြန်၏။

အချိန်ကား ကုန်ခဲလှချည့်။

တယ်လီဖုန်းကလည်း ဘာကြောင့် မမြည်ပါလိမ့်။

သူ ဘယ်လိုလုပ်ပြီး နှစ်ရက်အတွင်း သူ့လက်ကြားထဲမှ ဝူလ်ကို

လွှတ်အောင် အသုံးမကျဖြစ်ခဲ့ပါလိမ့်။ အယ်လိန်းကော ဘယ်မှာလဲ။

အယ်လိန်း ဘယ်မှာလဲ။

သူ့အနေနှင့် ဟိုရှေးယခင်က မိန်းမတစ်ဦးကို အန္တရာယ်အကြားသို့ စေလွှတ်ခဲ့ဘူးသည်။ သူ၏ ကျဆုံးခဲ့သော အရေးအခင်းတစ်ခု ဖြစ်ပါသည်။ တူရကီတွင် ရာရှစ်အလီတစ်ယောက် ဗင်ဒန်လက်မှ ထွက်ပြေး လွတ်မြောက်သွားသော ကာလက ဖြစ်သည်။ ဗင်ဒန်သည် အမျိုးသမီးအေးဂျင့်စပိုင်တစ်ယောက်ကို ဂျာမန်တစ်ယောက်နှင့် အလီတို့ အခန်းသို့ ယောကျ်ားများအခြေအနေ ထောက်လှမ်းရန် စေလွှတ်ခဲ့၏။ သို့သော် နောက်တစ်နေ့ ဟိုတယ်အခန်းတစ်ခုတွင် ထိုမိန်းမ၏ အလောင်းကိုသာ တွေ့ရတော့၏။ ထိုအတွေးသည် ဗင်ဒန်၏ ရင်ကို အေးစက်သွားစေ၏။

ဗင်ဒန်အနေနှင့် အိမ်မှာနေခြင်းဖြင့် ဘာမှ အကြောင်းထူးမည် မဟုတ်၊ သူ အိပ်၍ ရမည်လည်း မဟုတ်၊ ဘာမှလုပ်စရာလည်း မရှိ။ ဂျိတ်တို့အဖွဲ့နှင့် သွားပူးပေါင်း စောင့်သည်ကမှ တော်ပေသေးမည်။ ဒေါက်တာမကမူ အပြင်မထွက်ပါနဲ့ဟု တားထား၏။ သို့သော် သူမနေနိုင်တော့၊ ကုတ်အကျီဝတ်ပြီး ကက်ဦးထုတ်ကို ဆောင်းကာ အပြင်သို့ ထွက်လိုက်သည်။ မော်တော်ဆိုင်ကယ်ကို ဂိုဒေါင်မှ အပြင် ထုတ်လိုက်၏။

အယ်လိန်းနှင့် ဝူလ်တို့သည် ကမူစွန်းမှာ အတူယှဉ်တွဲရပ်ရင်း ရှုခင်းကို ကြည့်နေကြ၏။ ဟိုခပ်ဝေးဝေးမှ ကိုင်ရှိမြို့၏ အလင်းရောင်နှင့် အနီးနား ရွာကလေးများမှ မီးရောင်လှဲ့လှဲ့ကလေးများ. . . ။

အယ်လိန်းသည် ရွာမီးရောင်ကလေးများကို ကြည့်ရင်း ဆင်းရဲသူဆင်းရဲသားတို့၏ ဘဝကို စဉ်းစားမိ၏။ အယ်လိန်းကိုယ်နှိုက်က ဆင်းရဲသူ ဆင်းရဲသားဘဝမှ လာခဲ့သူ ဖြစ်သည်။ သူမသည် စွန့်ခွာခဲ့သော ဆင်းရဲတွင်းကို နောက်တဖန် မသက်ဆင်းရပါစေနဲ့ဟု ကျိတ်ဆုတောင်းမိ၏။ သို့သော် တစ်ခါတစ်ရံတွင်မူ သူမသည် ဆင်းရဲတွင်းကိုသာ စွန့်ပစ်ခဲ့သည်မဟုတ်၊ သူမ၏ ဘဝတစ်စုံတစ်ရာကိုလည်း နောက်ချန်စွန့်ပစ်ခဲ့သလို ခံစားရ၏။

အယ်လိန်း ငယ်ငယ် အလက်ဇန္ဒရီးယားမြို့ ဆင်ခြေဖုံးမှာ နေထိုင် ကြစဉ်က သူတို့အိမ် ရွှံ့နံရံတွင် အမှောင့်ပယောဂ မဝင်နိုင်စေရန် အဆောင်၊ သစ်ရွက်ပုံ

များ ရေခြယ်ချိတ်ဆွဲထားကြသည်ကို မှန်မိသည်။ အယ်လိန်းအနေနှင့် ထိုအဆောင်များသည် မကောင်းဆိုးဝါးအန္တရာယ်ကို အိမ်တွင်းမဝင်အောင် ကာကွယ်နိုင်လိမ့်မည်ဟု မယုံကြည်ခဲ့သော်လည်း သူမမြို့ကြီး ပြကြီးရောက်လာခါမှ ယောကျ်ားများကို အိမ်ခေါ်လာပြီး သူတို့ပေးကမ်းခြင်းကို ခံယူကာ အိပ်ယာထက်မှာ အိပ်စက်ရသော အခါကျမှ မကောင်းဆိုးဝါးများကို ကာကွယ်ပေးသော အဆောင်ကို လိုချင်မိကြောင်း သတိရမိသည်။ သို့သော် သူမဘဝတွင် ထိုအဆောင်ကို ရှာမတွေ့ခဲ့။

သူမသည် ထိုဘဝကိုလည်း နောက်တစ်ဖန်ပြန်မသွားချင်တော့။ သူမဘဝတွင် အချစ်ကိုလွဲမှားသော နေရာများတွင် ရှာခဲ့ပေါင်းများပြီ။ နောက်တစ်ခါ မရှာချင်တော့၊ အထူးသဖြင့် အဲလက်ဝူလ်ဆိုသူနှင့် ဘာမှမပတ်သက်ချင်လှ၊ ကိုယ့်ကိုယ်ကိုသည်း ဒီတစ်ခါနဲ့လိုက်ရှုံနဲ့ ဘာအရေးလဲဟု အားပေးသော်လည်း စိတ်ထဲက မသန့်ပေ။

စကားတစ်ခွန်းမှ မပြောပဲ မော်တော်ကားဆီသို့ အယ်လိန်းလျှောက်၍ သာခဲ့သည်။ သည်အချိန်သည် ဝူလ်အနေနှင့် သူမကို ကြံဖို့အချိန်ဖြစ်၏။ သူတို့ သစားပြီးပြီ၊ ရှန်ပိန်တစ်လုံးလည်း ကုန်ပြီ။ ဝူလ်အနေနှင့် တန်ရာတန်ဖိုးကို လိုချင်တော့မည်သာ ဖြစ်၏။ ကားနောက်ခန်းမှာ ထိုင်ရင်း အယ်လိန်းသည် ဝူလ်ကို လှမ်းကြည့်နေ၏။ ဝူလ်သည် ကမူစွန်းမှာ အတန်ကြာရပ်နေပြီးမှ ကားရှိရာသို့ပြန်လာသည်၊ တစ်ချိန်တည်း ဒရိုင်ဘာကိုလည်း လှမ်းခေါ်လိုက်၏။

ဝူလ်သည် မိမိကိုယ်မိမိ ယုံကြည်သူ ဟန်ပန်အပြည့် ရှိ၏။ ထိုယုံကြည်မှုသည် လူလူချင်းခေါင်းတစ်လုံးသာတတ်စမြဲဖြစ်၏။ ဝူလ်သည် စွဲဆောင်မှုအပြည့်ရှိသော ယောကျ်ားတစ်ယောက်ဖြစ်သည်။ အယ်လိန်းချစ်သူဆိုသူများထက် သာပေသည်။ သို့တိုင် အယ်လိန်းရင်ထဲမှာ ဝူလ်ကို ကြောက်စိတ်ရှိနေ၏။ ကြောက်စိတ်သည် ဝူလ်၏ ရာဇဝင်၊ ဝူလ်၏ လျှို့ဝှက်ချက်၊ ဝူလ် ကိုင်ဆောင်သော ဓားတို့ကြောင့် မဟုတ်ပါ။ အလိုလိုနေရင်း ဝူလ် သဘော သဘာဝကို သိသောစိတ်က ကြောက်နေခြင်းဖြစ်ပါသည်။ ဝူလ်၏ ချိုသာနေခြင်းမှာ သူမကို တစ်စုံတစ်ရာ အသုံးချလို၍ဖြစ်ကြောင်း အယ်လိန်းရင်ထဲမှာ သိနေ၏။

သူမဘဝတွင် အသုံးတော်ခံရခြင်း များလှပြီ၊ တော်ပါပြီ။

ဝူလ်သည် ကားတွင်း သူမနံဘေးတွင် လာထိုင်သည်။

" ပျော်ပွဲစားထွက်ရတာ ပျော်ရဲ့လား "

အယ်လိန်းသည် ရွှင်လန်းဟန်အပြည့် ကြိုးစားလိုက်၏။

" ဟုတ်ကဲ့ . . . သိပ်ပျော်ပါတယ်၊ ကျေးဇူးပါပဲ "

ဒရိုင်ဘာရောက်လာပြီး ကားသည်မောင်းထွက်လာခဲ့၏။

ရှေ့အခြေအနေမှာ ၂ လမ်းသာ ရှိတော့၏။ ဝူလ်က သူ့အိမ်ကို ခေါ်သွားမည်လား၊ သို့မဟုတ် သူမအိမ်ကို လိုက်လာပြီး တစ်ခွက်တစ်ဖလားသောက်ကြဦးစို့ဟုဆိုကာ သူမအခန်းသို့ လိုက်လာဦးမည်လား။ သည်လိုဆိုရင်ကော သူမဘယ်လိုငြင်းရမည်လဲ ဟု အယ်လိန်းတွေးလိုက်မိ၏။ ချက်ချင်းပင် ငါဘာကြောင်နေပါလိမ့်၊ ဘယ့်နှယ်အပျိုဖြန်းကလေးလို ပြုမူနေပါလိမ့်၊ ဘယ်သူ့ကိုများ အချစ်နှင့်ဘဝပေးဖို့စောင့်နေပါလိမ့်ဟု တွေးလိုက်၏။

အယ်လိန်းသည် ဤသို့တွေးရင်း ငြိမ်သက်စွာ လိုက်ပါလာခဲ့၏။ အမှန်အားဖြင့် သူမသည် ဖျတ်ဖျတ်လတ်လတ် နှုတ်ခမ်းပါးလျှာပါးနှင့် စကားသွက်နေရမည်ဖြစ်၏။ သူမတစ်ခုခု ပြောရမည်၊ သို့နှင့် . . .

" ရှင် စစ်သတင်းတွေ ကြားရဲ့လား "

ပြောပြီးသည်နှင့် သူမ၏ စကားစပ်သည် ပေါ့ပေါ့ပါးပါး မရှိပါကလားဟု နောင်တရသွား၏။ ဝူလ်ကမူ . . .

" ဂျာမန်တွေ နိုင်နေတဲ့ သတင်းပဲ ကြားရတာပေါ့၊ မဆန်းပါဘူး "

" မဆန်းဘူး ဟုတ်လား "

ဝူလ်သည် အယ်လိန်းကို ပြုံးပြပြီး . . .

" ဒီလောကကြီးမှာ သခင်ရယ်၊ ကျွန်ရယ်ဆိုပြီး နှစ်မျိုးနှစ်စားပဲရှိတယ် အင်္ဂလိပ်တွေဟာ သခင်ဖြစ်ရတာ သိပ်ကြာသွားပြီ၊ ဒီတော့ သူတို့ တဖြည်းဖြည်းပျော့လာပြီ၊ အားမရှိတော့ဘူး၊ ဒီတစ်ခါ နောက်လူအလှည့်လာဖို့ပဲ ရှိတာပေါ့ "

ကျောင်းသားကို ဆရာက ရှင်းပြသလို ရှင်းပြလိုက်၏။

အယ်လိန်းက . . .

" ဒါဖြင့် အီဂျစ်တွေကရော သခင်လား၊ ကျွန်လား "

" ဘီဒိုဝင်း (သဲကန္တာရတွင်း လှတ်လပ်စွာ သွားလာနေကြသော လူမျိုးစု) တွေကတော့ သခင်ပေါ့၊ အများစုအီဂျစ်တွေကတော့ ကျွန်တွေပဲ "

ဝူလ်၏ စကားများမှာ ယုံယုံကြည်ကြည် ပြောနေခြင်းဖြစ်ကြောင်း အယ်လိန်းတွေးမိသွားပြီး တုန်လှုပ်သွား၏။

သူတို့ကားသည် မြို့ပြင်အစပ်ရောက်လာ၏။ သန်းခေါင်ကျော်ခဲ့ပြီမို့ လူသူလေးပါး တိတ်ဆိတ်နေပြီဖြစ်၏။ ဝူလ်က . . .

" မင်းဘယ်မှာ နေသလဲ "

အယ်လိန်းက နေရပ်လိပ်စာကို ပြောလိုက်၏။ ပြော လက်စသတ်တော့

...မ်ကို လိုက်လာမှာကိုး. . . ဟု တွေးမိသည်။

ဝူလ်က. . .

" ကိုယ်တို့ ထပ်ဆုံကြဦးစို့နော် "

" ကျွန်မလဲ သဘောကျပါတယ်ရှင် "

သူတို့ ရှာရီယား-အာဘတ် (ခ) ရပ်ကွက် ရောက်သည်နှင့် ဝူလ်က ကား...င်ဘာကို ရပ်ခိုင်း၏။ အယ်လိန်းစိတ်ထဲတွင်မူ ဘာထပ်လုပ်ရဦးမှာလဲဟု တွေး...၏။ ဝူလ်ကမူ သူမဘက်လှည့်၍. . .

" ခုလို သာယာတဲ့ ညနေခင်းလေးအတွက် မင်းကို ကျေးဇူးတင်ပါတယ်၊ ...ယ်မကြာခင် ထပ်တွေ့ပါဦးမယ် "

ဝူလ်သည် ကားပြင်ထွက်လိုက်လေ၏။

အယ်လိန်းသည် အံ့ဩတစ်ကြီး ငေးမောကြည့်နေ၏။ ဝူလ်သည် ဒရိုင်ဘာ...ြ ပြတင်းမှ ငွေပြီးပိုက်ဆံပေးသည်။ အယ်လိန်းလိပ်စာကိုပြောပြီး လိုက်ပို့ပေးရန်...ာ၏။ ဒရိုင်ဘာက ခေါင်းညိတ်သည်။ ဝူလ်သည် ကားအမိုးကို လက်ဖြင့်ပုတ်...က်ပေးလိုက်၏။ ဒရိုင်ဘာသည် ကားမောင်းထွက်လာလေ၏။

အယ်လိန်း နောက်သို့လှည့်ကြည့်ရာ ဝူလ်သည် လက်ပြရင်းကျန်ရစ် သည်...ြ တွေ့ရ၏။ ကားသည် လမ်းချိုးတစ်ခုရောက်လာသည်။ အယ်လိန်း နောက်...ြကြည့်နေမိသည်။ ဝူလ်သည် မြစ်ကမ်းဘက်သို့ လမ်းလျှောက်ရင်းကျန်ရစ်ခဲ့၏။

အယ်လိန်းတွေးသည်။ ဒါဘာသဘောပါလိမ့်။

တက္ကဆီက သူမ၏အိမ်ရှိရာသို့ သယ်ဆောင်လာစဉ်အတွင်း အယ်လိန်း...ိုးစားနေမိ၏။ ဝူလ်သည် ဘာမှ မကြံပါကလား။ သူ့အိမ်လည်း မခေါ်၊ သူမအိမ်...ည်း မလိုက်ခဲ့။ နောက်ဆုံးဂွတ်နိုက် အနမ်းကလေးသော်မှ မနမ်း။ သည်လူဘာ...ုးစားနေပါလိမ့်။ သည်လိုမိန်းကလေးတစ်ယောက်စိတ်ထဲမှာ တွေးစေအောင်...်တာဟာ ဝူလ်ရဲ့ နည်းပရိယာယ်တစ်ခုများလေလား။ ဘာအကြောင်းရှိလို့ပါလိမ့်။

ဘာကြောင့်ပဲဖြစ်ဖြစ် သူမစိတ်တော့ အေးသွား ပေသည်။ အယ်လိန်းသည်...် နောက်မှီလိုက်ရင်း စိတ်လျှော့လိုက်၏။ သူမအနေနှင့် မကြည်မဖြူနှင့် အတူ...ပ်ရမည့်ဘေး၊ သို့မဟုတ် ငြင်းဆန်ရမည့်ဘေးမှ ကင်းဝေးခဲ့ပြီ မဟုတ်ပါလား။ ...ားမတာပဲ. . .။

တက္ကဆီသည် အယ်လိန်းအိမ်ရှေ့သို့ ရောက်သည်နှင့်တပြိုင်နက် ဘယ်က...ယ်လိုပေါ်လာမှန်းမသိသော မော်တော်ကားသုံးစင်းသည် ဖြန်းစားကြီး ပေါ်လာ...၊ တစ်စီးသည် တက္ကဆီ၏ ရှေ့မှပိတ်၍၊ တစ်စီးသည် နောက်မှ ကပ်လျက်၊

တစ်စီးသည် ယှဉ်လျက်ရပ်လိုက်၏။ အမှောင်ရိပ်ထဲမှာ လူများကလည်း ထွက်လာကြသည်။ တက္ကဆီကား တံခါးလေးပေါက်သည် ရုတ်တရက်ပွင့်သွား သေနတ်လေးလက်သည် အတွင်းကို ထိုးချိန်လာကြ၏။

အယ်လိန်း လန့်ပြီးသံကုန်အော်လိုက်သည်။

ထိုစဉ် ခေါင်းတစ်လုံးကားထဲ ပြူဝင်လာ၏။ ဗင်ဒန်ခေါင်းဖြစ်ကြောင်း အယ်လိန်းသိလိုက်သည်။ ဗင်ဒန်က. . .

" မရှိတော့ဘူးလား "

သည်တော့မှ အယ်လိန်းအခြေအနေအရပ်ရပ်ကို ရိပ်မိတော့သည်။ အယ်လိန်းက. . .

" ကျွန်မများ သေနတ်နှင့် ပစ်ကြတော့မလားလို့. . . "

" သူ့ကို ဘယ်နားချထားခဲ့သလဲ "

" ရှာရီယားအာဘတ်(ခ) အရပ်နားမှာ "

" ဘယ်လောက်ကြာပြီလဲ "

" ငါးမိနစ် ဆယ်မိနစ်လောက် ရှိပြီထင်ပါရဲ့၊ ကျွန်မ ကားထဲက ဆင်း ရစေဦး. . . "

သည်တော့မှ ဗင်ဒန်သတိရပြီး အယ်လိန်းကို လက်ကမ်းပေးသည်။ အယ်လိန်း ပလက်ဖောင်းပေါ်သို့ ဆင်းလိုက်၏။ ဗင်ဒန်က . . .

" မင်းကြောက်သွားတဲ့အတွက် စိတ်မကောင်းပါဘူး "

" ရှင်တို့ပုံက သူခိုးပြေးမှ ထိုးကွင်းထ နေတာနဲ့ မတူဘူးလား "

" ဟုတ်တယ် တူတယ် "

ဗင်ဒန်ကြည့်ရသည်မှာ စိတ်ရောလူပါ ကျနေဟန်တူ၏။

အယ်လိန်းသည် ဗင်ဒန်အတွက် စိတ်မကောင်း ဖြစ်မိ၏။ ဗင်ဒန်လက် ကိုင်လိုက်၏။

" ရှင့်မျက်နှာ မြင်လိုက်ရတာ ကျွန်မဘယ်လိုဝမ်းသာသွားမှန်းမသိဘူး "

ဗင်ဒန်က အယ်လိန်းကို အကြောင်ကြောင် ပြန်ကြည့်လိုက်၏။ သူ စကားကို ယုံရမည်လား၊ မယုံရမည်လားမသိ။

အယ်လိန်းက. . .

" ရှင့်လူတွေ ပြန်လွှတ်ပြီး စကားပြောရအောင် အိမ်ထဲကိုလိုက်ခဲ့ပါလား "

ဗင်ဒန်တွေသွား၏။ နောက်ပြီးမှ. . .

" ကောင်းသားပဲ၊ ဂျိတ် ဒရိုင်ဘာကို မေးစရာရှိတာမေးကွာ၊ လူတွေ

သွတ်လိုက်တော့။ ငါနောက်တစ်နာရီလောက်ကြာရင်ဌာနချုပ်ကို ပြန်လာခဲ့မယ် "

" ဟုတ်ကဲ့ ဆရာ "

အယ်လိန်းက ရှေ့ဆောင်ပြီး အိမ်ခန်းထဲသို့ ဝင်လာခဲ့ကြ၏။ ကိုယ့်အခန်း ကိုယ်ပြန်ရောက်ရခြင်းသည် စည်းစိမ်ပါကလား ဟု အယ်လိန်း တွေးမိသည်။ ာပေါ် ပစ်ထိုင်ပြီး ဖိနပ်တို့ ကန်ချွတ်ပစ်လိုက်၏။ ဓွန့်စားခန်းသည် ပြီးခဲ့ပြီ။ ်လည်း မရှိတော့၊ ဗင်ဒန်သာ ရှိတော့၏။ အယ်လိန်းက. . .

" ရှင်အရက်သောက်ချင်ရင် ငှဲ့သောက်လေ "

" တော်ပါပြီ၊ ကျေးဇူးပါပဲ "

" ဘာတွေဘယ်လို မှားကုန်တာလဲ "

ဗင်ဒန်သည် အယ်လိန်းနှင့် မျက်နှာချင်းဆိုင်ဆိုဖာပေါ်မှာထိုင်ချလိုက်ပြီး ာရက်တာလိပ်မီးညှိသည်။

" တို့က သူဟိုတယ်ထဲ ဝင်လာမှာပဲဆိုပြီး စောင့်နေကြတာမဟုတ်လား။ သားက မသင်္ကာတာပဲလား။ သတိကြီးတာပဲလားတော့ မသိဘူး။ မင်းကို ခေါ် ်သွားတော့ အားလုံးလွဲကုန်တော့တာပေါ့။ ဘာတွေဖြစ်ခဲ့လဲ ဆိုပါဦး "

အယ်လိန်းသည် ဆိုဖာနောက်မှီကို ခေါင်းတင်လိုက်၏။ မျက်စိမှိတ်လိုက် ည်၊ နောက် ဖြစ်ကြောင်းကုန်စင်ကို အတိုဆုံးပြောပြလိုက်၏။ သူမ ထိုစဉ်က ားခဲ့သော စိတ်ကူးများကို မပြောပဲချန်လှပ်ထားလိုက်၏။ ပြီးမှ. . .

" ရှင်မသောက်ချင်တော့ နေပါ၊ ကျွန်မတော့ တစ်ခွက်လောက် ငှဲ့ပေးစမ်း း "

ဗင်ဒန်သည် ဗီရိုရှိရာသို့ သွားသည်။ ဗင်ဒန် စိတ်ဆိုးနေကြောင်း အယ်လိန်း သည်။ ဗင်ဒန်မျက်နှာပေါ်မှ ပလာစတာကို လှမ်းကြည့်မိသည်။ စားပွဲရုံမှာ ာည်းက သတိထားမိသည်။ စောစောကလည်းမြင်သည်။ မေးချိန်မရ၍ းဖြစ်ခဲ့။

" ရှင့်မျက်နှာက ဘာဖြစ်တာလဲ "

" မနေ့ညကလည်း ဝူလ်ကို ဖမ်းမိမလို ဖြစ်ခဲ့သေးတယ်။ အဲဒီတုန်းက ဲ့ဒဏ်ရာပေါ့ "

" အို. . . ဘုရားရေ. . . "

အယ်လိန်းသည် ဝမ်းနည်းသွား၏။ ဗင်ဒန်အနေနဲ့ ၂၄ နာရီအတွင်း ်ကြိမ်တိုင်တိုင် ဆုံးရှုံးခဲ့ရသူပါကလား၊ စိတ်ဓာတ်မကျပဲ ဘယ်သူရှိပါမည်နည်း။ ယ်လိန်းစိတ်ထဲတွင် ဗင်ဒန်ကို ပွေ့ဖက်နှစ်သိမ့်လိုစိတ်များ တဖွားဖွားပေါ်လာ၏။

ဗင်ဒန်သည် အယ်လိန်းအတွက် အရက်တစ်ခွက် ကမ်းပေးသည်။ သူ့အတွက်လည်း တစ်ခွက်ငှဲ့ထားပြီးဖြစ်သည်။ အယ်လိန်းသည် အရက်ခွက်ကို တစ်ဖက်ကယူရင်း ကျန်တစ်ဖက်က ဗင်ဒန်မျက်နှာကိုလှမ်းကိုင်၍ အနာကို မြင်အောင်ကြည့်သည်။ ဗင်ဒန်သည် ခဏမျှငြိမ်နေပြီးနောက် မျက်နှာလွှဲလိုက်သည်။

ဗင်ဒန် ဤမျှတင်းမာနေသည်ကို အယ်လိန်း မမြင်ဘူးခဲ့။ ဗင်ဒန် ဆိုဖာပေါ်သို့ ပြန်ထိုင်သည်။

" ဝူလ်ကို မင်း ဘယ်လိုမြင်လဲ "

" ယောက်ျားပီသတယ်၊ လူကြီးလူကောင်း ဆန်တယ်၊ ကြောက်စရာကောင်းတယ် "

" ပုံပန်းက. . . "

" သန့်သန့်ရှင်းရှင်း၊ သပ်သပ်ရပ်ရပ်ပါပဲ၊ နေပါဦး. . . ရှင်က ဘာတွေသိချင်နေတာလဲ "

ဗင်ဒန်က ခေါင်းခါယမ်းပြသည်။

" ဘာရယ်လို့တော့ မဟုတ်ဘူး၊ အကုန်လုံးပါပဲ "

ဗင်ဒန်စီးကရက်တစ်လိပ် မီးညှိပြန်သည်။

သည်အခြေအနေအတိုင်း ဗင်ဒန်ထံ ချဉ်းကပ်ရန် မလွယ်ဟု အယ်လိန်း တွေးမိသည်။ စိတ်ထဲကမူ သူမနံဘေးမှာ လာထိုင်ပြီး သူမ လှကြောင်း၊ သတ္တိရှိကြောင်း တာဝန်ကျေပွန်လှကြောင်း ပြောစေချင်လှသည်။ ယခုအခါနေ သူဘာပြောဦး ထူးခြားမည်မထင်။ သို့သော်. . .

" ကျွန်မလုပ်ခဲ့တာ ဘယ့်နှယ်လဲ "

" မသိဘူးလေ၊ ဘာလုပ်ခဲ့လို့လဲ "

" ဘာလုပ်ခဲ့တယ်ဆိုတာ အစီရင်ခံပြီးပြီပဲ "

" ဪ. . . ဒါလား၊ ကျေးဇူးတင်ပါတယ် "

သူပြုံးလိုက်သည်။ သို့သော် ဗင်ဒန်အပြုံးမှာ အသက်မပါကြောင်း အယ်လိန်းသိသည်။ ဒီလူဘာတွေဖြစ်နေတာ ပါလိမ့်။ သူကြည့်ရတာ တစ်ခုခု စိုးရိမ်နေပုံပဲ၊ သူ့အနေနှင့် ဝူလ်ကို နှစ်ကြိမ်တိုင်တိုင် ဖမ်းမမိခဲ့သည့် အတွက်သာမက တစ်ခုခုလိုနေပုံရသည်။ အယ်လိန်းတွေး၍ မရ။

ဗင်ဒန်က. . .

" သူက နောက်ထပ်တွေ့ဦးမယ်လို့ ပြောသွားတယ်နော် "

" ဟုတ်ကဲ့. . . "

" သူလာတွေ့ပါစေ ဆုတောင်းရတာပဲ "

ဗင်ဒန်သည် လက်ဝါးနှင့် မျက်နှာကို အုပ်သည်။ သူ့မျက်နှာမှာ လှုပ်ရှားမှု ..ကက် အတော်ခံနေရပုံရသည်။ အယ်လီနီးက. . .

" သူက ကိုယ်တို့ နောက်ဒီလိုဆုံကြဦးစို့နော်လို့ ခပ်ဆင်ဆင်ပြောသွား ..တာပဲ "

" ဘာ. . . နောက်ထပ်ဒီလို. . . ဟုတ်လား "

" အဲဒီလို ခပ်ဆင်ဆင်ပဲ. . . "

" သူက ဘာကို ဆိုလိုချင်တာလဲ "

" သိဘူးလေ. . . နောက်ထပ် ပျော်ပွဲစားတစ်ခု၊ ချိန်းတွေ့တာတချိန်၊ ..အဲ. . . ရှုနေစမ်းပါဦး ဝီလီယံ၊ ရှင် ဘာတွေဖြစ်နေတာလဲ "

" အို. . . ကျုပ် စိတ်ဝင်စားလို့ပါ၊ မင်းတို့နှစ်ယောက်ဘာလုပ်ကြသလဲ၊ ..စားသောက်ပြီးတဲ့နောက် မြစ်ကမ်းပါးနံဘေးကားနောက်ပိုင်းမှာ ထိုင်ပြီး အမှောင် ..ထဲမှာ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်။ နှစ်ယောက်တည်း. . . "

" အို. . . တော်စမ်းပါ "

အယ်လီနီးသည် စကားဝင်ဖြတ်လိုက်၏။ ယခုတော့ သူမသိသွားပါပြီ၊ ..က်လုံးပိတ်လိုက်သည်။ ပြန်မဖွင့်တော့ပဲနှင့်. . .

" ကျွန်မ အိပ်တော့မယ်။ ရှင်ဘာသာ ပြန်တော့နော် "

စက္ကန့်အနည်းငယ် ကြာသောအခါ အိမ်ရှေ့တံခါးဆောင့်ပိတ်သံ ကြားရသည်။

ထိုအခါမှ အယ်လီနီးသည် ပြတင်းပေါက်သို့ သွားပြီး လမ်းမဆီသို့ ..မ်းကြည့်သည်။ ဗင်ဒန်တစ်ယောက် အိမ်ထဲမှ ထွက်သွားသည်ကို မြင်ရသည်။ ..ော်တော်ဆိုင်ကယ်ဆီသို့ ရောက်သွားသည်နှင့် စက်ကိုဆောင့်နှိုးပြီး ပြိုင်ပွဲမောင်း ..လို တအားစီး၍ ထွက်သွားလေ၏။

အယ်လီနီးသည် ပင်ပန်းလှပြီဖြစ်သည်။

သူမ တစ်ကိုယ်တည်း အိပ်ရာဝင်ရမည့်အတွက် စိတ်လည်းနည်းနည်း ..ကောင်းဖြစ်မိသည်။ သို့သော် ယခုတော့ ဗင်ဒန်စိတ်ဆိုးနေရခြင်း အကြောင်းကို ..မသိလိုက်ရပြီဖြစ်၍ ယဲ့ယဲ့ကလေးပြုံး၍ တိုးတိုးကလေး ရေရွတ်လိုက်၏။

" ဝီလီယံဗင်ဒန်. . . ရှင် မနာလိုဖြစ်နေတယ်ဆိုတာ ကျွန်မသိပါပြီ "

❖ ❖ ❖

(၁၆)

မေဂျာစမစ်တစ်ယောက် လှေအိမ်သို့ နေ့လယ်စာ စားချိန်ကလေးတွင် လစ်၍ လာလာနေသော တတိယအခေါက် ရောက်သည်တွင် ဆွန်ဂျာနှင့် ဝူလ်တို့သည် ပါးနပ်လိမ်မာသော အစီအစဉ်ကို ရေးဆွဲပြီးဖြစ်နေ၏။ ဝူလ်အနေနှင့် စမစ် လာသည်ကို မြင်ရလျှင် ဗီရိုထဲမှာ ဝင်ပုန်းသည်။ ဆွန်ဂျာက အရက်ခွက်ကို အသင့် ငှဲ့ပြီး ညေ့ခန်းမှာ ဆီးကြိုထိုင်နေ၏။ သို့မှသာ စမစ်၏လက်ဆွဲအိတ်ကို ညေ့ခန်းမှာ သေချာပေါက်ထားခဲ့မည်ဖြစ်သည်။ နောက် မိနစ်အနည်းငယ်အတွင်း ဆွန်ဂျာက စမစ်ကို အနမ်းမိုး ရွာလေသည်။ ရာဂပင်လယ်တွင် စမစ်တစ်ယောက်နစ်မြောသွား ချိန်တွင်မှ အိပ်ခန်းသို့ ဆွန်ဂျာနှင့်အတူဝင်သည်။

ဝူလ်၏ တာဝန်ကား စမစ်၏ လက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်းများကို ကူးရုံပဲဖြစ်သည်။

စမစ်၏ ဒုတိယအခေါက်သည် ဝူလ်အတွက် စိတ်ဓာတ်ကျစရာဖြစ်သည်။ လက်ဆွဲအိပ်ထဲတွင် ဘာမှထူးထူးခြားခြား မပါခဲ့။ စမစ်တစ်ယောက် တစ်ခါတစ်မှု စစ်သတင်းကို အိတ်ထဲထည့်လာနိုင်သူများလေလားဟု ဝူလ်စိုးရိမ်ခဲ့သည်။ ယခု တတိယအခေါက်တွင်တော့ ဝူလ်ရွှေမိုးနှင့်တိုးလေတော့သည်။

ဗိုလ်ချုပ် ဆာကလောဒ်အာချင်လက် အရှေ့အလယ်ပိုင်းစစ်မြေပြင် တာဝန်ခံသည် တပ်မကြီး (၈)ကို ဗိုလ်ချုပ်နီးလ်ရစ်ချီထံမှ လွှဲပြောင်းလက်ခံယူသည်။

သီ ဟ ရ တ န ၁ ၀ ၁ ၄ ပ

ဤသို့ မဟာမိတ်တို့၏ စိုးရိမ်ပြောင်းလဲမှုသတင်းသည်ပင် ရှိမဲလ်အတွက် ဝမ်းမြောက်နှယ်ရာ မဟုတ်ပါလား။ ဝူလ်အတွက်လည်း စစ်ရေးအစီအစဉ်များကို ကိုင်ရှိမြို့အတွင်းမှာသာ ရေးဆွဲသတ်မှတ်မည်ဖြစ်၍ သတင်းထူးများကို ရယူရန် အခွင့်ထူးများနေနိုင်သည် မဟုတ်ပါလား။

မဟာမိတ်တပ်များသည် သူတို့၏ ခုခံရေးစစ်ကြောင်းကို မာဆာမာထရုသို့ ရွှေ့ပြောင်းလိုက်သည်။ စမစ်ဒိတ်ထံမှ ရသော သတင်းထူးမှာ ထိုခုခံရေးစစ်ကြောင်း၏ အခြေအနေပင်ဖြစ်သတည်း။

ခုခံရေးစစ်ကြောင်းသစ်သည် ကမ်းခြေရွာ-မက်ထရုမှ သည်သဲကန္တာရအစွန်ရှိ ဆီဒီဂျမ်နာအထိ ဖြစ်သည်။ တပ်ရင်း ၁၀ သည် မက်ထရုမှာ ရှိသည်။ နောက် ၁၅ မိုင်ရှည်သောများပြားသည့် မိုင်းဗုံးလိုင်းကြီး ပထမဆင့်ချထားသည်။ နောက် ၁၀မိုင်ကို ခပ်ကျဲကျဲ မိုင်းဗုံးလိုင်း ချထားသည်။ နောက်ထွက်ပေါက်၊ ရှက်ပေါက်၏ ဟိုဘက်မှာ တပ်ရင်း ၁၃။

အခြေအနေကို ဝူလ်သုံးသပ်ကြည့်သည်။ မြင်ကွင်းမှာ ရှင်းလင်းလှ၏။ ဟာမိတ်ခုခံရေး စစ်ကြောင်းမှာ ဘေးနှစ်ဘက်မှာ အင်အားတောင့်တင်းပြီး လယ်မှာ အားပျော့သည်။

ရှိမဲလ်၏ လှုပ်ရှားမှုအဖြစ်နိုင်ဆုံးဟု မဟာမိတ်တို့ တွေးထင်ယဆထားကြည်မှာ တောင်ဘက်စွန်းစစ်မျက်နှာဖြစ်သည်။ ဤသည်မှာ ရှိမဲလ်၏ အကြိုက်ဆုံးဟာဖြစ်သည်။ ဤသို့ဖြင့် ရှိမဲလ်သည် တိုဘရုကိုသိမ်းခဲ့သည်မဟုတ်ပါလား။ ဤကဲ့သို့ တောင်ဘက်မျက်နှာမှ ရှိမဲလ် စစ်ဆင်ရေးလုပ်ပါက အသင့်စောင့်နေသော ပ်ရင်း ၁၃ နှင့် ရင်ဆိုင် တွေ့မည်ဖြစ်သည်။ တပ်ရင်း ၁၃ မှာ သံချပ်ကာ ပ်ရင်း ၁၊ နယူးဇီလန်တပ်ရင်း ၂ တို့အားဖြည့်ထားပြီးဖြစ်သည်။ နယူးဇီလန် ပ်ရင်းမှာ ဆီးရီးယားမှခေါ်ယူထားသည့် တပ်ရင်းအသစ်ဖြစ်သည်။ အားမာန် ပြည့်ရှိနေဆဲဖြစ်သည်။ ရှိမဲလ်အတွက်လွယ်မည်မဟုတ်။

သို့သော် ဝူလ်ထံမှ သတင်းရပြီးဖြစ်သော ရှိမဲလ်သည် အင်အားတောင့် င်းသော ဘယ်တောင်ပံ၊ ညာတောင်ပံစစ်ကြောင်းများကို ရှောင်ပြီး အားအနည်းဆုံး လယ်ပိုင်းအူတိုင်ကို ဖောက်၍အလုံးအရင်းနှင့် ထိန်းမနိုင် သိမ်းမရ ဝက်ခေါင်းထိုး က်နိုင်မည်ဖြစ်၏။

ဝူလ်သည် သူ့ဘာသာပြုံးလိုက်၏။ သူ့အနေနှင့် ဂျာမန်စစ်သည်တို့၏ မြောက်ပိုင်းအာဖရိကတိုက် စစ်အောင်နိုင်ရေးတွင် အဓိက ကူညီလုပ်ဆောင်သူ ဖြစ် ဂုဏ်ယူကျေနပ်လျက်ရှိလေသည်။

သီဟရတနာ၁၈၁မပ

ထိုအခိုက် အိပ်ခန်းထဲမှ ရှန်ပိန်တစ်ပုလင်းဖွင့်သံ ဖောက်ကနဲမြည်လာသည်။ ဂူလ်သည် စာရွက်စာတမ်းများကို အမြန်ဆုံးလက်စွဲအိတ်ထဲသို့ ပြန်ထည့်ပြီးသော့ ခတ်ကာသော့ကို ဘောင်းဘီအိတ်ထဲထည့်လိုက်၏။ သူသည် ဗီရိုထဲသို့ပြန်ဖဝင်တော့၊ တစ်ခေါက်ဆိုလျှင်တော်လောက်ပြီ၊ သူခြေနင်းချွတ်၍ ဘောင်းဘီအိတ်ထဲထည့်ပြီး၊ နောက် ခြေဖြားထောက်၍ အခန်းထဲမှ ထွက်ခဲ့၏။ ကုန်းပတ်ပေါ်မှတဆင့် ကုန်းဘောင်ပေါ် ဖျတ်လျှောက်ကာ လေ့အိမ်မှ ခွာခဲ့၏။ လမ်းပေါ်ရောက်မှ ခြေနင်းကိုပြန်စီးပြီး နေ့လည်စာစားရန် ထွက်သွားလေ၏။

ကာမဲလ်သည် ခေါင်းကို ယဉ်ယဉ်ကျေးကျေးခါယမ်း၍ . . .

" မေဂျာမျက်နှာက ဒုက္ခရောက်သက်သာရဲ့နော် "

ဗင်ဒန်က ကာမဲလ်ကိုကြည့်၍ . . .

" ထိုင်လေ-ဒုက္ခရောကတော်တော်၊ ပတ်တီးက များများပါဗျာ. . .ထဲဘာထူးသလဲပြော. . . "

ကာမဲလ်သည် ထိုင်၍ ခြေထောက်နှစ်ချောင်းကို လိမ်ချိတ်လိုက်၏။

" လေ့အိမ်ကို စောင့်ကြည့်နေရတဲ့ သတင်းကို ကိုယ်တိုင်လာပေးရင် ကောင်းမှာပဲဆိုပြီး လာပို့တာပါ၊ သတင်းကတော့ မထူးလှပါဘူး "

ဗင်ဒန်က ကမ်းလာသော စာအိတ်ကိုယူ၍ ဖောက်ဖွင့်ဖတ်သည်။ စာအိတ်ထဲတွင် လက်နှိပ်စက်နှင့် ရိုက်ထားသော စာတစ်ရွက်သာရှိသည်။

" ဆွန်ဂျာတစ်ယောက် (ချားချားကလပ်မှာဟု ယူဆ ရသည်) ည ၁၁ နာရီ ပြန်လာသည်။ တစ်ယောက်တည်းဖြစ်သည်။ နံနက် ၁၀ နာရီတဝိုက်တွင် ကုန်းပတ်ပေါ်တွင် အပေါ်ဝတ်ရုံနှင့်မြင်ရသည်။ နေ့ ၁ နာရီ စာပို့သမားလာသည်။ ဆွန်ဂျာ ၄ နာရီခန့် အပြင်ထွက်၍ ၆ နာရီခန့် ပြန်ရောက်သည်။ လက်ထဲတွင် ကိုင်ရှိမြို့နာမည်ကျော် အဖိုးတန်အပ်ချုပ်ဆိုင်မှ အိတ်တစ်လုံးပါလာသည်။ ထို့နောက် နေ့စောင့်ကြည့်သူနှင့် ညစောင့်လဲသည် "

ယမန်နေ့ကလည်း အလားတူ အစီရင်ခံစာမျိုး တစ်စောင် ကာမဲလ်ထံမှ ဗင်ဒန်ရခဲ့သည်။ ဤသို့ဖြင့် နှစ်ရက်တာကာလပတ်လုံး ဆွန်ဂျာသည် ဘာမှထူးခြားမှု မရှိခဲ့။ ဂူလ်သော်လည်းကောင်း၊ တခြားလူစိမ်း တစ်စုံတစ်ယောက် သော်လည်းကောင်း၊၊ ဆွန်ဂျာထံမလာ။

ဗင်ဒန်သည် စိတ်ပျက်နေ၏။

ကာမဲလ်ကမူ

" ကျွန်တော် စောင့်ကြည့်ခိုင်းတဲ့ နေ့လူရော ညလူပါ စိတ်ချရပါတယ်. . . ကျွန်တော့်ဆီကို တိုက်ရိုက်သတင်းပို့ပါတယ် "

ဗင်ဒန်ဘာမှ မတတ်နိုင်။

" ဟုတ်ပါပြီ၊ အခုလိုလာပို့တဲ့အတွက် ကျေးဇူးတင်ပါတယ် "

ကာမဲလ်ထိုင်ရာမှ ထသည်။

" အပန်းမကြီးပါဘူး၊ ကျွန်တော်ပြန်မယ်၊ ဂွတ်ဘိုင် "

ဗင်ဒန်သည် ငုတ်တုတ်ထိုင် ကျန်ရစ်၏။ ကာမဲလ်၏ အစီရင်ခံစာကို နောက်တစ်ခေါက်ပြန်ဖတ်၏။ သဲလွန်စတစ်စုံတစ်ရာများ ရမည်လားဟု. . . အကယ်၍ ဆွန်ဂျာသည် ဂူလ်နှင့်အဆက်အသွယ်ရှိရှိုးမှန်ပါက ဂူလ်သည် တစ်နည်းမဟုတ် တစ်နည်း ဆွန်ဂျာနှင့် ဆက်သွယ်ရမည်ဖြစ်သည်။ ဗင်ဒန်အနေနှင့် ဆွန်ဂျာသည် ဂူလ်နှင့် ရင်းနှီးသူဟု ယုံကြည်ထားဆဲဖြစ်သည်။ ဆွန်ဂျာသည် တစ်စုံတစ်ယောက်နှင့် ဆက်သွယ်မှုရှိပါက ယခုပုံအတိုင်းဆိုလျှင် လှေအိမ်မှာ မတွေ့ပဲ အပြင်တစ်နေရာရာမှာ တွေ့နေပုံရသည်။

ဗင်ဒန်သည် အခန်းပြင်သို့ လှမ်း၍ခေါ်သည်။

" ဂျိတ် "

" ဆာ. . . "

ဂျိတ်အခန်းထဲ ဝင်လာထိုင်သည်။ ဗင်ဒန်က. . .

"ကနေ့ကစပြီး ညနေတိုင်း မင်း ချားချားကလပ်ကိုသွား၊ ဆွန်ဂျာကို စောင့်ကြည့်၊ ကပွဲအပြီးဘယ်စားပွဲကိုသွားထိုင်လဲ၊ ဘယ်သူနဲ့သွားထိုင်လဲ စောင့်ကြည့်၊ စားပွဲထိုးတွေ ဘာတွေလဲ လာဘ်ထိုးပြီး ဆွန်ဂျာရဲ့အဝတ်လဲခန်းထဲကို ဘယ်သူဝင်သလဲဆိုတာ စုံစမ်း "

" ဟုတ်ကဲ့ ဆရာ. . . "

ဗင်ဒန်သည် ခေါင်းညိတ်ပြီး ပြန်လွှတ်၏။ ပြီးမှ ပြုံး၍. . .

" အဲ. . . ပျော်ပျော်နေဖို့လဲ အခွင့်ပေးလိုက်တယ်. . . "

ပြုံးမိခြင်းသည် မှားပေသည်။ အကြောင်းမှာ ပါးမှ ဒဏ်ရာသည် နာလာသောကြောင့်ဖြစ်သည်။ သူကိုယ်တိုင်ကလည်း ဒေါက်တာမ ပြောသလို ဆေးသကြားနှင့် ရေနွေးသာ သောက်နေသည်မဟုတ်၊ သိပ်မဝါးရပဲ မျိုလို့ရသောအစာဆိုလျှင် မျိုချကာ စားလိုက်သေး၏။ ပြီးမှ ဂျင်အရက်နှင့်မျှော့ချသည်။ သူအရက်သောက်

တာ ဆေးလိပ်သောက်တာ များသည် လျှော့ပါဟု ဒေါက်တာမက ဆိုသေးသည်။ စစ်ပြီးသောအခါ လျှော့မည်။ စစ်မပြီးတောင်မှ ဝူလ်ကို ဖမ်းမိသောအခါ လျှော့မည်ဟု ပိုင်းဖြတ်ထား၏။

ဝူလ်. . .

ဝူလ်ကို ဖမ်းမိရေးအတွက် ဆွန်ဂျာကတစ်ဆင့် ဆက်သွယ်မှုမရနိုင်ပါက အယ်လိန်းသာ ကျန်တော့၏။ တစ်နေ့ညက အယ်လိန်းအခန်းတွင် သူပေါက်ကွဲမိသည်ကို ပြန်တွေးမိပြီးရှက်နေမိ၏။ အမှန်စင်စစ် သူ၏ နှစ်ကြိမ်တိုင်တိုင် မအောင်မြင်မှုကို စိတ်ဆိုးခြင်းဖြစ်သည်။ နောက်ဝူလ်နှင့် အယ်လိန်းတို့နှစ်ဦးအတူရှိနေခြင်းအတွက် မကျေမနပ်ဖြစ်နေခြင်းသာ ဖြစ်သည်။ အမှန်အားဖြင့် အယ်လိန်းသည် လှပသော မိန်းကလေးတစ်ယောက်ဖြစ်ရာ လေးစားဖို့တာဝန် သူ့မှာရှိသည်။

ဝူလ်သည် အယ်လိန်းနှင့် တွေ့ဦးမည်ဟုဆိုထား၏။ ယခုအခြေအနေ်အရ ဆွန်ဂျာ၏ လှေအိမ်သို့ ဝူလ်မလာ၊ မဆက်သွယ်ဟု ဆိုပါက အယ်လိန်းသည်သာ သူ၏ တစ်ခုတည်းသော မျှော်လင့်ချက် မဟုတ်ပါလား။

အယ်လိန်းသည် တစ်နေ့လုံးဈေးဝယ်ထွက်နေ၏။ သူမ၏အခန်းသည် အကျဉ်းထောင်တစ်ခုလိုဖြစ်နေ၏။ သူမခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေခဲ့ပြီး ဘာမှမည်မည်ရရ စဉ်းစား၍တွေး၍မရ။ နောက်ဆုံး တောက်ပြောင်သော အကျႌ အကျႌတစ်ထည်ကို ကောက်ဝတ်ပြီး အပြင်နေရောင်ထဲသို့ ထွက်ခဲ့ခြင်းဖြစ်သည်။

သူမအနေနှင့် သစ်သီးဝလံနှင့် ကုန်စိမ်း ရောင်းသောဈေးတန်းကို သဘောကျ၏။ အားလုံးမှာ အရောင်စုံပြီး လှပသစ်လွင်နေ၏။ နောက်နေ့ခင်းပိုင်း ရောက်လာသည်နှင့် ဈေးသည်များက သူတို့၏ ကုန်စိမ်းများကို အမြန်ဆုံးထုတ်ပစ်ချိန် ဖြစ်၍ အဖိုးလည်း ချိုသည်။ သူမ ခရမ်းချဉ်သီးတစ်ချို့ဝယ်သည်။ ဈေးသည်က စက္ကူအိတ်ထဲ မထည့်မီ နာပုံရသော ခရမ်းချဉ်သီးတစ်လုံး လွှင့်ပစ်ပြီး အလတ်တစ်လုံး ထည့်ပေး၏။ အယ်လိန်းတပြုံးမိသည်။ အကြောင်းမှာ ထိုဈေးသည်သည် သူမကွယ်သည်နှင့် ထိုပစ်လိုက်သော ခရမ်းချဉ်သီးကို ပြန်ကောက်မည်ကို သိသောကြောင့်ဖြစ်သည်။ ဒါမှ နောက်ဈေးဝယ်တစ်ယောက်ရှေ့မှာ ထပ်ဟန်လုပ်ရမည်ဖြစ်သည်။ နောက် ကြက်ဥတစ်ချို့ထပ်ဝယ်သည်။ အိမ်ရောက်မှ ကြက်ဥကြော်စားရန်ရည်ရွယ်သည်။ အစားအသောက်ဈေးခြင်းတောင်းနှင့် အိမ်ပြန်ရသည်မှာ အရသာရှိလှ

သီ ဟ ရ တ န ၃ ၀ ၁ ၉ ပ

သည်။ တစ်နပ်စာထက်ပိုဝယ်လာခြင်းဖြင့် ဘဝလုံခြုံမှုရှိသလိုခံစားရ၏။

ဈေးထဲမှ ထွက်လာပြီး အဝတ်အစားတန်းကို လျှောက်ပြီးဆိုင်ပြတင်းများမှတဆင့် ချိတ်ဆွဲထားသော အဝတ်အစားများကို လျှောက်ကြည့်သည်။ သူမကြိုက်တာတွေ့သည်နှင့် ဝယ်စမြဲ။ ယခု စိတ်ထဲမှ ရည်စူးထားသည်မရှိ၍ ဘာမှမတွေ့။ တစ်နေ့တော့ ကိုယ်ပိုင်အပ်ချုပ်သမားထား၍ ချုပ်ထည်ဝတ်ဘဝမှ အပ်ထည်ဝတ်ဦးမည်ဟု တွေးထားလိုက်၏။

ထိုအတွေးမှတဆင့် ဝီလီယံဗင်ဒန်တစ်ယောက် သူ့ဇနီးကို အပ်ထည်ဝယ်ပေးနိုင်ပါ၏လောဟု တွေးမိသည်။

ဗင်ဒန်အကြောင်း တွေးရလျှင် စိတ်က အလိုလိုပျော်သည်။ တဆက်တည်း ဂူလ်အကြောင်း ရောက်သွားမှ အပျော်စိတ်ကလေးရပ်သွား၏။

အမှန်အားဖြင့် သူမအတွက် ထွက်ပေါက်ရှိပါသည်။ ဂူလ်နှင့်မတွေ့ပဲနေလိုက်ရုံသာဖြစ်သည်။ သူမအနေနှင့် မားမြောင်ကိုင်လူသတ်သမားတစ်ယောက်ကို ဖမ်းမိဖို့အတွက် မားစာခံလုပ်နေဖို့ တာဝန်မရှိ။

နောက်ဆုံး အယ်လိန်းတစ်ယောက် အဝတ်ဝယ်ဝတ်ရန်လည်း စိတ်မပါတော့ပဲ အိမ်သို့ ပြန်လာခဲ့၏။

သူမ၏ အခန်းပေါက်သို့မရောက်မီ အသံတစ်ခုက ထွက်လာ၏။

" အာဗီဂေးလ် "

အယ်လိန်းတစ်ကိုယ်လုံး တုန်ပြီး ကျောက်ရုပ်လိုရပ်သွား၏။ တစ္ဆေတစ်ယောက်၏ အသံကို ကြားလိုက်ရသလို ရပ်သွား၏။ လှည့်မကြည့်ရဲပေ။ အသံကဆက်ထွက်လာပြန်၏။

" အာဗီဂေးလ် "

အယ်လိန်း လှည့်ကြည့်သည်။ အရိပ်အကွယ်မှ လူတစ်ယောက်ထွက်လာ၏။ အိုမင်းသော ဂျူးတစ်ယောက်။ စုတ်ပြတ်စွာ ဝတ်စားလျက် မုတ်ဆိတ် ပါးသိုင်းမွေးများနှင့်။

အယ်လိန်းက. . .

" အဖေ "

ထိုလူသည် သူမရှေ့မှ မတ်မတ်ကြီး ရပ်နေ၏။ သူမကို ဒိရက်ကိုင်ရမှာကိုပင် ကြောက်ရွံ့နေသလို. . . သူကကြည့်ရင်း. . .

" လှုတုန်းပဲနော်၊ ဆင်းရဲပုံလဲမရဘူး "

ရုတ်တရက်ပင် အယ်လိန်းသည် အဖေ့ကိုဖက်ပြီး ပါးကိုနမ်းလိုက်သည်။

ပြီးတော့ နောက်ပြန်ဆုတ်ရင်း ကြည့်မိသည်။ ဘာပြောရမည်မသိ။ အဖေကမူ. . .

" မင့်အဖေရဲ့အဖေ အဘိုးတော့ ဆုံးရှာပြီ "

အယ်လိန်းသည် အဖေ၏လက်ကို တွဲ၍ လှေခါးမှ တက်ခဲ့သည်။ အဖြစ်အပျက်များသည် အိပ်မက်ပမာ ဖြစ်နေ၏။ အခန်းတွင်း ရောက်ခါမှ. . .

" အဖေ တစ်ခုခုတော့ စားပါဦး "

ပြောပြောဆိုဆိုပင် အယ်လိန်းသည် မီးဖိုချောင် ဝင်၍ မီးမွေး၊ ဒယ်အိုး တင်သည်။ ပြီးတော့ ကြက်ဥများကို ပန်းကန်တစ်ခုမှာ ဖောက်ထည့်ရင်း. . .

" အဖေ ကျွန်မကို ဘယ်နှယ်လုပ်ပြီး ရှာတွေ့တာလဲ "

" သမီးဘယ်မှာ နေတယ်ဆိုတာ အဖေ အမြဲသိပါတယ်ကွယ်၊ သမီးရဲ့ သူငယ်ချင်း အက်စမီက သူ့အဖေဆီကို အမြဲစာရေးတယ်လေ။ တစ်ခါတစ်လေ အဖေလဲ သူ့စာတွေဖတ်ရတယ် "

အက်စမီသည် အဖေပြောသလို အယ်လိန်း၏ သူငယ်ချင်းမဟုတ်ပေ၊ သို့သော် အသိတစ်ယောက်ဖြစ်ပြီး နှစ်လ သုံးလ တစ်ကြိမ် ဆုံတတ်၏။ အယ်လိန်းက လိပ်ပြာမသန့်ပဲနှင့်. . .

" သမီးစာမရေးတာက အဖေက သမီးကို ပြန်ခေါ်မှာ စိုးလို့ပါ "

အဘိုးကြီးက ခေါင်းယမ်းပြသည်။

'အဖေက ဘယ်ပြောလို့ရမလဲ၊ အိမ်ပြန်လာသမီး၊ သမီးတာဝန်က မိသားစုနဲ့အတူငတ်ငတ်ပြတ်ပြတ် နေရမယ်လို့လား။ မခေါ်ပါဘူး။ ဒါပေမဲ့ သမီးနေတဲ့ နေရာကိုတော့ အဖေအမြဲသိပါတယ်လို့သာ ပြောတာပါ'

အယ်လိန်းသည် ကြက်ဥအွန်မလက်ထဲသို့ ခရမ်းချဉ်သီးများလှီးထည့်ယင်း. . .

'အဖေ့ အနေနဲ့ကမသင့်တော်တဲ့ အသက်မွေးဝမ်းကျောင်းလုပ်မည့်အစား တို့နဲ့ ငတ်အတူတူနေလှည့်ပါလို့ ပြောဖို့ကောင်းတာပေါ့'

'အင်း. . . အဲဒီလို ပြောဖို့ကောင်းတာ အမှန်ပါဘဲ၊ ပြောပြန်ယင်လဲ မှားချင်မှားနေမှာပဲ'

အယ်လိန်းသည် သူ့အဖေကို ပြန်ကြည့်သည်။ ဘယ်ဘက်မျက်စိမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာမှ ရှိခဲ့သော တိမ်သည် ညာဘက်သို့ကူးစက်စပြုနေပြီကို တွေ့ရ၏။ အဖေ၏ အသက်သည် ၅၅ နှစ်ရှိပြီဟု အယ်လိန်းတွက်ကြည့်မိ၏။ သို့သော်မြင်ရသည်မှာ ၇၀ ခန့် အိုမင်းနေပြီဖြစ်၏။ အယ်လိန်းက. . .

'အဖေ ပြောသလိုပဲ မှားချင်မှားနေမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဘဝဆို

ဘာ သက်သက်သာသာနေရယင် ပိုကောင်းတာကိုး'

'ဟုတ်ချင်လဲ ဟုတ်မှာပေါ့၊ ဒါပေမဲ့ အဖေ့အနေနဲ့ အသက်ကလဲကြီးလာ ပြီ၊ ငယ်ငယ်တုန်းကလို ဘာမှယတိပြတ်မှန်တယ်လို့ ပြတ်သားတဲ့အမြင် မရှိတော့ဘူး'

အယ်လိန်းသည် ကြက်ဥအွန်မလက်ကြော်ကို နှစ်ပိုင်းပိုင်း၍ ပန်းကန်နှင့် မှာ ထည့်သည်။ နောက် ပေါင်မုန့်ကို ထုတ်ပြီး စားပွဲပေါ် တင်သည်။ အဖေသည် လက်များကို ဆေးကြောပြီးမှ ပေါင်မုန့်ကို ကိုင်ပြီးဆုတောင်းစကား ရွတ်ဆိုသည်၊

အယ်လိန်းသည် အဖေ ဆုတောင်းစာ ရွတ်နေသည်ကို သူမစိတ်မဆိုး သည့်အတွက် အံ့ဩနေမိ၏။ သူမ၏ အမှောင်ဘဝများတွင် အဖေ၏ ဘာသာရေး အခွဲအလမ်းများကို သူမ မကျေမနပ်ဖြစ်စမြဲ။ ဆုတောင်းလို့ ဘာမှဖြစ်မှာ မဟုတ ဘူးဟု ထော်လော်ကန့်လန့် တွေးစမြဲ၊ နာကျည်းစမြဲ။ ယခုတော့ ယခင်လို မတွေ မမြင်မိတော့။

သူတို့သားအဖနှစ်ယောက် အတူစားကြသည်။ အဖေသည် အတော်ဆာ ဟောင်နေပုံရ၍ အားပါးတရ စားသည်။ အယ်လိန်းကမူ အဖေသည် အဘိုးဆုံးသည် အကြောင်းကိုလာပြောရုံ သက်သက် လာသည်များလားဟု တွေး၏။ မဖြစ်နိုင်ပေ နောက်ဆက်တွဲ ကိစ္စရှိရပေဦးမည် ဖြစ်၏။

အယ်လိန်းသည် သူမ၏ ညီအစ်မလေးယောက်အကြောင်းကို မေး၏ အမေဆုံးပြီးသည့် နောက်မှစ၍ သူတို့အားလုံး အဖေနှင့်ခွဲသွားကြသူများသာဖြစ်၏ နှယောက်က အမေရိကန်သို့ ထွက်သွားကြသည်၊ တစ်ယောက်က အဖေ၏ အကြို ဆန့်ရန်သူ၏ သားနှင့်လက်ထပ်သွားသည်။ အငယ်ဆုံးကလေးမသည် တစ်ခုတည် သော လွတ်မြောက်ရာလမ်းဖြစ်သည့် သေမင်းနောက်သို့ ပါသွား၏။ အယ်လိန် ခေါ်ထဲတွင် အဖေ့ကြောင့်ဟု အမြဲအောက်မေ့ခဲ့၏။

အဖေက သူမကိုဘာလုပ်နေသလဲဟု မေးရာ အယ်လိန်းက မလိမ်ချင် ဖြင့် အမှန်ကို ပြောလိုက်၏။

" အင်္ဂလိပ်တွေက ဂျာမန် စပိုင်တစ်ယောက်ကို ဖမ်းချင်နေတယ်၊ သမီ ဝန်က သူ့ကို မျှားပေးဖို့ပဲ၊ တကယ်တော့ ငါးစာသဘောပေါ့လေ၊ ဒါပေမယ့် မီး သူတို့ကို ဆက်အကူအညီမပေးချင်တော့ဘူးလို့ စဉ်းစားနေတယ် "

အဖေက စားနေရာမှ ရပ်လိုက်ပြီး . .

" သမီးက ကြောက်လို့လား "

အယ်လိန်း ခေါင်းညိတ်ပြလိုက်သည်။

" ဟုတ်တယ်။ အဲဒီလူဟာ တကယ် အန္တရာယ်ပေးနိုင်တဲ့လူပဲ၊ သူဟာ

စစ်သားတစ်ယောက်ကို မှားနဲ့ထိုးသတ်ဘူးတယ်၊ မနေ့ညက ကျွန်မ သူနဲ့ စားပွဲရုံမှာ ရှိတုန်း အင်္ဂလိပ်တွေက ဖမ်းဖို့ပဲ၊ ဒါပေမယ့် လွဲချော်ပြီး တစ်ညနေလုံး သမီးသူနဲ့ နှစ်ယောက်တည်း အချိန်ကုန်ခဲ့ရတယ်။ သမီးသိပ်ကြောက်သွားတယ်လေ။ အဲဒါပြီး တော့ တာဝန်ပေးခဲ့တဲ့ အင်္ဂလိပ်အရာရှိက. . ."

အယ်လိန်း စကားတစ်ဝက်မှ ရပ်ပြီး သက်ပြင်းချသည်။ နောက်. . .

"အင်းလေ. . . သမီး ထပ်အကူအညီ မပေးချင်တော့သလိုဖြစ်နေပါပြီ"

အဖေသည် အစားဆက်စား၏။

"သမီး အဲဒီအင်္ဂလိပ်အရာရှိကို ချစ်နေသလား"

"အို. . . သူက ဂျူးမဟုတ်ဘူး အဖေရဲ့"

"အဖေ့ အနေနဲ့ ဘယ်သူ့ကိုမှ ဆုံးဖြတ်ပိုင်ခွင့်မရှိတော့ပါဘူးကွယ်"

အယ်လိန်းရင်သည် နာကျင်သွား၏။ ဖခင်အို၏ စိတ်တွင် ဘာများ ကျန်ပါဦးမည်နည်း။

သူတို့နှစ်ဦး အစားအသောက်ကို လက်စသတ်လိုက်ကြ၏။ အယ်လိန်းက အဖေ့အတွက် လက်ဖက်ရည်တစ်ခွက် ထဖျော်ပေးသည်၊ အဖေက. . .

"ဂျာမန်တွေလာတော့မယ်၊ ဂျာမန်တွေရောက်လာရင် ဂျူးတွေအတွက် ပိုဆိုးမှာပဲ၊ အဖေတော့ သွားတော့မယ်"

အယ်လိန်း မျက်ခုံးတွန့်လိုက်၏။

"ဘယ်သွားမှာလဲ"

"ဂျေရုဆလင်ကိုပေါ့"

"ဘယ်လို လုပ်သွားမှာလဲ၊ မီးရထားတွေကလဲ အမြဲလူပြည့်နေပြီး ဂျူးတွေ အတွက် နေရာကလည်း နည်းနည်းရှိတာ"

"လမ်းလျှောက်သွားမှာပေါ့"

အယ်လိန်းသည် အံ့ဩကြီးစွာဖြင့် သူ့အဖေကို ကြည့်လိုက်၏။ အတည် ပေါက်ပြောနေခြင်းတော့ မဖြစ်တန်ရာ၊ သို့သော် ပြက်လုံးထုတ်ရမည့် ကိစ္စလည်း မဟုတ်။

"လမ်းလျှောက်သွားမယ် ဟုတ်လား"

အဖေက ပြုံးသည်။

"အဖေ အရင်ကလည်း လျှောက်သွားခဲ့ဘူးသားပဲ"

အယ်လိန်းသည် အဖေကြီး အလေးအနက်ပြောနေမှန်းသိသွား၏၊ သူမ ရင်ထဲမှာ စိတ်ဆိုးလာ၏။

" ကျွန်မ သိသလောက်တော့ မိုးဇက်လဲရောက်အောင်မသွားနိုင်ခဲ့ပါဘူး "

" အင်းလေ. . . ကားကြုံလေး ဘာလေး တွေ့ရင်လဲ တားစီးသွားရမှာပေါ့ "

" အဖေ ရှုးနေလို့လားဟင် "

" မပြောတတ်ဘူး၊ အဖေအမြဲတမ်း နည်းနည်း ရှုးနေတယ်လို့ ထင်တာပဲ "

" ဟုတ်တယ် "

အယ်လိန်းသည် ဖော်ပြောလိုက်မိ၏၊ သူမ၏ စိတ်ဆိုးခြင်းသည် ပေါက်ကွဲသွား၏။ " ဟုတ်ပါတယ်၊ အဖေဟာ ဒီလိုပဲအမြဲစိတ်နည်းနည်း ဖောက်နေတာပဲ၊ သမီးအနေနဲ့ ခေါင်းမာလှတဲ့ အဖေ့စိတ်ကို ပြောင်းလို့မရဘူးဆိုတာ သိဖို့ကောင်းပါတယ် "

" အဖေကတော့ သမီးအတွက် ဘုရားမှာ ဆုတောင်းပေးပါမယ်ကွယ်၊ သမီးဟာ ငယ်ကလည်း ငယ်သေးတယ်၊ ချောလည်း ချောတယ်ဆိုတော့၊ ဒီမှာ နေခဲ့ဖို့ အခွင့်အရေး ရနိုင်ကောင်းပါတယ်။ သမီးကို ဂျူးလို့ သိချင်မှသိမှာပေါ့၊ အဖေကတော့ ဟီဘရူး ဘုရားစာကိုပဲ တတွက်တွက်ရွတ်နေတတ်တဲ့ အသုံးမကျတဲ့ ဂျူးအိုကြီးတစ်ယောက်ဖြစ်နေပါပြီကွယ်။ ဂျာမန်တွေလက်ထဲရောက်သွားလို့ အဖေကို အကျဉ်းစခန်းပို့ရင် ဟိုမှာ သေမှာပဲ၊ သမီးပြောသလို အသက်ရှင်နေရတာ သေရတာထက်တော့ ကောင်းပါသေးတယ် မဟုတ်လား "

အယ်လိန်းသည် သူမ၏ အဖေကို သူမနှင့်အတူ နေရန်တောင်းပန်၏။ နေပေ။ နောက်ဆုံး တစ်ညဖြစ်ဖြစ်နေပါဦးဟု တောင်းပန်သော်လည်း ခေါင်းမာသော အဖေသည် လက်မခံပေ။ တားမရသည့်အဆုံးတွင်မှ အယ်လိန်းသည် အနွေးထည်ဆွယ်တာ၊ မာဖလာနှင့် အိမ်မှာ ရှိနေသော ငွေတစ်ချို့ကို ထုတ်ပေးသည်။ ...က်ဖြန်ခါအထိနေပါက ဘဏ်တိုက်မှ ငွေထုတ်လို့ရပြီး ကုတ်အင်္ကျီ ဝယ်ပေးမည် ... ပြောသည်။ အဖေက အရင်လိုနေသဖြင့် တားမရပေ။

အယ်လိန်းငိုသည်၊ မျက်ရည်ခြောက်သွားသောအခါ ထပ်ငိုသည်။

အဖေ ဆင်းသွားသောအခါ အယ်လိန်း ပြတင်းပေါက်မှ လှမ်းကြည့်၏။

သက်ကြီးရွယ်အို အဘိုးကြီးတစ်ယောက် သည်ပုံ သည်ပန်းနှင့်ပင် အိမ်ရှေ့ ...ည်မှ လမ်းလျှောက်၍ ထွက်သွားပေတော့မည်၊ အစွရေး သားသမီးများ၏ ခရီး ...း်တိုင်သို့။

အဖေထွက်သွားသော်လည်း အဘိုးကြီးသည် တစ်စုံတစ်ရာချန်ထားခဲ့သလို အယ်လိန်း ထင်မှတ်နေမိ၏။ အဖေသည် ရင့်ရော်အိုမင်းနေပြီ ဖြစ်သော်လည်း ...မာန်စိတ်ဓာတ်ရှိသူပါကလား။ အဖေ၏ သတ္တိကို တွေးမိသည်နှင့် ဂျူးတို့၏

ဂိုက်ပွဲဝင်စိတ်ဓာတ်ပါတကား။ အယ်လိန်းတစ်ယောက် ဗင်ဒန်၏ စီမံကိန်းတွင် နောက်ဆုတ်ပြေးရန် မဖြစ်နိုင်တော့။

" ကောင်မလေး ကြည့်ရတာ လှို့လှို့ဝှက်ဝှက် ရှိတယ်ကွ၊ ငါကိုယ်တိုင် ကောင်းကောင်း မဝေခွဲနိုင်ဘူး "

ဝူလ်သည် ခုတင်ပေါ်မှာ ထိုင်းရင်းပြောလိုက်၏။ သူသည် ဆွန်ဂျာ အထ အစားလဲနေသည်ကို ကြည့်ရင်းပြောနေခြင်းဖြစ်သည်။ ဝူလ်က. . .

"ပျော်ပွဲစားထွက်ကြမယ်ဆိုတော့ တကယ်လန့်သွားတယ်ဗျာ၊ ရှင့်ကို ကွ ကောင်းကောင်းမှ မသိတာလို့ပြောတယ်၊ သူ့ကိုထိန်းဖို့ တစ်ယောက်လိုမယ်ကွ"

"ရှင်နဲ့မို့လို့တာပါ"

ဆွန်ဂျာကမူ တုံးတိတိဝင်ပြောသည်။

"အင်းလေ. . ကောင်းမလေး ကြည့်ရတာ ရှင်းရှင်းနဲ့ဘွင်းဘွင်းသမားပဲ

"ဘာပဲဖြစ်ဖြစ် အိမ်သာခေါ်ခဲ့ပါရှင်၊ ကျွန်မကြည့်ဆုံးဖြတ်ပါ့မယ်"

" ငါစိတ်ထဲမယ် တစ်မျိုးပဲကွ "

ဝူလ်သည် မျက်မှောင်ကုပ်သည်၊ သူသည် သူ့ဘာသာ အသံထွက် စဉ်းစားနေမိခြင်းဖြစ်သည်။

"တက္ကဆီကားထဲကိုဝင်တော့ လူတစ်ယောက် ကားပေါ်ကိုခုန်တက်တယ်"

" သူတောင်းစား တစ်ယောက်နေမှာပေါ့ "

" မဟုတ်ဘူး၊ ဥရောပတိုက်သားတစ်ယောက်ပဲ "

ဝူလ်သည် ပြုံးမိသည်။ ဤသည်မှာ သူ၏ဆန္ဒမဟုတ်ပဲ ဆွန်ဂျာ၏ လိုအ ဆန္ဒဖြစ်ပါသည်။ သူ့အနေနှင့်မူ ယခုအချိန်တွင် ဘယ်သူနဲ့မှ ချိန်းမတွေ့ပဲ ခပ် သျှိုနေချင်သည်။ သို့သော် ဆွန်ဂျာ၏ လိုအင်ဆန္ဒကိုလည်း ပစ်ပယ်၍မဖြစ်၊ ဆွန် ဂျာ သူ့အတွက်အရေးကြီးလှသူဖြစ်သည်။

ဆွန်ဂျာက . . .

" ဒါထက် ကျွန်မ အီဂျစ်စုံထောက် ကာမဲလ်နဲ့ တွေ့ဖို့ချိန်းလိုက်ရမလား ဒီလောက်ဆိုရင် ရှင်ဒီမှာနေတယ်ဆိုတာ သိလောက်ရောပေါ့ "

ဝူလ်သည် သက်ပြင်းချလိုက်၏။ ကာမဲလ်အကြောင်း ဆွန်ဂျာပြောလိုက် ခြင်းမှာ သူ့အပေါ်တွင် အထက်စီးရနေကြောင်း ပြလိုက်ခြင်းဖြစ်သည်။

" ကလဝ်ရောက်ရင် သူ့ကို ဖုန်းဆက်လိုက်ပေါ့၊ အမှန်အတိုင်းတော့ ဖြစ်နိုင်ငံသိပ်မတွေ့ချင်ဘူး။ ဒါပေမယ့် လောလောလတ်လတ်တော့ အချိုးသုံးထားပေါ့ "

" ကောင်းပြီလေ ကျွန်မသွားတော့မယ်၊ အယ်လိန်းနဲ့ရှိန်းတွေ့ဖို့ မမေ့နဲ့နော် ဲ "

ဆွန်ဂျာသည် အသင့်စောင့်နေသော တက္ကဆီကားရှိရာသို့ ထွက်သွားလေ၏။

ဆွန်ဂျာသည် ရှေးယခင်ကလို သူ၏ လက်ခုပ်ထဲကရေ မဟုတ်တော့ ကြောင်းလ် တွေးမိ၏။ ကိုယ်မွေးတဲ့မျောက် ကိုယ့်ပြန်ခြောက်သော ဘဝသို့ ရောက်နေ၏။ သူ့အနေနဲ့ ဆွန်ဂျာကို တွန်းလှန်ဖို့ အားရှိပါသလားဟု ကိုယ့်ဘာသာ မေးကြည့်၏။ အရေးကြုံလာလျှင်တော့ သူလုပ်မည်သေချာ၏။ သို့သော် ဆွန်ဂျာဆိုသည့် မိန်းမကလည်း ဒေါသတကယ် ထွက်လာလျှင် သူ့အပေါ် သစ္စာဖောက်ရန် ဝန်လေးမည်သင်၊ ဒီတော့ ခြေမသေ တုတ်မကျိုးလုပ်ရပေမည်။

သူ့အိပ်ရာပေါ်မှ ထလိုက်၏။ နောက်စာရွက်နှင့် ဖောင်တိန်ယူပြီး အယ်လိန်းထံ စာရေးရန်၊ စားပွဲမှာ ဝင်ထိုင်လိုက်၏။

❖ ❖ ❖

(၁၇)

အယ်လိန်း၏ အဖေ ဂျေရုဆလင်သို့ သွားပြီးနောက်တစ်နေ့တွင် စာရောက်လာ၏။ ကလေးတစ်ယောက်စာအိတ်နှင့် လာပေးခြင်းဖြစ်သည်။ အယ်လိန်း စာအိတ်ကို ဆွဲဖွင့်၍ ဖတ်လိုက်၏။ စာသည်တိုတိုလေး . . .

" ချစ်သော အယ်လိန်း ကြာသပတေးနေ့ ညနေ ရှမ်နာရီ အိုအေစစ်ကပွဲမှာ တွေ့ရအောင် စောင့်နေပါ့မယ် " ချစ်စွာဖြင့် 'အဲလက်ဝူလ်'

အဲလက်ဝူလ်၏ စာမှာ သူ၏ စကားလုံးများနှင့်မတူပဲ တိုးတောင်းတိကျ၍ ဂျာမန်ဆန်လှသည်ဟု အယ်လိန်းတွေးမိ၏။ ကြာသပတေးနေ့ဆိုလျှင် သန်ဘက်ခါပဲ။ အယ်လိန်းအဲနေနှင့် စိတ်မာတ်တက်ကြွရမည်လား၊ ကြောက်ရမည်လား မဝေခွဲတတ်။ သူမ၏ ပထမဆုံး အတွေးမှ ဗင်ဒန်ထံ ဖုန်းဆက်ရန်ဖြစ်သည်။ နောက်တွေသွားပြန်၏။

တကယ်တော့ သူမသည် ဗင်ဒန်ကိုစိတ်ဝင်စားနေ၏။ သို့သော် ဗင်ဒန်၏ အကြောင်းကို သူမနည်းနည်းသာ သိသည်။ ဗင်ဒန်တစ်ယောက် စပိုင် လိုက်မဖမ်းသော အချိန်များတွင် ဘာလုပ်နေပါလိမ့်။ ဂီတကို နားထောင်တတ်ပါသလား၊ တံဆိပ်ခေါင်းစုသလား၊ တောင်နံရိုင်းများကို ပစ်တတ်ပါသလား၊ ကဗျာကို ချစ်တတ်ပါသလား၊ ဗိသုကာအတတ်ကို စိတ်ဝင်စားသလား၊ ရှေးဟောင်းပစ္စည်းကို စုတတ်သလား၊ သူ၏အိမ်သည် ဘယ်လိုအိမ်မျိုးပါလိမ့်၊ ဘယ်သူနဲ့နေသလဲ စသည် စသည်

အတွေးများ ဝင်လာသည်။

အယ်လိန်းအနေနှင့် သူမတို့ ရန်ဖြစ်ခဲ့သော စကားပွဲကလေးကို ပြန်လည် တွေ့မြင်ချင်သည်။ ဗင်ဒန် ဘယ်မှာနေသည်ကို သိချင်သည်။ ယခုတော့သူနှင့် ဆက်သွယ်ရန် အကြောင်းရလေပြီ၊ တယ်လီဖုန်းဆက်နေမည့်အစား သူ့အိမ်ကို သွားမည်။

အယ်လိန်းအဝတ်အစားလဲဖို့ ဆုံးဖြတ်သည်။ နောက်ရေအရင်ချိုးဦးမှပဲဟု တွေးသည်။ တဆက်တည်း ခေါင်းပါ လျှော်ရင်ကောင်းမှာပဲဟု တွေး၏။

ရေချိုးကန်ထဲမှာ စိမ်ရင်း ဘာအဝတ်အစားဝတ်ရပါမလဲဟု စဉ်းစားသည်။ ယခင် ဗင်ဒန်နှင့် တွေ့ခဲ့စဉ်က ဘာအဝတ်အစားများ ဝတ်ခဲ့သလဲဟု ပြန်စဉ်းစား ကြည့်သည်။ နောက်ဆုံးပန်းရောင်ဝတ်စုံကို သူမဝတ်တာ ဗင်ဒန်မမြင်သေးဟု တွက်၍ ဝတ်ရန်ဆုံးဖြတ်လိုက်သည်။

အယ်လိန်းသည် ရေမွှေးနည်းနည်းကလေးဆွတ်ပြီး မှန်ရှေ့မှာ အလှပြင် နေလိုက်သည်။ ကြေးမုံမှန်ရိပ်ထဲမှ ပုံသည် လှပနေသည်ဟု တွေးကာ အယ်လိန်း ပြုံးမိပြန်၏။

အယ်လိန်း ဝူလ်၏စာကို တစ်ပါတည်းယူ၍ အခန်းမှ ထွက်ခဲ့သည်။ ဗင်ဒန်အနေနှင့် ဝူလ်၏ လက်ရေးလက်သားကို ကြည့်မြင်လိုပေဦးမည်ဖြစ်၏။ ဗင်ဒန်သည် ဝူလ်နှင့်ပတ်သက်ပါက မည်မျှပင်သေးငယ်သည်ဖြစ်စေ၊ သိလိုမြင်လို သည်၊ သူတို့နှစ်ဦး ညတညမှောင်ထဲမှာ လုံးထွေးသတ်ပုတ်ခဲ့ကြသည်မှလွဲ၍ တစ်ယောက်နှင့်တစ်ယောက် လင်းလင်းချင်းချင်းမှာ မျက်နှာချင်းဆိုင် မမြင်ဘူး သေးသောကြောင့်လည်း ဖြစ်နိုင်ပေသည်။ ဝူလ်၏ လက်ရေးမှာ သေသပ်လှပသည်။ န်းချီဆရာ၏ လက်ရေးနီးပါဖြစ်သည်၊ ဗင်ဒန်သည်ထိုလက်ရေးကို ကြည့်၍ စ်စုံတစ်ရာ ကောက်ချက်ထုတ်နုတ်၍ ရတန်ကောင်းသည်။

သူမ ဥယျာဉ်မြို့ဘက်သို့ လာခဲ့သည်။ အချိန်သည် ခုနစ်နာရီရှိပြီ။ သို့သော် ဗင်ဒန်သည် အလုပ်ခွင်မှ အပြန်နောက်ကျတတ်သည်ဖြစ်ရာ အချိန်ရသေး၏။ နေရောင်သည် ပူပြင်းဆဲဖြစ်ရာ သူမတစ်ကိုယ်လုံးနွေးထွေးသော အပူငွေ့ရနေသေး ၏၊ စစ်သားတစ်ချို့ လမ်းဖြတ်ကူးရာတွင် သူမကို တွေ့ပြီး လေချွန်ပြကြသည်။ အယ်လိန်းသည် ပျော်ရွှင်လျက်ရှိရာ ပြန်ပြုံးပြလိုက်၏။ ထိုစစ်သားတစ်သိုက်သည် သူမနောက်သို့ သုံးလေးလှမ်းအထိ လိုက်ပါလာကြပြီး နောက်မှ ဘားတစ်ခုဆီသို့ ဝင်သွားကြ၏။

အယ်လိန်းသည် ပျော်ရွှင်နေ၏။ ဗင်ဒန်အိမ်သို့သွားမည်ဟု ဆုံးဖြတ်ခဲ့ခြင်း

သီဟ ရ တ န ၁ ၀ ၁ ၉ ပ

သည် ဘယ်လောက်ကောင်းမွန်သော စိတ်ကူးပါလိမ့်၊ အိမ်မှာ တစ်ကိုယ်တည်းနေရသည်မှာ ကြာပြီ၊ ငြီးငွေ့လှပြီဖြစ်၏။ သူမ၏ အဆက်ဟောင်းများရှိစဉ်ကပင် သူမကအိမ်မှ စောင့်သူမဟုတ်ပါလား၊ ယခုတော့ အဆက်ဟောင်းများအားလုံး မရှိတော့ပြီမို့ သူမစောင့်စရာလည်း မလိုတော့၊ ယခုလိုဖိတ်ကြားခြင်းမခံရပဲ ဗင်ဒန်ထံ သွားတွေ့ရသည်မှာ အိပ်မက်ထဲကလိုဖြစ်နေ၏။ ဗင်ဒန်၏အိမ်ကို သူမအလွယ်တကူပင်ရှာ၍တွေ့သည်၊ မြင်သူစ်ကိုလိုနီခေတ်က အိမ်မျိုးတစ်လုံးဖြစ်သည်။ သူမ အိမ်တံခါးသို့တန်းသွားပြီး တံခါးခေါက်လိုက်သည်။

အသက်အရွယ်ကြီးလှပြီဖြစ်သော အိဂျစ်လူမျိုး ထိပ်ပြောင်ပြောင်လူတစ်ဦး တံခါးလာဖွင့်ပေးသည်။

" ကောင်းသော ညနေခင်းပါ မဒမ် "

ထိုလူ၏ အင်္ဂလိပ်သံမှာ ပီလှသည်၊ အိမ်ဖော်နှင့် ဘတ္တလာလေပေါက်နေ၏။ အယ်လိန်းက. . .

" ကျွန်မ မေဂျာဗင်ဒန်နဲ့တွေ့ချင်လို့ပါ၊ ကျွန်မနာမည်က ဖွန်တာနာပါ "

" မေဂျာ ပြန်မလာသေးဘူးခင်ဗျ "

ဘတ္တလာသည် တွေတွေဝေဝေ ပြန်ပြောသည်။ ထိုနောက်

" ခဏစောင့်ပါ မဒမ် "

ဘတ္တလာက သူမကို လမ်းဖယ်ပေး၍ အိမ်ထဲဝင်လာစေ၏။

အယ်လိန်းက အိမ်ထဲဝင်လိုက်ပြီး ဝန်းကျင်ကို စိတ်ဝင်စားစွာ အကဲခတ်လိုက်၏။ မျက်နှာကျက်မြင့်မြင့်နှင့် အိမ်မှာ အေးဆေးပုံရသည်။

" သည်ဘက်ကို ကြွပါခင်ဗျ. . . ကျွန်တော့် နာမည်က ဂါဖာပါ တစ်ခုခုအလိုရှိရင် ခေါ်လိုက်ပါ "

ဂါဖာက အယ်လိန်းကို ညှေ့ခန်းထဲလိုက်ပို့ရင်းပြောသည်။

အယ်လိန်းက. . .

" ကျေးဇူးတင်ပါတယ် ဂါဖာ "

ဂါဖာထွက်သွား၏။ အယ်လိန်းသည် ဗင်ဒန်အိမ်ထဲ၌ တစ်ယောက်တည်းလေ့လာ ကြည့်ရှုခွင့်ရသည့်အတွက် ကြည်နူးမိသည်။ ဧည့်ခန်းမှာ ကျယ်ဝန်းသပ်ရပ်လှပြီး အင်္ဂလိပ်ပရိဘောဂများနှင့် စနစ်ကျလှသည်။ ဧည့်ခန်းသည် အိမ်ရှင်၏စိတ်နေသဘောကို ပြပါသလား၊ မသိနိုင်။

တံခါးပွင့်သွားပြီး ယောကျ်ားလေးတစ်ဦး ဝင်လာ၏။ ကလေးငယ်မှာ အတော်ကြည့်ကောင်းသူဖြစ်ပြီး ၁၀ နှစ်ခန့်ရှိပုံရသည်။ ကလေးကြည့်ရသည်မှာ

မြင်ဘူးသူတစ်ဦးဦးနှင့် တူလှသည်။ ကလေးက. . .

" ဟဲလို. . . ကျွန်တော်က ဘီလီဗင်ဒန်ပါ "

အယ်လိန်းသည် အထိတ်တလန့် ကြည့်မိသည်။ သားဆိုပါလား၊ ဗင်ဒန်မှာ သားရှိနေပါလား။ ဒါကြောင့်ကလေးကြည့်ရသည်မှာ တစ်ယောက်ယောက်နှင့် တူလှသည်ဟု အောက်မေ့ခဲ့ခြင်းပါကလား။ အယ်လိန်း စိတ်ထဲမှာ ဗင်ဒန်ကို အိမ်ထောင်သည်တစ်ယောက်လို့ ဘာကြောင့်များမထင်ခဲ့ပါလိမ့်၊ သူ့လို ခန့်ညားပြေပြစ်သားနားသောအရာရှိ အသက်သုံးဆယ်ကျော်ရှိလောက်သည့် အချိန်တွင် သည်အရွယ်မှ အပြီးမပေါက်ဖြစ်နိုင်ပါမလား၊ သူမတစ်ယောက်တည်းသာ သူ့အပေါ် တစ်မက်ခဲ့ခြင်းသည် အရူးတစ်ယောက်လိုပါလား၊ တွေးရင်း အယ်လိန်းရှက်သွား၏။

သို့သော် အယ်လိန်းသည် ဘီလီကမ်းပေးသော လက်ကို ဆွဲနှုတ်ဆက်လိုက်၏။

" ဟဲလို. . . နေကောင်းပါရဲ့လားရှင်၊ ကျွန်မက အယ်လိန်းဖွန်တာနာပါ "

" ဖေဖေ့ကို လာစောင့်နေတာ မဟုတ်လား၊ ဖေဖေဘယ်အချိန်မှ ပြန်လာမယ်တော့ ကျွန်တော်လည်း မပြောတတ်ဘူးခင်ဗျ၊ ဒါပေမယ့် ခင်ဗျားသိပ်အကြာကြီးစောင့်ရဘူးလို့ ထင်ပါတယ် "

အယ်လိန်းသည် ကျိုးနွံကောင်းစွာပင် မဆယ်နိုင်သေး. . .

" ကိစ္စမရှိပါဘူးလေ စောင့်နိုင်ပါတယ်. . . "

" အရက် တစ်ခွက်လောက်သောက်မလားဟင်၊ ဒါမှ မဟုတ် ဘာများသုံးဆောင်ချင်ပါသလဲ "

ဘီလီသည် ယဉ်ကျေးဖွယ်ရာ ဧည့်ဝတ်ပျူငှာရှိလှပါကလား၊ ဖခင်တူသားဟယ်လို့ ပြောစရာပင် မလိုပါ. . . "

" ကိစ္စမရှိပါဘူးကွယ်၊ နေပါစေ "

" ဟုတ်ကဲ့ ဒါဖြင့် ကျွန်တော် ညနေစာ စားရဦးမှာမို့ တစ်ယောက်တည်းထားခဲ့ရမှာ အားနာလိုက်တာ "

" ကိစ္စ မရှိပါဘူး၊ သွားပါ. . . သွားပါ "

" တစ်ခုခုလိုချင်ရင် ဂါဖာကို ခေါ်လိုက်နော် "

" ကျေးဇူးပါပဲကွယ် "

ကလေးသည် အပြင်ခန်းသို့ ထွက်သွား၏။ သည်တော့မှ အယ်လိန်း စိတ်မော လူမော ထိုင်ချလိုက်၏။ သူမ ရင်ထဲကမူ သူမအိမ်ထဲမှာပင် မသိသောအခန်းတစ်ခုထဲရောက်နေသလို ခံစားရ၏။ ကျောက်စင်တစ်ခုပေါ်တွင် ဓာတ်ပုံ

တစ်ပုံထောင်ထားသည်ကို တွေ့ရ၏။ အသက် ၂၀အရွယ်ခန့်ရှိ ချောမောလှပသော မိန်းကလေးတစ်ယောက်ပုံဖြစ်သည်။ အေးဆေးအထက်တန်းကျသော ပုံမျိုးနှင့် ပြုံးနေ၏။ မျက်လုံးများမှာ မြင်ဘူးသလိုဖြစ်နေ၏။ ဪ . . . စောစောက ဘီလီ၏ မျက်လုံးများအတိုင်းပါပဲလား။ ဒါဆိုယင် ဘီလီတို့အမေ ဗင်ဒန်၏ ဇနီးပုံဖြစ်မှာပဲ။ သူမတွေးထင်ထားသည့်အတိုင်း ဗင်ဒန်ယူမည့် ဇနီးပုံစံအတိုင်း အင်္ဂလန်သူ အထက်လွှာအမျိုးသမီးပုံ အတိုင်းပါကလား။

အယ်လိန်းသည် ခွေးနေရာမရသလို ဖြစ်သွား၏။ သည်လို မိန်းမမျိုးကိုသာ ဗင်ဒန်ယူမည်ဖြစ်ပေသည်။ ဘယ့်နှယ်လုပ်ပြီး ခရီးသွားဟန်လွှဲဆုံကြသည့် အီဂျစ်သူ အပျက်မကို စိတ်ဝင်စားပါမည်နည်း။ သူက လူကြီးလူကောင်း၊ သူမက အပေါစား၊ သူကခရစ်ယာန်၊ သူမကဂျူးမ၊ သူကမိကောင်းဖခင် သားသမီး၊ သူမကအလက်ဇန္ဒရီးယား ဆင်းရဲသားရပ်ကွက်မှ မွေးခဲ့သူ၊ သူက လေးဆယ်နီးပါး၊ သူမက နှစ်ဆယ့်သုံးနှစ်၊ ကွာခြားချက်များက ကြီးမားများပြားလှပါဘိ . . .။

ဓာတ်ပုံ၏ ကျောဘက်တွင် သတင်းစာဖြတ်ပိုင်းတစ်ခု ညှပ်ထား၏။ ကြည့်ရာ တစ်ဘက်မှဓာတ်ပုံကို ဘလောက်လုပ်၍ ဖော်ပြထားသော သတင်းတစ်ပုဒ်ဖြစ်သည်။ 'ဘက်တလာမဂ္ဂဇင်း'မှဖြစ်သည်။ ထို မဂ္ဂဇင်းသည် အင်္ဂလန်ကြေးရတတ်များ နာမည်ကြီးများတို့၏ သတင်း၊ အတင်းများကို ဖော်ပြလေ့ရှိသော မဂ္ဂဇင်းဖြစ်ပြီး ကိုင်ရှိရှိ ဗိုလ်မှူးကတော်များ၏ လက်သုံးတော်ဖြစ်ပေသည်။ သတင်းဖော်ပြချက်မှာ ဆာပီတာနှင့်လေဒီဘဲကိုင်ဖို့ဒ်တို့၏သမီး အီနိဂျလာနှင့် မစ္စတာနှင့် မစ္စက်ဂွန်ဗင်ဒန်တို့၏သား လက်ဖတင်နင် ဗီလီယံဗင်ဒန်တို့၏ လက်ထပ်ကြောင်းသတင်း၊ အယ်လိန်းသည် သတင်းစာဖြတ်ပိုင်း ဝါကြန့်ကြန့်ကို ပြန်ခေါက်၍ ဓာတ်ပုံနောက်မှာ ပြန်ညှပ်လိုက်၏။

ထိုဓာတ်ပုံ၊ ထိုသတင်းက အခြေအနေအရပ်ရပ်ကို ရှင်းကနဲဖြစ်စေ၏။ ချောသော၊ ခန့်ငြားသော အင်္ဂလိပ်အရာရှိတစ်ဦးနှင့်ဂုဏ်သရေရှိပညာတတ်အင်္ဂလိပ်အမျိုးသမီးတစ်ဦး၊ ဉာဏ်ပညာထက်မြက်ပုံရသော သားကလေး၊ လှပသောအိမ်၊ ငွေ၊အဆင့်အတန်း ပျော်ရွှင်မှု အားလုံးမှာ အိပ်မက်လှလှ တစ်ခုလိုပါပဲလား။

အယ်လိန်းသည် အိပ်ခန်းတဝိုက် လျှောက်ကြည့်၏။ လှပသော အိမ်အပြင်အဆင်များမှာ မစ္စက်ဗင်ဒန် စိတ်တိုင်းကျပြုပြင်ထားခြင်းသာ ဖြစ်ရပေမည်၊ သူတို့အိပ်ခန်းသည် ဘယ်လိုများနေပါလိမ့်၊ တစ်ယောက် တစ်ခုတင်စီ အိပ်ကြသလား နှစ်ယောက်အိပ်ခုတင်နှင့် အိပ်ကြသလား။

နံရံတစ်ခုနံဘေးတွင် စန္ဒရားတစ်လုံးကို မြင်ရသည်။ ဘယ်သူများ တီး

ဘိမ့် မစွက် ဗင်ဒန်နေမှာပဲ။ နံဘေးမှ ဆိုဖာပေါ်တွင် ဗင်ဒန်တစ်ယောက် အစွင့်သား ထိုင်၍ ဖနီးသည်၏ စန္ဒရားလက်သံကို နားထောင်လိမ့်မည်ဟု တွေးထင်မိ၏။

စန္ဒားရားပေါ်တွင် ဝတ္ထုစာအုပ်တစ်အုပ်တွေ့၍ လှန်ကြည့်လိုက်ပြီး ပထမ စာကြောင်းကို ဖတ်လိုက်သည်။

"မနေ့ညက မန်ဒါလေအိမ်ကြီးကိုပြန်ရောက်သွားတယ်လို့ ကျွန်မအိပ်မက် မက်တယ် . . ."

အဖွင့်စာကြောင်းသည် အယ်လိန်း၏စိတ်ကို လှုပ်ရှားစေ၏။ ဗင်ဒန်ဖတ် နေသည့် စာအုပ်များလား။ ခဏငှားရင်ကောင်းမလားမသိ၊ သို့သော် ဗင်ဒန်ကြည့်ရ သည်မှာ ဝတ္ထုဖတ်သမားပုံမပေါက်လှဟု အယ်လိန်းထင်သည်။ ဗင်ဒန်၏ဇနီးထံကမူ အယ်လိန်းမငှားလိုပေ။

ထိုစဉ်- ဘီလီဝင်လာ၏။ အယ်လိန်းကပျာကယာ စာအုပ်ကို ပြန်ချလိုက် ၏၊ စိတ်ထဲမှလည်း မသိုးမသန့်နှင့် ခိုးထုပ်ခိုးထည်နှင့် အမိခံရသလို ဖြစ်သွား၏။ ဘီလီက အကဲခတ်မိပုံရသည်။ ဘီလီက . . .

"အဲဒီစာအုပ်ကမကောင်းပါဘူး၊ ခပ်ချာချာကောင်မလေး တစ်ယောက်က သူယောက်ျားရဲ့ အိမ်စောင့်ကို ကြောက်နေရတဲ့ ဝတ္ထုပါ၊ အပ်စပ်အခက်လည်းမပါဘူး"

အယ်လိန်းပြန်ထိုင်လိုက်သည်။ ဘီလီကလည်း မျက်နှာချင်းဆိုင်မှာ ဝင် ထိုင်သည်။ ဘီလီက ညှော်ခံစကားပြောမည့် ပုံစံအတိုင်း။ သူ့အဖေနှင့်ပုံတူပဲဟု အယ် လိန်း ရင်ထဲကတွေးမိသည်။ သူမက . . .

"ဒါဆို ဒီစာအုပ် ဖတ်ပြီးပြီလား . . ."

"ရေဘက်ခါ- ဝတ္ထုကိုလား၊ ပြီးပါပြီ၊ မကြိုက်ပါဘူး၊ ကျော်လွှားဖတ်လိုက်တဲ့ ဟာ . . ."

"ဒါဆို- ကလေးက ဘယ်လိုဝတ္ထုမျိုးကြိုက်တာလဲ"

"စုံထောက်ဝတ္ထုအကြိုက်ဆုံးပဲ . . ."

"စုံထောက်"

"ဟုတ်တယ်၊ စုံထောက်ဝတ္ထုတွေမှ ကျွန်တော်ကကြိုက်တာ။ အာဂါသာ ခရစ်စတီးတို့ ဒေါ်ရသီစေယားတို့ဆိုရင် ကျွန်တော်အားလုံး ဖတ်ပြီးပြီ၊ ဒါပေမယ့် ကျွန်တော်က အမေရိကန် စုံထောက်ဝတ္ထုတွေပိုကြိုက်တယ်။ အက်(စ်)အက်(စ) ဗင်ဒိုင်တို့၊ ရေမွန်ချန်ဒလာတို့လေ"

အယ်လိန်းပြုံးလိုက်၏။

"တကယ်လား-တို့လဲ စုံထောက်ဝတ္ထုကြိုက်တာပဲ၊ တချိန်လုံးဖတ်နေတာ"

"အို . . . ဟုတ်လား . . . ဘယ်သူ့ကို အကြိုက်ဆုံးလဲ"

အယ်လိနိုး ခဏ စဉ်းစားပြီးမှ

"မေဂရက်ကို"

"ကျွန်တော် မကြားဖူးဘူး၊ စာရေးဆရာနာမည်က ဘယ်သူလဲ"

"ဂျော့ဆင်မန္တန်လေ၊ သူက ပြင်သစ်လိုရေးတာ၊ ဒါပေမယ့် အခုတော့ သူ့ဝတ္ထုအတော်များများ အင်္ဂလိပ်လိုပြန်ပြီးသားရှိနေပါပြီ။ ဇာတ်လမ်းတွေက ပါရီမြို့မှာ အခြေခံရေးတယ်။ သိပ်လျှို့ဝှက်သည်းဖို ရသပေးတာပဲ"

"ဟုတ်လား ကျွန်တော့်ကို တစ်အုပ်လောက်ပေးငှားပါလား၊ အခုအခြေအနေက စာအုပ်သစ်ရဖို့ သိပ်ခက်တာ၊ အိမ်မှာရှိတဲ့ စာအုပ်အားလုံးလဲ ကျွန်တော်ဖတ်ပြီးပြီ။ ကျောင်းစာကြည့်တိုက်လဲ ကုန်ပြီ။ သူငယ်ချင်းတွေဆီက ငှားပြီးဖတ်တော့လဲ သူတို့က ကျောင်းပိတ်ရက်မှာ ကျောင်းသားတွေ စွန့်စားတဲ့ဝတ္ထုတွေလောက် ဖတ်ကြတာ . . ."

"ကောင်းပါပြီ . . . ဒါဆို လဲဖတ်ကြတာပေါ့၊ မကောင်းဘူးလား။ မင်းက စာအုပ်ပြန်ငှားလေ။ တို့ အမေရိကန်ဝတ္ထု မဖတ်ဖူးသေးဘူး"

"ကျွန်တော် ချန်ဒလာစာအုပ်တစ်အုပ် ငှားပါ့မယ်။ အမေရိကန်စာအုပ်က မှ သဘာဝကျတာ။ အင်္ဂလိပ်တွေက တောရွာက အိမ်တွေနဲ့ ယဉ်ကောင်တောင် မသတ်ရဲတဲ့ လူတွေအကြောင်းလောက်ပါတာ"

"ဘီလီစကားမှာ နည်းနည်းတော့ ဝွကျသည်ဟု အယ်လိနိုးထင်၏။ ဤ အင်္ဂလိပ်မိသားစုမှ မွေးဖွားလာသူကလေးက အမေရိကန်စုံထောက်ဝတ္ထုကိုမှသဘာဝ ကျတယ်ဟု ပြောနေခြင်းကြောင့် ဖြစ်သည်။ အယ်လိနိုးက . . .

"ကလေး မေမေကလဲ စုံထောက်ဝတ္ထု ဖတ်တာပဲလား"

ဘီလီက မာဆတ်ဆတ်အသံဖြင့် . . .

"မေမေ မနှစ်က ကရိကျွန်းမှာ ဆုံးသွားပြီ"

"အို . . . "

အယ်လိနိုးသည် သူမပါးစပ်ကို သူမလက်ဖြင့် ယောင်ပိတ်လိုက်၏။ မျက်နှာတွင် သွေးမရှိသလို ဖြစ်သွား၏။ လက်စသတ်တော့ ဗင်ဒန်ကား ကလေး တစ်ယောက်အဖေ မုဆိုးဖိုတစ်ယောက်ပါကလား။

ဘီလီက . . .

"ကိစ္စမရှိပါဘူးလေ၊ စစ်ဖြစ်နေတဲ့အချိန် မဟုတ်လား"

ချက်ချင်းပင် ဘီလီသည် သူ့အဖေနှင့် တူသွားပြန်၏။ စောစောက စာအုပ်

တွေအကြောင်း ပြောနေစဉ်ကမူ ကလေးတစ်ယောက်လို စိတ်အားထက်သန်နေခဲ့ပြီး ယခုမူ သူ့အဖေလို ဟန်ဆောင်မှု မျက်နှာဖုံးစွပ်လိုက်သလို ပြောင်းသွား၏။ အယ်လိန်းစကားလမ်းကြောင်းပြောင်းရန် ဆုံးဖြတ်လိုက်၏။ အယ်လိန်းက . . .

"ကလေးအဖေက စစ်ဌာနချုပ်မှာ အမှုထမ်းတယ်ဆိုတော့ စစ်သတင်းတွေကို တို့လိုအပြင်က လူတွေထက် ပိုသိမှာပဲနော်"

"အဲဒီလိုထင်ကြတာပဲ။ ဒါပေမယ့် တကယ်တော့ ကျွန်တော်လဲ သိပ်မသိပါဘူး။ ဖေဖေ ရုံးက စိတ်မချမ်းသာတဲ့ ပုံမျိုးနဲ့ ဖြစ်လာရင် ကျွန်တော်တို့ စစ်တစ်ပွဲရှုံးပြန်ပြီလို့ တွက်ရတာတစ်ခုပဲရှိတာပါတယ်"

ဘီလီသည် သူ၏လက်သီးကို ကိုက်လိုက်၏။

"ကျွန်တော်ဖြင့် အသက်ကြီးချင်လိုက်တာ"

"ကလေးက စစ်တိုက်ချင်လို့လား"

ဘီလီသည် အယ်လိန်းကို စူးရှစွာ ကြိုက်လိုက်၏။ သူ့စိတ်ထဲတွင် အယ်လိန်းက သူ့လှောင်သလို ထင်သွားပုံရ၏။ သူက . . .

"ကျွန်တော်က တခြားကလေးတွေလို စစ်တိုက်ရမှာပျော်လို့ ကောင်းဘွိုင်ကားထဲကလိုမို့ စစ်တိုက်ချင်တာ မဟုတ်ပါဘူး"

အယ်လိန်းက ကပျာကယာဖြင့် . . .

"ဟုတ်ပါတယ်။ ကလေး ဒီလိုသဘောမထားဘူးဆိုတာ ယုံပါတယ်"

ဘီလီက . . .

"ကျွန်တော် စစ်တိုက်ချင်တာက ဂျာမန်တွေ စစ်နိုင်သွားမှာစိုးလို့ပါ"

အယ်လိန်းရင်ထဲမှ လှုပ်ရှားသွား၏။ အို . . . ဘီလီရယ်။ မင်းသာ ဆယ်နှစ်လောက်ကြီးလာမယ်ဆိုရင် ငါချစ်မိမှာပဲဟု တွေးမိ၏။ သူမက . . .

"ကလေးထင်သလောလဲ ဆိုးချင်မှ ဆိုးမှာပါ။ ဂျာမန်တွေဟာ လူဆိုးတွေချည်းမဖြစ်နိုင်ပါဘူးကွယ်"

ဘီလီက အယ်လိန်းကို တစ်ချက်ကြည့်၏။ ပြီးမှ . . .

"ဟုတ်မှာပါ။ ဂျာမန်တွေဟာ ကျွန်တော်တို့အင်္ဂလိပ်တွေက အိန္ဒိယတွေကို နှစ်ငါးဆယ်လောက်လုပ်ခဲ့သလို ကျွန်တော်တို့ကို လုပ်တာရှိမှာပါပဲ"

သူ့အဖေ၏ လေသံဖြစ်မှာပဲဟု အယ်လိန်းတွေးလိုက်၏။ ဘီလီကမူ လက်သည်းကို ကိုက်လိုက်သည်။ နောက် ရပ်၍ . . .

"နောက်တော့လဲ ဘာအဓိပ္ပာယ်မှ ရှိမှာမဟုတ်ပါဘူး"

ဘီလီ လက်သည်းကိုက်ပြန်သည်။ သည်တစ်ကြိမ်မူ မရပ်တော့။ အယ်

လိန်းသည် ဘီလီကြီးကျယ်သော စကားကို ဘာကြောင့် ပြောပါလိမ့်ဟု စဉ်းစား၏။ ကလေးပါးစပ်မှ လူကြီးစကားများ ဘာကြောင့် ထွက်နေပါလိမ့်။ ငယ်ငယ်ရွယ်ရွယ်နှင့် မိခင်ဆုံးပါးခဲ့၍လား၊ ကလေးဖြစ်ပါလျက်နှင့် သတ္တိမွေးနေရ၍လား၊ နှစ်နှစ်ခန့် သဲကန္တာရစစ်ပွဲအတွေ့အကြုံများ ကြားသိနေရ၍လား၊ ဥရောပ ယဉ်ကျေးမှု လူနေမှု စနစ်ပေပဲလား၊ အယ်လိန်းမခွဲခြားနိုင်၊ မသိ။ သို့နှင့် လေသံပျော့ပျော့ကလေးဖြင့် . . .

"အေးလေ . . . ဖြစ်မှ မဖြစ်သေးတာပဲကွယ်"

ဘီလီသည် နာရီကို မော့ကြည့်သည်။

"ကျွန်တော်က ၉ နာရီဆိုရင် အိပ်ရာဝင်ရတာ"

သည်တော့လည်း ဘီလီ ကလေးပြန်ဖြစ်သွားပြန်၏။ အယ်လိန်းက . . .

"ဒါဆိုလဲ သွားလေ"

"ဟုတ်တယ်"

ဘီလီ ထိုင်ရာမှ ထသည်၊ အယ်လိန်းက . . .

"မင်းအိပ်ရာကို တို့ ခဏလိုက်ပြီး နှုတ်မဆက်ရဘူးလား"

"သဘောပဲလေ"

ဘီလီ ထ, ထွက်သည်။

အယ်လိန်း နောက်မှလိုက်ရင်း တွေးသည်၊ သည်အိမ်သည် ဘယ်လို အိမ်မျိုးပါလိမ့်။ ဤအိမ်တွင် လူကြီးတစ်ယောက်၊ ကလေးတစ်ယောက်နှင့် အိမ်စေ တစ်ယောက် အတူနေကြသည်၊ မိမိဘာသာ နေကြသည်၊ အရယ်၊ အပြုံး၊ ချစ်ခင် ကြင်နာမှုများ ရှိမှ ရှိပါလေစ၊ သူတို့ အတူတကွ ကစားချိန်၊ သီချင်းဆိုချိန်၊ ပျော်ပွဲ စားထွက်ချိန် စသည်တို့မှ ရှိပါလေစ။ အယ်လိန်း၏ ကလေးဘဝနှင့် ယှဉ်လိုက်လျှင် ဘီလီ၏ကလေးဘဝမှာ မပူမပင်၊ မကြောင့်မကြ မတောင့်မတရပဲနှင့် အလျှံပယ်ရှိ နေရပါ၏။ သို့သော် ကလေးအဖြစ်ထက် လူကြီးတစ်ယောက်လို ကြီးပြင်းနေရသည် ဟု အယ်လိန်း တွေးမိသည်။ ကလေးပါးစပ်ထဲမှ ကြီးကြီးကျယ်ကျယ် ထွက်လာသော စကားလုံးများမှာ ချစ်စရာကောင်းပါ၏။ သို့သော် ကလေးကြည့်ရသည်မှာ ပျော်ရွှင် ပါးဖို့ အချိန်သိပ်မရသလို ဖြစ်နေ၏။ အယ်လိန်းရင်ထဲမှာ ကလေးကို သိပ်ချစ် သနားသွား၏။ မိခင်မရှိတော့သော ကလေး၊ မိမိ၏ နိုင်ငံရင်းမဟုတ်သော ကိုလိုနီ နိုင်ငံတစ်ခုသို့ ရောက်နေသော ကလေး၊ ထိုနိုင်ငံကိုလည်း ရန်သူစစ်တပ်များက ဝိုင်းထားခြင်းခံရသော ကာလ။

အယ်လိန်းတစ်ယောက် လှေကားမှ အပေါ်ထပ်သို့တက်ခဲ့သည်။ အပေါ်ထပ် တွင် အခန်းသုံးလေးခန်း ရှိပုံရ၏။ နောက်လှေကားတစ်ခုသည် သုံးထပ် (တတိယ

သပါသို့ တက်ဟန်ရှိ၏။ အိပ်ခန်းတစ်ခု တံခါးမှာ ဖွင့်နေ၏။ အယ်လိန်းဝင်လိုက်သည်။

အိပ်ခန်းမှာ ကလေးငယ်တစ်ဦး၏ အိပ်ခန်းနှင့်မတူပါ။ အဝတ်အစားများကို သပ်ရပ်စွာ ခေါက်ထားသည်။ စားပွဲပေါ်တွင် ကျောင်းစာအုပ်များက စနစ်တကျ အပ်ထားသည်။ အယ်လိန်း မျှော်လင့်ထားသလို ကလေးကစားစရာအရုပ်များပြန့်ကြဲလျက်မရှိပဲ တင့်ကားတစ်ရုပ်တည်းကိုသာ အခန်းထဲ၌ သပ်ရပ်လှပစွာ တင်ထားသည်ကို တွေ့ရ၏။

ဘီလီသည် အိပ်ရာထဲ ရောက်နေပြီဖြစ်၏။ အစင်းစင်းနှင့် ညဝတ်အကျီကို ဝတ်ထား၏၊ လက်ထဲတွင် စာတစ်အုပ်ဖွင့်လျက်။

အယ်လိန်းက လိုက်လိုက်လျောလျောနှင့် . . .

"မင်းရဲ့အခန်းကို တို့ သဘောကျတယ်ဟေ့"

ဘီလီက အေးဆေးစွာဖြင့် . . .

"မဆိုးပါဘူး"

"ဒါထက် ဘာစာအုပ်ဖတ်နေတာလဲ"

"ဂရိခေါင်းကြီး အရှုပ်တော်ပုံ ဝတ္ထုပါ"

အယ်လိန်းသည် ခုတင်အစွန်းမှာ ထိုင်လိုက်၏။

"အေး . . . အေး . . . သိပ်လဲ မိုးမချုပ်စေနဲ့ဦးနော်"

"ကျွန်တော် ၉ နာရီခွဲကျရင် မီးပိတ်ရမှာ"

အယ်လိန်းသည် ရုတ်တရက် မနေနိုင်တော့ပဲ ငုံ၍ကလေးငယ်၏ ပါးကို နမ်းသည်။

ထိုအချိန်၌ တံခါးပွင့်လာပြီး ဗင်ဒန် အခန်းထဲဝင်လာ၏။

ဤမြင်ကွင်းမှာ သမားရိုးကျ မြင်မိုး မြင်နေကျ မြင်ကွင်းဖြစ်ပြီး ဗင်ဒန်ရင်ထဲမှာ ဒိန်းကနဲ တုန်လှုပ်သွား၏။ ကလေးတစ်ယောက် စာအုပ်တစ်အုပ်နှင့်အိပ်ယာထဲမှာ လှဲနေသည်။ ခုတင်နံဘေးမှ မီးရောင်သည် လင်းလျက်၊ မိန်းတစ်ဦးက ကလေးတစ်ဦး၏ ပါးကို ငွတ်နိုက်ဟု နမ်းနေ၏။ ဗင်ဒန်သည် မတ်တတ်ရပ်လျက်ကြက်သေ သေနေ၏။ အိပ်မက်ထဲက လူတစ်ယောက်လို သိပါလျက်နှင့် လှုပ်ရှား၍မရ၊ နိုးမရဖြစ်နေ၏။

အယ်လိန်းသည် ခုတင်ပေါ်မှ ထပြီး သူ့ဘက်သို့ လှည့်သည်။

" ဟဲလို . . . ဝီလီယံ "

"ဟဲလို. . . အယ်လိန်း"

"ဂွတ်နိုက်. . . ဘီလီ"

"ဂွတ်နိုက်. . . မစ္စဖွန်တာနာ"

အယ်လိန်းသည် ဗင်ဒန်နံဘေးမှ ဖြတ်၍ အခန်းအပြင်ဘက်သို့ ထွက်လိုက်သည်။ ဗင်ဒန် သား၏ ကုတင်အစွန်းမှာ သွားထိုင်သည်။ သူက. . .

"သားက ညှော်သည်ကို ညှော်ခံနေတာလား"

"ဟုတ်ကဲ့ ဖေဖေ"

"ဒါမှပေါ့ကွ"

"သား သူ့ကို သဘောကျတယ် ဖေဖေ၊ သူလဲ စုံထောက်ဝတ္ထုတွေ ဖတ်တယ်။ သားတို့နှစ်ယောက် စာအုပ်လဲဖတ်ကြမလို့"

"ကောင်းတာပေါ့ကွ။ ဒါထက်သား အိမ်စာကျက်ပြီးပြီလား. . ."

"ဟုတ်ကဲ့. . . ပြင်သစ်ဝေါဟာရတွေပါ"

"ဖေဖေ သားကို မေးရဦးမလား"

"ရပါတယ်။ သားကို ဝါဖာမေးပြီးပါပြီ၊ ဒါထက် စောစောကအမျိုးသမီးက အတော်လှတယ်နော်၊ မဟုတ်ဘူးလားဖေဖေ"

"သူကဖေဖေ့အတွက် အလုပ်လုပ်ပေးနေတာ သားရဲ့၊ သား သိတဲ့အတိုင်းပဲ။ ဟိုကွာ. . . စစ်စကား ဆိုတာ ပြောလို့ မဖြစ်ဘူးကွာ"

ကျွန်တော်နှုတ်လုံပါတယ် ဖေဖေ"

ဗင်ဒန်က ပြုံး၍. . .

"ဖေဖေ့ အမှုထမ်းတစ်ယောက်ပေါ့ကွာ"

ဘီလီကလေးသံကို နှိမ့်လိုက်ပြီး. . .

"ဒါဆိုရင် သူကဖေဖေ့ရဲ့ လျှို့ဝှက်အေးဂျင့်လား"

ဗင်ဒန်က ပါးစပ်ကို လက်ညှိုးနှင့် ပိတ်ပြပြီး. . .

"အေး. . . နံရံတိုင်းမှာ နားတွေရှိသတဲ့နော်"

ဘီလီသည် သူ့အဖေအပေါ် သံသယဝင်လာပုံရ၏။

"ဖေဖေသားကို သက်သက်ညာနေတာ မဟုတ်လား"

ဗင်ဒန်သည် မျက်နှာတည်တည်နှင့် လေးလေးနက်နက်ခေါင်းရမ်းပြ၏။ ဘီလီက. . .

"အို. . . တကယ်ပါလား"

ဗင်ဒန်ထိုင်ရာမှ ထသည်။

"ကိုးနာရီခွဲဆိုရင် မီးပိတ်ရမှာနော်"

"ကောင်းပါပြီ ဖေဖေ၊ ဂွတ်နိုက်"

"ဂွတ်နိုက် ဘီလီ"

ဗင်ဒန်သည် သားအခန်းထဲမှ ထွက်လိုက်ပြီး တံခါးပြန်ပိတ်ခဲ့သည်။ သူ့ရင်ထဲကမူ ကလေးအတွက် အယ်လိန်း၏ ဂွတ်နိုက်နှုတ်ဆက်အနမ်းသည် အဖေ တစ်ယောက်က ညစဉ် လူကြီးချင်း စကားပြောသလို ပြောဆိုနေခြင်းထက် ထိရောက် ရသည်ဟု တွေးမိ၏။

ညေ့ခန်းထဲသို့ ရောက်လာသောအခါ အယ်လိန်းတစ်ယောက် မာတီနီ အရက်စပ်နေသည်ကို တွေ့ရ၏။ ဗင်ဒန်ရင်ထဲ၌ သည်မိန်းမတစ်ယောက် သူစိမ်း အိမ်တစ်အိမ်တွင် ဝင်လာပြီး ပိုင်စိုးပိုင်နင်း လုပ်နေသည်ကို တစ်ခုခု ပြောပစ်ဖို့ ကောင်းသည်ဟု တွေးမိ၏။ သို့သော် ဗင်ဒန်ပင်ပန်းလှပြီဖြစ်၍ ဘာမှ မပြောနိုင်ပဲ ဘလားထိုင်တစ်လုံးမှာ ထိုင်ချရင်း အယ်လိန်းလှမ်းပေးသော အရက်ခွက်ကို ယူလိုက် ၏။ အယ်လိန်းက. . .

"အလုပ်များခဲ့သလား"

ဗင်ဒန်တစ်ယောက် ဌာနချုပ်တွင် အလုပ်ဂျင်ဂျင်လည်အောင်ရှုပ်ခဲ့ပါ၏။ သို့သော် သည်အကြောင်းများကို သူမကိုပြောမည်မဟုတ်ပါ။ နောက်ရင်ထဲမှာ အတွေးတစ်ခုဝင်နေ၏။ အယ်လိန်းသည် သူ့အိမ်ကို ရောက်လာပြီး အိမ်ရှင်မဂိုက် ဒမ်းနေ၏။ ဘာအခွင့်အရေးမှ ထိုသို့လုပ်ရန်မရှိ။ သူက. . .

"ဘာကိစ္စ လာတာလဲ"

"ကျွန်မကို ဝူလ်ကတွေ့ဖို့ချိန်းလို့"

"ကောင်းတယ်ဟေ့၊ ဘယ်တော့တုန်း"

ဗင်ဒန်ရင်ထဲမှာ တခြားအရေးမကြီးသော ကိစ္စများအားလုံးမေ့သွား၏။ အယ်လိန်းက အသင့်ယူလာသော စာရွက်ကိုကမ်းပေး၏။

"ကြာသပတေးနေ့မှာ"

ဗင်ဒန်သည် စာကိုသေချာ ဖတ်ကြည့်လိုက်၏။ ပြီးမှ. . .

"သည်စာ ဘယ်လိုလုပ်ရောက်လာတာလဲ"

"ကလေးတစ်ယောက် ကျွန်မတံခါးပေါက်မှာ လာပေးတာပဲ"

"အဲဒီကလေးကို ဘာမှ မမေးဘူးလား၊ ဘယ်သူက ပေးခိုင်းတာလဲ၊ ဘယ်နားကပေးလိုက်တာလဲလို့"

အယ်လိန်းစိတ်ဓာတ်ကျသွား၏။

"ဟုတ်သားပဲ၊ ကျွန်မလုံးဝသတိမရလိုက်ဘူး"

"ကိစ္စမရှိပါဘူးလေ၊ ဒါတွေကို ဝူလ်ကြိုကြိုတင်တင်ခြေရာဖျောက်ထားပြီး ဖြစ်မှာပါ၊ ကောင်လေးက ဘာမှထူးထူးခြားခြား သိမယ်မဟုတ်ပါဘူး"

"ဒါဆို ကျွန်မတို့ဘာလုပ်ရမလဲ"

"အရင်တစ်ခါလိုပေါ့၊ ဒီတစ်ခါ ပိုပြီးတိတိကျကျ စီစဉ်ရမှာပေါ့"

ဗင်ဒန်သည် ကြိုးစား၍ ယုံယုံကြည်ကြည် လေသံဖြင့်ပြောလိုက်၏၊ အမှန်အားဖြင့် ပြဿနာက အလွယ်လေးပင်။ လူတစ်ယောက် မိန်းကလေး တစ်ယောက်နဲ့ချိန်းတွေ့သော နေရာမှာ စောင့်ပြီးပေါ်လာသော ငနဲကို ဖမ်းဆီးရန် သာ ဖြစ်၏။ သို့သော် ဝူလ်က ငါးရှဉ့်လိုလူစား။ ကြို၍တွေးရန် မဖြစ်။ အရင်တစ်ခါ ကလို တက္ကဆီနှင့်လစ်ခေါ်ချင်ခေါ်သွားမည်။ သူ့အနေနဲ့ စားပွဲရုံတစ်ခုကိုလူပိုခ ထားရမည်၊ ကားတွေအဆင်သင့်လုပ်ထားရမည်။ လိုအပ်လျှင် လမ်းတွေပိတ်ဖို့ အထိ လုပ်ထားရပေမည်။ သည်ကြားထဲမှပင် ဝူလ်သည် တခြားနည်း တစ်ခုခုရှာ၍ ကြ သွားနိုင်သေး၏။

အယ်လိန်းသည် ဗင်ဒန်၏ အတွေးကို သိသည့်အလား. . .

"ကျွန်မ သူနဲ့ နောက်တစ်ညနေ အတူမနေချင်ဘူး"

"ဘာဖြစ်လို့. . ."

"ကျွန်မ သူ့ကို ကြောက်တယ်"

ဗင်ဒန်ရင်ထဲမှာ အပြစ်ရှိသလို မလုံလဲ ဖြစ်သွား၏။ အီစတန်ဘူလ်မြို့မှာ ဖြစ်ခဲ့တာကို ပြန်စဉ်းစားစမ်းဟု တွေးမိသည်။ စိတ်ထဲမှာ အယ်လိန်းအပေါ် သနား လာမိ၏။

"အရင်တစ်ခါတုန်းကတော့ သူက မင်းကို ဘာမှ မလုပ်ခဲ့ပါဘူး"

"ဟုတ်ပါတယ်။ အရင်တစ်ခါတုန်းက သူ့အနေနဲ့ ကျွန်မကို ဖြားယောင်း သွေးဆောင်တဲ့အလုပ်ကို မလုပ်ခဲ့တော့ ကျွန်မကလည်း ငြင်းဖို့မလိုခဲ့ဘူးလေ၊ သည် တစ်ခါတော့ လုပ်တော့မယ်ထင်တယ်၊ ကျွန်မက ငြင်းရင်လည်း သူက လက်ခံမှာ မဟုတ်ဘူး"

"တို့အားလုံး သင်ခန်းစာ ရကြပါပြီကွယ်။ သည်တစ်ခါအမှားအယွင်း မရှိစေရတော့ပါဘူး"

ဗင်ဒန်သည် ကြိုးစားနှစ်သိမ့်လိုက်ရ၏။ သို့သော် ရင်ထဲမှာ တိတ်တခိုး စိတ်ကလေးကမူ အယ်လိန်းအနေနဲ့ မိုးမိုးရှင်းရှင်း ဝူလ်နှင့် မအိပ်လိုကြောင်း တင်ပြ သည့်အတွက် ကျေနပ်နေမိသည်။ သူ့အရင်က စိတ်ကူးမှာ အယ်လိန်းတစ်ယောက်

သည် ယောကျ်ားတစ်ယောက်နှင့် အိပ်ရေး၊ မဖအိပ်ရေးမှာ ဘာမှပြဿနာမရှိဟု ထင်ခဲ့၏။ သူ၏အထင်သည် လွဲခဲ့ပြီ။ ဤကဲ့သို့ ပြောင်းလဲလာသည့် အမြင်ဖြင့် အယ်လိန်းကို မြင်ရသည်မှာ ချမ်းမြေ့ဖွယ်ရာဖြစ်လာ၏။ သို့နှင့် ဗင်ဒန်သည် သူကလည်း ပြန်လည် ရှိုးသားရမည်ဟု ယုံကြည်လာ၏။ သူက. . .

"ကျုပ် ထပ်ပြောပါမယ်။ ကျုပ်အစွမ်းရှိသမျှ အကုန်ဒီတစ်ခါ အမှား အယွင်း မရှိအောင် ကြိုးစားပါ့မယ်"

ထိုအခိုက် ဂါဖာဝင်လာပြီး. . .

"ညစာ အဆင်သင့်ဖြစ်ပါပြီ ဆရာ"

ဗင်ဒန်ပြုံးလိုက်၏။ ဂါဖာသည် မိန်းကလေး ညှိသည်တစ်ဦးရှေ့တွင် အင်္ဂလိပ် ဘတ္တလာဂိုက်ဖမ်းနေသောကြောင့်ဖြစ်သည်။ ဗင်ဒန်က အယ်လိန်းဘက် သို့လှည့်ပြီး. . .

"စားပြီးပြီလား"

"မစားရသေးပါဘူး"

"ဘာတွေရှိလဲဟေ့ ဂါဖာ"

"ဆရာ့အတွက်တော့ စွပ်ပြုတ်ရယ်၊ ကြက်ဥမွှေကြော်ရယ်၊ ဝိုင်ရယ်ပါ။ ါပေမယ့် မစ္စဖွန်တာနာအတွက်တော့ အသားကြော်ထားပါတယ် ခင်ဗျ"

အယ်လိန်းက ဗင်ဒန်ဘက်လှည့်၍. . .

"ရှင်ဒီလိုပဲ အမြဲညစာစားတာလား"

"မဟုတ်ပါဘူး ပါးကဒဏ်ရာကြောင့် မစားနိုင်သေးလို့ပါ"

ဗင်ဒန်သည် ပြောပြောဆိုဆို ထလိုက်၏။ နောက်သူတို့နှစ်ဦးထမင်းစား ခန်းသို့ သွားကြသည်။ အယ်လိန်းက. . .

"ဒဏ်ရာက နာသေးလား"

"ဒီအတိုင်းဆိုရင်တော့ မနာပါဘူး၊ ရယ်လိုက်မှ နာတာပါ။ ဟုတ်တယ်ဗျာ၊ ရယ်လိုက်ရင် ပါးကြောက တင်းတင်းသွားတာကို ခုမှသိတယ်။ ခုတော့ မျက်နှာ ဘစ်ခြမ်းတည်းနဲ့ ရယ်တတ်တဲ့အကျင့်တောင်ရနေပါပြီ"

သူတို့နှစ်ဦးသား စားပွဲမှာထိုင်ကြသည်။ ဂါဖာ စွပ်ပြုတ်စထည့်၏။

အယ်လိန်းက. . .

'သားကလေးကို ကျွန်မသဘောကျတယ်'

'ကျုပ်လဲ သိပ်ချစ်တယ်'

'သူက သူ့အသက်ထက်ကြီးသလိုပဲနော်. . . နေပုံ၊ ပြောပုံ၊ ဆိုပုံက'

'အဲဒါ မကောင်းဘူးထင်လို့လား'

အယ်လိနိုး ပခုံးတွန့်လိုက်၏။

"မပြောတတ်ဘူးလေ"

"သားဟာ လူကြီးတွေသာ ကြုံသင့်တဲ့အတွေ့အကြုံတချို့ကို ကလေးမတန်ပဲနဲ့ ကြုံတွေ့ခဲ့ရတယ်လေ"

အယ်လိနိုးတွေသွား၏။

"ဟုတ်ပါတယ်။ ဒါထက် ရှင့်ဇနီးက ဘယ်တုန်းကဆုံးသွားတာလဲ"

"၁၉၄၁ ခုနှစ်၊ မေလ ၂၈ ရက်နေ့ညနေ"

"ကရိမှာ ဆုံးတယ်လို့ ဘီလီကပြောတယ်"

"ဟုတ်ပါတယ်၊ သူက လေတပ်အတွက် ကူညီလုပ်ကိုင်ပေးနေသူလေ၊ သူဟာ ကရိကျွန်းကို ဂျာမန်တွေသိမ်းပိုက်တဲ့အချိန်မှာ တာဝန်ကျနေခဲ့တယ်၊ မေလ ၂၈ ရက်နေ့ကျတော့ အင်္ဂလိပ်စစ်တပ်က ကရိကျွန်းကို စွန့်လွှတ်ဖို့ဆုံးဖြတ်ကြတယ်။ သည်အချိန်မှာ ဗုံးဆန်တစ်ခုဟာ ကျွန်တော့်ဇနီးကို ထိမှန်ခဲ့ပါတယ်။ တပ်ဟာ စစ်ဆုတ်နေရချိန်မို့ သက်ရှိစစ်သားတွေကိုပဲ အရေးထားနိုင်ခဲ့ကြတာမဟုတ်လား။ သေပြီးသူတွေကို ဘာမှမတတ်နိုင်ဘူး ထားခဲ့ရတာပေါ့၊ ဒီတော့ အလောင်းလဲမရဘူး။ သင်္ချိုင်ဂူလဲမရှိဘူး၊ အမှတ်အသားလဲ မထားခဲ့နိုင်ခဲ့ဘူး ဘာမှမရှိဘူးလေ"

"အို. . . ကျွန်မစိတ်မကောင်းပါဘူးရှင်၊ ရှင်သူ့ကို ခုထိချစ်နေတုန်းပဲလား"

"အေးဗျာ. . . အဲဒီလိုပဲ အမြဲချစ်သွားလိမ့်မယ်ထင်ပါရဲ့၊ ချစ်တဲ့လူဆိုတာ ထွက်သွားသွား၊ သေသွားသွား၊ ကျန်ရစ်ခဲ့တဲ့လူက ချစ်နေမှာပဲထင်တယ်၊ ကျုပ်နောက်ထပ်အိမ်ထောင်ပြုလဲ အိန်ဂျလာကိုတော့ ချစ်နေဦးမယ်ထင်ပါရဲ့"

"ရှင်တို့ အိမ်ထောင်ရေးဟာ သိပ်ပျော်ခဲ့မှာပေါ့နော်"

"ကျုပ်တို့ ဟုတ်လား"

ဗင်ဒန်သည် ဖြေမည်ပြုပြီးမှ တွေဝေသွားပြန်၏။ အမှန်အားဖြင့် ဤသို့တွေဝေခြင်းကပင် အဖြေဖြစ်ပါ၏။

"ကျုပ်တို့ အိမ်ထောင်ရေးက စံပြတော့မဟုတ်ဘူးထင်ပါရဲ့၊ တကယ်တော့ စွဲစွဲလမ်းလမ်းချစ်ရသူက ကျုပ်လေ၊ အိန်ဂျလာကတော့ ကျုပ်အပေါ် သနားချစ်လောက်ရှိထင်ပါရဲ့"

"ရှင် နောက်အိမ်ထောင်များပြုဖြစ်ဦးမလား"

"အဲ. . . ကိုင်ရိုတစ်ရုံးလုံးကတော့ ကျုပ်ကိုအိန်ဂျလာပုံတူတွေနဲ့လွှတ်ပေး

ပဲ့ကြိုးစားနေကြတာဝဲ"

ပြောပြောဆိုဆို ဗင်ဒန်ပခုံးတွန့်လိုက်၏။ သူဘာဆက်ပြောရမှန်းမသိသော ကြောင့်ဖြစ်ပါ၏။ အယ်လိန်းအနေနှင့်လည်း မပြောပဲနှင့် သိသလိုဖြစ်သွားပြီး၊ ဘာမှဆက်မမေးတော့ပဲ နှစ်ဦးသား စားသောက်လိုက်ကြသည်။

စားသောက်ပြီးစီးသောအခါ ဂါဖာက သူတို့နှစ်ဦးကို ညှော်ခန်းမှာ ကာဖီ ပြင်ပေး၏။ အခါတိုင်း သည်အချိန်ရောက်လာပြီဆိုသည်နှင့် ဗင်ဒန် ပုလင်းကိုကိုင်ပြီး အရက်သောက်ပြီ၊ ယနေ့တော့မူ အရက်သောက်ချင်စိတ်မရှိ။ ဗင်ဒန်သည် ဂါဖာကိုအိပ်ခွင့်ပေးလိုက်ပြီး ကော်ဖီငွဲ့သောက်သည်။ ပြီး. . . စီးကရက်တစ်လိပ်ထုတ် သောက်၏။

ရုတ်တရက်ပင် ဗင်ဒန်ရင်ထဲမှာ ဂီတသံကို နားထောင်ချင်လာ၏။ သူသည် အယင်က ဂီတချစ်သူတစ်ဦးဖြစ်၏။ ယခုတော့ ကြာပါပြီ၊ သူ့ဘဝထဲမှာ ဂီတဝေးနေခဲ့သည်က။ အခုတော့ညဦးလေပြေအေးမြမြက ဖွင့်ထားသော ပြတင်းမှတိုးဝှေ့ကာ လာနေသည်။ စီးကရက်ငွေ့ကလေးများက ယိမ်းထိုးနေကြချိန်တွင် ဂီတသံကို သူကြားချင်လာ၏။

ဗင်ဒန် စန္ဒရားခုံသို့သွားသည်။

အယ်လိန်း တိတ်ဆိတ်စွာကြည့်နေ၏။

ဗင်ဒန် စန္ဒရားစတီးသည်။ ဗီသိုဗင်၏ တီးကွက်တချို့နှင့်စလိုက်၏။ ပထမ ဗင်ဒန်လက်ချောင်းများမှာ မာသလိုဖြစ်နေပြီးတီးကွက်မပိလှ၊ သို့သော် တီးယင်း ဂီတသည် သူ့လက်များသို့ ပြန်ရောက်လာပုံရသည်။ ရပ်၍မရတော့. . . ဂီတသံများသည် အလိုအလျောက်ထွက်အန်စီးဆင်းလာလေတော့၏။

စန္ဒရားတီး၍ ပြီးဆုံးသောအခါ ဗင်ဒန်စန္ဒရားခုံမှထ၍ အယ်လိန်းထံသွားသည်။ အယ်လိန်းနံဘေးမှာ ထိုင်သည်။ အယ်လိန်းပါးကိုနမ်းသည်။

အယ်လိန်းမျက်နှာမှာ မျက်ရည်စက်များနှင့် စိုရွှဲနေ၏။ အယ်လိန်းက 'အို. . ဝီလီယံရယ်. . ရှင့်ကို ကျွန်မသိပ်သိပ်ချစ်ပါတယ်. . ' ဟုပြောလိုက်လေ၏။

သူတို့တီးတိုး ပြောနေကြသည်။

သူမက. .

"ရှင့်နားရွက်တွေကို ကျွန်မသဘောကျတယ်"

သူက. .

"အဲဒီလို ဘယ်သူမှ ကိုယ့်ကိုမပြောဖူးပါဘူး"

"ဒီလို နားရွက်ကိုနမ်းတာ သဘောကျသလား"

"ကျ ကျပါတယ်၊ ဒါထက် မီးပိတ်လိုက်ရမလား"

"မှောင်သွားမှာပေါ့"

"လရောင်ရှိပါတယ်"

ကလစ်ဟူသောအသံနှင့်အတူ မီးပိတ်သွား၏၊ သို့သော်အခန်းထဲသို့မူငွေလရောင်သည် ယိုဆင်းလာ၏။

အယ်လိန်းအသံ တိုးတိုးလေးထွက်လာ၏။

"ထပ်နမ်းပါဦး ဗီလီယံရယ်"

နောက် သူတို့နှစ်ဦးအသံများတိတ်သွား၏။

မှောင်ရိပ်ပိုးတဝါးတွင် လှုပ်ရှားသံသာကြားရသည်၊ နောက်သူတို့ နှစ်ဦး၏ အသက်ရှူသံများသာကြားရ၏။

နောက်အတန်ကြာမှ အယ်လိန်း၏ အသက်ရှူသံသည် မှန်လာ၏၊ အယ်လိန်း ဗင်ဒန်ကိုကြည့်ပြီး . . .

"ချစ်တယ်ဆိုတာ ဒီလိုပါကလားနော်"

ဗင်ဒန်သည် အသံထွက်အောင်ရယ်လိုက်သည်။

"ဟုတ်တယ် . . . ကိုယ်လဲ အဲ . . . ဒီလို စဉ်းစားနေတာ"

ပြောပြောဆိုဆို နှစ်ဦးသား ရယ်လိုက်ကြပြန်၏။

❖ ❖ ❖

(၁၈)

နှိမဲလ်သည် ပင်လယ်အငွေ့အသက်ကို ရှူရှိုက်နေမိ၏။ တိုဘာရုမြို့သည် သည်း သဲကန္တာရထဲမှာလိုအပူရော၊ သဲတွေရော၊ ခြင်တွေရော ရှိနေဆဲဖြစ်ပါ၏။ သို့သော် တစ်ချက်တစ်ချက်ဝှေ့လာသောပင်လယ်လေ အေးမြမြကြောင့် အထိုက် အလျောက် ခံသာနေခြင်းဖြစ်သည်။

ဗွန်မဲလင်သင်သည် ဌာနချုပ် ကားတွင်းသို့ သတင်းကိုင်ရင်းဝင်လာ၏။

"ကောင်းသော ညနေခင်းပါ ဗိုလ်ချုပ်ကြီး"

နှိမဲလ်ပြုံးလိုက်၏။ တိုဘာရုအောင်ပွဲအပြီးတွင် သူ့ကို ဗိုလ်ချုပ်ကြီးရာထူးသို့ တိုးမြှင့်ပေးခဲ့သည်။ ယခုထိ အခေါ်ခံရခြင်းအတွက် နေသားမကျသေး။ သူက . . .

"ဘာသတင်းထူးလို့လဲကွ"

"ကိုင်ရိုက ကျွန်တော်တို့စပိုင်ဆီက သတင်းလာတယ်ခင်ဗျ။ သူ့အဆို ကတော့ မာဆာ-မက်ထရုခံစစ်ကြောင်းဟာ အလယ်က အားနည်းနေသတဲ့"

နှိမဲလ်သည် လှမ်းပေးသောသတင်းကိုကြည့်ပြီး အကြမ်းဖျင်းဖတ်လိုက်၏။ ဗြိတိသျှအင်္ဂလိပ်တွေက သူ့ကို တောင်ဘက်စစ်မျက်နှာမှတိုက်မည်ဟု ယူဆကြောင်း အထင်ကိုဖတ်ရသောအခါ နှိမဲလ်ပြုံးမိ၏။ သည်မဟာမိတ်ဆိုတဲ့ ငနဲ့တွေဟာ ငါ့ အတွေးပုံကိုတောင်မှ နားလည်စ ပြုနေပါပကောဟု စဉ်းစားမိ၏။ ပါးစပ်ကမူ . . .

"မိုင်းဗုံးတန်းက အလယ်မှာ ပါးသွားတာတော့ ဟုတ်ပါပြီ၊ အဲဒီနေရာမှာ

ခုခံဖို့ စစ်နှစ်ကြောင်းရှိသေးတာပဲ၊ ဘာတပ်တွေလဲဟေ့"

"နာမည်ကတော့ အသစ်တစ်မျိုးပေးထားတာပဲ ဗိုလ်ချုပ်ကြီး ဒါပေမယ့် ကျွန်တော်တို့ ဖမ်းမိထားတဲ့ သုံ့ပန်းတွေအဆိုအရတော့ အဲဒီတပ်တွေဟာ ကျွန်တော်တို့ ပင်ဇာ့တပ်မရဲ့ ၂ ကြိမ်ချေမှုန်းခံရပြီး တပ်တွေတဲ့"

"ဒါဆို သိပ်အားမရှိဘူးပေါ့"

"ဟုတ်ကဲ့"

ရိုမဲလ်သည် သတင်းစာရွက်ကို လက်ဖြင့်ခေါက်ရင်း . . .

"ဒီသတင်းသာ မှန်ရင်တော့ကွာ မာဆာ-မက်ထရူ ခံစစ်ကြောင်းဟာ တို့တပ်ရောက်တာနဲ့ ပေါက်ပြီသာ မှတ်ပေတော့"

"ကျွန်တော့်အနေနဲ့လည်း နောက်တစ်ရက်နှစ်ရက်အတွင်း ဒီစပိုင်ရဲ့သတင်း မှန်မမှန်စုံစမ်းကြည့်ပါမယ်။ ဒါပေမယ့် အရင်တစ်ခါတုန်းကတော့ မှန်သားပဲ"

ထိုစဉ် တံခါးပွင့်သွားပြီး ကိုင်ဇာရင်း ဝင်လာ၏။

ရိုမဲလ် လန့်သွားသည်။

"ဗိုလ်ချုပ်ကြီးပါလား၊ ကျွန်တော်က ခင်ဗျား စစ္စလီမှာ ရှိနေတယ်ထင်တာ"

"ဟုတ်တယ် စစ္စလီကနေပြီး လေယာဉ်ပျံနဲ့ မောင်ရင်ကို တွေ့ဖို့လာတာ သိလား။ ဒီမယ် ရိုမဲလ်၊ မောင်ရင် ရပ်တန်းက ရပ်ရင် ကောင်းမယ်ထင်တယ်၊ မောင်ရင့်ကို ပေးထားတဲ့အမိန့်က တိုဘရုထိတိုက် ရှေ့မတိုးနဲ့၊ ဒါပဲ"

ရိုမဲလ်သည် ကုလားထိုင်ပေါ် ထိုင်ချလိုက်၏။ သူ့အငြင်းမပွားလိုပေတို့ကြောင့် . . .

"အခြေအနေက ကောင်းနေတာ မဟုတ်လား"

"ဒါပေမယ့် မူလအမိန့်ကို အီတာလီစစ်မျက်နှာ ဌာနချုပ်က အတည်ပြုပြီးသား မဟုတ်လား။ အဲဒါကို မောင်ရင်က ဘာလုပ်ပစ်သလဲ၊ အဲဒီအမိန့်ကို ခေါက်ထားပြီး 'ဘာစတီကို' ကို ကိုင်ရိုအထိဝင်တိုက်ဖို့ ဖိတ်နေပါလားကွ"

ရိုမဲလ်အနေနှင့် အီတာလီများအကြောင်းပြောလျှင် နားကလောလှသည်။ သူက ဒေါသတကြီးဖြင့် . . .

"အီတာလီတွေက ဒီစစ်ပွဲနဲ့ ဘာမှမဆိုင်ပါဘူး"

"ဒါ : . . အထက်အမိန့်ကို မလေးစားတာပဲ၊ ခုနေမှာ မာလ်တာကို တိုက်ဖို့ မောင်ရင့်ရဲ့စစ်အကူအညီလိုတယ်။ မာလ်တာကို သိမ်းပြီးရင် အီဂျစ်ကို ဆက်တိုက်ဖို့ ဆက်သွယ်ရေးစနစ်ကောင်းသွားပြီ"

ရိုမဲလ်ကမူ ဒေါသတကြီးဖြင့် . . .

"ခင်ဗျားတို့ ခုထိ ဘာမှနားမလည်သေးပါလား၊ ကျုပ်တို့က ရန်သူကို သုံးစစ်ဆင်နိုင်တုန်း ထိုးရမှာပဲ။ ကျုပ်ခုအထိ နိုင်လာတာဟာ တိုက်လိုက်စဉ်းစား လိုက်လုပ်နေလို့ မဟုတ်ဘူး။ ရန်သူက လိုက်တိုက်ရင် ကျုပ်ရှောင်တယ်။ ရန်သူက ဘစ်နေရာကခုခံရင် ကျုပ်ကကွင်းသွားတယ်။ ရန်သူကဆုတ်ပြီဆိုရင်လိုက်တိုက်တယ်။ ါနည်းဗျူဟာပဲ၊ အခုရန်သူကပြေးနေပြီ၊ ဒီအချိန်အီဂျစ်ကိုသိမ်းဖို့အကောင်းဆုံးပဲ"

ကိုင်ဇာရင်းကြည့်ရသည်မှာ အေးဆေးပုံရသည်။ သူက အိတ်ထဲမှ စာရွက် ဘစ်ရွက်ကို ထုတ်လိုက်၏။

"ဒီမှာ . . . မောင်ရင် မူဆိုလိုနီဆီကို ရိုက်လိုက်တဲ့ကြေးနန်းမိတ္တူ၊ တပ်သား တွေရဲ့ စိတ်ဓာတ်အခြေအနေရယ်၊ အခုရထားတဲ့ ရန်သူစားနပ်ရိက္ခာနဲ့ လက်နက် ယမ်းမီးကျောက်တွေရယ်၊ လောလောလတ်လတ်ဖြစ်ပေါ်နေတဲ့ ရန်သူ့အားနည်းချက် ယ်ကို စုပေါင်းပြီး အီဂျစ်ကိုတက်တိုက်ကြရအောင်လို့ တိုက်တွန်းထားတဲ့စာလေ"

ကိုင်ဇာရင်းသည် စာရွက်ကိုပြန်ပိတ်ပြီး ဗွန်မဲလင်သင်ဘက်လှည့်ကာ . . .

"ဂျာမန်တင့်ကား ဦးရေနဲ့ တပ်သားဦးရေ ဘယ်လောက်ရှိလဲ"

ရိုမဲလ်သည် ဗွန်မဲလင်သင်ကို မဖြေနဲ့ဟု တားချင်၏။ မကောင်းလှ။ ဗွန်မဲ သင်သင်က . . .

"တင့်ကားက ခြောက်ဆယ်ပါ၊ တပ်သားက နှစ်ထောင့်ငါးရာရှိပါတယ်၊ ်လ်ချုပ်ကြီး"

"အီတလီတပ်သား အင်အားကကော"

"တပ်သားခြောက်ထောင်နဲ့ တင့်ကား ၁၄ စီးပါ"

ကိုင်ဇာလင်သည် ရိုမဲလ်ဘက်သို့ လှည့်လိုက်၏။

"ဒီမှာရိုမဲလ် မောင်ရင်က အီဂျစ်ပြည်ကို တင်ကား ၇၄ စင်းနဲ့ တက်သိမ်း ဲ့ ကြံနေတာလား . . . ဟော့ ဗွန်မဲလင်သင် မဟာမိတ်စစ်အင်အား ခန့်မှန်းခြေ ာကောကွာ"

"မဟာမိတ်အင်အားက ကျွန်တော်တို့ထက် သုံးဆလောက်များပါတယ်။ ါပေမယ့် . . ."

ကိုင်ဇာရင်းက စကားဆက်မခံပါ။ ဝင်၍ . . . "ကဲ . . . မရှင်းဘူးလား"

ဗွန်မဲလင်သင်ကမူ မရပ်ဘဲ ဆက်၍ . . .

"ဒါပေမယ့် ကျွန်တော်တို့ တပ်မှာ စားနပ်ရိက္ခာရော၊ သံချပ်ကားတွေရော၊ သာင်စာတွေရော ရှိနေပါတယ်။ ပြီးတော့ တပ်သားတွေကလည်း သိပ်စိတ်ဓာတ် ာက်ကြွနေပါတယ်"

ရှိမဲလ်ကဝင်၍

"ဟော့ . . . ဗွန်မဲလင်သင် ဆက်သွယ်ရေးကားရှိရာကို သွားကြည့်စမ်းကွာ ဘာသတင်းများ ရောက်သလဲလို့"

မွန်မဲလင်သင် မျက်ခုံးချီသွား၏။ ရှိမဲလ်က ရှင်းမပြချေ။ သို့နှင့် ဗွန်မဲလင်သင် ထွက်သွားလေ၏။

ရှိမဲလ်က

"မဟာမိတ်တပ်တွေက မာဆာ-မက်ထရှခံစစ်ကြောင်းလုပ်ပြီး ကျုပ်တို့ကို ခံချဖို့လုပ်နေတယ်။ သူတို့က သူတို့ရဲ့ တောင်ဘက်စစ်မျက်နှာကို ကျုပ်တို့ တိုက်လိမ့်မယ်လို့ စောင့်နေကြတာ။ ဒါပေမယ့် ကျုပ်က သူတို့ရဲ့ အားအနည်းဆုံးဖြစ်တဲ့ အူကြောင်းက တိုက်မှာ . . ."

ကိုင်ဇာရင်းက

"ဘယ့်နှယ်လုပ် သိသလဲ"

"သတင်းထောက်လှမ်းချက်အရပေါ့"

"အဲဒီထောက်လှမ်းချက်က ဘယ်အပေါ်အခြေပြုတာလဲ"

"အဓိက ကတော့ စပိုင်တစ်ယောက်ရဲ့ သတင်းပို့ချက်ကို အခြေပြုတာပဲ"

"ဘုရားရေ . . ."

ကိုင်ဇာရင်းက အသံထွက် ရွတ်လိုက်၏။ ပြီးမှ . . .

"မောင်ရင့်မှာ တင့်ကားတွေသာ မရှိတာကိုး၊ စပိုင်တော့ ရှိသားပဲ"

"သူက ဟိုတစ်ခါ မှန်ခဲ့တယ်၊ မဟုတ်လား"

ထိုစဉ် ဗွန်မဲလင်သင် ပြန်ဝင်လာ၏။

ကိုင်ဇာရင်းက ယတိပြတ်ပင် . . .

"ကဲ . . . ဘာမှ ရှုပ်မနေနဲ့ ကျုပ်ဒီလိုလာရတာက အဓိပတိကြီးရဲ့ အမိန့်ကို ဆက်အတည်ပြုဖို့လာတာ။ မောင်ရင် ရှေ့တက်မတိုက်ရဘူး၊ ဒါပဲ"

ရှိမဲလ်က ပြုံးလိုက်၏။

"ကျွန်တော်လဲ အဓိပတိကြီးဆီကို သီးခြားစာ ပို့ထားပါတယ် . . ."

"မင်း . . . မင်း . . . က"

"ဟုတ်တယ်လေ။ ကျုပ်လဲ အခု ဗိုလ်ချုပ်ကြီး ဖြစ်နေပြီဗျ။ ဟစ်တလာဆီက တိုက်ရိုက်အမိန့်ပဲ နာခံနိုင်မယ်"

"ဟုတ်တာပေါ့လေ"

"ဗွန်မဲလင်သင်ဆီမှာ အဓိပတိကြီးဆီက ပြန်ကြားချက်ရပြီထင်တယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ပွန်မဲလင်သင်က ဝင်ထောက်ခံသည်။ နောက်အသင့်ယူလာသော ကြေးနန်းစာကို ဖတ်ပြလိုက်၏။

'တစ်သက်မှာ တစ်ခါပဲ အောင်နိုင်မယ်၊ ကိုင်ရို ကိုတက်သိမ်းတော့ . . .'

ပုံ
အဒေါ်ဟစ်တလာ၊

တစ်ခန်းလုံးငြိမ်သွား၏။

နောက် ကိုင်ဇာရင်း အခန်းထဲမှ ထွက်သွားလေ၏။

❖ ❖ ❖

(၁၉)

ဗင်ဒန် ရုံးသို့ရောက်သောအခါ ယမန်နေ့ညက ရှိုမဲလ်၏ စစ်တပ်သည် အလက်ဇန္ဒရီယားမြို့နှင့် မိုင် ၆၀ အတွင်း ရှေ့တိုးရောက်လာပြီဟူသော သတင်းဆိုးက ဆီးကြိုနေလေ၏။

ရှိုမဲလ်ကို ရပ်အောင် ဘာမှလုပ်၍ မရနိုင်သလိုဖြစ်နေ၏။ မာဆာမက်ထရှ ခံစစ်ကြောင်းသည်လည်း မီးခြစ်ဆံတစ်ချောင်းလို ကျိုးပေါက်သွားခဲ့ပြီဖြစ်၏။ တောင်ဘက်မှ တပ်မ ၁၃ သည် ဖရိုဖရဲနောက်ဆုတ်ပြေးလာခဲ့ရ၏။ မြောက်ဖက်မှ မက်ထရှ ခံတပ်သည်လည်း ပြိုကွဲသွားပြီဖြစ်၏။ မဟာမိတ်တပ်များနောက်သို့ ဆုတ်ရပြန်ပြီဖြစ်၏။ သို့သော် ဤအကြိမ်သည် နောက်ဆုံးနောက်ဆုတ်ခြင်းသာ ဖြစ်ရပေတော့မည်။ နောက်ထပ်နောက်ဆုတ်ရန် မြေမရှိတော့။ နောက်ထပ်ခံစစ်ကြောင်းသည် ပင်လယ်နှင့် ဖြတ်ရန် မဖြစ်နိုင်သော ကွာတာရာ အရပ်၏အကြား မိုင် ၃၀ မျှသာတစ်ကြောင်းသာရှိတော့၏။ ထိုခံစစ်ကြောင်း ရှုံးနိမ့်သွားပါက ဘာမှ မတတ်နိုင်တော့။ ဒီဂျစ်သည် ရှိုမဲလ်လက်သို့ ရောက်ပြီဖြစ်၏။

ထိုသတင်းသည်ပင် ဗင်ဒန်၏ မြူးကြွနေသောစိတ်ကို မနှိပ်ကွပ်နိုင်သေးပါ။ သူ့အနေနှင့် အယ်လိန်းရင်ခွင်မှ ခွာခဲ့ရသည်ပင် ၂၄ နာရီမကြာသေးသောကြောင့်ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ဗင်ဒန်မြူးနေခဲ့ပေသည်။ လက်နှိပ်စက် စာရေးမ၏ အမှားခုနှစ်ခုကို ပြန်ရိုက်ခိုင်းရာ၌ပင် ပြုံးပြုံးရွှင်ရွှင်ရယ်ပြရာ စာရေး

မျာ တက်မတတ် ဖြစ်သွားခဲ့ရသေးသည်။

မကြာခင် အထူးဆက်သွယ်ရေးတပ်မှ အရာရှိတစ်ဦး သူ့ထံရောက်လာ၏။ အထူးဆက်သွယ်ရေးတပ်မှာ သတင်းစုံရနိုင်သော တပ်ဖြစ်ကြောင်း ဌာနချုပ်မှ သူများ သိကြပြီးဖြစ်သည်။ အထူးဆက်သွယ်ရေးတပ်မှ ကပ္ပတိန်ဘရောင်းသည် မေဂျာဗင်ဒန်အား 'ဆာ'တပ်၍ ပြောလေ့မရှိ။ သူက. . .

"ဘယ်လိုလဲမေဂျာ အောင်မြင်စွာဆုတ်ခွာဖို့ ပြင်ပြီးပြီလား"

"ဗျာ ဆုတ်ခွာရမယ် ဘာ့ကြောင့်"

"ကျုပ်တို့ အဖွဲ့တော့ ဂျေရုဆာလင်ကို ပြောင်းဖို့ပြင်နေရပြီ၊ အားလုံးသိကြ ဲ့ လူတွေတိုင်း ပြင်ဆင်နေကြတာပဲဟာ"

"ဌာနချုပ်က တုန်လှုပ်နေပြီပေါ့နော်"

ဟုတ်လည်း ဟုတ်လောက်ပေသည်၊ ရိုမဲလ်အနေနှင့် ကနေ့ မိုင် ၆၀ လောက် အသားကလေးရွှေ့တိုးနိုင်သည့် အခြေအနေမှာပဲ။

"ဘူတာရုံမှာတော့ အဓိကရုဏ်းတွေဖြစ်မှာ မြင်ယောင်သေးဗျာ၊ ကိုင်ရိုမြို့ ဘစ်ဝတ်လောက်က ထွက်ပြေးချင်နေကြပြီး ကျန်တဲ့တစ်ဝက်က အောင်ပွဲကို ကြိုဆို နေကြမှာကိုလေ. . ."

"ခင်ဗျားတို့ သွားမယ့်သတင်းကိုတော့ လူတိုင်းကို ဖလွှာက်ပြောမနေ ာန်ရာပါဘူးနော်"

"မပြောပါဘူးဗျာ. . . မပြောပါဘူး၊ ဒါထက်ခင်ဗျားကို သတင်းထူးတစ်ခု းးရဦးမယ်။ ကျုပ်တို့အားလုံးကိုင်ရိုမှာ ရိုမဲလ်ရဲ့ စပိုင်တစ်ယောက် ရှိတယ်ဆိုတာ သိနေကြတာပဲ"

ဗင်ဒန်က တအံ့တဩဖြင့်. . .

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

"လန်ဒန်ကလာတဲ့သတင်းအရပေါ့ဗျာ၊ ထားပါတော့လေ. . . အဲဒီ ပိုင်ငနဲကို လန်ဒန်က 'ရာရစ်အလီအရေးအခင်းက သရဲကောင်း'လို့သတ်မှတ်ကြ သဗျ။ ခင်ဗျားနဲ့များ ပတ်သက်နေမလားမသိဘူး"

ဗင်ဒန်သည် မိုးကြိုးထိမှန်ခံရသူလို ဖြစ်သွား၏။

"ပတ်သက်ပ့ါဗျာ"

"ဒါဆိုလဲပြီးရော"

ဘရောင်းသည် ထိုင့်ရာမှထ၏။ ဗင်ဒန်က. . .

"နေ. . . နေပါဦးဗျ သတင်းကဒါပဲလား"

"ဒါပဲလေ. . ."

"ဘာတွေတုန်း၊ လန်ဒန်က သတင်းက အသေအချာတိကျသလား၊ အေးဂျင့် တစ်ယောက်ယောက်ရဲ့ အစီရင်ခံစာကို အကြောင်းပြုပြီး ပြောတာလား"

"ယုံကြည်ရတဲ့ ဌာနကလို့ပြောတာပါ"

"ခင်ဗျားတို့က အမြဲဒီလိုပြောတာပဲဟာ"

"ဟုတ်တယ်လေ. . . ခင်ဗျားဘာသာ ချင့်ချိန်ပေါ့၊ ကဲ. . . နောက်တော်တော်နဲ့ တွေ့ချင်မှတွေ့ရမှာ နှုတ်ဆက်ခဲ့တယ်ဗျာ၊ ကံကောင်းပါစေ. . ."

"ကျေးဇူးပါပဲ. . ."

ဘရောင်းက ဆေးလိပ်ဖွာရင်း ထွက်သွားလေ၏။

ဗင်ဒန် စဉ်းစား၍ ကျန်ရစ်သည်။

"ရှာရစ်အလီ အရေးအခင်းက သူ့ရဲကောင်း" စဉ်းပင်မစဉ်းစားရဲ စရာပါကလား။ အဲလက်ဝူလ်သည် အတိတ်က ဗင်ဒန်အပေါ် လက်တစ်လုံးခြား အီစတန်ဘူမြို့မှာ အနိုင်ရသွားသူနှင့် တစ်ယောက်တည်းဖြစ်နေပါကလား၊ တွေးကြည့်ပြီးတော့လည်း ရှင်းသလိုလိုဖြစ်လာ၏။ ဝူလ်၏ လုပ်ငန်းများကို မြင်တွေ့ရစဉ်ကပင် သည်ဟန်ပန်မျိုး လုပ်နည်းလုပ်ရပ်များကို တွေ့ကြုံဖူးပါသည်ဟု ဗင်ဒန်အောက်မေ့ခဲ့ဘူးသည်။ ရှာရစ်အလီ အရေးအခင်းတွင် အီစတန်ဘူမြို့၌ လျှို့ဝှက်သော ပုဂ္ဂိုလ်ကို ထိန်းရန် ဗင်ဒန်လွှတ်လိုက်သော အေးဂျင့်မိန်းကလေးသည် လည်ပင်းဖြတ်ခံခဲ့ရ၏။

ယခုလည်း ထိုကဲ့သို့ပင် ဗင်ဒန် အယ်လိန်းကို လွှတ်မိပြန်လေပြီ. . .

ထိုစဉ် တပ်ကြပ်တစ်ဦးက အမိန့်စာ တစ်ခုလာပေးသည်။ ဗင်ဒန်သည် အမိန့်စာကို ဖတ်ပြီး မယုံနိုင်သလို ဖြစ်သွား၏။ ဌာနဆိုင်ရာ အသီးသီး အနေနှင့် သက်ဆိုင်ရာ ဖိုင်တွဲများထဲမှ ဂျာမန်တို့ လက်သို့ ရောက်ရှိသွားခဲ့သော် အန္တရာယ်ဖြစ်နိုင်သော ဖိုင်တွဲများကို မီးရှို့ပစ်ရန်အမိန့်ဖြစ်သည်။ ထောက်လှမ်းရေးတပ်ဖွဲ့၏ ဖိုင်တွဲမှ မည်သည့်စာရွက်မဆို ရန်သူ့လက်သို့ ကျရောက်သွားပါက အန္တရာယ်ရှိနေမည်သာဖြစ်၏။ မထူးတော့ပါဘူး၊ အကုန်လုံးသာ မီးပုံတိုက်ပစ်လိုက်ပါတော့ဟု ဗင်ဒန်အော်ဟစ်လိုက်ချင်သလိုလိုဖြစ်သွား၏။ သည်ဖိုင်များကို မီးရှို့ပြီးနောက် ထောက်လှမ်းရေးဌာနအနေဖြင့် မည်ကဲ့သို့ဆက်လက်လှုပ်ရှားရပါတော့မည်နည်း၊ အာဏာပိုင်တို့အနေနှင့် သူတို့ထောက်လှမ်းရေးဌာနကို အတော်ကြာကြာ အသုံးမပြုနိုင်တော့ဟုများ ယူဆနေသလားမသိ။ အမှန်အားဖြင့်ကြိုတင်ကာကွယ်မှုတစ်ရပ်မှန်း ဗင်ဒန်သိပါသည်။ သို့သော် ဆေးခါးကြီးလို ဗင်ဒန်မျိုချခက်နေ၏။ ထောက်လှမ်း

ရေးတပ်အနေနှင့် နှစ်ရှည်လများ စုဆောင်းလာရသည့် အချက်အလက်များကို ဆက်ဆီးပစ်ရမည်ဆိုသည်က အီဂျစ်ကို ဂျာမန်များသိမ်းခံရတော့မည်ကို ယုံကြည်သောအခါမှ လုပ်ရမည့်ကိစ္စ ဖြစ်သည်။

သွားပြီ၊ တစ်စစီ ဖြိုကွဲသွားပြီ၊ ရှုံးပြီဟု ဗင်ဒန် တွေး၏။

မစဉ်းစားရဲစရာပါကလား။ ဗင်ဒန်သည် သူ့ဘဝ၊ သူ့လုပ်အား အားလုံး သုံးနှစ်သုံးမိုးပေး၍ အီဂျစ်ပြည်ကြီးကို ကာကွယ်ရန် အားထုတ်ခဲ့၏။ ထောင်ပေါင်းများစွာသော ရဲဘော်များသည် သဲကန္တာရတွင်းမှာ အသက်ပေး စတေးခံခဲ့ရ၏။ သည်လောက် ပေးဆပ်ပြီးသည့်နောက်တွင်လည်း နောက်လှည့်ထွက်ပြေးရမည် ဆိုသောအဖြစ်က ရင်နာစရာ ကောင်းလှပေသည်။

ဗင်ဒန်သည် ဂျိတ်ကိုခေါ်၍ အမိန့်စာကို ပေးဖတ်၏။ ဂျိတ်သည် ထူးထူးခြားခြား အံ့ဩဟန်မပြပဲ ခေါင်းညိတ်သည်။ ကြိုတင် မျှော်လင့်ထားသလိုလို။ နေနိုင်သော ဗင်ဒန်က. . .

"ပုံမပျက်ဘူးလားကွာ"

"ဒါတော့ ဆရာရယ်၊ မဆန်းပါဘူး၊ သဲကန္တာရထဲက ရှေ့တန်းမှာ ဖြစ်သလိုပဲဖြစ်တာပဲဟာ။ ကျွန်တော်တို့ တပ်တွေအနေနဲ့ ရိုက္ခာ၊ လောင်စာ ခေါင်ကြီးတွေကို အကုန်အကျခံ၊ အပင်ပန်းခံပြီးဆောက်၊ နောက်ဆုတ်ရပြီဆိုတော့ ရန်သူ့လက်ထဲကျမသွားအောင် ဖောက်ခွဲ မီးရှို့ပစ်သလိုပဲပေါ့"

ဗင်ဒန်က ခေါင်းညိတ်ပြလိုက်ရတော့သည်။

"ကောင်းပြီလေ။ လုပ်ငန်းစပေတော့။ ဒါပေမယ့် ဣန္ဒြေရရလုပ်ပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်နောက်ဖေးဘက်မှာ မီးရှို့ပါမယ်၊ ဟုတ်လား"

"အေး. . . အေး. . . အမှိုက်ပုံဟောင်းတစ်ခုကိုရှာ၊ ဖင်ကဖောက်ပြီး အဲဒီထဲထည့်မီးရှို့၊ စာရွက်တွေအားလုံး သေသေချာချာမီးလောင်ပစေနော်"

"ဟုတ်ကဲ့ ဆရာ၊ ဒါထက် ဆရာ့ဖိုင်တွေကော"

"ငါ အခုပြန်စစ်လိုက်ဦးမယ်"

"ကောင်းပါပြီ ဆရာ"

ဂျိတ်သည် ပြောပြောဆိုဆို ထွက်သွားလေ၏။

ဗင်ဒန်သည် သူ၏ဖိုင်တွဲကို ထုတ်၍ စာရွက်စာတမ်းများကို စစ်ဆေးသည်။ ပြီးခဲ့သော သုံးနှစ်အတွင်း ဤဖိုင်များကို ကြည့်ရင်း ဒါတွေ ခေါင်းထဲ မှတ်စရာမလိုပါဘူး၊ သိချင် ညှိချင်ရင်ရသားပဲဟု ပြီးခဲ့သော သုံးနှစ်ကာလအတွင်း ဗင်ဒန် အကြိမ်ဖန်များစွာ ရေရွတ်ဘူးသည်။ ဤဖိုင်များတွင် လူနာမည်များ၊ အမှတ် အသား

များ၊ လိပ်စာများ၊ ဆက်သွယ်ရေးစနစ်များ၊ အမှုတွဲ မှတ်စုများ၊ အသေးစိတ်ကုတ်များနှင့် အတိုအထွာရသမျှ စုဆောင်းထားသော အဲလက်ဝူလ်၏ အမှုဖိုင်တွဲရှိသည်။

ဂျိတ်က လစ်ပတန် လက်ဖက်ခြောက် အမည်ရေးထားသော သေတ္တာပုံးကြီးတစ်ခု ယူလာရာ စစ်ဆေးပြီးသား ဖိုင်တစ်ချို့ကို ထိုပုံးထဲသို့ ဗင်ဒန်ပစ်ထည့်လိုက်၏။ စစ်ရှုံးသူတို့ ခံစားချက်က ဒီလိုပါကလားဟု ရင်ထဲမှ ခံစားနေရသည်။

လစ်ပတန် သေတ္တာ သေတ္တာကြီးတစ်ဝက်ခန့်ပြည့်သောအခါ အပြင်မှအစောင့်တပ်ကြပ် ခေါင်းပြူ၍ ဗင်ဒန်ကို အသံပြုသည်။

"ဆရာ. . . အပြင်မှာ ဆရာ့ကို မေဂျာစမစ် ဆိုတာတွေ့ချင်လို့တဲ့၊ ဗင်ဒန်အသိထဲတွင် မေဂျာစမစ်ဆိုသူမရှိ။ သို့သော်. . .

"အထဲလွှတ်လိုက်လေ"

အခန်းထဲဝင်လာသော မေဂျာစမစ် ဆိုသူမှာ အသက် ၄၀ တစ်ဝိုက်ခပ်ပြတ်ပြတ်၊ ခပ်ခေသးသေး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ သူက ဗင်ဒန်နှင့် လက်ဆွဲနှုတ်ဆက်ရင်း. . . "

"အက်စ်-အိုင်-အက်စ်-က ဆင်းဒီ-စမစ်ပါ"

ဗင်ဒန်က. . .

"ကျွန်တော် လူကြီးမင်းတို့ ဌာနအတွက် ဘာများလုပ်ပေးနိုင်မလဲ၊ ပြောပါ"

"ဒီလိုလေ. . . ကျွန်တော်တို့ရဲ့ တာဝန်က ဒီဌာနချုပ်နဲ့ ကျွန်တော်တို့နိုင်ငံခြား အထူးထောက်လှမ်းရေး တပ်ဖွဲ့တို့ရဲ့ အကြားမှာ ဆက်သွယ်ရေး အရာရှိသဘောမျိုး ဆောင်ရွက်ရတဲ့သူပါ၊ ခင်ဗျားတို့ဌာနက ကျုပ်တို့ကို 'ရေဗက်ခါ' ဆိုတဲ့ စာအုပ်တစ်အုပ်အကြောင်း စုံစမ်းခိုင်းခဲ့တယ် မဟုတ်လား"

"ဪ. . . ဟုတ်ကဲ့"

"အဲဒါ ကျွန်တော်တို့ အဖြေရပါပြီ"

မေဂျာစမစ်သည် အသင့်ယူလာသော စာရွက် တစ်ရွက်ကို ဟန်ကြီးစွာဖြင့်ဗင်ဒန်ကို ပေးလိုက်၏။

ဗင်ဒန် စာရွက်ကို ဖတ်လိုက်သည်။

ပေါ်တူဂီပြည်ရှိ အက်စ် အိုင် အက်စ် အဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် သူ၏ တပ်ဖွဲ့ဝင်များကို တစ်ပြည်လုံးရှိ အင်္ဂလိပ်စာအုပ်အရောင်းဆိုင်များကို ဖြန့်၍ 'ရေဗက်ဗင်ခါ' စာအုပ်အကြောင်းကို စူးစမ်းသည်။ နောက်ဆုံးအနားယူအပမ်းဖြေစခန်း အက်တိုရီဒေသ စာအုပ်ဆိုင်တစ်ဆိုင်က သူ့ထံရောက်လာသော ခြောက်အုပ်

လုံးကို အမျိုးသမီးတစ်ဦး ဝယ်သွားကြောင်းမှတ်မိနေ၏။ ဆက်လက်စုံစမ်းရာ ၎င်းအမျိုး သမီးကြီးမှာ လစ်စဘွန်းမြို့ ဂျာမန်သံရုံးမှ ဂျာမန်စစ်သံမှူး၏ ဇနီးဖြစ်နေကြောင်း ထပ်မံသိရ၏။

ဗင်ဒန်က ခေါင်းဆတ်ပြသည်။

"ဒီလိုသိရတော့ ကျွန်တော်ထင်တာမှန်တယ်လို့ အထောက်အထားပြည့်စုံသွားတာပေါ့ ခင်ဗျာ၊ အခုလို တူဆူးတာက ဒုက္ခရှာပြီး အကူအညီပေးတာ ကျေးဇူး ပဲ"

"အပန်းမကြီးပါဘူးဗျာ၊ ကျုပ်ကလဲ ဆက်သွယ်ရေးအရာရှိအဖြစ်နဲ့ ဒီရုံးကို နက်တိုင်းလာနေရတဲ့ သူပဲဟာ၊ ခင်ဗျားတို့အတွက် အကူအညီပေးရတာပဲ ဝမ်းသာ ပါတယ်"

ပြောပြောဆိုဆိုပင် စမစ်ထွက်သွား၏။

ဗင်ဒန်သည် တခြား သူလုပ်စရာရှိသည်များကို လုပ်ရင်း စောစောက ရေဇက်ခါ' စာအုပ်သတင်းကို ပြန်စဉ်းစားနေမိသည်။

ပေါ်တူဂီပြည်မှ 'ရေဇက်ခါ'စာအုပ်သည် ခြေထောက်ပေါက်ပြီး ဆာဟာရ ၎င်းကန္တာရ ဂျာမန်ဆက်သွယ်ရေးစခန်းသို့ ရောက်လာခြင်းမှာ အဖြေတစ်ခု ပဲရှိရ မည်။ ထိုအဖြေမှာ 'ရေဇက်ခါ' စာအုပ်သည် လျှို့ဝှက်ပို့စာ(ကုတ်)၏ အဖြေအဖြစ် အသုံးပြု၍ ဖြစ်ရမည်။ ထို့ပြင် ကိုင်ရိုမြို့၌ ရိုမဲလ်အတွက် စပိုင်နှစ်ယောက် ရှိနေဘူးဆိုပါက အဲလက်ဝူလ်သည် 'ရေဇက်ခါ' စာအုပ်ကို အသုံးပြုနေသူသာ ဖြစ်ရမည်။

ရရှိသောသတင်းမှာ တန်ဘိုးကြီးလှ၏ သို့သော် 'ရေဇက်ခါ'စာအုပ်နှင့် အတူ လျှို့ဝှက်စာပို့နည်းအဖြေကို တပါတည်းဖမ်းဆီးမရခဲ့သည်ကမူ ဆိုးလှသည်။ ၎င်းအတွေးသည် စာရွက်များကို မီးရှို့ပစ်ရမည် ဆိုသောအချက်ကို သတိရသွား၏။ ဗင်ဒန်သည် သူကိုယ်တိုင်က ဖိုင်တွဲများကို ဖျက်ဆီး မီးရှို့သောအခါ စနစ်တကျ လုပ်မည်ဟု ဆုံးဖြတ်လိုက်၏။

နောက်ဆုံး၌ သူ၏ဖိုင်တွဲထဲမှ တပ်ဖွဲ့ဝင်များ၏ရာထူးအတက်အကျနှင့် ဆိုင်သော စာရင်းကိုလည်း မီးရှို့ရန် ဆုံးဖြတ်လိုက်၏။ ဤစာရင်းများမှာ အရေးမကြီးဟု ပြောနိုင်သော်လည်း ရန်သူယောက်လှမ်းရေးအတွက် မိမိတို့၏ ငွေရေး ကြေးရေး အခြေအနေနှင့် လူအင်အား အခြေအနေကို သိနိုင်သည်ပင်။ ဗင်ဒန်သည် ဗီရိုနှင့် တစ်လုံး ဖြစ်နေသော ထိုဖိုင်တွဲများထဲမှ တစ်နိုင်မနိုင် အပြင်သို့ထွက်ခဲ့၏။

ဂျိတ်သည် သံချေးတက်နေသော ရေတိုင်ကီ တစ်လုံးထဲတွင် စာရွက်

စာတမ်းများထည့်ကာ မီးရှို့နေ၏။ နံဘေးမှ တပ်ကြပ်တစ်ဦးသည် ထိုမီးပုံထဲ စာရွက်များထည့်ပေးနေ၏။ ဗင်ဒန်သည် သူသယ်လာသော ဖိုင်များကို မီးထဲ ပစ်ထည့်လိုက်၏။ မီးတောက်ကို ခဏကြည့်နေမိသည်။ နောက်လှည့်ပြန်ထွက် လာခဲ့၏။

ဗင်ဒန် စဉ်းစားချင်သည်။ ထို့ကြောင့် သူလမ်းလျှောက်ထွက်လာခဲ့၏။ ဌာနချုပ်ထဲမှ ထွက်လာခဲ့ပြီး မြို့ထဲဘက်သို့ လျှောက်လာ ခဲ့သည်။ သူ၏ ပါးမှဒဏ်ရာ သည် နာကျင်နေဆဲဖြစ်သည်။ ဒဏ်ရာမှ နာကျင်မှုသည် ပျောက်ဖို့ဖြစ်နေခြင်းပဲဟု ကျေနပ်စွာလက်ခံ၏။ ပတ်တီးဖြေလိုက်သောအခါ အနာရွတ်ကို သိပ်မမြင်စေရန် သူမုတ်ဆိတ်မရိတ်ပဲထားခဲ့သည်မှာ အခုအထိဖြစ်သည်။ မနက်တိုင်း မုတ်ဆိတ်ရိတ် ရသည့်တာဝန် နည်းသွားသည်က အရသာတစ်မျိုးပင်။

ဗင်ဒန်အတွေးထဲသို့ အယ်လိန်းဝင်လာ၏။

အယ်လိန်းသည် သူ့ဘဝတွင်း၌ ပထမဆုံး စိတ်လွတ်လပ်စွာ သဘောတူ ချစ်တင်းနှီးနှောမိသူဖြစ်သည်။ ဟန်ဆောင်ပကာသန အပေါ်ယံကြောများမပါ ပကတိသဘာဝအတိုင်း ယောကျ်ားနှင့်မိန်းမ၊ အဖိုနှင့်အမ လိင်ဆက်ဆံရေးကို ပျော်ရွှင်ကြည်နူးစွာဆက်ဆံကြသည့် အတွေ့အကြုံဖြစ်သည်။ သူ့မိဘ၊ သူ့အသိုင်း အဝိုင်းအားလုံးကမူ အယ်လိန်းလိုမိန်းမသားတစ်ယောက်ကို ယူသည်ဆိုပါက အံ့ဩ ဖြစ်တင်ကြမည်ဖြစ်သည်။ သူ့အမေကပင်ဂျူးဖြစ်သည်ဟုဆိုကာ ရာဇဝင်ကို လှန်နေ ဦးမည်ဖြစ်၏။ ဗင်ဒန်အနေနှင့် ထိုအကြောင်းများကို တွေးရန်မလိုပါဟု ဆုံးဖြတ်လိုက် ၏။ သူနှင့် အယ်လိန်းတို့သည် နောက်ရက်ပေါင်းအနည်းငယ်တွင် သေဆုံးသွားချင် သွားနိုင်ပေသည်။ အနာဂတ်ကို မေ့ထားလိုက်. . .။

သို့သော် ဗင်ဒန်၏ အတွေးထဲတွင် အီစတန်ဘူမြို့က အဲလက်ဝူလ်၏ လက်ချက်ပင်ဟု ယူဆရသော လည်ပင်းဖြတ်အသတ်ခံရသည့် မိန်းကလေး အကြောင်းက ဝင်လာသည်။ ယခုလာမည့် ကြာသပတေးနေ့တွင် အရင်တစ်ခါလို တစ်ခုခုလွဲမှားသွားပြီး အယ်လိန်းတစ်ယောက် ဝူလ်နှင့်နှစ်ယောက်တည်းပါသွားသော် . . . ဒုက္ခ။

ဗင်ဒန်သည် ပတ်ဝန်းကျင်တဝိုက်ကို အကဲခတ်လိုက်၏။ အလှပြင်ဆိုင်မှာ မိန်းမများတန်းစီစောင့်နေကြသည်။ အဝတ်အစားဆိုင်များမှာ အရောင်းအဝယ် ကောင်းနေပုံရ၏။ မိန်းမတစ်ဦးစားသောက်ဆိုင်ထဲမှ တနင့်တပိုးဝယ်၍ထွက်လာ ကို တွေ့ရသည်။ သည်တော့မှ ဗင်ဒန်တွေးမိသည်။ အီဂျစ်လူမျိုးများသည် အင်္ဂလိပ် လက်အောက်မှ သူတို့လူမျိုးကို ဂျာမန်များက လွတ်မြောက်ရန် ကယ်တင်တော့မည်

ဘု ကြိုဆိုဝမ်းသာနေကြခြင်းပါကလား။

ဗင်ဒန်၏ရင်မှာ လေးလံနေ၏။ မိုးကောင်းကင်သည်ပင် မှိုင်းနေသည်ဟု သူထင်သည်။ အဝေးအချာကြည့်ရာ မီးခိုးငွေ့များနှင့် ပြာကြွင်းပြာစများကို မြင်ရ၏။ ကြည့်စမ်း-ကိုင်ရိုတစ်မြို့လုံးမှ အင်္ဂလိပ်ဌာနများ စာရွက်စာတမ်းများကို မီးရှို့နေသည့်အတွက် မီးခိုးများ-ပြာစများပါကလား။

ဗင်ဒန်သည် သူ့ကိုယ်သူရော၊ အင်္ဂလိပ်အာဏာပိုင်များကိုရော ဒေါပွစိတ်ဆိုးသွားသည်။ ဘာကြောင့်များ ရှုံးတော့မည်ဟု ကြိုကြိုတင်တင်ပြင်ဆင်နေခဲ့ပါလိမ့်။ ဘယ်မှာလဲ ဗြိတိန်တိုက်ပွဲမှ စိတ်ဓာတ်သတ္တိသွေးများ၊ ဘယ်မှာလဲ စနစ်ကျသည်၊ လိမ္မာပါးနပ်သည်၊ ခေါင်းမာသည်၊ သတ္တိကောင်းသည်ဟု ဆိုသော အင်္ဂလိပ်လူမျိုးတို့၏ ဇာတိသွေးသည် ဘယ်ရောက်သွားပါသနည်း။ ဗင်ဒန်သည် သူ့ကိုယ်သူသည်း ပြန်မေး၏။

“မင်းကကော ဘာတွေများလုပ်ဖို့ စီမံထားသလဲ”

သူ့ဌာနချုပ်ဘက်သို့ ပြန်လျှောက်လာခဲ့သည်။

သူစိတ်ထဲတွင် အင်္ဂလိပ်မဟာမိတ်တပ်တို့၏ နောက်ဆုံးခံစစ်ကြောင်းဖြစ်သော အယ်လ်အလာမိန်းခံစစ်ကြောင်းကို မျက်စိထဲမှာ မြင်ယောင်၍ ကြည့်သည်။ သည်ခံစစ်ကြောင်းကိုမူ ရိုမဲလ်သည် ကွေ့ပတ်၍ရှောင်တိုက်စရာလမ်းမရှိ တောင်ဘက်စစ်မျက်နှာမှာ ဖြတ်သန်းရန်မဖြစ်နိုင်သော ကွာတာရာဒေသ၊ သည်တော့ ရိုမဲလ် အနေနှင့် မျက်နှာချင်းဆိုင်တိုက်ပွဲ ဆင်ရမည်သာဖြစ်၏။

ရိုမဲလ်တစ်ယောက် ဘယ်ဘက်ကတိုက်မည်နည်း။

ရိုမဲလ် အနေနှင့် မြောက်ဘက်ခြမ်းမှ တိုက်ရမည်ဆိုပါက၊ အလက်ဇန္ဒီးယားကို တည့်တည့်တိုက်မည်လား။ သို့မဟုတ် မဟာမိတ်တပ်များကို ကွေ့ပတ်၍ နောက်ကျောမှ တိုက်မည်လား။ အကယ်၍တောင်ဘက်ခြမ်းမှ တိုက်မည်ဆိုပါက ကိုင်ရိုကို တောက်လျှောက်တိုက်ပြီးမှ မဟာမိတ်လက်ကျန်တပ်များကို နောက်ကျောမှ ရှင်းရုံသာရှိသည်။

ရုတ်တရက်ပင် ခံစစ်ကြောင်းနောက်ဘက်တွင် အလန်ဟာဖာ တောင်ဆင်နှာမောင်းကို သတိရ၏။ ဤတောင်တန်းကား စနစ်တကျ ခံတပ်ကြီးဆောက်လုပ်ထားရာဖြစ်သည်။ သည်ပုံအတိုင်းဆိုပါက၊ ရိုမဲတစ်ယောက်ခံစစ်ကြောင်းကို ကွေ့ပတ်၍တိုက်ပါက နိပ်လှပေမည်။ ရိုမဲလ်၏ တိုက်စစ်သည် အင်အားတောင့်သော အလန်ဟာဖာ ခံတပ်နှင့် ထိပ်တိုက်တိုးပေမည်။

နောက်တချက်ရှိသေးသည်။ အလန်ဟာဖာ ခံတပ်သို့လာရာ တောင်ဘက်

ကမ်းမှာ ကြောက်စရာကောင်းသော သဲပျော့လမ်းသဲနွံလမ်းဖြစ်သည်။ သဲနွံရှင်များသည် ထိသမျှ ကျွံကျ၍ ဆွဲစုပ်သွားနိုင်သော အန္တရာယ်ဒေသဖြစ်သည်။ ရှိမဲလ်အနေနှင့် ထိုသဲနွံရှင်များအကြောင်းကို မသိနိုင်ရာ၊ ရှိမလ်သည် ဤဘက်အထိ မတိုက်ဘူးသေး၊ အရောက်ဘူးသေး၊ အင်္ဂလိပ်များလက်၌သာ စနစ်ကျသော မြေပုံကောင်းများရှိသည်။

သည့်တော့ဗင်ဒန်ကတွေးသည်။ သူ့တာဝန်မှာ အဲလက်ဝူလ်တစ်ယောက် ရှိမဲလ်ကို အလန်ဟာဖာ ခံတပ်သည် အင်အားတောင့်တင်းကြောင်း၊ တောင်ဘက်ခြမ်းမှ လုံးဝတိုက်ရန် မဖြစ်နိုင်ကြောင်း သတင်းမပို့နိုင်ရန် တားဆီးရမည်ဖြစ်သည်။

စဉ်းစားကြည့်ပြန်သောအခါ အားမရှိစရာ ကောင်းသောအကြံအစည်ဖြစ်သည်။

ဗင်ဒန်သည် ဌာနချုပ်ထဲ မဝင်သေးပဲ၊ အဲလက်ဝူလ်၏ အိမ်ဟောင်းဖြစ်သော အောလစ်ဗီယား-ဗီလာကို လှမ်းမျှော်၍ မြင်ရသော အောလစ်ပင်ခြေတစ်ခုမှ ထိုင်လိုက်၏။ သည့်အိမ်ကြီးကပဲ အဲလက်ဝူလ် နေထိုင်ရာကို ညွှန်ပြမည့်ပုံလိုလိုကြည့်နေမိ၏၊ ဗင်ဒန်သည် အတွေးရေအလျဉ်၌ မျောနေလိုက်၏။

သူသည် အဆက်အစပ်မရှိ တွေးယင်း. . .

အကယ်၍ ဝူလ်တစ်ယောက် လွဲမှားကာ ရှိမဲလ်အား အလန်ဟာဖာခံတပ်ကို တောင်ဘက်မှတိုက်ပါဟု သတင်းမှားပို့ခဲ့သော်. . .

ရုတ်တရက် လင်းကနဲ ဖြစ်သွား၏။

တကယ်လို့များ ငါ့အနေနှင့် ဝူလ်ကို ဖမ်းမိမယ်၊ သူ့ရဲ့အသံလွှင့်စက်ကို ဖမ်းမိမယ်၊ လျှို့ဝှက်သတင်းပို့စာကို ရမယ်ဆိုရင်. . .

ငါ့အနေနဲ့ ဝူလ်အယောင်ဆောင်ပြီး ရှိမဲလ်ဆီသတင်းပို့ရုံပဲ၊ ရှိမဲလ်ကို အလန်ဟာဖာ တောင်တန်းကို တောင်ဘက်ကတိုက်ဟု၍. . .

ထိုအတွေးသည် တစ်ဆထက်တစ်ဆ ပီပြင်လာသည်။ ဗင်ဒန်စိတ်အားထက်သန်လာ၏။ ယခု အခြေအနေလောက်ဆိုလျှင် ရှိမဲလ်သည် ဝူလ်၏သတင်းမှန်သမျှကို ယုံကြည်ပေတော့မည်။ ဝူလ်၏ ယခင် သတင်းများသည် တန်ဖိုးကြီးမှန်ကန်ခဲ့သည် မဟုတ်ပါကလား။ သည်တော့. . .

အကယ်၍ ရှိမဲလ်အနေနှင့် ဝူလ်ထံမှ သတင်းပို့ချက်တစ်ခုရပြီဆိုပါစို့ ထိုသတင်းက အယ်လ်လာမိန်း ခံစစ်ကြောင်းဟာ တောင်ဘက်များမှာ အားနည်းနေတယ်။ အဲသည်က ဖြတ်ပြီးအလန်ဟာဖာကို တောင်ဘက်ကသွားရင် ခက်တော့ခက်တယ်။ ပင်ပန်းမယ်-ဒါပေမယ့် အလန်ဟာဖာကလဲ ခုခံအား သိပ်မရှိဘူး. . .၊

ထိုသတင်းကို ရှိမဲလ်ရလျှင် နေနိုင်မည်မဟုတ်၊ အောင်ပွဲ၏ဖြားယောင်းမှုကို ရှိမဲလ်ခံနိုင်မည် မထင်။

ရှိမဲလ်တစ်ယောက် သူ၏တပ်များနှင့်အတူ တောင်ဘက်ခြမ်းမှ အလန်ဟာဖာကို အလွယ်တကူသိမ်းယူနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် ချီတက်လာပေမည်။ ထိုအချိန်၌ သူ့ တပ်များ သဲနွံရှင်နှင့် ထိပ်တိုက်ပေးတော့မည်ဖြစ်၏။ သူ့တပ်များ သဲနွံရှင်ထဲမှာ ရှုန်းကန်နေစဉ် မဟာမိတ်အမြောက်တပ်သည် ပစ်ခတ်ချေမှုန်းနိုင်ဦးမည်ဖြစ်၏။ သဲနွံရှင်တောကို ဖြတ်ကျော်လာခဲ့သူများအနေနှင့်လည်း အလန်လာဖာခံတပ်မှာ ထင်ထားသည်ထက် အင်အားတောင့်နေသည်ကို တွေ့ရမည်ဖြစ်ပြီး မဟာမိတ်များအနေနှင့် ရှေ့တန်းမှ စစ်ကူများကိုပါ ပြန်ခေါ်ပြီးရန်သူ တပ်ကို နှင်းခြေပစ်၍ရသည်။

ဤထောင်ချောက်တိုက်ပွဲသာ အောင်မြင်ခဲ့ပါက မဟာမိတ်တို့အနေနှင့် အီဂျစ်ကို ထိန်းသိမ်းနိုင်ရုံမက အာဖရိက စစ်မြေပြင်တစ်ခုလုံး အနိုင်ရလိုက်ခြင်းပင်ဖြစ်သည်။

ဗင်ဒန်သည် ထိုသို့တွေးရင်း သူ့အနေနှင့် ထိပ်ဆုံးမှ အာဏာပိုင်များထံ ထိုအကြံကို တင်ပြမှ ဖြစ်မည်။

သည်ကိစ္စမှာလည်း မလွယ်လှ။ သူ၏ရာထူးမှာ ကြီးကြီးမားမားမဟုတ်၊ ထို့ပြင် သူ့လုပ်ရပ်များမှာလည်း အဲလက်ဝူလ်နှင့်ပတ်သက်၍ နှပ်ပစ်ခံနေရသည်ကများသည်။ သို့သော် ထိုအကြံအစည်၏ အနှစ်သာရကိုမူ အာဏာပိုင်များမြင်နိုင်သည်ဟု ဗင်ဒန် ယုံကြည်သည်။

သူသည် ထိုင်ရာမှ ထလိုက်ပြီး ဌာနချုပ်သို့ ပြန်လာခဲ့သည်။ ရုတ်တရက်ပင် အနာဂတ်၏ အခြေအနေမှာ ပြောင်းလဲ လာသလို သူ့စိတ်မှာ ထင်လာ၏။ ဂျာမန်တို့၏ စစ်ခြေနင်းရှည်သည် ဗလီတမံတလင်းပြင်ကို နင်းခွင့်ရချင်မှ ရပေမည်။

အီဂျစ်ပြည်၏ ယဉ်ကျေးမှု အဖိုးတန်အမွေအနှစ်များကိုလည်း ဘာလင်သို့ ယူချင်မှ ယူနိုင်ပေတော့မည်။ သူ့သားကလေးဘီလီအနေနှင့်လည်း ဂျာမန်လက်အောက် ရောက်ချင်မှ ရောက်ရပေတော့မည်။ အယ်လိန်း အနေနှင့်လည်း ဂျာမန်အချုပ်စခန်းများသို့ အပို့ခံရချင်မှ ခံရပေတော့မည်။

အရာရာကို ကယ်တင်သွားနိုင်မည်ဟု ဗင်ဒန်တွေးသည်။

အကယ်၍ ဝူလ်ကို ငါဖမ်းမိခဲ့သော် . . . ဝူလ်ကို ငါဖမ်းမိခဲ့သော် . . .

❖ ❖ ❖

အပိုင်း [၃]

အလန်ဟာဗာ

(၂၀)

"တစ်နေ့နေ့တော့ ဘော(ဂ)ဆိုတဲ့ ငနဲ့ရဲ့နှာခေါင်းကို လက်သီးနဲ့ထိုးမိတော့မှာပဲ" ဟု ဗင်ဒန်တွေးမိသည်။

ယနေ့ ဒု-ဗိုလ်မှူးကြီးဘော(ဂ) မှာ အဆိုးဆုံးဖြစ်သည်။ တိတိကျကျလည်း ဘာမှ မဆုံးဖြတ်နိုင်၊ အယိမခံ ရှေ့ပန်းကန်လည်းဖြစ်ပြန်၊ ထေ့တေ့တေ့ငေါ့တော့တော့ လည်း ပြောတတ်ဖြစ်နေ၏။ စကားပြောရန်ခက်တိုင်း ချောင်းကဟန့်နေတတ်ရာ ယနေ့ ချောင်းအတော်ဆိုးရပြီ ဖြစ်သည်။

ဗင်ဒန်က ငြိမ်ပြီးစောင့်နေ၏။

"ဒီမှာ ဗင်ဒန် စစ်ဆင်ရေးနည်းဗျူဟာကို ဆွဲရမယ့်လူက အောချင်လက် မင်းတာဝန်က လုံခြုံရေး၊ မင်းအလုပ်မှာကို မင်းကကောင်းကောင်းလုပ်နိုင်တာမ ဟုတ်ဘူး"

"အောချင်လက်လဲ အတူတူပါပဲ"

ဘော(ဂ)က မကြားဟန်ဆောင်လိုက်၏။ နောက်ဗင်ဒန်ရေးဆွဲထားသော စီမံချက်ကို ကောက်ကြည့်၏။ ဗင်ဒန်သည် သူ့အစီအစဉ်ကို အသေးစိတ်ရေးဆွဲထား ပြီး ဘော(ဂ)ထံသို့ တင်ပြထားခြင်းဖြစ်သည်။ မိတ္တူကို ဗိုလ်ချုပ်ကြီးထံ ပို့ထား၏။ ဘော(ဂ)က. . .

"နောက်တစ်ခုက. . . ယိုပေါက်တွေကလည်း အများကြီးပဲ"

ဗင်ဒန်က ဘာမှမပြော. . .

"ဟုတ်တယ် ယိုပေါက်တွေက အများကြီးပဲ၊ ပြီးတော့ ဘာပဲပြောပြော ရှိမဲလ်ကို ခံစစ်ကြောင်းဖော်ပေးသလို ဖြစ်နေတယ်"

"အစီအစဉ်က ရှိမဲလ် ဖောက်မဝင်နိုင်အောင် လုပ်ထားသလိုတော့ ဖြစ်တယ်"

"အဲဒါကြောင့်ပြောတာပေါ့၊ ငါပြောတာ ယိုပေါက်ဆိုတာဒါပေါ့၊ ဒီလို ယိုပေါက်တွေအများကြီးနဲ့ သေနင်္ဂဗျူဟာမျိုးကို မင်းကတင်ရင် လူတွေက မင်းကို ဘယ်လိုထင်ကုန်ကြမလဲ၊ ကိုင်ရိုတစ်မြို့လုံးရဲ့ သောလုံးဖြစ်သွားမှာပေါ့"

ဘော(ဂ)သည် ချောင်းတချက်ဟန့်ပြန်၏။ ပြီးမှ. . .

"မင်းကြည့်လေ မင်းက ခံစစ်ကြောင်းရဲ့အားအနည်းဆုံးနေရာကို ပြပြီး ရှိမဲလ်ကို ဖောက်ပေးနေသလိုဖြစ်မနေဘူးလား"

"ဟုတ်ပါတယ်၊ ခံစစ်ကြောင်းရဲ့အားနည်းချက်တွေအမှန်ပဲ အဲဒီနေရာတွေ မှာရှိပါတယ်။ ရှိမဲလ်မှာလည်း လေကြောင်းထောက်လှမ်းရေးမှုတွေရှိနေတော့ ဘယ်အစစ်အမှန်အားနည်းတယ်ဆိုတာ သိမှာဖြစ်မှာပေါ့"

"ဒါဖြင့် အားနည်းချက်ကို သိသွားစေချင်တာပေါ့ ဟုတ်လား"

"ထောင်ချောက်ထဲကို ရောက်လာဖို့အတွက်တော့ အမှန်ပဲ"

"တို့သိသမျှတော့ ရှိမဲလ်ကို တို့ရဲ့အားအကြီးဆုံးခံစစ်ကြောင်းကို တိုက်စေ ချင်တာပဲ၊ ဒါမှ သူမဖောက်နိုင်မှာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သူတစ်ခါတည်း မဖောက်နိုင်ရင် နောက်ထပ် အားမွေးပြီး အကြိမ်ကြိမ်ဖောက်နေဦးမှာပဲ၊ ကျွန်တော်တို့က သူ့ကို ထောင်ချောင် ဆင်ပြီး တစ်ခါတည်း ချေမှုန်းပစ်မှုဖြစ်မှာ"

"မဟုတ်သေးဘူး. . . မဟုတ်သေးဘူးလေ။ သိပ်စွန့်စားလွန်းအားကြီးနေမှာ ပေါ့၊ ဒါတို့ရဲ့ နောက်ဆုံးခံစစ်ကြောင်းမဟုတ်လား၊ ဒါကိုပေါက်သွားရင် ကိုင်ရိုရောက် သွားဖို့ လူးမြောင်းတစ်ခုလိုပဲ ဖြတ်ဖို့လိုတော့တယ်၊ ဒါကို မင်းမသိဘူးလား"

"သိပါတယ်၊ ကျွန်တော်ဒီလိုတင်ပြပါရစေ၊ (၁)အကယ်၍ ရှိမဲလ်ခံစစ် ကြောင်းကိုဖောက်ပြီး အတွင်းရောက်ခဲ့ရင် သူ့ကို အလန်ဟာဖာဘက်ကို အလွယ် တကူ နိုင်မှာပဲဆိုပြီး ဦးတည်အောင်လုပ်ပေးရမယ်၊ (၂) အလန်ဟာဖာကို တောင်ဘက်ခြမ်းကဝင်တိုက်ရင်ပိုကောင်းတယ်လို့ ထင်စေရမယ်၊ အဲဒီဘက်မှာ သဲနွံရှင်တွေရှိတာနော်၊ (၃) ကျွန်တော်တို့က သူဘယ်ဘက်တိုက်သလဲဆိုတာ စောင့် ကြည့်နေမယ်မဟုတ်လား၊ မြောက်ဘက်ကို မတိုက်စေပဲ တောင်ဘက်ကတိုက်စေ

အောင် အားပေးအားမြောက်ပြုမှ သူ့အနေနဲ့ စတိုက်တိုက်ချင်းရှေ့တိုးလာနိုင်မှာ ပေါ့"

ဘော(ဂ)သည် တွေဝေနေပြီးမှ. . . .

"ကောင်းပြီလေ၊ အခုလို အဲဒီလို အသေးစိတ်ရှင်းလိုက်တော့လည်း နေ တေးတေးတော့အရှိသား၊ ငါ့ဆီမှာထားခဲ့လေ၊ ငါအချိန်အားရင် လေ့လာထားလိုက် မယ်၊ ငါ့သေသေချာချာ အပြစ်အနာအဆာရှိမရှိကို ဘိုးစိပ်တိုက်ပြီး သုန်းရှာသလို ကြည့်ပြီးရင် ဆက်လုပ်ကြတာပေါ့၊ လိုအပ်ရင် အထက်တင်ပြတာပေါ့ကွာ"

ဗင်ဒန်သည် ရုတ်တရက်နားလည်သွား၏။ ဘော(ဂ)လုပ်နေပုံက စီမံချက် တကယ်ကောင်းပါက သူလုပ်တာ၊ သူဆွဲတာ ဖြစ်အောင်လုပ်နေခြင်းဖြစ်သည်၊ ဗင်ဒန်အနေနှင့် ဘာမှ အသားယူချင်စိတ်မရှိ၊ စစ်အောင်နိုင်ရေးသာ အဓိက၊ ဗင်ဒန်က သက်ပြင်းချပြီး. . .

"ကောင်းပါပြီဗျာ၊ တစ်ခုတော့ရှိတယ်နော်၊ ခုကာလအချိန်က သေရေး ရှင်ရေးဖြစ်နေတော့ စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်မှဖြစ်မှာ"

"ဟုတ်ပါပြီ၊ အရေးမကြီးဆုံးဖြစ်ရမှာက ကျုပ်မဟုတ်လား မေဂျာ"

"ဟုတ်ပါတယ် ခင်ဗျ"

"ဘာပဲဖြစ်ဖြစ် အရေးကြီးဆုံးက အဲဒီစပိုင်ကို အမိဖမ်းဖို့ပဲမဟုတ်လား ခုထိစပိုင်ကို မင်းမိအောင် မဖမ်းနိုင်သေးဘူး"

"ဟုတ်ကဲ့ခင်ဗျ"

"အေး. . . ကနေ့ည အော်ပရေးရှင်းကို ငါကိုယ်တိုင်ဦးစီးပြီးလုပ်မယ် မင်းအစီအစဉ်တွေအားလုံး နေ့ခင်းမှလာတင်၊ တို့နှစ်ယောက်အတူ. . ."

ဘော(ဂ) စကားမဆုံးခင် တံခါးခေါက်သံကြားရပြီး ဗိုလ်ချုပ်ကြီးအခန်းထဲ ဝင်လာ၏။ ဗင်ဒန်နှင့်ဘော(ဂ)နှစ်ယောက်သား ဖတ်တတ်ရပ်ပြီး အရိုအသေ ပေးလိုက်ကြ၏။

ဘော(ဂ) က. . .

"ဂွတ်မောနင်း ဆာ"

ဗိုလ်ချုပ်ကြီးက. . . .

"အေးစေ. . . အေးစေ. . . ငါက ဗင်ဒန်ကို လိုက်ရှာနေတာကွ"

ဘော(ဂ) က. . .

ကျွန်တော်တို့နှစ်ယောက် ရန်သူထိုးစစ်ကို တုံ့ပြန်ဖို့နည်းလမ်းကို ရှာ နေကြတယ်ခင်ဗျ"

"အေးပါ ငါဖတ်ပြီးပါပြီ"

ဘောဂျ(ဂ) မျက်နှာသည် မည်းသွား၏။

"ဪ. . . ဗင်ဒန်က မိတ္တူပို့လိုက်တာကိုး. . ."

ဗင်ဒန်သည် ဘောဂျ(ဂ) ဘက်သို့ လှည့်မကြည့်ရဲပေ၊ ဒု-ဗိုလ်မှူးကြီး ဘောဂျ(ဂ) စိတ်ဆိုးနေမည်မှာ သေချာ၏။

"ဗိုလ်ချုပ်ကြီးကမှ ဗင်ဒန်ကိုကြည့်ပြီး. . .

"ဟုတ်တယ် ကြည့်ပြီးပြီ၊ ဒီမယ်မေဂျာ. . . မင်းအလုပ်က စပိုင်တွေဖမ်း ဖို့ပဲရှိတယ်၊ ဗိုလ်ချုပ်ကြီးတွေကို စစ်နည်းဗျူဟာ သင်ကြားပို့ချပေးဖို့မဟုတ်ဘူး"

ဗင်ဒန် ရင်လေးသွား၏။

ဘောဂျ(ဂ)က မူ ဝမ်းသာအားရဖြင့်. . .

ကျွန်တော်လည်း အခုပဲသူ့ကို. . .

ဗိုလ်ချုပ်ကြီးက စကားဝင်ဖြတ်၍

"အေးလေ ဘာပဲဖြစ်ဖြစ်၊ မင်းကတင်ပြနေပြီးသားလဲဖြစ်နေတယ်၊ ငါတွေ့ သလောက်တော့ အတော်ကောင်းတဲ့အစီအစဉ်လဲဖြစ်တယ်၊ ဒီတော့ ငါနဲ့အတူ ဗိုလ်ချုပ်အော်ချင်လက်ကို ကိုယ်တိုင်လိုက်ရှင်းပေတော့၊ ဘယ်လိုလဲဘောဂျ(ဂ) မင်းလူကို ငါနဲ့ခဏထည့်နိုင် မဟုတ်လား"

ဘောဂျ(ဂ)က မကျေမနပ်နှင့်. . .

"ဟုတ်ကဲ့ခင်ဗျ"

"ကဲ. . . ဒါဆို ဗင်ဒန်လာသွားစို့ အစည်းအဝေးက ခဏနေစတော့မှာ"

ဗင်ဒန်သည် ဗိုလ်ချုပ်ကြီးနောက်မှ ကုပ်ချောင်းချောင်းနှင့်လိုက်ပါသွားပြီး ဘောဂျ(ဂ)၏ အခန်းတံခါးကို အသာပိတ်ထားခဲ့၏။

ဂူလ်တစ်ယောက် အယ်လိန်းနှင့်တွေ့ရန် ချိန်းထားသောနေ့တွင် မေဂျာစမစ် တစ်ယောက်နေ့လယ် ထမင်းစားချိန်တွင် လေ့အိမ်သို့ ပေါက်ချလာပြန်၏။

သည်တစ်ကြိမ် ယူခဲ့သော သတင်းများမှာ အဖိုးတန်ဆုံးဖြစ်သည်။

ဂူလ်နှင့်ဆွန်ဂျာတို့သည် သူတို့ ကမြဇာတ်အတိုင်းဆက်ကကြသည်။ ဂူလ်က ပီရိုထဲပုန်းနေခိုက်၊ ဆွန်ဂျာနှင့်စမစ်တို့သည် ပထမဧည့်ခန်းထဲမှာ ထိုင်၊ အဝတ်အစားချွတ်၊ နောက်အိပ်ခန်းထဲ သွား၊ ထိုအခါမှ ဂူလ်က အပြင်ထွက်လာ၊

ဘောင်းဘီအိတ်ထဲမှ သော့ထုတ်၊ စမစ်၏ လက်ဆွဲအိတ်ကို ဖွင့်. . . . ။

ဝူလ်သည် စာရွက်စာတမ်းများကို ကြည့်လိုက်၏။

သည်တစ်ကြိမ်တွင်လည်း စမစ်သည် ဌာနချုပ်မှ အစည်းအဝေးအပြီး ရုံးသို့မပြန်ရသေးပဲ လေ့အိမ်သို့ တန်းလာခဲ့ခြင်းဖြစ်ရာ နောက်ဆုံးအခြေနေ အစည်းအဝေး မှတ်တမ်းများပါလာ၏။ အယ်လ်အာမိန်း၏ နောက်ဆုံးခံစစ်ကြောင်း။

ခံစစ်ကြောင်းရှိအင်အား အခြေအနေ အားလုံးကို တိတိကျကျပြထားသည်။ အမြောက်တပ်ကဘယ်နေရာ၊ တင့်ကားတပ်ကဘယ်မှာ၊ တပ်ရင်းများကဘယ်အခြေအနေ အားလုံးတိတိကျကျ၊ ဝူလ်အနေနှင့် ချက်ချင်းပင်မဟာမိတ် ခံစစ်ကြောင်းသည် တောင်ဘက်မျက်နှာမှာ အားနည်းကြောင်းတွေ့သွားသည်။

တစ်ဆက်တည်းတွင် ရိုမဲလ်အနေနှင့် တောင်ဘက်ခြမ်းမှ ထိုးစစ်ဆင်နိုင်သည်။ မြောက်ဘက်ခြမ်းမှာ မလွယ်ကြောင်း ယူဆမည်ဟု ထင်မြင်ချက်ပေးထား၏။

အထူးခြားဆုံးမှာ အောက်ခြေမှ ခဲတံနှင့်ရေးထားသော မှတ်ချက်ဖြစ်သည်။ မှတ်ချက်မှာ. . .

"မေဂျာဗင်ဒန်က နည်းဗျူဟာတစ်ခု တင်ပြသည်။ ရိုမဲလ်ကို တောင်ဘက်ခြမ်းမှ ထိုးဖောက်စေရန် အားပေးအားမြှောက်လုပ်စေရမည်။ နောက် အလန်ဟာဖာကို တိုက်စေပြီး သဲနွံရှင်အတွင်းရောက်မှ အားလုံးဝိုင်းညှပ်ပြီးချေမှုန်းပစ်ရန် နည်းဗျူဟာကို အော်လက်ခံ"

"အော်-ဆိုသည်မှာ အော်ချင်လက်ပင်ဖြစ်ရမည်။

ရရှိသော စစ်သတင်းကြီးမှာ ကြီးကျယ်လွန်းလှသည်။ ဝူလ်သည် လက်ထဲမှာ ကိုင်ထားသမျှ မဟာမိတ်တို့၏ ခံစစ်ကြောင်း အင်အားစုံပါသည်သာ မကပဲ ရိုမဲလ်က ဘယ်လိုတွေးပြီးဘယ်လိုတိုက်သောအခါ ဘယ်လိုချေမှုန်းပစ်မည်ဟူသော တန်ပြန်ထိုးစစ် နည်းဗျူဟာပါ ပါသည်။

ထိုတန်ပြန်ထိုးစစ်နည်းဗျူဟာမှာ ဗင်ဒန်၏ တင်သွင်းချက်ဖြစ်သည်။

ဤသတင်းသာ ရိုမဲလ်လက်ထဲ ရောက်သွားပါက ရာစုတစ်ခုလုံး အကြီးမားဆုံးစပိုင်လုပ်ရပ်ဖြစ်ပေလိမ့်မည်။ ဝူလ်အနေနှင့် မြောက်အာဖရိက ရိုမဲလ်၏ အောင်စစ်ပွဲတွင် အဓိကဆောင်ရွက်သူ ဖြစ်လာပေလိမ့်မည်။

ဂျာမန်တို့က သူ့ကို အီဂျစ်ပြည်၏ ရှင်ဘုရင်များခန့်နေဦးမလားမသိ။ ဝူလ်သည် ပြုံးမိသည်။

ဝူလ်မော့ကြည့်လိုက်သောအခါ ခန်းစီးနောက်ကွယ်မှ ခေါင်းပြူကြည့်

နေသော စမစ်တွေ့ရ၏။

စမစ်က. . .

"မင်းဘယ်ကကောင်လဲကွ"

ဝူလ်သည် သူ့ကိုယ်သူ ဒေါပွသွား၏။ သူသည် အိမ်ခန်းထဲမှ အသံများကို နားစွင့်ရန် မေ့သွားခဲ့၏။ တစ်ခုခုဟားယွင်းသွားပြီ ထင်သည်။ ရှန်ပိန်ဖောက်သံလည်း မကြားလိုက်ရပါလား။ သူ့အနေနှင့် စစ်သတင်းများကို စိတ်ဝင်စားလွန်း၍ မကြားမိလိုက်လေသလား မပြောတတ်။ ဝူလ် စိုးရိမ်သွား၏။ အောင်မြင်မှု လက်ထဲရောက်ကာမှ ပျက်စီးသွားမလိုဖြစ်နေသည့်အတွက်. . .

စမစ်ကမူ ဝူလ်လက်ထဲမှ အိတ်ကိုကြည့်သည်။

"ဟာ. . . ဒါ ငါ့အိတ်ပါလား"

စမစ် အခန်းထဲမှ ထွက်လာ၏။

ဝူလ်သည် လှမ်းခုန်ပြီး စမစ်ခြေထောက်ကို ဆွဲလိုက်၏။ စမစ်ယိုင်ပြီး ဝုန်းကနဲ ခေါင်းနဲ့ပစ်ကျသည်။

ဆွန်ဂျာ လန့်ပြီးအော်သည်။

ဝူလ်နှင့်စမစ် ကပျာကယာ ထရပ်ကြသည်။

စမစ်သည် လူကောင်ကလည်းသေး၊ အသက်ကလည်း၊ ဆယ့်နှစ်ခန့် ကြီးသူဖြစ်ရာ ဝူလ်နှင့်မယှဉ်သာအောင်ဖြစ်နေ၏။ စမစ်နောက်တစ်လှမ်းဆုတ်သည်။ သူ့ မျက်နှာမှာ ကြောက်ရွံ့သော အရိပ်အရောင်များ သမ်းနေ၏။ နောက်မှ စင်နှင့် ဘိုက်မိသည်။ လှည့်ကြည့်ရာ သစ်သီးထည့်သော ခွက်ကြီးကို တွေ့ရသည်နှင့် အမြန် ယူပြီး ဝူလ်ကို လှမ်းပေါက်၏။

ဝူလ်က တိမ်းလိုက်ရာ ဖန်ခွက်ကြီး မီးဖိုချောင်မှ လက်ဆေးကန်ဖြင့် ထိပြီး ဂွမ်းကနဲ ကွဲသွား၏။

အသံတွေဆူညံနေ၍ ဘေးဝန်းကျင်ကြားသွားမှာ ဝူလ်စိုးရိမ်သည် သူစမစ် ရှိရာ တိုးသွား၏။

စမစ် နောက်ဆုတ်ရင်း နံရံနားရောက်သွားတော့၏။ သံကုန်ဟစ်၍. . .

"ကယ်တော်မူပါဗျို့. . ."

ဝူလ်သည် ဘာမှပြောတော့ပဲ စမစ်၏ မေးရိုးကို လက်သီးနှင့် ပစ်ထိုးလိုက်၏။ စမစ်သည်နံရံနှင့် ကပ်လျက်လွင့်သွားပြီးမှ တဖြည်းဖြည်း အောက်သို့ လျှောကျကာ သတိလစ်သွားလေ၏။

ဆွန်ဂျာ ထွက်လာပြီး စမစ်ကိုငုံကြည့်သည်။

ဝူလ်က သူ့လက်သီးကို ပွတ်သပ်ကြည့်ရင်း. . .

"ဒါ ကျုပ်ရဲ့ ပထမဆုံး အတွေ့အကြုံပဲဟေ့. . ."

ဆွန်ဂျာက လှည့်ကြည့်သည်။

"ဘာပြောတယ်"

"ဩော်. . . လူတစ်ယောက် မေးရိုးကို လက်သီးတစ်ချက်တည်းနဲ့မှေ့အောင်ထိုးဘူးတာကို ပြောတာပါ။ ကျုပ်က ဘောက်ဆာသမားတွေပဲ အဲဒီလို လုပ်နိုင်တာအောက်မေ့နေတာ"

"အဲဒါတွေအသာထားစမ်းပါ အခုဘာလုပ်ကြမလဲပြော"

"မသိဘူးလေ"

ဟုတ်သည်။ ချက်ချင်း ဝူလ်အနေနဲ့ အဖြေရှာမတွေ့သေး။ ဖြစ်နိုင်သမျှကို စဉ်းစားကြည့်၏။ စမစ်ကို သတ်ပစ်ရန်မှာ အန္တရာယ်ကြီးလှသည်။ ဤမျှ ရာထူးကြီးမားသော စစ်အရာရှိတစ်ယောက်သေဆုံးပါက တစ်မြို့လုံးဆူသွားပေမည်။ သတ်ပြီးနောက်အလောင်းကို ဘာလုပ်ရမလဲ ဆိုသည်က ပြဿနာ။ ထို့ထက် စမစ်တစ်ယောက် အရေးကြီးသော စစ်သတင်းများနှင့် ရုံးသို့ ပြန်ရောက်မလာသောအဖြစ်ကား မတွေးရဲတော့။

စမစ်သည် တဟင်းဟင်းနှင့်ညည်းတွားရင်း သတိပြန်လည်လာ၏။ ဝူလ်အနေနှင့် စမစ်ကို ပြန်လွှတ်ပေးရန် ဖြစ်မလားဟု စဉ်းစားသည် ဘာပဲဖြစ်ဖြစ် စမစ်က အဖြစ်မှန်ကို ဖွင့်ပြောသည်နှင့် သည်လှေအိမ်သို့လာရောက်သော သူ့ဖြစ်ရပ်ကို ဖုံးကွယ်ထားရန် မဖြစ်သဖြင့် ထောင်ထဲသို့ ရောက်သွားမည်သာဖြစ်၏။ စမစ်ကို ကြည့်ရသည်မှာ ယုံကြည်ချက်အတွက် စွန့်လွှတ်ရဲမည့်သူ ဟုတ်ပုံမရ။

ဒါဆို လွှတ်လိုက်မည်လား၊ မဖြစ်သေး။ အခွင့်အလမ်းက သိပ်အရေးကြီး၍ မဖြစ်နိုင်။ ဝူလ်၏ အခြေအနေမှန်ကို အင်္ဂလိပ်အရာရှိတစ်ယောက် သိသွားသည့်အဖြစ်။ ဆိုးဆိုးရွားရွားများ ဆက်တိုက်ဖြစ်သွားနိုင်၏။

စမစ် မျက်လုံးဖွင့်ကြည့်သည်။ နောက်ဝူလ်ကို ကြည့်၍. . .

"မင်း. . . မင်း. . . ဗလာဗင်ဗက်(ဂ) ပါလား"

နောက် ဆွန်ဂျာဘက်လှည့်ကြည့်ပြီး. . .

"မင်းက ငါ့ကို သူနဲ့ ခြာခြာကလပ်မှာ မိတ်ဆက်ပေးခဲ့တဲ့လူပါလား။ လက်စသတ်တော့ ကြိုတင်စီစဉ်ပြီး လုပ်ခဲ့တဲ့လုပ်ဇာတ်တွေကိုးကွ. . ."

ဝူလ်က အံကြိတ်၍ . . .

"တိတ်စမ်း. . ."

ဝူလ် တွေးနေ၏။ လမ်းကနှစ်လမ်း။ သတ်ရမလား၊ လွှတ်ရမလား။ ဒါပြင် ဘာများရှိသေးပါလိမ့်။ အဲ. . . သူ့ကိုဖမ်း၊ ကြိုးတုပ်၊ ပါးစပ်ပိတ်ပြီး ဒီမှာ ထားခဲ့ရင် ကော၊ အနည်းဆုံး ရိုမဲလ် ကိုင်ရိုထဲဝင်သည်အထိ။

စမစ် မျက်နှာမှာ သွေးဆုတ်ပြီး ဖြူသွား၏။ သူ့စိတ်ထဲမှ အတွေးများ ရှင်းသွားပြီဖြစ်၏။

"ခွေးမသား စပိုင်တွေ. . ."

ဆွန်ဂျာက မျက်နှာမဲ့ရွဲ့လိုက်ပြီး. . .

"ဟင်. . . ရှင်က ရှင့်လို အကောင်တုံးတုံးကို ကျုပ်သဘောကျနေတယ် များ ထင်နေသလား မသိဘူး"

စမစ်သည် အခြေအနေမှန်ကို သိသွားပြီဖြစ်၏။

"ဟုတ်တယ်။ ငါကိုက တုံးပါတယ်။ စကတည်းက မင်းလို ခွေးတိရိစ္ဆာန်မ ကို ယုံခဲ့ဖို့ မကောင်းဘူး"

ဆွန်ဂျာသည် ရှေ့တစ်လှမ်းတိုးပြီး စမစ်၏ မျက်နှာကို ခြေနင့်ကန်သည်။

"ဟော့. . . တော်စမ်း။ တို့သူ့ကို ဘာလုပ်ရမလဲဆိုတာ စဉ်းစားရဦးမယ်။ ဒါထက် သူ့ကို ချည်ဖို့ကြိုးမရှိဘူးလား၊ ဆွန်ဂျာ. . ."

ဆွန်ဂျာသည် ခဏစဉ်းစားပြီး. . .

"ကုန်းပတ်ပေါ်က သေတ္တာထဲမှာတော့ရှိတယ်"

ဝူလ်သည် မီးဖိုချောင်အံဆွဲထဲမှ သူ၏ ဓားကောက်ကိုသွေးသည့် သံမဏိ ချောင်း လေးလေးရှည်ရှည်ကြီးကို ယူပြီး ဆွန်ဂျာလက်ထဲထည့်သည်။

"ရော့. . . ဒါယူထား၊ ဒီငနဲလှုပ်ရင် တစ်ခါတည်းသာ အုပ်ထည့်လိုက်"

ဝူလ်အနေနှင့် စမစ် လှုပ်ရဲမည်မထင်။

ဝူလ်အပေါ်သို့ တက်ကြည့်မည်ပြုသည့် အချိန်တွင် အပြင်မှ ခြေသံကြား ရ၏။ ဆွန်ဂျာက. . .

"တာပို့ သမားပါလား"

ဝူလ်သည် ခါးကြားမှ ဓားကို ဆွဲထုတ်ပြီး စမစ်ပါးစပ်နားကပ်လိုက်၏။

"ပါးစပ်ဖွင့်စမ်း. . ."

စမစ်တစ်စုံတစ်ရာ ပြောရန်ကြိုးစားစဉ် ဓားသွားက ပါးစပ်နား ကပ်လာ သဖြင့် ဟပေးလိုက်ရ၏။ ဝူလ်က ဓားသွားကို သွားများကြားမှာ ထားလိုက်၏။ ပြီးမှ. . .

"မင်းအသံထွက်ရင်ဖြစ်ဖြစ်၊ လှုပ်ရှင်ဖြစ်ဖြစ် လျှာဖြတ်ပစ်မယ်၊ ကြားလား"

စမစ်သည် ငြိမ်သွားပြီး ဝူလ်ကို ကြောက်ရွံ့စွာကြည့်နေ၏။

ဆွန်ဂျာသည် အိပ်ရာခင်းတစ်ခုကို ဆွဲခြုံ၍ လှေကားခြေရင်းသို့ အမြန်ထွက်သွား၏။ တံခါးဖွင့်လိုက်သည်နှင့်အပေါ်မှ သူနှင့် စမစ်ကို မြင်နိုင်ကြောင်း ဝူလ်သိသည်။ ဆွန်ဂျာသည် စာပို့သမားလက်မှစာကို လှမ်းယူရန်ပြင်လိုက်စဉ် သူခြုံထားသော အိပ်ယာခင်းကို လျော့ရဲရဲထားလိုက်၏။

“ဂွတ်မောနင်း. . . ”

စာပို့သမားသည် ပါးစပ်မှ နှုတ်ဆက်လိုက်သော်လည်း မျက်လုံးအစုံကမူ မပေါ်တပေါ်ဖြစ်နေသော ဆွန်ဂျာ၏ရင်သားအစုံဆီသို့ ရောက်သွား၏။

ဆွန်ဂျာက လှေကားအတိုင်း အပေါ်ကိုလှမ်းတက်ရာ စာပို့သမားသည် နောက်သို့ တစ်လှမ်းဆုတ်လိုက်ရ၏။ ဆွန်ဂျာသည် စာကိုလှမ်းယူသည်။ “ကျေးဇူးပဲ” ဟု တစ်ခွန်းဆိုသည်။ တံခါးကိုပြန်ပိတ်လိုက်၏။

ဝူလ် ယခုမှ သက်ပြင်းချနိုင်တော့သည်။

စာပို့သမားခြေသံသည် လှေပေါ်မှ ရွေ့ပြီး ကုန်းဘောင်ဘက်လျှောက်သံကို ကြားရသည်။

ဆွန်ဂျာလေထဲ ပြန်ဆင်းခဲ့သည်။

ဝူလ်က လှည့်မကြည့်ပဲနှင့်. . .

“အဲဒီ အိပ်ရာခင်းပေးစမ်း. . . ”

ဝူလ်က စမစ်ပါးစပ်ထဲမှ ဓားကို ထုတ်လိုက်ပြီး အခင်းကို တစ်ပေနှစ်ပေခန့် ဖြတ်ဆုတ်လိုက်၏။ အဝတ်စကို ဆုတ်ယူလုံးထွေးပြီး စမစ်ပါးစပ်တွင်းသို့ သွင်းလိုက်၏။ စမစ်သည် ငြင်းဆန်ရန် မကြိုးစားပေ။ ဝူလ်သည် ဓားကို ခါးကြားထဲသို့ ပြန်ထည့်လိုက်သည်။ သူထလိုက်သည်။ စမစ်သည် မျက်စိမှိတ်လိုက်သည်။ သူကြည့်ရသည်မှာ ပျော့ခွေပြီး အရှုံးပေးထားသလိုဖြစ်နေ၏။

ဆွန်ဂျာသည် သံမဏိချောင်းကိုယူ၍ မူလယူထားသော နေရာကို ပြန်ယူသည်။ ဝူလ်သည် ကုန်းပတ်ပေါ်သို့ လှေခါးမှ တက်သွားသည်။ လှေကုန်းပတ်တွင် သေတ္တာတစ်လုံးကို တွေ့၍ ဖွင့်ကြည့်လိုက်ရာ အထဲမှ ကြိုးတစ်ခွေကို တွေ့ရသည်။ ကြိုးမှာ ခတ်သေးသေးဖြစ်သော်လည်း ခိုင်ခံ့ပုံရသည်။

ထိုစဉ် အောက်လှေဝမ်းထဲမှ ဆွန်ဂျာ့အသံ ကြားရသည်။ အော်သံဖြစ်သည်။ လှေကားမှ ခြေသံလည်း ကြားရသည်။

ဝူလ် ကြိုးခွေကိုချပြီး နောက်သို့လှည့် လိုက်၏။

အောက်ခံဘောင်းဘီတိုတိုလေးနှင့် စမစ်လှေကားမှ တက်လာ၏။ အပေါ်

ရောက်သည်နှင့် ထွက်ပြေးဖို့ကြိုးစားသည်။

စမစ် ကြည့်ရသည်မှာ စောစောကလို ပျော့ခွေနေသော ပုံစံမဟုတ်တော့။ ခုန်ကျာ၏ သံတုတ်လက်ချက်လည်း မိခဲ့ပုံမရ။

ဝူလ်.အပြေးအလွှား ကုန်းဘောင်ထိပ်မှ ပြေးလမ်းကို စောင့်ပိတ်သည်။ မစ်သည် တချက်မျှ တွေကြည့်ပြီး လှေ၏တခြားဘက်သို့ ပြေးပြီး ရေထဲခုန်ချလိုက်သည်။

ဝူလ်ပါးစပ်မှ ဆဲသံတစ်ခုထွက်လာ၏။

ဝူလ်သည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်သည်။ လူသူလေးပါး ရှိ တခြားသော လှေအိမ်များ၏ကုန်းပတ်ပေါ်တွင်လည်း မည်သူမှ မတွေ့ရ ဝူလ် လှေ၏ တခြားဘက်သို့ ပြေးလိုက်သည်။ ရေပြင်ကို လှမ်းကြည့်သည်။

စမစ်ရေထဲမှ ပြန်ပေါ်လာပြီး ဖြစ်သည်။ စမစ်သည် ဟိုဒီလှည့်ကြည့် သည်။ နောက် လှေအိမ်နှင့်ဝေးရာသို့ ရေကူးပြေးရန် ကြိုးစား၏။ သို့သော် စမစ် ကြည့်ရသည်မှာ ရေကူးသိပ်ကျွမ်းပုံမရ။

ဝူလ် ကုန်းပတ်ပေါ်မှာပင် နောက်သို့ သုံးလေးလှမ်း အရှိန်ယူပြီး ရေထဲသို့ ာမ်းခုန်လိုက်သည်။

ဝူလ်သည် ခြေစုံပစ်၍ခုန်ရာ စမစ်ခေါင်းတည့်တည့်ပေါ်သို့ ခြေထောက်နှင့် ကသည်။

နှစ်ဦးသား ရေထဲမြုပ်သွားသည်။ ရေအောက်တွင် ဗလုံးဗထွေး ဖြစ်နေ၏။ ူလ်သည် စမစ်၏ ခြေများ၊ လက်များကို ဖမ်းချုပ်ရန် ကြိုးစားသည်။ သူကိုယ်တိုင် ာမှ ရေပေါ်တက်ပြီး စမစ်ကို ရေအောက်မှာ ထားရန် ကြိုးစားသည်။ သူကိုယ်တိုင် ာသက်ရှူမဝတော့ပဲ ဖြစ်လာပြီး ရေပေါ်သို့ ထိုးတက်လိုက်ရ၏။

ဝူလ်သည် လေကို အားပါးတရ ရှုသွင်းလိုက်ပြီး မျက်စိကို လက်ဖြင့် ူတ်လိုက်၏။ စမစ်၏ခေါင်းသည်လည်း သူ့ရှေ့နားတွင် ဗွီးကနဲပေါ်လာပြီး ချောင်း ာဟွတ်ဟွတ် ဆိုးနေ၏။ ဝူလ်သည် လက်ရှေ့ဆန့်လိုက်ပြီး စမစ်ခေါင်းပေါ်ကို ာက်နှစ်ဘက်နှင့်ဆုပ်ကာ ရေအောက်သို့ ဆွဲနှစ်လိုက်ရပြန်သည်။ 'စမစ်သည် ငါးတစ်ကောင်လို လွန့်လူးနေ၏။ ရေအောက်သို့ ကောင်းစွာ မမြုပ်၊ နောက်ဆုံး ူလ်ကိုယ်တိုင် ရေစုပ်ပြီးဆွဲနှစ်လိုက်ရသည်။ စမစ်သည် ရုန်းရင်း ကန်ရင်းပါလာ၏။

ဝူလ်တွေးသည်။ လူတစ်ယောက် ရေနစ်ရန် ဘယ်လောက်များ ကြာပါ ည်မှ။

စမစ်သည် ငါးတစ်ကောင်လို တွန့်လိမ်ပြီး ဝူလ်၏ လက်ထဲမှ လွတ်ထွက်

သွားက ရေပေါ်သို့ ခေါင်းပြူပြီး အသက်တစ်ချက်ရှူပြန်သည်။ ဂူလ်သည် ရေပေါ်သို့ လိုက်တက်ပြီး စမစ်မျက်နှာကို လက်သီးနှင့်ထိုးသည်။ ရေထဲမှာ ဖြစ်၍ ထိသော်လည်း အားမပါလှပေ။ ဂူလ်သည် လက်နှစ်ဘက်နှင့် စမစ်ခေါင်းကို ဖမ်း၍ ရေထဲသို့ ဆွဲနှစ်ရပြန်၏။ ထုံးစံအတိုင်း သူကိုယ်တိုင်လည်း ရေအောက်သို့ ပါသွား၏။

ဘုရားရေ. . . တခြားလှေပေါ်မှ လူတစ်ယောက်များ ကြည့်မနေပါစေနှင့်ဟု ဂျိတ်ဆုတောင်းမိသည်။

နှစ်ဦးသားရေအောက်သို့ ပြန်ရောက်သွားပြန်၏။ စမစ် တွန့်သည် လိန်သည်၊ ရုန်းသည်။ ဂူလ်ကိုယ်တိုင်လည်း ဖမ်းသည်၊ ချုပ်သည်၊ ဆွဲထားသည်။

စမစ်ပါးစပ်ဟလိုက်သည်။ ရေများဝင်သွားသည်ကို ဂူလ်တွေ့ရသည်၊ သို့သော် ရုန်းကန်ဆဲ၊ ဂူလ်ကိုယ်တိုင်လည်း ရင်ဘတ်ထဲက တင်းကြပ်လာပြီး ပေါက်ကွဲလုလုဖြစ်လာသည်။

နောက်ဆုံး စမစ်လှုပ်ရှားမှု ငြိမ်သွား၏၊ ဂူရေပေါ်သို့ ခေါင်းပြူပြီး အသက်ရှူသည်၊ စမစ်ကို ကိုင်ထားရသည်မှာ လေးလံလှပေသည်။ ဂူလ် စမစ်ကို ဆွဲပြီး လှေအိမ်ဆီသို့ ကူးလာခဲ့၏။ စမစ်ခေါင်းသည် ရေပေါ်သို့ ရောက်လာသော်လည်း အသက်ရှိပုံမရတော့။

ဂူလ် လေနံဘေးသို့ ရောက်လာ၏။ ဆွန်ဂျာသည် ကုန်းပတ်ပေါ်မှ စောင့်နေ၏၊ ဝတ်စုံတစ်ခုဝတ်ထားပြီးဖြစ်သည်၊ ဂူလ်က. . .

"ဘယ်သူများ တို့ကိုမြင်သွားသေးလဲ"

"ဘယ်သူမှ မမြင်ဘူးထင်တယ်၊ ဒါထက် သူသေပြီလား"

"ထင်တာပဲ"

ဂူလ်တွေးသည်။ 'ငါဘက်ဆက်လုပ်ရပါလိမ့်'

ဂူသည် လှေနံရံကို တစ်ဘက်မှ လှမ်းကိုင်ရင်း တစ်ဘက်မှ စမစ်ကို ကိုင်ထားရင်း တွေးသည်၊ ငါသူ့ကို လွှတ်လိုက်ရင် ရေထဲမှာ ပေါ်လောကြီးပေါ်ပြီး မျောသွားမှာပဲ၊ အလောင်းကို ဒီအနားတဝိုက်မှာ တွေ့ရင် လှေအိမ်ကို ရှာတွေ့မှာပဲ။ ငါကိုယ်တိုင်လည်း ဒီအလောင်းကြီးကို ဖျောက်ဖျက်နိုင်ဖို့ ကိုင်ရှိမြို့က တခြားဘက်ရောက်အောင် သွားမထားနိုင်ဘူး။

ရုတ်တရက် စမစ် လှုပ်ရှားပြီး ပါးစပ်ထဲမှ ရေများဝေါကနဲအံထွက်လာ၏။

"ဘုရားရေ ဒီကောင် အသက်ရှင်နေတုန်းပါလား"

ဂူလ်သည် ယောင်ယမ်းအော်လိုက်မိ၏။ သူစမစ်ကို ပြန်ကိုင်လိုက်ပြီး ရေထဲနှစ်သတ်ရန် စိတ်ကူး၏။ မနိုပ်တော့၊ သိပ်ကြာလွန်းသည်၊ သူစမစ်ကိုလွှတ်

လိုက်၏။ နောက်ခါးကြားမှ ဓားကို ထုတ်သည်။ စမစ်ကို ရေအောက်မှာပင် သိုးရတော့၏။ ရေအောက်မှာ ဖြစ်၍ ဓားသည် လိုရာမရောက်၊ ထိမိ ထိရာထိပြီး ရေသည် သွေးရောင်လွှမ်းလာ၏။ နောက်ဆုံးမှ စမစ်၏ ခေါင်းကို ကိုင်မိပြီး ချက် ကောင်းကို ထိုးလိုက်နိုင်၏။

ယခုတော့ သေပါပြီ. . .၊

ဝူလ် စမစ်ကို လွှတ်လိုက်၏။ သူ့နံဘေးပတ်လည်တွင် ရေများသည်နီရဲနေ၏။ ငါ့သွေးကန်ထဲမှာ ရေကူးနေပါလားဟု စိတ်ထဲမှာ အော်ဂလိ ဆန်သွား၏။

စမစ်၏ အလောင်းသည် ရေပေါ်မှာ ပေါ်လာပြီး မျောသွားမည်ပြု၍ လှမ်းဆွဲထားရပြန်၏။ ဝူလ်မော့ကြည့်သည်။

"ဆွန်ဂျာ. . ."

ဆွန်ဂျာသည် ပါးစပ်ကို လက်ဖြင့် ပိတ်ထား၏။

"ကျွန်မ နေမကောင်းတော့ဘူး"

"ဟော့. . . အခုအချိန်မဟုတ်သေးဘူး။ ဒီအလောင်းကြီးကို ရေထဲမြုပ် သွားအောင် လုပ်ရဦးမယ်"

"ဘုရား. . . ဘုရား. . . ရေထဲမှာ သွေးတွေချည့်ပါလား"

"ဟေး. . . ဆွန်ဂျာ ကြည့်မနေနဲ့၊ သွားသွား ကြိုးယူချေ. . ."

ဆွန်ဂျာထွက်သွားသည်။ ခဏအကြာ ကြိုးခွေနှင့်ပြန်လာ၏။ ဆွန်ဂျာသည် အသက်မရှိ၊ အရုပ်လိုဖြစ်နေ၏။ သူခိုင်းသမျှသာ လုပ်နေပုံရသည်။ ဘာမှ သိပုံမပေါ်၊ ဝူလ်က. . .

"သွား စမစ်ရဲ့အိတ်ကိုသွားယူ၊ အထဲမှာ အလေးအပင်တွေထည့်. . ."

"အလေးအပင်တွေဟုတ်လား၊ ဘာတွေ့ထည့်ရမှာလဲ"

"ဘုရားရေ. . . တွေ့တာထည့်ကွာ၊ စာအုပ်တို့ အရက်ပုလင်းတို့ လေးတာ မှန်သမျှထည့်"

"ဘာဖြစ်လို့ တုန်း. . ."

"ဟို. . . မေးမနေနဲ့ကွာ၊ ငါခိုင်းတာသာလုပ်"

ဆွန်ဂျာထွက်သွားပြန်သည်။ လှေနံဘေးအပေါက်မှ ဆွန်ဂျာလှုပ်ရှားမှု များကို ဝူလ်မြင်ရသည်။ ဆွန်ဂျာသည် အိပ်မက်ထဲမှာ ယောင်ယမ်း လမ်းလျှောက် နေသူလို နှေးကွေးလှ၏။

"သောက်ကောင်မ မြန်မြန်လုပ်စမ်းပါဟ. . ."

ဝူလ်သည် စိတ်ထဲက ဆဲလိုက်၏။

ဆွန်ဂျာသည် အူကြောင်ကြောင်နှင့် စမစ်၏အိတ်ကို ယူသည်။ နောက် ရှန်ပိန်ပုလင်းများ တစ်လုံးပြီးတစ်လုံး အိတ်ထဲ ထည့်သည်။ စောစောက သံမဏိ ချောင်းရော၊ စာရွက်ဖိသည့် ဖန်တုံးပါထည့်သည်။ နောက်ဆုံး ကုန်းပတ်ပေါ် တက်ခဲ့၏။ ဆွန်ဂျာက . . . .

"ခု ဘာဆက်လုပ်ရမှာလဲ"

"အဲဒီ ကြိုးတစ်ဘက်မှာ လက်ဆွဲအိတ်ကိုင်းကိုချည်"

ဆွန်ဂျာသည် အိပ်မက်မှနိုးလာသူဖြစ်ရာ၊ သွက်သွက်ကလေးချည်လိုက်၏။

"မြဲမြဲချည်"

"ဟုတ်ကဲ့ပါ"

"ဘေးဘီကြည့်စမ်း လူတွေရှိလား"

ဆွန်ဂျာ ဟို ဒီ ကြည့်သည်။

"မရှိဘူး"

"ဟိုဘက်ကကြိုးစကို ငါ့ဆီပေး"

ဆွန်ဂျာ တစ်ဘက်ကြိုးစကို ဝူလ်ကိုလှမ်းပေးသည်။ ဝူလ်သည်ရေထဲမှာပင် ကြိုးစား၍ကူးခတ်သည်။ ခဲခဲယဉ်းယဉ်းပင် အလောင်း၏ လက်မောင်းနှစ်ဘက်ကြား မှာ ပတ်ချည်၍ ထုံးလိုက်၏။ နောက်ဆုံး ပြီးသွားသည်။ သူက ဆွန်ဂျာအား . . .

"မင်းဘက် ကြိုး ထုံးစမ်းကြည့်စမ်း"

"နိုင်ပါတယ်"

"ဒါဆို အဲဒီအိတ်ကို ရေထဲကို ဝေးနိုင်သမျှ ဝေးဝေးလွှမ်းပစ်လိုက်တော့"

ဆွန်ဂျာသည် အိတ်,အလေးကြီးကို ကြိုးစား၍ မပြီးရေထဲပစ်လိုက်၏။ အိတ်သည် ဗွမ်းကနဲရေထဲကျပြီး တစ်ခါတည်းမြုပ်သွားသည်။ နောက်ကြိုးစသည် ငတော့င့်ကနဲတစ်ချက်ဖြစ်ပြီး စမစ်၏အလောင်းသည်လည်း ရေထဲမြုပ်သွားလေ၏။

ဝူလ် လှေအိမ်ပေါ်သို့ ပြန်တက်သည်။ ရေထဲမှ သွေးရောင်များသည် ပျက်ပြယ်စပြုနေပြီဖြစ်၏။

အသံတစ်ခုက ပေါ်လာသည်။

"ဂွတ်မောနင်း"

ဝူလ်ရော ဆွန်ဂျာပါ ချာကနဲ တပြိုင်တည်းလှည့်လိုက်၏။

ကုန်းဘောင်တစ်ခုထိပ်တွင် မိန်းမတစ်ဦးရပ်နေ၏။

ဆွန်ဂျာက မိန်းမပီသစွာ၊ လျင်မြန်စွာဖြင့် ပြန်နှုတ်ဆက်၏။

"ဂွတ်မောနင်း"

ဆွန်ဂျာသည် ဝူလ်ဘက်သို့လှည့်ပြီး လေသံနှင့် . . .

"အိမ်နီးနားချင်းပါ"

အိမ်နီးနားချင်းမိန်းမသည် ဈေးဝယ် ပြန်လာဟန်တူ၏။ လက်ထဲမှာ ဆွဲခြင်း တစ်လုံးပါသည်။

"အဲဒီဘက်က ဆူဆူညံညံကြားလို့ ဘာဖြစ်တာလဲ"

ဆွန်ဂျာက အေးဆေးစွာဖြင့် . . .

"ဘာမှမဖြစ်ပါဘူး။ ကျွန်မ ခွေးကလေးရေထဲကျသွားတာကို ဟောဒီက မစ္စတာရော်ဘင်ဆင့်က ဆင်းဆယ်ပေးတာပါ"

"ဟုတ်လား ရှင့်မှာ ခွေးရှိတာ ကျွန်မလဲမသိပါလား"

"ခွေးပေါက်စကလေးပါ။ လက်ဆောင်ရတာ မကြာသေးပါဘူးလေ"

"ဟုတ်လား . . . ဘာမျိုးတုန်းဟင်"

ဝူလ်သည် အသံကုန်ဟစ်ပြီး မိန်းမကြီးကို မောင်းထုတ်လိုက်ချင်၏။ ဆွန်ဂျာကမူ . . .

"ပူဒဲလ် ခွေးပုမျိုးပါ"

"ဟယ် . . . ကြည့်ချင်လိုက်တာ ဖြစ်မ်းပါ"

"နက်ဖြန်ကျမှကြည့်ပါ။ ခုတော့ သူ့ကို ဒဏ်ပေးတဲ့အနေနဲ့ သော့ခတ်ထားလိုက်ပြီ"

"သနားစရာပဲနော်"

ဝူလ်သည် မနေနိုင်တော့ပဲ. . .

"ကျုပ်ရေစိုဝတ်တွေ လဲပစ်မှ ထင်တယ်"

ဆွန်ဂျာက အိမ်နီးနားခြင်းအား . . . .

"နက်ဖန်မှ ဆုံကြတာပေါ့"

အိမ်နီးနားချင်းသည် လျှာရှည်တော်မူသေး၏။

"ရှင်နဲ့တွေ့ရတာဝမ်းသာပါတယ်၊ မစ္စတာရော်ဘင်ဆင်"

ဝူလ်နှင့်ဆွန်ဂျာဂေ့ဝမ်းထဲသို့ ဆင်းလိုက်ကြ၏။

ဆွန်ဂျာသည် ဆိုဖာပေါ်ထိုင်လိုက်ပြီး မျက်စိမှိတ်ထားလိုက်၏။ ဝူလ်က သူ့အဝတ်အစားများကို ချွတ်ပစ်နေ၏။

ဆွန်ဂျာသည် မျက်စိမဖွင့်ပဲ. . .

"ကျွန်မတစ်သက်မှာ ဒီနေ့တွေ့ကြုံရတာ အဆိုးဆုံးပဲ"

"မင်းခဏကြာရင် သွေးအေးသွားမှာပါ"

"တော်သေးတာပေါ့ အင်္ဂလိပ်ကောင်သေသွားလို့"

"ဟုတ်တယ်. . . မင်းဝမ်းမသာဘူးလား"

"စိတ်နည်းနည်း အေးသွားရင်တော့ ဝမ်းသာမယ် ထင်ပါရဲ့"

ဝူလ်သည် ရေချိုးခန်းထဲဝင်ပြီး ရေချိုးကန်ပိုက်ကို ဖွင့်လိုက်၏။ အခန်းထဲ ပြန်ဝင်လာ၍ ဆွန်ဂျာက. .

"ဘယ့်နှယ်လဲ စွန့်စားရကျိုးနပ်ရဲ့လား"

"နပ်ပါတယ်၊ ဒီငနဲ ယူလာတဲ့ သတင်းက သိပ်တန်ဘိုးရှိတာပဲ၊ ဒါနဲ့ဆိုရင် ရိုမဲလ်က စစ်နိုင်ပြီ၊ သေချာတယ်"

"ရှင်ဘယ်တော့ သတင်းပို့ မလဲ"

"ကနေ့ည သန်းခေါင်မှာပေါ့"

"ကနေ့ည ရှင်. . . အယ်လိန်းကို ခေါ်လာမယ်ဆို"

ဝူလ်သည် မယုံနိုင်သလို ဆွန်ဂျာကို ကြည့်လိုက်၏။

"နေစမ်းပါဦး. . . တို့အခုပဲ လူတစ်ယောက်ကို သတ်ပြီး ရေထဲမြှုပ်ပစ်ပြီးတဲ့ အချိန်မှာ မင်းက ဒါကို စဉ်းစားနိုင်သေးသလား"

ဆွန်ဂျာသည် ဝူလ်ကို အာခံကြည့် ကြည့်သည်။

"အို. . . ဒါတွေ ကျွန်မ မသိဘူး၊ သိတာကတော့ စိတ်လှုပ်ရှားနေလို့ ပိုတောင် တွေ့ချင်သေးတယ်"

"ဘုရား. . . ဘုရား"

"ရှင်. . . ညကျရင် ရအောင်ခေါ်ခဲ့ ဒါပဲ၊ ကျွန်မအပေါ် ဒီလောက်တော့ ပြန်ဆပ်ဖို့ကောင်းပါတယ်"

ဝူလ်တွေသွား၏။

"ဒါဆို. . . အယ်လိန်းဒီမှာရှိတုန်း ငါသတင်းပို့ရမယ် ဖြစ်နေမှာပေါ့"

"စိတ်ချစမ်းပါ၊ ရှင်သတင်းပို့နေတုန်း အယ်လိန်းကို ကျွန်မထိန်းထားပါ့မယ်"

"ဟို. . . ငါ. . ."

"အို. . . ဆင်ခြေရှာမနေနဲ့ ကျွန်မအတွက် ရှင်ဒီလောက်တော့ လုပ်ပေးနိုင်ရမယ်"

"ကောင်းပါပြီ ခင်ဗျာ"

"ကျေးဇူးပါပဲရှင်"

ဝူလ်သည် ရေချိုးခန်းထဲဝင်ပြီး ရေနွေးကန်ထဲမှာ ရေစိမ်လိုက်၏။

ဆွန်ဂျာက အပြင်က လှမ်းခေါ်၍...

"အခုတိုင်း ဆိုရင်တော့ စမစ်ဟာ နောက်ထပ်သတင်းယူမလာနိုင်တော့ဘူးနော်"

"အိုကွာ...တို့အနေနဲ့လည်း နောက်ထပ် သတင်းမလိုတော့ပါဘူး၊ ဒီတိုက်ပွဲပြီးရင် ပြီးပါပြီ..."

ဝူလ်က ပြန်၍အော်ပြောသည်။

ဝူလ်သည် ဆပ်ပြာကိုယူပြီး သွေးစွန်းနေသော လက်များကို စ၍ဆပ်ပြာတိုက်သည်။

❖ ❖ ❖

(၂၁)

ဗင်ဒန်သည် အယ်လိန်းအိမ်တံခါးပေါက်သို့ အဲလက်ဂူလ်နှင့် ချိန်းဆိုထားသည့် အချိန်ထက် တစ်နာရီခန့်စော၍ ခေါက်လိုက်၏။

အယ်လိန်းသည် ဝတ်စုံနက်ကို လှပစွာဝတ်၍ တံခါးလာဖွင့်ပေး၏။ သူမ ကိုယ်တိုင်လည်း ဗင်ဒန်ကို မျှော်လင့်ထားပြီးဖြစ်သည်။

ဗင်ဒန်သည် ခဏခဏတွေ့ဘူးသော်လည်း ထပ်တိုး၍လှလာသလို ထင်မိသော အယ်လိန်းကို ပြုံးပြနှုတ်ဆက်လိုက်၏။

"ဟဲလို. . ."

"ဝင်ခဲ့လေ"

အယ်လိန်းက တံခါးဖွင့်ပေးပြီး ဗင်ဒန်ကို ဧည့်ခန်းထဲဝင်လာစေ၏။ ပြီးမှ-

"ထိုင်ပါ"

ဗင်ဒန်သည် အယ်လိန်းကို ပွေ့ဖက်နမ်းချင်လှ၏။ သို့သော် အယ်လိန်း အခြေအနေက မပေးပေ။ သူဆိုဖာပေါ်မှာ ထိုင်ချပြီး. . .

"ကိုယ်က ညနေပိုင်းအတွက် အစီအစဉ် လာပြောတာ"

အယ်လိန်းက မျက်နှာချင်းဆိုင် ဆိုဖာမှာ ထိုင်သည်။

"အိုကေ. . . ပြော. . . ဒါထက် အရက်သောက်ဦးမလား"

"ကောင်းသားပဲ"

"ကြိုက်သလောက်သာ ငှဲ့သောက်ပေတော့"

ဗင်ဒန်တွေသွား၏။

"ဘာတွေများ ဖြစ်နေတာလဲဟင်"

"ဘာမှမဖြစ်ပါဘူး၊ အရက်အရင်သောက်ပါ၊ ပြီးတော့ အစီအစဉ်ကို ရှင်းပြ"

ဗင်ဒန်ထိုင်ရာမှထသည်။ ပြီးနောက် အယ်လိန်း ဆိုဖာရှေ့မှာ ဒူးထောက် ထိုင်ချလိုက်ပြီး. . .

"အယ်လိန်းရယ် ဘယ်လိုများ ပြောလိုက်တာလဲကွယ်"

အယ်လိန်းသည် ဗင်ဒန်ကို ပြန်ကြည့်၏။ အယ်လိန်း မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ပြည့်သလောက်ဖြစ်နေ၏။ အယ်လိန်းက အသံကျယ်ကျယ်ဖြင့်. . .

"ပြီးခဲ့တဲ့ ၂ ရက်လုံး ဘယ်ပျောက် နေတာလဲ"

ဗင်ဒန် မျက်နှာလွှဲလိုက်ပြီး စဉ်းစားပြီးမှ. . .

"အလုပ်ခွင်မှာ အလုပ်လုပ်နေတာပေါ့"

"ကျွန်မကရော ဘယ်မှာနေတယ် ထင်သလဲ"

"အဲဒီ အိမ်မှာ ရှိမှာပေါ့"

"ဟုတ်ပါ့ရှင်"

ဗင်ဒန်သည် အယ်လိန်း ဘာဆိုလိုမှန်းမသိပေ။ သူ့စိတ်ထဲတွင် သူသည် အသိခက်သော၊ လုံးဝမသိဘူးသေးသော မိန်းမတစ်ယောက်ကို ချစ်မိပါပကောလား ဟု တွေးမိ၏။ သူက. . .

"ကိုယ်က အလုပ်ခွင်မှာ အလုပ်လုပ်နေတယ်၊ အယ်လိန်းက အိမ်မှာရှိ နေတယ်၊ ဘာများစိတ်ဆိုးစရာ ရှိလို့လဲ"

အယ်လိန်းက အော်လိုက်သည်။

"ရှိတာပေါ့"

ဗင်ဒန်က လက်ကာပြပြီး. . .

"စိတ်အေးအေးထားစမ်းပါ၊ အယ်လိန်း ဘာကြောင့် စိတ်ဆိုးနေတယ် ဆိုတာ ကိုယ်နားမလည်ဘူး၊ ရှင်းပြဦးမှပေါ့"

"မရှင်းပြဘူး"

"ဒါဆို ကိုယ်လဲ ဘာမှ မပြောတတ်တော့ဘူး"

ဗင်ဒန်သည် စိတ်ပျက် လက်ပျက်နှင့် ကြမ်းပြင်ပေါ် ထိုင်ချလိုက်၏။ ဤ၊. . . စီးကရက်တစ်လိပ်မီးညှိသောက်လိုက်သည်။ တကယ်လည်း အယ်လိန်း

ဘာကြောင့်စိတ်ဆိုးနေသည်ကို သူမသိ။ သူ့စိတ်ထဲတွင် အယ်လိန်းအလိုကျ လိုက်ပြောရန် အသင့် ရှိပါ၏။ တောင်းပန်းဖို့လည်း အသင့်ရှိပါ၏။ အမှားရှိလျှင် ပြင်ဖို့အသင့်။ သို့သော် တွေးပြီးအဖြေရှာမနေချင်။

သူတို့နှစ်ဦးသား ငြိမ်ထိုင်နေကြ၏။ တစ်ယောက်ကိုတစ်ယောက် မကြည့်ကြချေ။

အယ်လိန်း နှာခေါင်းရှုံ့သည်။ ဗင်ဒန်မကြည့်။ သို့သော် ဤနှာခေါင်းရှုံ့ခြင်းသည် ရှိုက်ခြင်းမှ ဖြစ်ပေါ်ကြောင်း သူသိသည်။ အယ်လိန်းက. . .

"ရှင် စာလေးတစ်စောင်လောက်ဖြစ်ဖြစ် ဝေးဖို့ကောင်းတာပေါ့၊ ဒါမှမဟုတ် ပန်းတစ်စည်းစည်းဖြစ်ဖြစ်"

"ဘုရားရေ ပန်းစည်းဟုတ်လား၊ ပန်းစည်း ဘာလုပ်ဖို့လဲ၊ တို့နှစ်ယောက်ကြားမှာ ကစားနေဖို့မှ မလိုတော့တာ" "တကယ်လား"

"နေပါဦး အယ်လိန်းက ဘာပြောစေချင်တာလဲ"

"ဒီမှာ နားထောင် ရှင်နဲ့ကျွန်မ တစ်နေ့ညက အတူတူချစ်ခဲ့ကြသေးတယ်ဆိုတာ မှတ်မိသေးရဲ့လား"

"အို. . . ခက်လိုက်တာ"

"မခက်နဲ့လေ၊ နောက်ရှင်ပဲ အိမ်လိုက်ပို့တယ်၊ ကျွန်မကို ဂွတ်နိုက်ဆိုပြီး နမ်းနှုတ်ဆက်သွားတယ်။ နောက်ဘာမှ မဆက်သွယ်တော့ဘူး"

ဗင်ဒန်က စီးကရက်ကို အားပါးတရ ရှိုက်လိုက်၏။ ပြီးမှ. . .

"ဒီမယ်. . . အယ်လိန်း မေ့နေရင်လဲ ကိုယ်ကသတိပေးပါရစေ၊ အခုအချိန်မှာ အာဝင်ရှိမဲလ်ဆိုတဲ့ နေ့က သူ့နာဇီတပ်တွေနဲ့ ကျုပ်တို့ အိမ်တံခါးပေါက်မှာ ခေါက်နေတယ်ဆိုတဲ့ အချက်ရယ်၊ ကျုပ်က အဲဒါကို တာဝန်ရှိတဲ့လူတွေထဲမှာ တစ်ယောက်ပါတယ် ဆိုတာရယ်ကို"

"အမယ်လေး. . . ကျွန်မဆီကို စာလေးတစ်ကြောင်းရေးပေးဖို့ ဆိုတာ ငါးမိနစ်မကြာပါဘူး"

"ဘာကို ရေးရမှာလဲ"

"ဘာကို ရေးရမှာလဲဟုတ်လား. . . ဟုတ်ပါ့ရှင်၊ ကျွန်မက ဘာတန်ဖိုးမှမရှိတဲ့မိန်းမကိုး။ ကျွန်မတစ်ကိုယ်လုံးကို လူတစ်ယောက်ရဲ့ ရင်ခွင်မှာ ပုံအပ်ခဲ့ရပြီးနောက်တစ်နာရီကြာသွားတော့ ကျွန်မကိုမေ့သွားတယ်ပေါ့ ဟုတ်လား။ ကျွန်မစိတ်ထဲမယ် ဒီလိုခံစားရတယ်ရှင့်. . . ကိုဝီလီယံဗင်ဒန်ကြီးရဲ့ ရှင်ကျွန်မကို ဆက်ဆံတာ သိပ်အပေါစားဆန်တာပဲ"

အယ်လိန်း၏စကားများသည် ဗင်ဒန်အတွက် စတွေ့စကလိုပင် ဘာအဓိပ္ပာယ်မှမရှိပေ။ သို့သော် အယ်လိန်းစကားများထဲမှာ နာကျင်ဆွေးမြည့်သံကို ခံစားရပြီး နားလည်သွား၏။ ဗင်ဒန်အယ်လိန်းဘက်ကို လှည့်လိုက်သည်။

"အယ်လိန်းရယ်၊ မင်းဟာ ကိုယ့်ဘဝနှစ်အတော်ကြာအတွင်းမှာ အကောင်းဆုံး၊ အလှဆုံးအိပ်မက်ကလေးပါပဲ၊ တစ်ဘဝလုံးမှာ အလှဆုံးတောင် ဖြစ်ချင်ဖြစ်နေမှာပါ၊ ကိုယ်ကတုံးလွန်းလို့ မသိတာကို ခွင့်လွှတ်ပါကွယ်"

ဗင်ဒန် အယ်လိန်းမျက်နှာကို လက်နှစ်ဘက်ဖြင့် လှမ်းကိုင်လိုက်၏။

အယ်လိန်းသည် ပြတင်းပေါက်ဘက်သို့ လှမ်းကြည့်နေ၏။ နှုတ်ခမ်းကို သွားဖြင့် ကိုက်ထားပြီး မျက်ရည်များကို ကြိုးစားပြီး ထိန်းနေပုံရသည်။

"ဟုတ်တယ်၊ ကိုယ်ဟာ သိပ်. . . သိပ်တုံးတာပဲ"

ပါးစပ်မှ တိုးတိုးကလေး အသံထွက်လာပြီး ဗင်ဒန်ခေါင်းမှ ဆံပင်များကို လှမ်းကိုင်သည်။ မျက်လုံးအိမ်ထဲမှ မျက်ရည်များကျလာ၏။ ဗင်ဒန်က. . .

"ကိုယ် အယ်လိန်းအကြောင်းအများကြီး လေ့လာရဦးမယ်"

"ကျွန်မလည်း အတူတူပါပဲ၊ ကိုအကြောင်း လေ့လာရဦးမှာပဲ"

ဗင်ဒန်သည် မျက်နှာလွှဲလိုက်ပြီး သူ့ဘာသာသ စဉ်းစားရင်း ပြောသလိုဖြင့် . . .

"လူတိုင်း ကျူပ်က ဖျောင်းဖျရင် မကျေနပ်ကြဘူး၊ အလုပ်ခွင်မှာရော၊ ပြင်ပမှာရောပဲ၊ သူတို့ပြဿနာရှိရင်၊ မနေနိုင်တော့ဘူးဆိုရင် လာပြောကြတယ်။ ကိုယ်က အခြေအနေကို သုံးသပ်ပြီး အဆိုးဆုံးထဲက အကောင်းဆုံးနည်းလမ်းကို ရှာပြီးပေးတယ်။ သူတို့လို ထိတ်လန့်တကြားဖြစ်မနေဘူး၊ အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြတယ်။ အဲဒါကို သူတို့က ဘယ်လိုမှ မကျေနပ်ကြဘူး၊ သူတို့ကြည့်ရတာ အဲဒီစကားကိုလိုချင်ပုံမရဘူး၊ ကျူပ်နံက လက်အောက်ငယ်သားတွေကလည်း အဲဒီလိုပဲ၊ အထက်အရာရှိတွေရော၊ မိတ်ဆွေတွေရော၊ ကွယ်လွန်သူ ကျူပ်ဇနီး အယ်ဂျလာရော၊ အခုမင်းရောပဲ၊ ကျူပ်ဘာကြောင့်လဲ ဆိုတာ ခုထိနားမလည်ဘူး။

"ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ တစ်ခါတစ်ရံ တုန်လှုပ်ရမယ်၊ ကိုးကွယ်ရာမဲ့ ဖြစ်ရမယ် ရှင်ရဲ့"

အယ်လိန်း လေသံတိုးတိုးဖြင့်ဆက်၍. . .

"တစ်ခါတစ်လေ လူဆိုတာ ကြောက်တဲ့စိတ်ပြရမယ်၊ ကြောက်လဲကြောက်ရမယ်၊ အားငယ်စိတ်ရှိရမယ်၊ တစ်စုံတစ်ရာအတွက် အရှုံးအမူးလဲဖြစ်ရမယ်၊ ဒါမှ လူဆန်တော့မှာပေါ့၊ လူ့သဘာဝပဲ။ ဒီသဘာဝကိုပြမှ ရှင်က ဂရုစိုက်တယ်၊ အလေးထားတယ်လို့ တဘက်လူကသိမှာပေါ့ ရှင်ကတစ်ချိန်လုံးမတုန်လှုပ်သလို

ဖြစ်နေခဲ့ရင် ကျွန်မတို့ဘာဖြစ်ဖြစ်ရှင်က ဂရုမစိုက်ဘူးလို့ ထင်သွားမှာပေါ့"

ဗင်ဒန်က ခေါင်းတဆတ်ဆတ်ဖြင့်. . .

"အင်းလေ. . . ဒါပေမယ့် လူတွေက သိသင့်တာပေါ့နော်၊ အထူးသဖြင့် ချစ်သူချင်း ပိုသိသင့်တာပဲ၊ မိတ်ဆွေချင်းလဲ သိရမှာပဲ။ အထက်အရာရှိတွေလဲ လူတော်ဆိုရင် သိရမှာပေါ့"

ဗင်ဒန်သည် ရိုးရိုးသားသားပင် ပြောလိုက်၏။ သို့သော် သူ့ ခေါင်းထဲ တစ်နေရာကမူ ထိုအပြုအမူသည် သွေးအေးသည်၊ မာကျောသည်၊ ရိုင်းစိုင်းသည် ဟု ထင်စပြုနေ၏။

အယ်လိန်းက. . .

"သူတို့က နားမလည်ဘူးဆိုရင်ကောရှင်"

"ဒါဆို ကိုယ်ကပြောင်းရမှာပေါ့၊ မဟုတ်သေးပါဘူး"

ဗင်ဒန်သည် အယ်လိန်းပေါ်တွင် အရိုးဆုံး၊ အရှင်းဆုံး ပြောချင်၏၊ အယ်လိန်းစိတ်ချမ်းသာရုံလေးအတွက် ကောင်းပါပြီ၊ ကိုယ်ပြုပြင်ပါ့မယ်။ ဘာဘာ ညာညာများမပြောချင်။ ထို့ကြောင့်အမှန်အတိုင်း ရင်ထဲမှာ ရှိသမျှ ပြောလိုက်သည်၊

"ဒီလိုရှိတယ် အယ်လိန်း၊ ကိုယ့်ဘဝအောင်မြင်မှုတွေအားလုံးဟာ ကိုယ် ဒီနည်းနဲ့ရခဲ့တာပဲ၊ ကိုယ်ဟာ အရာရာကို ခပ်ဝေးဝေးကခွာပြီး အမြဲကြည့်တယ် ကိုယ်အရာရာကို သိပါတယ်၊ ခံစားရပါတယ်၊ ဒါပေမယ့် အပေါ်ယံအပြုအမူမျိုးနဲ့ ကိုယ်လက်နှုတ်အမူအရာနဲ့ချစ်တယ်၊ ဒေါသဖြစ်တယ်၊ ဆိုတာတွေကို မပြတတ်ဘူး။ တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အသည်းစွဲအောင်ချစ်ကြသလား၊ မချစ် ဘူလားဆိုတာပဲ အဓိကကျတယ်။ တစ်ကမ္ဘာလုံးကပန်းတွေကလည်း ဘာအဆုံး အဖြတ်မှမပေးနိုင်ဘူးလို့ ယုံတာ။ ဒီနေ့တွေမှာ ကိုယ်လုပ်ခဲ့ရတဲ့ အလုပ်က တို့ဘဝ သေမလား၊ ရှင်မလားပြောင်းလဲသွားနိုင်တယ်။ မှန်ပါတယ် ကိုယ်အယ်လိန်းကို သတိရပါတယ်။ သတိရတိုင်း ဒီထက်အရေးကြီးတာတွေရှိတယ် ဆိုပြီး အာရုံပြန် ပြောင်းပစ်လိုက်တယ်။ ကိုယ်ဟာ တာဝန်ကျေပွန်သူဖြစ်ချင်တယ်။ ဦးစားပေးစနစ် နဲ့ အချိန်ကို ခွဲထားတယ်။ အယ်လိန်းတစ်ယောက်နေထိုင်ကောင်းပါတယ် ဆိုတာ သိနေတဲ့နောက် စိတ်မပူဘူး၊ ဒီထက်အရေးကြီးတာတွေလုပ်မယ်။ ကိုယ်ရဲ့ဒီအပြု အမူကို အယ်လိန်းသည်းခံနိုင်ပါ့မလားဟင်"

အယ်လိန်းမျက်ရည်ကြားမှ ပြုံးပြသည်။

"ကျွန်မ ကြိုးစားပါ့မယ်"

ဗင်ဒန်ခေါင်းထဲကမူ အတွေးကဝင်နေဆဲ။ ဒီမိန်းကလေးကို ငါသေတစ်ပန်

သက်တစ်ဆုံး လိုချင်ရဲ့လားဟု တွေးနေ၏။ သို့သော် ထိုအတွေးသည် လောလော သတ်လတ် အရေးမကြီးသေး။ သို့နှင့်လိုရင်းကို ပြောလိုက်သည်။

"အမှန်အတိုင်းပြောရမယ်ဆိုရင် ကိုယ့်ရင်ထဲမှာ မင်းကို ပြောလိုက်ချင် ဘယ်။ ကနေ့ည အစီအစဉ်ကို ဖျက်လိုက်ကြစို့ရဲ့၊ မင်းအကူအညီမပါပဲ ကိုဘာသာ ကြံလုပ်မယ်လို့ ပြောချင်တယ်လေ၊ ဒါပေမယ့် ကိုယ်မပြောနိုင်ဘူးဖြစ်နေတယ်၊ ဘာဖြစ် သို့လဲဆိုတော့ အယ်လိန်းဟာ ကနေ့အခြေအနေမှာ မရှိမဖြစ် လိုအပ်နေတယ်"

"ဟုတ်ပါပြီ. . . အိုကေပါ၊ နားလည်ပါပြီရှင်"

"ဒါဆို ပထမဆုံးမင်းကို 'ဟလို'ဆိုပြီး နှုတ်ဆက်အနမ်း-နမ်းခွင့်ပြုပါ"

"ကောင်းပါပြီ-နမ်းပါရှင်"

ဗင်ဒန်သည် အယ်လိန်းမျက်နှာကို လက်နှင့်ဖက်ပြီး သူမ၏နှုတ်ခမ်းကို နမ်းသည်။ သူမနှုတ်ခမ်းအစုံမှာ နူးညံ့ နွေးထွေး၍ စိုစွတ်နေ၏။ သူ သည်လိုခံစား မှုမျိုးကို မရခဲ့ဘူးခဲ့၊ သည်အနမ်းကို မဆုံးနိုင်အောင် သူနမ်းထားချင်သည်။

အယ်လိန်းက အသာကလေးတွန်း၍ခွာသည်။ အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်၏။ ပြီးမှ လှိုက်ဖိုသောအသံဖြင့်. . .

"ကို. . . တကယ်ပြောတယ်ဆိုတာကျွန်မယုံပါပြီရှင်ရယ်"

"အယ်လိန်းတကယ်ပြောတာလားဟင်"

အယ်လိန်းက အသံထွက်အောင် ရယ်သည်။

"ကိုက အဲဒီလိုပြောလိုက်တော့ တကယ်ပဲ. . . တကယ်မဂျော့ဗင်ဒန် ပြန်ဖြစ်သွားပြန်ရော. . . တဲ့တဲ့. . . ထားလိုက်ပါတော့ အစီအစဉ် ရှင်းပြပါဦး"

"ဒါဆို. . . မင်းကို နမ်းမမိ နိုင်တဲ့နေရာမှာ နေမှဖြစ်မယ်"

"ဒါဆိုလဲ ရွှေကိုယ်တော်ရယ် မျက်နှာချင်းဆိုင်ခုံမှာ ထိုင်ပေါ့ ဒါထက် ကနေ့ဘာတွေများလုပ်နေတာလဲ ပြောစမ်းပါဦး"

ဗင်ဒန်အရက်ဗီရိုရှိရာသို့ ထသွားပြီး ဂျင်တစ်ခွက်ငှဲ့သည်။

"ထောက်လှမ်းရေးဌာနက မဂျော့တစ်ယောက် အရေးတကြီး စာရွက်စာ တမ်းတွေ အိပ်တစ်လုံးနဲ့ပျောက်နေတယ်"

"ဝူလ်လက်ချက်များလား"

"ဖြစ်နိုင်တာပဲ. . . အဲ အသေအချာ လိုက်စစ်လိုက်တော့ ဒီမဂျော့ဟာ နေ့လယ်ထမင်းစားချိန်မှာ ပျောက်ပျောက်နေတာ ခဏခဏပဲ၊ သူဘယ်သွားသလဲ ဆိုတာ ဘယ်သူမှ မသိဘူး။ ကိုယ့်စိတ်ထဲမှာ ထင်နေတာကတော့ သူက ဝူလ်နဲ့ ချိန်းချိန်းတွေ့တယ် ထင်တယ်"

"ဒါဆို အခုဘာလို့ ပျောက်နေရတာလဲ"

ဗင်ဒန်က မုခုံးတွန့်ပြလိုက်၏။

"တစ်ခုခု. . . အများအယွင်းရှိလို့နေမှာပေါ့"

"ကနေ့ သူ့လက်ဆွဲအိတ်ထဲ ဘာတွေပါသွားလဲ"

ဗင်ဒန်အယ်လိန်းကို ဘယ်လောက်အထိ ပြောရမလဲ ချင့်ချိန်လိုက်၏။ ပြီးမှ. . .

"ကိုယ်တို့ မဟာမိတ်တွေ့ရဲ့ ခံစစ်အခြေအနေအားလုံး အပြည့်အစုံ ပါသွားတယ်။ အခုတိုက်မဲ့စစ်ပွဲရဲ့ အခြေအနေကို ပြောင်းသွားနိုင်လောက်တာ"

စမ်မ်နှင့်အတူ ဗင်ဒန်၏ နည်းဗျူဟာပါ ပါသွားသည်။ ဗင်ဒန်အနေနှင့် အယ်လိန်းကို အပြည့်အဝယုံကြည်၏ သို့သော် လုံခြုံရေးအသိစိတ်ဖြင့် အသေးစိတ် မပြောတော့ပဲ. . .

"ဒီတော့ ကနေ့ည ဝူလ်ကို ဖမ်းမိမှဖြစ်မယ်"

"ဒါပေမယ့် ခုလောက်ဆိုရင် နောက်ကျနေပြီလားမှမသိတာ"

"မကျသေးပါဘူး၊ ကိုယ်တို့ ဝူလ်ရဲ့ အသက်လွှင့်ချက်ကို မကြာခင်ကပဲ ဖမ်းမိခဲ့ဘူးပါတယ်၊ သန်းခေါင်တည့်တည့်မှာ ပို့တာပဲ။ စပိုင်တွေဆိုတာ သီးသန့် တစ်ချိန်သတ်မှတ်ထားတယ်။ အဲဒီအချိန်မှာပဲ အသံလွှင့်တယ်။ လေလှိုင်းကိုလဲ သတ်မှတ်ထားတယ်၊ ဒါမှ ဖမ်းနားထောင်တဲ့လူကလဲ စောင့်နေတာ၊ တခြားအချိန်မှာဆို နားထောင်တဲ့လူကလည်း သူ့အတွက်သတ်မှတ်ထားတဲ့ လေလှိုင်းကို ဖွင့်နား မထောင်ဘူး၊ ဒီတော့ ကနေ့ည သန်းခေါင်ယံ တိတိမှာ သတင်းပို့မှာ သေချာတယ်။ အင်း ကိုယ်က သူ့ကို ဦးအောင်မဖမ်းနိုင်ရင်တော့ပေါ့"

ဗင်ဒန်သည် စကားရပ်သွား၏။ သူ့အနေနှင့်လုံခြုံရေးအတွက် ဆက်ပြောသင့် မပြောသင့် စဉ်းစားသည်။ နောက်ဆုံးအယ်လိန်းသည် ဝူလ်ထံသွားရောက်ခဲ့သော် အခြေအနေအားလုံးကို သိထားသင့်သည်ဟု ယူဆပြီ. . .

"နောက်တစ်ခုရှိသေးတယ်၊ သူ့အနေနဲ့ လျှို့ဝှက်စာ(ကုတ်)ကို 'ရီဗက်ခါ' ဆိုတဲ့ ဝတ္ထုကို အခြေခံပြုပြီးပို့နေတာ။ ကိုယ့်ဆီမှာလဲ အဲဒီစာအုပ်ကော်ပီတစ်ခု ရှိတယ်၊ တကယ်လို့သာ သူ့ရဲ့လျှို့ဝှက်စာ(ကုတ်)ကို ရရင်တော့"

"နေပါဦး. . . အဲဒီကုတ်ဆိုတာ ဘယ်လိုဟာမျိုးလဲ"

"စာရွက်တစ်ရွက်ထဲမှာ စာအုပ်ကို ဘယ်လိုထုတ်ပြရမယ်ဆိုတာ ရှင်းထား မယ်၊ အဖြေထုတ်ရင် ဘယ်လိုထုတ်ပြရမယ် ဆိုတာရှင်းပြထားတာကလေးပါ"

"အင်း. . . နားလည်ပါပြီ. . . ဆက်ပါဦး"

"တကယ်လို့ ကိုယ့်အနေနဲ့ အဲဒီစာရွက်ရရင် ကိုယ်ကလဲ ဝူလ်ဟန်ဆောင်ပြီး ရှိမဲလ်ဆီ သတင်းမှား တစ်ခုပို့လို့ရတာပေါ့၊ ဒါဆို အခြေအနေက ပြောင်းပြန်ဖြစ်သွားနိုင်တယ်လေ။ ဒါပေမယ့် အဲဒီ(ကုတ်)ကို ရမှဖြစ်မှာ"

"ကောင်းပြီလေ၊ ကန္နေညာ အစီအစဉ်ကကော . . ."

"အရင်အတိုင်းပါပဲ၊ ပိုပြီး တိကျ၊ ပြည့်စုံလာတာပါပဲ။ ကိုယ်ကတော့ ဂျိတ်နဲ့အတူ စားပွဲရုံထဲမှာ ရှိနေမယ်၊ နှစ်ယောက်စလုံး သေနတ်ကိုယ်စီပါလာမယ်"

အယ်လိန်းက မျက်လုံးပြူးသွား၏။

"ကိုယ့်မှာ သေနတ်ပါတယ်"

"အခု မပါသေးပါဘူး၊ ဂျိတ်က စားပွဲရုံကို ယူလာမှာပါ။ ပြီးတော့ နောက်သပ်နှစ်ယောက်လည်း စားပွဲရုံထဲမှာ ရှိမယ်၊ အပြင်မှာ ခြောက်ယောက်အသင့်ရှိနေမယ်၊ ထရပ်ကားတွေလဲ ဗီစီမှတ်လိုက်ရုံနဲ့ လမ်းတွေအားလုံးပိတ်ပြီးဖြစ်အောင် စီစဉ်ထားတယ်၊ ကန္နေညာတော့ ဝူလ်ဘာပဲလုပ်လုပ် မင်းကိုလာတွေ့ရင် ဖမ်းမိမှာသေချာတယ်"

ထိုစဉ် အခန်းတံခါးခေါက်သံ ကြားရသည်။

ဗင်ဒန်က မျက်မှောင်ကုပ်လိုက်သည်။

"ဘာများပါလိမ့်"

"တံခါးခေါက်နေတာ"

"ဒါတော့ ကိုယ်သိပါတယ်၊ မင်းဆီတစ်ယောက်ယောက်များ လာစရာရှိသလား၊ ချိန်းထားလား"

"မရှိပါဘူး၊ ကျွန်မသွားဖို့ အချိန်နီးနေပြီဟာ"

ဗင်ဒန် ထပ်၍ မျက်မှောင်ကုပ်သွား၏။

"ကိုယ် သံဘောမကျဘူး၊ သွားမဖွင့်နဲ့"

"ကောင်းပြီလေ၊ ဒါဖြင့်ပြီးတာပဲ"

အယ်လိန်းသည် ထိုသို့ပြောပြီးမှ တစုံတရာ သတိရပြီး. . .

"သွားတော့ ဖွင့်ပေးမှာပဲ ထင်တယ်၊ ကျွန်မ ဖေဖေများဖြစ်နေမလား၊ ဒါမှမဟုတ် သူ့ဆီက သတင်းလာပေးတာဖြစ်နေဦးမယ်"

"အိုကေ. . . ဒါဖြင့် သွားဖွင့်"

အယ်လိန်းသည် အပြင်ခန်းသို့ထွက်သွား၏။ ဗင်ဒန်သည် နားစွင့်ရင်းကျန်ရစ်၏။

တံခါးခေါက်သံ ဆက်ထွက်လာသည်။ အယ်လိန်း တံခါးဖွင့်သံ ကြားရ၏။

ဗင်ဒန် အယ်လိန်း၏အသံ ကြားရသည်။

"ဟင်. . . အဲလက်"

ဗင်ဒန် ရင်ထဲမှ 'ဘုရားရေ' ဟု တလိုက်သည်။

ဝူလ်၏ အသံကို ကြားရပြန်သည်။

"မင်းက အဆင်သင့်ဖြစ်နေပြီကိုး။ ဘယ်လောက် ချစ်စရာ ကောင်းလိုက်သလဲဟင်"

ဝူလ် အသုံမှာ ယုံကြည်စိတ်ချမှု အပြည့်ရှိသော အသံမျိုးဖြစ်သည်။

အယ်လိန်းက. . .

"ဒါပေမယ့် ကျွန်မတို့ ပျော်ပွဲစားရုံမှာ ချိန်းထားတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ကျုပ်ကို ဝင်ခွင့်မပေးတော့ဘူးလား"

ဗင်ဒန်သည် ကပျာကယာ ဆိုဖာတစ်ခုနောက်သို့ ခုန်ဝင်လိုက်ပြီး ကြမ်းပေါ်မှာ ဝပ်နေလိုက်၏။

အယ်လိန်းက. . .

"ရပါတယ်၊ ဝင်ပါ. . ."

ဝူလ် အသံက နီးကပ်လာသည်။

"မင်းကနေ့ ပိုလှနေပါကလား"

ဗင်ဒန်တွေးလိုက်သည်။ တယ်လျှင်တဲ့ ငနဲပါလား။

အပြင်တံခါးပိတ်သံကြားရသည်။

ဝူလ်က. . .

"ဗီလမ်းလား"

"အဲ. . . အဲ. . . ဟုတ်ပါတယ်"

ဗင်ဒန်သည် သူတို့နှစ်ဦးဝင်လာသံ ကြားရသည်။ ဝူလ်က. . .

"အခန်းကလည်း တယ်လှပါကလား၊ အရစ္စတိုက မင်းကို ကောင်းကောင်းလစာပေးထားတယ် ထင်တယ်"

"အို. . . ကျွန်မက သူ့ဆီအမြဲလုပ်တာ မဟုတ်ပါဘူး၊ ဆွေမျိုးသားချင်းမို့ အကူအညီပေးတာလောက်ပါ"

"ဦးလေးကြီးလား"

"ဦးလေးတော့ ဦးလေးပါပဲ၊ ဒါပေမယ့် ဆွေမျိုးက အဝေးကြီးပါ။ အတော်စပ်ယူရမယ့် ဆွေမျိုးပါ"

"ကဲ. . . ဒါက မင်းအတွက်"

"ဟယ်. . . ပန်းတွေပါလား၊ ကျေးဇူးပါပဲ"

"ကျုပ်. . . ထိုင်နိုင်ပါတယ်နော်"

"ထိုင်ပါရှင်. . . ထိုင်ပါ. . ."

ဝူလ်ဆိုဖာပေါ် ထိုင်လိုက်ရာ အိကနဲဖြစ်သွား၏။ ဝူလ်သည်လူကောင်ထွားသူဖြစ်သည်။ ဗင်ဒန်ညအမှောင်မှာ စမ်းမိသမျှ သူနှင့်လုံးတူရုပ်တူလောက်ရှိမည်။ နောက်ဝူလ်ထံမှ ဓားကို သတိရသည်။ ပါးမှ အမာရွတ်ကို စမ်းမိသည်။ ငါ ဘာလုပ်ရမလဲ။

ယခုနေ ထခုန်ထွက်ပြီး ဝူလ်ကို ဖမ်းယူရမည်လား။ သူတို့နှစ်ဦးသား အရွယ်ကတော့ မျှသည်။ အဲ. . . ဓားပဲ ဝူလ်က သာသည်။ စဉ်းစားမိသမျှ ဆွန်ဂျာနှင့် ဓားပွဲရုံ ညစာလာစားစဉ်မှာပင် ဓားတိုက ပါလာရာ ဝူလ်သည် သွားလေရာ ဓားဆောင်သူဖြစ်ရမည်။ သူ့မှာ လက်နက်မရှိ။

ယခု သူတို့နှစ်ဦး ဖမ်းဆီးသတ်ပုတ်ရမည်ဆိုပါက ဝူလ်က တပန်းသာနေ၏။

ငါ ဘာကြောင့်များ သေနတ်မယူခဲ့ပါလိမ့်ဟု ဗင်ဒန်တွေးသည်။

အကယ်၍ သူတို့နှစ်ဦးသတ်ပုတ်ခဲ့သော် ဝူလ်အနိုင်ရခဲ့ပါက ဗင်ဒန်ကို အယ်လိန်းအခန်းထဲမှာ တွေ့သည့်အတွက် ဝူလ်သည် အိုယ်လိန်းမှာ သူ့ကို ဖမ်းမိရန် ဆင်ထားသော ထောင်ချောက်၊ ငါးစာတစ်ခုသာဖြစ်ကြောင်း သိသွားပြီး အယ်လိန်းကို ဘာလုပ်မည်နည်း။ အီစတန်ဘူလ်မြို့. . . ဤကဲ့သို့ ဆင်တူယိုးမှား အရေးအခင်းတွင်တော့ ဝူလ်သည် ထိုမိန်းကလေးကို လည်ပင်းကိုလှီးဖြတ်ခဲ့ပေသည်။

ဗင်ဒန်သည် မျက်စိထဲ မြင်ယောင်လာသော အနိဋ္ဌာရုံမြင်ကွင်းကို ကြိုးစားဖျောက်ဖျက်ပစ်လိုက်၏။

ဝူလ် အသံထွက်လာပြန်သည်။

"ကျုပ်မလာခင်က မင်းတစ်ယောက်တည်း အရက်သောက်နေတာကိုး။ ကျုပ်ကိုကော မတိုက်ဘူးလား"

"ဟုတ်သားပဲ၊ ဘာအရက်သောက်မလဲ"

"ဘာတွေ သောက်နေတာလဲ"

ဝူလ်သည် ဖန်ခွက်ကို နမ်းကြည့်သည်။

"အို. . . မင်းသောက်တဲ့အတိုင်းပဲ။ ဂျင်နည်းနည်းလောက်ရရင်တော်ပါပြီ"

ဗင်ဒန်ကတွေးသည်။ အဲဒါ ငါသောက်ထားတဲ့ အရက်ပဲ၊ အဲဒီတုန်းက အယ်လိန်းပါဝင်မသောက်တာ ဘုရားသခင်ကို ကျေးဇူးတင်ရဦးမယ်၊ ဖန်ခွက်နှစ်ခွက်သောက်လက်စတွေ့သွားရင် ဇာတ်လမ်းကပြီးပြီ။ ဖန်ခွက်ထဲရေထည့်သံ ကြားရသည်။

ဝူလ်အသံက. . .

"ကဲ. . . ချီးယား (မင်္ဂလာရှိပါစေ)"

"ချီးယား. . ."

"မင်းကြည့်ရတာ ဒီအရက်ကို ကြိုက်ပုံမရပါလား"

"ကျွန်မခွက်ထဲမှာ ရေခဲမှ မရှိတော့တာ"

အောက်မှာ ပုန်းနေသော ဗင်ဒန် အယ်လိန်း တစ်ယောက် ထိုအရက်ခွက် သောက်ရင်း ဘာကြောင့် မျက်နှာပျက်သည်ကို ရိပ်မိ၏။ ဗင်ဒန်၏ အရက်ခွက်မှာ ဘာမှရောမထားသော ဂျင်သက်သက် ဖြစ်သောကြောင့်ပင်။ ဘာပဲဖြစ်ဖြစ် အယ်လိန်းသည် အခြေအနေကို ကြိုးစားထိန်းနိုင်ကြောင်းကား သေချာသည်။

သူပုန်းနေသူကိုလည်း မကြည့်မိအောင် ကြိုးစားနေပေမည်။ သနားစရာ အယ်လိန်းရယ်၊ သည်တခါလည်း အယ်လိန်းတစ်ယောက် ဝန်နှင့်အား၊ လေးနှင့်မြား မမျှသည် ကိုဆောင်ရွက်နေရပြန်ပြီကော။

ဝူလ်အနေနှင့် ဘိုအေစစ် စားပွဲရုံကို သွားဦးမည်လော၊ သွားဖြစ်ပါစေဟု ဗင်ဒန် ကျိတ်ဆုတောင်းလိုက်၏။

"ဘယ်လိုလဲ အယ်လိန်း. . . ကျုပ်က အိမ်ကိုရောက်လာတဲ့အတွက် တမျိုး ဖြစ်နေသလား။ မင်းအလှပြင်လို့မပြီးသေးဘူးဆိုရင်လဲ ပြင်ချေလေ၊ ကျုပ်ကို ဂျင် ပုလင်းနဲ့ထားခဲ့ရင်ရပါတယ်"

"အဲဒီလို မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင်က စားပွဲရုံမှာတွေ့မယ့်လို့ချိန်းထား တာမို့. . ."

"ကဲပါ. . . ဟုတ်ပါပြီ အခုကျုပ်ဒီကို ရောက်နေပြီပဲဟာ၊ အမှန်အတိုင်း ပြောရရင် ကျုပ်စားပွဲရုံတွေကို ငြီးငွေ့လှပါပြီ၊ ကျုပ်တစ်ယောက်ယောက်ကို ညစာ စားဖို့ တွေ့ဖို့ကိစ္စမှာ ဖြစ်နိုင်မယ်ဆိုရင် ကျုပ်တစ်ခုခု ပြောင်းစီစဉ်တယ်လေ"

သွားပြီ သူတို့ ဘိုအေစစ်စားပွဲရုံကို သွားတော့မည်မဟုတ်။

"အယ်လိန်းက. . .

"ဒါဆို. . . ကျွန်မတို့ ဘာလုပ်ကြမှာလဲ"

"မင်းကို ထပ်အံ့ဩအောင် လုပ်ပါရစေဦး"

ဗင်ဒန်ကတွေးသည်။ ရအောင်မေးပါလား၊ အယ်လိန်းရယ်. . .

အယ်လိန်းက ဘာမှမမေး။

"ကောင်းပြီလေ. . . ပြီးတာပဲ"

ဗင်ဒန်စိတ်ထဲမှာ ကျိတ်၍မကျေမနပ်ဖြစ်သွားသည်။ အကယ်၍ ဝူလ်

အနေနှင့် သူသွားမည့်အရပ်ကို ပြောခဲ့ပါက ဗင်ဒန်သည် ဂျိတ်နှင့်သူ့လူများကို ဆက်သွယ်ပြီး လိုက်နိုင်မည်ဖြစ်သည်။ အယ်လိန်းသည် သိပ်မလျှင်သေး၊ သို့သော် သူမအနေနှင့်လည်း ကြောက်ရွံ့နေလောက်သည်ဖြစ်ရာ မလျှင်သည့်အတွက် အပျက် ဆိုဖွယ်ရာမရှိပါ။ ဝူလ် အသံက. . .

"သွားစို့"

"ဟုတ်ကဲ့"

ဝူလ်ထလိုက်ရာ ဆိုဖာကမည်သွား၏။ သည်အချိန်ထဖမ်းမှထင်တယ်။ မဖြစ်သေး၊ မသေချာသေး။

သူတို့ အခန်းထဲမှ ထွက်သွားသံကို ကြားရသည်။ နောက်အခန်းတံခါးမကြီး ဖွင့်သံကြရသည်။ ပြန်ပိတ်သံကြားရသည်။

ဗင်ဒန်ထလိုက်သည်။ သူ့အနေနှင့် သူတို့နှစ်ဦးနောက်ယောင်ခံ လိုက်နိုင် သည်။ အခွင့်အရေးရသည်နှင့် ဌာနချုပ်ကို အကြောင်းကြား၍ရမည်။ အယ်လိန်း အိမ်၌ကား တယ်လီဖုန်းမရှိ ကိုင်ရိုလူနေအိမ်ရိုးရိုးအဆောက်များများမှာ တယ်လီဖုန်း မရှိ ဗင်ဒန် တံခါးမကြီးအနား သွား၍ကပ်သည်။ ပြီးနားစွင့်သည်။ ဘာသံမှမကြား၊ နည်းနည်းလေးဖွင့်ကြည့်သည်။ မရှိတော့၊ ဗင်ဒန်အပြင်ထွက်ပြီး တံခါးပြန်ပိတ်ကာ စကြံ့ အတိုင်းထွက်လိုက်၏။

နားစွင့်သည် ဘာသံမှ မကြား၊ နည်းနည်းလေးဖွင့်ကြည့်သည်။ မရှိတော့၊ ဗင်ဒန် အပြင်ထွက်ပြီး တံခါးပြန်ပိတ်ကာ စကြံ့ အတိုင်းထွက်လိုက်၏။

သူ့အဆောက်အအုံအပြင်သို့ ရောက်သောအခါ ဝူလ်တို့စုံတွဲကို လမ်းတစ် ဘက်မှာမြင်ရသည်။ ဝူလ်က အယ်လိန်းကားထဲဝင်နိုင်ရန် ကားတံခါးဖွင့်ပေးနေခြင်း ဖြစ်သည်။ ကားသည် တက္ကဆီကား. . . .

သည်ကားသည် တက္ကဆီမဟုတ်၊ ဝူလ်ငှားလာခြင်းသော်လည်းကောင်း၊ အကြံအဖန်လုပ်လာခြင်းသော်လည်းကောင်းဖြစ်မည်။ ဝူလ်ကားတစ်ဘက်သို့လှည့်၍ ကားထဲဝင်ရန်သွားသည်။ ကားထဲရောက်၍ထိုင်မိသည်နှင့်အယ်လိန်းတစ်ယောက် ဗင်ဒန်ကို လှမ်းမြင်ရသည်။ ဗင်ဒန်က မမြင်ဟန်ပြုပြီးအမူအရာဖြင့်လည်း မသိဟန် ဆောင်နေဟု ပြလိုက်သည်။ ဝူလ်ကား ထွက်သွားသည်။ ဗင်ဒန်နောက်ယောင်ခံ လိုက်သွားသည်။

မော်တော်ကားအသွားအလာများမှာ စည်ကားရှုပ်ထွေးလျက်ရှိလေရာ ဗင်ဒန်အနေနှင့် ရှေ့မှကားနှင့် လေးငါးခြောက်စီးနောက်မှ နောက်ယောင်ခံလိုက်၍ ရသည်။

သီဟရတနာ၁၀၁၆ပေ

သူတို့မြို့ပြင်သို့ရောက်လာ၏။ မိုင်ဖာဒေသသို့ ဦးတည်နေ၏။ အမှောင်ထု သည် လွှမ်းမိုးစပြုပြီး ဗင်ဒန်သည် သူ့ဆိုင်ကယ်ရှေ့မီးကို ပိတ်လိုက်၏။ သို့မှ ရှေ့ကားပေါ်မှ သူ့ကို လှမ်းမမြင်နိုင်အောင်ဖြစ်သည်။

ဝူလ် ဘယ်လောက်ဝေးဝေးထိ သွားမည်နည်း။

ရှေ့တွင် ပိတ်ရမစ်များကို ရေးရေးမြင်လာရ၏။

ဗင်ဒန်တွေးသည်။ သည်နေရာမျိုး၌ ဖုန်းမရှိနိုင်တော့။

ရှေ့မှ ဝူလ်ကားသည် နှေးသွား၏။ သူတို့ ပိရမစ်အခြေမှာ ပျော်ပွဲစားထွက် လာခြင်းပါလား။ ဗင်ဒန်သည် သူ၏မော်တော်ဆိုင်ကယ်ကို စက်သတ်ပြီး လမ်းဘေး ကျောက်တုန်းကမူနောက်ဝင်လိုက်သည်။ ဆိုင်ကယ်ပေါ်မှ ဆင်း၍ကားရှိရာသို့ မျှော် ကြည့်၏။

ကားရပ်ထားသည်။ စက်ရပ်ထားရာ အတွင်းမီးလည်းမရှိ။ ပကတိ ငြိမ်သက်မှောင်မဲနေ၏။ ဗင်ဒန်မနာလိုဝင်တိုဖြစ်ချင်လာသည်။

ခဏအကြာ ကားတံခါးပွင့်လာသည်။

အပေါ်မှ မိုးတိမ်များရှင်းသွားပြီး လလည်းထွက်လာရာ ရှုခင်းတစ်ခုလုံး လရောက်ဖြင့် သဲကွဲလာသည်။ ကားထဲမှ မဲမဲသဏ္ဌာန်နှစ်ခုထွက်လာသည်။ အနီးဆုံး ပိရမစ်ထံသို့ လမ်းလျှောက်သွားကြသည်။ အခြေအတင် စကားပြောနေပုံရသည်။ ဝူလ်က အပေါ်သို့ လက်ညှိုးညွှန်ပြသည်။ အယ်လိန်းပုံရိပ်က ခေါင်းခါပြသည်။

ဝူလ်က အယ်လိန်းပခုံးကိုကိုင်ပြီးနမ်းမည်ပြုသည်။ အယ်လိန်းကမသိ မသာတိမ်း၍ ကားဆီပြန်လာခဲ့သည်။ နောက်မှ ဝူလ်လိုက်လာသည်။

ခဏအကြာ ညင်တိတ်ဆိတ်မှုကို ဝူလ်၏ ကားစက်နှိုးသံက ဖြိုခွင်းသည်။ ကားမြို့ထဲဘက်သို့ ပြန်လှည့်မောင်းသွားသည်။ ကားမီးရောင်နှင့်လွတ်အောင်ဗင်ဒန် ထပ်ပုန်းသည်။ မူလကပင်သူ့ကို မြင်စရာမရှိပါ၊ သို့သော် သေချာအောင်ဖြစ်သည်။ ကားအတော်ကြီးဝေးသွားမှ ဗင်ဒန်ဆိုင်ကယ်ကို စက်နှိုးသည်။ နောက်အဝေးကြီးမှ လိုက်သည်။ ကားသည် ကိုင်ရိုပြန်ရပေမည် မဟုတ်ပါလား။

ဝူလ်ဘယ်သွားမည်နည်း။ သူ့အိမ်ကို အယ်လိန်းခေါ်သွားမည်လား။ ယခု ပုံအတိုင်းဆိုလျှင် ခေါ်သွားမည့်ပုံ ဖြစ်သည်။ ဝူလ်အနေနှင့် အယ်လိန်းကိုကြံရန် အိပ်ခန်းလိုပေသည်။

သူတို့မြို့အဝင် ရောက်လာ၏။ ဗင်ဒန်ကားနားသို့ တိုးကပ်လိုက်ရသည်။ သို့သော် မြို့တွင်းဖြစ်လာပြီမို့ ယာဉ်အသွားအလာများစည်ကားလာပြန်ရာ ပြဿနာ မရှိတော့၊ ဝူလ်ကားမြန်မြန်မောင်းနေ၍ ဗင်ဒန်မြန်မြန်လိုက်နေရ၏။ ဘယ်သူ့ကိုမှ

ဘယ်လိုမှ အကြောင်းကြားချိန်မရ၊ မျက်ခြေအမပြတ်ဖို့သာအရေးကြီးသည်။

သူတို့ ဇာမာလက်အရပ်ဘက်သို့ ဦးတည်လာသောအခါ ဗင်ဒန်သံသယ ဝင်လာသည်။ သည်ဘက်ကား ကချေသည် ဆွန်ဂျာနေသောအရပ်ပင်တည်း။ ဝူလ်အနေနှင့် ဤလှေအိမ်၌နေသည်ကား မဖြစ်နိုင်၊ လှေအိမ်သည် ၂၄ နာရီစောင့်ကြည့်မည့် သူများရှိသည်။ ဝူလ်သည် သတိကြီးသူဖြစ်ရာ သူ့အိမ်အမှန်သို့ ခေါ်မသွားရဲ သဖြင့် ဆွန်ဂျာ၏ လှေအိမ်ကို ငှားရမ်းအသုံးပြုရန် ခေါ်လာခြင်းဖြစ်ရပေမည်။

ဝူလ်သည် လမ်းဘေး တစ်နေရာတွင် ကားရပ်ပြီးကားပေါ်မှ ဆင်းသည်။ ဗင်ဒန်လည်း သူ့ဆိုင်ကယ်ကို အုတ်နံရံတစ်ခုဘေးတွင်မှီရပ်ပြီး ဘီးကို ချိန်းကြိုးဖြင့် သော့ခတ်ထားလိုက်၏။ ယနေ့ည သူ့မော်တော်ဆိုင်ကယ် အခိုးခံ၍မဖြစ်။ ထပ်၍အသုံးလိုချင်လိုနေမည်ဖြစ်သည်။

ဗင်ဒန်သည် မလှမ်းမကမ်းမှ နောက်ယောင်ခံလိုက်သည်။

ဝူလ်နှင့်အယ်လိန်းတို့သည် လမ်းဘေးသို့ဆင်းသွားပြီး ကုန်းဘောင်တွေ ပေါ်သို့ တက်သွားသည်။ သူတို့လှေတစ်ခုနဘေးမှာရပ်သည်။ ဗင်ဒန်က လှေအိမ် ကို သေချာမှတ်သားထားလိုက်သည်။ ဝူလ်သည် အယ်လိန်းအား ကုန်းဘောင်ပေါ်မှ လမ်းလျှောက်ရန်ကူညီလိုက်၏။ ဝူလ်အနေနှင့် ဤလှေအိမ်ကို ၂၄ နာရီစောင့်ကြည့် နေသည့်အဖြစ်ကို သိပုံမရ၊ ဝူလ် အယ်လိန်းအနောက်ဘက်မှ ကုန်းဘောင်ပေါ်သို့ တက်လိုက်သည်။ လှေဝမ်းတွင်းဝင်ရန် တံခါးတစ်ခုဖွင့်ပြီး နှစ်ယောက်သား လှေဝမ်း တွင်းဆင်းသွားကြလေ၏။

ဗင်ဒန်တွေးသည်။ ယခုသူဘာလုပ်မည်နည်း။ အကောင်းဆုံးအလုပ်မှာ သည်အချိန်၌ အကူအညီတောင်းရန်ဖြစ်သည်။ ဝူလ်အနေနှင့်လှေအိမ်ပေါ်တွင် အတော်ကြာကြာနေမည့်ပုံပေါက်သည်။ သို့သော် အကယ်၍. . . အကယ်၍များ ဗင်ဒန်တယ်လီဖုန်းပြေးဆက်နေစဉ် ဝူလ်အစီအစဉ်ပြောင်းပြီး ပြန်ထွက်လာခဲ့သော် သွားပြီပဲ။

"ဒီငနဲကို ငါ့မျက်စိအောက်က အပျောက်ခံလို့မဖြစ်ဘူး" ဟု ဗင်ဒန်တွေး သည်။

နောက်သတိရသည်။ ဤအနားတဝိုက်မှာ အီဂျစ်ရဲအဖွဲ့မှ တာဝန်ပေးခြင်း ခံရသော ရဲတပ်ဖွဲ့ဝင်တစ်ဦးဦးရှိရပေမည်။ ရဲများကို ၂၄ နာရီပတ်လုံး စောင့်ကြည့်ရန် တာဝန်ပေးထားသည် မဟုတ်ပါလား။

"ရှိုး. . ."

ဗင်ဒန် လေသံဖြင့် အချက်ပေးကြည့်သည်။ ပြီးမှ. . .

"ဒီနားမှာ တာဝန်ကျတဲ့ရဲသားရှိရဲ့လားဟေ့၊ ငါ မေဂျာဗင်ဒန်ပါ ရှိသလား"

သစ်ပင်နောက်ကွယ်မှ လူတစ်ယောက်ထွက်လာ၏။ အာရပ်တစ်ယောက်ဖြစ်သည်။ သူက. . . "ဟုတ်ကဲ့ ပြောပါ"

"ဟဲလို. . . ကျုပ်မေဂျာဗင်ဒန်ပါ၊ မင်းက ဒီလှေအိမ်ကို စောင့်ကြည့်ဖို့ တာဝန်ကျတဲ့ ရဲသားလား" "ဟုတ်ကဲ့ ခင်ဗျ"

"ကောင်းပြီ. . . ဒါဆိုနားထောင်၊ ကျုပ်တို့လိုချင်တဲ့လူဟာ လှေအိမ်ပေါ် ရောက်နေပြီ မင်းမှသေနတ်ပါသလား"

"မပါဘူးခင်ဗျ"

ဗင်ဒန်သည် စိတ်ထဲမှ ကြိမ်ဆဲလိုက်ပြန်သည်။ ယခုသူတို့ဘာလုပ်ရမည်နည်း။ အာရပ်ရဲကို အကူအညီယူ၍ လှေပေါ်တက်ဖမ်းမည်လော၊ အာရပ်ရဲကလည်း သက်စွန့်ဆံဖျားကူညီမည့်ပုံမရ၊ လှေအိမ်အနေအထားလည်း သူမကျွမ်းကျင်၊ သူတို့တွင် လက်နက်မပါ၊ မလွယ်လှ။ ဗင်ဒန်က. . .

"နားထောင်စမ်း၊ အနီးဆုံး တယ်လီဖုန်းရှိတဲ့အရပ်ကိုသွား၊ စစ်ဌာနချုပ်ကို ဆက်၊ အဲဒီမှာ ရှိတဲ့ ကပ္ပတိန်ဂျိတ်ပဲဖြစ်ဖြစ်၊ ဒု-ဗိုလ်မှူးကြီး ဘော(ဂ)ဖြစ်ဖြစ် ပြောချင်ပါတယ်ပြော၊ သိပ်အရေးကြီးတယ်လို့ပြော၊ ဒီလှေအိမ်ကို အမြန်ဆုံးလိုက်လာပြီး လာဖမ်းကြဖို့ပြော၊ နားလည်လား"

"စစ်ဌာနချုပ်က ကပ္ပတိန်ဂျိတ်၊ ဒါမှမဟုတ် ကာနယ်ဘော(ဂ) သူတို့အမြန်ဆုံးလိုက်လာ၊ လှေအိမ်ကိုတက်ဖမ်း၊ ဟုတ်ကဲ့လားဆရာ"

"အေး. . . ဟုတ်တယ်။ မြန်မြန်သွားပေတော့"

အာရပ်သွက်သွက်ကလေး ထွက်သွားသည်။

ဗင်ဒန်သည် သူ့ကို တခြားလူများမမြင်နိုင်လောက်သော၊ သူကိုယ်တိုင်ကမူ လှေအိမ်နှင့် တကွ ကုန်းဘောင်ကိုမြင်နိုင်သော ချုံကွယ်တစ်ခုမှာ စောင့်ကြည့်ကျန်ရစ်၏။ ခဏအကြာလမ်းကလေးအတိုင်း မိန်းမတစ်ဦးလျှောက်လာသည်။ ဗင်ဒန် မျက်စိထဲမှာ မြင်ဘူးသည်ဟုထင်နေ၏။ လှေအိမ်ဘက်သို့ သွားသော အခါမှ ဗင်ဒန် သေချာသည်။ ကခြေသည်မ ဆွန်ဂျာပေပဲ။

ဗင်ဒန်စိတ်အေးသွားသည်။ ယခုပုံအတိုင်းဆိုလျှင် ဝူလ်တစ်ယောက် အယ်လိန်းကို ဗလက္ကာရတော့ လုပ်မည်မဟုတ်တော့၊ နောက်ထပ်အမျိုးသမီးတစ်ယောက် လှေအိမ်ပေါ်သို့ ရောက်လာပြီမဟုတ်လား၊

ဗင်ဒန်စိတ်ချလက်ချ ထိုင်စောင့်နေလိုက်၏။

❖ ❖ ❖

(၂၂)

အာရပ်ရဲသည် စိတ်မဖြောင့်ပါ။

"အနီးဆုံး တယ်လီဖုန်းရှိရာကိုသွား"

အင်္ဂလိပ်စစ်ဗိုလ်ပြောသည်က အလွယ်ကလေး။ တယ်လီဖုန်းရှိသော အိမ်ဆိုသည်မှာ ဥရောပတိုက်သားများအိမ်ဖြစ်တတ်သည်။ သူလိုအာရပ်တစ်ယောက်ကိုပေးဝင်ပါမည်လား။ သူကိုယ်တိုင်ရဲဝန်ထမ်းတစ်ဦးဖြစ်သည့်တိုင် မည်သူကများ ည ၁၁ နာရီကျော်ကျော်တံခါးလာခေါက်သော အာရပ်ရဲဆိုသူကို ဖုန်းပြောခွင့်ပြုပါမည်နည်း။ ပြီးတော့ ... သူကိုယ်တိုင်ကလည်း ယူနီဖောင်းနှင့်မဟုတ်၊ ဆံဆိုပင်လွှတ်လိုက်ကြဦးမည်။

ဇာမာလက်ဒေသတွင် အများဆုံးတယ်လီဖုန်းရှိသည့်ကို သူမတွေ့မိ။ သည်တော့ အကောင်းဆုံးက ကိုယ်ပိုင်စခန်းကို ကိုယ်ပြန်ပြီး ဖုန်းပြောတာပဲကောင်းသည်။ ရဲသားစခန်းသို့ သွက်သွက်ကလေးပြေးသည်။

ပြေးရင်းလွှားရင်း ရင်ထဲမရှင်းတာက ရှိသေးသည်။ စစ်ဌာနချုပ်ကို ဖုန်းဆက်ဖို့ အရေးဖြစ်သည်။ တရားမဝင်သော လိုက်နာမှုတစ်ခုမှာ အိဂျစ်ဝန်ထမ်းများအနေနှင့် အတတ်နိုင်ဆုံး အင်္ဂလိပ်စစ်တပ်နှင့် မဆက်သွယ်ခြင်းဖြစ်သည်။ စစ်ဌာနချုပ် တယ်လီဖုန်းအော်ပရေတာက ညကြီးသန်းခေါင် ဘာဖြစ်လို့ဆက်တာဘုန်း၊ မှာစရာရှိတာမှာခဲ့ဟု ပြောမလားပဲ၊ တခြားလူလွှဲပြီး သူကဖုန်းဆက်မိသော်

ဒုက္ခ၊ နောက်လေ့အိမ်နားမှလူသည်ကော သူပြောသလို မေဂျာဗင်ဒန် အစစ်ဟုတ်ရဲ့လား၊ သူမသိ။ သူ့အနေနှင့် မေဂျာဗင်ဒန်ကို မြင်ဘူးခဲ့ခြင်းမရှိ အယောင်ဆောင်ဖြစ်နေခဲ့သော် ဒုက္ခ။

နောက်ဆုံး အကောင်းဆုံးလမ်းကိုတွေးမိသည်။

ဤပြဿနာကို ဖြေရှင်းနိုင်သူမှာ တစ်ယောက်သာရှိသည်။ သူကားတာဝန်ပေးအပ်ခဲ့သူ ရဲစုံထောက် ကာမဲလ်။ ကာမဲလ်ထံဖုန်းဆက် အကြောင်းကြားမည်။

ကာမဲလ်ဘာလုပ်ရမည်ကို သိပေလိမ့်မည်ဖြစ်၏။

အယ်လိန်းသည် လှေကားပေါ်မှ လှေဝမ်းထဲသို့ ဆင်းခဲ့၏။ စိတ်ထဲမှ ညစ်ထေးကျဉ်းမြောင်းသော လှေဝမ်းကို တွေ့ရမည်မျှော်လင့်ထားခဲ့၏။ သို့သော် အောက်ရောက်သောအခါ လှပခန်းနားနေသည်ကို တွေ့ရသည်။ ညှိခန်း၊ အိပ်ခန်း၊ မီးဖို၊ စားပွဲဆိုဖာနှင့်ခေတ်မီလှပစွာ ပြုပြင်ဆင်ယင်ထား၏။ အယ်လိန်းက. . .

"ဒါ. . . ရှင့်အိမ်လား"

"မိတ်ဆွေတစ်ယောက်ပိုင်တာပါ၊ ထိုင်လေ"

အယ်လိန်းသည် ထောင်ချောက်ထဲဝင်ရသလိုခံစားနေရ၏။ ဝီလီယံဗင်ဒန်တစ်ယောက် ဘာများလုပ်နေပါလိမ့်၊ သူမစိတ်ထဲတွင် ညနေပိုင်းတစ်လျှောက်လုံးကားနောက်မှ ဗင်ဒန်၏ဆိုင်ကယ်ပါလာသည်ဟု ထင်မှတ်ခဲ့၏။ ဝူလ်ရိပ်မိသွားမည်စိုး၍ နောက်သို့ ချောင်းကြီးမကြည့်ရဲ၊ အယ်လိန်းအနေနှင့် အချိန်မရွေးမော်တော်ကားကို စစ်သားများလာပိုင်းမှာပဲဟု မျှော်လင့်ခဲ့၏။ တစ်ချိန်လုံးမဖြစ်ခဲ့၊ စက္ကန့်မှမိနစ်မိနစ်မှနာရီကူးခဲ့ပြီ ဘာမှမဖြစ်ခဲ့၊ ဝီလီယံဗင်ဒန်ဆိုသူကော ရှိမှရှိပါလေစ၊ အားလုံးအိပ်မက်များဖြစ်နေရောသလား။

အယ်လိန်းသည် ဝူလ်ကိုကြည့်ပြီး စိတ်ကြောက်နေ၏။ သူမယောကျ်ားတွေတော်တော်များနှင့်တွေ့ဘူးပါသည်။ တစ်ချို့ကိုသာမန်၊ တစ်ချို့သာသာထိုးထိုး။ သို့သော် သူမသည် အမြဲ ယောကျ်ားများအပေါ် ယုံကြည်ခဲ့သည်။ ယောကျ်ားများသည် သူမပေါ် ကြင်နာယုယရမည်ဟု၊ မကြင်နာသည့်တိုင် ရက်စက်မည်မဟုတ်။ ယခုဝူလ်ကို သူမ မယုံ၊ အယ်လိန်းကြက်သီးထသွား၏။

"ချမ်းသလား"

ဝူလ်က ရှန်ပိန်ခွက်ကို သူမလက်သို့ ကမ်းသည်။ အယ်လိန်းက
"မချမ်းပါဘူး"
ဝူလ် ဖန်ခွက်ကို မြှောက်၍. . .
"မင်းကျန်းမာရေးအတွက်"
အယ်လိန်းပါးစပ်များမှာ ခြောက်သွေ့နေ၏။ အေးမြသော ရှန်ပိန်အရက်ကို စုပ်မျိုလိုက်သောအခါ နည်းနည်းတော့ သက်သာသလိုဖြစ်သွား၏။
ဝူလ်သည် သူမထိုင်နေသော ဆိုဖာခုံရှည်ပေါ်သို့ ကပ်၍ထိုင်သည်။
"သိပ်သာယာတဲ့ ညနေပဲကွာ၊ မင်းနဲ့အတူနေရတာ ကိုယ်သိပ်ပျော်ပါတယ်"
"သွားပြီ၊ ဇာတ်လမ်းက စလုံးရေစပြီ" ဟု အယ်လိန်းတွေး၏။
ဝူလ်က သူ၏ လက်တစ်ဖက်ကို အယ်လိန်းဒူးပေါ် တင်လိုက်သည်။
အယ်လိန်း တစ်ကိုယ်လုံး ကျောက်ရုပ်လိုငြိမ်သွား၏။
"မင်းကြည့်ရတာ တစ်မျိုးပဲ၊ သိပ်ချစ်စရာကောင်းတယ်၊ ဒါပေမယ့် အဝေးကြီးမှာ နေသလိုပဲ၊ သိပ်လှတယ်။ ဒါပေမယ့် တစ်ခါတစ်ခါ သိပ်သိပုံရပြီး တစ်ခါတစ်ခါ သိပ်နုံပုံရတယ်၊ ကျုပ်မေးတာဖြေမလား"
"ဟုတ်. . . ဟုတ်ကဲ့"
"ကျုပ်နဲ့အတူ ဘာဖြစ်လို့ အပြင်ထွက်လိုက်နေတာလဲ"
အယ်လိန်းက ဝူလ်ကို ပြန်ကြည့်သည်။
"ရှင့်ကြည့်ရတာ လူရည်သန့်ဖြစ်နေလို့ပေါ့"
"ဒီလိုထင်တဲ့ အတွက်ကျေးဇူးတင်ပါတယ်ဗျာ"
ဝူလ်အယ်လိန်းပါးစပ်နမ်းရန် ကြိုးစားရာ၊ အယ်လိန်းက ပါးကလေးကို အသာထိုးပေးလိုက်၏။ ဝူလ်က. . .
"မင်းကျုပ်ကို ဘာများကြောက်နေတာလဲ"
ထိုစဉ် ကုန်းဘောင်ပေါ်မှ ခြေသံကြားရသည်၊ တံခါးပွင့်သွား၏။
အယ်လိန်းက တွေးသည်။ 'ဗီလိယံပဲ'
ဒေါက်မြင့်ဖိနပ်နှင့်မိန်းမခြေထောက်က အရင် ဆင်းလာသည်။ မိန်းမ အောက်ရောက်သည်နှင့် တံခါးပြန်ပိတ်သည်။
အယ်လိန်းထိုအခါမှ ထိုမိန်းမကိုမှတ်မိသွားသည်။ သူကားနာမည်ကျော် ကချေသည် ဆွန်ကျာပါကလား။
အယ်လိန်းတွေးသည်။ တလောကလုံးဘာတွေများ ဖြစ်နေကြပါလိမ့်။

"ကောင်းပါပြီ ဆာဂျင်၊ မင်း ကျုပ်နဲ့ဆက်သွယ်လိုက်တာ အမှန်ဆုံးပဲ၊ ကျုပ်ဆက်ပြီး လုပ်လိုက်မယ်၊ မင်းအနားယူတော့"

ကာမဲလ်သည် ဖုန်းခွက်ထဲသို့ ဤသို့ ပြောကြားလိုက်၏။

"ကျေးဇူးပဲဆရာ. . . ဂွတ်နိုက်"

"အေး. . . ဂွတ်နိုက်"

ကာလ်ဗဲ့သည် ဖုန်းခွက်ကို ချလိုက်၏။ အခြေအနေမကောင်းလှပါကလား။ အင်္ဂလိပ်တို့သည် အဲလက်ဝူလ်နောက်သို့ နောက်ရောင်ခံလိုက်ခဲ့ပြီး လှေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပြီ၊ ဗင်ဒန်က လှေအိမ်ကို ပိုင်းစီးရန် အစီစဉ်ဆွဲနေပြီဖြစ်၏။ ပြဿနာနာက ၂ ခုဖြစ်သည်။ (တစ်မှာ) အီဂျစ်အမျိုးသားရေဝါဒီများအတွက် စပိုင်ထံမှ အသံလွှင့်စက်ရရန် အခွင့်အလမ်းမရှိတော့၊ ဤအတွက်ကိုင်ရိုကိုမသိမ်းမီ ရိုမဲလ်နှင့်ဆက်သွယ်ရန်လမ်းစပျောက်သွားသည်။ (နှစ်မှာ) အင်္ဂလိပ်အာဏာပိုင်များအနေနှင့် လှေအိမ်သည် စပိုင်၏စုရပ်အဖြစ် သိသွားပြီးသည့်နောက် ကာမဲလ်သည် လှေအိမ်ကို စောင့်ကြည့်ခဲ့သော်လည်း သတင်းများထိမ်ချန်ခဲ့ခြင်း ပေါ်ပေါက်လာပေမည်ဖြစ်၏။ သူ့အနေနှင့် စောစောက ဆွန်ဂျာကို ဖိအားပေးပြီး စပိုင်ဝူလ်နှင့်အဖိအရ ဆက်သွယ်ခဲ့ဖို့ကောင်းသည်။ ယခုမူနောက်ကျနေပြီ၊ နောင်မှ နောင်တသည် အဓိပ္ပာယ်မရှိတော့၊ ယခုသူဘာလုပ်မည်နည်း။

သူ့အိပ်ခန်းထဲ ပြန်ဝင်ပြီး အဝတ်အစားလဲသည်။ ပစ္စတိုသေနတ်ယူပြီး အပြင်သို့ ထွက်ခဲ့၏။ ကားကို ထုတ်ကာ စက်နှိုးသည် သူ့ခေါင်းထဲမှာပေါ်လာသော ပထမဆုံးအတွေးမှာ ကပ္ပတိန် အိမာဆာဒစ်နှင့် ညှိနှိုင်းတိုင်ပင်ရန်ဖြစ်သည်၊ သို့သော် အချိန်မရတော့။ ဗင်ဒန်ပြဿနာအရှင်းရှင်းမှ။

ကာမဲလ်သည် ဇာမာလက် အရပ်ဆီသို့ ဦးတည် မောင်းခဲ့သည်၊ သူဗင်ဒန်ကို သတ်ပစ်ရမည်လား၊ ယခင်က လူမသတ်ဘူး၍ သတ်ကော သတ်နိုင်ပါမည်လား။ ဤစပိုင်ကိစ္စ အရေးအခင်းတွင် သူပါဝင်ခဲ့သည်ကို မည်သို့ဖုံးကွယ်ရမည်နည်း။ ဤပြဿနာကြီးဗူးပေါ်သလို ပေါ်သွားပါက သူသည် စပိုင်ကူညီမှုဖြင့် ပစ်သတ်ခံရမည်ဖြစ်သည်။

'သတ္တိ' မွေးဖို့လိုသည်ဟု ကိုယ့်ဘာသာ အားပေးလိုက်၏။

ကားကို မလှမ်းမကမ်းမှာ ရပ်သည်။ ကားထဲမှ ကြိုးတစ်ချောင်းယူသည်။ အိတ်ထဲမှာ ထည့်သည်။ ညာလက်ဖြင့် သေနတ်ကို ထုတ်ကိုင်သည်။ သေနတ်ကို ဒင်မှ မကိုင်ပဲ ပြောင်းမှကိုင်လိုက်သည်။ ဗင်ဒန်သည် ဤနားတဝိုက်ချုံ တစ်ခုခုအတွင်းမှာ ရှိမည်၊ ကာမဲလ် ဖြည်းဖြည်းလျှောက်လာခဲ့၏။

ဗင်ဒန်သည် သူ့လက်ပတ်နာရီကို စီးကရက်မီးရောင်ဖြင့် ကြည့်လိုက်၏။ ၁၁ နာရီ ၃၀ မိနစ်ရှိပြီ၊ တစ်ခုခုမှားယွင်းနေပြီထင်သည်။ အာရပ်ရဲသားကပင် သတင်းမှားပို့လေသလား၊ သို့မဟုတ် ဘော(ဂ)နှင့်ဂျိတ်တို့ပင် မှားယွင်းစွာ ကောက်ချက်ချကြသည်လား မပြောတတ်၊ ယခုထိ ဘယ်သူမှပေါ်မလာကြ၊ ယခုအချိန်ဆိုရင် ပုံအသံလွှင့်သတင်းပို့ဖို့ အချိန်နီးပြီ။ ထိုအဖြစ်ကိုမူ သူလက်မခံနိုင်၊ မတတ်သာသည့်နောက်ဆုံး သူကိုယ်တိုင် တစ်ယောက်တည်း လှေပေါ် သို့တက်၍ စွန့်စားရန်သာရှိတော့သည်။

ဗင်ဒန် စီးကရက်မီးကို ငြိမ်းသတ်လိုက်၏။ ထိုစဉ် ခြေသံလိုလို ကြားရသည်။ ဗင်ဒန်က လေသံဖြင့်. . .

"ဘယ်သူလဲ၊ ဂျိတ်လား. . ."

အရိပ်မည်းမည်းတစ်ခု နီးကပ်လာသည်။

"ကျွန်တော်ပါ"

ဗင်ဒန်အနေဖြင့် လေသံဖြင့် ပြန်ဖြေသော အသံကိုမမှတ်မိ၊ မှောင်ရိပ်ထဲမှ ရုပ်ကိုလည်း မဖမ်းမိ။

"ဘယ်က ကျွန်တော်လည်း"

အရိပ်သည် အနားတိုးလာပြီး လက်တဖက် မြှောက်လိုက်သည်။ ထိုလက်သည် သူ့ကို ရိုက်မည်ဖြစ်ကြောင်းသိသွား၏။ ဗင်ဒန် ရှောင်လိုက်သည်၊ သို့သော်တစ်စုံတစ်ရာသည် သူ့ခေါင်းပေါ်မှ ဖြတ်ပြီး ပခုံးပေါ် သို့ ထိသည်။ ဗင်ဒန်နာကျင်သဖြင့် အော်လိုက်မိသည်၊ သူ၏ ညာလက်သည် ထုံသွား၏။ ရန်သူ၏လက်သည်နောက်တစ်ခါ ထပ်မြှောက်သွားပြန်၏။ ဗင်ဒန်ရှောင်ဖို့ကြိုးစားသော်လည်း ခေါင်းတည့်တည့်ကို ထိသွား၏။ သိပ်နာသွားသည်။ ဗင်ဒန် သတိလစ်သွားတော့၏။

ကာမဲလ်သည် သေနတ်ကို အိတ်ထဲပြန်ထည့်ကာ သတိလစ်နေသော ဗင်ဒန်နံဘေးမှာ ဒူးထောက်ထိုင်ချလိုက်၏။ ပထမဆုံးဗင်ဒန့်ရင်ကို စမ်းကြည့်သည်။ ရန်ခုန်သံကိုစမ်းသပ်တွေ့ရှိရမှ စိတ်အေးသွားရသည်။ ဗင်ဒန် မသေနိုင်သေး။ ဗင်ဒန်၏ ပိတ်ဖိနပ်ကို ချွတ်၍ ခြေအိတ်ကို ဆွဲယူလိုက်သည်။ နောက် လုံးထွေးပြီး သတိလစ်နေသူ၏ ပါးစပ်တွင်း ထည့်လိုက်၏။ သို့မှသာ သတိရလာသောအခါ အော်နိုင်မည်မဟုတ်၊ နောက်အသင့်ယူလာသော ကြိုးဖြင့် ဗင်ဒန်၏လက်နှင့် ခြေထောက်ကို

တုပ်ကာ သစ်ပင်မှာ ချည်လိုက်၏။

ဗင်ဒန်သတိရလာသောအခါ လှုပ်ရှားနိုင်မည်မဟုတ်၊ အော်နိုင်မည်လည်း မဟုတ်၊ တစ်ယောက်ယောက်က တွေ့ဆုံလာရောက် ကြိုးဖြေပေးပါမှ လှုပ်ရှား၍ အော်၍ရမည်။ သည်နေရာကား လူပြတ်လှသည်။ ညမိုးလည်းချုပ်ပြီ။

ကာမဲလ်သည် လေ့ဒီမ်ကို လှမ်းကြည့်သည် မီးရောင်ရှိသော်လည်း ခန်းဆီးများဖြင့် ပိတ်ထားသည်။ လေ့ပေါ်သို့ တက်ချင်စိတ်ကို သူချိုးနှိမ်လိုက်သည်။ သူ့အနေနှင့် ပထမဦးစွာ ရဲဘော်ကြီး အိုမာဆာဒစ်နှင့် တိုင်ပင်ဖို့ကောင်းသည်။

ကာမဲလ် မော်တော်ကားရှိရာသို့ ပြန်လာခဲ့၏။

ဆွန်ဂျာက ပြုံး၍. . .

"အဲလက်က အယ်လိန်းအကြောင်းတွေ အားလုံးပြောပြပါတယ်"

အယ်လိန်းက ပြန်ပြုံးပြလိုက်သည်။ ဤလူသည် စောစောကအဲလက်ပြောသည့် လေ့ဒီမ်ပိုင်ရှင် ပုဂ္ဂိုလ်ပေလော။ ဝူလ်သည် ဆွန်ဂျာနှင့်အတူတူနေသလော ဝူလ်သည် ဆွန်ဂျာတစ်ယောက် စောစောပြန်ရောက်ခြင်းသည် မမျှော်လင့်သော ကိစ္စလား။ ဘာကြောင့် သူတို့နှစ်ယောက်စလုံးသည် စိတ်ဆိုးပုံမရကြပါလိမ့်၊ သူတို့ နှစ်ယောက်ကြည့်ရသည်မှာ ဘာမှမဖြစ်သလိုပင်။ အယ်လိန်းသည် စကားမရှိစကား ရှာပြီး. . .

"ရှင်အခု ခြာခြာကလပ်က လာတာလား"

"ဟုတ်တယ်"

"ဘာထူးလဲ. . ."

"ထုံးစံအတိုင်းပါပဲ၊ ပင်ပန်းတယ်၊ စိတ်လှုပ်ရှားရတယ်၊ ပရိသတ်ကတော့ သဘောကျ ကျေနပ်တယ်ပေါ့"

ဆွန်ဂျာကြည့်ရသည်မှာ ဖိုးသားအေးဆေးသော မိန်းကလေးတော့ ဟုတ်ပုံ မပေါ်။

ဝူလ်သည် ရှန်ပိန် တစ်ခွက်ငှဲ့ပြီး ဆွန်ဂျာကိုလှမ်းပေးသည်။ ဆွန်ဂျာက ဝူလ်ကို ပြန်မကြည့်ပဲ အရက်ခွက်ကို ယူသည်။ နောက် အယ်လိန်းအားကြည့်၍. . .

"မင်း အရစ်တိုဆိုင်မှာ အလုပ်လုပ်တယ်ဆို. . ."

"မလုပ်ပါဘူး. . . ဆွေမျိုးတွေမို့ ခဏသွားကူညီတာပါ"

"ဒါဆို မင်းဂရိလူမျိုးပေါ့"

"ဟုတ်ပါတယ်"

ထွေရာလေးပါး အသေးအမွှား စကားများကို ပြောနေရ၍ အယ်လိန်း ကြောက်စိတ်ပြယ်စပြုလာ၏။ ဘာတွေများဖြစ်ကြဦးမည်နည်း၊ ယခုပုံအတိုင်းဆိုလျှင် ဘီဂျစ်ပြည်၏ အကျော်ကြားဆုံး ကချေသည်မ တစ်ယောက်ကို ရှေ့မှာထား၍ ဝူလ်သည် သူမကို မတော်မတရားတော့ မလုပ်တန်ရာ၊ ဗီလီယံအနေနှင့် သန်းခေါင် မကျော်မီ ဝူလ်ကို အရဖမ်းဖို့လိုသည်။

သန်းခေါင်. . .

အယ်လိန်းသည် ယခုမှ အားလုံးပြန်သတိရလာ၏။ ယနေ့ညသန်းခေါင်ယံ ဘိတိတွင် ဝူလ်သည် မဟာမိတ်ခံစစ်ကြောင်းအသေးစိတ်အစီရင်ခံစာသတင်းကို အသံလွှင့်ပို့မည်ဖြစ်သည်။ အသံလွှင့်စက်သည် ဤလှေအိမ်ပေါ်မှာ ရှိသလား၊ ဤနေရာ၌မရှိပဲ တခြားတစ်နေရာရာတွင် ရှိပါက ဝူလ်သည် မကြာခင်ထွက်သွား ရတော့မည်ဖြစ်သည်။ ဤ လှေအိမ်ပေါ်၌ အသံလွှင့်စက်ရှိပါကလည်း ဝူလ်သည် ဆွန်ဂျာနှင့် အယ်လိန်းကို ရှေ့မှာထားပြီး အသံလွှင့်ပါမလား၊ ဝူလ်ခေါင်းထဲမှာ ဘာအတွေးများရှိပါလိမ့်။

ထိုစဉ် ဝူလ်သည် အယ်လိန်း၏တခြားဘက်မှ ဝင်ထိုင်လိုက်သည်။ အယ်လိန်းသည် သူမ၏ဘေးတစ်ဖက်တစ်ချက်မှ ညှပ်ပူးညှပ်ပိတ် အထိုင်ခံလိုက်ရ သဖြင့် အသက်ရှူကျပ်သလိုဖြစ်လာ၏။

ဝူလ်က. . .

"ကျုပ်ဘယ်လောက်ကံကောင်းလိုက်သလဲ ကြည့်စမ်း၊ ကိုင်ရိုမှာ အလှဆုံး မိန်းကလေးနှစ်ယောက်နှင့်အတူထိုင်လို့. . ."

အယ်လိန်းသည် ရှေ့တည့်တည့်ပဲ ကြည့်နေလိုက်သည်။ သူမဘာပြော ရမည်မသိ၊ ဝူလ်ကဆက်၍. . . .

"အယ်လိန်းက မလှဘူးလား ဆွန်ဂျာ. . ."

"အို. . . လှပါ့ရှင်. . . ."

ဆွန်ဂျာသည် အယ်လိန်း၏ မေးစေ့ကို ကိုင်၍ သူ့ဘက်သို့ မျက်နှာလှည့် စေသည်။ ပြီးမှ. . .

"အယ်လိန်း ကိုယ့်ကို လှတယ်လို့ကော ထင်ရဲ့လားဟင်. . ."

"ဘယ်နှယ် ပြောလိုက်ပါလိမ့် လှပါတယ်"

အယ်လိန်း မျက်မှောင်ကုပ်လိုက်သည်။ အခြေအနေက တစ်မျိုးကြီးပါ ကလား

"ဒါဆို ကိုယ်သိပ်ဝမ်းသာတာပဲကွယ်"

ဆွန်ဂျာက ထိုသို့ပြောဆိုပြီးနောက်၊ အယ်လိန်း၏ပေါင်ပေါ်သို့ လက်တစ်ဘက် တင်လိုက်သည်။

ရုတ်တရက် အယ်လိန်းနားလည်သွားလေ၏။

အားလုံး သူ့နေရာနှင့်သူ နေသားတစ်ကျဖြစ်သွားလေ၏။ စောစောက ရှုပ်ထွေးခဲ့သမျှ ယခုမှ ရှင်းတော့သည်။ ဝူလ်က သူမအပေါ် ဘာကြောင့် စိတ်ရှည်လက်ရှည်ရှိခဲ့သည်ကို လည်းကောင်း၊ ဟန်ဆောင်ပန်ဆောင်ပိုးပန်းမှုများသည် လည်းကောင်း၊ မမျှော်လင့်ပဲ ဆွန်ဂျာပေါ် ပေါက်လာပုံကိုလည်းကောင်း ရုတ်တရက်ပင် အယ်လိန်းသည် သူမအခြေအနေ မလုံခြုံတော့ကြောင်းကို ရိပ်မိသွား၏။ ဝူလ်ကို ကြောက်ရွံ့စိတ်မှာ ယခင်ကထက် ပိုပြင်းထန်လာ၏။ သည်စုံတွဲသည် သူမကို အသုံးချရန် ခေါ်လာခြင်းဖြစ်သည်။ ဤအခြေအနေကို ရောက်မှ အယ်လိန်းပြေးပေါက်မရှိတော့၊ သူတို့ပြုသမျှနုရမည့်အခြေအနေရှိနေပြီ. . .

တော်စမ်း. . .

ငါသူတို့ကို မကြောက်ဘူး၊ ဒီအရူး နှစ်ယောက်ကို ကြောက်နေဖို့ထက် အရေးကြီးတာကို မမေ့ဖို့လိုတယ်၊ ငါ့ ကိုယ်ခန္ဓာကို သူတို့ ဘာလုပ်ကြ လုပ်ကြ မေ့ပစ်လိုက်။ အသံလွှင့်စက်အကြောင်းကို စဉ်းစား၊ ဝူလ်အာသံမလွှင့်ဖြစ်အောင်လုပ်ဟု အယ်လိန်းတွေးလိုက်၏။

လက်မှာပတ်ထားသော နာရီကို မသိမသာကြည့်လိုက်၏။ ၁၂ နာရီထိုးရန် ၁၅ မိနစ်၊ သည်အချိန်မှာတော့ ဝီလီယံကိုစောင့်ဆိုင်းရန် နောက်ကျနေပြီ၊ အယ်လိန်းအနေဖြင့်သာ ဝူလ်ကို တားဆီးနိုင်ပေတော့မည်ဖြစ်သည်။

အယ်လိန်းရင်ထဲမှာ ဘယ်လိုတားဆီးရမည်ကို သိသလိုလို ဖြစ်နေ၏။

ဆွန်ဂျာနှင့်ဝူလ်တို့သည် အချက်ပြသလို တစ်ယောက်နှင့်တစ်ယောက် ကြည့်လိုက်ကြသည်။ နောက်အယ်လိန်းပေါင်ပေါ်သို့ လက်တစ်ဖက်စီ တင်လိုက်၏။ နောက်ခန္ဓာကိုယ်များ ကိုင်းညွတ်၍ သူမ၏ မျက်နှာရှေ့တည့်တည့်တွင် သူတို့ အချင်းချင်းနမ်းကြသည်။ အယ်လိန်းသည် သူတို့နှစ်ဦး နမ်းနေကြပုံကြည့်နေမိ၏။ ဘာလုပ်ရမှန်းမသိ။

သူတို့နမ်းရာမှ ခွာလိုက်သည်၊ ဝူလ်က အယ်လိန်းကိုနမ်းသည်၊ အယ်လိန်းက ရုန်းကန်ခြင်းမပြု အလိုက်သင့် နေလိုက်သည်။ ဝူလ်ခွာသွားသည်နှင့် ဆွန်ဂျာက အယ်လိန်း၏မေးစေ့ကို ကိုင်ပြီး သူမဘက်သို့လှည့်စေသည်။ နောက်အယ်လိန်း၏ နှုတ်ခမ်းကို နမ်းသည်။

အနှမ်းခံရခြင်းအတွက် ဘာမှပဲ့ပါမသွားသော်လည်း မိန်းမချင်းအနှမ်းခံရသောကြောင့် အယ်လိန်းအူကြောင်ကြောင်ဖြစ်သွားသည်။

အယ်လိန်းတွေးသည်။ ဤအခြေအနေကို အမြန်ဆုံးသုံးသပ်၍ သူက ထိန်းသိမ်းနိုင်မှ ဖြစ်မည်။

နောက်လှုပ်ရှားမှုများအရ အယ်လိန်း နားလည်သွား၏။

သူမကိုခေါ်လာခြင်းမှာ ဆွန်ဂျာအတွက်၊ ဆွန်ဂျာသည် ရိုးရိုးသားသား လိင်စိတ်ရှိသူတစ်ဦးမဟုတ်ပဲ ဖောက်လွဲဖောက်ပြန် သဘောထားရှိသူဖြစ်ကြောင်း အယ်လိန်း သိသွားပြီဖြစ်၏။

အယ်လိန်းသည် စိုးရိမ်၍လာလေသည်။ ဘယ်အချိန်များ သူတို့နှစ်ဦးကို ထားခဲ့၍ အသံလွှင့်စက်ရှိရာသို့ သွားမည်နည်း။ အယ်လိန်းစိတ်ထဲတွင် ဆွန်ဂျာ အလိုကိုလိုက်လျောရင်း ဝူလ်ကိုလည်း ဘယ်မှ မသွားနိုင်စေရန် ဆွဲဆောင်ထားနိုင်မည့် နည်းလမ်းကို စဉ်းစားနေလေ၏။

ခဏအတွင်း လှုပ်ရှားမှုအခြေအနေကို အယ်လိန်း အကဲခတ်မိသွားသည်။ ဆွန်ဂျာသည် အမိက ဝူလ်သည် သူတို့နှစ်ဦးကို ထားခဲ့မည့်ပုံပေါ်နေ၏။ ထိုသို့ ထွက်သွားခဲ့ခြင်းကို အယ်လိန်းတားဆီးမှ ဖြစ်မည်။ ထိုအချိန်၌ သုံးဦးစလုံးသွေးဆူလျက်ရှိပြီ။

ဝူလ် အပြင်မထွက်နိုင်တော့။

အယ်လိန်း နာရီကို မသိမသာ ကြည့်လိုက်သည်။

ညသန်းခေါင်တိုင်ဖြစ်၏။

❖ ❖ ❖

(၂၃)

အယ်လိန်း အိပ်ရာပေါ်မှာ ပက်လက်လှန်ရင်း မျက်နှာကြက်ကို မော့ကြည့်နေမိ၏။ သူမ၏ ညာဘက်တွင် ဆွန်ဂျာနှစ်ချိုက်စွာအိပ်ပျော်နေသည်။ ဘယ်ဘက်တွင်မူ ဝူလ်။

အယ်လိန်းစဉ်းစား၏။ ဘာပဲဖြစ်ဖြစ် တာဝန်တစ်ခုတော့ သူမကျေခဲ့ပြီ။ အသက်အန္တရာယ် ထိပါးစရာမရှိခဲ့။ နံဘေးမှ တိရိစ္ဆာန်ကဲ့သို့သော သတ္တဝါနှစ်ဦးကဲ့သို့ ပျော်မွေ့မှုမရှိခဲ့သည့်ပြင် ပင်ပန်းနွမ်းနယ်၍ ရှာခြင်းဖြစ်ခဲ့ရ၏။ ယခုမူ သူတို့နှစ်ယောက်စလုံး အိမ်မောကျနေကြပြီးဖြစ်၏။

ဗင်ဒန်တစ်ယောက် ဘာများဖြစ်နေပါလိမ့်ဟု တွေးမိသည်။

တစ်ခုခု၊ တစ်နေရာမှာ မှားယွင်းခဲ့၍သာ ဖြစ်မည်။ ကိုင်ရိုမြို့တွင်းမှာ သွားလာခဲ့စဉ်က သူတို့၏ကားကို ဗင်ဒန်မျက်ခြေပြတ်သွားခဲ့၍လော၊ သို့မဟုတ် တစ်စုံတစ်ရာ ဖြစ်ခဲ့၍လော မပြောတတ်။ ဗင်ဒန်သူမကို ကြည့်ရှုစောင့်ရှောက်နိုင်ခြင်းမရှိသည်ကမူ သေချာပြီ၊ လုပ်စရာရှိတာကို သူမဘာသာ လုပ်ရတော့မည်ဖြစ်၏။

အယ်လိန်းအနေနှင့် ဝူလ်ကို သန်းခေါင်ကျော်လက အသံမလွှင့်ဖြစ်အောင် လုပ်ဆောင်ခဲ့ပြီးပြီ၊ နောက်ထပ်တစ်ညညတွင် ထိုသတင်းကို ရှိုမဲလ်ထံမပို့ဖြစ်အောင် လုပ်နိုင်ဖို့ကလိုဦးမည်ဖြစ်သည်။ အယ်လိန်းအနေနှင့် ဤနေရာမှ လစ်၍ စစ်ဌာနချုပ်ကို သွား၊ ဂျိတ်ကိုတွေ့၊ ဂျိတ်မှတဆင့် ဗင်ဒန်ကိုရှာ၍ ဝူလ်တို့တတွေကို

ဖမ်းဆီးနိုင်အောင်ကြိုးစားရုံသာရှိတော့သည်။

ဤကိစ္စသည် လွယ်ပါမည်လား။ အချိန်အတော်ကြာမည်ဖြစ်ရာ ဝူလ်သည် မဲကြာခင်နိုးလာနိုင်သည်။ နိုးလာ၍ အယ်လိန်းကို မတွေ့ပါက အလွယ်တကူ ကိုယ်ယောင်ဖျောက်ပြေးနိုင်လေသည်။

ဝူလ်၏ အသံလွှင့်စက်သည် ဤလှေအိမ်မှာ ရှိနေသလား။ သို့မဟုတ် ဘခြားတစ်နေရာမှာ ရှိနေသလားမသိ။

ထိုစဉ် ဗင်ဒန်ညနေက ပြောခဲ့သော စကားတစ်ခုကို ပြန်၍မှတ်မိသလို ဖြစ်နေခဲ့၏။ "တကယ်လို့ ကျုပ်သာ ရေပက်ခါဝတ္ထုရဲ့ လျှို့ဝှက်ပို့စာအဖြေရခဲ့ရင် ဒီပြဿနာတစ်ခုလုံး ပြောင်းပြန်လှန်ပစ်နိုင်မယ်" ဆိုသောစကား။

အယ်လိန်းတွေးသည်။ သူမ ရှာလျှင်တွေ့နိုင်မည်ထင်၏။

ဗင်ဒန်၏စကားအရ လျှို့ဝှက်ကုတ်အဖြေမှာအသေးစိတ်ရှင်းလင်းချက်ပါသော စာရွက်ကလေးတရွက်သာဖြစ်မည် ဆို၏။

အယ်လိန်းအခြေအနေအမှန်ကို သုံးသပ်မိသွားသည်။ ယခုသူမအနေနှင့် ရေဒီယိုကိုလည်းကောင်း၊ လျှို့ဝှက်ကုတ်အဖြေသော့ချက်ကိုလည်းကောင်း ရှာဖို့အခွင့် အလမ်းရှိနေသည်။

အယ်လိန်း လှေအိမ်ကို ရှာရမည်။

သို့သော် အယ်လိန်း မလှုပ်ရဲ၊ ရုတ်တရက်ကြောက်စိတ်က ဝင်လာပြန်သည်။ အကယ်၍ သူမရှာဖွေနေစဉ် ဝူလ်နိုးလာပြီး တွေ့သွားခဲ့ပါက မလွယ်တော့။

မလုပ်တော့ဟု အယ်လိန်းစဉ်းစားလိုက်သည်။ သူမအနေနှင့် မနက်မိုးလင်းမှ ဘာမှ မဖြစ်သလို အိမ်ပြန်သွားပြီး အင်္ဂလိပ်အာဏာပိုင်များကို အကြောင်းကြားမည်။ သူတို့ဘာသာ ဝူလ်တို့လှေအိမ်ကို လာဝိုင်းပြီး ဖမ်းကြပါစေတော့။

အကယ်၍ ဝူလ် ထိုအချိန်တွင်မရှိလျှင်တော့ ဘာဖြစ်မည်နည်း။ အသံလွှင့်စက်သည်လည်း ဤမှာမထားဟု ဆိုပါက သက်စွန့်ဆံဖျား ကြိုးစားထားသမျှ အလကားဖြစ်ကုန်မည်မှာ သေချာသည်။

နံဘေးမှာ အိပ်ပျော်နေသော ဝူလ်၏အသက်ရှူသံမှာ လေးလေးနှင့် မှန်မှန်ရှိနေ၍ အိပ်မောကျနေပြီဖြစ်ကြောင်းသေချာသည်။ အယ်လိန်းသည် သူမ၏ ပေါင်တစ်ဖက်ပေါ် သို့ တင်ထားသော ဆွန်ဂျာလက်ကို အသာကလေး ဖယ်၍ နံဘေးသို့ ချသည်။ ဆွန်ဂျာသည် လှုပ်ပင်မလှုပ်။

တဖြည်းဖြည်း အယ်လိန်း အိပ်ရာထဲမှ ထသည်။

အယ်လိန်းထလိုက်၍ အိပ်ရာသည် အလေးချိန်မညီတော့ပဲ လှုပ်သွားရာ

အိပ်နေသူနှစ်ဦး လှုပ်သွား၏။ အယ်လိန်း အသက်မရှူရဲ၊ ဆွန်ဂျာပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်၍ တစ်ဖက်သို့ လှည့်ကာ ပြန်ဟောက်အိပ်သွားသည်။ မျက်လုံးမဖွင့်။

အယ်လိန်းသည် အသက်ကို ပြင်းပြင်းပင်မရှူရဲပဲ ခုတင်ပေါ်မှ အောက်ခြေသို့ ရောက်အောင် ဆင်းရသည်၊ ထိုခရီးမှာ မိုင်ပေါင်းများစွာ ဖြတ်သန်းရသလို ခံစားနေရ၏။ နောက်ဆုံး ခုတင်နံဘေးမှာ အယ်လိန်း ငူငူကြီးရပ်မိသွား၏။ လေ့အိမ်သည် ရေလှိုင်း၏ လှုပ်ရှားမှုနှင့်အတူ လှုပ်နေ၏။ အိပ်ပျော်နေသူနှစ်ဦးကား အိပ်မောကျဆဲ။

ဘယ်နေရာမှ စတင်ရှာဖွေရပါမည်နည်း။ အယ်လိန်းအနေနှင့် စနစ်တကျဖြစ်မှ တန်ကာကျမည်ဟု ဆုံးဖြတ်ကာ ရှေ့မှ နောက်သို့ ရှာမည်ဟု ဆုံးဖြတ်လိုက်၏။ ရှေ့ပိုင်းတွင်ကား ရေချိုးခန်းရှိသည်။ ဘာဘဲပြောပြော ရေချိုးခန်းကိုတော့ သူမဝင်ရဦးမည် ဖြစ်သည်။ အယ်လိန်းရေချိုးခန်းသို့ ခြေဖျားထောက်၍သွားလိုက်သည်။

ရေချိုးခန်းရေအိမ်မှာ ဝင်ထိုင်ရင်း နံဘေးနဘီကို ကြည့်သည်။ အသံလွှင့်စက်ကို ဘယ်မှာ ဝှက်ထားမည်နည်း။ သူမအနေနှင့်အသံလွှင့်စက်သည် ဘယ်အရွယ်အစားရှိမည်မသိ၊ သို့နှင့် ရေချိုးခန်းထဲရှိ ဗီရိုတွေအားလုံးဖွင့်ကြည့်သည်။ ရေချိုးခန်းသုံးပစ္စည်းများမှအပ ဘာမှမရှိ။

အသံလွှင့်စက်သည် ရေချိုးခန်းထဲမှာမရှိ သေချာသည်။

သူမအနေနှင့် ဝူလ်တို့နှစ်ယောက် အိပ်နေသော အိပ်ခန်းထဲမှာ ရှာဖွေရန် အထိလဲ မရဲသေး၊ အိပ်ခန်းကို အသာကလေးဖြတ်ပြီး ညေ့ခန်းဘက်ကူးခဲ့သည်။ အယ်လိန်းသည် ညေ့ခန်းတစ်ခုလုံးကို အကဲခတ်သည်။ အလောတကြီးလုပ်စရာမလိုကြောင်း၊ မိမိဘာသာအားပေးပြီး သတ္တိမွေးရသည်၊ သို့နှင့် နံဘေးမှာ ပစ္စည်းထားရာများကို အရင်ကြည့်သည်။ သည်ဘက်မှာ နှစ်ယောက်ထိုင်ခုံရှည်ရှိသည်။ ခေါက်ကြည့်ရာ ခေါင်းပေါက်ဖြစ်ကြောင်းတွေ့ရ၏။ မ ကြည့်သည်မရေ အသေအချာကြည့်မှ ကြမ်းပြင်နှင့် ဝက်အူရစ်ထားကြောင်း တွေ့ရသည်။ ဝက်အူများမှာ နိုင်ခုံပေရာ ဤဆိုဖာရှည်အောက်မှာ ဘာမှမရှိနိုင်၊ နံဘေးမှ ဗီရိုမြင့်တစ်လုံး တွေ့ရသည်။ အသာဆွဲဖွင့်ကြည့်ရာ 'ကျီ' ကနဲမြည်သွားပြီး အယ်လိန်းတစ်ကိုယ်လုံး တောင့်ကာ ငြိမ်သွား၏။ အိပ်ခန်းထဲမှ အသံလိုလိုကြားသည်။ ဝူလ်တစ်ယောက် အိပ်ခန်းထဲမှ ထွက်လာပြီး သူမကို လက်ပူးလက်ကြပ် ဖမ်းပြီဟု တွေးနေမိ၏။ ဘာမှ ဖြစ်မလာခဲ့။

ဗီရိုထဲကြည့်သည်၊ တိုလီမုတ်စ များသာတွေ့၏။ အသံလွှင့်စက်နှင့်

ခပ်ဆင်ဆင်တူသည်ကိုမျှ မတွေ့၊ ဗီရိုတံခါးပြန်ပိတ်သည် 'ကျီ' ကနဲမြည်သွားပြန်၏။

အယ်လိန်းမီးဖိုချောင်ဘက်ခြေဆန့်ရပြန်သည်။ မီးဖိုချောင်ဘက်တွင် ဗီရိုအပုကလေး ခြောက်လုံးတွေ့သည်၊ ဖွင့်ကြည့်ရာ မီးဖိုချောင်သုံးပစ္စည်းတွေပဲ တွေ့သည်။ စားစရာပစ္စည်းများတွေ့သည်၊ ဘာမှမထူး၊ ရေခဲသေတ္တာကို ဖွင့်ကြည့်သည်၊ ရှန်ပိန်တစ်လုံးနှင့် အသီးအနှံများတွေ့သည်။ နောက်ဆွဲအံကလေးများတွေ့သည်။ ရေခဲသေတ္တာထဲမှ အံဆွဲကလေးများထဲတွင်တော့ အသံလွှင့်စက်မထားတန်ရာ အယ်လိန်းပြန်ပိတ်သည်။

မီးဖိုချောင်နှင့်ကပ်လျက်အခန်းကျဉ်းတွင် တင်လို့မရသော ဗီရိုတစ်လုံးရှိသည်။ အောက်ခြေတွင် ကပ်၍ လက်ဆွဲအိပ်တစ်လုံးတွေ့သည်။ အယ်လိန်း လက်ဆွဲအိတ်ကို ဆွဲယူကြည့်ရာ လေးလံလှ၏။ ဖွင့်ကြည့်ရာ ရေဒီယိုကဲ့သို့ ပစ္စည်းတစ်ခုကို တွေ့ရသည်။

အယ်လိန်းသည် နှလုံးခုန်ခြင်း ရပ်သွား၏။

လက်ဆွဲအိတ်မှာ ရိုးရိုးခလုတ် ၂၉၊ သားရေလက်ကိုင်နှင့်အိတ်မျိုးဖြစ်သည်၊ ရေဒီယိုမှာ ဤကဲ့သို့ အံကျဖြစ်အောင် လုပ်ထားပုံရသည်။ သို့မဟုတ် လက်ဆွဲအိတ်သည် ဤရေဒီယိုထည့်ရန် တမင်လုပ်ထားပုံရသည်။ ရေဒီယိုပေါ်တွင် စာအုပ်တစ်အုပ်တင်ထား၏။ အဖုံးမရှိတော့၊ အယ်လိန်း စာအုပ်ကိုယူ၍ ပထမစာမျက်နှာမှ စာကြောင်းကို ဖတ်လိုက်သည်။

မနေ့ညက မန်ဒါလေအိမ်ကြီးကို ပြန်ရောက်သွားတယ်လို့ မြင်မက်တယ်. . . ဟု စထား၏။

'ရေဗက်ခါ' ဝတ္ထုပါကလား။

စာအုပ်ကို လှန်လှော၍ကြည့်သည်။ စာရွက်များအကြားတွင် ညှပ်ထားသော စာရွက်တစ်ရွက် ကိုတွေ့ရသည်။ စာရွက်ကို ဖွင့်ဖတ်ကြည့်ရာ နံပါတ် ဂဏန်းများ၊ ရက်စွဲများပါပြီး တစ်ချို့စာလုံးများကို ဂျာမန်လိုရေးထား၏။

ဤစာရွက်ကား လျှို့ဝှက်စာ၏ သော့ချက်ပါကလား။

သူမ၏ လက်ထဲတွင် စစ်ပွဲကြီးတစ်ပွဲလုံးကို ပြောင်းပြန်လှန်ပစ်နိုင်သည်ဟု ပင်ဒန် ဆိုထားသည့် စာရွက်ရောက်နေပြီကော-

ရုတ်တရက်ပင် တာဝန်ကြီးလေးသလို ခံစားရသည်။

ဤ 'ရေဗက်ခါ' သော့ချက်မရှိပါက ဝူလ်သည် ရိုလ်မဲထံသတင်းပို့နိုင်မည် မဟုတ်တော့၊ ရိုးရိုးဖွဲ့ဖို့ စကားလုံးများနှင့်ပို့ပါက ဂျာမန်များအနေနှင့် ဝူအစစ်က ပေးပို့ပါသည်ဟု ယုံကြည်မည်မဟုတ်။ ထို့ပြင် မဟာမိတ်တို့၏ ယောက်လုမ်းရေး

အဖွဲ့မှ ကြားဖြတ်နားထောင်ရင်း နားလည်သွားနိုင်၏။ ဤရေဝက်ခါသော့ချက် မရှိပါက ဝူလ်သည် ဘာတန်ဘိုးမှ မရှိတော့။ "ရေဝက်ခါသော့ချက်" ရသွားသည့် ဗင်ဒန်အတွက် စစ်နိုင်ရေးကိုပင် ဖန်တီးနိုင်မည်ဟုဆိုသည်။

အယ်လိန်း ဤ'ရေဝက်ခါသော့ချက်' ကိုယူ၍ ဤနေရာမှ အမြန်ဆုံးပြေးမှ ဖြစ်တော့မည်။

ထိုစဉ်အိပ်ခန်းထဲမှ အသံကြားရသည်။

သည်တစ်ခါ အသံကမူသဲကွဲသည်။ လေးပင်သောလူတစ်ယောက်၏ လှုပ်ရှားသံ။ သေချာသည်။ ဝူလ်ပင်ဖြစ်ရမည်။ အယ်လိန်းသည် သစ်ငုတ်တငုတ် လိုငြိမ်ငြိမ်ကြီး ကြက်သေသေနေမိ၏။ အိပ်ခန်းဘက်မှ ဝူလ်ရေချိုးခန်းဘက်သို့ သွားသံကို ကြားရသည်။ အချိန်မရှိတော့၊ အယ်လိန်းသည် သူမ၏ လက်ပွေ့အိတ်ကို ကောက်ယူလိုက်၏။ 'ရေဝက်ခါ သော့ချက်'စာအုပ်ကို ကောက်ကိုင်သည်။

ရေချိုးခန်းထဲမှ ဝူလ်ထွက်လာသံကို ကြားရသည်။

အယ်လိန်း ကပြာကယာလှေကားမှ ပြေးလွှားတက်ခဲ့၏။ သူမ၏ ဒေါက်မြင့် ဖိနပ်ခြေသံမှာ ကျယ်လွန်းလှသည်။ နောက်ပြန်တစ်ချက်ကြည့်မိရာ ခန်းဆီး အကြားမှ ရပ်နေသော ဝူလ်ကို မြင်ရသည်။ ဝူလ်သည် သူမကို အံ့အားသင့်စွာ ကြည့်နေ၏။ နောက်ကြမ်းပြင်တွင် ပွင့်လျက်သား ဖြစ်နေသော လက်ဆွဲအိတ်နှင့် ရေဒီယိုကို မြင်သွား၏။

အယ်လိန်းလှေကားထိပ် တံခါးရောက်သွားသည်။ တံခါးမှာ အတွင်းမှ ပိတ်၍ဖွင့်၍ရသော ကလန့်နှစ်ခုရှိသည်။ နှစ်ခုစလုံးကို အမြန်ဆုံးဖွင့်၍ထွက်လိုက်၏။ ထိုအချိန်၌ အခြေအနေအားလုံး ရိပ်စားမိပြီဖြစ်သော ဝူလ်က လှေခါးရှိရာသို့ ပြေးခုန်ထွက်လာ၏။ အယ်လိန်းအပြင်သို့ထွက်လာ၏။ ဝူလ်၏ညာလက်သည် တံခါး ဘောင်သို့ ကိုင်မိသည်။ အယ်လိန်းသည် အပေါ်မှ ဆောင့်၍တံခါးကို ပိတ်ချ လိုက်၏။ နာကျင်သောအော်သံကြားရသည်။ အယ်လိန်းလှေကုန်းပတ်ပေါ်ဖြတ်၍ ကုန်းဘောင်ရှိရာသို့ ပြေးခဲ့သည်။

ကုန်းဘောင်သည် လှေမှ ကမ်းနားမြေကြီးသို့ လှမ်း၍ဆက်သွယ်ထားသော ပျဉ်ပြားဖြစ်သည်။

အယ်လိန်းသည် ကုန်းဘောင်ကိုကျော်ဖြတ်၍ မြေပြင်ကမ်းနားသို့ ရောက်သည်နှင့် ကုန်းဘောင်ကိုဆွဲယူ၍ရေထဲချလိုက်၏။

ဝူလ်လှေဝမ်းထဲမှ ခေါင်းပြူထွက်လာ၏။ သူ့မျက်နှာမှာ နာကျင်မှုရော စိတ်ဆိုးမှုပါ ရောထွေးနေ၏။

သိ ဟ ရ တ နှ ၁ စ ၁ မ ပ

အယ်လိန်းသည် ဝူလ်မျက်နှာကို လှေကုန်းပတ်ထက်တွင် လှမ်းမြင်ရသည်နှင့် ကြောက်ကြီးကြောက်သွား၏။

ဝူလ်ကမူ လှေကုန်းပတ်ပေါ်သို့ အရှိန်ယူပြီး ကမ်းသို့လှမ်းခုန်ကူးသည်။

ဝူလ်မရောက်တန်ရာ. . .။

သို့သော် ဝူလ်သည် ကမ်းနဖူးမြေမာအစပ်ကို ရောက်သည်ဆိုရုံကလေး နင်းမိသည်။ ခုန်လိုက်သောအရှိန်ကြောင့် ယိမ်းယိုင်ကာ လက်နှစ်ဘက်ကို ကားရားဖြန့်၍ ဟန်ချက်ဖမ်းနေ၏။ အယ်လိန်းသည် ရုတ်တရက်သတ္တိမွေး၍ ဟန်ချက်မရသေးသော ဝူလ်၏ကိုယ်လုံးကို ပြေး၍တွန်းလိုက်၏။ ဝူလ်သည် ဟန်ချက်မနိုင်တော့ပဲ ခရထဲသို့ နောက်ပြန်ကျသွားလေ၏။

အယ်လိန်းပြန်လှည့်သည်။ လမ်းကလေးအတိုင်း စွပ်ပြေးလေ၏။

လမ်းတိုကလေးအဆုံး လမ်းမကြီးရှိသည်။ အယ်လိန်းပြန်လှည့်ကြည့်လိုက်ရာ ရေစပ်မှ ဝူလ် ကမ်းပေါ်တက်ရန် ကြိုးစားနေသည်ကို မြင်ရသည်။ အလင်းရောင် ပိုးတဝါးရှိနေပြီဖြစ်သည်။ ပိန်းပိတ်သော ညမဟုတ်တော့၊ သည်ပုံသည်ပန်းနှင့် ဝူလ်တစ်ယောက် သူမနောက်သို့ မလိုက်တန်ရာ၊ လမ်းမကြီးဘက်သို့ လှည့်ပြီး အားကုန်သွန်၍ ပြေးသည်။

ထိုစဉ်လူတစ်ယောက်နှင့် ဝင်တိုးမိလေ၏။

သန်မာသော လက်အစုံသည် သူမကိုယ်လုံးကို ဖမ်းဖက်သည်။ အယ်လိန်းတစ်ကိုယ်လုံး တွန့်လိန်ကာရုန်းသည်။ လွတ်သွားရာ ပြေးမည်ပြုသည်။ သို့သော် သန်မာသော လက်အစုံထဲ ပြန်ဖမ်းမိသွားပြီး ဒီတစ်ကြိမ်၌ ပို၍တင်းကျပ်စွာ ချုပ်ထားခြင်းကို ခံရလေ၏။

သည်လောက် ဒုက္ခခံခဲ့ရပြီးနောက်မှ. . . .

သည်လောက် ဒုက္ခခံခဲ့ရပြီးနောက်မှ. . . .

အယ်လိန်း ကိုယ်လုံးကလေးကို နောက်ပြန်လှည့်ခြင်းခံရပြီး လှေအိမ်ဘက်သို့ ပြန်ခေါ်လာခြင်းခံရသည်။

ဝူလ်တစ်ယောက် သူတို့ဆီကို လျှောက်လာသည်ကို မြင်၍ အယ်လိန်းကြောက်ရွံ့တကြီးရုန်းကန်သည်။ နောက်မှ ချုပ်ထားသူက အယ်လိန်းလည်ပင်းကို လက်နှစ်ဘက်ဖြင့် ကိုင်ညှစ်သည်။ အယ်လိန်းက အသံကုန်အော်ဟစ်မည်ပြုခိုက် လည်တိုင်ကို နာနာညှစ်လိုက်ရာ လည်ချောင်းထဲမှအသံသည် အပြင်သို့ထွက်မလာတော့။

ဝူလ်သည် အနားရောက်လာပြီးမေးသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်က ကာမဲလ်ပါ၊ ခင်ဗျားက ဝူလ်မဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျား ဒီမှာ အသင့်ရောက်နေတာ ဘုရားမ တာပဲဗျို့"

"ဘုရားမ မနေနဲ့၊ ခင်ဗျား ဒုက္ခရောက်နေပြီ"

"ကဲ. . . လာလာ၊ လှေပေါ် လာကြည့်စမ်း။ ခုမှသတိရတယ်၊ သောက်ကောင့်မက ကုန်းဘောင်ကို ရေထဲပစ်ချထားတာကိုး၊ ခုမှတော့ ထူးပြီးရေမစိုနိုင်တော့ပါဘူးလေ"

ဝူလ်သည် ပြောပြောဆိုဆို ရေထဲပြန်ဆင်း၍ ကုန်းဘောင်ဆယ်ပြီး လှေဒိမ်နှင့် ကမ်းခြေသို့ ကုန်းဘောင်ထိုးသည်။ နောက်မှ. . .

"ကဲ လာကြ"

ကာမဲလ်သည် အယ်လိန်းအား နောက်မှ ချုပ်ကိုင်လျက်အတိုင်း ကုန်းဘောင်မှလှေပေါ်၊ လှေပေါ်မှ လှေဝမ်းထဲအထိ ဆင်းလာ၏။

ဝူလ်က နှစ်ယောက်ထိုင်ဆိုဖာကိုညွှန်၍. . .

"ဒီကောင်မကို ဒီပေါ် ပစ်လိုက်"

ကာမဲလ်သည် အယ်လိန်းကို လှေပေါ်ပစ်ချပြီး ထိုင်စေ၏။

ဝူလ် ခန်းဆီးနောက်ကွယ်သို့ဝင်ပြီး မွေးပွတဘက် တစ်ခုကိုယူကာ တစ်ကိုယ်လုံးသုတ်နေ၏။

အယ်လိန်းသည် ယခုမှ သူမကို ဖမ်းလာသောကာမဲလ်ကို ပြန်၍မြင်ရသည်။ ကာမဲလ်မှာ သူမထင်ထားသလို အကောင်ထွားထွားမဟုတ်ပဲ၊ သေးသေး ညှက်ညှက် အာရပ်လူချောတစ်ယောက်ဖြစ်ကြောင်းတွေ့ရသည်။ သို့သော် အတွေ့အကြုံအရ သန်မာပုံရသည်။

ဝူလ်က မျက်နှာသုတ်ပဝါကို ခါးမှာပတ်လိုက်ပြီး ထိုင်သည်။ နောက် ဒဏ်ရာရသွားသောလက်ကို သေချာကြည့်သည်။

"ဒီကောင်မကြောင့် လက်ကျိုးတော့မလို့"

ဝူလ်မျက်နှာမှာ ဒေါသတဝက် ပြုံးချင်ချင်တဝက်ဖြစ်နေပုံရသည်။ ကာမဲလ်ကဝင်၍

"ဆွန်ဂျာဘယ်မှာလဲ"

ဝူလ်က အိပ်ခန်းဘက်လှမ်းညွှန်ပြရင်း. . .

"သူ(ဆွန်ဂျာ) က ငလျှင်လှုပ်တောင်နိုးမှာ မဟုတ်ဘူးဗျ"

ကာမဲလ်အနေနှင့် ဤကဲ့သို့ ပေါ့တီးပေါ့ဆ ပြောနေသော ဝူလ်၏လေသံကို

သဘောကျပုံမရ၊ သူက. . ."

"ခင်ဗျား ဒုက္ခလှလှကြီးရောက်နေပြီ သိလား"

ဝူလ်ကမူ အေးဆေးစွာဖြင့်. . .

"သိပါတယ်၊ ဒီကောင်မက ဗင်ဒန်အတွက် အလုပ်လုပ်ပေးနေတဲ့ ကောင်မ ဖြစ်ရမယ်"

"ဟုတ်လား၊ ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်ဆီကို ညကြီးသန်းခေါင်မှာ လှေအိမ်စောင့်ကြည့်ခိုင်းတဲ့လူက ဖုန်းဆက်ပြီး ဗင်ဒန်က အပြင်ကစောင့်နေမယ်၊ သွားအကူအညီခေါ်ချေလို့ လွှတ်လိုက်လို့. . ."

ဝူလ် သည်တော့မှ တုန်လှုပ်သွား၏။

"ဟုတ်လား။ ကံကောင်းလို့ပါလား၊ ဒါဖြင့် အခုဗင်ဒန်ကော ဘယ်မှာလဲ"

"အပြင်ဘက်ချုံဖုတ်ထဲမှာ သတိမေ့နေလေရဲ့၊ ကျုပ်သူ့ခေါင်းကို ရိုက်ပြီး ကြိုးနဲ့တုတ်ထားခဲ့တယ်"

အယ်လိန်းသည် စိတ်ဓာတ်အကြီးအကျယ်ကျသွား၏။ ဗင်ဒန်တစ်ယောက် အပြင်ဘက်ချုံဖုတ်ထဲမှာ သတိမေ့ပြီး ကြိုးတုတ်ခံနေရ၏။ သူမဒီရောက်နေသည်ကို တခြား ဘယ်သူမှမသိတော့၊ ဒီလောက်ကြိုးစားခဲ့ရပြီးမှ ဘာမှအကြောင်း မထူးပါကလား။

ဝူလ်က ခေါင်းညိတ်ပြသည်။

"ဗင်ဒန်ဟာ ဒီကောင်မနောက်ကို နောက်ယောင်ခံ လိုက်လာတာ ဖြစ်ရမယ်။ အခုဆိုရင် ဒီလှေအိမ်ကိုသိတာ သူတို့နှစ်ယောက်ပဲ ရှိတယ်။ သူတို့ နှစ်ယောက်ကို သတ်ပစ်ရတော့မှာပဲ"

အယ်လိန်းတစ်ကိုယ်လုံးတုန်သွားသည်။ လူနှစ်ယောက်အသက်ကို သတ်ရမည့်အရေး ပုရွက်ဆိတ်ကို သတ်သလို ဝန်မလေးပဲ ဝူလ်ပြောနေ၏။ ကာမဲလ်က ဝင်၍-

"မဖြစ်သေးဘူးထင်တယ်၊ ဗင်ဒန်ကို အခုနေ ခင်ဗျားသတ်လိုက်ရင် အပြစ်က ကျုပ်အပေါ်ပုံကျနေမှာ၊ ခင်ဗျားက ထွက်ပြေးလို့ရတယ်။ ကျုပ်ကဒီမှာ နေရစ်ခဲ့ရမယ့်လူ"

ကာမဲလ်သည် ဝူလ်ကိုတစ်ချက်ကြည့်ပြီး ဆက်၍. . . .

"အဲ. . . ကျုပ်ကိုပါ သတ်ပစ်လိုက်ရင်လဲ ကျုပ်ဆီကိုလာသတင်းပို့တဲ့ ရဲသားက ရှိသေးတယ်"

ဝူလ်သည် မျက်မှောင်ကုပ်လိုက်၏။

"ဒါဆို ဘယ့်နှယ်လုပ်မလဲ၊ ကျုပ်မှာ ရွေးစရာလမ်းမရှိတော့ဘူး၊ ပြေးရဦးမှာပေါ့"

ကာမဲလ်က ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . . ခင်ဗျားပျောက်သွားရင် ကျုပ်အနေနဲ့ ကြံဖန်ပြီး ဖုံးလို့ ဖိလို့ရသေးတယ်။ အဲ-တစ်ခုတော့ရှိသေးတယ်နော်၊ ကျုပ်တို့ခင်ဗျားကို ကူညီနေတာ ခင်ဗျားဆီက အပြန်အလှန်လိုချင်လို့ဆိုတာ"

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ ရှိမဲလ်နဲ့ စကားပြောချင်တယ်မဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုအတော်ပဲ၊ မနက်ဖြန်ည အဲလေ . . . ကနေ့ညကျုပ်သတင်းပို့ရမှာပဲ၊ ခင်ဗျားတို့ လိုချင်တာပြော ကျုပ်ပို့ပေးမယ်"

ကာမဲလ်က ခေါင်းယမ်းပြ၏။

"အဲဒီလို မဖြစ်ဘူးလေ၊ ကျုပ်တို့ဘာသာ ပြောချင်တာ၊ တွေ့ချင်တာ အသံလွှင့်စက်လိုချင်တာ"

ဝူလ်တွေသွား၏။ သည်တော့မှ အယ်လိန်းသည် ကာမဲလ်ကို အီဂျစ်အမျိုးသားဝါဒီသမားများဖြစ်ပြီး ရှိမဲလ်ကို ကူညီနေကြသူများ၊ သို့မဟုတ်ကူညီရန် ဆက်သွယ်နေကြ သူများအဖြစ် ရိပ်စားမိ၏။

ကာမဲလ်က ဆက်၍. . . .

"လိုအပ်ရင် ခင်ဗျားပို့ချင်တဲ့သတင်းကိုလည်း ကျုပ်တို့ပို့ပေးမယ်လေ"

"မလိုပါဘူး"

ဝူလ်က တစ်စုံတစ်ရာကို ဆုံးဖြတ်၍ရသွားပုံရ၏။ သို့နှင့် . . .

"ကျုပ်မှာ တစ်ခြားတစ်လုံးရှိပါသေးတယ်"

"ဒါဆို ကျုပ်တို့ သဘောတူညီမှုရပြီပေါ့"

"ဟုတ်တယ်၊ အဲဒီမှာ စက်"

ဝူလ်သည် ကြမ်းပြင်ပေါ်မှာ အယ်လိန်းဖွင့်လျက်သား ထားခဲ့သော အသံလွှင့်စက်နှင့် လက်ဆွဲအိတ်ကို ညွှန်ပြ၍ တဆက်တည်း-

အသံလွှင့်စက်ကို သတ်မှတ်ထားတဲ့ လေလှိုင်းအသင့် လုပ်ထားပြီးသား ခင်ဗျားတို့အနေနဲ့ ကြိုက်တဲ့နေ့ သန်းခေါင်ယံတည့်တည့်မှာ အသံလွှင့်ဖို့ပဲ"

ကာမဲလ်သည် စက်ရှိရာသို့သွားပြီး စစ်ဆေးကြည့်သည်။ အယ်လိန်းကမူ ဝူလ်တစ်ယောက် ဘာကြောင့် ရေဗက်ခါဝတ္ထုကိုသော်လည်းကောင်း၊ 'ရေဗက်ခါသော့ချက်' ကိုသော်လည်းကောင်း မပြောပါသနည်းဟု ပထမစဉ်းစားနေမိ၏။

နောက်မှ အဖြေပေါ်သွားသည်။ ဝူလ်အနေနှင့် ကာမဲလ်တို့ လူသိုက် ရှိမဲလ်နှင့် ဆက်သွယ်မိသွားခြင်း၊ မသွားခြင်းအပေါ်၌ အရေးထားပုံမရ၊ သူက အသက်သွေးကြောဖြစ်သော 'ရေဇက်ခါ သော့ချက်'ကိုမှု ပေးလိုပုံမရ။

ဝူလ်က. . .

"ဗင်ဒန်ဘယ်မှာနေသလဲ"

ကာမဲ့လ်က လိပ်စာပြောပြသည်။

အယ်လိန်းက သည်လူဘာများလုပ်ဦးမလို့ပါလိမ့်ဟု တွေး၏။ ဝူလ်က ဆက်၍. . .

"သူ့ အိမ်ထောင်ရှိမှာပေါ့နော်"

"မရှိဘူး"

"လူပျိုလား. . . ဒုက္ခပါပဲ"

"လူပျိုတော့မဟုတ်ဘူး၊ မုဆိုးဖို သူ့မိန်းမက မနှစ်တုန်းက ဂရိကျွန်းတိုက်ပွဲမှာ ဆုံးသွားတယ်"

"သားသမီးရှိသလား"

"ရှိတယ်၊ သားတစ်ယောက်ပဲ၊ နာမည်က ဘီလီတဲ့၊ အဲဒီလို ကျုပ်လဲ တဆင့်သိရတာပဲနော်၊ နေပါဦးဘာလို့မေးနေတာလဲ"

ဝူလ်က ပခုံးတွန့်လိုက်၏။

"ကျုပ်စိတ်ဝင်စားလို့ပါ၊ ကျုပ်ကို ဖမ်းမိသလောက်ဖြစ်သွားတဲ့ လူမို့ပါ"

အယ်လိန်းသည် ထိုစကားကို ဝူလ်ညာပြောကြောင်း ရိပ်မိပါသည်။ ကာမဲလ်ကမူ အသံလွှင့်စက်ကို စစ်ဆေးရာမှ အိုက်ကို ပိတ်လိုက်၏။ သူ့အနေနဲ့ ကျေနပ်သွားပုံရသည်။ ဝူလ်က. ...

"ကဲ. . . ကိုယ့်လူ ဒီကောင်မကို ခဏကြည့်ထားလိုက်ဦး"

"ကောင်းပါပြီဗျာ"

ဝူလ်သည် တစ်ဘက်သို့ဂျာညွှသွား၏။ နောက်မှ ပြန်လှည့်လာသည်။ သခုမှ ဝူလ်အနေနဲ့သတိရခြင်းဖြစ်သည်။ အယ်လိန်းလက်ထဲတွင် ယခုထိကိုင်ထားသော စာအုပ် 'ရေဇက်ခါ'။ ဝူလ် အယ်လိန်းလက်ထဲမှ စာအုပ်ကို ဆွဲယူသည်။ နောက် ခန်းဆီးနောက်သို့ ဝင်သွား၏။

အယ်လိန်းက တွေးသည်။ သူမအနေနှင့် ရေဇက်ခါ ဝတ္ထုသည် လျှို့ဝှက်သတင်းပို့သော ကုတ်အမှတ်အသားပါသည့် သော့ချက်ဖြစ်ကြောင်း ကာမဲလ်ကို ပြောပြလိုက်ပါက ဘာဖြစ်မည်နည်းဟု စဉ်းစား၏။

အယ်လိန်းအတွေးကို အကဲဖမ်းမိပုံရသွားသော ကာမဲလ်က. . .

"ဟို. . ."

တစ်စုံတစ်ရာ အယ်လိန်းအား မေးမည်ပြုစဉ် ဝူလ်အခန်းထဲမှ အဝတ်အစားများယူပြီး ထွက်လာသည်။ နောက်ဝတ်နေ၏။

ကာမဲလ်က ဝူလ်အား. . .

"ခင်များဆီက သတင်းပို့တာမှန်းသိအောင် လျှို့ဝှက်အမှတ်အသားဘာရှိလဲ"

"စပင့်တဲ့"

ဝူလ်က တိုတောင်းစွာဖြေသည်။

"လျှို့ဝှက်သင်္ကေတကုတ်ကကော"

"ကုတ်မရှိဘူး"

"ဒါဆိုရင် အဲဒီစာအုပ်ကဘာလဲ"

ဝူလ်သည် ဒေါသထွက်လာပုံရသည်။

"ဒါလား ကုတ်ပဲ၊ ဒါပေမယ့် ခင်များတို့ကို မပေးနိုင်ဘူး"

"ကျုပ်တို့မှာလိုတယ်ဗျ"

ဝူလ်၏မျက်နှာသည် တင်းမာလာ၏။

"ဒါကိုတော့ ခင်များတို့ကို မပေးနိုင်ဘူး၊ ခင်များတို့ဘာသာ နိုးနိုးတိုက်မိုက်သာ အသံလွှင့်ကြပေတော့"

ကာမဲလ်က ခေါင်းညိတ်သည်။ သို့သော် မျက်နှာပုံက တစ်မျိုး -

ရုတ်တရက်ပင် ဝူလ်လက်ထဲမှ ဓားကောက် မိုးပေါ်မှ ကျလာသလိုရောက်လာ၏။

"ဒီမှာ ငြင်းမယ်တော့ ကြံမနေနဲ့တော့ ကိုယ့်လူ၊ ခင်များမှာ သေနတ်ပါတယ်ဆိုတာ ကျုပ်သိတယ်၊ သေနတ်သံထွက်သွားရင် ပြဿနာဖြေရှင်းရမယ့်လူက ခင်များပဲ၊ ရတာနဲ့ပဲ ပြန်ပေတော့"

ကာမဲလ်သည် ဘာမှ မပြောတော့၊ လက်ဆွဲအိပ်ကိုယူ၍ လှေဝမ်းထဲမှ အပေါ် သို့တက်သွား၏။ ဝူလ်သည် လှေဝမ်းပြတင်းမှ ကုန်းခေါင်အတိုင်းလျှောက်သွားသော ကာမဲလ်ကို စောင့်ကြည့်ကျန်ရစ်၏။

ဝူလ် ဓားကိုပြန်သိမ်းလိုက်သည်။ နောက် အဝတ်အစားအပြည့်အစုံ သပ်ရပ်စွာဝတ်သည်။ ခြေနင်းစီးသည်။ အခန်းထဲပြန်ဝင်သွားပြီး ရေဗက်ခါစာအုပ် ယူလာသည်။ အထဲမှ သော့ချက်တစ်ရွက်ကို ထုတ်ယူသည်။ ပြီးနောက် ဖန်စီးကရက်

ပြာခွံခွက်ကြီးထဲ လုံးချေ၍ မီးရှို့ပစ်လိုက်သည်။

အယ်လိန်းတွေးသည်၊ ဝူလ်တွင် နောက်ထပ်အသုံးလွှင့်စက်တစ်လုံးသာမက 'ရေဗက်ခါသော့ချက်' ဖာစ်ခုလည်း စာအုပ်နှင့်တကွ ရှိနေရပေဦးမည်ဟု . . .

ဝူလ်သည် ရေဗက်ခါသော့ချက် ပြာကျသည်အထိ စောင့်ကြည့်ပြီးမှ စာအုပ်ကိုပြန်ကြည့်သည်။ မီးရှို့ပစ်ရ ကောင်းနိုးနိုး စဉ်းစားနေပုံရ၏။ နောက်ဆုံး ဆုံးဖြတ်လိုက်ပြီးမှ လှေနံဘေး ပြတင်းကိုဖွင့်၍ ရေထဲသို့ 'ရေဗက်ခါ' စာအုပ်ကို ပစ်ချလိုက်လေ၏။

ဝူလ်သည် လက်ဆွဲအိပ်တစ်လုံးထုတ်ယူ၍ အိတ်တွင်းမှ သူ၏ ပစ္စည်းများ ပြောင်းထည့်သည်။ အယ်လိန်းက -

"ရှင်. . . ဘယ်သွားမလို့လဲ"

"မင်းသိရမှာပါ၊ ဘာလို့လဲဆိုတော့ မင်းပါလိုက်ရမှာကိုး"

အယ်လိန်းသည် ဖျားသွား၏။ သူမကို ဝူလ် ဘာလုပ်မည်ကို မတွေးရဲ တော့။ ယခုဆိုလျှင် ဝူလ်သည် သူမ၏ လုပ်ရပ်အားလုံးကို သိသွားပြီဖြစ်သည်။ ယခင်ကမူ ဝူလ်ကို လိင်ကိစ္စ တစ်ခုအတွက်သာ စိုးရိမ်ဖို့ရှိသည်။ ယခုတွင်ကား အသက်ပါစိုးရိမ်ရလေပြီ၊ သူမထွက်ပြေးရန် အားခဲပါသည်။ သတ္တိမရှိတော့။

ဝူလ်သည် သူပစ္စည်းများကို ဆက်လက်ထုပ်ပိုးသိမ်းဆည်းနေ၏။ ထိုအခါ မှ အယ်လိန်းသည် သူမကိုယ်တိုင် အဝတ်အစားအပြည့်အစုံ မဝတ်ရသေးကြောင်း သတိရမိသည်။ ဆိုဖာနားတစ်ပိုက်တွင် သူမ၏ ဘရာစီယာ၊ အောက်ခံဘောင်းဘီ နှင့် နိုင်လွန်ခြေအိပ်ရှိသည်။ မထူးတော့ပြီ ဖြစ်ကြောင်းသိ၍ အယ်လိန်း ထိုပစ္စည်း များကောက်ယူသည်။ ထ,လိုက်စဉ် ဝူလ်က အနားကပ်လာပြီး သူမ၏ နှုတ်ခမ်းကို နမ်းသည်၊ အယ်လိန်း၏ နှုတ်ခမ်းမှ တုံ့ပြန်မှုရှိ မရှိကို ဝူလ်က ဂရုစိုက်ခြင်းမရှိ။

ဝူလ် အယ်လိန်းမျက်နှာကို စေ့စေ့ကြည့်ပြီး . . .

"ဒီမယ် မင်းဟာ ငါ့အတွက် အသုံးမလိုတောင်မှ ကျပ်က ခေါ်သွားမယ် သိလား"

အယ်လိန်းသည် မျက်စိမှိတ်လိုက်၏။ အစော်ကားခံလိုက်ရသလိုဖြစ်သွား သည်။ ဝူလ်ကမူ သူမကို အရေးမထားပဲ ဆက်လက်သိမ်းဆည်းနေ၏။

အယ်လိန်း ဝတ်စရာရှိသမျှကို ဝတ်လိုက်၏။

ဝူလ်သည် အားလုံး သိမ်းဆည်းပြီးသည်နှင့် အခန်းပတ်လည်ကို နောက်ဆုံး လှည့်ကြည့် အကဲခတ်သည်၊ ပြီးမှ . . .

"သွားကြစို့ လာ"

အယ်လိန်း ဝူလ်နောက်မှ ကုန်းပတ်ပေါ် တက်လိုက်ခဲ့သည်။ ခေါင်းထဲတွင် ဆွန်ဂျာကို ဝူလ်ဘာလုပ်ထားခဲ့မည်လဲဟု စဉ်းစားနေမိ၏။

ဝူလ်သည် အယ်လိန်းဘာတွေးနေသည်ကို သိသည့်အလား . . .

"ဆွန်ဂျာကို အိပ်ပျော်သွားမှာစိုးလို့ မနှိုးတော့ပါဘူးကွာ လာသွားစို့"

သူတို့နှစ်ဦးသား လှေကုန်းပတ်မှ ကုန်ဘောင်၊ ကုန်းဘောင်မှ ကမ်းနား၊ ကမ်းနားမှ လမ်းကဲ့လေးအတိုင်း ထွက်ခဲ့ကြ၏။ ဝူလ်တစ်ယောက် ဆွန်ဂျာကို ဘာမှ အကျိုးအကြောင်းမပြောတော့ပဲ ဘာကြောင့်များ ထားခဲ့ပါလိမ့်ဟု အယ်လိန်းတွေးသည်၊ မရ။ သို့သော် တာကြောင့်ပဲဖြစ်ဖြစ်၊ ဤအမူအရာသည် ရိုင်းစိုင်းသော လူမဆန်သောအပြုအမူဖြစ်ကြောင်း အယ်လိန်းသိသည်။ အမှန်အားဖြင့် ဝူလ်သည် လူမဆန်သော သူဖြစ်ကြောင်းအယ်လိန်းဆုံးဖြတ်လိုက်၏။ ထိုဆုံးဖြတ်ချက်ကြောင့် တုန်လှုပ်သွားရပြန်သည်။ အကြောင်းမှာ မိမိသည် ထိုလူ၏ လက်ခုပ်ထဲမှရေ ဖြစ်နေသောကြောင့် တည်း။

အယ်လိန်း တွေးနေ၏။ ငါ့ကိုများ သူသတ်မည်လား။

ဝူလ်သည် လက်ဆွဲအိတ်ကို ဗယ်လက်မှ အသာဆွဲ၍ ညာလက်မှ အယ်လိန်းလက်မောင်းကို ကိုင်ထား၏။ လမ်းကျဉ်းကလေးဆုံးသောအခါ လမ်းကျယ်သို့ရောက်သည်။ ဝူလ်သည် သူ၏ကားရှိရာသို့သွား၏။ ဒရိုင်ဘာ အခန်းကိုဖွင့်၍ ပစ္စည်းများ ထည့်သည်။ နောက် အယ်လိန်းကို ဘေးမှ ထိုင်စေကာ စက်နှိုးလိုက်၏။

အမှန်အားဖြင့် တစ်ညလုံးလုံး အပြင်မှာထားခဲ့သော မော်တော်ကားသည် ယခုလို အကောင်းပကတိ ရှိနေသည်ကပင် အံ့ဩစရာကောင်းလှ၏။ ထုံးစံအတိုင်းဆိုပါက သည်လိုရပ်ထားသော ကားမျိုးကို တစ်စစီ ဖြုတ်ခိုးကြ၍ အရိုးနှင့်အရေသာ ကျန်ရမည်ဖြစ်သည်။ ဝူလ်တစ်ယောက် ယခုအထိ လူမိုက်ကံကောင်း ဖြစ်နေပါ ကလားဟု အယ်လိန်းတွေးနေမိသည်။

သူတို့ကား မောင်းထွက်လာခဲ့သည်။ ယခုအချိန်ထိ ဘယ်ကိုဦးတည် မောင်းနေကြောင်း၊ အယ်လိန်းမသိနိုင်။ ဝူလ်၏ ဒုတိယအသံလွှင့်စက် ရေဗက်ခါ ဝတ္ထုစာအုပ်နှင့် 'ရေဗက်ခါသော့ချက်'ရှိရာ အရပ်သို့သွားမည်ဆိုခြင်းလောက်သာ အယ်လိန်းမှန်းဆနိုင်၏။ ယခုမှတော့ မထူးပြီ။ ထိုအရပ် ဒေသသို့ ရောက်သောအခါ သူမအနေနှင့် တစ်စုံတစ်ရာတော့ဖြစ်အောင်လုပ်ရမည်ဟု အယ်လိန်းတေးထားလိုက်၏။ ဝူလ်သည် လှေအိမ်ကို ခွာခဲ့ပြီဖြစ်ရာ ဗင်ဒန်အနေနှင့် တစ်စုံတစ်ယောက်က တွေ့ရှိပြီး ကြိုးဖြေပေးသည့်တိုင် ဘာမှလုပ်နိုင်မည်မဟုတ်တော့၊ အယ်လိန်း

တစ်ယောက် မိမိခြေထောက်ပေါ် မိမိရပ်၍ ကိုယ့်အားကိုယ်ကိုးရန်သာ ရှိတော့၏။ အယ်လိန်းအနေနဲ့ ဝူလ်တစ်ယောက် ရှိမဲလ်နှင့်မဆက်သွယ်ဖြစ်အောင် ကာကွယ်ရမည်။ ဖြစ်နိုင်ပါက 'ရေဗက်ခါသော့ချက်'ကို အရယူ၍ ဗင်ဒန်လက်အပ်ရမည်။ သည်အတွေးကား လကမ္ဘာသို့ လက်လှမ်းနေသလို အလှမ်းကွာလှပါကလား။ တော်ပြီ လောလောလတ်လတ် သည်လူယုတ်မာလက်မှ လွတ်လျှင်တော်ပြီ၊ စပိုင်တွေ၊ လျှို့ဝှက်ကုတ်နံတွေ၊ ရေဗက်ခါသော့ချက်တွေ မေ့ပစ်လိုက်မည်ဟု အယ်လိန်း တွေးမိသည်။

ရုတ်တရက်ပင် သူမဖခင်ကြီးကို သတိရမိပြန်၏။ ဖခင်ကြီးသည် ယခုအချိန်ဆိုလျှင် ဂျေရုဆလင်မြို့သို့ ခြေကျင် ခရီးစနေပေရော့မည်။ ယုံကြည်ချက်သည်။ အမိက၊ အယ်လိန်းအနေနှင့် တစ်ခုခုတော့ ဖြစ်အောင်လုပ်ရပေလိမ့်မည်။

ဝူလ်ကားကို ရပ်လိုက်၏။

သည်တော့မှ အယ်လိန်း သတိဝင်လာပြီး ရောက်နေသောနေရာကို ကြည့်မိသည်။ သူမပါးစပ်မှ. . .

"ဒါ ဗင်ဒန်အိမ်ပါလား"

"ဟုတ်တယ်လေ"

အယ်လိန်းသည် ဝူလ်မျက်နှာကို ကြည့်ပြီး တစ်စုံတစ်ရာအကဲဖမ်းကြည့်၏။ ဘာမှမထူး။

"ဗင်ဒန်မှ ဒီမှာမရှိတာ"

"ဟုတ်တယ် မရှိဘူးလေ"

ဝူလ်က ဝံပုလွေလိုပြုံးလိုက်၏။

"ဒါပေမယ့် သူ့သားလေး ဘီလီက ဒီမှာရှိတယ်"

❖ ❖ ❖

(၂၄)

အို-မာ-အယ်-ဆာ့ဒစ်သည် အသံလွှင့်စက်ကို ကြည့်ရင်းကျေနပ်နေ၏။

"ဒါ-ဟယ်လီ-ကရပ်ဖတာ/စကိုင်းချဲလင်ချာဂျ၊ အမေရိကန်လုပ်"

ပြောပြောဆိုဆိုနှင့် အသံလွှင်စမ်းကြည့်ရာ အားကောင်းလှကြောင်းတွေ့ရ၏။

ကာ့မဲလ်သည် သူတို့အနေနှင့် သတ်မှတ်ထားသော လှိုင်းမှ ညသန်းခေါင် တိတိတွင် အသံလွှင့်ရမည်ဖြစ်ကြောင်းနှင့် လျှို့ဝှက်အမှတ်အသားမှာ 'စပင့်' ဖြစ်ကြောင်း ရှင်းပြ၏။ ထို့နောက် ဝူလ်က လျှို့ဝှက်ကုတ်ကိုမူ မပေးပဲသူတို့အနေနှင့် ပြောင်းနိုးရှိုးစာလုံးဖြင့်သာ ဆက်သွယ်ရန်ရှိကြောင်း ရှင်းပြ၏။

ထို့နောက် သူတို့နှစ်ဦးသား အသံလွှင့်စက်ကို မီးဖိုချောင်အထက်ထပ်ခိုး တစ်နေရာတွင် ဝှက်ထားလိုက်ကြ၏။

ကာ့မဲလ်သည် ဆာဒစ်အိမ်မှ ပြန်ထွက်ခဲ့ပြီး ဇာမာလက်ဒေသသို့ ပြန်လာခဲ့၏။ တစ်လမ်းလုံး မည်သို့ ဖုံးရဖိရမည်ကို စဉ်းစားလာခဲ့၏။

သူ၏ ဇာတ်ကွက်မှာ ဗင်ဒန်အတူ လွှတ်လိုက်သော ဆာဂျင်၏စကားနှင့် ကိုက်ညီဖို့တော့လိုသည်။ ဗင်ဒန်လွှတ်လိုက်သော ဖုန်းစကားကို ကြားရသည်။ အင်္ဂလိပ် အာဏာပိုင်များထံသို့ အကြောင်းမပြန်မီ ပြောနိုင်းလိုက်သော မေဂျာ ဗင်ဒန်သည် အစစ်ဟုတ်မဟုတ်နှင့် လှေအိမ်ကိုပါစုံစမ်းရန်လာခဲ့သည်။ သည် ရောက်သောအခါ ချုပ်တ်များအတွင်း ဗင်ဒန်ကို အရင်ရှာသည်။ ထိုသို့ရှာစဉ်

သီ ဟ ရ တ န ၃ ၈ ၁ ၄ ၀

သူကိုယ်တိုင်လည်း အရိုက်ခံရပြီးမေ့မြောသွားသည်ဟု ပြောမည်ဟု ကြံရွယ်လိုက်၏။ ယခုသတိရရခြင်း ဗင်ဒန်ကို ရှာ၍ကြိုးဖြေပေးသည်ဟု ပြောမည်၊ သူနှင့် ဗန်ဒန် လှေအိမ်ပေါ် သို့ရောက်သောအခါ ဘာမျှ ရှိမည် မဟုတ်တော့။

အခြေအနေအရ ယုတ္တိရှိလောက်သည်ဟု ကာမဲလ်ယူဆ၏။

ကာမဲလ် ကားကို သင့်တော်ရာရပ်ပြီး ချုံစပ်သို့လာခဲ့သည်။ ဗင်ဒန်ထားသော အရပ်နှင့်ကိုက်သုံးလေးဆယ်အကွာသို့ အရင်လာခဲ့ပြီး တစ်ကိုယ်လုံးမြေမှာ လူးလိမ့်ကာ အဝတ်အစားများကို ညစ်ပေစေ၏။ မျက်နှာနှင့်ဆံပင်များကို သံနုန်းမြေများ လိမ်းကျံလိုက်၏။ နောက်လက်ကောက်ဝတ်များကိုလည်း ပွတ်တိုက်၍ အနာတရ ကြိုးချည်ခံထားရဟန် ပြုလိုက်သည်။ ပြီးမှ ဗင်ဒန်ရှိရာသို့လာခဲ့၏။

ကာမဲလ်သည် ဗင်ဒန်အား သူထားခဲ့သောနေရာမှာပင် တွေ့ရ၏။ လက်ခြေများမှာ ကြိုးတုတ်ထားဆဲဖြစ်သည်။ ပါးစပ်မှာလည်း ကြိုးတုတ်ထားဆဲဖြစ်သည်။ ပါးစပ်မှာလည်း ပိတ်ဆို့ထားဆဲ၊ ဗင်ဒန်သည် သတိရနေပြီဖြစ်၍ ကာမဲလ်ကို မျက်လုံးပြူး၍ကြည့်သည်။ ကာမဲလ်က. . .

"ဘုရားရေ ခင်ဗျားရောခံလိုက်ရတာကိုး"

ကာမဲလ်သည်ငုံ့၍ ပါးစပ်ထဲမှအဝတ်ကိုအရင်ထုတ်သည်။ နောက်ခြေလက်များ တုပ်ထားသော ကြိုးကို ဖြေပေးရင်း. . .

"ဆာဂျင်က ကျွန်တော့ဆီကို ဆက်သွယ်ပါတယ်၊ ကျွန်တော်လည်း သိသိချင်း ဒီကိုပြေးလာပြီး ခင်ဗျားကို လာရှာတာပဲ၊ ဒီရောက်တာနဲ့ ဘယ်သူမှန်းမသိတဲ့ ငနဲတစ်ကောင်က ဆော်လိုက်လို့ မေ့သွားတာ၊ ခုမှနိုးတယ်၊ အဲဒါနဲ့ ခင်ဗျားကို ထပ်လာရှာတာ"

ဗင်ဒန်သည် ဘာမှမပြောပေ။

ကာမဲလ်သည် ကြိုးကို နံဘေးသို့ လွှင့်ပစ်လိုက်၏။ ဗင်ဒန်သည် မတ်တပ်ရပ်ပြီး တောင့်တင်းနေသော အကြောများကိုဆန့်သည်။ ကာမဲလ်က. . .

"ဘယ့်နှယ်နေသေးလဲ"

"ကောင်းပါပြီ၊ ရပါတယ်"

"ဒါဆို လှေပေါ် တက်ရှာရအောင်"

ပြောပြောဆိုဆိုပင် ကာမဲလ်သည် လှေအိမ်ဘက်သို့ လှည့်လိုက်၏။

ကာမဲလ် သူ့ကို ကျောပေးလိုက်သည်နှင့် ဗင်ဒန်သည် ကာမဲလ်၏ဂုတ်သားကို သူ၏လက်ဝါးစောင်းဖြင့် တအားခုတ်ထည့်လိုက်လေ၏။ သူ၏ခုတ်ချက်သည် ပြင်းထန်လွန်း၍ ကာမဲလ်တစ်ယောက်အသက်ပါသွားနိုင်၏။ ဗင်ဒန် ဂရုမစိုက်ချေ။ ဗင်ဒန်သည် ခြေရောလက်ပါ ကြိုးတုတ်ခံရပြီး မှောင်မဲနေသဖြင့် လှေအိမ်ကို လှမ်းမမြင်ရပေ။ သို့သော် နားကမူကြားနိုင်ခဲ့သဖြင့် ကြားရလိုက်ရ၏။ "ကျုပ်က ကာမဲလ်ပဲ ခင်ဗျားက ဝူလ်မဟုတ်လား" ဆိုသော ညကစကားသံ၊ ထိုစကားသံကို ကြားကတည်းက သူသည် ကာမဲလ်၏ သစ္စာဖောက်ခြင်းကို ခံရပြီဟု ဗင်ဒန်သိခဲ့၏။ ထိုအချက်ကို ကာမဲလ် တွေးမိခဲ့ဟန်မတူ ဗင်ဒန်သည် ဝက်တစ်ကောင်လိုကြိုးတုပ်ခံရရင်း တစ်ချိန်လုံးဒေါသဖြစ်နေရာမှ ကာမဲလ် ဟိုဘက်အလှည့် တစ်ချက်တည်း ဆော်လိုက်ခြင်းဖြစ်သည်။

ကာမဲလ်သည် မြေကြီးပေါ်သို့ ပုံလျက်သား လဲသွား၏။ ဗင်ဒန်သည် ကာမဲလ်ကိုယ်လုံးကို လှန်၍ရှာဖွေရာ သေနတ်ကို တွေ့ပြီးယူသည်။ နောက်နံဘေးမှာ စောစောက ကာမဲလ် ချထားသော ကြိုးကိုယူ၍ ကာမဲလ်၏ လက်များကို တုပ်သည်။ ပြီးမှ ကာမဲလ်၏ မျက်နှာကို ခပ်စပ်စပ်ရိုက်ကာ ပြန်နှိုးလိုက်၏။ ကာမဲလ် သတိပြန်လည်သောအခါ ဗင်ဒန်က. . .

"ထစမ်း. . ."

ကာမဲလ်သည် အူကြောင်ကြောင်နှင့် ပြန်ကြည့်၏။ သူ့မျက်လုံးတွင် ကြောက်စိတ်များ အရိပ်ထိုးလာ၏။ သို့သော် ဣန္ဒြေဆယ်၍. . .

"ခင်ဗျား ဘာတွေလုပ်နေတာလဲ မေဂျာ"

ဗင်ဒန်သည် ကာမဲလ်အား တစ်ချက်ဆောင့်ကန်လိုက်၏။

"ကန်နေတာလေ၊ ထစမ်းကွာ"

ကာမဲလ် ကြိုးစား၍ ထလိုက်၏။ ဗင်ဒန်က. . .

"ဟိုဘက်လှည့်. . ."

ကာမဲလ် ဟိုဘက်လှည့်သည်။ ကာမဲလ်၏ ကော်လန်စကို ဗယ်လက်ဖြင့် ကိုင်၍ ညာလက်ဖြင့် သေနတ်ကို အသင့်ကိုင်ထား၏။

"သွား. . ."

သူတို့နှစ်ဦးသား လှေအိမ်ရှိရာသို့ တဖြည်းဖြည်း သွားကြ၏။ ကုန်းဘောင်မှ တဆင့် လှေအိမ်ပေါ်သို့ရောက်သည်။ ဗင်ဒန်က. . .

"တံခါးဖွင့်စမ်း. . ."

ကာမဲလ်သည် သူ၏ခြေထောက်ဖြင့် လှေအိမ်ဝမ်းတံခါးကို ဆောင့်၍ဖွင့်

သည်။ တံခါးပွင့်သွားသောအခါ ဗင်ဒန်က. . .

"ဆင်း. . ."

လက်မှာ ကြိုးတုပ်လျက်သား တန်းလန်းဖြင့် ကာမဲလ်လှေဝမ်းထဲသို့ ဆင်းသည်။ ဗင်ဒန်ကိုယ်တိုင်လိုက်ဆင်းသည်။ အောက်သို့ရောက်သည်နှင့် ဗင်ဒန် ဝန်ကျင်ကို ကြည့်သည်။

ဘယ်သူမှ မတွေ့၊ ဗင်ဒန်သည် ကာမဲလ်ကို အေးသို့တွန်း၍ အိပ်ခန်းကို ကာထားသော ခန်းဆီးကိုဖယ်သည်၊ လက်တစ်ဘက်က သေနတ်ကမူ အဆင်သင့်။

အိပ်ရာထက်မှာ ဆွန်ဂျာကို တွေ့ရသည်။ ဆွန်ဂျာအိပ်မောကျနေဆဲ။

ဗင်ဒန်သည် ကာမဲလ်ဘက်သို့ လှည့်ပြီး. . .

"ဟော့ကောင့်၊ အထဲဝင်စမ်း. . ."

ကာမဲလ်သည် အိပ်ခန်းထဲသို့ ဝင်လာပြီး ခုတင်ခေါင်းရင်းမှာ ရပ်သည်။ ဗင်ဒန်က. . .

"သူ့ကို နှိုးလိုက်စမ်း. . ."

ကာမဲလ်သည် အားနေသော ခြေထောက်ဖြင့် ဆွန်ဂျာကို တို့နှိုးသည်။ ဆွန်ဂျာသည် မျက်စိမဖွင့်သေးပဲ တဘက်သို့ လှိမ့်သွား၏။

ဗင်ဒန် ခေါင်းငုံ့ပြီး ဆွန်ဂျာ နားခေါင်းကို ကလိလိုက်၏။

ဆွန်ဂျာသည် ရုတ်တရက်မျက်စိပွင့်လာပြီး ထထိုင်သည်။ ချက်ချင်းပင် ကာမဲလ်ကို မြင်သည်။ မှတ်မိသည်။ နောက်မျော်ဗင်ဒန်ကို မြင်သည်။ မျော် လက်တွင် သေနတ်နှင့်။

သူမက. . .

"ဘာတွေ ဖြစ်နေကြတာလဲ"

ထို့နောက် ဆွန်ဂျာနှင့် ဗင်ဒန်သည် တိုင်ပင်မထားပဲတပြိုင်နက်. . .

"ဝူလ်ကော ဘယ်မှာလဲ"

ဟု မေးလိုက်ကြ၏။

ဗင်ဒန်သည် ဆွန်ဂျာ ဟန်ဆောင်နေခြင်းမဟုတ်ကြောင်းကို နားလည် လိုက်၏။ ဆွန်ဂျာဟန်ဆောင်ချိန် မရလိုက်ကြောင်း သူသိသည်။ ယခုပုံအတိုင်းဆို ပါက ရှင်းပြီ၊ ကာမဲလ်သည် ဝူလ်ကို သတိပေးခဲ့ပြီးဖြစ်ရမည်။ သို့ဖြစ်၍ ဝူလ်သည် ဆွန်ဂျာကို မနှိုး၊ အသိမပေးပဲ လစ်သွားပြီးဖြစ်လောက်၏။ သူနှင့်အတူ အယ်လိန်းကို လည်း ခေါ်သွား၍သာ ဖြစ်ရမည်။ ဘာကြောင့်များ ခေါ်သွားခြင်းကိုမူ ဗင်ဒန် ခတွေး၍ မရ။

ဗင်ဒန်သည် ဆွန်ဂျာ၏ ရင်ဘတ်တွင် သေနတ်ထိကပ်လိုက်ပြီး ကာမဲလ်ကို လှမ်းပြောလိုက်သည်။

"ကျုပ် မင်းကို စကားတစ်ခွန်းမေးမယ်၊ မင်းဖြေတာမှားရင်တော့ သူအသေပဲ၊ နားလည်လား"

ကာမဲလ်က ခေါင်းညိတ်ပြလိုက်ရ၏။ ဗင်ဒန်က. . .

"မနေ့ညက ဝူလ်အသံထွက်သူတင်းပို့ဖြစ်သလား"

"နိုး. . ."

ဆွန်ဂျာသည်ဝင်၍အော်သည်။

"သူ သတင်းမပို့ဖြစ်ဘူး၊ မပို့ဖြစ်ဘူး"

"ဒါဆို ဒီမှာ ဘာဖြစ်ကြသလဲ"

ဗင်ဒန်သည် ဆွန်ဂျာကို မေးရတော့၏။ ဆွန်ဂျာက. . .

"ကျွန်မတို့ အိပ်ရာဝင်ကြတာပဲ"

"ဝူလ်၊ အယ်လိန်းနဲ့ ကျွန်မ"

"သုံးယောက်အတူတူပဲလား"

"ဟုတ်ကဲ့"

ယခုတော့ ရှင်းသွားပြန်ပြီ၊ ညပိုင်းက သူ့အနေနှင့် ဤလှေပေါ်သို့ ဆွန်ဂျာ တက်လာခြင်း မြင်ရ၍ အယ်လိန်းတစ်ယောက် ဘေးရန်မရှိတန်ရာဟု အောက်မေ့ ယူဆခဲ့သည်။ တကယ်တော့ မဟုတ်ပါလား။ ဗင်ဒန်သည် ထိုအတွေးကို ခေါင်းထဲမှ ထုတ်ပစ်လိုက်သည်၊ အရေးကြီးသည်မှာ ဆွန်ဂျာပြောသည်မှာ အမှန်လား၊ ဝူလ် သည် ရှိမဲလ်ထံသို့ တကယ်သတင်းမပို့ပဲ နေခဲ့သည်လော၊ ထိုအချက်မှန်မမှန် တိုက်ဆိုင် စစ်ဆေးရန် နည်းလမ်းမရှိ၊ မှန်ပါစေဟု ဆုတောင်းရန်သာ ရှိတော့၏၊ ဗင်ဒန်က ဆွန်ဂျာအား. . .

"ထစမ်း"

ဆွန်ဂျာသည် အိပ်ရာပေါ်မှ ကပျာကယာထသည်။ ဗင်ဒန်သည် နှစ်ဦးလုံး ကို သေနတ်နှင့်ချိန်ပြီး ရေချိုးခန်းထဲသို့ ဝင်စေ၏။ ပြီးမှ အပြင်မှ တံခါးကို ကလန့် ချိတ်လိုက်၏။

ထို့နောက် ဗင်ဒန်လှေအိမ်ကို ရှေ့နောက် လှန်လှော၍ ရှာဖွေသည်။ ဗီရို အံဆွဲ တွေ့သမျှကိုထုတ်သည်။ ဆိုဖာမှအစ ပစ္စည်းဝှက်နိုင်သမျှကို ဆုတ်ဖြဲ၍ ကြည့်သည်။ ဘာမှ မတွေ့၊ ပြာခွက်ဖန်ခွက် တစ်ခုထဲ၌ မီးရှို့ထားသော စာရွက်ပြာ တစ်ချို့ကို တွေ့သည်၊ ပြာများကို ဖြဲ၍ကြည့်၏။ ဘာမှမတွေ့၊ စာရွက်များ ပြာအတိ

ဖြစ်နေပြီးဖြစ်သည်။ ရေခဲသေတ္တာနှင့်တကွ ပစ္စည်းထည့်နိုင်သမျှ နေရာအားလုံးကို သွန်မှောက်၍ရှာသည်။

နာရီဝက်ခန့် ရှာဖွေပြီးစီးသောအခါ ဗင်ဒန်သေချာသွား၏။ ဤလှေအိမ်ပေါ်တွင် အသံလွှင့်စက်မရှိ၊ ရေဇက်ခါးစာအုပ်မရှိ၊ ထို့အတူ ရေဇက်ခါသော့ချက်လည်း မရှိတော့ဟု၍ . . .

ဗင်ဒန်သည် ရေချိုးခန်းတံခါးကိုဖွင့်၍ ဆွန်ဂျာတို့နှစ်ယောက်ကို ထုတ်ကာ လှေကုန်းပတ်ပေါ်သို့ တက်ခဲ့၏။ ကုန်းပတ်ပေါ်တွင် ကြိုးတစ်ခွေတွေ့သည်နှင့် ဆွန်ဂျာကိုပါ ကြိုးနှင့်တုတ်ပြီးနောက် ပိုသောကြိုးနှင့်နှစ်ယောက်တွဲချည်လိုက်၏။

သူတို့လှေအိမ်မှဆင်းခဲ့၏။ အပြင်ဘက်သို့ လျှောက်လာကြရာ ကားလမ်းမပေါ်သို့ ရောက်သည်နှင့် တက္ကဆီကားတစ်စီးကိုတွေ့ကာ တားလိုက်၏။ ဗင်ဒန်က ဆွန်ဂျာနှင့် ကာမဲလ်တို့ကို နောက်ခန်းမှ ထိုင်စေပြီး သူကိုယ်တိုင်ကမူ ဒရိုက်ဘာဘေးမှ ဝင်ထိုင်သည်။ သို့သော် နောက်လှည့်ပြီး သေနတ်ကို အသင့်ပြင်ထား၏။ ကားဒရိုင်ဘာကိုမူ-

"စစ်ဌာနချုပ်ကိုမောင်းကွာ"

ဟု အမိန့်ပေးလိုက်၏။

ဌာနချုပ်ရောက်သည်နှင့် ဤအကျဉ်းသားနှစ်ဦးကို စစ်မေးရမည်ဖြစ်သည်။ အမှန်စင်စစ် မေးရန် မေးခွန်းကနှစ်ခွန်းသာရှိသည်။

"ဝူလ်ဘယ်မှာလဲ"

"အယ်လိန်းဘယ်မှာလဲ"

ကားထဲမှာ ထိုင်ရင်း ဝူလ်သည် အယ်လိန်း၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထား၏။ အယ်လိန်းသည် ရုန်းထွက်ရန် ကြိုးစားသည်။ ဝူလ်၏ချုပ်ကိုင်မှုမှာ တင်းကျပ်လှသည်။ ဝူလ်သည်အားနေသော လက်တစ်ဘက်ဖြင့် ခါးကြားမှ ဓားကိုထုတ်လိုက်ပြီး အယ်လိန်းလက်ပေါ်မှ အသာကလေးဖြတ်ဆွဲလိုက်သည်။ ဓားသည် ထက်လှ၏။ အယ်လိန်းသည် ကြောက်လန့်ကြီးစွာဖြင့် သူမလက်ကို ကြည့်နေ၏။ ပထမဦးမူ ဓားဖြတ်သွားရာ နေရာတွင် ခဲမျဉ်းရာတစ်ခုလိုလို အစင်း ကလေးသာထင်နေ၏။ နောက်သွေးများထွက်လာပြီး နာကျင်မှုကပေါ်လာသည်။ အယ်လိန်းရှိုက်လိုက်၏။

ဝူလ်က . . .

"မင်းငါ့အနားမှာ ကပ်ပြီးနေ၊ ဘာမှမပြောနဲ့ကြားလား"

ရုတ်တရက်ပင် အယ်လိန်းသည် ဒီလူကို မုန်းတီးရွံရှာသွား၏။ အယ်လိန်းသည် မျက်လုံးတည့်တည့်ကို ကြည့်ပြီး . . .

"ပြောတဲ့အတိုင်းမလုပ်ရင် ကျွန်မကို ဓားနဲ့လှီးမယ်ပေါ့ ဟုတ်လား"

အယ်လိန်းသည် လေသံထဲတွင် သရော်သံအပြည့် ကြိုးစားထည့်၍ မေးလိုက်၏။

ဝူလ် ပြန်ဖြေသည်။

"မင်းကို မလှီးဘူး၊ ဘီလီကိုလှီးမှာ"

ဝူလ်သည် အယ်လိန်း၏ လက်ကိုလွှတ်ပြီး ကားပြင်ထွက်လိုက်သည်။ အယ်လိန်းသည် ကားထဲမှာ ထိုင်ကျန်ရစ်ရင်း အားငယ်သွားသည်။ သူမအနေနှင့် ဤကဲ့သို့ သန်မာထွားကျိုင်း၍ သနားညှာတာမှုကင်းသော ရန်သူကို ဘယ်လိုရင်ဆိုင်ရမည်နည်း။ ထိုစဉ် ဝူလ်၏ လက်တစ်ဘက်က ကားထဲသို့ ပြန်ရောက်လာကာ အယ်လိန်းကို ဆွဲထုတ်သည်။ နောက် ဗင်ဒန်အိမ်ဘက်သို့ ရှေ့မှသွားရန် တွန်းလိုက်သည်။

သူတို့နှစ်ဦးသား ဗင်ဒန်အိမ်တံခါးပေါက်သို့ ရောက်သွားပြီး လူခေါ်ခေါင်းလောင်းကို နှိပ်သည်။ အယ်လိန်းသည် အရင်တခါက ဤနေရာမှာရပ်၍ ဤခေါင်းလောင်းကိုနှိပ်ခဲ့သည်ကို ပြန်သတိရသည်။ ရက်အနည်းငယ်သာ ကြာဦးမည် ဖြစ်သော်လည်း နှစ်ပေါင်းများစွာကြာသွားသလို စိတ်ထဲမှာထင်နေ၏။

တံခါးပွင့်လာသည်။ အယ်လိန်းသည် ဂါဖာကို မှတ်မိသည်။ ဂါဖာကလည်း သူမကိုမှတ်မိ၏။ သူက . . .

"ဂွတ်မောနင်း . . . မစ္စဖွန်တာနာ"

"ဟဲလို . . . ဂါဖာ"

ဝူလ်ကဝင်၍ . . .

"ဂွတ်မောနင်း . . . ဂါဖာ၊ ကျုပ်က ကပ္ပတိန်အလက်ဇန္ဒားပါ၊ မေဂျာလွှတ်လိုက်လို့ ကျုပ်တို့ကို ဝင်ခွင့်ပြုပါ"

"ဟုတ်ကဲ့ခင်ဗျ"

ဂါဖာသည် သူတို့နှစ်ဦးလမ်းဖယ်ပေး၏။ ဝူလ်သည် ယခုတိုင် အယ်လိန်း၏ လက်ကို ဆုပ်ကိုင်ရင်း အခန်းထဲဝင်လိုက်၏။ ဂါဖာသည် တံခါးပြန်ပိတ်သည်။ ဂါဖာက . . .

"မေဂျာတော့ နေကောင်းပါတယ်နော်"

ဝူလ်ကဝင်၍. . .

"နေကောင်းပါရဲ့၊ ဒါပေမယ့် ဒီနေ့အလုပ်များပြီး သူအိမ်ကို မလာနိုင်လို့ ကျုပ်ကိုအိမ်ဝင်ပြီး နေကောင်းကြောင်းပြောပြဖို့ရယ်၊ ဘီလီကို ကျောင်းလိုက်ပို့ ဖို့ရယ် လွှတ်လိုက်တာ"

အယ်လိန်းသည် ထိတ်လန့်ကြီးစွာဖြစ်သွား၏။ အကြံပက်စက်လှပါကလား၊ ဝူလ်သည် ဘီလီကို ပြန်ပေးဆွဲရန် လုပ်ဆောင်နေခြင်းပါကလား၊ ဘီလီနာမည်ကို ပြောကတည်းက အယ်လိန်းရိပ်မိခဲ့ဖို့ကောင်းသည်။ သို့သော် ဤမျှ ပက်စက်လိမ့်မည်မယူဆ၍ မတွေးခဲ့မိ။ အယ်လိန်းအနေနှင့် ဤအဖြစ်အပျက်ကို ဒီအတိုင်း ကြည့်မနေနိုင်ပါ၊ တစ်ခုခုလုပ်ရပေမည်၊ ဘာလုပ်ရမည်နည်း၊ သူမအော်ရမည်လား၊ မဖြစ်နိုင်။ ဂါဖာကို ပြောရမည်လား၊ သည်လူညာနေတာ မယုံနဲ့ဟု၊ ဘီလီကိုခေါ်ပြီးပြေးဟု ပြောရမည်လား၊ မဖြစ်သေး၊ ဝူလ်၌ ဓားရှိသည်၊ ဂါဖာမှာ သက်ကြီးရွယ်အိုဖြစ်သည်။ ဝူလ်သည် ဂါဖာကို အနိုင်ရပြီး ဘီလီကို ရမည်သာဖြစ်၏။

ဂါဖာတွေဝေနေပုံရသည်။ ဝူလ်က. . .

"ဒီမှာ မြန်မြန်လုပ်၊ ကျုပ်မှာ အချိန်မရှိဘူး"

"ဟုတ်ကဲ့ခင်ဗျ"

ဂါဖာသည် အိမ်ဖော်ကောင်း တစ်ယောက်ပီသစွာ အထက်အရာရှိက အမိန့်သံနှင့်ပြောသည့်အခါ မငြင်းသာတော့။

"ဘီလီက အခုပဲ နံနက်စာ စားပြီးပါတယ်၊ ခဏနေရင် ပြင်ဆင်ပြီးခေါ် လာခဲ့ပါမယ်၊ ဧည့်ခန်းထဲကစောင့်နေပါ"

ဝူလ်သည် အယ်လိန်းအား ဧည့်ခန်းဘက်သို့ ဆွဲခေါ်ခဲ့၏။ အယ်လိန်းသည် ရောက်ဖူးပြီးသား ဧည့်ခန်းထဲတွင် ကြောင်စီစီနှင့် ဟိုကြည့်ဒီကြည့်လုပ်နေမိ၏။

ဝူလ်သည် စာရေးစားပွဲမှာ ထိုင်ကာ အထဲက စာရွက်ကိုယူ၍ တစ်စုံတစ်ရာကိုရေးသည်။

အယ်လိန်းကမူ တွေးနေ၏။ ဂါဖာဘာလုပ်နေပါလိမ့်၊ ဌာနချုပ်သို့ ဖုန်းဆက်၍ သူ့အဖေထံ ဟုတ်မဟုတ် မေးမည်လား၊ သို့သော် ထင်သလောက်မလွယ်ကြောင်းအယ်လိန်းသိသည်၊ ထိုအပြင် တယ်လီဖုန်းက ဒီအခန်းထဲမှာ ရှိနေသည်၊

အယ်လိန်းသည် ဝူလ်ကိုကြည့်၍. . .

"ရှင် ကျွန်မကို ဘာလို့ဒီခေါ် လာရတာလဲ"

သူမအသံမှာ ကြောက်ရွံ့တုန်ရီနေ၏။

ဝူလ်က စာရေးနေရာမှ လှည့်မကြည့်ပဲ. . .

"ကလေးကို ငြိမ်အောင်ထိန်းပေးဖို့ပေါ့၊ သွားရမည့်ခရီးက အဝေးကြီး"

"ဘီလီကို ထားခဲ့ပါရှင်၊ သူက ကလေးပဲရှိပါသေးတယ်"

အယ်လိန်းအသံမှာ တိုးလျှိုးသံပေါက်နေ၏။

ဝူလ်က ပြုံးပြသည်။ ပြီးမှ. . .

"ဒါပေမယ့် သူက ဗင်ဒန့် သားလေ"

"ရှင်သူ့ကို မလိုပါဘူးရှင်. . ."

"ဗင်ဒန်က ကျုပ်သွားမယ့်ခရီးကို တွေးမိချင်တွေးမိမှာ၊ သူကျုပ်နောက်ကို မလိုက်အောင် သေသေချာချာလုပ်ထားမှ"

"ရှင်က သူ့သားကိုခေါ်သွားတော့ကော သူကအိမ်မှာ ငြိမ်ငြိမ်ကလေး ထိုင်နေရစ်မယ်လို့ ရှင်ထင်သလား"

ဝူလ်သည် ထိုအချက်ကို စဉ်းစားနေပုံရသည်။ ပြီးမှ. . .

"အဲဒီလိုနေပါစေ ဆုတောင်းရတာပဲ၊ အဲလေ. . . ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ဘက်ကအရှုံးတော့ မရှိနိုင်ပါဘူး၊ ကလေးခေါ်မသွားလဲ သူက ကျုပ်နောက်တော့ လိုက်လာမှာ ပဲဟာ"

အယ်လိန်းသည် မျက်ရည်များ ကြိုးစားထိန်း၍. . .

"ရှင့်မှာ သနားတဲ့ စိတ်ကလေးရယ်လို့ မရှိတော့ဘူးလား"

"သနားတယ်ဆိုတာ ပျော့ညံ့တာကွ"

"ရှင် အခုလိုလုပ်နေတာဟာ ဗင်ဒန်ကို အိမ်မှာနေဖို့အောင်လုပ်နေတယ်လို့ ကျွန်မ မယုံဘူး၊ ရှင်က အမုန်းစိတ်ရှိနေတာလို့ပဲ ကျွန်မထင်တယ်။ ဗင်ဒန် ဒေါ်ပွပြီး မခံချည့်မခံသာနေတာကို ရှင်သဘောကျနေတဲ့လူမျိုး"

"လူစိတ်မရှိတဲ့လူ"

"မင်းပြောတာမှန်ချင်မှန်မယ်ကွ"

"ရှင်. . . ရူးနေပြီ"

"ဟေး. . . တော်တော့"

ဝူလ်မျက်နှာသည် အနည်းငယ်နီလာ၏။ သို့သော် သူ့ဘာသာကြိုးစား ပြန်ထိန်းလိုက်၏။

"ငါစာရေးနေတုန်း တိတ်တိတ်နေစမ်း"

အယ်လိန်းသည် သူမကိုယ်သူမ ထိန်းသိမ်းပြီး အခြေအနေအရပ်ရပ်ကို စဉ်းစားကြည့်နေလိုက်၏။ သူတို့ သွားရမည့်ခရီးသည် ဝေးလံလှသည်ဟု ဆို၏။

ဝူလ်နှုတ်မှ ထွက်လာသော စကားဖြစ်သည်။ ဝူလ်သည် ဗင်ဒန်နောက်ယောင်ခံလိုက်လာမည် စိုးရိမ်နေ၏။ ဝူလ်သည် ကာမဲလ်အား သူ့တွင် အသံလွှင့်စက်တစ်လုံးရှိကြောင်း ပြောခဲ့ပြီးဖြစ်သည်။ ဗင်ဒန်အနေနှင့် သူသွားမည့်ခရီးကို တွေးမိသွားနိုင်၏။ ခရီးဆုံးရောက်သည်နှင့် အသံလွှင့်စက်တစ်လုံး 'ရေဗက်ခါ'စာအုပ် တစ်အုပ်နှင့် "ရေဗက်ခါ သော့ချက်' စာရွက်တစ်ရွက်အသင့် ရှိနေမည်ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ်၊ အယ်လိန်းသည် ဗင်ဒန်နောက်ယောင်ခံလိုက်နိုင်အောင် ကူညီနိုင်ဖို့လိုသည်။ ဝူလ်သည် ကိုင်ရိုမရောက်မီ အသံလွှင့်စက်တစ်လုံးကို ဝှက်ထားခြင်းရှိရမည်၊ သဲကန္တာရအတွင်းမှာလား၊ သို့မဟုတ် အစရွတ်မြို့မှာလား။

ထိုစဉ် ဘီလီဝင်လာ၏။ ဘီလီက အယ်လိန်းအား နှုတ်ဆက်သည်။

"ဟဲလို. . . ကျွန်တော့်အတွက် စာအုပ်ပါလာသလား"

အယ်လိန်းသည် ဘီလီဘာပြောမှန်းမသိပေ။

"စာအုပ်. . . ဟုတ်လား"

အယ်လိန်းသည် ဘီလီကို ငေးကြည့်နေမိ၏။ ဘီလီသည် လူကြီး၏ကိုယ်နှုတ်အမူအရာများလုပ်နေသော်လည်း ကလေးသာဖြစ်နေသည်မှာ ထင်ရှား၏။ ဘီလီသည်ကျောင်းလွယ်အိတ်နှင့် ကျောင်းလည်စည်းကို စည်းထား၏။

ဘီလီကျေနပ်ပုံမရ။

"ခင်ဗျားမေ့သွားပြီထင်တယ်၊ ကျွန်တော်ဖတ်ဖို့ ဆင်မနွန်ရဲ့ စုံထောက်ဝတ္ထုယူလာခဲ့မယ်ဆို"

"ဩော်. . . ဟုတ်သားပဲ၊ မေ့သွားလို့ တောင်းပန်ပါတယ်ကွယ်"

"နောက်တစ်ခါလာရင် ယူလာမှာလား"

"စိတ်ချပါကွယ်"

ဝူလ်သည် တစ်ချိန်လုံး ဘီလီကို အတုခတ်နေရာမှ မတ်တတ်ထလိုက်ပြီး. . .

"ဟယ်လို. . . ဘီလီ၊ ကျုပ်ကတော့ ကပွတိတ် အလက်ဇန္ဒားပါ"

ဘီလီသည် ဝူလ်ကို လက်ဆွဲနှုတ်ဆက်၏။ ဝူလ်က. . .

"မင်းအဖေက သူအလုပ်များနေတဲ့အကြောင်း ပြောခိုင်းလိုက်လို့"

"သူက အမြဲကျွန်တော်နဲ့ နံနက်စာစားနေကြပဲ"

"ကနေ့တော့ မလာနိုင်ဘူးကွဲ့၊ သူအလုပ်သိပ်ရှုပ်နေတယ်၊ သိတယ်မဟုတ်လား။ ရိုမဲလ်ဆိုတဲ့ ငနဲကြီးကိုစွတွေရှုပ်နေတာလေ"

"ဖေဖေ. . . နောက်တစ်ခါ သတ်ပုတ်ရပြန်ပြီလား"

ဝူလ် တွေဝေ သွား၏။ ပြီးမှ. . .

"အမှန်ပြောရရင် ဟုတ်တယ်ကွယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ ဘာမှ မဖြစ်ပါဘူး။ ခေါင်းမှာ နဲနဲဖူးသွားတာပဲရှိပါတယ်"

ဘီလီ၏အမူအရာသည် စိတ်ပူခြင်းထက် ဂုဏ်ယူသွားပုံရသည်ဟု အယ်လိန်းထင်၏။

ဂါဖာသည် အခန်းထဲဝင်လာပြီး ဝူလ်ကို မေး၏။

"ဆာ-တကယ်ပဲ၊ မေဂျာက လူကြီးမင်းကို ဘီလီကို ကျောင်းကိုလိုက်ပို့ဖို့ဆိုတာ သေချာပါတယ်နော်"

ဂါဖာသည် မယုံသင်္ကာနည်းနည်းရှိပုံ ရသည်ဟု အယ်လိန်း တွေး၏။

ဝူလ်ကမူ အေးဆေးစွာဖြင့်. . .

"အသေအချာပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်မှာက ဘီလီနဲ့ပတ်သက်ပြီး တာဝန်ရှိလို့ပါ၊ ပြီးတော့ တကယ်ဆိုရင် ကျွန်တော်အနေနဲ့ လူကြီးမင်းကို မသိဘူး မဟုတ်လား"

"ဒါပေမယ့် မင်းတို့ မစ္စဖွန်တာနာကိုတော့ သိတယ်မဟုတ်လား။ မေဂျာက ဒီတာဝန်ပေးတုန်းက သူလည်းအနားမှာ ရှိပုံ့ဗျာ၊ မဟုတ်ဘူးလား . . အယ်လိန်း"

ဝူလ်သည် အယ်လိန်းမျက်နှာသို့ တည့်တည့်ကြည့်ရင်း ထောက်ခံချက်တောင်းလိုက်၏။ သူ၏ညာလက်မှ မားရှိရာသို့ အဆင်သင့်ရွေ့ထားလိုက်၏၊ အယ်လိန်းသည် စိတ်မချမ်းသာစွာဖြင့်ပင်. . .

"ဟုတ်. . . ဟုတ်ပါတယ်"

ဝူလ်သည် ကြားဝင်၍

"ဂါဖာ. . , အခုလို သတိကြီးတာ ကောင်းပါတယ်။ လိုအပ်ရင် ဌာနချုပ်ဖုန်းဆက်ပြီး မေဂျာကို မေးပါလား"

အယ်လိန်းသည် ကြောက်ရွံ့စွာတွေးလိုက်၏။ ဘုရားရေ. . ဂါဖာများ ဖုန်းမကိုင်လိုက်နဲ့နော်၊ မင်းဖုန်းနံပါတ်လှည့်မပြီးခင် မင်းကိုသူက သတ်မှာဟု စိတ်ထဲက ပြောလိုက်၏။

ဂါဖာသည် တွေသွား၏။ နောက်မှ. . .

"မလိုဘူး ထင်ပါတယ်ခင်ဗျ၊ လူကြီးမင်းပြောသလို မစ္စဖွန်တာနာကို ကျွန်တော်တို့ သိနေကြတာပဲဟာ"

အယ်လိန်းတွေးမိ၏။ ငါ့အပြစ်ပါလား. . .

ဂါဗာအပြင်ထွက်သွား၏။

ဝူလ်သည် အယ်လိန်းအား အရဗစ် ဘာသာဖြင့်. . .

"ကျုပ်စာရေးနေတုန်းကလေးကို ညိမ်အောင်ထိန်းထားစမ်း. . ."

အယ်လိန်းသည် ဘီလီ၏ ကျောင်းအိတ်ကို မြင်ပြီး အတွေးတစ်ခု ပေါ်သွား၏။

"မင်းကျောင်းစာအုပ်တွေပြစမ်းပါဦးကွယ်"

ဘီလီသည် အယ်လိန်းအား 'ရှုပ်များနေရော့သလား' ဟူသောအကြည့်ဖြင့် ကြည့်သည်။ အယ်လိန်းက. . .

"ပြစမ်းပါကွဲ့"

ပြောပြောဆိုဆိုပင် ကျောင်းအိတ်ကိုယူ ဖွင့်ကြည့်လိုက်ရာ မြေပုံစာအုပ်ကြီးသည် ထိုးထိုးထောင်ထောင်ထွက်နေ၍ ယူလိုက်၏။

"ပထဝီဘာသင်နေရပြီလဲ"

"နော်ဝေအကြောင်း"

အယ်လိန်းသည် ဝူလ်ဖက်သို့ လှည့်အကဲခတ်ရာ စာရေးပြီး၍ စာကို အိတ်တစ်ခုထဲ ထည့်နေသည်ကို တွေ့ရ၏။ နောက် စာအိတ်ကို ပိတ်၍ အိတ်ထဲထည့်သည်။

အယ်လိန်းသည် မြေပုံစာအုပ်ကို ဖြန့်၍. . .

"ဒါဆို. . . တို့ နော်ဝေမြေပုံကြည့်ရအောင်"

ထိုစဉ် ဝူလ်သည် တယ်လီဖုန်းကို ကောက်ကိုင်၍ နံပါတ်တစ်ခုလှည့်သည်။ အယ်လိန်းကို တစ်ချက်ကြည့်သည်။ နောက်မျက်နှာလွှဲပြီး ဟိုဘက်သို့ လှည့်လိုက်၏။

အယ်လိန်းသည် အီဂျစ်မြေပုံကို ရှာတွေ့သွား၏။

ဘီလီက. . .

"ဒါ. . . ဒါ"

အယ်လိန်းက သူမနှုတ်ခမ်းကို လက်ညှိုးနှင့်တေ့ပြီး တိတ်တိတ်နေရန် အချက်ပြလိုက်၏။ ဘီလီငြိမ်သွား၏။ သို့သော် မျက်မှောင်ကုပ်၍ အယ်လိန်းကို ကြည့်နေ၏။

ကလေးရယ် ခဏလေးငြိမ်ငြိမ်နေစမ်းပါကွယ်။ ငါဘာလုပ်လုပ်နေနေပါ၊ စိတ်ထဲက ကြိတ်ဆုတောင်းလိုက်၏။ ပါးစပ်ကမူ အယ်လိန်းက. . .

"စကန်ဒီနေဗီးယန်းတော့ ဟုတ်တယ်။ ဒါပေမယ့် နော်ဝေတော့

မဟုတ်သေးဘူးကွဲ့၊ နော်ဝေက စကန်ဒီနေဗီယန်း ထဲမှာတော့ပါတယ်။ ဒီမှာကြည့်. . .”

အယ်လိန်းသည် သူမလက်ကိုပတ်ထားသော လက်ကိုင်ပဝါကို ဖြေလိုက်၏။ ဘီလီက အံ့ဩစွာ အယ်လိန်းလက်မှ ဒဏ်ရာကို ကြည့်သည်။ အယ်လိန်းသည် သူမလက်သဲချွန်ဖြင့် ဒဏ်ရာကို ထိလိုက်ရာ သွေးပြန်ထွက်လာ၏။ ဘီလီမျက်နှာ ဖျက်သွား၏။ တစ်စုံတစ်ရာ ပြောမည်ပြုသည်တွင် အယ်လိန်းအချက်ပြလိုက်၍ ငြိမ်သွားပြန်၏။

အယ်လိန်းစိတ်ထဲတွင် ဝူလ်သည် အစရွတ်သို့ သွားမည်ဟု သေချာနေ၏။ ထို့ကြောင့်သာ ဝူလ်က ဗင်ဒန်အနေနှင့် သူ့သွားမည့် ခရီးကို မှန်းဆနိုင်ကောင်းသည်ဟု ပြောခဲ့သည် မဟုတ်ပါလား။ ထိုစဉ် ဝူလ်၏အသံကို ကြားလိုက်၏။

“ဟဲလို. .. အစရွတ်ကို သွားမယ့် ရထားချိန်ကို ပြောစမ်းပါ”

ငါမှန်သားပဲဟု အယ်လိန်းတွေး၏။ ပြီးနောက် ဒဏ်ရာမှ ထွက်နေသော သွေးများကို လက်ချောင်းနှင့် တို့လိုက်၏။ အီဂျစ်ပြည်မြေပုံပေါ်တွင် သွေးနှင့်ပင် မြှားပုံရေးလိုက်၏။ မြှားဦးသည် အစရွတ်မြို့ကို ဦးတည်ထားလိုက်၏။ ကိုင်ရိုနှင့် မိုင်သုံးရာ ဝေးသော အစရွတ်မြို့ဆီသို့. . . အယ်လိန်းသည် မြေပုံစာအုပ်ကို ပြန်ပိတ်သည်။ နောက်လက်ကိုင်ပဝါနှင့် မြေပုံစာအုပ်အဖုံးကို သွေးများနှင့်ပေကျံသွားအောင် သုတ်လိုက်၏။ ပြီးမှ နောက်ဘက်သို့ မသိမသာ တင်လိုက်၏။

ဝူလ်ဖုန်းခွက်ထဲ စကားပြောနေသည်။

“ဟုတ်ကဲ့. . . ရထားဘယ်အချိန်ဆိုက်မှာလဲ ခင်ဗျ. . .”

ဘီလီသည် အံ့ဩလွန်းမက၊ အံ့ဩနေ၏။ သူသည် အယ်လိန်း၏လက်ကို ငေးကြည့်နေ၏။ ဘီလီတစ်ခုခု မပြောခင်အယ်လိန်း တစ်ခုခုလုပ်မှဖြစ်မည်။ အယ်လိန်းက. . .

“ဒီမှာ ဘီလီမင်း အင်္ဂါသာခရစ္စတီးရေးတဲ့ ‘မြေပုံစာအုပ်ပေါ်မှ သွေးစက်သဲလွန်စများ’ဆိုတာ ဖတ်ဘူးလား”

“ဟင့်အင်း. . . အဲဒီနာမည်မျိုးနဲ့လည်း”

“တော်တယ်ဟေ့၊ စုံထောက်တစ်ယောက်ဆိုတာ အခြေခံသဲလွန်စရရင် စုံထောက်နိုင်တယ်ကွဲ့.”

ဘီလီသည်အယ်လိန်းကို မျက်မှောင်ကုပ်ကြည့်သည်။ သည်တစ်ခါ မျက်မှောင်ကုပ်နေခြင်းမှာ အံ့ဩ၍မဟုတ်၊ တစ်စုံတစ်ရာ စဉ်းစားနေသောကြောင့် ဖြစ်ပုံရသည်။

ဝူလ်သည် ဖုန်းခွက်ကို ချလိုက်၏။

"ကဲ. . . သွားစို့ ဘီလီ၊ မင်း ကျောင်း နောက်မကျချင်ဘူး မဟုတ်လား"

ဝူလ်သည် တံခါးဆီသို့ သွား၍ဖွင့်သည်။

ဘီလီသည် ကျောင်းအိတ်ကို ယူ၍ထွက်သည်။ အယ်လိန်းသည် ထလိုက်ရ၏။ ဝူလ်တစ်ယောက် မြေပုံစာအုပ်ကို သတိမထားမိပါစေနှင့်ဟု ဆုတောင်းနေမိ၏။

ဝူလ်က စိတ်မရှည်စွာဖြင့်. . .

"လာစမ်း. . . မြန်မြန်. . ."

အယ်လိန်း တံခါးအပြင်ဘက်သို့ ထွက်လိုက်၏။ ဝူလ်သည် စားပွဲပေါ်မှ စာအုပ်ပုံထဲသို့ သူ့စာအိတ်ထဲမှ စာကို ထုတ်ယူ၍ အပေါ်ဆုံးမှ တင်လိုက်၏။

သူတို့ အိမ်ရှေ့ တံခါးမှ ထွက်လိုက်ကြသည်။

ဝူလ်က အယ်လိန်းအား. . .

"မင်း ကားမောင်းတတ်သလား"

"ဟုတ်ကဲ့. . ."

ဖြေပြီးမှ နောင်တရသွား၏။ မမောင်းတတ်ဟု ပြောခဲ့သော် ကောင်းလေစွ။

"မင်းတို့နှစ်ယောက် ရှေ့ကတက်ကြ"

သူကိုယ်တိုင်ကမူ နောက်ခန်းမှထိုင်သည်။

ကားထွက်လာသောအခါ ဝူလ်ရှေ့ခန်းဘက်သို့ ကုန်းလာသည်ကို အယ်လိန်းတွေ့ရ၏။ သူက ဘီလီအား. . .

"ဒါမြင်လား"

အယ်လိန်းကိုယ်တိုင်လည်း ငုံ့ကြည့်လိုက်မိသည်။

ဝူလ်သည် သေနတ်ပြောင်းကို ဘီလီအား ပြနေခြင်းဖြစ်သည်။

"ဟုတ်ကဲ့"

ဘီလီ၏ အသံမှာ တုန်နေ၏။ ဝူလ်က

"အေး. . . မင်းရှတ်ရှတ် ရှတ်ရှတ်လုပ်ရင်တော့ မင်းလည်ပင်းကို ငါဖြတ်ပစ်ပြီသာ မှတ်ပေတော့"

ထိုအခါမှ ဘီလီငိုလေတော့သည်။

❖ ❖ ❖

(၂၅)

"သတိအနေအထားနဲ့ ရပ်ကြစမ်း"

ဂျိတ်၏ အသံမှာ စစ်ကျောင်းမှ ဆာဂျင်ဆရာ အသံမျိုးဖြစ်သည်။

ကာမဲလ် သတိအနေအထားနဲ့ ရပ်လိုက်၏။

စစ်ဆေးရေးစခန်းမှာ စားပွဲ တစ်လုံးသာရှိ၏။ ဗင်ဒန်သည် ကုလားထိုင် တစ်လုံးနှင့် လက်ဖက်ရည် တစ်ပန်းကန်ကို ကိုင်၍ အခန်းထဲဝင်လာပြီး စားပွဲခုံမှာ ထိုင်သည်။ ဗင်ဒန်က. . . .

"အဲလက်ဝူလ် ဘယ်မှာလဲ"

"ကျွန်တော် မသိပါဘူး"

ကာမဲလ်သည် ရပ်နေခြင်းကို နည်းနည်းလျော့လိုက်၏။

"သတိ"

ဂျိတ်က အော်လိုက်ရာ ကာမဲလ် သတိပြန်ဆွဲလိုက်ရ၏။

"မင်း မနေ့ညက အစောင့်ထားတဲ့ ရဲကြပ်ကြီးဆီက ဖုန်းရတယ် မဟုတ်လား"

ကာမဲလ် ဘာမှမဖြေခင် ဂျိတ်ကဝင်အော်၍. . . .

"မေဂျာ မေးနေတယ် ဖြေလိုက်"

ကာမဲလ်က. . . .

"ဟုတ်ကဲ့"

"သူက ဘာပြောလဲ"

"မေဂျာဗင်ဒန်က သူစောင့်ကြည့်နေမှလာပြီး သူ့ကို အကူအညီ တောင်းခိုင်း လိုက်တယ်လို့ပြောပါတယ်"

ဂျိတ်ကဝင်၍ . . .

"လူကြီးကို ဖြေရင် ဆာထည့်ဖြေရတယ်ကွ"

"ဟုတ်ကဲ့ဆာ"

ဗင်ဒန်ကမူ ဘာမှမသိဟန်နှင့် . . .

"ဒီတော့ မင်းကဘာလုပ်လဲ"

"ကျွန်တော်ကိုယ်တိုင် အဲဒီဘက်လာပြီး စုံစမ်းဖို့လာခဲ့ပါတယ် ဆာ"

"အဲဒီနောက်တော့ . . ."

"အဲဒီနောက်တော့ ကျွန်တော်ခေါင်းကို အရိုက်ခံရပြီး မေ့သွားပါတယ်။ သတိရလာတော့ ကျွန်တော့်ခြေထောက်ရော လက်ပါ ကြိုးတုတ်ခံထားရတာကို တွေ့ရပါတယ်။ အဲဒီကြိုးကို ဖြေဖို့ ကြိုးစားရတာ သိပ်ကြာပါတယ်။ ရတော့ မေဂျာဆီကို လာပြီး ကြိုးဖြေပေးပါတယ်။ အဲဒီကျတော့ တစ်ခါ ရန်ပြုတာခံရပါတယ်"

ဂျိတ်သည် ကာမဲလ်နားတိုးသွားပြီး . . .

"မင်း ခွေးမသား လူညာပဲ"

ကာမဲလ် ဘာမှမပြော၊ ဗင်ဒန်က . . .

"ဒီမယ်နားထောင်စမ်း ကာမဲလ်၊ ခုလက်ရှိအခြေအနေတွေအားလုံး အရတော့ မောင်ရင် စပိုင်လုပ်မှုနဲ့ ပစ်သတ်ခံရမှာပဲ၊ တကယ်လို့ မင်းသိသမျှကို ဖွင့်ပြောမယ်ဆိုရင် ထောင်ဒဏ်ကျအောင် တို့ကြည့်လုပ်ပေးလို့ရတယ်။ ဒီလောက်တော့ ကိုယ့်ကိုယ်ကိုယ် သိတတ်စမ်းပါကွာ။ ကဲ မေးမယ် . . . ညက မင်းချုံဖုတ်ထဲကိုလာပြီး ငါ့ကို မေ့အောင် ရိုက်ပစ်တယ်မဟုတ်လား"

"မရိုက်ပါဘူး ခင်ဗျ"

ဗင်ဒန်သည် သက်ပြင်းချလိုက်၏။ ကာမဲလ်သည် သူပြောခဲ့ပြီးသော ဇာတ်လမ်းကို ဆက်၍ထိန်းနေရတော့မည်ဖြစ်သည်။ သူ၌ အပြစ်မရှိကြောင်း ဆက်ထိန်းနေနေသမျှ ဝူလ်ဘယ်သွားသည်ဆိုခြင်းကို သိဦး ဖွင့်ပြောမည်မဟုတ်တော့။

ဗင်ဒန်က . . .

"မင်းရဲ့ မိန်းမကော ဒီကိစ္စထဲမယ် ဘယ်လောက်ပါသလဲ"

ကာမဲလ်၏ နှုတ်ခမ်းသည် တင်းတင်းစေ့သွား၏။

ဗင်ဒန်သည် မတ်တတ်ထရသည်။

"ဂျိတ် သူ့မိန်းမကို စပိုင်မသက်ာမှုနှင့် ခေါ်ခဲ့ကွာ"

ကာမဲလ်က မဲ့၍. . .

"အင်္ဂလိပ် တရားဥပဒေပေါ့ကွာ"

ဗင်ဒန်က ကာမဲလ်ကို ကြည့်၍. . . .

"ဂူလ် ဘယ်မှာလဲ"

"မသိဘူးခင်ဗျ"

ဗင်ဒန်သည် အပြင်သို့ထွက်ခဲ့သည်။ ဂျိတ်ဝါအပြင်သို့ရောက်သောအခါ ဗင်ဒန်က. . .

"သူက ပုလိပ်က၊ ဒီလိုပုံစံတွေကို သိပြီးဖြစ်နေတယ်၊ သူဦးတော့ကျိုးပြီပေါ့မှာပဲ၊ ဒါပေမယ့် ကနေ့တော့ မပေါ်ဘူး စိတ်ချပေတော"

ဗင်ဒန် ခေါင်းထဲမှာမူ ယနေ့ဂူလ် ဘယ်မှာရှိနေပါလိမ့်ဟု တွေး၏။ ဂျိတ်က. . . . .

"သူ့မိန်းမကို ဖမ်းလိုက်ရတော့မလား ဆရာ"

"နေပါဦးကွာ နောက်လိုတော့ ဖမ်းတာပေါ့"

သူတို့ ရှေ့ဂိုက်အနည်းငယ် လျှောက်သွားပြီး နောက်ထပ်အချုပ်ခန်း တစ်ခုနား ရောက်လာပြန်သည်။ ဗင်ဒန်က. . . .

"သည်မှာ အားလုံးအဆင်သင့်လုပ်ထားပြီးပြီလား"

"ဟုတ်ကဲ့ခင်ဗျ"

သူတို့ အခန်းထဲ ဝင်လိုက်ကြသည်။ အခန်းထဲ ကုလားထိုင် တစ်လုံးတွင် ဆွန်ဂျာထိုင်နေ၏။ သူမသည် မီးခိုးရောင်ထောင်ဝတ်စုံကို ဝတ်ထားပြီးဖြစ်သည်။ သူမနံဘေးတွင် ကြံ့ခိုင် ကြောက်မက်ဖွယ်ကောင်းသော အမျိုးသမီးဝန်ထမ်းရပ်နေ၏။ အခန်းထောင့်တွင် ခုတင်တစ်လုံးနှင့် မျက်နှာသစ်ကန်တစ်ခုရှိသည်။

ဗင်ဒန်တို့ဝင်သွားပြီး အခန်းထဲရောက်သွားသည်နှင့် အမျိုးသမီး ဝန်ထမ်းက ဆွန်ဂျာအား. . .

"ထစမ်း"

ဗင်ဒန်နှင့် ဂျိတ်အခန်းထဲဝင်လာပြီး ထိုင်သည်။ ဗင်ဒန်က. . .

"ထိုင်ပါ ဆွန်ဂျာ"

ဆွန်ဂျာသည် မထိုင်ပေ၊ အမျိုးသမီးဝါတာက ကုလားထိုင်ပေါ် ဆွဲချထိုင်ပေးလိုက်၏။

ဗင်ဒန် ဆွန်ဂျာကို အကဲခတ်ကြည့်လိုက်သည်။ သူ့ဤမိန်းမကို တစ်ခါ စစ်ဆေးမေးဘူးပြီ၊ ထိုစဉ်က သူ့ထက်ခေါင်းမာကြောင်း တွေ့ခဲ့ဘူးပြီ။ သည်တခါ တော့ အခြေအနေက တမျိုးကြီးဖြစ်နေသည်။ ဗင်ဒန်လက်နက် သိပ်မရှိတော့၊ ဗင်ဒန်က. . .

"အဲလက်ဝူလ် ဘယ်မှာလဲ"

"မသိဘူး"

"အယ်လိန်း ဖွန်တာနာကော"

"မသိဘူး"

"အဲလက်ဝူလ် ဟာ ဂျာမန်စပိုင်တစ်ယောက်ပဲ၊ မင်းဟာ သူ့ကို အကူအညီ ပေးနေသူဖြစ်တယ်"

"မဟုတ်တရုတ်"

"မင်းဒုက္ခရောက်နေပြီနော်"

ဆွန်ဂျာဘာမှမဖြေ၊ ဗင်ဒန်က ဆွန်ဂျာမျက်နှာကို ကြည့်သည်။ ဆွန်ဂျာ မျက်နှာမှာ မာနကြီးသည်၊ ယုံကြည်မှုရှိနေသည်။ ကြောက်ရွံ့ပုံမရ၊ မနက်က ဆွန်ဂျာ သည် အိပ်ရာမှ နိုးလာချိန်တွင် တကယ်ပင် ဘာမှ မသိပုံရသည်ကို ထောက်ထား၍ ဝူလ်သည် ဆွန်ဂျာကို ဘာမှအသိပေးခြင်းမရှိပဲ ထွက်သွားခြင်းဖြစ်ရပေမည်။ ဆွန်ဂျာ အနေနှင့် သစ္စာဖောက်ခံရသလို ဖြစ်မနေဘူးလား။

ဗင်ဒန်. . .

"ဝူလ်မင်းကို သစ္စာဖောက်သွားပြီကွဲ့၊ ပုလိပ်အရာရှိ ကာမဲလ်က ဝူလ်ကို လာပြီးအခြေအနေ မကောင်းတော့ဘူးလို့ သတင်းလာပေးတော့၊ ဝူလ်ဟာ မင်းကို အိပ်ရာထဲက မနှိုးပဲ တခြားမိန်းမတစ်ယောက်နဲ့ ထွက်ပြေးသွားပြီပဲဟာ မင်းက သူ့ကို ဘာလို့ ကာကွယ်နေရတာလဲ"

ဆွန်ဂျာ ဘာမှမပြော. . .

"ဝူလ်ဟာ မင်းရဲ့လှေအိမ်ပေါ်မှာ အသံလွှင့်စက်ယူထားတယ်၊ အဲဒီကနေ ပြီး ညည သန်းခေါင်မှာ ရိုမဲလ်ဆီကို သတင်းပို့တယ်၊ ဒါကိုမင်းသိတယ်။ မင်းစပိုင် ကူညီမှုနဲ့ ပစ်သတ်ခံရမှာပဲ"

"ကိုင်ရိုတစ်မြို့လုံးဆူသွားမှာပေါ့၊ ရှင်တို့မလုပ်ရဲပါဘူး"

"ဒါ မင်းအထင်ကိုးကွဲ့၊ ခုအနေမှာ ကိုင်ရိုတစ်မြို့လုံးဆူသွားရင်ကော ကျုပ်တို့က ဂရုစိုက်မယ်ထင်သလား၊ ဂျာမန်တွေက မြို့တံခါးပေါက်ရောက်နေပြီ၊ သူတို့ပဲ ကြည့်ရှင်းကြတာပေါ့"

"ရှင်တို့ ကျွန်မကို မထိရဲပါဘူး"

"ဝူလ် ဘယ်ကိုသွားတာလဲ"

"မသိဘူး"

"မင်း စဉ်းစားမိတဲ့နေရာ မရှိဘူးလား"

"မရှိဘူး"

"မင်း အခုလို တို့ကို အကူအညီမပေးဘူးဆိုရင် မင်းမလွယ်ဘူးနော်"

"ရှင်တို့ ကျွန်မကို မထိရဲပါဘူး"

"အင်း . . . ဒါဆို ထိရဲကြောင်း ပြမှန့်တူတယ်"

ဗင်ဒန်သည် အမျိုးသမီးဝန်ထမ်းကို ခေါင်းညိတ်အချက်ပြလိုက်၏။

အမျိုးသမီးသည် ဆွန်ဂျာကို ချုပ်ပေးပြီး ဂိုတ်က အသင့်ယူလာသော ကြိုးဖြင့် ကုလားထိုင်မှာ တုပ်လိုက်သည်။ ဆွန်ဂျာသည် ရုန်းကန်၏ သို့သော် မရပေ။ နောက်ဆုံး ငြိမ်သွားပြီး ဗင်ဒန်ကို ပြန်ကြည့်၏။ သူမမျက်လုံးတွင် ကြောက်ရွံ့ရိပ် ကလေး နည်းနည်းပြလာ၏။ ပါးစပ်ကမူ . . .

"ရှင်တို့ ဒါဘာလုပ်တာလဲ၊ ခွေးတွေ . . ."

အမျိုးသမီးဝန်ထမ်းသည် အသင့်ရှိနေသော ကတ်ကြေး တစ်ချောင်းဖြင့် ထူထဲသိပ်သည်းသော ဆွန်ဂျာ၏ ဆံပင်များကို ကိုက်ဖြတ်လေပြီ။

ဆွန်ဂျာသည် ငယ်သံပါအောင်အော်၍ . . .

"ရှင်တို့ ဒီလိုမလုပ်နဲ့နော်"

အမျိုးသမီးဝန်ထမ်းသည် လျင်မြန်ကျွမ်းကျင်စွာပင် ဆွန်ဂျာ၏ ခေါင်း ပေါ်မှ ဆံပင်များကို ညှပ်ပစ်နေ၏။ ဆံပင်ထွေးများမှာ အပုံလိုက် ဆွန်ဂျာ၏ ပေါင် ပေါ်သို့ ကျသည်။ ဆွန်ဂျာသည် သံကုန်အောင်အော်ရင်း ဗင်ဒန်တို့ကို အယုတ္တ အနတ္တအစုံဖြင့် ဆဲရေးလေ၏။

အမျိုးသမီးဝန်ထမ်းသည် နောက်ထပ် ကတ်ကြေးငယ်တစ်ခုထပ်ယူ၍ ဆွန်ဂျာခေါင်းပေးမှ ဆံပင်များကို ဦးရေနှင့် ကပ်ကာ ထပ်၍ ညှပ်လိုက်ပြန်၏။

ဆွန်ဂျာသည် အော်ဟစ်ဆဲဆိုခြင်းမှ မျက်ရည်ကျခြင်းသို့ ပြောင်းသွားလေ ၏။ သူ့စကားကို ကြားလောက်သည်နှင့် ဗင်ဒန်က . . .

"ကဲ . . . မင်းတွေ့ပြီမဟုတ်လား။ ကျုပ်တို့ဟာ အခုဘာကိုမှ ဂရုမစိုက် တော့ဘူး၊ အီဂျစ်တစ်ပြည်လုံးရဲ့ ထင်မြင်ချက်လဲ အရေးမကြီးတော့ဘူး၊ ကျုပ်တို့ ဘဝက ချောင်ပိတ်မိသလိုဖြစ်နေပြီ။ ကျုပ်တို့ကိုယ်တိုင် မကြာခင်အသတ်ခံချင် ခံနေရမှာ။ ဒီတော့ ကျုပ်တို့လုပ်ချင်တာ လုပ်မှာပဲ"

အမျိုးသမီးသည် ဆွန်ဂျာ၏ခေါင်းကို ရေဆွတ်၊ ဆပ်ပြာပွတ်၍ သင်စုန်းဓားဖြင့် ဆံပင်များကို ရိတ်ပစ်နေ၏။ ဗင်ဒန်က. . .

"ဝူလ်ဟာ ငါတို့ အင်္ဂလိပ်စစ်ဌာနချုပ်က သတင်းတွေကို တစ်ယောက်ယောက်ဆီက ရယူနေတယ်။ ဘယ်သူ့ဆီကလဲ. . ."

"ရှင်တို့ လူယုတ်မာတွေပဲ"

အားလုံး ကိစ္စပြီးသွားသည့်အခါ အမျိုးသမီးဝန်ထမ်းက အိတ်ထဲမှ မှန်တစ်ချပ်ကိုယူ၍ ဆွန်ဂျာမျက်နှာရှေ့မှာ ထောင်ပြသည်။ ပထမဆွန်ဂျာမကြည့်ရဲ နောက်ခဏအကြာတွင် မနေနိုင်၍ မှန်ကိုလှမ်းကြည့်၏။ မှန်ထဲမှအရိပ်တွင် ခေါင်းတုန်းနှင့် မိန်းမရိပ်တစ်ခု ထင်နေ၏။

"မဖြစ်နိုင်ဘူး၊ ဒါ ကျွန်မ မဟုတ်ဘူး"

ပြောပြောဆိုဆိုပင် ဆွန်ဂျာ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ချုံးပွဲချ ငိုလိုက်သည်။

ယခုတော့ ဆွန်ဂျာ၏။ အမုန်းတရား သတ္တိများသည် မရှိတော့၊ စိတ်ဓာတ်ကျခြင်းသာ ရှိတော့၏။ ဗင်ဒန်က လေသံပျော့ပျော့ဖြင့်. . .

"ဝူလ် ဘယ်သူ့ဆီက သတင်းရနေတာလဲ"

ဆွန်ဂျာ့လေသံကလည်း တိုးသည်။

"မေဂျာစမစ်ဆီက. . ."

ဗင်ဒန် သက်ပြင်းချလိုက်၏။ ဆွန်ဂျာ ဦးကျိုးသွားပြီ ဖြစ်၏။

"နာမည်အပြည့်အစုံက. . ."

"ဆင်ဒီ စမစ်ပါ"

ဗင်ဒန် ဂျိတ်ကို လှမ်းကြည့်လိုက်၏။ ၎င်းမေဂျာမှာ အမ်ဒိုင် ၆ မှ ပျောက်ဆုံးနေသည်ဟု သတင်းပို့ထားသူဖြစ်သည်။ ဗင်ဒန်က. . .

"သူ့ဆီက ဘယ်လိုလုပ်ပြီး သတင်းယူသလဲ"

"ဆင်ဒီက နေ့လယ်စာ ထမင်းစားပြီးချိန်မှာ ကျွန်မဆီကို အလည်လာတယ်။ ကျွန်မတို့နှစ်ယောက် အိပ်ရာထဲမှာ ရှိနေတုန်း အဲလက်က သူ့လက်ဆွဲ အိတ်ထဲက ကြည့်တာပါ"

လွယ်လှပါကလား။ ဗင်ဒန်သည် တွေးရင်း မောသွား၏။ စမစ်သည် အမ်ဒိုင် ၆ နှင့် စစ်ဌာနချုပ် ဆက်သွယ်ရေးအရာရှိဖြစ်သည်။ အမ်ဒိုင် ၆ အနေနှင့် ဌာနချုပ်မှ လုပ်ရပ်များ အတိအကျသိရန် လိုသည်ဖြစ်ရာ ဌာနချုပ်သို့ စမစ် အစည်းအဝေးတိုင်းလာတက်ရသည်။ နောက်အရေးပါသော ဆုံးဖြတ်ချက်များကို

ထည့်၍ သူ့ရုံးသို့ ပြန်ရ၏။ ထိုသို့မပြန်မီ ဆွန်ဂျာ၏ လှေအိမ်သို့ဝင်၍ ဆွန်ဂျာနှင့် ပလူးနေခိုက် ဝူလ်က သတင်းများကို စမစ်မသိအောင် ထုတ်ယူကြည့်ရှုသည်။ ကောင်းကြပါလေရော။ ဗင်ဒန်က. . .

"ဒါဆို အခု စမစ်ရော အခုဘယ်မှာလဲ"

"တစ်နေ့က အဲလက်စာရွက်တွေကြည့်နေတုန်း စမစ်တွေ့သွားတာနဲ့ အဲလက်က စမစ်ကို သတ်လိုက်ပြီ"

"ဒါဖြင့် အလောင်းကော. . ."

"လှေအိမ်နံဘေး မြစ်ထဲမှာ နှစ်လိုက်တယ်"

ဗင်ဒန် ဂျိတ်ကိုလှည့်ပြီး အချက်ပြလိုက်ရာ ဂျိတ်ထွက်သွား၏။

ဗင်ဒန်က. . .

"ကာမဲလ်အကြောင်းကို ပြောစမ်းပါ"

သည်အချိန်မှာ ဆွန်ဂျာသည် အရှိန်ရနေပြီဖြစ်သည်။ သိသမျှ အမြန်ဆုံး ပြော၍ ကိစ္စသတ်ချင်နေပြီဖြစ်၏။

"ရှင်တို့က ကျွန်မရဲ့လှေအိမ်ကို စောင့်ကြည့်ဖို့ တာဝန်ပေးလိုက်တော့ ကာမဲလ်က ကျွန်မဆီကို လာတွေ့ပြီးပြောတယ်၊ ကျွန်မတို့ကို စောင့်ကြည့်နေတဲ့ သတင်းကို အထက်ကို မပို့ပဲနေမယ်။ ကျွန်မက အဲလက်နဲ့ ဆာဒစ်ကို တွေ့ပေးရမယ်လို့ပြောတယ်"

"အဲလက်နဲ့ ဘယ်သူ. . ."

"အိုမာအယ်ဆာဒစ် ဆိုတဲ့လူ၊ အီဂျစ်စစ်တပ်ထဲက ကပ္ပတိန်ပဲ"

"သူက ဘာလို့တွေ့ချင်တာတဲ့လဲ"

"သူတို့ အမျိုးသားဝါဒီတွေအနေနဲ့ ရိုမဲလ်နဲ့ဆက်သွယ်ချင်လို့ပါ"

သည်အချက်ကို ဗင်ဒန်မတွေးမိခဲ့။

"ဒါဖြင့် ဆာဒစ် ဘယ်မှာနေသလဲ"

"ကူဘ်-အယ်-ကွာအတ်အရပ်မှာ"

"လိပ်စာက. . ."

"ဒါတော့ ကျွန်မလဲမသိဘူး"

ဗင်ဒန်သည် အမျိုးသမီးဝန်ထမ်းဘက် လှည့်၍. . .

"သွား. . . ကပ္ပတိန် အိုမာအယ်ဆာဒစ်ရဲ့ လိပ်စာ အတိအကျစုံစမ်းချေ. . ."

"ဟုတ်ကဲ့ရှင်. . ."

အမျိုးသမီး ထွက်သွားသည်။ ဗင်ဒန်က. . .

"ဝူလ်ဟာ သူ့အသံလွှင့်စက် မင်းရဲ့လေ့အိမ်ပေါ် မှာထားတယ်မဟုတ်လား"

"ဟုတ်ကဲ့. . ."

"သတင်းပို့ရင် လျှို့ဝှက်ကုတ်နဲ့ မပို့ဘူးလား"

"ဟုတ်ကဲ့. . . သူ့မှာ အင်္ဂလိပ်ဝတ္ထု စာအုပ်တစ်အုပ်ပါတယ်။ အဲဒီကကြည့်ပြီး ပို့ပါတယ်"

"ရေဗက်ခါ ဝတ္ထုလား"

"ဟုတ်ပါတယ်"

"လျှို့ဝှက်ကုတ်ရဲ့သော့ချက်မရှိဘူးလား"

"ဘာသော့ချက်. . ."

"ဟိုကွာ. . . စာရွက်တစ်ရွက်လေ၊ အဲဒီထဲမှာ အမှတ်အသားတွေပါမယ်"

ဆွန်ဂျာ ခေါင်းဖြည်းဖြည်း ညိတ်သည်။

"ဟုတ်တယ်၊ ရှိတယ် ထင်တာပဲ"

"အခုအသံလွှင့်စက်ရော၊ စာအုပ်ရော၊ အဲဒီသော့ချက်စာရွက်ရော မရှိတော့ဘူး။ အခုဘယ်ရောက်သွားပြီလဲ"

"ဒါကိုတော့ ကျွန်မလဲမသိဘူး။ ကျွန်မ အမှန်ပြောနေတာ ယုံပါ"

"အင်းပါ. . . မင်းပြောတာ ကျုပ်ယုံပါတယ်။ ဒါထက် အဲလက်ဝူလ် ဘယ်များသွားမယ်လို့ မင်းထင်သလဲ"

"သူ့မှာ အိမ်တစ်လုံးရှိတယ်လေ၊ ဇီလာ-လေ-အောလစ် ဗီယားတဲ့"

"ဖြစ်နိုင်တာပဲ၊ ဒီပြင်ကော"

"သူ့ ညီအစ်ကိုတွေ့ရှိတဲ့ သဲကန္တာရထဲလဲ သွားနိုင်တယ်"

"သူတို့က ဘယ်မှာနေကြသလဲ"

"ဒါတော့ ဘယ်သူမှမသိနိုင်ဘူး၊ သူတို့ဟာ နိုမိတ်တွေပဲ၊ ခြေသလုံးအိမ်တိုင် သမားတွေ"

"ဝူလ်အနေနဲ့ကော သူတို့ဘယ်မှာနေနိုင်တယ်ဆိုတာ သိနိုင်သလား"

"သူကတော့ သိမယ်ထင်ပါတယ်"

ဗင်ဒန်သည် ခေတ္တမျှ ဆွန်ဂျာကို စိုက်ကြည့်နေ၏။ ဆွန်ဂျာသည် ကချေသည်တစ်ဦး ဖြစ်သော်လည်း သရုပ်ဆောင်သူတစ်ဦး မဟုတ်၊ သည်မျှ ဟန်ဆောင်သရုပ်တူ လုပ်နိုင်မည်မဟုတ်၊ သူမအမှန်အတိုင်းပြောနေခြင်းသာဖြစ်ရမည်။

"မင်းကို နောက်မှ လာတွေ့မယ်"

ဗင်ဒန်သည် အပြင်သို့ ထွက်လာခဲ့၏။

အမျိုးသမီး ဝန်ထမ်းက ကပ္ပတိန်ဆာဒစ်၏ လိပ်စာအပြည့်အစုံကို ရေးထားသော စာရွက်ကိုပေးလာသည်။ ဂျိတ်ကလည်း. . .

"ရေတပ်က ရေငုတ်သမားတချို့ ကျွန်တော်တို့ ငှားလိုက်ပါတယ်၊ မကြာခင် သူတို့ရောက်လာကြမှာပါ"

ဗင်ဒန်သည် စီးကရက်တံစ်လိပ် မီးညှိ၏။

"ကောင်းပြီလေ၊ ဒါဆို ဒီလိုလုပ် ဂျိတ်၊ မင်းက သူခိုးကြီးအဗ္ဗဒူလာအိမ်ကို အရင်သွားပြီးရှာ၊ ငါက ဆာဒစ်ဆိုတဲ့ငနဲကို သွားဖမ်းမယ်၊ နောက်ဗီလာ အော်လစ်ဗီးယား အိမ်ကိုလဲတပ်ဖွဲ့တစ်ခုလွှတ်ပြီး ကြည့်ခိုင်းဦး၊ အားလုံးကို ဘာရှာရမည်ဆိုတာ ညွှန်ကြားပြီးပြီလား"

ဂျိတ်က ခေါင်းညိတ်ပြ၏။

"ဟုတ်ကဲ့ အားလုံးကို ဘာရှာရမယ်ဆိုတာ ပြောပြီးပါပြီ၊ ဝူလ်ရယ်၊ အသံလွှင့်စက်ရယ်၊ ရေဗက်ခါစာအုပ်ရယ်၊ ရေဗက်ခါသော့ချက်ပါတဲ့ စာရွက်ရယ်ပါ"

ထိုစဉ်မှ ဗင်ဒန်သည် သူတို့ရုံးအဖွဲ့တွင် အင်္ဂလိပ်အမျိုးသားရဲအဖွဲ့များရှိနေသည်ကို သတိထားမိ၏။ သူက ဒေါသတကြီးဖြင့်. . .

"နေပါဦး၊ တို့ဆီမှာ ဘာလို့ အင်္ဂလိပ်ရဲတွေရောက်နေရတာလဲ"

"နိုင်ငံတကာ ဆက်သွယ်မှုပေါ့ ဆရာ၊ ဗိုလ်မှူးကြီး ဘော(ဂ)ရဲအစီအမံပါ"

ဗင်ဒန်သည် ဒေါသတကြီး ပြန်ပြောလိုစိတ်ကို ကြိုးစားနှုတ်ပိတ်လိုက်၏ ပြီးမှ. . .

"မင်း အဗ္ဗဒူလာဆီကို သွားပြီးရင် လေ့အိမ်ကိုလာခဲ့၊ ငါလဲအဲဒီကို လာပြီးဆုံမယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒါဆို သွားစို့"

သူတို့ အသီးသီး ဌာနချုပ်မှ ထွက်လာခဲ့ကြသည်။

ဗင်ဒန်သည် ဆာဒစ်၏ လိပ်စာအတိုင်း အိမ်သို့ ရောက်လာခဲ့သည်။ ဗင်ဒန် တံခါးခေါက်သည်။ တံခါးပွင့်လာ၏။ ဗင်ဒန်က

"ကပ္ပတိန် အိုမာအယ်ဆာဒစ်လား"

"ဟုတ်ပါတယ်"

ဆာဒစ်မှာ အရွယ်တော် ပိန်ပိန်ပါးပါးဖြစ်၏။ ကပ္ပတိန်ယူနီဖောင်းအပြည့်အစုံဝတ်ထားပြီး အပြင်ထွက်မည့်ဆဲဆဲ ပုံမျိုးဖြစ်ပေသည်။

"မင်းကို ဖမ်းလိုက်ပြီ"

ဗင်ဒန်သည် ဆာဒစ်ကို တွန်းဖယ်၍ အခန်းထဲဝင်သည်။ အခန်းထဲမှာ လူရွယ်တစ်ယောက်တွေ့ရ၏။ ဗင်ဒန်က. . .

"သူက ဘယ်သူလဲ"

"ကျုပ်ရဲ့ညီပါ"

ဗင်ဒန် ဆာဒစ်ကို ကြည့်၏။ ဆာဒစ်မှာ တည်ငြိမ်အေးဆေးစွာရှိနေ၏။ သူသည်ကြောက်ရွံ့နေပုံမရ၊ ဗင်ဒန်က သူ့လူများအား အိမ်ထဲသို့ ရှာရန် အမိန့်ပေးလိုက်၏။

"ဒါက ဘာသဘောလဲ"

ဆာဒစ်သည် အေးဆေးစွာ မေး၏။ ဗင်ဒန်က. . .

"အင်း အဲလက်ဝူလ်ကို သိတယ်မဟုတ်လား"

"မသိပါဘူး"

"ဝူလ်ကို တစ်ချို့က အာမက် ယမာဟာလို့ သိကြတယ်၊ ဒါပေမယ့် ဥရောပ တိုက်သားပါပဲ"

"ကျွန်တော် ကြားတောင်မကြားဖူးဘူး"

ထိုစဉ် တပ်သားတစ်ဦး၏ အော်သံကြားရ၏။

"မေဂျာဗင်ဒန်"

ဗင်ဒန်အသံကြားရာ မီးဖိုချောင်သို့လိုက်သွား၏။ မီးဖိုချောင်ထပ်နိုးမှ ဆာဂျင်တစ်ယောက်သည် အသံလွှင့်စက်ပါသော လက်ဆွဲအိတ်ကို မယူနေသည်။

ဗင်ဒန် ဆာဒစ်ကိုကြည့်လိုက်၏။ ဆာဒစ်မျက်နှာသည် စိတ်ပျက်သွားပုံရ၏။ သူတို့နှစ်ဘက် သဘောတူညီမှုသည် ဒါပဲဖြစ်ရမည်။ ဆာဒစ်၊ ကာမဲလ်တို့က ဝူလ်ကို သတိပေးသည်။ ဝူလ်က ရေဒီယို အသံလွှင့်စက်ပေးသည်။ ဝူလ်များ ဆာဒစ် အိမ်လာ၍အသံလွှင့်ရန် စီစဉ်လေသလား မသိ၊ မပြောနိုင်။

ဗင်ဒန်က သူ့ဆာဂျင်အား. . .

"ကောင်းပြီ၊ ကပ္ပတိန် ဆာဒစ်ကို ဌာနချုပ် ခေါ်သွားပေတော့"

"ကျုပ်ကန့်ကွက်တယ်"

ဆာဒစ်အေးဆေးစွာဆက်ပြော၏။

"ဥပဒေအရ အရာရှိတစ်ယောက်ကို အရာရှိရိပ်သာမှာပဲ ထိန်းသိမ်းခွင့်ရှိတယ်"

အတူပါလာသော အီဂျစ်ရဲအရာရှိက ဝင်၍ထောက်ခံသည်။

"အဲဒါ ဟုတ်တယ်"

ဗင်ဒန်သည် ဘော(လ်)တစ်ယောက်ရှာရှည်ပြီး အီဂျစ်ရဲမျိုး၏ ပူးပေါင်း ခေါ်ယူမှုကို ကျိန်ဆဲလိုက်၏။ ပါးစပ်ကမူ. . . .

"အေး၊ ဒါပေမယ့် ဥပဒေအရ စပိုင်ဆိုရင် ပစ်သတ်ခွင့်တောင်ရှိတယ်ကွ။ သွားဌာနချုပ်ပို့လိုက်၊ တစ်အိမ်လုံးလဲ ဆက်ရှာထား"

ဗင်ဒန်သည် အိမ်ထဲမှ ထွက်ကာ သူ့ကားပေါ်သို့ တက်လိုက်၏။ ဒရိုင်ဘာ အား ဆွန်ဂျာ၏ လှေအိမ်ရှိရာသို့ မောင်းခိုင်းလိုက်၏။

"ဟုတ်ကဲ့ ခင်ဗျ"

ဒရိုင်ဘာသည် ဂျစ်ကားကို မောင်း၍ထွက်ခဲ့၏။

ဗင်ဒန်လှေအိမ်သို့ ရောက်သောအခါ၊ ရေငုပ်သမားများသည် အလုပ်စ နေကြပြီဖြစ်၏။ အပေါ်မှ စစ်သားနှစ်ဦးသည် ရေထဲမှ ရေငုတ်သမားများ ချည် နှောင်ပေးလိုက်သော အလောင်းကို အပေါ်သို့ ဆွဲတင်နေကြလေ၏။

တိုစဉ် ဂိုက်တစ်ယောက် ဗင်ဒန်အနား ရောက်လာသည်။

"သည်မှာ ကြည့်ပါဦး ဆရာ"

ဂိုက်သည် သူ့ လက်ထဲပါလာသော ရေစိုရွှဲ၍ရေဝနေသော ဝတ္ထုစာအုပ် ကိုပြသည်။ အဖုံးမရှိတော့၊ အတွင်းစားသားများကို လှန်ကြည့်ရာ ရေဗက်ခါ စာအုပ် ဖြစ်နေ၏။

အသံလွှင့်စက်သည် ဆာဒစ်ထံသို့ ရောက်သွားခဲ့ပြီ၊ လျှို့ဝှက်သင်္ကေတ အဖြစ် အသုံးချခဲ့သော 'ရေဗက်ခါ' စာအုပ်ကမူ ရေထဲသို့ နောက်စောစောက ဖန် ဆေးလိပ် ပြာခွက်ထဲမှ စက္ကူပြာများမှာ 'ရေဗက်ခါ သော့ချက်' စာရွက်ပင်ဖြစ်ရ ပေမည်။ ဝူလ်သည် 'ရေဗက်ခါ သော့ချက်' ကိုလည်း မီးရှို့ပစ်ခဲ့၏။

ဝူလ်ဘာကြောင့်များ သူ၏အသံလွှင့်စက်၊ လျှို့ဝှက်စာအုပ်နှင့် သော့ချက် ကို စာရင်းရှင်းပစ်ခဲ့ပါလိမ့်၊ သူ့တွင် အရေးကြီးသော သတင်းလည်း ရိုမဲလ်ထံသို့ ပို့ရန် ရှိနေ၏။ အားလုံးစုပေါင်းလိုက်သော် အဖြေကား တစ်ခုသာထွက်၏။ ဝူလ် အတွက် အသံလွှင့်စက်အသစ်တစ်လုံး၊ စာအုပ်အသစ်တစ်အုပ်၊ သော့ချက်စာရွက် တစ်ရွက် ရှိနေ၍သာဖြစ်သည်။ တစ်နေရာရာမှာ ဝှက်ထားပြီးရှိနေရမည်။

အလောင်းဆယ်သူများသည် အလောင်း ကမ်းပေါ်ရောက်သည်နှင့် သူတို့နှင့် မဆိုင်သလို နံဘေးဖယ်နေကြ၏။ ဗင်ဒန်သည် စစ်ဆေး၍ ကြည့်လေ သည်။ အလောင်း၏လည်ပင်းတွင် ဓားဒဏ်ရာကြီးတစ်ခုတွေ့ရသည်။ အလောင်း၏ ခါးတွင် ကြိုးတစ်ချောင်းချည်ထားပြီး တစ်ဘက်ကြိုးအစတွင် လက်ကိုင်အိတ်လေးလေးကြီး

ချည်ထား၏။ ဗင်ဒန်က ထိုလက်ကိုင်အိတ်ကို ဖွင့်ကြည့်ရာ မဖောက်ရသေးသော ရှန်ပိန်ပုလင်းများ တွေ့ရလေ၏။

နံဘေးသို့ ရောက်လာသော ဂျိတ်က. . .

"ဘုရား. . . ဘုရား. . ."

ဗင်ဒန်ကလှည့်၍. . . .

"အရုပ်ဆိုးတယ်မဟုတ်လား၊ လည်ပင်းကိုဖြတ်တယ်။ ရေထဲမြုပ်အောင် ရှန်ပိန်ပုလင်းတွေနဲ့ ဆွဲပြီးနှစ်ပစ်တယ်"

"ဟုတ်တယ်ဆရာ၊ တကယ်သွေးအေးပြီး ရက်စက်တဲ့သူပဲ"

"အေး၊ မားသုံးတာကလည်း သိပ်မြန်တဲ့ကောင်ကွ"

ပြောပြောဆိုဆို ဗင်ဒန်သည် ပါးမှ မားဒဏ်ရာကို လက်ဖြင့် စမ်းကြည့်မိသည်။ သူ့မျက်နှာပေါ်တွင် မရိတ်ပဲထားခဲ့သော မုတ်ဆိတ်မွေးများကြောင့် ဒဏ်ရာကို ကောင်းစွာမမြင်ရတော့၊ သို့သော်ခံစားမှုက ရှိနေဆဲ။ ဝူလ်လက်ထဲမှာ အယ်လိန်းက ရောက်နေသည်။ သည်မားနှင့် အယ်လိန်းကို ရန်မပြုပါစေနှင့်ဟု ဂျိတ်ဆုတောင်း နေမိ၏။ ပါးစပ်ကမူ. . . .

"ဝူလ်ကို မတွေ့ခဲ့ဘူး မဟုတ်လား"

"ဟုတ်ကဲ့ အရိပ်အယောင်တောင် မတွေ့ခဲ့ဘူးခင်ဗျ၊ အဖွဲ့ဒူလာကိုတော့ လိုရမယ်ရ ဌာနချုပ်ကိုခေါ်ခဲ့ပါတယ်။ သူ့အိမ်မှာတော့ ဘာမှ အထောက်အကူရစရာမတွေ့ခဲ့ပါဘူး၊ ဗီလာ-အော်လစ်ဗီးယားမှာလဲ ဘာမှမတွေ့ဘူး ခင်ဗျ"

"အေးကွ၊ ဆာဒစ်အိမ်မှာလည်း ဒီအတိုင်းပဲ"

ရုတ်တရက် ဗင်ဒန်သည် အားအင်ကုန်ခမ်းသွားသလို ဖြစ်သွား၏။ ယခုပုံအတိုင်းဆိုပါက ဝူလ်သည် အမြဲတမ်းသူ့ထက်တစ်ကွက်သာသလို ဖြစ်နေ၏။ သူ့အနေနှင့် ဤ၍ဤမျှလျှင်သော စပိုင်ကို ဖမ်းဆီးနိုင်လောက်အောင် ထူးချွန်ပုံမရ၊ စိတ်ဓာတ်ကျစွာဖြင့် ဗင်ဒန်က. . . .

"တို့တော့ ရှုံးပြီနဲ့ တူပါတယ်ကွယ်"

ဗင်ဒန်သည်မျက်နှာကို လက်ဖြင့်ပွတ်လိုက်၏။ သူမအိပ်ရသည်မှာ ၂၄ နာရီ ကျော်ခဲ့ပြီဖြစ်၏။ သူသည်မှာ ဘာလုပ်နေသနည်း။ အရုပ်ဆိုးလှသော မဂျာဆင်ဒီစမစ်၏ အလောင်းကို ဘာကိစ္စကြည့်နေရသနည်း။ သည်အလောင်းမှ ဘာသဲလွန်စမှ နောက်ထပ်ရစရာရှိမည်မဟုတ်တော့။

"ဂျိတ်-ငါအိမ်ပြန်ပြီး တစ်နာရီလောက် မှိန်းလိုက်ဦးမယ်ကွာ"

ဂျိတ်က ဗင်ဒန်အား အံ့ဩသလို ကြည့်နေ၏။ ဗင်ဒန်က. . . .

"ဟုတ်တယ်၊ ဒါမှ ငါ့ခေါင်းအေးအေးစဉ်းစားနိုင်ဓိတော့မယ်ထင်တယ်။ နေ့လယ်ကျတော့ အကျဉ်းသားတွေအားလုံးကို စစ်တာပေါ့"

"ဟုတ်ကဲ့ဆရာ"

ဗင်ဒန်သည် သူ့ကားရှိရာသို့ ပြန်ခဲ့သည်။ လမ်းတွင် သူစဉ်းစားလာ၏။ ဆွန်ဂျာ၏ အဆိုအရ ဝူလ်သည် သူ့အစ်ကိုဝမ်းကွဲ နိမိတ်လူမျိုးများရှိသေးသည့် အကြောင်း၊ ဗင်ဒန်သည် တငြိမ့်ငြိမ့် စီးရနေသော မြစ်ပြင်မှ လှေများကို ကြည့်နေမိသည်။ ရေသည် အောက်သို့ စုန်ဆင်းနေပြီး လေကမူ အထက်သို့ ဆန်တိုက်နေ၏။ ဒီဂျစ်ပြည်၏ အရေးကြီးလှသော တိုက်ဆိုင်မှုတစ်ခုဖြစ်သည်။ လှေသမားများသည် ရွက်တစ်လက်နှင့်မြစ်ကို ဆန်တက်နိုင်၏။ ဤဖြစ်ရပ်သည် နှစ်ပေါင်း ဘယ်နှစ်ထောင်က အသုံးတည့်၊ အသုံးဝင်နေခဲ့ပါသနည်း။ ဗင်ဒန် မျက်စိမှိတ်လိုက်သော အခါ ရွက်လှေတစ်စင်းပေါ်တွင် ရွက်တိုက်ရင်း နှိမ့်မဲ့လ်ထံ သတင်းပို့နေသော ဝူလ်၏ ရုပ်ပုံကို မြင်ယောင်နေ၏။

မော်တော်ကားရပ်လိုက်သောအခါ ဗင်ဒန်နေ့လည် အိပ်မက် မက်နေကြောင်း သတိရသည်။ ကားသည် သူ့အိမ်ရှေ့သို့ ရပ်လိုက်ခြင်းဖြစ်သည်။ ဗင်ဒန်က ဒရိုင်ဘာအား . . .

"မင်း ငါ့ကို စောင့်ရဦးမှာ။ ဒီတော့ အိမ်ထဲလိုက်ခဲ့ပေတော့"

အိမ်ထဲရောက်သည်နှင့် ဗင်ဒန်က ဒရိုက်ဘာနှင့်အတူ မီးဖိုချောင်ဘက်သို့ သွားသည်။

"ဒါ ငါ့အိမ်က အိမ်ဖော်ဂါဖာပဲ။ သူက မင်းကို စားစရာ တစ်ခုခုကျွေး လိမ့်မယ်"

"ကျေးဇူးပါပဲ ဆရာ"

ဗင်ဒန် ခန်းမထဲသို့ ဝင်ခဲ့၏။ ခန်းမစားပွဲပေါ်တွင် စာအိတ်တစ်ထပ်တွေ့ ရသည်။ အပေါ်ဆုံးစာအိတ်မှာ တံဆိပ်ခေါင်းမပါ၊ ရိုးရိုး ဗင်ဒန်နာမည်တပ်ထားပြီး "အရေးတကြီး" ဟုရေးထားသည်။ လက်ရေးမှာ မြင်ဘူးသလိုလို ရှိနေ၏။ ဗင်ဒန် ကောက်ယူလိုက်၏။

ဗင်ဒန်သည် သူ့အနေနှင့်လုပ်စရာတွေ အများကြီးရှိကြောင်း တွေးမိ၏။ ဝူလ်အနေနှင့် အခုအချိန်ဆို ခရီးအတော်ရောက်လောက် ပေပြီ။ ခရီးလမ်း တစ်လျှောက် မြို့ကြီးများ၊ ကားလမ်းများကို ပိတ်ဆို့ စစ်ဆေးဖို့လိုသည်။ မီးရထား လမ်းတစ်လျှောက်၊ ဘူတာရုံတိုင်းတွင် စစ်ဆေးမှုရှိရန်လိုသည်။ နောက်မြစ်ကြီးကို၊ မြစ်ကြောင်းခရီးကို ဘယ်လိုပိတ်ဆို့ စစ်ဆေးရမည်ကို စဉ်းစားနေရ၏။

သူ ဧည့်ခန်းထဲသို့ ဝင်၏။ လက်ထဲမှ စာအိတ်ကို ဖွင့်ရန်ပစ္စည်းတစ်ခုခု ရှာနေ၏။ စိတ်ထဲတွင်မူ ဝူလ်ကို ရှာဖွေရေး ပိုက်ကွန်ကို ကျဉ်းပစ်ရမည်ဟု တွေးနေ၏။ သူ့တွင် လူများများ သုံးခွင့်မရှိ၊ လူအများကြီးမှာ သဲကန္တာရထဲ၌ စစ်တိုက်နေကြ၏။ သည်တော့ သူ့အနေနှင့် အဖြစ်နိုင်ဆုံးလမ်း၊ အထင်ဆုံးနေရာကို ရွေးရမည်ဖြစ်သည်။ ရုတ်တရက် ဤအဖြစ်အပျက်များ၏ အစကို သတိရမိသည်။ အစရွှတ်မြို့ကပါလား။

သူ့အနေနှင့် အစရွှတ်မှ တော်ပုံရသော ကပ္ပတိန်နယူမင်းထံ ဆက်သွယ်ထားဖို့ လိုမည်ထင်၏။ ဝူလ်သည် သဲကန္တရာထဲမှ လဲခဲ့သူဖြစ်ရာ၊ သည်လမ်းကို မပြန်ဟု မပြောနိုင်။ ထို့အပြင်သူ့ညီအစ်ကိုတော် နိုမိတ်လူမျိုးများသည် ထိုအရပ်နားတဝိုက်တွင် နေနိုင်သည်။ ဗင်ဒန်သည် တယ်လီဖုန်းကို သုံးရနိုးနိုးဖြင့် ကြည့်နေ၏။ အရေးထဲတွင် စာအိတ်ဖောက်ဓားက ဘယ်ရောက်နေပါလိမ့်။ သူ တံခါးဝကို သွားပြီး အော်ခေါ်၏။

"ဂါဖာ"

ဧည့်ခန်းထဲပြန်လာရာ ကုလားထိုင်ပေါ်တွင် ဘီလီ၏ မြေပုံစာအုပ်ကို တွေ့ရသည်။ စာအုပ်သည် စွန်းထင်းပေကျံသလိုဖြစ်နေ၏။ ကလေးဘယ်နေရာတွင် ကျလာခဲ့သည်မသိ၊ သူကောက်၍ ကိုင်ကြည့်လိုက်ရာ ကပ်စေးစေးဖြစ်နေကြောင်း တွေ့ရ၏။ သေချာကြည့်လိုက်သောအခါ သွေးများဖြစ်ကြောင်းသိသွားရ၏။ သူသည် ထမင်းလုံးတစ္ဆေ ခြောက်ခံရသူလိုဖြစ်သွား၏။

ဘာတွေဖြစ်နေကြပါလိမ့်။

စာအိတ်ဖောက်စရာ ဓားမရှိ။

မြေပုံစာအုပ်ပေါ်တွင် သွေးများစွန်းထင်းနေ၏။

နိုမိတ်များ၊ အစရွှက်မြို့. . .

ဂါဖာ အခန်းထဲဝင်လာ၏။ ဗင်ဒန်က

"ဒီမှာကြည့်စမ်း. . . ဘာတွေဖြစ်တာလဲ"

ဂါဖာသည် လှမ်းကြည့်၏။

"ကျွန်တော် မပြောတတ်ဘူးဆရာ. . . ကပ္ပတိန် အလက်ဇန္ဒား အဲဒီနားမှာ ရှိတုန်း သူတို့ ဒီမြေပုံစာအုပ်ကြည့်နေကြတာပဲ"

"သူတို့ဆိုတာ ဘယ်သူတွေလဲကွ၊ ကပ္ပတိန်အလက်ဇန္ဒား ဆိုတာကော ဘယ်သူလဲ"

"ဆရာ. . . ဘီလီကို ကျောင်းပို့ဖို့ဆိုပြီး လွှတ်လိုက်တဲ့ ကပ္ပတိန်လေ. . ."

"တိတ်စမ်း"

ဗင်ဒန်ခေါင်းထဲတွင် ကြောက်စရာကောင်းသောအတွေးတစ်ခုဝင် လာ၏။

"အင်္ဂလိပ် ကပ္ပတိန်တစ်ယောက် အိမ်ကိုလာပြီး ဘီလီကို ခေါ် သွားတယ် ဟုတ်လား"

"ဟုတ်ကဲ့ဆရာ. . . ဆရာက ကလေးကို ကျောင်းပို့ဖို့ လွှတ်လိုက်တာဆို"

"ဂါဖာ ငါဘယ်သူ့ကိုမှ မလွှတ်ဘူးကွ"

ဂါဖာ၏ မျက်နှာသည် မည်းသွား၏။ ဗင်ဒန်က. . .

"မင်းက သူတို့ အတုလား၊ အစစ်လား၊ စုံစမ်းမကြည့်ဘူးလား"

"သူနဲ့အတူ မစ္စဖွန်တာနာ ပါလာတော့ တကယ်ပဲလို့ အောက်မေ့ပြီး. . ."

"ဘုရားရေ. . . သွားပါပြီ"

ဗင်ဒန်သည် လက်ထဲမှ စာအိတ်ကို ကြည့်လိုက်၏။ သည်စာအိတ်ပေါ်မှ လက်ရေးကို မြင်ဘူးသလိုလို ရှိသည်ဟု အောက်မေ့ခဲ့ခြင်းကို၊ သည်လက်ရေးမှာ အယ်လိန်းကို တွေ့ရန် ချိန်းလိုက်သော စာရွက်ပေါ်မှလက်ရေး၊ ဝူလ်၏ လက်ရေး များပါကလား။

ဗင်ဒန်စာအိတ်ကို ဆွဲဆုတ် ဖောက်လိုက်၏။ ထိုလက်ရေးဖြင့်ပင် စာတစ်စောင် ထွက်လာ၏။

ချစ်လှစွာသော မေဂျာဗင်ဒန်. . . .

ဘီလီက ကျုပ်နှင့်အတူရှိတယ်၊ အယ်လိန်းက သူ့ကိုထိန်းထားပါတယ်။ ကျုပ်လိုခြင်နေသမျှ ကာလဘာအန္တရာယ်မှ မဖြစ်စေရပါဘူး။ ကျုပ်ခင်ဗျားကို အကြံပေးချင်တာကတော့ ခင်ဗျားအိမ်မှာ ငြိမ်ငြိမ်လေးနေပြီး ဘာမှ မလှုပ်ရှားဖို့ပါပဲ၊ ကျုပ်တို့ဟာ ကလေးတွေနဲ့စစ်ခင်းနေတာ မဟုတ်ပါဘူး။ ဘီလီကိုလဲ ဘာအန္တရာယ်မှ မပေးချင်ပါဘူး၊ ဒါပေမယ့် ကျုပ်အတွက် ကလေးတစ်ယောက်ရဲ့ အသက်ဟာ ကျုပ်ရဲ့အမိနိုင်ငံ အီဂျစ်နဲ့ ဂျာမနီရဲ့အနာဂတ်နဲ့ယှဉ်လိုက်ရင် ဘာ အဓိပ္ပာယ်မှ မရှိဘူး။ တကယ်လို့ ကျုပ်ရည်ရွယ်ချက်အတွက် လိုအပ်လာရင် ဘီလီကို သတ်ပစ်ဖို့ ခန့်မလေးဘူးဆိုတာ သိဖို့ပါပဲ။

လေးစားစွာဖြင့်

အဲလက်ဝူလ်

ဤစာမှာ ရူးသွပ်နေသူတစ်ယောက်ထံမှ စာသာဖြစ်ရပေမည်၊ ယဉ်ကျေးသိမ်မွေ့သော ရှင်းလင်းချက်၊ မှန်ကန်သော အင်္ဂလိပ်စာ အရေးအသား၊ ကလေးငယ် တစ်ယောက်ကိုသာ ပြန်ပေးဆွဲသွားခြင်းအတွက် မှန်ကန်ကြောင်း သက်သေပြချက်

ခြိမ်းခြောက်ချက်။ ယခုတော့ ဗင်ဒန်သိပြီ၊ ဝူလ်ဆိုသည့် ငနဲမှာ တကယ့်အတွင်း
ချကျ ဆန်းစစ်ကြည့်လျှင် ရှုးသွပ်နေသူတစ်ဦးသာဖြစ်ရပေမည်။

ထိုအရှုးလက်ထဲမှာ ဘီလီရောက်နေ၏။

ဗင်ဒန် စာကို ဂါဖာထံ လက်ဆင့်ကမ်းလိုက်၏။

ဝူလ်သည် လှေအိမ်မှ ထွက်ခွာသွားသောအခါ အယ်လိန်းကို ခေါ်သွား၏။
အယ်လိန်းသူ့ကို အကူအညီပေးအောင်လုပ်ရန် သိပ်ခက်ရုရာမရှိ။ ဝူလ်အနေနှင့်
ဘီလီကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ရုံနှင့် အယ်လိန်းလှုပ်သာမည်မဟုတ်တော့။

သို့သော် ဤသို့ကလေးပြန်ပေးဆွဲခြင်းမှာ ဘာကြောင့်လဲ၊ ဘာအဓိပ္ပာယ်
ပဲ၊ သူတို့ဘယ်သွားကြပါလိမ့်၊ သွေးတွေက ဘာဖြစ်တာလဲ"

ဗင်ဒန်က စဉ်းစားနေစဉ် ဂါဖာမှာ ငိုနေပြီဖြစ်၏။

"အေး. . . ဂါဖာ. . . ဒီမှာ ဘာဖြစ်သေးလဲ၊ ဘယ်သူ ဒဏ်ရာရတာလဲ၊
ဘယ်သူ့ဆီက သွေးတွေလဲ"

ဂါဖာက စဉ်းစား၍. . .

"ဒီမှာ. . . ဘာမှာဖြစ်တာ မတွေ့ဘူးဆရာ၊ အဲ. . . မစ္စဖွန်တာနာ
ပက်တော့ သူဘာသာ ထိသွားတယ်ထင်တယ်"

ဤသို့ဆိုလျှင် အယ်လိန်းသည် ဘီလီ၏ မြေပုံစာအုပ်ကို တမင်သွေးများ
ပေကျံစေပြီး ကုလားထိုင်ပေါ်တင်ခဲ့ခြင်းဖြစ်မည်။ အကြောင်းမဲ့တော့ မဟုတ်တန်ရာ၊
တစ်စုံတစ်ရာသော အသိပေးချက်ဖြစ်ရမည်။ ဗင်ဒန် မြေပုံစာအုပ်ကို ကောက်ယူ
လိုက်ပြီး အလိုက်သင့် ဖွင့်ကြည့်လိုက်၏။

ရုတ်ချည်းပင် အီင်္ဂလန်ပြည်မြေပုံကိုတွေ့ရသည်။ မြေပုံမှ သွေးဖြင့်ရေးခြစ်
ထားသော မြှားကို တွေ့သည်။ မြှားဦးသည် အစရွှတ်မြို့သို့ ညွှန်ထား၏။

ဗင်ဒန်သည် ရုတ်တရက်ပင်ဖုန်းကို ကောက်ကိုင်ပြီး ဌာနချုပ်နံပါတ်ကို
လှည့်လိုက်၏။ ဌာနချုပ်တယ်လီဖုန်းရုံးအော်ပရေတာက ပြန်ဖြေလိုက်သောအခါ
သူက ဖုန်းခွက်ကို ချလိုက်၏။ အကယ်၍ ဌာနချုပ်ကို ငါအကြောင်းကြားလိုက်ရင်
ဘာဖြစ်ရမလဲ၊ ဘော(ဂ)က ခြေမြန်တပ်ဖွဲ့တစ်ခု အစရွှတ်ကို လွှတ်ပြီး ဝူလ်ကို
ဝန်းခိုင်းမှာပဲ၊ ဒါဆိုရင် တိုက်ပွဲဖြစ်မယ်၊ ဝူလ်ရှုံးမှာပဲ၊ သည်တော့ ဝူလ်ဘာလုပ်မလဲ"

သူကရှုးနေတာပဲ၊ သူ့ငါ့သားကို သတ်ပစ်မှာပဲ. . .

ဗင်ဒန်သည် လေဖြတ်သလို တစ်ကိုယ်လုံး လှုပ်၍မရတော့။ ဟုတ်ပြီ
ဝူလ် သူ့သားကိုခေါ်သွားခြင်းမှာ ဤကဲ့သို့ ဗင်ဒန်မလှုပ်ရှားနိုင်အောင် လုပ်ခဲ့ခြင်း
ဖြစ်သည်၊ ပြန်ပေးဆွဲခြင်းကား အောင်မြင်သွား၏။

အကယ်၍ ဗင်ဒန်က စစ်တပ်အကူအညီတောင်းခဲ့ပါက တိုက်ပွဲဖြစ်မည်၊ ပစ်တာခတ်တာတွေဖြစ်မည်။ ဝူလ်သည် အရှုံးစိတ်ဖြင့် ဘီလီကို သတ်ပစ်နိုင်သည်၊ လမ်းကတစ်ခုသာ ရှိတော့သည်။

ဗင်ဒန်အနေနှင့်တစ်ယောက်တည်း သူတို့နောက်သို့ လိုက်ရန်သာဖြစ်၏။

"ငါ့ကို ရေနစ်ပုလင်း အပြည့်ယူခဲ့ကွာ"

ဗင်ဒန်သည် ဂါဖာကိုခိုင်းလိုက်ပြီး သူကိုယ်တိုင်ကမူ မော်တော်ဆိုင်ကယ်စီး မျက်မှန်ကို စွပ်လိုက်၏။ လည်စည်း ပဝါတစ်ခုယူပြီး ပါးစပ်ပါ ပိတ်စည်းလိုက်၏။ သူ့အိမ်ပြင်ထွက်၍ ဆိုင်ကယ်ဆီလျှောက်ခဲ့၏၊ ဆိုင်ကယ်တိုင်ကီထဲမှာ ဆီအပြည့် တွေ့ရသည်။ ဗင်ဒန်သည် ဆိုင်ကယ်ကို တစ်ချက်တည်း ဆောင့်နင်း လိုက်၏၊ နောက်နံဘေးမှာ ရပ်နေသော ဂါဖာ၏ ပခုံးကို ကိုင်ရင်း . . .

"ငါသူတို့ကို ပြန်ခေါ်ခဲ့ပါ့မယ်ကွယ်"

ပြောပြီးသည်နှင့် ဆိုင်ကယ်ကို ဆောင့်ထွက်ခဲ့လေ၏။

❖ ❖ ❖

(၂၆)

ဘုရားရေ ဘုတာရုံက တကယ်အခြေအနေ ဆိုးပါကလား။ လူတိုင်း ကိုရိုမြို့ကို ဗုံးမကြခင် ထွက်သွားနေချင်ကြပါကလား။ ပါလက်စတိုင်း ဒေသသို့ သွားမည့် ရထားတွင် အထက်တန်းတွဲ မပြောနှင့်မတ်တတ်ရပ်စရာပင် မလွယ်တော့။ အင်္ဂလိပ် လူမျိုးများ၏ ဇနီးသားသမီးများမှာ ကြွက်များလိုပြေးနေကြပြီဖြစ်၏။ သို့သော် တောင်ဘက်သွားရမည့် ခရီးကား အခြေအနေမှာမဆိုးလှ၊ ကြိုတင်လက်မှတ်ရောင်း ဌာနကမူ ထုံးစံအတိုင်း လက်မှတ်မရှိဟု ပြောစမြဲ။ သို့သော် ဟိုနေရာနည်းနည်းသည် နေရာနည်းနည်း ပေးကမ်းစွန့်ကြဲနိုင်သူတို့အတွက်မူ ထိုင်ခုံလက်မှတ်က ရစမြဲ။

လူတွေက များလိုက်တာ ဘောင်ဘင်ခတ် ရှုပ်နေတာပဲ၊ ဒီလောက်ရှုပ်ထွေး များပြားတဲ့ လူတွေကြားမှာ အယ်လိန်းနှင့် ကေခင်းလေးများ ပျောက်သွားရင် ဒုက္ခ။ ကောင်လေးလက်ကို ငါကိုင်ထားမိတဲ့ စိတ်ကူးဟာ အကောင်းစားပါလား။ ကောင် လေး ငါ့အနားမှာရှိနေသမျှ အယ်လိန်းငါတို့နောက်လိုက်နေရမှာပဲ၊ အကောင်းစား စိတ်ကူး၊ ဟုတ်တယ်။ ငါ့မှာ အကောင်းစားစိတ်ကူးစိတ်သန်းတွေရှိနေတယ်၊ လူတော်ပဲ၊ မေဂျာဗင်ဒန်ထက်တော်တယ်၊ မေဂျာဗင်ဒန်ရေ ရင်ကွဲပြီး လဲသေပေ ရော့၊ မင်းရဲ့သား ငါ့လက်ထဲမှာရောက်နေပြီဟေ့။

ကြည့်စမ်းလူတွေများ ဘယ်လောက်စာရင်းရှုပ်လိုက်သလဲလို့ မီးရထားနှင့် ခရီးသွားမည့် အရေးမှာပင် ဆိတ်တစ်ကောင် လည်ပင်းမှ ကြိုးနှင့်ချည်ပြီးခေါ်လာ

သေး။ တတိယတန်းက အညံ့စားလူတန်းစားထဲကနေမှာပေါ့၊ တော်သေးရဲ့၊ ငါတို့သုံးယောက်အတွက် အထက်တန်းလက်မှတ် သုံးစောင်ရပေလို့ ဟုတ်တယ်၊ ငါ့ဘဝမှာ အထက်တန်းစားကပဲ အမြဲခရီးသွားတတ်တဲ့လူမျိုးပဲဟာ။ ငါက အထက်တန်းစားပဲ၊ ဖုံတို့ အမှိုက်တို့ဆိုရင် မုန်းလိုက်တာ၊ ကြည့်စမ်း ဘူတာရုံကြီးကလည်း ညစ်ပတ်ပေတူးနေတာပဲ၊ လူတွေကလဲ အောက်တန်းစားနိုင်လိုက်တာ။

ငါက အထက်တန်းစားပဲ၊ သခင်ပဲ၊ ဂျာမနီနာဇီတစ်ယောက်ပဲ။ အီဂျစ်ရှင်း၊ ဘီဒိုဝင်မျိုးနွယ်ပဲ။ ရှေလင်ဗန်းနဲ့ အချင်းဆေးပြီး မွေးလာတဲ့သခင်မျိုးပဲ။ ကျွန်တွေကို သူ့နေရာနဲ့သူ့အသုံးချပြီး ငါကခေါင်းမော့ ရင်ကော့သွားတဲ့ လူစားမျိုးပဲ။

အစရွှတ်ကို ရထားခုတ်ချိန် ဘယ်လောက်များရှိပါလိမ့်၊ ရှစ်နာရီလား၊ ကိုးနာရီလားပဲ၊ ဒီထက်မြန်ရင် ပိုကောင်းမယ်။ ငါက ဟိုကျရင် ညီအစ်ကိုတော် အစ္စမဲလ်ကိုရှာရဦးမှာ၊ သူတို့လူစု သောက်ရေတွင်းမှာ ရှိမယ်ထင်ပါရဲ့၊ ဒါမှမဟုတ်လဲ အနီးတပိုက်တော့ရှိမှာပဲ၊ သူရှိရင် အသံလွှင့်စက်ကိုယူ၊ အင်္ဂလိပ်တွေရဲ့ နောက်ဆုံးစစ်ကြောင်းနှင့်နည်းဗျူဟာအသေးစိတ်တွေကို ရိုလ်မဲလ်ဆီ ကနေ့ည သန်းခေါင်မှာ အသံလွှင့်ပို့-ဂျာမန်တွေကိုင်ရိုကို သိမ်းပြီးရင် ငါ့ကို ဘွဲ့တွေဆုတွေ ချီးမြှင့်မှာပဲ။

တကယ်လို့ ငါသာလွတ်မြောက်သွားရင်၊ အစရွှတ်ကို ရောက်သွားရင် အောင်အောင်မြင်မြင် သတင်းပို့နိုင်ရင်၊ ရိုမဲလ်က ဒီသတင်းကို ရသွားရင် ရိုမဲလ်ဟာ အင်္ဂလိပ်တွေ့ရဲ့ နောက်ဆုံးခံစစ်ကြောင်း နောက်ဆုံးတံတားကို ကျော်ဖြတ်နိုင်မှာပဲ၊ ကိုင်ရိုကို စီးနိုင်ပြီပဲ၊ အင်္ဂလိပ်တွေ မဟာအရှက်တော် ကွဲပြီပဲ၊ ငါသာလုပ်နိုင်ခဲ့ရင် အောင်ပွဲပဲ၊ မဟာအောင်ပွဲပဲ။

ငါမငိုဘူးကွာ၊ ငါ့စိတ်ကို ငါထိန်းထားမယ်၊ ငါ ငယ်မှ မငယ်တော့ပဲ၊ ငါ့ကိုယ်ငါထိန်းမယ်။ ငါချောကလက်စားတဲ့အရွယ်မဟုတ်တော့ဘူး၊ ကနေ့ အယ်လိန်းက ချောကလက်လာပေးတာတောင် ငြင်းလိုက်သေးတာပဲမဟုတ်လား။ အမြင်မှာကြည့်စမ်း ပိရမစ်တွေ မြင်ရပြီ။ ဂီဇာဒေသ ရောက်နေပြီထင်တယ်။ ငါ ကျောင်းပြန်ရောက်နေရင် ကောင်းမှာပဲ။ အယ်လိန်းက ငါ့ကိုဖက်ထားရင် ကောင်းမှာ ပဲ။ ဟိုလူကငါ့ကို သဘောကျသလိုကြည့်မနေရင် ကောင်းမှာပဲ။ ဒီလူ ရှူးများ ရှူးနေ သလား မသိဘူး၊ ဖေဖေဘယ်ရောက်နေပါလိမ့်၊ သူ့မားအကြောင်းကို ငါ မစဉ်းစားဘူး၊ တကယ်လို့ ရဲသားတစ်ယောက်ကို မြင်ရင် ငါပြေးသွားပြီး ကျွန်တော့်ကို ကယ်ပါဦး လို့ပြောမှာပဲ။

ရဲသားမဟုတ်ပဲ ဗိုလ်ချုပ်ကြီးတစ်ယောက်နဲ့ တွေ့ချင်တွေ့နေမှာ၊ ဗိုလ်ချုပ်ကြီးက ငါ့ကိုကြည့်ပြီး မင်းလူတော်လေးပဲ ပြောမယ်ထင်တယ်၊ ငါက ကျွန်တော်က မေဂျာ ဗင်ဒန်ရဲ့သားပါ၊ ဒီလူကြီးက အတင်းခေါ်လာတာပါ။ ဖေဖေ မသိဘူးလို့ပြောမယ်။ ဗိုလ်ချုပ်ကြီးက ဒီလူကို ခင်ဗျား အင်္ဂလိပ်အရာရှိတစ်ယောက်ရဲ့ သားကို ဒီလိုလုပ်ဖို့ မကောင်းဘူးလို့ပြောမှာပဲ၊ လူကလေးဘာမှမကြောက်နဲ့၊ ဦးမှာ သေနတ်ရှိတယ်၊ လူကလေးဟာ သတ္တိရှိသားပဲဘီလီ၊ ဟုတ်တယ် ဘီလီဆိုတဲ့ ငါဟာသတ္တိကောင်းတဲ့ ကလေးပဲ၊ နေ့တိုင်းသဲကန္တာရထဲမှာ လူတွေသေနေကြတာပဲ၊ ဗုံးတွေ ချနေတာပဲ၊ ရေပြင်မှာရော၊ လေပြင်မှာရော စစ်သားတွေ ကျဆုံးနေတာပဲ၊ လူတိုင်း သတ္တိမွေးနေကြရတာပဲ။ သတ္တိရှိလိုက်တဲ့စမ်း၊ ခေါင်းမော့ထားစမ်းကွ၊ ဘီလီတဲ့ဟေ့၊ စစ်ပွဲတွေအကြောင်း စဉ်းစားကြည့်ရတုန်းက စိတ်ဝင်စားစရာ အကောင်းသား၊ အခုတော့ သိပြီ၊ စိတ်ဝင်စားစရာ မကောင်းပါလား၊ နေမကောင်းချင်ဖြစ်လာပြန်ပြီ။

ဘီလီ ဖြူပတ်ဖြူလျော် ဖြစ်နေသည်ကို အယ်လိန်းတွေ့၏။ သူသည် နေကောင်းပုံမရ၊ သူသည် သတ္တိကောင်း ဟန်ဆောင်နေခြင်းသာ ဖြစ်၏။ သူ ဒီလိုလုပ်ဖို့ မကောင်းဘူး၊ ကလေးပီပီ အော်ဟစ် ငိုကြွေးပစ်ဖို့ကောင်းတယ်၊ ဒါဆို ဝူလ် ထိန်းရသိမ်းရခက်မှာပဲ။ ဒါပေမယ့် ဘီလီက ဒီလိုလုပ်မယ့်ကလေးမဟုတ်ဘူး၊ သည်ကလေးဟာ ခေါင်းမာဖို့ သင်ကြားလာတာ၊ သူ့အဖေပုံစံအတိုင်းချိုးနေတာ။ ငါ ဘာလုပ်ရမှာလဲ။ ဝူလ်ကို ကြည့်လိုက်တိုင်း ငါ့ရင်ထဲမှာ အေးအေးသွားတယ်၊ သူဘီလီကို ကြည့်ပုံကိုလည်း မကြိုက်ပါဘူး၊ ငါဘီဘီကိုထိန်းမှ၊ ဘီလီကို ကြည့်စမ်း၊ ဘီလီက ငါ့ကို ပြန်ပြီး စိတ်ဓာတ်မကျအောင် ပြန်ထိန်းနေသလိုပါကလား။ ဝူလ်ဟာ အစရွတ်မှာ အသံလွှင့်စက်တစ်လုံး ဝှက်ထားပုံရတယ်။ ငါသူနဲ့ အတူနေပြီး အသံမလွှင့်ဖြစ်အောင် လုပ်မှပဲ။ ဒါထက် ဘီလီကို သူ့လက်ကလွတ်အောင်လုပ်ရဦးမယ်။ နောက်မှ ဗင်ဒန်ကို ဆက်သွယ်ပြီး ငါဘယ်မှာ ရှိတယ်ဆိုတာ ပြောဦးမှာပဲ၊ ငါချန်ထားခဲ့တဲ့ မြေပုံစာအုပ်ကိုရော ဗင်ဒန်တွေ့မှ တွေ့ပါမလား။ ဘီလီက စာအုပ်ထဲမှာ တစ်စုံတစ်ရာ ရေးနေသည်။ ငါမသိမသာ စာအုပ်ယူပြီး "တို့ ထွက်ပြေးရမယ်၊ အသင့်ပြင်ထား" ဟုရေးလိုက်ပြီး ဘီလီကိုပြသည်။ ဘီလီက "ဘယ်တော့လဲ" ဟု ပြန်ရေးသည်။ နောက် သူတို့နှစ်ဦးသား ကြက်ခြေနှင့်အဝိုင်း ကစားနည်း ကစားကြပြန်သည်။ ဘီလီ နိုင်သွား၏။

ရထားသည် အရှိန်လျော့သွားသည်။

သိ ဟ ရ တ န ၁ ၈ ၁ ၆ ပ

ဗင်ဒန်အနေနှင့် ရထားမှာ သူရှေ့ဘက် အတော်တော်ဝေးဝေးမှာ ရှိသေးကြောင်း သိသည်။ သူ ဂိဇာဘူတာမှာ ရထားဘယ်အချိန်ဖြတ်သွားခဲ့ကြောင်း မေးခဲ့ပြီ။ နောက်ဘူတာ သုံးလေးခုတွင်လည်းမေးခဲ့ပြီ၊ ယခုတစ်နာရီကျော် ခရီးပြင်းနှင်လာခဲ့ပြီးနောက် နောက်ထပ်မေးရန်မလိုတော့။ ရထားလမ်းနှင့်ကားလမ်းသည် တူးမြောင်း တဘက်တချက်စီမှာ ယှဉ်ပြေးဖြစ်သောကြောင့်ပင်။ သူ ရထားကို မီလာပါက မြင်ရမည်သာဖြစ်သည်။

သူတစ်နေရာ ရပ်တိုင်း ရေတစ်ငုံ ရေတစ်မော့ သောက်မိသည်။ သူဦးထုပ် သူ့ဆိုင်ကယ်စီးမျက်မှန်၊ ပါးစပ်နှင့် လည်ပင်းကို သိုင်းထားသော ပဝါတို့ကြောင့် ဖုံဝင်ခြင်း၏ အန္တရာယ်မှ ကင်းဝေးပါ၏။ သို့သော် နေကပူလှသည်။ သူအမြဲလိုလို ရေငတ်နေ၏။ တဖြည်းဖြည်းချင်း သူအဖျားငွေ့နည်းနည်းရှိလာကြောင်း ရိပ်မိပါသည်။ ညကတစ်ညလုံး မြစ်ကမ်းနံဘေးမှာ ကြိုးတုတ်ပစ်ခံရသောကြောင့် ဖြစ်ပေမည်။ လည်ပင်းထဲမှာ ပူလာ၏။ ကျောတစ် ခုလုံး ကိုက်ခဲလာ၏။

ဗင်ဒန်အနေနှင့် လမ်းကို ရွေးစရာတွေးစရာမလို၊ ကိုင်ရိုမှ အဆွဲဖ်သို့ သွားသည့်လမ်းမှာ သည်တလမ်းသာရှိသည်။ သည်လမ်းမှာ ကျကျနန ခင်းထားသော လမ်းဖြစ်သည်။ ထို့ပြင်မကြာမတင်က စစ်တပ်က ထပ်မံပြုပြင်ခဲ့သေးသည်။ သို့သော် ချိုင့်များ၊ ကမူများကိုမူ ကြည့်နေရဆဲဖြစ်သည်။ ကံကောင်းသည်က လမ်းများသည် မြားတပြေးလို မျဉ်းတစ်ဖြောင့်လို ဖြောင့်တန်းနေသဖြင့် ဟိုးအဝေးကြီးမှ ဖြတ်သန်းသွားလာနေကြသော တိရစ္ဆာန်များ၊ လူများ၊ ယာဉ်များကို ကြိုတင်မြင်နိုင်သောကြောင့်ပင်။ ယခုလို လမ်းပေါ်မှာ ကားနှစ်စီးကိုသာ ကျော်ဖြတ်ခဲ့ရသေး၏။ တစ်စင်းမှာ အင်္ဂလိပ်အဘိုးအဘွားမောင်နှံ နောက်ခန်းမှ စီးလာသော မိုးရှိုက်စုကား၊ နောက်တစ်စင်းက အာရပ်ဆယ့်လေးငါးယောက် စုပြုံတင်ထားသော ဖို့ကား အစုတ်။ ယခုအချိန်ထိဆိုသော် ဝူလ်တို့သည် မီးရထားနှင့် ခရီးသွားခြင်း ဖြစ်ရမည်ဟု ဗင်ဒန် သေချာလာ၏။

ရုတ်တရက်အဝေးမှ ဥသြဆွဲသံ ကြားရသည်။ လှမ်းမျှော်ကြည့်လိုက်ရာ မီးခိုးငွေ့လို တွေ့ရ၏။ ဟုတ်ပြီ၊ ရထားပဲ။ ဘီလီပါမည်၊ အယ်လိန်းပါမည်၊ ဝူလ်ပါမည်။ သူမြန်မြန်မောင်းလိုက်၏။

မီးရထားသည် မြို့တစ်မြို့သို့ ဝင်မည်ပြုနေ၏။ ဗင်ဒန်သည် ထိုမြို့၏ အမည်ကို မသိပါ။ သူ၏ ပထဝီဗဟုသုတသည် ဤမျှမကောင်းပါ။ သူမည်ရွေ့မည်မျှ ခရီးရောက်ခဲ့သည်ကိုလည်း မှန်းဆနိုင်ခြင်းမရှိပါ၊ မြို့ကလေးကမူ ခပ်သေးသေးသာ ဖြစ်ပါသည်။ အုတ်တိုက်သုံးလေးလုံးနှင့် ဈေးတစ်ခုကိုသာ လှမ်းတွေ့ရပါသည်။

မီးရထားသည် သူ့အံ့ရင် မြို့သို့ဝင်မည်ဖြစ်၏။ သူ့တွင် အစီအစဉ် စဉ်းစားထားပြီးရှိသည်။ သူဘာလုပ်ရမည်ကို သိသည်။ သို့သော် သူအချိန်လိုသည်။ သူ့အနေနှင့် ဘူတာရုံသို့ အပြေးအလွှားဝင်၊ မီးရထားပေါ်သို့ ပြေးတက်ပြီး ဖမ်းလို့မဖြစ်၊ ပြင်ဆင်မှုရှိရမည်။ သူ့မြို့အဝင်မှာ ဆိုင်ကယ်အရှိန်လျှော့ပစ်လိုက်၏။ မြို့လမ်းပေါ်တွင် သိုးများ၊ ဆိတ်များက မင်းမူနေကြသည်။ ဗင်ဒန်ဘူတာကို လှမ်းမြင်ရသည်။ သူ့နေရာမှ ဘူတာရုံအဆောက်အဦကွယ်နေ၍ စင်္ကြံကိုမူမမြင်ရ သို့သော် ဘူတာရုံထွက်ပေါက်ကိုမူ မြင်နေရ၍ ရထားပေါ်မှ ဘယ်သူဆင်း၍ကျန်ရစ်၊ မကျန်ရစ်ကို လှမ်းစောင့်ကြည့်ရသည်။ ရထားထွက်သွားသည်ထိ ဗင်ဒန်စောင့်ကြည့်မည်။ အကယ်၍ ဝူလ်သည် ဘူတာမှာ ဆင်းကျန်ရစ်နေခြင်းမရှိပါက သူ့အနေနှင့် ပြန်ထွက်မည်။ နောက်ဘူတာကို အံ့ရင်ရောက်မည်ဖြစ်၍ အချိန်အများကြီးရသေးသည်။ သူသည် မော်တော်ဆိုင်ကယ်စက်ကို သတ်၍ ရပ်စောင့်ကြည့်နေလိုက်ပြန်၏။

ရထားသည် ဘူတာနှင့် နီးလာပြီဖြစ်၍ အရှိန်လျှော့သည်။ ရထားဘူတာ တစ်ခုသို့မဆိုက်မီ အချိန်တိုင်း အယ်လိန်းတစ်ခုခုလုပ်ဖို့စဉ်းစား ထားသည်။ သို့သော် ရထားဘူတာသို့ ရပ်လိုက်တိုင်း သူမသတ္တိများက ပျောက်ပျောက်သွားသည်။ သည်ဘူတာတော့မဖြစ်သေးဘူး၊ ငါအစီအစဉ်လုပ်ရဦးမယ်၊ နောက်ဘူတာကျမှပဲဟု တဘူတာပြီးတဘူတာ ရွှေ့ခဲ့သည်။ သို့သော် ဤဘူတာသို့ရောက်လျှင် တစ်ခုခုလုပ်ကြမည်ဟု သူမအနေနှင့် ဘီလီကို တီးတိုးတိုင်ပင်ပြီးဖြစ်သည်။ အကယ်၍ တစ်စုံတစ်ရာ မကြိုးစားပါက ဘီလီက သူမကို အယုံအကြည်ရှိမည် မဟုတ်တော့။

သူမခေါင်းထဲမှာ အစီအစဉ်ဆွဲနေ၏။ ဘာအရေးအကြီးဆုံးလဲ၊ ဘီလီကို ဝူလ်လက်ထဲမှ လွတ်မြောက်ရေးသည် အဓိက၊ အရေးကြီးဆုံး။ ဘီလီကို ဝူလ်လက်မှ ထွက်ပြေးနိုင်ဖို့ အခွင့်အရေးဖန်တီးပေးရမည်၊ နောက်ဝူလ်ကို လိုက်မဖမ်းနိုင်အောင် နှောင့်ယှက်ထားနိုင်ရမည်။

အယ်လိန်း ဟိုဟိုသည်သည် လှည့်ကြည့်သည်။ မြန်မြန်တွေးပါဟဲ့။

သူတို့သည် သူတို့တွဲမှာ ထိုင်ခုံတွဲလျက် ၁၅ ခုံ ၂၀ လောက်ရှိမည်။ အယ်လိန်းနှင့်ဘီလီမှာ တစ်ခုံတည်းအတူထိုင်နေကြပြီး မီးရထားသွားရာကို မျက်နှာမူ၍ ထိုင်လိုက်ခဲ့ကြသည်။ ဝူလ်ကမူ သူတို့နှင့် မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ထိုင်နေသည်။ ဝူလ်နံဘေးမှာ လူမရှိ။ ဝူလ်နောက်ဘက်တွင် တံခါးပေါက်ရှိသည်။ သူတို့

တွဲထဲမှာ ပါလာသူများမှာ ဥရောပတိုက်သားအချို့နှင့် ချမ်းသာသော အိဂျစ်လူများသာ ဖြစ်သည်။ သူတို့အားလုံး ဥရောပတိုက်သား ဝတ်စုံများကို ဝတ်ထားကြသည်။ လူတိုင်း လူတိုင်းသည် ကိုယ်ရောစိတ်ပါ ပူလောင်ပင်ပန်း နေကြပုံရသည်။ အတော်များများမှာ အိပ်နေကြ၏။ ရထားအရာရှိတစ်ဦးက တွဲထောင့်မှာ ထိုင်လာကြသော အိဂျစ်စစ်ဗိုလ်အချို့ကို လက်ဖက်ရည်နှင့် ဧည့်ခံနေ၏။

ရထားပြတင်းမှ အပြင်သို့ လှမ်းကြည့်ရာ ဗလီတစ်လုံးကို မြင်ရသည်။ ပြင်သစ်ဆန်ဆန် ရုံးအဆောက်အအုံတစ်ခုကို မြင်ရပြီး နောက်ဆုံး ဘူတာရုံကို မြင်ရသည်။ ရထားဘူတာ စကြံ မှာ ရပ်သည်။

ယခုမဖြစ်သေးဟု အယ်လိန်းတွေးသည်။ အချိန်မကျသေး။

လှုပ်ရှားရမည့်အချိန်မှာ ရထားထွက်ခါနီးမှဖြစ်မည်။ သို့မှ သာ ဝူလ်သူတို့နောက်သို့ လိုက်ချိန်နည်းမည်၊ အယ်လိန်းရင်ထဲမှာ တထိတ်ထိတ်ဖြင့် ထိုင်နေ၏။ ဘူတာရုံထဲမှ ရောမအက္ခရာနံပါတ်များနှင့်ရေးထားသော နာရီကို လှမ်းမြင်ရသည်။ ငါးနာရီထိုးရန် ငါးမိနစ်မှာ ရပ်နေ၏။ သစ်သီးဖျော်ရည်အရောင်းသမားတစ်ဦး ပြတင်းပေါက်မှ သူတို့အနားသို့ရောက်လာရာ ဝူလ်က မောင်းထုတ်လိုက်၏။

ခရစ်ယာန်ဘုန်းကြီးတစ်ပါး ရထားပေါ် တက်လာပြီး ဝူလ်၏ နံဘေးခုံကို အား မအားလာမေးသည်။ ဝူလ်က ယဉ်ကျေးစွာပင်ထိုင်ခွင့်ပြုလိုက်၏။

အယ်လိန်းက ဘီလီနားမှာ ကပ်၍. . . .

"မီးရထားထွက်ဖို့ ဥသြဆွဲလိုက်ရင် တံခါးပေါက်ကနေ ဆင်းပြီး ထွက်ပြေးနေဘ် သား"

အယ်လိန်း၏ ရင်မှာ တဒိန်းဒိန်းခုန်နေ၏။ သည်တစ်ခါတော့ ပြောလိုက်ပြီဖြစ်၍ သူမလှုပ်ရှားဖို့ဖြစ်သွားပြီ. . . .

ဘီလီက ဘာမှပြန်မပြော။

ဝူလ်က သူတို့ကို ကြည့်၍ 'ဘာလဲ'ဟုမေးသည်။

အယ်လိန်းကမဖြေပဲ မျက်နှာလွှဲထားလိုက်၏။

ထိုစဉ် မီးရထား ဥသြဆွဲသည်။

ဘီလီ အယ်လိန်းကို ကြည့်သည်၊ ဝေ့တွေနေပုံရ၏။

ဝူလ်က မျက်မှောင်ကုပ်လိုက်၏။

အယ်လိန်းက ဝူလ်ကို လှမ်းခုန်အုပ်လိုက်၏။ သူမ၏လက်သည်းများဖြင့် ဝူလ်၏ မျက်နှာကို လှမ်းကုပ်သည်။ ရုတ်တရက်ပင် သူမ၏ရင်ထဲမှ မုန်းတီးရွံရှာစိတ်များပေါ် လာပြီး သူမအပေါ် ဝူလ်စော်ကားခဲ့သမျှကို ပြန်ချေလိုစိတ်ပြင်းထန်

ပေါက်ကွဲလာ၏။ ဝူလ်သည် သူ့မျက်နှာကို လက်နှစ်ဘက်နှင့် အမြန်ကွယ်လိုက်၏။ သို့သော် အယ်လိန်း၏ ဖြန်ဆန်မှုကို မမီပေ။ အယ်လိန်းကိုယ်တိုင်လည်း သူမ၏ ဒေါသကြောင့်ဖြစ်ပေါ်လာသော ခွန်အားကို အံ့ဩနေ၏။ ဝူလ်မျက်နှာကို သူမ လက်သည်းဖြင့် ကုတ်ခြစ်မိသွားသည်။ သွေးစများကို မြင်လိုက်ရ၏။

ဘုန်းတော်ကြီးက အလန့်တကြား ပါးစပ်မှ တစ်စုံတစ်ရာရေရွတ်သည်။

ဘီလီသည် နေရာမှထပြီး ဝူလ်နောက်မှ ရထားပေါက်ကို ပြေးသွား၊ တံခါးကို ဖွင့်ရန် ကြိုးစားနေ၏။

အယ်လိန်းတစ်ကိုယ်လုံးမှာ ဝူလ်ပေါ် ပုံလျက် ကျနေသည်။ အယ်လိန်း သူမ၏ခေါင်းဖြင့် ဝူလ်၏မျက်နှာကို တိုက်ဖို့ကြိုးစားသည်၊ နောက်ဝူလ်မျက်လုံးများကို ကုတ်ဖဲ့ရန် ကြိုးစား၏။

သည်အချိန်၌ဝူလ်အငိုက်မိခြင်းမှ လွန်မြောက်လာပြီဖြစ်၏။ ဒေါသဖြင့် တစ်စုံတစ်ရာအော်သည်။ အယ်လိန်းကို တွန်းပစ်ပြီး ထိုင်ခုံမှထသည်၊ အယ်လိန်း ဝူလ်ကိုလှမ်းဆွဲလိုက်ရာ ရင်ဘတ်မှအကျီစကို ဆွဲမိသည်။ ဝူလ်လက်ပြန်တစ်ချက် အယ်လိန်း မေးရိုးကို ရိုက်လိုက်သည်။ အယ်လိန်းနာကျင်စွာအော်လိုက်၏။ မျက်လုံးများပြာသွားပြီး ဘာမှမမြင်ရ ဝူလ်၏ ရှပ်အကျီကို ဆွဲထားသော လက်လွတ်သွားပြီး ထိုင်ခုံပေါ်သို့ ပြန်ကျသွားသည်။ သူမမျက်လုံးဖွင့်လိုက်နိုင်သောအချိန်တွင် ဝူလ်သည် တံခါးဆီသို့ ထသွားနေကြောင်း မြင်ရသည်။

ဘီလီသည် တံခါးကို ဆွဲဖွင့်နိုင်လိုက်ပြီဖြစ်၏။ တံခါးကိုဖွင့်ပြီးသည်နှင့် ဘီလီပလက်ဖောင်းပေါ် လှမ်းခုန်ချလိုက်သည်။ ဝူလ်ကလေးနောက်သို့ ခုန်လိုက်သည်။ အယ်လိန်းတံခါးရှိရာသို့ ပြေးသည်။

ပလက်ဖောင်းပေါ် ရောက်သည်နှင့် ဘီလီကဆုန်ပေါက်၍ပြေးသည်။ ဝူလ် အမြန်လိုက်နေရ၏။ နံဘေးမှ ရပ်နေသော အာရပ်အချို့ကအံ့အားသင့်စွာ ရပ်ကြည့်နေကြ သော်လည်း ဘာမှဝင်မစွက်ကြ။ ရထားသည်တစ်ချက်မျှ တုန်သွားပြီး ထွက်မည်ပြုနေပြီဖြစ်၏။ ဝူလ်အရှိန်တိုးမြှင့်၍ လိုက်သည်၊ အယ်လိန်းနောက်မှ လှမ်းအော်သည်၊

"ဘီလီ. . . ပြေး. . . ပြေး"

ဘီလီနောက်သို့ တစ်ချက်လှည့်ကြည့်သည်၊ ဘီလီသည် ဘူတာရုံ အပေါက်နားရောက်နေပြီဖြစ်၏။ အပေါက်ဝတွင် လက်မှတ်သိမ်းသူတစ်ဦး ပါးစပ် အဟောင်းသားနှင့် ရပ်ကြည့်နေ၏။ အယ်လိန်းတုန်လှုပ်သွားသည်။ ဘီလီတွင် လက်မှတ်မပါ၍ လက်မှတ်သိမ်းက လွှတ်ပေးပါမည်လားဟု စိုးရိမ်သွားသည်။ သို့

သော် ပြဿနာမဟုတ်တော့။ အကြောင်းမှာ ရထားသည် ထွက်ရန်လှုပ်နေပြီ ဖြစ်သောကြောင့်ပင်။ ဝူလ်သည် ရထားကို ပြန်ကြည့်သည်။ သို့သော် ပြေးနေသော အရှိန်ကို မလျှော့၊ အယ်လိန်း လှမ်းကြည့်သည်။ သည်ပုံအတိုင်းဆိုလျှင် ဝူလ်သည် ဘီလီကို မမီနိုင်တော့၊ ဘီလီလွတ်ပြီ၊ တို့လွတ်ပြီဟု အယ်လိန်းတွေးလိုက်၏။ ထိုစဉ် မှာပဲ ဘီလီလဲကျသွားသည်။

ဘီလီတစ်ခုခုကို တက်နင်းမိပြီး ချော်လဲသွားခြင်းဖြစ်သည်။ ပြေးနေသော အရှိန်ကြောင့် ဘီလီ ခြေပစ်လက်ပစ်လဲကျ သွား၏။

ဝူလ်ချက်ချင်းအနားရောက်လာပြီး ဘီလီကို ထူရန်ငုံ့သည်။ နောက်မှ တစ်ပါတည်းလိုက်လာသော အယ်လိန်းက ဝူလ်၏ ကျောကုန်းပေါ်သို့ ခုန်တက်သည်။ ဝူလ်ယိုင်သွားပြီး ဘီလီကို မကိုင်မိပဲဖြစ်၏။ အယ်လိန်းသည် ဝူလ်ကျောကို ကုတ်တွယ်ထား၏။

ရထားသည် ထွက်စပြုပြီဖြစ်၏။ အရှိန်ကားနှေးနှေးပင်ရှိသေး၏။

ဝူလ်အယ်လိန်းလက်များကို လှမ်းဖမ်းပြီး သူမ၏ကိုယ်လုံးကို ခါချလိုက်၏။

အယ်လိန်းမြေကြီးပေါ်သို့ လိမ့်ကျသွား၏။ မျက်စိဖွင့်ကြည့်လိုက်သော အခါ ဝူလ်သည် ဘီလီကို ကောက်ယူ၍ ပခုံးပေါ် ထမ်းလိုက်၏။ ဘီလီသည် ပခုံးပေါ် မှအော်ဟစ်၍ ဝူလ်ကျောကုန်းကို ထုနှက်သည်။ သို့သော် အရာမရောက်ပေ၊ ဝူလ် သည် ရထားနှင့်အမီပြေးလိုက်ပြီးဖွင့်နေသော တံခါးပေါက်သို့ခုန်တက်၏။

အယ်လိန်းသည် သည်အတိုင်းသာနေလိုက်ချင်၏။ နောက်ထပ်ဝူလ်ကို လည်း မတွေ့ချင်၊ မမြင်ချင်တော့၊ သို့သော် သူမဘီလီကို သည်အတိုင်းပစ်မထား နိုင်ပေ။ သူမကြိုးစား၍ ထသည်။

အယ်လိန်း ပြေးသည်၊ ရထားနံဘေးမှ ပြေးလိုက်သည်။ တစ်စုံတစ်ယောက် က လက်ကမ်းလာသည်။ အယ်လိန်းလှမ်းဖမ်းသည်၊ နောက်ခုန်တက်သည်၊ သူမ ရထားပေါ်သို့ ပြန်ရောက်လာ၏။

အယ်လိန်း စိတ်မောတ်ကျသွား၏။ သူမတို့နှင့် ဒုံရင်းဒုံရင်းပြန်ဆိုက်နေပြီ ဖြစ်၏။ အယ်လိန်းသည် နဘေးမှ သူမတို့ကို ကြည့်နေသူများကို ပြန်မကြည့်ပဲ ဝူလ် နောက်သို့သာ လိုက်ခဲ့၏။ ဝူလ်သည် ပခုံးပေါ်မှ ထမ်းလာသော ဘီလီကိုနေရာ ရောက်သည်နှင့် တင်ပါးကို တစ်ချက်ရိုက်ပြီး ခုံပေါ် ပစ်ချသည်။ ဘီလီကျိတ်ငိုနေ၏။

ဝူလ်သည် အယ်လိန်းကိုကြည့်၏။

"မင်းအတော်ရှူးတဲ့ မိန်းမပဲ"

ဝူလ်အသံသည် ကျယ်သည်။ အများတကာကြားစေရန် ပြောသည့်

သဘော၊ နောက်အယ်လိန်းကို အနားဆွဲယူပြီး မျက်နှာကို လက်ဖြင့် ဘယ်ပြန် ညာပြန်ရိုက်သည်။ အယ်လိန်းနာကျင်လှ၏။ သို့သော်ခုခံရန် အားမရှိတော့။

နံဘေးမှ ဘုန်းတော်ကြီးက မတ်တတ်ရပ်ပြီး ဝူလ်ပခုံးကို တို့ကာ တစ်စုံတစ်ရာပြောသည်။

ဝူလ်က အယ်လိန်းကို လွှတ်ပြီး ထိုင်ချလိုက်၏။

အယ်လိန်းနံဘေးနံဘီကို ကြည့်သည်။ အားလုံးသူမကို ငိုင်းကြည့်နေကြ၏။ သို့သော် ဘယ်သူမှ အကူအညီပေးမည့် ပုံမပေါ်။ သူမသည် အင်္ဂလိပ်လူမျိုး အာရပ်အမျိုးသမီးတစ်ဦးဖြစ်သည်။ အာရပ်အမျိုးသမီးတစ်ဦးကို သူတို့သည် ကုလားအုပ်တစ်ကောင်လို မကြာခဏရိုက်ပေးရမှာဟု ယူဆထားပုံရ၏။ ဘယ်သူမှ စကားတစ်ခွန်းဝင်မပြောကြ။

အယ်လိန်းထိုင်ခုံမှာ ထိုင်ချလိုက်၏။

နံဘေးမှ ဘီလီကို သိုင်းဖက်၍အနားဆွဲလိုက်သည်။ ကလေး၏ ဆံပင်များကို ပွတ်သပ်နေလိုက်၏။ ကလေးသည် ပင်ပန်းလွန်း၍ အိပ်ပျော်သွားလေ၏။

❖ ❖ ❖

(၂၃)

ဗင်ဒန် ရထားဥသြသံ ကြားရသည်။ နောက် ရထားစထွက်လာသံကို ကြားရသည်။ ဗင်ဒန် ရေပုလင်းမှ ရေကိုမော့လိုက်ရာ ရေမရှိတော့၊ ပုလင်းကို နေသားတကျ ပြန်ထားလိုက်သည်။ စီးကရက်ကို တစ်ဖွာရှိုက်ပြီးနောက် အစီခံကို လွှင့်ပစ်လိုက်သည်။ ဘူတာရုံထဲမှ ဆင်းရဲသူဆင်းရဲသား အချို့သာထွက်လာသည်ကို တွေ့ရသည်။ ဗင်ဒန်မော်တော်ဆိုင်ကယ်စက်ကို နှိုးလိုက်ပြီး ခရီးဆက်ခဲ့၏။

မြို့ကလေးကို လွန်သည်နှင့် လမ်းသည် တူးမြောင်းနံဘေးမှ ဖြောင့်ဖြောင့် ကျဉ်းကျဉ်းကလေး ဖြစ်သွားပြန်၏။ ခဏအကြာတွင် မီးရထားကို သူနောက်ချန်ထားခဲ့နိုင်သည်။ နေမွန်းတည့်ချိန်ဖြစ်သည်။ နေသည် ပူလွန်း၍ ပေါက်ထွက် တော့မည်ကဲ့သို့ ဖြစ်နေ၏။ ရှေ့တည့်တည့်မှ လမ်းကလေးမှာလည်း တစ်ဖြောင့်တည်း မဆုံးနိုင်အောင် ဖြစ်နေ၏။

လမ်းပေါ် တစ်နေရာတွင် သူ ဆုံးဖြတ်ချက်ချထားခဲ့ပြီးဖြစ်သည်။ သူသည် ကိုင်ရိုမှထွက်လာခဲ့စဉ်က ဘီလီကို ကယ်ဖို့တစ်ခုသာစိတ်ထဲမှာ ရှိခဲ့သည်။ သို့သော် လမ်းမှာ စီးလာရင်း အချက်အလက်များခေါင်းထဲသို့ ဝင်လာ၏။ ဘီလီကိစ္စ တစ်ခုတည်းသာမဟုတ်သေး။ တခြားတာဝန်တွေ အများကြီး သူ့မှာရှိသေးသည်။ စစ်ကြီးသည်လည်း ဖြစ်နေဆဲ။

ဗင်ဒန်အနေနှင့် . . . မနေ့ညက အသံလွှင့်စက်ကို ပေးပစ်သည်။ စာအုပ်

နှင့်လျှို့ဝှက်စာတို့ကို ဖျောက်ဖျက်ခဲ့သည်။ သည်ပုံအတိုင်းဆိုလျှင် သူ၌အသံလွှင့်စက်တစ်လုံး၊ ရေဗက်ခါ စာအုပ်နောက်တစ်အုပ်၊ လျှို့ဝှက်စာ အဖြေစာရွက်တစ်ခု အစရှိတ်မြို့ တစ်နေရာရာမှာ ရှိနေရမည်။ ဗင်ဒန်အနေနှင့် သူ၏မူလစီမံကိန်းအတိုင်း အသံလွှင့်စက်နှင့် ရေဗက်ခါသော့ချက်ကို ရမှဖြစ်မည်။ သို့ဖြစ်လျှင် သူ့အနေနှင့် ဝူလ်ကို အစရှိတ်မြို့အတွင်းသို့ ဆင်းခွင့်ပေးမှဖြစ်မည်။ သို့မှသာ ဝူလ်သည် အသံလွှင့်စက်နှင့် လျှို့ဝှက်စာရှိရာသို့ လမ်းညွှန်ပြပေလိမ့်မည်။

ဤဆုံးဖြတ်ချက်မှာ ပင်ပန်းကြီးစွာဖြင့်ချထားရသော ဆုံးဖြတ်ချက်ဖြစ်သည်။ သူ့အနေနှင့် ဘီလီနှင့်အယ်လိန်းကို ကယ်ရမည်၊ သို့သော် သူ၏အသံလွှင့်စက်နှင့် လျှို့ဝှက်စာကို ရယူပြီးသော အခါမှသာဖြစ်မည်။ ဘီလီအတွက်မူ ခက်ခဲပင်ပန်း ပေလိမ့်မည်။ သို့သော် နာဇီလက်အောက် ရောက်သွားပြီး အနှိပ်စက်ခံဘဝ၊ အဖေက အကျဉ်းထောင်ထဲရောက်သည့်ဘဝက ပို၍ဆိုးရွားဦးမည် ဖြစ်သည်။ .

ဤကဲ့သို့ အသည်းနှလုံးကို မာကျောစေပြီး၊ ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချလိုက်၏။ ဗင်ဒန်အနေနှင့် ရထားပေါ်တွင် ဝူလ်ပါကြောင်းသေချာဖို့လိုသည်။ သည်ကဲ့သို့ သေချာအောင် လုပ်မည်ကို နည်းလမ်းရှာထားပြီးဖြစ်သည်။ တစ်နည်းတစ်ဖုံအားဖြင့် ဘီလီနှင့် အယ်လိန်း၏ စိတ်ကိုလည်း အေးစေရန်ဖြစ်သည်။

ဗင်ဒန် နောက်ထပ် မြို့ငယ်ကလေးတစ်ခုသို့ ရောက်သောအခါ သူသည် မီးရထားထက် ၁၅ မိနစ်ခန့်စောရောက်နေလောက်ပြီဖြစ်ကြောင်း သေချာ၏။ မြို့ကလေးမှာ အရင်မြို့ကလေးအတိုင်းလူများ၊ တိရစ္ဆာန်များနှင့်ရှုပ်ထွေးနေ၏။ ဗလီတစ်ခု တွေ့ရသည်။ အုတ်တိုက်တစ်ချို့တွေ့ရသည်။ ရဲစခန်းတစ်ခုကို တွေ့ရာ ဗင်ဒန်သည် ဆိုင်ကယ်ဟွန်းကို အဆက်မပြတ်တီး၍ စခန်းရှေ့ ရပ်လိုက်၏။

အာရပ်ရဲအဖွဲ့ဝင် ၂ ဦး ရဲစခန်းအဆောက်အအုံထဲမှ ထွက်လာ၏။ တစ်ဦးသည် ယူနီဖောင်းအဖြူ ဆံပင်ဖြူဖြူနှင့် ခါးမှာ ပစ္စတိုတစ်လက်ကို ချိတ်ထား၏။ တစ်ယောက်ကမူ ၁၉နှစ် ၂၀ခန့် ရှိကောင်လေးဖြစ်ပြီး ယူနီဖောင်းဝတ်မထားပေ။ အသက်ကြီးသော အရာရှိကထွက်လာရင်း ကြယ်သီးများတပ်နေ၏။ ဗင်ဒန်က "သတိ"ဟု အော်လိုက်ရာ၊ ၂ ဦးစလုံးသတိဆွဲပြီး သူ့ကို အလေးပြုသည်။ ဗင်ဒန်က အလေးပြုသည်၊ ဗင်ဒန်က အလေးပြန်ပြုပြီးနောက် ရဲအရာရှိကို လက်ဆွဲနှုတ်ဆက်သည်။ ပြီးမှ. . .

"ကျုပ်. : . အန္တရာယ်ကြီးမားတဲ့ ရာဇဝတ်ကောင် တစ်ယောက်ကို လိုက်ဖမ်းနေတာ၊ အဲဒါ ခင်ဗျားရဲ့ အကူအညီကိုလိုတယ်"

ဗင်ဒန်က ရေးကြီးခွင်ကျယ် ပြောလိုက်သဖြင့် အရာရှိမျက်လုံးများသည်

ရွှန်းလက်သွား၏။ ဗင်ဒန်က. . . .

"အထဲကို ဝင်ရအောင်"

ဗင်ဒန်တို့ အထဲသို့ဝင်လိုက်၏။ သူ့အနေနှင့် အခြေအနေအားလုံးကို သူက ဦးဆောင်မိထားဖို့ လိုသည်။ ရဲ အရာရှိသည် သူ့ကို ကူညီမည်၊ မကူညီကို မပြော နိုင်သေး။ အဆောက်အဦထဲဝင်လိုက်သည်နှင့် တယ်လီဖုန်းရှိသော အခန်းတစ်ခု ကို တွေ့ရသည်။ ဗင်ဒန်ထိုအခန်းထဲ ဝင်လိုက်၏။ နောက်အရာရှိအား. . .

"ကိုင်ရိုက စစ်ဌာနချုပ်ကို ဖုန်းဆက်ဗျာ"

ဌာနချုပ်ဖုန်းနံပါတ်ကိုပါ ပေးလိုက်သည်။ အရာရှိ ဖုန်းကိုင်နေစဉ် လူငယ် ရဲသားဘက်လှည့်၍. . .

"မင်း ဟို မော်တော်ဆိုင်ကယ်ကို မြင်လား"

"ဟုတ်. . . ဟုတ်ကဲ့"

"မင်း. . . စီးတတ်သလား"

ရဲသားသည် မြူးသွား၏။

"သွားဒါဖြင့် စမ်းကြည့်စမ်း"

ရဲသားငယ်သည် သူ့ဆရာကို မျက်စောင်းထိုးကြည့်၏။ ဆရာသည် ဖုန်း ခွက်ထဲမှာ အော်ပရေတာကို သံကုန်ခေါ်နေ၏။ ဗင်ဒန်က. . .

"သွားပါ. . . စမ်းကြည့်စမ်းပါ"

ရဲသားငယ်ထွက်သွား၏။

ထိုအချိန်တွင် ရဲအရာရှိသည် ဖုန်းခွက်ကို ဗင်ဒန်အားပေးရင်း. . .

"စစ်ဌာနချုပ်ရပြီခင်ဗျ"

ဗင်ဒန်သည် ဖုန်းကို ယူလိုက်ပြီး. . .

"ဟေ့. . . ငါ့ကို ကပ္ပတိန်ဂျိတ်နှင့်ရအောင် အမြန်ဆက်ပေးစမ်း"

ခဏအကြာတွင် ဂျိတ်အသံဖုန်းထဲမှ ပေါ်လာ၏။

"ဟဲလို. . . . ဟုတ်ကဲ့ပြောပါ"

"ဟေး. . . ဂျိတ် ငါဗင်ဒန်ပါကွ၊ ငါအခု တောင်ပိုင်းမှာ ရောက်နေတယ်"

"ဟုတ်လားဆရာ. . . ဒီမှာတော့ မိုးမီးလောင်နေပြီ၊ မနေ့ညက ကိစ္စကို သိသွားပြီးတဲ့နောက် ဗိုလ်ချုပ်ကြီးကလဲ မကျေနပ်ဘူး၊ ဘော(၈)ဆိုတာ ဌနစရာမရှိ သလိုပဲ၊ ဒါထက် ဆရာက ဘယ်ရောက်နေတာလဲ"

"ငါဘယ်ရောက်နေတယ်ဆိုတာ အရေးမကြီးပါဘူး၊ ငါမကြာခင်ပြန်လာမှာ ပါ၊ အခုလောလော လတ်လတ်တော့ ငါတစ်ယောက်တည်း လုပ်မှ ဖြစ်မယ်၊ ဒီက

ရဲအဖွဲ့ရဲ့ အကူအညီလိုတယ်၊ မင်းကွာ ဟို. . . တို့ဒပ်(ချ)ဦးလေးကြီးပုံကလေး လုပ်စမ်းပါ အဆင်သင့်ပဲနော်"

"ဟုတ်ကဲ့ခင်ဗျ"

ဗင်ဒန်က ဖုန်းခွက်ကို ရဲအရာရှိကို ပေးလိုက်၏။ ဗင်ဒန်အနေနဲ့ ဂျိတ်ဘာပြောမည်ကို သိပြီးဖြစ်သည်။ ဂျိတ်သည် အလွန့်အလွန်အရေးကြီးသော ကိစ္စအတွက် ဗင်ဒန်ကို အစစကူညီရန် ဌာနချုပ်အနေနဲ့ ညွှန်ကြားအမိန့်ပေးမည်ဖြစ်သည်။

ရဲအရာရှိ တကိုယ်လုံးသည် တဖြည်းဖြည်း မတ်လာ၏။

"ဟုတ်. . . ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ ကျွန်တော်တို့ အစွမ်းကုန် အကူအညီပေးပါ့မယ်၊ ဒါပဲနော်၊ ဂွတ်ဘိုင်"

ဗင်ဒန်သည် ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်သည်။ ရဲသားငယ်သည် ဆိုင်ကယ်ကို ဝင်းထဲမှာ ပတ်ချာဝေ့ပြီးစီးနေ၏။ လူအုပ်တစ်အုပ်သည် သူ့ကို ဝိုင်းကြည့်နေကြ၏။ ကလေးများက ဆိုင်ကယ်နောက်မှ ပြေးလိုက်နေကြ၏။ ဖြစ်လောက်သည်ဟု တွေးလိုက်၏။ နောက်အရာရှိကို လှည့်၍. . .

"ဒီမယ်. . . ကျုပ်ဒီမြို့မှာ ရထားရပ်ရင် ရထားပေါ် တက်မယ်၊ နောက်ဘူတာကြရင်ဆင်းမယ်၊ အဲဒီရဲသားကို ကျုပ်ဆိုင်ကယ်ကိုစီးပြီး ရှေ့ဘူတာက စောင့်နေဖို့စီစဉ်ပါ၊ နားလည်လား"

"ဟုတ်ကဲ့ခင်ဗျ၊ ဒါဆိုရထားက ဒီဘူတာမှာ ရပ်မှာပေါ့"

"ခါတိုင်းမရပ်ဘူးလား"

"အစရှတ်ရထားကြီးက မရပ်ဘူး ခင်ဗျ"

"ဒါဆို ဘူတာရုံကိုသွား၊ ရုံပိုင်ကိုပြော ခဏရပ်ခိုင်းလို့"

"ဟုတ်ကဲ့ ခင်ဗျ"

အရာရှိအပြေးကလေးထွက်သွားသည်။ သူ့အနေနှင့် ရထားသံကို မကြားရသေး၊ နောက်ထပ်ဖုန်းတစ်ကြိမ်လောက် ဆက်နိုင်လောက်သေးသည်။ ဗင်ဒန် ဖုန်းကောက်ကိုင်ပြီး အစရှတ်မြို့ကို တောင်းကာ ကပ္ပတိန် နယူးမင်းနှင့်တွေ့လိုကြောင်း ပြောလိုက်၏။ အဝေးပြော တယ်လီဖုန်းသည် ဤမျှသဘောကောင်းသည်ကို ဗင်ဒန် အကြုံဘူးသေး၊ ခဏအကြာ တစ်ဘက်မှ နယူးမင်းဟု ထူးသံကြားရ၏။

"မေဂျာဗင်ဒန် စကားပြောနေပါတယ်၊ ကျုပ် မောင်ရင်ရဲ့ ဓားလူသတ်သမားကို ခြေရာခံမိနေပြီ"

"သတင်းကောင်းပဲဆရာ၊ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"သေချာနားထောင်၊ ကျုပ်တို့ ညင်ညင်သာသာ လှုပ်ရှားမှဖြစ်မယ်၊ ကျုပ်

တစ်ယောက်တည်း လုပ်ရမှ ဖြစ်မှာ၊ လက်နက်ကိုင်တပ်နဲ့ ပိုင်းဖမ်းလို့ မဖြစ်ဘူး"

"နားလည်ပါပြီ ခင်ဗျ၊ ကျွန်တော်ဆီက ဘာအကူအညီလိုပါသလဲ"

"ကျုပ်မကြာခင်အစရှုတ်ကို ရောက်လာမယ်၊ တက္ကဆီတစ်စင်းလိုတယ်၊ အာရပ်ဝတ်စုံတစ်ခုနဲ့ ကလေးတစ်ယောက် လိုချင်တယ်။ ကျုပ်ကို လာစောင့်တွေ့"

"ဟုတ်ကဲ့. . . ပြဿနာမရှိပါဘူး. . . ဆရာက ဘာနဲ့လာမှာလဲ"

"ကျုပ်က ကားလမ်းက ဆိုင်ကယ်နဲ့လာမှာ၊ မြို့ဝင်က စောင့်နေ ဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"ဒါဆို ဒါပဲ၊ ကျုပ်လုပ်စရာရှိသေးတယ်"

"ကောင်းပါပြီ၊ ကျွန်တော် စောင့်နေပါမယ်"

ဇင်ဒန်သည် တယ်လီဖုန်းခွက်ကို ပြန်ချပြီး ဖုန်းနံဘေးမှာ ငါးပေါင်တန် ငွေစက္ကူတစ်ရွက်ကို ချထားလိုက်၏။ "ပေးကမ်းခြင်းသည် အောင်မြင်စေရာ" ဖြစ်၏။ ဝင်းထဲသို့ ဖြတ်လိုက်သည်။ ဟိုအဝေးမှ ရထားမီးခိုးကို လှမ်းမြင်နိုင်ပြီ ဖြစ်သည်၊ ရဲသားငယ်သည် ဇင်ဒန်အနားသို့ ဆိုင်ကယ်စီးလာပြီး ရပ်သည်။ ဇင်ဒန်က. . .

"ငါက ရထားပေါ်တက်မယ်၊ မင်းက ရှေ့ဘူတာအထိ ဆိုင်ကယ်ဆီးပြီး ငါ့ကို စောင့်နေ နားလည်လား"

"ဟုတ်ကဲ့ ခင်ဗျ"

ဇင်ဒန်က ငါးပေါင်တန် ငွေစက္ကူတစ်ရွက်ကို ထက်ပိုင်း ဆုတ်လိုက်ပြီး တစ်ပိုင်းကို ရဲသားငယ်လက်ထဲထည့်လိုက်၏။

"မင်း ကျန်တဲ့ တစ်ဝက်ကို ရှေ့ဘူတာကျမှ ရမယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ရထားသည် ဘူတာနှင့်နီးလာပြီဖြစ်သည်၊ ဇင်ဒန်ကွက်လပ်ကို ဖြတ်၍ ဘူတာထဲဝင်၊ ရဲအရာရှိက ထွက်လာတွေ့ရင်. . .

"ရှဲပိုင်က ရထားကို ရပ်ခိုင်းထားပါတယ်"

"အေး. . . ကောင်းတယ်၊ မင်းနာမည်က"

"ရဲကြပ်ကြီး နက်စဘတ်ပါ"

"ကိုင်ရိုရုံးချုပ်ရောက်ရင် မင်းအကြောင်းပြောလိုက်မယ်"

ဇင်ဒန် ဘူတာထဲပြေးဝင်လာခဲ့သည်။ နောက်ပလက်ဖောင်းထောင့်စွန်းသို့ ထွက်လာခဲ့၏။ သို့မှသာ သူသည် ခေါင်းတွဲနားမှ ရထားပေါ်သို့ အသာ တက်နိုင်မည် ဖြစ်ပြီး မည်သည့်ခရီးသည်မှ သူရထားပေါ် တက်သည်ကို မြင်ရမည် မဟုတ်၊

ရထားသည် ဘူတာထဲမှာ ရပ်၏။ ရဲပိုင်သည် ဗင်ဒန်ရှိရာသို့ လာရပ်သည်။ ရထားရပ်သောအခါ စက်ခေါင်းဆရာနှင့် တွဲစစ်သည် ရဲပိုင်နှင့် ဆင်းတွေ့၏။ ဗင်ဒန်က သုံးဦးစလုံးအား တစ်စုံတစ်ရာ တီးတိုးပြောလိုက်ပြီး ရထားပေါ်သို့ တက်လိုက်၏။

ရထားသည် ထွက်ခဲ့ပြီဖြစ်သည်။

ဗင်ဒန်တက်လာသော တွဲမှာ ရိုးရိုးတန်းတွဲသာ ဖြစ်သည်။ ဝူလ်အနေနှင့် အထက်တန်းတွဲမှ စီးမည့်သဘော ရှိသည်။ ဗင်ဒန်သည် တွဲကို ဖြတ်လျှောက်လာခဲ့၏။ တစ်တွဲလုံးမှာ ယောက်ျားမိန်းမ ကလေးများအပြင် သိုးများ၊ ဆိတ်များ၊ အထုပ်အပိုးများနှင့် ပြည့်ကျပ်နေ၏။ ဗင်ဒန်သည် ဤသို့ဖြင့် ရိုးရိုးတန်း သုံးတွဲကို ဖြတ်ကျော်ခဲ့ပြီး ပထမတန်းတွဲများဆီသို့ ရောက်လာ၏။ ထိပ်တွင် တွဲစောင့်တစ်ယောက် ဖန်ခွက်နှင့် လက်ဖက်ရည် ထိုင်သောက်နေ၏။ သူ့ကိုမြင်သောအခါ ထ၍. . .

"လက်ဖက်ရည် သုံးဆောင်ပါဦး ဗိုလ်ချုပ်"

"တော်ပြီ. . . အထက်တန်းတွဲက လူတွေရဲ့ စာရွက်စာတမ်းတွေကို စစ်စရာ ရှိလို့. . . ."

ဗင်ဒန်သည် အောက်မှ ရထားဘီးသံကြောင့် အတင်းအော်ပြောရသည်။ တွဲစောင့်က. . .

"အကုန်လုံးကောင်းပါတယ် ဆရာ"

"အထက်တန်း ဘယ်နှစ်တွဲရှိသလဲ"

တွဲစောင့်က လက်နှစ်ချောင်းထောင်ပြသည်။

ဗင်ဒန်က ပြန်ခေါင်းညိတ်ပြလိုက်၏။ နောက်အထက်တန်းတွဲ တံခါးပေါက်ကို ကြည့်ရင်း ရုတ်တရက် သတ္တိက လျော့ပါးလာသည်။ သူ့အနေနှင့် ဝူလ်သည် သူ့ကို မမြင်နိုင်ဘူးဟု ယူဆ၍ လောင်းစားထားခြင်း ဖြစ်သည်။ ဝူလ်နှင့် သူနှင့် သတ်ပုတ်ဘူးသည်။ အမှောင်ထဲမှာ သူ့ပါးမှ အမာရွတ်သည်လည်း မှတ်ဆိတ်ပါးသိုင်းမွေးများက ဖုံးနိုင်ခဲ့ပေပြီဖြစ်၏။ အယ်လိန်းကမူ လူကြီး၊ လျှင်လောက်သည်။ ဘီလီသည် အကြီးဆုံး ပြဿနာဖြစ်သည်။ ဗင်ဒန်အနေနှင့် သားကို ဖြစ်သည့်နည်းနှင့် သူ့ကို မမှတ်မိဟန်ဆောင်ဖို့ စည်းရုံးပြောကြားဖို့လိုသည်။ ကြိုတင်စီစဉ်ဖို့က မဖြစ်နိုင်တော့။

ဗင်ဒန် အသက်ပြင်းပြင်းရှူ၍ တံခါးဖွင့်လိုက်သည်။

ပထမတန်းတွဲထဲကို မျက်လုံးတစ်ချက်ဝေ့ကြည့်သည်။ မှတ်မိသူများမပါ။ ဝူလ်ကို မတွေ့၊ ဘီလီကိုမမြင်။

အနီးဆုံးခရီး သည်ထံသွား၍. . .

"လူကြီးမင်း မှတ်ပုံတင်ပြပါ"

"ဒါက ဘာလုပ်တာလဲ မေဂျာ"

အနားမှာ ရှိသော အိဂျစ်ဗိုလ်မှူးကြီး တစ်ယောက်က မေးသည်။ ဗင်ဒန်က. . .

"ထုံးစံအတိုင်း စစ်ရတာပါ ခင်ဗျာ"။

ဗိုလ်မှူးကြီး ဘာမှမပြောတော့။ စစ်အတွင်းမှာ သည်လိုအစစ်အဆေးများမှာ ရိုးနေပြီ ဖြစ်၏။ ပထမတန်းတွဲ၏ တစ်ဝက်ခန့်သို့ ရောက်လာသောအခါ သည်တွဲထဲ၌ ဝူလ်၊ အယ်လိန်းနှင့်ဘီလီတို့ မရှိမှန်း သေချာသွား၏။ သူ့အတွေးသည် မှန်မှ မှန်ပါ့မလားဟု သံသရ ဝင်လာ၏။ ဝူလ်တို့သည် ရထားနှင့်မှ လာပါ၏၊ မြေပုံစာအုပ်ပေါ်မှ သဲလွန်စသည် လှည့်စားချက်တစ်ခုခုများ ဖြစ်လေမလား။

သူသည် ပထမတွဲ ကုန်ဆုံးသွား၍ ဒုတိယတွဲသို့ ကူးလာခဲ့၏။ အကယ်၍ ဝူလ်ပါခဲ့သော် ယခုတွေ့တော့မည်။ ဘီလီပါခဲ့သော် . . . ဘီလီပါခဲ့သော်. . .

သူ တံခါးကို ဖွင့်လိုက်၏။

ချက်ချင်း ဘီလီကို လှမ်းမြင်ရသည်၊ ရင်ထဲမှာ နာကျင်သွား၏။ သားလေးဘီလီသည် အိပ်ပျော်လျက်ရှိသည်။ ဆံပင်ခွေများ နဖူးပေါ်မှ ကျနေ၏။ ပါးစပ်သည် တစ်ဝက်ခန့်ပွင့်ပြီး လှုပ်နေသည်၊ ဖခင်တစ်ယောက်အနေနှင့် ဘီလီ၏ သည်ပုံကို မြင်နေကျ၊ ဘီလီသည် အိပ်ရင်း သွားကြိတ်နေခြင်းဖြစ်သည်။ ဘီလီကိုရင်ခွင်ထဲမှာ ပွေ့ဖက်ထားသူမှာ အယ်လိန်းဖြစ်သည်။ ဗင်ဒန့် ရင်သည် လှုပ်ခါသွား၏။ သူတို့ ဆုံဆည်းခဲ့သော ညက ဘီလီနဖူးကို အိပ်ရာဝင် အနမ်းပေးနေ သော အယ်လိန်းကို ပြန်မြင်လာ၏။

အယ်လိန်း မော့ကြည့်သည်။

အယ်လိန်း ဗင်ဒန်နှင့် မျက်လုံးချင်းဆုံမိသည်။ အယ်လိန်းမျက်နှာမှာ ပြောင်းလဲသွား၏။ မျက်လုံးများ ကျယ်သွားပြီး ပါးစပ်မှ တစ်စုံတစ်ရာ ယောင်ယမ်းအော်မည့် အခြေအနေကို ဗင်ဒန်မြင်ရသည်၊ သည်လိုဖြစ်မည်ကို ဗင်ဒန်ကြိုတင်မှန်းဆ ခဲ့ပြီး ဖြစ်သည်။ နှုတ်ခမ်းမှာ လက်ညှိုးနှင့် တေ့ကပ်၍ တိတ်တိတ်နေဟု အချက်ပြလိုက်၏။ အယ်လိန်း မျက်လွှာပြန်ချသွား၏။ သို့သော် လျှင်သော ဝူလ်က အယ်လိန်း၏ အံ့ဩရိပ်ကို မြင်သွားပြီးဖြစ်၍ အယ်လိန်း ဘာကိုမြင်၍ အံ့ဩသွားသည်ကို လှည့်ကြည့်သည်။

သူတို့သည် ဗင်ဒန်၏ ဘယ်ဘက်မှာ ရှိသည်။ ဗင်ဒန့်ပါးမှ ဒဏ်ရာသည်

လည်း ဘယ်ဘက်မှာ ဖြစ်သည်။ ဗင်ဒန် မသိမသာကျောပေးလိုက်ပြီး အနီးဆုံးခရီးသည် ထံမှ စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးလိုက်၏။

ဗင်ဒန်အနေနှင့်ဘီလီ အိပ်ပျော်နေမည်ဟု မတွေးခဲ့။

ဘီလီကိုလည်း အယ်လိန်းနည်းတူ အချက်ပြ၍ နှုတ်ပိတ်ထားမည်ဟု စဉ်းစားခဲ့၏။ ယခုကား အခြေအနေပြောင်းသွား၏။ အကယ်၍ဘီလီနိုးလာပြီး အနားမှာ သူ့အဖေကို တွေ့ လိုက်ရပါက ဘာမှ တတ်နိုင်မည်မဟုတ်တော့။

ဗင်ဒန်သည် ခပ်တည်တည်ဖြင့် ဝူလ်ကိုကြည့်ကာ. . .

"မှတ်ပုံတင်တွေ ပေးပါ"

ဤအကြိမ်သည် သူ၏ ရန်သူတော်နှင့် ဗင်ဒန်မျက်နှာချင်းဆိုင် တွေ့ဆုံဘူးခြင်းဖြစ်သည်။ ဝူလ်သည် လူခန့်လူချောဖြစ်သည်။ ဝူလ်ကမူ မင်သေသေဖြင့် ပင် မှတ်ပုံတင်ထုတ်ပေး၏။ မှတ်ပုံတင်တွင် အဲလက်ဝူလ်၊ ဗီလာအောလစ်ဗီယားအိမ်၊ ဉယျာဉ်ရပ်ကွက်၊ ကိုင်ရိုမြို့ လိပ်စာဖြင့်ဖြစ်သည်။ ဝူလ်သည် ရဲတင်းသူပါကလား။ ဗင်ဒန်က. . .

"ဘယ်သွားကြမလို့လဲခင်ဗျ"

"အစရွတ်ကို. . . "

"အလုပ်ကိစ္စနဲ့လား"

"မဟုတ်ပါဘူး၊ ဆွေမျိုးတွေဆီ အလည်ပါ"

"သူတို့တတွေကကော. . ."

"ကျုပ်သားနဲ့ ကလေးထိန်းပါ"

ဗင်ဒန် အယ်လိန်း၏ မှတ်ပုံတင်ကို ကြည့်သည်။ ဘီလီကို သူ့သားပါဟု ဝူလ်က ပြောနေသဖြင့် လည်ပင်းကို ဆွဲညှစ်ပစ်ချင်လှ၏။ စိတ်ထိန်း၍ အယ်လိန်းအား. . .

"ကလေးကို နှိုးမနေပါနဲ့၊ ရပါတယ်"

ဗင်ဒန်သည် ဝူလ် နံဘေးမှ ဘုန်းကြီးထံမှ မှတ်ပုံတင်တောင်းယူ ပြန်၏။ ဝူလ်က. . .

"အခုလို စစ်ဆေးတာ ဘာကြောင့်လဲ မေဂျာ"

"ထုံးစံပါပဲ"

ဗင်ဒန်က ဖြေနေစဉ် ဘုန်းကြီးက ဗင်ဒန်အား. . .

"ကျုပ်လည်း အစရွတ် သွားမလို့ပဲ"

"ဟုတ်ကဲ့. . . ကွန်ဗင့်ကျောင်းကို မဟုတ်လား"

"ဒို. . . ခင်ဗျားကြားဘူးတာကိုး"

"ကြားဘူးပါတယ် ခင်ဗျ"

"ရောက်ဘူးသလား"

"မရောက်ဖူးသေးဘူး ခင်ဗျ။ သည်တခါများ ကြုံမလားမသိဘူး"

"ကြုံကြိုက်ပါစေကွယ်"

ဗင်ဒန်သည် မှတ်ပုံတင်ကို ဘုန်းကြီးထံ ပြန်ပေးပြီး ကျန်ခရီးသည်များထံ ဆက်၍ ဟန်မပျက် ဆက်စစ်နေ၏။ လူများသက်ကမကင်းဖြစ်နေသလားဟု လှည့်ကြည့်ရာ ဝူလ်သည် သူ့ကိုပင်မကြည့်ပဲ ပြတင်းမှ အပြင်ဘက်သို့ကြည့်နေ၏။

ယခုနေ အယ်လိန်း ဘာတွေများတွေးနေပါလိမ့်ဟု ဗင်ဒန်စဉ်းစားကြည့်သည်။ အယ်လိန်းတစ်ယောက် ဗင်ဒန်ရထားပေါ် ဘယ်လိုရောက်လာပါလိမ့်၊ ဘာရည်ရွယ်ချက်များ ရှိပါလိမ့်ဟု၊ သူက စကား ဘာကြောင့်မပြောပဲ နှုတ်ပိတ်နေနိုင်းပါလိမ့်ဟု တွေးပေလိမ့်မည်။ ဘာပဲဖြစ်ဖြစ် အယ်လိန်းတစ်ယောက်တည်း မဟုတ်တော့ကြောင်း အယ်လိန်း သိသွားပေလိမ့်မည်။

ဝူလ်ကကော ဘာတွေများ တွေးနေပါလိမ့်၊ စိတ်မရှည်ပဲ ဖြစ်နေသလား၊ ကြောက်နေသလား၊ စိတ်လောကြီးနေသလား၊ မဟုတ်သေး။ ဝူလ် ပုံပန်းက တစ်ခုမှ ဟုတ်ပုံမပေါ်၊ သူ့ကြည့်ရသည်က ပျင်းရိနေပုံသာရ၏။

သူ တွဲအဆုံးသို့ ရောက်လာပြီး မှတ်ပုံတင် စာရွက်များ စစ်ဆေးပြီးသွား၏၊ ထိုစဉ် အသံတစ်ခု ကြားလိုက်ရသည်။ သူ့အသည်းနှလုံး လှုပ်ခါသွား၏။

"ဟိုမှာ ဖေဖေ"

ဗင်ဒန်လှည့်ကြည့်လိုက်ရာ သူရှိရာသို့ ဘီလီ လမ်းလျှောက်လာသည်ကို တွေ့ရသည်။ ရထားရှိန်ကြောင့် ထိုင်ခုံများအကြား ယိမ်းယိုင်စွာ လျှောက်လာနေ၏။

"ဘုရားရေ. . . သွားပြီ"

ဘီလီ၏ နောက်မှ ဝူလ်နှင့် အယ်လိန်းတို့ မတ်တတ်ရပ်၍ ကြည့်နေကြ၏။ ဝူလ်က စိတ်မကြည်စွာ၊ အယ်လိန်းကကြောက်ရွံ့စိုးရိမ်စွာဖြင့်၊ ဗင်ဒန်သည် ကလေး၏အသံကို ဂရုမပြုဟန်ဖြင့် တံခါးဖွင့်သည်။ အပြင်သို့ ထွက်လိုက်၏။ အနားသို့ရောက်နေပြီဖြစ်သော ဘီလီကလည်း တံခါးဖွင့်၍ ထွက်လိုက်၏။ ဗင်ဒန်သည် တံခါးကို အမြန်ပြန်ပိတ်ပြီး ဘီလီကို ပွေ့လိုက်၏။ ဗင်ဒန်က. . .

"သား စိတ်အေးအေးထား သား"

ဝူလ်သည် မကြာခင် လိုက်ပါလာမည်ဖြစ်သည်၊ ဘီလီက. . .

"သူတို့ သားကို ခေါ်လာကြတာ၊ သားကြောက်တယ်"

"ကြောက်စရာမလိုတော့ပါဘူးသားရယ်၊ ဖေဖေရောက်မှပဲ"

အခြေအနေသည် အရေးကြီးလာပြီ ဖြစ်၍ ဗင်ဒန်သည် အရေးကြီးသော လေသံဖြင့်. . . .

"ဒီမယ်သား၊ သေချာ နားထောင် ဖေဖေ သားကို အမြဲစောင့်ရှောက်နေတယ်၊ ကြည့်နေတယ်၊ ဒါပေမယ့် ဖေဖေက သူ့ကို ဖမ်းရမယ်သား။ သူဟာ ဖေဖေ ဘယ်သူဆိုတာ မသိမှ ဖြစ်မယ်။ သူဟာ ဖေဖေလိုက်ဖမ်းနေတဲ့ ဂျာမန်စပိုင်ပဲ။ ဖေဖေပြောတာ နားလည်ရဲ့လားဟင် သား"

"ဟုတ်ကဲ့ နားလည်ပါတယ် ဖေဖေ"

"ဒါဆိုနားထောင် သားဖေဖေ့ကို မှား နှုတ်ဆက်တာပါလို့ ဟန်ဆောင်နိုင်ရဲ့လား။ ဖေဖေဟာ သားဖေဖေမဟုတ်ဘူးဆိုပြီး သူတို့ဆီ ပြန်သွားနိုင်ရဲ့လား"

ဘီလီသည် ပါးစပ်အဟောင်းသားဖြစ်သွား၏။ ဘီလီဘာမှမပြော။ သို့သော် မျက်နှာကလေးကမူ မဖြစ်နိုင်ကြောင်း ဖော်ပြနေ၏။ ဗင်ဒန်က. . .

"သား. . . ဒါ တကယ့် စုံထောက် ဇာတ်လမ်းပဲဘီလီ၊ သားရော ဖေဖေပါ ကိုယ်တိုင်ကိုယ်ကြပ် ပါနေရပြီ၊ သားဟန်ဆောင်ပေတော့။ ဒါပေမယ့် ဘာမှမပူနဲ့။ ဖေဖေသားနားမှာ အမြဲရှိတယ်။ အိုကေနော်သား"

ဘီလီဘာမှမဖြေသေး. . . တံခါးပွင့်သွားပြီး ဝူလ်ဝင်လာ၏။ ဝူလ်က. . .

"ဘာတွေ ဖြစ်နေတာလဲ"

ဗင်ဒန်က ဘာမှ မဖြစ်သလို ပြုံး၍. . .

"ကလေး အိပ်ရာကနိုးလို့ ယောင်ပြီး ကျုပ်ကို သူ့အဖေဆိုပြီး ခေါ်ပြေးလာတာထင်ပါရဲ့၊ အဲ ခင်ဗျာနဲ့ ကျုပ်နဲ့ကလည်း လုံးတူရပ်တူလောက်ရှိတာကိုး"

ဝူလ်သည် ဘီလီကို ကြည့်သည်။

"ဘာရှုးတာလဲကွ လာ. . . ထိုင်ခုံကို ပြန်လာ"

ဘီလီသည် ရပ်လိုက်၏။ သို့သော် မလှုပ်သေး။

ဗင်ဒန်ကဘီလီ၏ ပခုံးပေါ်သို့ လက်တင်လိုက်ပြီး. . .

"ကဲ လူကြီးမင်းကလေး လိုက်သွားလေ၊ ကျုပ်တို့ စစ်ပွဲသွားပြီး အနိုင်တိုက်လိုက်ကြစို့"

ပြောနေကျ စကားလုံးကလေးကြောင့် ဘီလီသည် ရဲရင့်သွားပုံရ၏။ သူက. . .

"ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျာ၊ ကျွန်တော် အိပ်မက်မက်သွားတယ် ထင်ပါတယ်"

ဗင်ဒန်ရင်သည် ကြွမတက်နာသွား၏။

ဘီလီသည် နောက်လှည့်ပြီး တွဲထဲသို့ ပြန်ဝင်သွား၏။ ဝူလ်ဝင်လိုက်သွား၏။ ဗင်ဒန်လည်း ပြန်လိုက်လာ၏။ ထိုအချိန်၌ ရထားသည် အရှိန်ပျော့လာ၏။ သူ့ဆိုင်ကယ်က သည်မှာ စောင့်နေမည်ဖြစ်၏။

ဘီလီသည် သူ့ထိုင်ခုံမှာ ပြန်ထိုင်သည်။ အယ်လိန်းသည် နားမလည်စွာဖြင့် သူတို့ကို ကြည့်နေကြ၏။ ဘီလီက အယ်လိန်းလက်ကို ကိုင်၍. . .

"ကျွန်တော် မျက်စိမှားသွားလို့ပါ အိပ်မက်ထဲမှာက နိုးသလိုဖြစ်သွားလို့ ထင်ပါရဲ့၊ အခုအားလုံး အိုကေပါပဲ"

အယ်လိန်းသည် ဘီလီကိုကြည့်လိုက်ရာ ဘီလီမျက်လုံးများ အရောင်တောက်နေ၏။ အယ်လိန်းသည် မျက်ရည် မနည်းထိန်းထားလိုက်ရ၏။

ဗင်ဒန်အမှန်အတိုင်း ဆက်လျှောက်မသွားချင်ပေ၊ သည်နားမှာရပ်ပြီး သူတို့နှင့် စကားပြောနေချင်၏။ ဘာပဲဖြစ်ဖြစ်၊ ဘာပဲပြောရပြောရ၊ သို့သော်မဖြစ်သေး။ ဘီလီကို ကြည့်၍. . .

"ကောင်းသော ခရီးလမ်းဖြစ်ပါစေ"

"ကျေးဇူးတင်ပါတယ် ဦး"

ဗင်ဒန်ထွက်လာခဲ့၏။

မီးရထားသည် ဘူတာရုံမှာ ထိုးရပ်သည်။ ဗင်ဒန်သည် ရထားပေါ်မှ ဆင်းပြီး ဘူတာအရိပ်ထဲရောက်အောင် လျှောက်လာခဲ့၏။ ရထားပေါ်မှ တခြားဘယ်သူမှ မဆင်းကြ။ သို့သော် သုံးလေးယောက် မိုးမိုးတန်းတွဲပေါ်သို့ တက်ကြ၏။ ခဏအကြာ ခရာမှုတ်သံကြားရသည်။ ရထားရွေ့စပြုနေ၏။ ထိုတွဲဖြတ်သွားစဉ် ဘီလီ၏ မျက်နှာ ကို မြင်ရသည် ဘီလီ လက်ကလေး ဝှေ့ယမ်းကာ ပြ၏။ ဗင်ဒန်က ပြန်ဝှေ့ယမ်းပြ ၏။ ကလေး၏ မျက်နှာလေးသည် မြင်ကွင်းမှ ကွယ်သွား၏။

ဗင်ဒန် သည်တော့မှ သူ့တစ်ကိုယ်လုံး တုန်ယင်နေကြောင်း တွေ့ရ၏။

သူသည် ရထားထွက်သည်ကို ရပ်ကြည့်နေမိ၏။ ပြီးမှ ဘူတာရုံအပြင်သို့ ထွက်ခဲ့၏။ အပြင်၌ရဲသားငယ်သည် ဆိုင်ကယ်ပေါ်မှာ ခွထိုင်နေပြီး နံဘေးမှ ဝိုင်းကြည့်နေသူများကို ရှင်းပြနေ၏။ ဗင်ဒန်သည် ဆိုင်ကယ်ရှိရာသို့ လျှောက်လာပြီး ရဲသားငယ်အား ကတိအတိုင်း တစ်ပေါင်တန်ငွေစက္ကူတစ်ပိုင်းကို ပေးလိုက်၏။ ရဲသားငယ် ဆိုင်ကယ်ပေါ်မှ ဆင်း၍အလေးပြုသည်။

ဗင်ဒန်ဆိုင်ကယ်ပေါ် တက်ခွပြီး စက်နှိုးလိုက်၏။ ရဲသားငယ်ဘယ်လိုပြန်မည်ကို သူမသိ၊ မြို့ပြင်ဘက်သို့ ထွက်ခဲ့၏။ နေမွန်းတိမ်းခဲ့ပြီ ဖြစ်သော်လည်း

အပူရှိန်က ပြင်းထန်ဆဲ။

မကြာခင် ဗင်ဒန်၏ ဆိုင်ကယ်သည် မီးရထားကို ဖြတ်ကျော်သွားခဲ့၏။ သည်ပုံအတိုင်းဆိုပါက ဗင်ဒန်အနေနှင့် အစရှုတ်ကို မီးရထားထက် မိနစ် သုံးလေးဆယ် စောရောက်မည်ဟု ခန့်မှန်းရ၏။ အစရှုတ်တွင် ကပ္ပတိန် နယူးမင်းက စောင့်နေပေမည်။ ဗင်ဒန်သည် နောက်ထပ် ဘာတွေလုပ်ရမည်ကို သိပြီးဖြစ်သည်။ အသေး စိတ်များကမူ အခြေအနေအရပင်ဖြစ်သည်။

သူသည် ရထားကို ထားပစ်ခဲ့သည့်နည်းတူ သူ အချစ်ရဆုံးလူသား နှစ်ဦး ဘီလီနှင့်အယ်လိန်းကို ထားခဲ့ကြောင်း သိပါ၏။ သူကိုယ်သူ ကြိုးစား၍ ငါလုပ်တာ မှန်ပါတယ်ဟုတွေးကာ ဖြေနေမိသည်။ သို့သော် စိတ်ထဲတစ်နေရာကမူ ရက်စက် လိုက်တာ၊ ရက်စက်လိုက်တာဟု အသံပြုနေ၏။

❖ ❖ ❖

(၂၈)

မီးရထားသည် ဘူတာရုံထဲသို့ ဝင်၍ ရပ်လိုက်၏။ အယ်လိန်းသည် ဘူတာရုံထဲမှ အာရဗစ်နှင့် အင်္ဂလိပ်လိုရေးထားသော စာတန်းကို မြင်ရသည်။ 'အစရွတ်'၊ သူမတို့သည် ခရီးဆုံးသို့ ရောက်ခဲ့ပြီကော။

ဇင်ဒန်၏ ကြွင်နာသော၊ ပူပန်သော မျက်နှာကို ရထားပေါ်မှာ မြင်ခဲ့ရသဖြင့် စိတ်အေးချမ်းသာမှုရခဲ့၏။ တွေ့စက စိတ်ချမ်းသာမှုရခဲ့သည်။ လက်မှတ်စစ်နေရင်း ခါးကြားမှ သေနတ်ထုတ်၍ ဝူလ်ကို ဖမ်းလိမ့်မည်ဟု ယူဆခဲ့၏။ သို့သော် ထိုကဲ့သို့ အလွယ်တကူ မလုပ်ခဲ့၍ အံ့ဩနေခဲ့မိသည်။ ဇင်ဒန်သည် ထူးဆန်းအံ့ဩဖွယ်ကောင်းလောက်အောင် သားဖြစ်သူကို ရန်သူလက်ထဲကို ပြန်ထည့်ခဲ့၏။ ဘူတာရုံပလက်ဖောင်းပေါ်မှ လက်ပြကျန်ရစ်သော ဇင်ဒန်ကို ကြည့်၍ စိတ်ဓာတ်ကျသွား၏။ ဇင်ဒန်ဘာအကြံအစည်များရှိပါလိမ့်။

ဟုတ်ပြီ။ 'ရေဗက်ခါ သော့ချက်' သည် ဇင်ဒန်ခေါင်းထဲမှာ ရောက်နေ၍ဖြစ်ရမည်။ ဇင်ဒန်အနေနှင့် ဘီလီနှင့် သူမတို့ကို ကယ်ရုံသာမက 'ရေဗက်ခါ သော့ချက်' ကိုလည်း ရယူနိုင်သော နည်းလမ်းရှာဖွေ တွေ့ရှိထား၍သာ ဖြစ်ရပေမည်။ အယ်လိန်းသည် ဘယ်ပုံဘယ်နည်းဖြစ်ကြောင်းသိချင် လှသည်။ ကံအားလျော်စွာပင် ဘီလီတမူ စိတ်ပူပန်ပုံမရ၊ သူ့အဖေသည် သေချာစီစဉ်ပြီးသား ဖြစ်နေမည်ဟု ယုံကြည်နေပုံရသည်။ ရှုခင်းများကို ကြည့်ရင်း တော်င်မေးမြောက်မေး မေး

နေ၏။ ဝူလ်သည် ဓားကို ဘယ်မှာ ဝှက်ထားသနည်းဟုပင် မေးနေ၏။

ဝူလ်ကိုယ်တိုင်လည်း စိတ်လက်ပျော်ရွှင်နေ၏။ ရထားပေါ်မှ ဘီလီ၏ အတွေ့အကြုံသည် သူ့ကို ကြောက်လန့်စေခဲ့သည်။ ဗင်ဒန်ကို စေ့စပ်စွာ လေ့လာခဲ့၏။ သို့သော် ဗင်ဒန်ရထားပေါ်မှ ဆင်းနေရစ်ခဲ့ကြောင်း သေချာနေပုံရသည်။ ထိုနောက်တွင်တော့ ဝူလ်စိတ်လန်းလေသည်။ အစရှတ်ရောက်လာသော အခါ ဝူလ်၏ပြုံး ရွှင်မှုသည် သိသာလွန်းလှ၏။

ဝူလ်သည် မတ်တတ်ရပ်၍ စင်ပေါ်မှ အိတ်ကို လှမ်းယူသည်။ အယ်လိန်းနှင့် ဘီလီတို့သည် ဝူလ်၏ နောက်မှ ပလက်ဖောင်းပေါ်သို့ လိုက်ဆင်းကြသည်။ အစရှတ် ဘူတာမှာ သည်လမ်းခရီးတွင်အကြီးဆုံး၊ အစည်ဆုံးဖြစ်၍ လူတွေပြည့်ကျပ်နေ၏။ ပလက်ဖောင်းပေါ်ရောက်သောအခါ သူတို့ သုံးယောက် လူအုပ်ကြားမှာ ညပ်နေ၏။ လူအုပ်ထဲတွင် ခေါင်းတလုံးမြင့်နေသော ဝူလ်သည် ထွက်ပေါက်ဘက်သို့ ဦးဆောင်လျှောက်ခဲ့သည်။

ရုတ်တရက်ပင် မည်းညစ်၍ ဖိနပ်မပါသော ကောင်လေးတစ်ယောက်က ဝူလ်၏ အိတ်ကို လှမ်းကိုင်ကာ 'တက္ကဆီရမယ်၊ တက္ကဆီရမယ်" ဟု တတွတ်တွတ် အော်နေ၏။ ဝူလ်သည် ထိုကလေးနောက်သို့ လိုက်ခဲ့၏။

သူတို့ လက်မှတ်များကို လက်မှတ်သိမ်းထံ ပြပြီးနောက် ဘူတာရုံအပြင်ဘက်သို့ ထွက်ခဲ့၏။ ညနေစောင်းပြီဖြစ်သော်လည်း အပူရှိန်က ပြင်းထန်ဆဲ၊ ဘူတာရုံကွက်လပ်မှာ အဆောက်အဦမြင့်များနှင့် စိုင်းရံနေ၏။ တစ်ခုမှာ ဂရင်းဟိုတယ်ဖြစ်သည်။

အယ်လိန်းသည် နံဘေးနဘီသို့ လှည့်ကြည့်သည်။ ဘယ်နားမှာ စစ်သားများ ထွက်ပေါ်လာပြီး ဝူလ်ကိုဖမ်းမလဲ၊ တစ်စုံတစ်ယောက်မှ ပေါ်မလာကြ။ ဗင်ဒန်၏ အရိပ်အရောင်လည်း မမြင်ရ။ ဝူလ်က ကောင်လေးအား. . .

"ငါက မော်တော်ကား တက္ကဆီလိုချင်တာနော်"

ကွက်လပ်တွင် မော်တော်ကားဆို၍ တစင်းသာရှိသည်။ မောရစ်ကားအိုကြီးဖြစ်သည်။ မြင်းလှည်းများ နောက်နားမှာ ရပ်နေ၏။ ကောင်လေးသည် သူတို့ကို ထိုကားရှိရာသို့ ခေါ်သွား၏။ ဝူလ်က အယ်လိန်းအား ရှေ့ခန်းမှ ဝင်ထိုင်ရန် ညွှန်ကြားသည်။ သူကိုယ်တိုင်မူ ကောင်လေးကို ကြေးပြားတပြားပေး၍ နောက်ခန်းမှာ ဝင်ထိုင်၏။ ဒရိုင်ဘာသည် မျက်မှန်အမည်းတပ်ထားပြီး အာရပ်ခေါင်းစည်း စည်းထားသည်။ ဝူလ်က အာရပီဘာသာဖြင့်-

"တောင်ဘက် ကွန်ဗင့်ရှိရာကိုမောင်း"

ဒရိုင်ဘာက ပြန်ဖြေသည်။

"ဒိုကေ"

အယ်လိန်း ရင်ခုန်ရပ်သွား၏။ အကြောင်းမှာ ထိုအသံကို သူမသိသော ကြောင့်ဖြစ်သည်။ အယ်လိန်း ဒရိုင်ဘာကို ကြည့်လိုက်၏။ ဒရိုင်ဘာသည် ဗင်ဒန် ဖြစ်နေ၏။

ဗင်ဒန်သည် ဘူတာရုံမှ ကားမောင်းထွက်ခဲ့၏။ ယခုအထိတော့ အခြေ အနေကောင်းဆဲဟု သူသိသည်။ အာရဗီစကားနှင့် ဝူလ်ပြောနေခြင်းသည် နည်းနည်းခွကျနေ၏။ ဗင်ဒန်ခေါင်းထဲတွင် ဝူလ် ဤသို့အာရဗီစကားနှင့် ဒရိုင်ဘာကို ပြောလိမ့်မည်ဟု မတွေးမိခဲ့။ သူကိုယ်တိုင်ကလည်း အာရဗီစကားဖြစ်ဖြစ် မြောက်မြောက် မတတ်၊ သို့သော် လမ်းညွှန်သည်လောက်တော့ နားလည်သည်။ တစ်ခွန်းစနှစ်ခွန်းစ ပြောရန်တော့ ဖြစ်သည်။ အင်္ဂလိပ်စကားတချိတဝက်ညှပ် ဖြေလျှင်လည်း ရလောက် သည်ဟု ဗင်ဒန်တွေး၏။ အာရပ်ဒရိုင်ဘာတစ်ယောက်သည် ဤသို့ ပြောနေကျ။

ကပ္ပတိန်နယူးမင်းသည် ဗင်ဒန်ညွှန်သည့်အတိုင်းစီစဉ်ကာ စောင့်စား နေခဲ့၏။ ကားတစ်စီး၊ ကာလေးတစ်ယောက်၊ အာရပ်ဝတ်စုံတစ်စုံနှင့်အတူ သတင်းကို လျှို့ဝှက်ထားခဲ့သေး၏။ ထို့ပြင် သူ၏အင်ပီးခြောက်လုံးပြူး သေနတ်တစ်လက်ကို ပင် ငှားလိုက်သေး၏။

ရထားမဆိုက်မီ ရထားကိုစောင့်ရင်း ဗင်ဒန်သည် အစရွတ်မြို့အနေ အထား မြေပုံပေါ်မှာ အသေအချာ လေ့လာထားခဲ့နိုင်၏။ ထို့ကြောင့်လည်း ဝူလ် ညွှန်ကြားရာသို့ ကားမောင်းလာနိုင်ခဲ့ခြင်းသည်။

ဝူလ်က တစ်စုံတစ်ရာ ပြောပြန်၏။ သည်တစ်ကြိမ်တော့ ဗင်ဒန်နား မလည်လိုက်၊ သို့နှင့် မကြားချင်ဟန်ဆောင်နေလိုက်၏။ ဝူလ်က နောက်တစ်ခါ ထပ်ပြောသည်။ သည်တစ်ခါတော့ မာတ်ဆီဆိုသော စကားလုံးကို သိလိုက်၏။ ဗင်ဒန်က မာတ်ဆီဒိုင်ခွက်ကို လက်ညှိုးထိုးပြပြီး အပြည့်ရှိကြောင်းပြောလိုက်သည်။ ဝူလ်လက်ခံသွားပုံရ၏။

မှန်ကိုပြင်သလိုလိုနှင့် နောက်မှ ဘီလီကို ဗင်ဒန်တစ်ချက်ကြည့် လိုက်သည်။ ဘီလီသည် ဗင်ဒန်၏ ခေါင်းနောက်ပိုင်းကို ကြည့်နူးစွာ ကြည့်နေပုံရ သည်။ "ခေါ်တော့ မခေါ် လိုက်ပါနဲ့သားရယ်"

သူတို့သည် တဖြည်းဖြည်း မြို့ပြင်သို့ရောက်လာ၏။ သဲကန္တာရလမ်းပေါ်သို့ရောက်လာ၏။ ဝူလ်သည် "တောင်ကွေ့"ဟု ညွှန်ကြားခဲ့သည်။ ဗင်ဒန် လိုက်နာခဲ့၏။

ဗင်ဒန်စိတ်ထဲမှာ အံ့ဩသွား၏။ မြေပုံထဲတွင် တောင်စူးစူးသို့ သူတို့လာသော လမ်းအတိုင်းသွားပါက နာမည်ကျော် ကွန်ဗင့်ကျောင်းနှင့် ရွာတစ်ချို့ရှိသည်။ လမ်း၏တောင်ဘက်တွင် ဘာမှရှိသည်ကို မြေပုံပေါ်မှာ မတွေ့ခဲ့ရ။ ဝူလ်သည် သဲကန္တရထဲတွင် သဲများအောက်မှာ အသံလွှင့်စက်ကို ဝှက်ထားခဲ့ပါက ပြန်ရှာ၍ရနိုင်မည်မဟုတ်၊ သူကိစ္စသိတန်ကောင်းပါရဲ့ဟု ဗင်ဒန်တွေးသည်။ ဝူလ်၏အစီအစဉ်များ ပျက်သွားပါက သူ့အစီအစဉ်ပျက်တော့မည်။

လမ်းသည် တဖြည်းဖြည်းအပေါ်သို့ တက်လာ၏။ မော်ရစ်ကားစုတ်သည် အတော် ရုန်းကန်၍ တက်နေရသည်။ ဝူလ်ဘယ်လောက်ဝေးဝေးသွားမည်လဲ၊ ညမတိုင်မီ အစရွတ်ပြန်ရောက်ဖို့က လိုသေးသည်။ သို့သော် မမေးရဲ သူ၏ အာရဗီစကားလေသံကို သူမလုံ။

လမ်းသည် တဖြည်းဖြည်းသဘောလောက်သာ ရှိတော့သည်။ ဗင်ဒန်သည် မော်ရစ်ကားစုတ်ကို မြန်နိုင်သမျှ မြန်မြန်မောင်းခဲ့၏။ နေလုံးကြီးသည် မေးတင်နေပြီဖြစ်၏။ နောက်တစ်နာရီခန့် ကြာသောအခါ သိုးအုပ်တစ်အုပ်ကို တွေ့ရသည်။ သိုးမောင်းနေသော လူတစ်ယောက်နှင့် ကလေးတစ်ယောက် တွေ့ရသည်။ ဝူလ်က ဘယ်ချိုးရန်ပြောသည်။

ဗင်ဒန်ချိုးကွေ့လိုက်၏။ တနေရာတွင် အဝတ်တဲများနှင့် လူတစ်စုတွေ့ရ၏။ နောက်တစ်မိုင်ခန့်ဆက်သွားရာ ရေတွင်းကို တွေ့ရ၏။

ရေတွင်း၏ နှုတ်ခမ်းကို ရွှံ့အုတ်များဖြင့် ကာထား၏။ သစ်တိုင်လေးချောင်းကို ကန့်လန့်ချည်ထားပြီး စက်သီးတပ်ထား၏။ လူ တချို့ ရေခပ်နေကြသည်။

ဗင်ဒန်ရေတွင်းနားသို့ မောင်းခဲ့၏။ ဝူလ်က ရပ်ရန်အမိန့်ပေးသောအခါ ကားရပ်လိုက်၏။ ဝူလ်က အနားမှ ရပ်နေသော လူတစ်ယောက်ကို အာရဗီစကားသွက်သွက်ဖြင့် တစ်စုံတစ်ရာ မေးသည်။ ထိုလူက နေရာညွှန်ပြသည်။ ဝူလ်က ဗင်ဒန်ကို ဆက်၍ညွှန်သည်။

နောက်ဆုံးသူတို့သည် တဲစုကြီး တစ်စုရောက်လာ၍ ဝူလ်ရပ်ခိုင်းလိုက်သည်။ ကားရပ်သည်နှင့်ဝူလ်သည် နောက်ခန်းမှ ဆင်းကာ ဒက်ရှဘုတ်မှ ကားသော့ကို နုတ်ယူသည်။ နောက်ဘာတစ်ခွန်းမှ မပြောပဲ တဲရှိရာသို့ ထွက်သွားလေ၏။

အစွမဲလ်သည် မီးဖိုနံဘေးမှ ထိုင်ပြီး လက်ဖက်ရည်အိုးတည်နေ၏။ မော့ကြည့်ပြီး ဝူလ်ကိုမြင်သည်။

"ငြိမ်းချမ်းခြင်းသည် သင်နှင့်အတူရှိပါစေ"

"သင်နှင့်အတူ ကျန်းမာခြင်းရော၊ ဘုရားသခင်၏ ဆုမွန်ကော ရှိပါစေ. . "

ဝူလ်ပြန်၍ နှုတ်ဆက်၏။ အစွမဲလ်က. . .

"နေကောင်းပါစ. . . ."

"ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ကောင်းပါတယ်ဗျာ"

ဝူလ်သည် သဲပြင်နှပါ မှပင် တင်ပလ္လင်ချိတ်ထိုင်လိုက်၏။

အစွမဲလ်က လက်ဖက်ရည်ခွက်ကို လှမ်းကမ်း၏။

"သောက်ပါ"

ဝူလ်က လှမ်းယူရင်း. . . .

"ဘုရားသခင်က သင်၏ကံကြမ္မာကို မ,စပါစေ"

"သင့် ကံကြမ္မာလည်း ကောင်းပါစေ"

ဝူလ်သည် လက်ဖက်ရည်သောက်လိုက်၏။ ပူသည်၊ ချိုသည်၊ ပြင်းသည်။ ဤလက်ဖက်ရည်မျိုးသည် သဲကန္တာရကို ဖြတ်ကျော်လာခါစက သူမွတ်သိပ်မှုဒုက္ခကို ပယ်ဖျက်ခဲ့ကြောင်း ဝူလ်သတိရမိသည်။ နှစ်လခန့် ရှိသေးသည်ပဲ။

ဝူလ်သည် လက်ဖက်ရည်သောက်ပြီးသောအခါ ထုံးတမ်းအစဉ်အလာအတိုင်း နှုတ်ဆက်ဆုမွန်များ အပြန်အလှန်တောင်းပြီးသည့်နောက် အစွမဲလ်က တက္ကဆီကားရှိရာသို့ ကြည့်ပြီး. . .

"သင်၏ မိတ်ဆွေများကော. . ."

"သူတို့ဟာ မိတ်ဆွေမဟုတ်ပါဘူး"

အစွမဲလ်သည် ခေါင်းညိတ်ပြ၏။ ဘာမှမမေး၊ နိုမိတ်လူမျိုးစုသည် သူတစ်ပါးအရေးအခင်းကို မစပ်စုတတ်၊ ဝူလ်က. . .

"ကျုပ်ပေးခဲ့တဲ့ အိတ်ကော ရှိရဲ့လားခင်ဗျာ"

"ရှိပါတယ်"

အစွမဲလ်သည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရှိသည်ဟု ဖြေမည်ဖြစ်သည်။ ဤသည်မှာ သူတို့ရဲ့ ထုံးစံဖြစ်သည်။ ဝူလ်က ယူနိုင်းပါက အစွမဲလ်သည် လျှင်မြန်စွာ လုပ်နိုင်မည်မဟုတ်၊ "မြန်မြန်"ဆိုသည်က နောက်ရက်အနည်းငယ်ကြာသွားနိုင်ပြီး "ခုချက်ချင်း" ဆိုပါက "နက်ဖြန်"ဖြစ်ပေလိမ့်မည်။ ဝူလ်က. . .

"ကျွန်တော်မြို့ကို ကနေ့ပြန်ရမယ်"

"မဟုတ်တာ ကျုပ်တဲမှာ အိပ်ဦးမှပေါ့"

"မဖြစ်နိုင်လို့ပါ"

"ဒါဖြင့် ညစာအတူတော့စားပါဦး"

"ဒါလဲမဖြစ်နိုင်လို့ပါ၊ နေက ဝင်နေပါပြီ။ ည မမှောင်ခင်မြို့အရောက် ပြန်ရမှာ မို့ပါ"

အစ္စမဲလ်သည် ခေါ်၍ မရနိုင်ကြောင်းသိသွား၏။

"ဒါဆို အဲဒီအိတ်အတွက် လာတာပေါ့"

"ဟုတ်ပါတယ်၊ ကျေးဇူးပြုပြီး ယူပေးပါ အစ်ကိုတော်"

အစ္စမဲလ်သည် နံဘေးက လူကို အမိန့်ပေးလိုက်သည်။ ထိုလူက သူ့ဘေးမှ လူငယ်ကို ထပ်အမိန့်ပေးသည်၊ လူငယ်ထွက်သွား၏။

အစ္စမဲလ်က ဝူလ်ကို စီးကရက်တည်သည်၊ ဝူလ် ယဉ်ကျေးမှုအရ ယူလိုက်သည်၊ အစ္စမဲလ်က မီးဖိုထဲမှ မီးစကိုယူ၍ စီးကရက်မီးညှိပေးသည်။ ဝူလ်က စီးကရက်ကို ဘယ်ကရသလဲဟု မေးချင်သည်၊ မမေးဖြစ်၊ ထိုစဉ် လူငယ်က လက်ဆွဲအိတ်တစ်လုံး ယူလာ၍ အစ္စမဲလ်ကိုပေးသည်၊ အစ္စမဲလ်က ဝူလ်ကို ညွှန်ပြ၏။

ဝူလ်သည် အိတ်ကိုယူ၍ ဖွင့်ကြည့်သည်၊ စိတ်သက်သာမှုအပြည့် ရသွား၏။ သူ၏ အသံလွှင့်စက်၊ စာအုပ်နှင့်သော့ချက်စာရွက်ကို သူထားခဲ့သည့် အတိုင်း တွေ့ရသောကြောင့်ဖြစ်သည်၊ ပင်ပန်းကြီးစွာ လာခဲ့ရသော ခရီး၊ ကျော် လွှားခဲ့ရသော အခက်အခဲများက ပျောက်သွားပြီး အားအင်ပြည့်လာ၏။ အောင်နိုင်ခြင်းအရသာကို ပြန်ရလာ၏၊ သူ၏စစ်ပွဲ နိုင်တော့မည်ဟု သေချာလာ၏။ အိတ်ကို ပြန်ပိတ်သော အခါ ဝူလ်၏လက်သည် တုန်နေ၏။

အစ္စမဲလ်သည် ဝူလ်ကို မျက်တောင်မွေးထားသော မျက်လုံးအစုံဖြင့်ကြည့် ရင်း. . .

"ဒီ အိတ်ဟာ ညီမောင်အတွက် အရေးကြီးတယ်ထင်တယ်"

"မကပါဘူး တစ်ကမ္ဘာလုံးအတွက် အရေးကြီးပါတယ်"

"နေထွက်တယ်၊ နေဝင်တယ်၊ တစ်ခါတစ်လေ မိုးရွာတယ်၊ ကျုပ်တို့ အသက်ရှင်နေကြတယ်၊ တစ်နေ့သေကြမယ်၊ ဒါပါပဲ"

အစ္စမဲလ် ပြောအပြီး ပခုံးတွန့်ပြ၏။

ဝူလ်အနေနှင့် ရှင်းပြလျှင်လည်း အစ္စမဲလ် နားမလည်နိုင်ကြောင်း သိသည်။ သူထလိုက်၏။

"ကျေးဇူးကြီးလှပါတယ် နောင်တော်"

"ခရီးလမ်းပန်း လုံခြုံပါစေဗျာ"

"ဘုရားသခင် နေ့ခင်းတော်ကို စောင့်ရှောက်ပါစေ"

ဝူလ်သည် နောက်လှည့်ပြီး တက္ကဆီကားဆီသို့ ပြန်ခဲ့၏။

အယ်လိန်းသည် မီးပုံနံဘေးမှ လက်ဆွဲအိတ်ဆွဲ၍ ပြန်လာသော ဝူလ်ကို မြင်ရသည်။

"သူပြန်လာနေပြီ။ ကျွန်မတို့ ဘာလုပ်ကြမလဲ"

ဗင်ဒန်သည် အယ်လိန်းကို မကြည့်ပဲနှင့်. . .

"သူ့ အစရွတ်ကို ပြန်ရမှာပဲ၊ ဒီအသံလွှင့်စက်မျိုးက ဘက်ထရီနဲ့မဟုတ်ဘူး၊ လျှပ်စစ်မီးရှိတဲ့နေရာမှ ပလပ်နဲ့သုံးလို့ရတာ"

ဘီလီက ဝင်ပြောသည်။

"ကျွန်တော် ရှေ့လာထိုင်လို့ ရမလား"

ဗင်ဒန်က ခေါင်းခါပြ၏။

"မရဘူးသား ငြိမ်ငြိမ်လေးနေပါ၊ မကြာတော့ပါဘူး"

"ကျွန်တော် သူ့ကို ကြောက်တယ် ဖေဖေ"

ဝူလ်သည် အနားရောက်လာ၏။ ဝူလ်ကားထဲ ဝင်ထိုင်ပြီး. . .

"အစရွတ်ကိုမောင်း"

ဗင်ဒန်က လက်ဝါးဖြန့်၍ တောင်းသည်၊ ဝူလ်က လက်ဝါးထဲသော့ ထည့်လိုက်၏။ ဗင်ဒန် ကားစက်နှိုး၍ ပြန်ကွေ့လိုက်သည်။

သူတို့သည် အလာလမ်းအတိုင်းပြန်ခဲ့၏။ အယ်လိန်းသည် ဝူလ်လက်ထဲမှ ကိုင်လာသော အိတ်ကို ကြည့်ကာ စဉ်းစားနေမိ၏။ ဤစာအိတ်ထဲတွင် အသံလွှင့်စက်၊ စာအုပ်နှင့် "ရေဗက်ခါသော့ချက်" ပါသည်။ သည်အိတ်သည် မည်သူ၏ လက်ဝယ်ရောက်ရှိနေသည် ဆိုခြင်းမှာ အရေးကြီးလှပါကလား။ သူမသည် ဤအိတ်အတွက်အသက်စွန့်ခဲ့သည်။ ဗင်ဒန်သည် သားအသက်ကိုပင် ရန်သူ့လက်ဝယ် ထားခဲ့၏။ အယ်လိန်းစိတ်မောသွား၏။

နေသည်ဝင်စပြုပြီဖြစ်သည်။ ချုံဖုတ် တောင်ကုန်းတို့သည် အရိပ်ရှည်ကြီးများထိုးနေ၏။ ဝူလ်က. . .

"မြန်မြန်မောင်း၊ မှောင်လာလိမ့်မယ်"

ဗင်ဒန်နားလည်ပုံရသည်။ ကားကို စက်ကုန်တင်လိုက်၏။ မညီမညွတ်

လမ်းပြင်တွင် ကားကလေးသည် ခလောက်ဆန်နေပြီး မိနစ် အနည်းငယ်ကြာသော်ခါ ဘီလီက မနေနိုင်တော့ပဲ. . .

"ကျွန်တော် မူးလာပြီ"

အယ်လိန်းနောက်လှည့်ကြည့်၏။ ဘီလီမျက်နှာမှာ ဖြူလျော်ပြီး သွေးမရှိသလိုဖြစ်နေ၏။ အယ်လိန်းက. . . .

"ဖြည်းဖြည်းမောင်းပါ"

ပထမ အင်္ဂလိပ်လိုပြောပြီးမှ သတိရကာ အာရဗီလို ပြောလိုက်၏။

ဗင်ဒန်က စက်ရှိန်လျှော့လိုက်သည်။ ထိုအချိန်ဝူလ်က. . .

"မြန်မြန်မောင်း"

နောက်အယ်လိန်းဘက်လှည့်ပြီး. . .

"ကလေးကို မေ့ထားစမ်း"

ဗင်ဒန်မြန်မြန်မောင်းရပြန်၏။

အယ်လိန်းဘီလီကို ကြည့်သည်။ ဘီလီမျက်နှာမှာ ပိုးဟတ်ဖြူကလေးလိုဖြစ်နေ၏။ မျက်ရည်များက မျက်လုံးအိမ်တွင် တွဲခိုနေ၏။ အယ်လိန်းသည် ဝူလ်ကိုကြည့်၍

"ရှင် လူစိတ်မရှိတဲ့ လူပဲ"

ထိုစဉ် ဘီလီက. . .

"ကားကို ရပ်ပါ"

ဝူလ်က ဂရုမစိုက်ပဲနေသည်။ ဗင်ဒန် အနေနှင့်လည်း အင်္ဂလိပ်စကားနားမလည်ဟန် ဆောင်ထားရ၍ ဆက်မောင်းနေရ၏။

ရှေ့တွင် ချိုင့်များဆက်တိုက်တွေ့ရာ၊ ကားသည် အထက်အောက်ဝှန်းဒိုင်းကျဲအောင် ဆောင့်သွား၏။ ဘီလီက အသံကုန်အော်ဟစ်၍. . .

"ဖေဖေ. . . ကားကို ရပ်လိုက်ပါ ဖေဖေ"

ဗင်ဒန်ဘရိတ်ကို နင်းလိုက်၏။

အယ်လိန်းသည် ဒက်ရှဘုတ်နှင့် မတိုက်မိအောင် ထိန်းပြီးနောက် ဝူလ်ကို ကြည့်လိုက်၏။

စက္ကန့်ပိုင်းအတွင်း ဝူလ်အံ့အားသင့်သွား၏။ သူ့မျက်လုံးများသည် ဗင်ဒန်ထံ ရောက်သွားသည်၊ အယ်လိန်းအနေနှင့် ဝူလ်မျက်နှာပေါ်မှ အပြောင်းအလဲများကို မြင်နေရ၏။ ပထမအံ့အားသင့်သွားသည်။ နောက်ကြောက်သွားပုံရသည်။ နောက် ရထားပေါ်မှ အဖြစ်အပျက်များကို ပြန်တွေးမိသွားပုံရသည်။ နောက်ဆုံး

အဖြေမှန်ကို သိသွားပုံရ၏။

ကားသည် လမ်းပေါ်တွင်ဘရိတ်ရှည်ဆွဲပြီး ရပ်သွား၏။ ကားပေါ်မှ လူများရှေ့သို့ ငိုက်သွားကြ၏။ ဝူလ်သည် ကိုယ်ရှိန်ပြန်သတ်ပြီး လျင်မြန်သော အဟုန်ဖြင့် ဘယ်လက်နှင့် ဘီလီကို သူ့ဘက်သို့ ဆွဲလိုက်၏။ ဝူလ်၏ညာလက်အင်္ကျီ အတွင်းသို့ဝင်သွားကြောင်း အယ်လိန်းမြင်လိုက်သည်။ သူ့ဓားထုတ်လိုက်၏။

ကားသည် ရပ်သွားပြီဖြစ်၏။

ဗင်ဒန်လှည့်ကြည့်သည်။ တစ်ချိန်တည်း သူ့ ဝတ်စုံအောက်သို့ လက်သွင်းသည်။ သို့သော် နောက်ခုံသို့လှည့်ကြည့်ရင်း ရပ်သွားသည်ကို အယ်လိန်းတွေ့ရသည်။ အယ်လိန်း နောက်ခုံသို့ လှည့်ကြည့်ရပြန်သည်။

ဝူလ်၏ ဓားသည် ဘီလီလည်တိုင်ကို ထိကပ်ထားပြီးဖြစ်သည်။ ကလေး မျက်နှာမှာ ကြောက်ရွံ့သဖြင့် ဖြူစိုင်းနေ၏။ ဗင်ဒန်လည်း တုန်လှုပ်နေပုံရ၏။ ဝူလ်၏ နှုတ်ခမ်းစ တစ်နေရာမှာ အပြုံးစက ခိုနေသည်။

"ကံကောင်းလို့ ခင်ဗျားကျုပ်ကို မိတော့မလို့"

အားလုံးဘာမှ မပြောပဲ ဝူလ်ကို ကြည့်နေကြ၏။

ဝူလ်က ဗင်ဒန်အား. . .

"မောင်ရင် ခေါင်းမြီးကို ချွတ်လိုက်စမ်း"

ဗင်ဒန်ခေါင်းမြီးကို ချွတ်လိုက်၏။ ဝူလ်က. . .

"မှန်းစမ်း-မေဂျာဗင်ဒန်မှတ်တယ်၊ ကျုပ်ခင်ဗျားသားခေါ် လာခဲ့မိတာ ကံကောင်းတာပဲဗျို့"

ဗင်ဒန် ဣန္ဒြေဆယ်နိုင်သွားပြီ ဖြစ်သည်။

"ဖာတ်လမ်းက ဆုံးနေပါပြီ ဝူလ်၊ အင်္ဂလိပ်တပ်တစ်ခုလုံးဟာ မင်းနောက်မှာ ခြေရာခံမိနေပါပြီ။ မင်းငါ့လက်ထဲမှာ အရှင်အဖမ်းခံမလား။ တပ်က ပစ်သတ်ဖမ်းတာခံမလား"

"ကျုပ် ခင်ဗျားပြောတာကို မယုံပါဘူး။ ခင်ဗျားသားပြန်လာဖို့ ခင်ဗျား စစ်တပ်ခေါ် လာမယ့်လူမှ မဟုတ်တာ။ စစ်တပ်ခေါ် လာပြီး ဟိုရန်ဒီရမ်း တိုက်ပွဲဖြစ်ရင် မဆိုင်သူတွေထိခိုက်မှာ စိုးလို့။ ကျုပ်အထင်ပြောရရင်တော့ ခင်ဗျားအထက်အရာရှိ တွေတောင် ခင်ဗျား ဘယ်ရောက်နေတယ်ဆိုတာ သိမှာမဟုတ်ဘူး"

ဝူလ်၏စကား မှန်လိမ့်မည်ဟု အယ်လိန်း တွေးမိသည်။ ဝူလ်တစ်ယောက် ဘာဆက်လုပ်မည်ကို အယ်လိန်းမသိသော်လည်း ဗင်ဒန်သည်တိုက်ပွဲမှာ ရှုံးပြန်ပြီဟု အယ်လိန်းတွေးမိသည်။ ဗင်ဒန့်မျက်လုံးမှာလည်းအားလျော့နေသည်ကို တွေ့ရသည်။

ဝူလ်က အယ်လိန်းအား . . .

"မေဂျာဗင်ဒန် မြှုထားတဲ့ ဝတ်ရုံအောက်မှာ ကာကီဘောင်းဘီရှိမယ်၊ အဲဒီဘောင်းဘီခါးကြားထဲမှာ သေနတ်ရှိမယ်၊ အဲဒီသေနတ်ကို ယူလိုက်"

အယ်လိန်းသည် ဝူလ်ခိုင်းသည့်အတိုင်း လိုက်နာရလေ၏။ ဝူလ်သေနတ်ရှိကြောင်း ဘယ်လိုသိပါလိမ့်၊ သူမသေနတ်ကို ရှာတွေ့၍ ထုတ်ယူလိုက်သည်။ ဝူလ်ကို ပြန်ကြည့်၏။

ဝူလ်အနေနှင့် သေနတ်ကို ယူရန်ဘီလီကိုသော်လည်းကောင်း၊ မားကိုသော်လည်းကောင်း ဖယ်ရမည်ဖြစ်၏။ တစ်ချက်လွှတ်သည်နှင့် ဗင်ဒန် တစ်စုံတစ်ရာလုပ်မည်ဟု အယ်လိန်းတွေးထင်ထား၏။

သို့သော် ဝူလ်ကလည်း သူမကဲ့သို့ပင် တွေးမိပြီးဖြစ်သည်။

"သေနတ်မောင်းဆုံလည်ကို ချိုးလိုက်၊ ဒီအား . . ဘေးနားမှာ ခလုပ်ရှိတယ်။ အဲဒါကို တွန်းပြီးချိုး . . "

အယ်လိန်း ခိုင်းသမျှ လုပ်ရပြန်သည်။ ဝူလ်က . .

"ဆုံလည်ထဲက ကျည်ဆန်တွေထုတ်ပြီး ကားပြင်လွှင့်ပစ်လိုက်"

အယ်လိန်း ဝူလ်ပြောသမျှ လုပ်လိုက်၏။

"သေနတ်ကို ကားကြမ်းပြင်ပေါ်မှာ ချ . . "

အယ်လိန်းချထားလိုက်၏။

ယခုမှ ဝူလ် စိတ်သက်သာသွားပုံရသည်။ ယခုလည်း လက်နက်ဟူ၍ သူ့မှာ တစ်ချောင်းသာ ဤနေရာ၌ရှိတော့၏။ သူက ဗင်ဒန်အား . .

"ကားအပြင် ထွက်စမ်း"

ဗင်ဒန် တွေနေ၏။

"ထွက်လေ. . ."

ပြောပြောဆိုဆို ဘီလီ၏ လည်တိုင်မှ မားကို နည်းနည်း ဖိလိုက်ရာ သွေးစို့လာ၏။

ဗင်ဒန် ကားပြင်ထွက်လိုက်၏။

ဝူလ်က အယ်လိန်းအား . . .

"ဒရိုင်ဘာခုံမှာ ထိုင်"

အယ်လိန်း ဂီယာတိုင်ကို ကျော်၍ ဒရိုင်ဘာခုံသို့ ရွှေ့လိုက်၏။ ဗင်ဒန်သည် တံခါးကို ဖွင့်ထားခဲ့ရာ တံခါးမှာ ပွင့်လျက်သားရှိနေသည်။ ဝူလ်က အယ်လိန်းအား . .

"တံခါးပြန်ပိတ်လိုက်. . . ."

အယ်လိန်း တံခါးပြန်ပိတ်လိုက်သည်။

"မောင်း. . ."

အယ်လိန်း ကားစက်ကို နိုးသည် မနိုး။ ထပ်နှိုးသည် မနိုး။ အယ်လိန်း ရင်ထဲမှ ကားစက် မနိုးပါစေနှင့်ဟု ဆုတောင်းနေမိ၏။ ဝူလ်က. . . .

"စက်နှိုးတုန်း လီဘာကို နင်းနင်းပေး. . ."

ဝူလ်ပြောသည့် အတိုင်းနှိုးရာ စက်နိုးသွား၏။

"မောင်းတော့. . ."

ကားသည် ထွက်လာခဲ့၏။

"မြန်မြန်မောင်း. . . ."

အယ်လိန်းသည် ကားမောင်းရင်း နောက်ကြည့်မှန်ထဲမှ ဝူလ် သူ၏ဓားကို ပြန်သိမ်းလိုက်ကြောင်း မြင်ရသည်။ ထို့နောက် ကိုက်ငါးဆယ်အကွာတွင် ဗင်ဒန်သည် ကျောက်ရုပ်တစ်ရုပ်လို ရပ်နေသည်ကို မြင်ရ၏ အယ်လိန်းက. . .

"သူ့မှာ ရေလဲမရှိဘူး"

ဝူလ်က. . .

"ဟုတ်တယ်လေ၊ ရေမရှိ ဘာဖြစ်လဲ"

သည်တွင် ဘီလီလှုပ်ရှားလေတော့၏။

အယ်လိန်းနားထဲမှာ ဘီလီ၏အော်သံ ကြားလိုက်ရသည်။

"မေမေ့ကို မထားခဲ့ရဘူး"

အယ်လိန်းသည် ကားမောင်းနေသည့် အဖြစ်ကို မေ့ပြီး နောက်လှည့်ကြည့်လိုက်၏။ ဘီလီသည် ဘာမှ မသိတော့ပဲ ကြောင်ရိုင်းလေးတစ်ကောင်ပမာ ဝူလ်ကို ခုန်အုပ်ပြီး ကုတ်လိုက်၊ ဖွဲ့လိုက်၊ ထိုးလိုက်၊ အော်လိုက် လုပ်နေ၏။

အခြေအနေအေးပြီဟု စိတ်လျော့ထားသော ဝူလ်သည် ရုတ်တရက် ဘာလုပ်ရမှန်းမသိပဲ ဖြစ်သွား၏။ နေရာကျဉ်းကျဉ်းလေးတွင် ကလေးငယ်က သူ့ကို အရူးသဖွယ်တိုက်ခိုက်နေ၍ ပထမဆုံး သူ့ကိုယ်သူ ကာကွယ်နေပြီးနောက် ကလေးကို တွန်းပစ်နေ၏။

အယ်လိန်းသည် လမ်းကို ပြန်၍ကြည့်လိုက်၏။ သူမနောက်သို့ ကားသည် ဘယ်ဘက်သို့ ဆွဲကွေ့နေခဲ့ပြီး ဖြစ်သည်။ အယ်လိန်းစတီယာဘီးကို ဆွဲသော်လည်း မရပဲဖြစ်နေ၏။ ဘရိတ်ကိုနင်းလိုက်ရာ ကားသည် ဖင်ရမ်းသွား၏။ ထိုစဉ် ကားသည် ဘေးတိုက်ကမ္ဘတစ်ခုကို ဝင်တိုက်သည်။ ကားသည် မြောက်ကြွသွားပြီး ပြန်ကျလာ

၏။ အယ်လိန်း၏ ခြေထောက်သည်၊ လီဗာပေါ် သို့ နင်းမိသွားရာ ကားသည် ဆောင့်ထွက်သွားရာ သူမမျက်လုံးထောင့်မှ ဝူလ်နှင့် ဘီလီ သတ်ပုတ်နေကြောင်း မြင်ရသည်။ ထိုစဉ်မှာပင် ဘယ်ညာစောင်းနေသော ကားသည် တစ်ဘက်သို့ စောင်းသွားပြီး ကားသည် သဲပြင်ပေါ်မှာ လိမ့်သွားလေ၏။ အယ်လိန်းသည် ဂီယာတိုင်ကို ဆွဲ၍ ထိန်းနေရ၏။

ကားသည် ပက်လက်တော့ လှန်သွားခြင်းမဖြစ်၊ ဘေးတိုက် တုံးလုံးလဲသွားခြင်းဖြစ်သည်၊ ကားသည် ရပ်သွားပြီဖြစ်၏။

အယ်လိန်းသည် လက်ထဲမှာပြုတ်၍ပါလာသော ဂီယာတံကို ကိုင်ရင်း ကြိုးစားထလိုက်၏။ ကားပြင်ထွက်ရန် ကြိုးစားရသည်။ နောက်သို့လှည့်ကြည့်လိုက်ရာ ဝူလ်နှင့်ဘီလီတို့မှာ ကားစောင်းရာမှာ ပုံလျက်သား ဖြစ်နေသော်လည်း ဝူလ်သည် အပေါ်မှ ကျနေခြင်း ဖြစ်သည်။ ထိုစဉ် ဝူလ်ကလှုပ်လာ၏။

ဝူလ်သေပါစေဟု အယ်လိန်းဆုတောင်းခဲ့၏။ မပြည့်။

ဝူလ်ထလိုက်သည်။

ဘီလီကမူ သတိရပုံမပေါ်။

ဝူလ်သည် ကားအခြေအနေကို ကြည့်ပြီး တစောင်းကျနေသော ကားကို အတွင်းမှပင် သူ၏ကိုယ်လုံးနှင့်ဖိ၍ ပြန်တည့်နေ၏။ တံခါးတွန်းကြည့်သည် မရ။ ကားက လှုပ်ရုံသာလှုပ်သည်။ နောက်တစ်ခါတွန်းပြန်သည်၊ ကားအတော်လှုပ်သွား၏။ သုံးကြိမ်မြောက် ကြိုးစားသောအခါ ကားသည် ဘီးလေးဘက်ပေါ်သို့ ပြန်ကျသွား၏။

ဝူလ်တစ်ယောက် ကားပြင်သို့ ထွက်လိုက်သည်ကို အယ်လိန်းမြင်ရသည်၊ အပြင်ဘက်တွင် ဝူလ် ခပ်ကုန်းကုန်းရပ်ပြီး ဓားဆွဲထုတ်လိုက်၏။ အကြောင်းမှာ ဗင်ဒန်ပြေးလာသည်ကို မြင်သောကြောင့် ဖြစ်သည်။

အယ်လိန်းသည် ထိုင်ခုံဘေးတွင် ဒူးထောက်လျက်သားအနေအထားတွင် ရှိသည်။ လှုပ်၍မရသေး၊ ခေါင်းက မူးနေသည်။ သို့သော် လှမ်းကြည့်လိုက်ရာ ဗင်ဒန်သည်လည်း ဝူလ်နည်းတူ ခါးကိုင်ပြီး လက်ရှေ့ဆန့်ထား၏။ သူသည် ကားရှိရာကို ပြေးလာခဲ့ရ၍ မောပန်းနေပုံရသည်။

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး လှည့်ပတ်နေကြ၏။ ဗင်ဒန်ရှေ့ကို တစ်ချက်တိုးဟန်ပြသည်၊ မတိုး။ ဟန်ခြင်းသာဖြစ်သည်။ ဝူလ်က ဓားနှင့် ယမ်းလိုက်၏။ ဗင်ဒန်ယိုင်သွား၍ ဘာမှမယိ။ ဗင်ဒန်လက်သီးတစ်လုံး ဝူလ်မျက်နှာ ဆီသို့ ဝင်လာ၏။ ဝူလ်နောက်သို့ ခါထွက်လာသည်။ ဝူလ်နှာခေါင်းမှသွေးများ ကျလာ

သည်ကို အယ်လိန်းမြင်ရ၏။

သူတို့နှစ်ဦးသား မျက်နှာချင်း ဆုံကြပြန်၏။ ကြိုးဝိုင်းအတွင်းမှ လက်ဝှေ့သမားနှစ်ဦးနှယ်။

ဗင်ဒန်ခြေထောက်ဖြင့် လှမ်းကန်သည်၊ မထိ။ ဝူလ်သည် အလှမ်းမမီနိုင်သော အရပ်မှာ ရှိသောကြောင့်ဖြစ်သည်။ ဝူလ် ဗင်ဒန်ခြေထောက်ကို ဓားဖြင့် လှမ်းတွက်သည်၊ ဘောင်းဘီစုတ်သွားပြီး နည်းနည်း ထိသွားပုံရသည်၊ သွေးထွက်လာ၏။ ဝူလ်နောက်တစ်ချက် လှမ်းတွတ်ပြန်သည် သို့သော် ဗင်ဒန်က နောက်ဆုတ်သွားပြီ ဖြစ်၏။

အယ်လိန်းသည် ဘီလီကို လှမ်းကြည့်သည်။ ဘီလီသည်ကား ကြမ်းပေါ်မှာ ပုံလျက်ကျနေပြီး မျက်လုံးပိတ်နေ၏။ အယ်လိန်းသည်ကား ကားနောက်ခန်းသို့ ကျော်တက်လာပြီး ကလေးကို ထိုင်ခုံပေါ်သို့ မွေ့တင်လိုက်၏။ ကလေးအသက်ရှိသေး၊ မရှိသေးကို အယ်လိန်းမပြောနိုင်။ အယ်လိန်း ကလေးမျက်နှာကို လှုပ်ကြည့်သည်၊ ကလေး မလှုပ်။

"ဘီလီ. . . အို. . . ဘီလီရယ်"

အယ်လိန်း ကားအပြင်သို့ ကြည့်ရပြန်၏။

ဗင်ဒန်သည် သဲပြင်ပေါ်တွင် ဒူးတစ်ဘက်ထောက်လျက်သားဖြစ်နေ၏။ သူ၏ ဘယ်လက်သည် တွဲလဲခိုလျက်ရှိပြီး သွေးများထွက်နေသည်။ သူ၏ ညာလက်သည် ရှေ့သို့ ဆန့်တန်း၍ ခုခံမှုအနေအထားယူထား၏။ ဝူလ်တဖြည်းဖြည်းရှေ့တိုးသွားနေ၏။

အယ်လိန်းသည် ကားပြင်သို့ထွက်လိုက်၏။ သူမလက်ထဲတွင် ကျိုးပါလာသောဂီယာတံကို ကိုင်လျက်သားဖြစ်သည်။ ဝူလ်သည် ဗင်ဒန်ကို တိုက်ခိုက်တော့မည့်ဆဲဆဲဖြစ်သည်။ အယ်လိန်းသည် ဝူလ်နောက်မှ ပြေးလာခဲ့၏။ ဝူလ်ဓားနှင့် တစ်ချက်ဝှေ့လိုက်သည်။ ဗင်ဒန်ရှောင်လိုက်၏။

ထိုစဉ် အယ်လိန်းသည် ဂီယာတံကို လက်နှစ်ဘက်ကို မြှောက်ကိုင်၍ အားကုန်လွှဲကာ ဝူလ်ခေါင်းပေါ်သို့ ရိုက်ချလိုက်၏။

ရုတ်တရက် ဝူလ်သည် ရပ်နေဆဲဖြစ်သည်၊ ဘာမှဖြစ်ပုံမရ။

အယ်လိန်းက ပါးစပ်မှ "ဘုရား-ဘုရား"ဟုတကာ နောက်တစ်ချက် လွှဲ၍ ရိုက်ချလိုက်ပြန်၏။

နောက် တတိယ တစ်ချက်လွှဲ၍ ရိုက်ချလိုက်ပြန်၏။

ဝူလ်သည် တဖြည်းဖြည်း လဲကျသွား၏။

သည်တော့မှ အယ်လိန်းသည် ဂီယာတံကို နံဘေးချလိုက်ပြီး ဗင်ဒန်အနီး ဒူးထောက်ထိုင်ချလိုက်၏။ ဗင်ဒန်က အားနည်းစွာဖြင့် . . .

"သိပ်တော်တဲ့ မိန်းကလေးပဲကွယ်"

အယ်လိန်းက. . .

"ရှင် ထနိုင်ရဲ့လား"

ဗင်ဒန်က အယ်လိန်းပခုံးပေါ်သို့ လက်တစ်ဖက်တင်ပြီး ထရန် ကြိုးစားရင်း

"မြင်ရသလောက် အခြေအနေက မဆိုးပါဘူး"

"ကျွန်မ ကြည့်မယ်လေ"

"နေဦး ဒီကိစ္စအရင်လုပ်ရမယ်၊ လာကူအုံး"

ဗင်ဒန်သည် ဝူလ်၏ ခြေထောက်မှဆွဲ၍ ကားရှိရာသို့ယူလာ၏။ အယ်လိန်းက လက်ကို ကူဆွဲပေးသည်။ ကားနားသို့ရောက်သောအခါ ဗင်ဒန်သည် ဝူလ်၏ဖျော့ ခွေနေသော လက်နှစ်ဘက်ကို နင်းချိုးလိုက်၏။ အယ်လိန်းမျက်နှာ ပျက်သွား၏။

ဗင်ဒန်က. . .

"ဒါမှ သူသတိရလျှင် တို့ကို ရန်မမူနိုင်မှာ"

ဗင်ဒန်သည် ကားနောက်ခန်းသို့ ဝင်ကြည့်သည်။ ကလေး၏ရင်ခုန်သံကို စမ်းကြည့်၏။

"ဘုရားမ တာပဲ၊ အသက်ရှူနေသေးတယ်"

ဘီလီ မျက်လုံး ဖွင့်ကြည့်သည်။

ဗင်ဒန်က ပြုံး၍. . .

"အားလုံး အခြေအနေ ကောင်းသွားပါပြီသား၊ ပြီးပါပြီ"

ဘီလီမျက်လုံးပြန်မှိတ်သွား၏။

ဗင်ဒန်က ကားရှေ့ခန်း ဒရိုင်ဘာ အခန်းမှာဝင်ထိုင်၏။

"ဂီယာတံရော"

"ကျိုးနေပြီလေ၊ ကျွန်မ သူ့ခေါင်းကို ရိုက်တာ အဲဒီဂီယာတံကျိုးနဲ့ပေါ့"

ဗင်ဒန် သော့ကို လှည့်လိုက်သည်။ ကားသည် လှုပ်သွား၏ ဗင်ဒန်က. . .

"တော်သေးရဲ့ ဂီယာက ဝင်နေပြီးသားဖြစ်လို့"

ဗင်ဒန်သည် ကလပ်ကိုနင်းပြီး သော့ကို ပြန်လှည့်လိုက်၏။ စက်နိုးလာ၏။ ဗင်ဒန်ကလပ်ကို လွှတ်လိုက်သောအခါ ကားသည် ရှေ့သို့ရွေ့ကာ ထွက်မည်ပြုသည်။ သူ စက်ပြန်ပိတ်လိုက်၏။

"သွားလို့တော့ ရပါသေးတယ်၊ ကံကောင်းတာပဲ"

အယ်လိန်းက. . .

"ဝူလ်ကို ဘာလုပ်မလဲ"

"နောက်ခန်းထဲ ထည့်ခဲ့တာပေါ့"

ဗင်ဒန်သည် ဘီလီကို တစ်ခါကြည့်ပြန်၏။ သည်တစ်ကြိမ်၌မူ ဘီလီသည် ကောင်းစွာ သတိရနေပြီဖြစ်၏။ ဗင်ဒန်က. . .

"ဘယ့်နှယ် နေသေးသလဲသား"

ဘီလီက. . .

"သားနေမကောင်း ဖြစ်သွားတဲ့အတွက် စိတ်မကောင်းပါဘူး ဖေဖေ"

ဗင်ဒန်သည် အယ်လိန်းကို ကြည့်လိုက်၏။

"အယ်လိန်းမောင်းမှ ဖြစ်တော့မယ်"

သူ့ မျက်ဝန်းများတွင် မျက်ရည်များ ပြည့်နေ၏။

❖ ❖ ❖

(၂၉)

ရုတ်တရက် လေယာဉ်ပျံစက်သံများ ဆူညံစွာ ထိုးဖောက်ကြားရသည်။ ရှိမဲလ်သည် မော့ကြည့်လိုက်ရာ တောင်ကုန်းနောက်မှ အင်္ဂလိပ်ဗုံးကြဲလေယာဉ်များ နိမ့်စွာ ပျံသန်းလာသည်ကို လှမ်းမြင်ရသည်။

"အကာအကွယ်ယူကြ"

ရှိမဲလ်သည် အမိန့်ပေးလိုက်ရင်း သူကိုယ်တိုင်လည်း ကတုတ်ကျင်းတစ်ခုထဲသို့ ပြေးဝင်မှောက်လိုက်သည်။

ဗုံးပေါက်သံမှာ ဆူညံလွန်းသဖြင့် ဘာသံမှ မကြားရသလိုဖြစ်နေ၏။ ရှိမဲလ်သည် မျက်စိမှိတ်ထားလို၏။ သူ့ဝမ်းဗိုက်ထဲမှာ နာကျင်နေသည်။ ဌာနချုပ်သည် သူ့အတွက် ဆရာဝန်တစ်ယောက် လွှတ်လိုက်ပါသည်။ သို့သော် ရှိမဲလ် လိုအပ်သော ဆေးမှာ ဗေအာင်ပွဲသာဖြစ်ပါ၏။ သူသည် ကိုယ်အလေးချိန်အများကြီး ကျသွား၏။ သူ့ ယူနီဖောင်းမှာ စုတ်ပြတ်နေပြီး သူ့ဆံပင်များမှာ ပွကြဲနေသည်။

ယနေ့သည် စက်တင်ဘာလ ၁ ရက်နေ့ဖြစ်သည်။ အရာရာသည် ဆိုးရွားစွာ မှားယွင်းခဲ့ပုံရ၏။ မဟာမိတ်တို့၏အားအနည်းဆုံးဆိုသော ခံစစ်ကြောင်းသည် တစ်ဆယက်တစ်ဆ တောင်ချောက်နှင့်တူလာ၏။ မိုင်းဗုံးချထားသော နေရာများမှာ အနည်းဆုံးဆိုသည့် နေရာများတွင် အများဆုံးတွေ့နေရ၏။ သဲမြေမာဟု မျှော်လင့်ထားသော နေရာများတွင် သဲညွှန်များဖြစ်ပြီး ဆုံးရှုံးကြသည်။ အလွယ်တကူ သိမ်း

သီ ဟ ရ တ နာ ၁ ၈ ၁ ၉ ၀

ယူရမည်ထင်ခဲ့သော အလန်ဟာဖာသည် ပြင်းထန်စွာ ခုခံနေ၏။ ရိုမဲလ်၏ စစ်ဆင်မှု နည်းဗျူဟာသည် မှားခဲ့ပြီ။ သူ၏ အသိကြွယ်မှုသည် မှားခဲ့ပြီ။ သူ၏ စပိုင်သည်လည်း မှားခဲ့ပြီဖြစ်၏။

ဗုံးကြဲလေယာဉ်များ ကျော်ဖြတ်သွားသောအခါ ရိုလ်မဲ ကတုတ်ကျင်းထဲမှ ထသည်။ သူ၏ တပ်မှူး၊ အရာရှိများသည် သူ့နားသို့ ဝန်းရံလာကြသည်။ ရိုမဲလ် မှန်ပြောင်းဖြင့် သဲကန္တာရကြီးမှ စစ်မြေပြင်ကို လှမ်းကြည့်၏။ သူ့ယာဉ်တော်တော်များများမှာ သဲထဲတွင် ငုတ်တုတ်ရပ်နေရ၏။ ရန်သူကထွက်တိုက်ပါက သူတို့ကောင်းစွာ ပြန်တိုက်နိုင်ပေဦးမည်။ ယခုမဟာမိတ်တို့သည် နေရာကောင်းမှ အပြင်မထွက်ပဲ တိုက်နေရာ သူ၏ တင့်ကားများသည် ဖန်အိုးထဲမှ ငါးလို မလှုပ်သာ ဖြစ်နေရ၏။

အခြေအနေကားမကောင်း။ သူ၏ ရှေ့စစ်ဦး တပ်သည် အလက်ဇန္ဒြားမြို့နှင့် ၁၅-မိုင်အကွာမှာ ရပ်သွား၏။ ၁၅-မိုင်လေးမှာဖြစ်သည်။ သည် ၁၅-မိုင် ကျော်လျှင် အီဂျစ်ပြည်ကို သိမ်းရပြီ။ ယခုတော့. . .

ရိုလ်မဲသည် သူ၏ အရာရှိများကို လှည့်ကြည့်လိုက်၏။ ထုံးစံအတိုင်း သူတို့၏ မျက်နှာများသည် သူ့မျက်နှာမှ ခံစားမှုရောင်ပြန်များဖြစ်သည်။ ထိုမျက်နှာအားလုံးပေါ်တွင် မျက်နှာရိပ်များကို တွေ့သည်။

ရှုံးနိမ့်ခြင်းပင်တည်း။

သူသည် ထမင်းလုံးတစ္ဆေ အခြောက်ခံရသလို ဖြစ်နေကြောင်း သိရ၏။ သို့သော် သူမထရဲ . . .

အချုပ်ခန်းသည် ၆ ပေ၊ ၄ ပေ၊ ရှိသည်။ တဝက်ခန့်ကို ခုတင်က နေရာယူထား၏။ ခုတင်အောက်တွင် အပေါ့အပါးသွားရန် အိုးရှိသည်။ နံရံသည် ချောမွတ်သော ကျောက်သားညိုများဖြင့် ဆောက်ထား၏။ အမိုးပေါ်မှ မီးလုံးတစ်လုံး တွဲလဲခိုနေ၏။ အချုပ်ခန်းတစ်ဘက်မှာ တံခါးပေါက် ရှိသည်။ အခြားဘက်တွင် လေးထောင့်ပြတင်းပေါက်တစ်ခုရှိသည်။ ထိုပြတင်းမှ ကောင်းကင်ပြင်ကို လှမ်းမြင်နိုင်၏။

အိပ်မက်ထဲမှာ သူတွေးသည်။ ငါနိုးလာရင် အားလုံးအဆင်ပြေ သွားမှာပဲ။ ငါနိုးလာရင် ငါ့နံဘေးက ပိုးမွေ့ရာပေါ်မှာ မိန်းမချောကလေးတစ်ယောက် ရှိသည်။ ရှန်ပိန်ပုလင်းက အဆင်သင့်ရှိသည်။ ထိုအိပ်မက် မဆုံးခင် အချုပ်ခန်း အိပ်မက်ဆိုး

က ဝင်လာပြန်သည်။ တစ်နေနေရာက ဒရမ်နှင့်ခေါက်သံကို ကြားရသည် ထင်၏။ ဒရမ်သံနှင့်အတူ စစ်ချီသော ခြေသံကိုလည်း ကြားရသည်။ သူ သိပ်ကြောက်လာ၏။ မျက်လုံးဖွင့်လိုက်သည်။ သူနိုးလာပြီဖြစ်၏။

သူ နံဘေးဝန်းကျင်ကို ကြည့်သည်၊ သူနားမလည်နိုင်။ သူသေချာ နိုးပြီဖြစ်၏။ အိပ်မက် မဟုတ်တော့။ သို့တိုင် သူအချုပ်ခန်း တစ်ခုထဲမှာ ရောက်နေသည်။ အချုပ်ခန်းမှာ သူအိပ်မက်ထဲက အတိုင်း ၆ ပေ၊ ၄ ပေခန့်သာ ရှိပြီး ခုတင်တစ်လုံးက တစ်ဝက်ကျော်နေရာယူထား၏။ သူထ၍ ကုတင်အောက်ငုံ့ကြည့်ရာ သေးအိုးကို တွေ့ရသည်။

သူ ထလိုက်သည်။

နောက် အေးဆေး ငြိမ်သက်စွာပင် အုတ်နံရံသို့ ခေါင်းနှင့်ပြေးဆောင့်လိုက်လေ၏။

၁၉၄၂ ခု၊ စက်တင်ဘာလ ၂၄ ရက်၊ ဂျေရုဆလင်မြို့။
ချစ်စွာသော အယ်လိန်း

ဖေဖေ စာရေးလိုက်တယ်၊ ယနေ့ ဖေဖေ အနောက်ဘက်တံတိုင်းကို သွားပါတယ်။ သည်တံတိုင်းကို ငိုကြွေးမှုတံတိုင်းလို့လဲ ခေါ်ကြတယ်လေ၊ ဖေဖေကလဲ တခြား ဂျူးတွေနဲ့အတူ အဲဒီမှာ ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းစာရွက်ကို အုတ်တံတိုင်း အခံကြားမှာပဲ ညှပ်ထားခဲ့ပါတယ်။ ဘုရားသခင် ဖေဖေ ဆုတောင်းကို ပေးသနားတော် မူပါစေ။

ဂျေရုဆလင်မြို့ဟာ ကမ္ဘာပေါ်မှာ အလှဆုံးပါပဲလား၊ ဖေဖေအနေနှင့် ချောင်ချောင်လည်လည်တော့ မနေရဘူးပေါ့၊ အခန်းကျဉ်းလေးတစ်ခုရဲ့ ဖျာပေါ်မှာ တစ်ခြားလူ ငါးယောက်နှင့်အတူ အိပ်ရတာပဲပေါ့။ တစ်ခါတစ်လေ ဟိုနားဒီနား ဟိုအိမ် သည်အိမ်မှာ တောက်တိုမယ်ရ လုပ်ရပါတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ဂျေရုဆလင်မြို့မှာ ဆင်းရဲနေရတာဖြစ်လို့ အီဂျစ်ပြည်မှာ ချမ်းသာနေတာထက် ဖေဖေ ကျေနပ်ပါတယ်။

ဖေဖေ သဲကန္တာရကို ဖြတ်နေတုန်းက အင်္ဂလိပ်စစ်ကားတစ်စီးနဲ့တွေ့ပြီး ကားကြုံစီးခဲ့ရတယ်၊ သူတို့က သူတို့ကားကြုံနဲ့မတွေ့ရင် ခင်ဗျားဘာလုပ်မလဲလို့ မေးတော့ ဖေဖေက လမ်းလျှောက်သွားမယ်လို့ ဖြေခဲ့ပါတယ်၊ သူတို့ ဖေဖေ့ကို အရူးလို့ ထင်သွားပုံရတယ်၊ ဖေဖေ ဘာမှပြန်မပြောပါဘူး၊ ဒါပေမယ့် ဒီလုပ်ရပ်ဟာ

ဖေဖေ့ ဘဝမှ အမွန်မြတ်ဆုံး လုပ်ရပ်ဖြစ်ပါတယ်။

နောက်တစ်ခုက သမီးကို ဖေဖေပြောရဦးမယ်၊ ဖေဖေ့ ဘဝခရီး လမ်းဆုံးကို ရောက်ခါနီးပြီ သမီး၊ ဖေဖေရဲ့ ဝေဒနာဟာ ကုရာနတ္ထိ-ဆေးမရှိတော့ဘူး၊ ဖေဖေ ငွေကြေး တတ်နိုင်လို့ ဆရာဝန်ခေါ်နိုင်ရင်တောင်မှရမယ် မဟုတ်တော့ဘူး၊ နောက်ထပ် နေရရင် လပိုင်းလောက်ရှိတော့မယ်၊ သမီးဝမ်းမနည်းပါနဲ့၊ ဖေဖေ့ဘဝမှာ ဒီအချိန်ဟာ စိတ်အချမ်းသာဆုံးပါပဲ။

ဖေဖေ့ ဆုတောင်းစာမှာ ဘာရေးခဲ့သလဲဆိုတာ ဖေဖေပြောပြမယ်၊ ဆုတောင်းစာထဲမှာ ဖေဖေက ကျွန်တော်မျိုးရဲ့ သမီးကလေး အယ်လိန်းကို စိတ်ချမ်းသာမှု ပေးသနားပါ အရှင်ဘုရားလို့. . . ရေးထားခဲ့ပါတယ်။ ဘုရားသခင်က ဆုတောင်းဖြည့်ပေးမယ်လို့ ဖေဖေယုံကြည်ပါတယ်။

နှုတ်ဆက်ခဲ့ပါတယ်သမီး -

သမီးရဲ့ ဖေဖေ

အသားကြပ်ကင်သည် ပါးပါးကလေး လှီးထားပြီး အလိပ်ကလေးများဖြစ်အောင် လိပ်ထား၏။ ပေါင်မုန့်များမှာလည်း အိမ်မှာ ဒီမနက်မှ လတ်လတ်ဆတ်ဆတ် သေချာ ဖုတ်ထားခြင်း ဖြစ်သည်။ အာလူးဆလတ်တစ်ဗူးကလည်း ကြက်သွန်ဥများကို ပါးပါးလှီး၍ ထည့်၍ အထူးပြုလုပ်ထားသည်။ ဝိုင်တစ်လုံးပါသည်၊ ဆိုဒါတစ်လုံးလည်းပါသည်။ နောက် လိမ္မော်သီး တစ်အိတ်ပါသေး၏။ သူသောက်သော စီးကရက်တစ်ဗူးသည်လည်းအသင့်။

အယ်လိန်းသည် စားစရာများကို ပျော်ပွဲစား ခြင်းထဲသို့ ထည့်လိုက်၏။

အယ်လိန်း ခြင်းဖုံးကိုပိတ်လိုက်စဉ် အိမ်ရှေ့မှ တံခါးခေါက်သံကို ကြားရသည်။ အယ်လိန်းပြေးသွား ဖွင့်ပေးလိုက်၏။

ဗင်ဒန် အခန်းထဲသို့ဝင်ပြီး တံခါးကို ပြန်ပိတ်သည်။ နောက်အယ်လိန်းကို နမ်းသည်။ တစ်ကိုယ်လုံးကိုလည်း တင်းတင်းကျပ်ကျပ်ပွေ့ထား၏။ သည်ပုံမှာ ဗင်ဒန်၏ ထုံးစံဖြစ်သည်။

သူတို့နှစ်ဦးသား မီးဖိုချောင်သို့ အတူသွားကြသည်၊ ဗင်ဒန်ခြင်းအဖုံးကို

မကြည့်သည်။

"ဘုရားရေ- အထူး စပါယ်ရှယ်တွေချည့် ပါပဲလား"

အယ်လိန်းက

"ဒါထက် ဘာသတင်းထူးသေးလဲ"

အယ်လိန်းရင်ထဲမှာ ဗင်ဒန်တစ်ယောက် ယခုတစ်လော စိတ်ချမ်းသာနေပုံ ရရဲ့ကြောင်း သိသည်။ ပြောပုံဆိုပုံကမှ ပြောင်းလာကြောင်းကိုသိသည်။ ဗင်ဒန် ဆံစပ်တွင် ဆံပင်ဖြူများ ပေါ်စပြုနေသည်ကို တွေ့ရသည်။ ဗင်ဒန်ရယ်မောခြင်းကို မကြာခဏပင် ပြုတတ်လာ၏။ အယ်လိန်းက. . .

"ကိုယ်ဟာ အသက်ကြီးလာ လေလေ ကြည့်ကောင်းတဲ့ လူဖြစ်လာ လေလေလို့ ထင်တာပဲ"

"အမယ်လေး. . . ကိုယ်သွားကျိုးတာ စောင့်ကြည့်ပါဦး"

သူတို့အပြင်သို့ ထွက်ခဲ့ကြ၏။ ကောင်းကင်တစ်ခုလုံးမှာ မည်းမှောင်နေ၏။ အယ်လိန်းသည် လန့်သွား၏။ လမ်းပေါ် ထွက်ခဲ့၏။ ဗင်ဒန်က

"အခြေအနေက ဆိုးလှချည့်လား"

"ဒီလိုဖြစ်တာ မမြင်ဖူးပါဘူး"

သူတို့ မော်တော်ဆိုင်ကယ်ပေါ် တက်ပြီး ဘီလီ၏ ကျောင်းသို့ လာခဲ့ကြ၏။ ကောင်းကင်သည် ပို၍မှောင်လာ၏။ သူတို့ နှိုပတ်ဟိုတယ်ရှေ့မှာ ဖြစ်နေစဉ်ပထမဆုံး မိုးစက်သည် ကျလာ၏။ မိုးစက်များသည် ကြီးမားလှ၏။ မိုးပေါက်များတစ်ဆင့် တစ်ဆင့် များလာပြီး အယ်လိန်းအဝတ်များ စိုရွှဲသွား၏။ ဗင်ဒန် ဆိုင်ကယ်ကို ကွေ့လိုက်ပြီး ဟိုတယ်ရှေ့မှာ ထိုးရပ်လိုက်၏။ သူတို့ ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်စဉ် ကောင်းကင်သည် ထစ်ချုန်းလိုက်၏။

သူတို့သည် အမိုးအောက်မှ မုန်တိုင်းကို ကြည့်နေကြသည်။ မြင်းထန်များပြားသော မိုးရေစက်များကပင် ကြည့်မကောင်းအောင် ဖြစ်နေ၏။ ခဏအတွင်းပင် လမ်းပေါ်မှာ ရေပြည့်သွား၏။

ဗင်ဒန်က

"ဒီမြို့က အဓိက ရေနုတ်မြောင်းရှိတာမဟုတ်ဘူး၊ ရေတွေဟာ နိုင်းမြစ်ထဲပဲ ဆင်းစရာရှိတယ်"

"ဒါဆို ဆိုင်ကယ်ကို ဘယ့်နှယ်လုပ်မလဲ"

"ဒီပုံဆိုရင် ရေထဲမျောသွားလိမ့်မယ်၊ ဒီအုတ်ခုံပေါ် ယူထားမှ"

ဗင်ဒန်သည် ပြေးထွက်ပြီး ဆိုင်ကယ်ကို အုတ်ခုံပေါ်သို့ ရွှေ့တင်သည်။

ခဏကကလေးမှာပင် သူတစ်ကိုယ်လုံး ရွှဲနစ်ပြီး သူ့ဆံပင်များသည် ခေါင်းပေါ်မှာ ပိပြားကပ်နေ၏။ အယ်လိန်းက သဘောကျကာရယ်မောသည်။

မိုးသည် ဆက်တိုက်ပင် ရွာနေ၏။ အယ်လိန်းက. . .

"ဘီလီကို ဘယ့်နှယ်လုပ်မလဲ"

"ဟိုက္ကာ. . . ကျောင်းက မိုးမတိတ်မချင်း အထဲမှာ ထားရမှာပေါ့"

သူတို့နှစ်ဦးသား ဟိုတယ်ထဲသို့ တစ်ခုခုသောက်ရန် ဝင်လိုက်ကြ၏။ ဗင်ဒန်သည် ရှယ်ရီနှစ်ခွက်မှာ လိုက်သည်။ သူ ယခု ဂျင်မသောက်တော့။

နောက်ဆုံးတွင် မုန်တိုင်းသည် ရပ်သွားတော့၏။ သူတို့အပြင်ဘက်သို့ ထွက်ခဲ့သည်။ အပြင်ရောက်သည့်တိုင် လမ်းမပေါ်မှ ရေများကျသွားရန် စောင့်နေရသေးသည်။ ထိုစဉ်မှာပင် နေက ပြန်ထွက်လာသည်။ လမ်းပေါ်မှာ ရေနည်းနည်းသာ ကျန်တော့၏။ ကားများ ယာဉ်များ လမ်းပေါ်မှာ ထွက်လာကြပြီဖြစ်၏။ ဗင်ဒန် ဆိုင်ကယ်မှာလည်း သိပ်မစိုပေ။ တစ်ချက်နှိုးလိုက်ရုံနှင့်နိုးလာ၏။

သူတို့ ဘီလီကျောင်းဆီသို့ မောင်းလာခဲ့စဉ် နေရောင်သည် အတော်ရနေပြီဖြစ်၏။ ဘီလီသည် ကျောင်းအပြင်မှ ထွက်စောင့်နေ၏။ ဘီလီက. . .

"တကယ့် မုန်တိုင်းပဲနော်"

ဘီလီသည် ပျော်နေပုံရသည်။ ဘီလီသည် ဗင်ဒန်နှင့်အယ်လိန်းတို့အကြားမှာ ဝင်ထိုင်၏။

သူတို့သည် သဲကန္တာရတွင်းသို့ မောင်းထွက်ခဲ့ကြ၏။ အယ်လိန်းသည် ကိုင်စရာကို တင်းတင်းဆုပ်ထားရပြီး မျက်စိကိုလည်း မှေးထားရသဖြင့် ထူးခြားမှုကို မမြင်ရ။ ဗင်ဒန်ဆိုင်ကယ်ရပ်လိုက်မှ ကြည့်လိုက်၏။ သူတို့သုံးဦးသား ဆိုင်ကယ်ပေါ်မှ ဆင်းလိုက်ပြီး နံဘေးကို ကြည့်လိုက်ရာ ပါးစပ်မှ အသံပင်မပြုနိုင်အောင် အံ့ဩနေကြ၏။

သဲကန္တာရကြီးတစ်ခုလုံးမှာ ပန်းပွင့်များနှင့် ကော်ဇောခင်းထားသလို လှချင်တိုင်းလှနေ၏။

ဗင်ဒန်က. . .

"မိုးကြောင့်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့်"

စကားမဆက်နိုင်တော့ပဲ ရပ်သွား၏။ သန်းပေါင်းများစွာသော ပိုးကောင်ငယ်များ၊ လိပ်ပြာများသည်လည်း ဘယ်ကမှန်းမသိထွက်လာပြီး ပန်းပွင့်များ တစ်ပွင့်မှ တစ်ပွင့်သို့ လှည့်လည်ကူးခတ်နေကြ၏။

ဘီလီက . . .

"ပန်းစေ့တွေက သဲတွေအောက်က စောင့်နေတာနဲ့တူတယ်"

ဗင်ဒန်က ခေါင်းညိတ်၍ . . .

"ဟုတ်တယ် ပန်းစေ့တွေဟာ သဲတွေအောက်မှာ နှစ်ပေါင်းများစွာကတည်းက ဒီမိုးကို စောင့်ခဲ့တာကိုး. . . . "

ပန်းပွင့်ကလေးများမှာ သေးသေးကလေးများဖြစ်သော်လည်း အရောင်စုံလွှန်း လှလွန်းပေသည်။ ဘီလီသည် ပန်းခင်းထဲလျှောက်သွား၍ ငုံ့ပြီး အသေအချာ စစ်ဆေးကြည့်နေ၏။ ဗင်ဒန်သည် အယ်လိန်းကို ဖွေ့ဖက်၍ နမ်းလိုက်၏။ ပထမတော့ ပါးကို အသာနမ်းဖို့ပင်ဖြစ်သည်။ သို့သော် နှုတ်ခမ်းသို့ရွှေ့သွားပြီး အကြာကြီး နမ်းဖြစ်သည်။

အယ်လိန်းသည် အတန်ကြာမှ ဖယ်ခွာ၍ ရယ်ရင်း. . .

"ဘီလီ ရှက်သွားဦးမယ်"

"သူ တဖြည်းဖြည်း မျက်စိယဉ်သွားမှာပေါ့"

အယ်လိန်းက အရယ်ရပ်ရင်း. . . .

"တကယ်လားဟင် တကယ်ပြောတာလား"

ဗင်ဒန်က ပြုံးသည်။ နောက်တစ်ခါ အယ်လိန်းကို နမ်းလိုက်ပြန်၏။ ။

မောင်မိုးသူ
၁၉ နာရီ ၅၅ မိနစ်
၈-၂-၈၁ ရက်နေ့။